စာပေလောက ဘာသာရေးစာအုပ်

# ဗုဒ္ဓစာပန်းချီ

## ရွှေဒေါင်း

ဆဋ္ဌမတွဲ



၀၉၂
ဒ

ပန်းချီစံတိုး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏**
**ပတာနကျသော တာဝန်ဖြစ်သည်။**

**ဥပဒေဘောင်တွင် နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ ပြည်သာယာ။**

താലലാന

၂၃၈၆၅

စာပေလောကစာအုပ် အမှတ် ၂၇၂

# ဗုဒ္ဓစာပန်းချီ

(ဆင့်မတွဲ)

## ငွေဥဒေါင်း

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့
[ ဖုန်း–၂၈၅၁၆၆ ]

စာအုပ်စာတမ်း စာနယ်ဇင်း
ထုတ်ဝေခွင့်ပြုအမှတ်
[ ၃၀/၉၈ (၇) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ထုတ်ဝေခွင့်ပြုအမှတ်
[ ၄၈/၉၈ (၉) ]

●

မျက်နှာဖုံး
စံတိုး

---

ပုံနှိပ်ခြင်း
ပထမအကြိမ် (၁၉၉၄)
ဒုတိယအကြိမ် (၁၉၉၄)
တတိယအကြိမ် (၁၉၉၅)
(မြဝတီ စာပေ)
စတုတ္ထအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
အောက်တိုဘာ၊ ၁၉၉၈

---

စာအုပ်ချုပ်
ကိုမြင့်

●

မောင်စိုးမြင့် (၀၁၁၀၀)၊ ခရမ်းရောင်စာစဉ်
အမှတ် ၂၇၊ စကားဝါလမ်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

# မာတိကာ


| | | |
|---|---|---|
| -။ | နိဒါန်း | ၁ |
| ၁။ | ကျောင်းကြီးဖျက်မ | ၃ |
| ၂။ | ဝါမန နှင့် မလ္လက | ၁၃ |
| ၃။ | ဆေးမြတ်မဟာ | ၂၅ |
| ၄။ | ရွှေအိုးကြီး ခုနစ်လုံး | ၃၁ |
| ၅။ | ရွှေဖိနပ်ကြီး ရှပ်တိုက်စီး | ၄၀ |
| ၆။ | ဇာဏုသောဏိ ကျွတ်တမ်းဝင်ခြင်း | ၅၀ |
| ၇။ | အစ နှင့် အဆုံး | ၅၈ |
| ၈။ | ရဟန်း နတ်ကလေး | ၆၈ |
| ၉။ | ဆွမ်းထူး ဆွမ်းမြတ် | ၇၈ |
| ၁၀။ | သမာပတ်အရှင် | ၈၇ |
| ၁၁။ | မကြောက်တရား | ၉၅ |
| ၁၂။ | နဂါးတို့စံရာ ၁ | ၁၀၅ |
| ၁၃။ | နဂါးတို့စံရာ ၂ | ၁၁၂ |
| ၁၄။ | ဆရာကြီး | ၁၂၀ |
| ၁၅။ | စိတ်ထားမှားသူ | ၁၂၉ |
| ၁၆။ | တန်ခိုးတော်အရှင်များ | ၁၃၈ |
| ၁၇။ | ရွှေသမက် | ၁၄၇ |
| ၁၈။ | မယ်ဘိက္ခု | ၁၅၅ |
| ၁၉။ | နောင်တ သခင် | ၁၆၃ |
| ၂၀။ | ညစာ | ၁၇၁ |
| ၂၁။ | လှူစွမ်းကောင်းနှင့် ကချေသည် | ၁၇၉ |
| ၂၂။ | ရွှေနန်းတော်ဝယ် | ၁၈၃ |
| ၂၃။ | ဝေရဉ္ဇာ၏ ဂုဏ်တော်ဖွင့် | ၁၈၆ |

# နိဒါန်း

'ဗုဒ္ဓစာပန်းချီ' ဟူသည် 'ဗုဒ္ဓ' 'စာ' နှင့် 'ပန်းချီ' တည်း ဟူသော ဝေါဟာရ သုံးရပ်ကို တွဲစပ်ထားသော အမည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ဘုရားရှင် သို့မဟုတ် ရတနာသုံးပါးနှင့်စပ်သော ကြောင်းရပ် အတွေး အသိ မျိုးစုံကို ပန်းချီပန်းရုပ်ကဲ့သို့ လှလှပပရေးခြယ်ထားသော စာဟု ဆိုလိုပါ၏။

'ဗုဒ္ဓစာပန်းချီ'ဟု ဆိုသကဲ့သို့ 'ဓမ္မစာပန်းချီ'ဟုလည်း ဆိုနိုင်ပါသည်။ 'သံဃာ့စာပန်းချီ'ဟုလည်း ဆိုနိုင်ပါသည်။ တစ်ဖန် 'ပန်းချီ' ဆိုသည်မှာ ပကတိ ရုပ်ဝတ္ထု အစစ်အမှန်လည်း မဟုတ်၊ အစစ်အမှန် မဟုတ်ဖူးလည်း မဟုတ်၊ ရုပ်ဝတ္ထု အစစ်အမှန်တွင် ပန်းချီဆရာ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးခြယ်ထားသည်ကို 'ပန်းချီ'ဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ ဘုရားရှင်၏ တပည့်သား သံဃာတော်များ၏ အကြောင်းရပ် မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင် စွမ်းနိုင်သမျှ စာပန်းချီ ရေးဖွဲ့ထားသော ဤဝတ္ထုများသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ် အစစ်အမှန်များလည်း မဟုတ်။ အစစ်အမှန် မဟုတ်ဖူးလည်း မဟုတ်။ ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာယ၊ ဝိနယ စသော ထိုထိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို မူတည်ကာ စာရေးသူ၏ စိတ်ကူးဖြင့် နှစ်သက်ကြည်ညိုဖွယ်ဖြစ်အောင် စာပန်းချီ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ တပည့် သံဃာတော်များ၏ အကြောင်းရပ်မျိုးစုံကို ပန်းချီကားတစ်ခုစီ၊ တစ်ချပ်စီပမာ ရေးခြယ် ဆွဲဆောင်၍ ပြသထားသော ဝတ္ထုများဟုလည်း ဆိုနိုင်ပါသည်။

ဤစကားကို ဆိုရသည်မှာ ဤ 'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ ဝတ္ထုပါ အကြောင်းအရာ အချက်အလက်များနှင့် ပတ်သက်၍ စာရှုသူတို့အား ဘုရားရှင်၏ ဒေသနာတော်မှုရင်း ကျမ်းကြီး ကျမ်းခိုင်များကဲ့သို့ မယူဆစေဘဲ ဤစာ ဤအဖွဲ့များကိုဖတ်၍ ရတနာသုံးပါးသို့ ကြည်ညိုရှိညွှတ်ခြင်း၊ ဖြစ်ရပ်အလျောက် တွဲပါလာသော ဘာသာရေးဆိုင်ရာ အတွေးအမြင် သိမှတ်ဖွယ် တစ်စုံတစ်ရာကို ရရှိခြင်း၊ ဤစာ ဤအဖွဲ့များမှ တစ်ဆင့်တက်၍ ဘုရားရှင်၏ ဒေသနာတော် မူရင်းကျမ်းဂန်များသို့ ချဉ်းကပ်စေလိုခြင်းတို့သည်သာ စာရေးသူ၏ ရည်မှန်းချက်ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

ဤ 'ဗုဒ္ဓစာပန်းချီ'များ ရေးသားပုံမှာ ဖြစ်တော်စဉ်များအတိုင်း ရေးသားခြင်းမဟုတ်မူဘဲ စိတ်ကူးတွေ့ထိသမျှတို့ကိုသာ ခုန်ကျော် ရေးသားခြင်းများ ဖြစ်ပါသည်။ 'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ အချို့သော အကြောင်းအရာ အချက်အလက်များမှာ ထပ်သယောင် ဖြစ်၍နေသည်ကို တွေ့ရှိကြရပါမည်။ ဤသို့ ဖြစ်ရသည်မှာ ၁၉၆ဝ ခုနှစ်တွင် ကြေးမုံသတင်းစာမှ စတင်၍ ဤ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ နှစ် လ ကြာမြင့်သောကြောင့် ထပ်၍ သွားရသည်များလည်း ရှိသည်။ တမင် ထပ်၍ ရေးသည်လည်း ရှိသည်။

ဥပမာအားဖြင့် 'တရားဦး' ၁၉၆၂ ကို ရေးခဲ့စဉ်က သတင်းစာ နေရာကို ငဲ့ရသောကြောင့် အားမလိုအားမရ ရှိခဲ့သည်ကို ၁၉၇၉ တွင် 'သစ္စာမွန်' အမည်ဖြင့် ထပ်၍ ရေးခြင်းမျိုး ဖြစ်ပါသည်။

ဤ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ စာရေးသူ၏ သတိ ချို့ယွင်းမှုကြောင့် မမှားသင့်ဘဲနှင့် မှားသည့် အချို့သော အချက်များကို ထောက်ပြခြင်း၊ အားပေးအားမြှောက်ပြုခြင်းဖြင့် ကူညီကြသော ဆရာတော် သံဃာတော်နှင့် စာဖတ်ပရိသတ်အား လည်းကောင်း၊ အချို့သော ဗုဒ္ဓစာပန်းချီများအတွက် မိမိတို့၏ ကဗျာကို အသုံးပြုခွင့်ပေးခြင်း၊ ကဗျာ ရေးသား ကူညီခြင်းဖြင့် ကျေးဇူးပြုကြသော အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင် ဇနကာဘိဝံသ၊ ခင်လေးမောင်နှင့် မောင်စိန်ထွန်း (အမရပူရ)တို့အား လည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန် အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် ကူညီသော ဇနီးဖြစ်သူ နန်းရွှေခင်အား လည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

စာရေးသူ

ရှခင်းသာခြံ၊ မင်းလမ်း၊ စပ်စံထွန်းရပ်၊
တောင်ကြီးမြို့။

# ကျောင်းကြီးဖျက်မ

'ကျွန်မသည် ယခု ပြုအပ်ခဲ့သော အမှုကြောင့် ယခုဘဝမှ စ၍ ဖြစ်လေရာဘဝတိုင်း၌ တရားရှင်ရသေ့၊ ရဟန်းတို့အား ဖျက်ဆီးသောသူ 'ကျောင်းကြီးဖျက်မ' ဘဝသို့ မရောက်ရလိုပါ၏။'

*

သူတော်စင်ရသေ့၊ ရဟန်းတို့အား ဖြားယောင်းဖျက်ဆီးသော အမျိုးသမီးများကို 'ကျောင်းကြီးဖျက်မ'ဟု ရှုတ်ချ ခေါ်ဆိုကြသည်။ ကျွန်မသည် မိမိကိုယ်တိုင်နှိုက်က လုံးဝ စေတနာ မရှိပါသော်လည်း ကျွန်မကို စိုးမိုးပိုင်သသူ၏ အမိန့်ကို မလွန်ဆန်ဝံ့ သောကြောင့် 'ကျောင်းကြီးဖျက်မ' ဖြစ်ခဲ့ရပါ၏။ ကျွန်မကို စိုးမိုးပိုင်သသူ ဟူသည်ကား အများသိကြပြီးဖြစ်သော တာဝတိံသာ နတ်ရွာပိုင်ရှင် သိကြားမင်း ဦးမာဃပင် ဖြစ်ပါ၏။ ထို့ကြောင့် သူ့အကြောင်းကို အရင်သိထားမှ လိပ်ပတ်လည်ပါလိမ့်မည်။

*

သူသည် လူတို့အရေအတွက်အားဖြင့် တာဝတိံသာနတ်သက် သုံးကုဋေခြောက်သန်း ပြည့်လုလုအချိန်၊ နတ်သက်ကြွေ၍ မရေရာသော ဘဝတစ်ခုခုသို့ ရောက်လုအချိန်၊ နတ်သက်ကြွေတော့မည့် သူတို့၏ ထုံးစံ လက်ကတီးကြားမှ ချွေးယိုစီးခြင်း၊ နတ်ဝတ်တန်ဆာတို့ မှိန်ညှိုးခြင်းဖြင့် တန်ခိုးအင်အား နည်းလာချိန်၌ သူ့ တပည့်ကြီး ပဉ္စသိခ၏ အကူအညီဖြင့် ဣန္ဒသာလာဂူတွင် ဘုရားရှင်၏ သက္ကပဉှာသုတ် တရားတော်ကို နာကြားရသောကြောင့် နောက်ထပ် သုံးကုဋေခြောက်သန်း

နတ်သက်တစ်ဖန် ပြန်၍ဆက်ကာ သောတာပန် အရိယာသိကြားအဖြစ်သို့ ကံကောင်းကံမ ရောက်လာရသူဖြစ်သော်လည်း ယခင်ကမူ သိကြားဆိုးကြီးတစ်ယောက်ဟုပင်ခေါ်ဆိုရမည် ဖြစ်ပါ၏။

'သိကြားဆိုးကြီး'ဟူသော စကားမှာ ကျွန်ုပ်၏ အမြင်၊ ကျွန်ုပ်၏ စကားမဟုတ်ရပါ။ ပိဋကတ်တော်တွင် သင်္ဂါယနာတင် အရှင်မြတ်တို့၏ မိန့်မှတ်အပ်သောစကားဖြစ်ပါ၏။ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးအနက် 'သတ္ထာဒေဝ မနုဿနံ နတ်လူတို့၏ ဆရာ'ဟူသော ဂုဏ်တော်အဖွင့်၌ ဘုရားရှင်သည် သာမန် နတ်လူတို့၏ ဆရာမျှသာမက အာဠဝက၊ သူစိလောမ၊ ခရလောမ၊ သိကြားမင်း ဦးမာဃတို့လို နတ်ဆိုးတို့၏ ဆရာလည်း ဖြစ်တော်မူပေသည်ဟု ဘီလူးနတ်ဆိုး အာဠဝကတို့နှင့်ပင် တစ်ဂိုဏ်းတည်းထားကာ သင်္ဂါယနာ အတင်ခံရသူ ဖြစ်ပါသည်။

မှန်လှပေ၏။ သူသည် အာရိယာသိကြား ဖြစ်လှာသောအချိန်၌ သာသနာတော်ကို စောင့်ရှောက်သော သာသနာ့ဒါယကာ ဦးမာဃဟုပင် အသိအမှတ်ပြုခံရသော်လည်း ထိုအရင်ကမူ ဘုရားရှင်နှင့် သာသနာတော်ကို ဖယ်ကတ်ကတ် ခပ်ခွာခွာအနေဖြင့်သာ ရှိနေခဲ့သူဖြစ်သည်။ သူတော်ကောင်းစိတ်ဓာတ် အရင်းခံရှိသောကြောင့် ဘုရားရှင်အထံတော်သို့ ချဉ်းကပ်လိုပါလျက်နှင့်ပင် သူ့ အပြစ်များဖြင့် မလုံမလဲရှိသောကြောင့် မင်္ဂလာတရားတော် လျှောက်ထားချိန်က သိကြားအဖြစ်ဖြင့် မချဉ်းကပ်ဝံ့ဘဲ အညတရ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ဦးအဖြစ်ဖြင့်သာ ချဉ်းကပ်ဝံ့ခဲ့သူဖြစ်သည်။

ထို့အပြင် သူ့အဖို့ တာဝတိံသာသို့ သူတို့တစ်တွေ ရောက်လာသည့်အချိန်မှစ၍ အမြဲတမ်း မလုံမလဲ ဖြစ်နေရသော ဖြစ်ရပ်ကြီးတစ်ခုကလည်း ရှိနေခဲ့ပါ၏။ ယင်းဖြစ်ရပ်ဟူသည်ကား နောင်အခါ၌ သူတို့ကို အစွဲပြု၍ 'တာဝတိံသာ'ဟူသော အမည်ဖြင့် ကျော်ကြားလျက်ရှိသော ဝေပစိတ္တိ အသုရာနတ်တို့၏ နေရာကို လုယူထားခဲ့သော အပြစ်ကြီးပေတည်း။

ကျွန်ုပ်တို့ ယခုနေသော တာဝတိံသာခေါ် ထိုနေရာသည် မူလက ဝေပစိတ္တိတို့၏ ပင်ရင်းနေရာဖြစ်၏။ ဦးမာဃနှင့် ပဇာပတိဿ၊ ဝရုဏ၊ ဤသာန စသော သုံးကျိပ်သုံးယောက် အဖွဲ့သားများသည် လူ့ဘဝမှ လမ်းဖောက်ခြင်း၊ ကျောင်းဆောက်ခြင်း၊ တံတားခင်းခြင်းစသော ပရဟိတ ကောင်းမှုများအရ ဤနေရာသို့ နတ်အဖြစ်ရောက်လာကြသောအခါ ယူဇနာ တစ်သောင်းမျှသာကျယ်သော နေရာဖြစ်သည့်အလျောက် ဂူတစ်ခုအတွင်းဝယ် ခြင်္သေ့နှစ်ဦး မနေနိုင်သကဲ့သို့ နှစ်ဦးနှစ်ဖွဲ့ နေဖို့ခက်သဖြင့် မူလပိုင်ရှင် ဝေပစိတ္တိတို့နှင့် နေရာလုမှု ထိပ်တိုက်တိုး၏။

ခက်သည်ကား ဝေပစိတ္တိတို့သည်လည်း တစ်စုံတစ်ခုသော ကောင်းမှုကြောင့်ပင် ဤနေရာသို့ ရောက်ရှိနေကြသူများ ဖြစ်စေကာမူ သူတို့သည် အရက်သမား၊ ကစော်အိုးနတ်များ ဖြစ်နေကြခြင်းပင်တည်း။ သာမန် နတ်ယောကျ်ား၊ နတ်ဆိုး၊

နတ်ညဲ့တို့ဘာဝ ပျော်စရာရှိသည့်အခါ ရံဖန်ရံခါမျှ သောက်သုံးကြသည် မဟုတ်။ အချိန်ရှိသမျှ နေ့ညမလပ် တရစပ်မူး မပြတ်ရူးနေကြသော ငမူးငရူး နတ်များပေတည်း။

ဤနည်းဖြင့် နတ်တန်ခိုး၊ နတ်မှုရေးရာတွင် တစ်ပန်းမက ဆယ်ပန်းမျှ အသာရနေသော ဦးမာဃတို့က သူတို့ကို မူးသည်ထက်မူးအောင် အရက်သေစာကို ပရိယာယ်ဆင် တိုက်ကျွေးကာ သူတို့ မလှုပ်နိုင်ကြတော့သည့်အချိန်၌ တာဝတိံသာ အပေါ်မှ အောက်သို့ တစ်ယောက်ပြီး တစ်ယောက် ပစ်ချရှင်းလင်းပစ်လိုက်ကြသည်။

သို့နှင့် ဦးမာဃတို့သည် တာဝတိံသာ ပိုင်ရှင်အဖြစ်သို့ ရောက်လာကြသည်။ သူတို့ တာဝတိံသာ အောက်ခြေတွင် ဝေပစိတ္တိ ငမူးတို့၏ အသုရာနိုင်ငံဟူ၍ အထင်အရှား ဖြစ်လာသည်။ သို့နှင့် ဦးမာဃတို့အဖို့ တာဝတိံသာကို အပိုင် ရလိုက်သည်ဆိုသော်လည်း ရှေ့ရေးလည်းမလုံ၊ နောက်ရေးလည်း မလုံသော မလုံမလဲအဖြစ်သို့ ရောက်ရှိလာရသည်။

ရှေ့ရေး မလုံဟန်ကား ဤနေရာနှင့် မတန်သော ငမူးငရူးများကို ဖယ်ရှားကာ ဤနေရာနှင့် ထိုက်တန်သူတို့ ရောက်လာခြင်းဖြစ်သည်ဟု ဂုဏ်တင်ပြောဆိုနိုင်စေကာမူ တရားသဘောဖြင့်ဆိုသော် သူတစ်ပါးနေရာကို လုယူခြင်းဟူသည်ကား မတရားမှုသာဖြစ်ပေရာ မတရားမှုကို ပြုထားသော သူတို့မည်သည် အစဉ်ပင် လိပ်ပြာ မလုံဘဲ တထိတ်ထိတ် တလန့်လန့် ဖြစ်နေရမြဲ ဖြစ်၏။ ဖြစ်လည်း ဖြစ်၏။ အကြောင်းမူကား ဝေပစိတ္တိတို့အဖို့ အခြားအချိန်တွင် မပြတ်မူးရူးနေသောကြောင့် သတိမရကြသော်လည်း မိုးရာသီရောက်၍ မိုးသံ လေသံတို့ ဒိုးဒလိမ့်လိမ့် ဂျိုးဂျိမ့်ညံလာပြီဆိုလျှင် ထိုရာသီတွင် ပွင့်မြဲဖြစ်သော အသုရာတိုင်းပြည်မှ သခွတ်ပန်းကို မြင်၍ တာဝတိံသာမှ ပင်လယ်ကသစ်ပန်းငဲကို သတိရကာ နှစ်စဉ် တာဝတိံသာသို့ စစ်ချီ၍ တိုက်သည်။ ဤစစ်ကို ဦးမာဃတို့အဖို့ နှစ်စဉ် ခုခံတိုက်ခိုက်နေရသည်။ တိုက်လျှင် ဦးမာဃတို့က တန်ခိုးဣဒ္ဓိပါဒ် သာလွန်သူများ ဖြစ်သောကြောင့် အနိုင်များသော်လည်း ဝေပစိတ္တိတို့ကလည်း ညံ့သူများ မဟုတ်ကြသောကြောင့် ဦးမာဃတို့ ရှုံးသည်လည်း ရှိသည်။

သို့သော် အရှုံးအနိုင်ဟူသည်ကို ဝေါဟာရအဖြစ်မျှသာ ပြောရခြင်းဖြစ်၍ ဤနှစ်နိုင်ငံကို အရှုံးလည်း မရှိ၊ အနိုင်လည်း မရှိသော နိုင်ငံများ 'အယုဇ္ဈပုရ' ဟု ဆိုကြ၏။ အသုရာတို့ကလည်း အနိုင်မတိုက်၊ ဦးမာဃတို့ကလည်း အပြတ်မတိုက်။ အချိန်တန်လျှင် မနေနိုင်၍ တိုက်ချင်ပြုရုံမျှသာ ဖြစ်သည်။ အကြောင်းသော်ကား ဝေပစိတ္တိကြီးနှင့် ဦးမာဃဟူသည်မှာ သားမက်နှင့် ယောက္ခမ၊ သားနှင့်အဖ ဖြစ်သည်။ အလျဉ်းမသင့်၍ သမက်နှင့် ယောက္ခမ ဘောက်ကျခြင်းသာ ဖြစ်သည်။ အကြောင်းမူကား ကျွန်မတို့၏ ထိပ်တင် ဦးမာဃ၏ ကြင်ရာသက်ထား မိဖုရားကြီး သုဇာတာဟူသည် ဝေပစိတ္တကြီး၏ သမီးပေတည်း။ မည်သို့ဆိုစေ ရှေ့ကြောင်း

မအေးရသည်မှာကား အမှန်ပင်ဖြစ်၏။ မိုးရာသီရောက်ပြီဆိုလျှင် တာဝတိံသာတစ်ခုလုံး စစ်ပြင်ရသည်။ စစ်တိုက်ထွက်ကြရသည်။

ဤစစ်ပွဲမှ အကြောင်းတစ်ရပ်ကတော့ နှစ်သိမ့်ဖွယ်ရှိလှ၏။ ယင်းအကြောင်းကား ဤစစ်ပွဲမှ သိကြားမင်းတို့၊ ပဇာပတိစသော နတ်စစ်သူကြီးတို့ စစ်ချီဟန်ကို ပုံစံပြု၍ ဘုရားရှင်က မိမိ၏သားတော် ရဟန်းရှင်လူများအား တရားအားထုတ်ရာ၌ ရတနာသုံးပါး၏ ဂုဏ်ကို သတိရကြရန် ဟောတော်မူအပ်သော ဓဇဂ်သုတ် ဒေသနာတော် ထွက်ပေါ်လာခြင်း အကြောင်းပါတည်း။

ဤကား ဦးမာဃအဖို့ ရှေ့ရေးမလုံသော အကြောင်းရပ်ဖြစ်၍ နောက်ရေး မလုံဟန်ကား မကောင်းမှု ပြုလုပ်ထားသောသူဟူသည် မိမိမကောင်းမှုနှင့် တူသော အကျိုးကို ဆိုက်ရောက်လာစေတတ်သည်။ တူသောဝိပါက် နောက်ပိုးတက်ဟူသော စကားအတိုင်း မိမိတို့၏ ကောင်းမှုကုသိုလ်အရ ဤနေရာ၌ တာဝတိံသာကို ရရှိထားသည်ဆိုသည့်မိမိတို့ထက် သာလွန်သော ကုသိုလ်ရှင် ပေါ်ပေါက်လာ၍ ဤနေရာသို့ရောက်လာပြီး မိမိတို့ကို နှင်ထုတ်ခဲ့ပါသော်ဟူသော အတွေးမှာ ဦးမာဃကို မပြတ်နှိပ်စက်အပ်သော မလုံမလဲ အတွေးပင် ဖြစ်၏။

ဤအတွေးအရပင် ကျွန်မနှင့် သက်ဆိုင်သော ယခုကိစ္စဖြစ်ပေါ်လာရပါသည်။

သိကြားမင်းက ခေါ်သည်ဆို၍ ကျွန်မသည် ဦးမာဃ၏ ခန်းဆောင်ရှေ့မှောက်သို့ အသော့ပင် ဝင်ရောက် ခစားရသည်။ ဦးမာဃသည် ကျွန်မကို ပြုံးချိုသော အမူအရာဖြင့် ဆီးကြိုလျက်ရှိသည်ကို တွေ့ရသောကြောင့် ဝမ်းမြောက်ရမလို ရှိခဲ့ပါ၏။ သို့သော် အထင်နှင့်အမြင် လွဲမှားသည်။

ကျွန်မသည် သိကြားမင်း၏ မြောက်မြားစွာသော အခြွေအရံတို့အနက်မှ သာမန် ကိုယ်လုပ်တော် နတ်သမီးတစ်ယောက်မျှသာ ဖြစ်ပါ၏။ နတ်သားတစ်ပါးတွင် နတ်သမီး တစ်ဖက်ငါးရာဟု အများအားဖြင့် သိမှတ်ထားကြသော်လည်း တာဝတိံသာ ထိပ်ထား သိကြားမင်းအဖို့ကား သုဓမ္မာအစ သုစိတ္တာအဆုံး မိဖုရားကြီးလေးယောက် အပြင် မိဖုရားပေါင်း နှစ်ဆယ့်ငါးကုဋေဟုပင် စာရင်းပေါက်ပါသည်။ ယောက်ျားလေး တစ်ယောက်အဖို့ မက်မောလောက်သော စည်းစိမ်ပင် ဖြစ်ပါ၏။

ဤနေရာတွင် သိကြားမင်း မိဖုရားများနှင့်စပ်လျဉ်း၍ သုဇာတာအကြောင်းကို ပြောလိုပါသည်။ သူသည် ဦးမာဃနှင့် လူ့ဘဝတွင် မယားကြီးဖြစ်ခဲ့၍လည်းကောင်း၊ ဦးမာဃ၏ စေတနာအပိုဆုံး ဖြစ်ခဲ့၍လည်းကောင်း၊ စိတ်ဝင်စားဖွယ်ကောင်းသော သူ့ဖြစ်ရပ်များကြောင့်လည်းကောင်း အများသောသူတို့က သိကြားမင်း၏ ထင်ထင် ရှားရှား မိဖုရားလေးယောက်အနက် သူ့ကို အမှတ်တစ် ထိပ်ဆုံးက မယားအဖြစ် သိမှတ်ထားကြသော်လည်း အမှန်သော် သုဓမ္မာက အမှတ်တစ်ဖြစ်၍ သူက အမှတ်

နှစ်သာ ဖြစ်ပါသည်။ ပွဲတက်ပွဲဝင် အခမ်းအနားများ၌ သုမေဓာသည် သိကြားမင်း၏ ရှေ့မှောက် တူရူတွင် ခစားရသူဖြစ်၍ သူက လက်ယာဘက်ကသာ ခစားရသည်။ သုနန္ဒာနှင့် သုစိတ္တာတို့က ဝဲဘက်နှင့် နောက်ပိုင်းမှ ခစားကြရသည်။

ကျွန်မသည် သူရို့ကို အပထား၍ ပဇာပတိသဓသော နတ်မင်းငယ်တို့၏ မယားများ အဆင့်ကိုပင် မီသူမဟုတ်ပါ။ သို့နှင့်ပင် ကျွန်မအား သိကြားမင်းက အရေးပေးခေါ်ယူ၍ ရှေ့မှောက်သို့ရောက်သောအခါ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါ၏။ သိကြားမင်း အရေးပေးခေါ်ယူမှုဆိုသည်မှာ လွယ်သောအလုပ် မဟုတ်ပါ။ သို့သော် ဝမ်းမြောက်ရမလိုလိုနှင့် ဝမ်းမြောက်ဖွယ်မဟုတ်သော ကိစ္စနှင့် ကြုံတွေ့ရသည်။

'အလမ္ဗုသာ၊ သင့်အား တာဝတိံသာ၏ အကျိုး၊ ငါ၏အကျိုးအတွက် သင်ဆောင်ရွက်ပေးဖို့စေခိုင်းရန် ကိစ္စတစ်ရပ်ရှိနေပါသည်'

'ခိုင်းစေတော်မူပါ၊ ခိုင်းစေသမျှကို ဦးလည်မသုန် ဆောင်ရွက်ပါမည် အရှင် သိကြားမင်း'

'ဟိမဝန္တာတောင်ခြေ တောအုပ်တစ်နေရာက သစ်မ်းကျောင်းကလေးမှာ ထိုင်နေတဲ့ ရသေ့ကလေးကို လှမ်းပြီး ကြည့်လိုက်စမ်း အလမ္ဗုသာ၊ သူ့အမည်က ဣသိသိင်္ဂတဲ့၊ ဒီရသေ့ကလေးဟာ ငယ်သေးပေမယ့် သူတရားကျင့်ပုံကတော့ ပြင်းထန်လွန်းလှတယ်၊ သူဟာ တာဝတိံသာ ငါတို့နေရာကို ချိန်နေသူဖြစ်တယ်၊ သူ့အကျင့်ကြောင့် ငါ့မှာ မပြတ်တုန်လှုပ်နေရတယ်၊ တကယ်တော့ သူဟာ တရားရှင် ဖြစ်ပေမယ့် ငါတို့ရန်သူ ငါ့ရန်သူပဲ၊ အဲဒါကြောင့် သူ့ဆီကို မင်းသွားပြီး မင်းရဲ့တန်ခိုး၊ မိန်းမတို့ပရိယာယ်နဲ့ သူ့ သီလပျက်အောင် ဖျက်ဆီးပစ်ပါချေ အလမ္ဗုသာ'

သိကြားမင်းထံမှ မမျှော်လင့်သော ယင်းအမိန့်သံကို ကြားရသောအခါ ကျွန်မအဖို့ သူ၏ ဝရဇိန်လက်နက်ဖြင့် ပစ်ခွင်းလိုက် သကဲ့သို့ပင် တုန်လှုပ်ရပါ၏။ ရသေ့ခမျာကလေးသည် သူ၏ ပြင်းထန်သော ကမ္မဋ္ဌာန်းအကျင့်ကြောင့် သိကြားမင်း ယူဆသလို ရန်သူပင်ဖြစ်စေဦးတော့ ကျွန်မသည် ဤသို့ ကိုယ်ရေးအကျင့်ပျက်မှုမျိုးကို စက်ဆုပ်လှသူ ဖြစ်ပါသည်။ လူဖြစ်စေ၊ နတ်ဖြစ်စေ ကိုယ်ရေးကိုယ်တာ ထိခိုက်လာပြီဆိုလျှင် အကျင့်မပျက်သူဟူ၍ ရှားပါးလှပါသည်။

တစ်ကြောင်းမှာလည်း ဤရသေ့ကလေးကိုသာမက သူ့ဖခင် ကဿပ ရသေ့ကြီး ရှိစဉ်ကပင် သူတို့၏ သီလကြောင့် ကျွန်မတို့ နတ်ကောင်း၊ နတ်မြတ်များက တောရဲတိရစ္ဆာန် အန္တရာယ်မျိုးစုံတို့ မဆိုက်ရောက်စေရန် ကာကွယ်စောင့်ရှောက်ခဲ့သူ ဖြစ်ပါ၏။ သူ့ဖခင် ရသေ့ကြီးသည် လောကီကို စွန့်ခွာ၍ ဤနေရာသို့ တောထွက်ကာ ရသေ့ရဟန်း ဝတ်လာခဲ့သူဖြစ်သော်လည်း ရသေ့ကလေးမှုကား သမင်မမှ မွေးဖွား၍ လူ့လောကီ အငွေ့အသက်တို့မှ ကင်းရှင်းသန့်စင်လှသူဖြစ်ပါ၏။ သူ့ခမျာမှာ သူ့ဖခင် ရသေ့ကြီးကလွဲ၍ မိန်းမသားများကို အပထားပြီး လူသားတစ်ဦးတလေမျှကိုပင်

မြင်ဖူးရှာဟန် မတူပါ။ ယခုသော် ပြင်းထန် ခြိုးခြံလွန်းသော သူ့အကျင့်ကြောင့် သိကြားမင်း၏ ရန်သူ ဖြစ်လာရပြန်ပါသည်။

ကျွန်မသည် သိကြားမင်း၏ အမိန့်ကိုတော့ လွန်ဆန်ဝံ့သူ မဟုတ်ပါ။ ဦးလည်မသုန် ဆောင်ရွက်ပါမည်ဟုလည်း ပဋိညာဉ်ပေးပြီး ဖြစ်နေပါ၏။ သို့သော် ကျွန်မ မနှစ်သက်လွန်းသောကိစ္စ ဖြစ်နေသောကြောင့် အပြစ်ရောက်လာမှ ရောက်စေ၊ အထွန့်တက်၍ ကြည့်လိုက်မိပါသည်။

'အရှင်သိကြားမင်း၊ အရှင်သိကြားမင်းတွင် ရုပ်ရည်အားဖြင့်ဖြစ်စေ၊ တန်ခိုးအားဖြင့်ဖြစ်စေ ကျွန်မထက်သာသူ နတ်မိမယ်တို့ သိန်းသန်းမက ရှိနေပါသည်၊ သို့ပါလျက် ဤကိစ္စတွင် ကျွန်မကိုမှ ရွေး၍ ခိုင်းစေရာပါသလော'

'အလမ္ဗုသာ၊ ငါတို့ ဆွေးနွေးတိုင်ပင်ပြီးမှ သင့်ကို ရွေးချယ်ခြင်း ဖြစ်သည်၊ နတ်သမီး နှစ်ဆယ့်ငါးကုဋေရှိသော်လည်း ဤကိစ္စအတွက်မူ သင့်ထက် သာလွန်သူမရှိ'

'မဖြစ်နိုင်ပါ အရှင်သိကြားမင်း'

'ဖြစ်နိုင်ပါသောကော အလမ္ဗုသာ၊ ဒီမှာ ငါဖွင့်၍ပြောလိုက်မည်၊ ရုပ်ရည်အားဖြင့်ဖြစ်စေ၊ တန်ခိုးအားဖြင့်ဖြစ်စေ သင့်ထက်သာသူတို့ မြောက်မြားစွာ ရှိကြသည် မှန်ပါ၏၊ သို့သော် ယောကျ်ားတစ်ယောက်၏ အထာ၊ ယောကျ်ားတစ်ယောက်၏ လိုအင်ဆန္ဒကို အလိုက်သိစွာသော မာယာပရိယာယ်၊ အသွယ်သွယ်သော အပြုအစု အရာ၌မူ သင့်ထက်သာသူ တစ်ယောက်မျှမတွေ့၍ သင့်ကို ရွေးချယ်ရခြင်းဖြစ်သည်'

'ကောင်းပါပြီ သိကြားမင်း၊ ကျွန်မ သွားရောက်ဆောင်ရွက်ပါတော့မည်၊ နောက်ပိုင်းကသာ လိုအပ်လို ဆောင်ရွက်တော်မူပါ'

'ငါတို့ အသင့်စောင့်ကြည့်နေမည် အလမ္ဗုသာ၊ ဤကိစ္စအောင်မြင်လျှင် သင်လိုအပ်သော ဆုကို ပေးမည်'

ဆောင်ရွက်ရမည့် ကိစ္စအတွက် မနှစ်သက်စေကာမူ အမျိုးသမီးတို့သဘာဝအလျောက် အမြှောက်အပင့် စကားလေးတွေ သိကြားမင်းကိုယ်တိုင် ပြောလာပြန်တော့ နှစ်သက်မိသည်။ ဟုတ်လည်း ဟုတ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်မသည် သိကြားမင်း ရှေ့မှောက်မှ ရုတ်ခြည်းကွယ်ပျောက်ခဲ့ပြီးနောက် ရုတ်ခြည်းဆိုသလိုပင် ကြက်မောက် ပန်းပင်တို့ဖြင့် ဝန်းရံအပ်သော ရသေ့ကလေး၏နေရာ ကျောင်းသခ်မ်းအဝသို့ ရောက်လာခဲ့သည်။ ကျွန်မသည် ခိုင်းစေအပ်သော တာဝန်နှင့် ဝတ္တရားအရ လိုက်လျောညီထွေ ရှိစေရန် နတ်ဝတ်တန်ဆာများကို ဖျောက်ပယ်၍ ပကတိလူသား အသွင်တွင် ပါရှိသည်ဆိုရုံမျှသော ဝတ်ရုံလွှာ ဆွဲကြိုးဒွါဒရာ ရတနာရောင်စုံ

အသင့်အတင့်မျှကိုသာ ဆွဲဆင်ဖုံးလွှမ်း၍ မနီးမဝေးနေရာမှ ပြုံးတုံ့မပြုံးတုံ့ မျက်နှာဖြင့် ကြည့်ရှုရင်း ရပ်နေလိုက်သည်။

ထိုအချိန်မှာ ရသေ့ကလေးတို့နေရာတွင် နေထွက်ပြုချိန်ဖြစ်၍ သခ်မ်းဝန်းကျင်နှင့် တောတောင်တစ်ခုလုံး သာယာလှပါ၏။ ရသေ့ကလေးသည် သခ်မ်းအပြင်တွင် တံမြက်လှည်းနေရာမှ ရုတ်တရက်ရောက်လာသော ကျွန်မကို မြင်လိုက်ရသောအခါ အံ့သြလှစွာသော မျက်နှာဖြင့် ကျွန်မကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်ပြီး ပထမသော် တံမြက်စည်းကို ပစ်ချလိုက်ကာ ကြောက်ရွံ့သယောင်ဖြင့် နောက်သို့ နှစ်လှမ်း သုံးလှမ်းမျှ ဆုတ်ခွာသွားသည်။ ထို့နောက်မှ စဉ်းစားမိဟန်ဖြင့် ကျွန်မအနီးသို့ ပြန်လည်ရောက်ရှိလာသည်။ ကျွန်မကို တွေ့၍ အံ့အားသင့်ဟန်ကား မပျက်သေး။

'ကျွန်မကို ဘီလူးလို့များ မှတ်ထင်နေပါသလား ရှင်ရသေ့'

'မမြင်စဖူး ငါတို့နှင့် မတူ အသွင်အပြင် ထူးသူမို့ ရုတ်တရက်ဆိုတော့ တောတောင်အတွင်းက ဘီလူးဟုပင် မှတ်ထင်လိုက်မိပါ၏၊ သို့သော် ငါတို့ဖခင်က ပြောဖူးသည်မှာ ဘီလူးဟူသည်မှာ အစွယ်ပြူးပြူးနှင့် ကြောက်ဖွယ်မျက်နှာကြီးနဲ့တဲ့၊ သင့်မျက်နှာကတော့ နေ့လယ်မှာ လမင်းကြီး ထွက်နေသလို ဝင်းကြည်ချောအိလို့၊ ပြီးတော့ ဘီလူးဆိုတာအရပ်မြင့်မား ထွားထွားကြမ်းကြမ်းကြီးတဲ့၊ သင်ကတော့ လုံးကျစ်သွယ်ပြောင်းသော ကိုယ်ကလေးနဲ့၊ ပြီးတော့ ဘီလူးဆိုတာ ဝမ်းဗိုက်စူစူ ရင်ကားကားကြီးနဲ့တဲ့၊ သင့်ကိုယ်ကတော့ ခါးကလေးကျဉ်ကျဉ်မှာ ရင်ကလေး ထွားမောက်နေပုံက ကြည့်လို့တောင် အားမရစရာပါပဲ၊ ပြီးတော့ ဘီလူးရဲ့ ခြေနှစ်ချောင်းဆိုတာ ကြီးကြီးကြမ်းကြမ်းကြီးတဲ့၊ သင့်ခြေနှစ်ချောင်းကတော့ ဆင်နှာမောင်းလို ပြောင်ချောပြေလျောနေကြတယ်၊ ဒါ့ကြောင့် ဘီလူးတော့ မဟုတ်တန်ရာဘူးလို့ ပြန်လည့်လာတာပါ'

'ချီးမွမ်းခန်းတွေ ဖွင့်နေလိုက်တာ မပြီးတော့ပါဘူး၊ ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်တစ်ယောက်ကို ဒီလိုပဲ ဧည့်ခံရသလား ရှင်ရသေ့၊ တောကြီးမျက်မည်းမှာ ရှင်ရသေ့ကို အားကိုးပြီး ရောက်လာတဲ့သူကို ဧည့်မခံလိုရင်လဲ ပြန်ပါတော့မယ် ရှင်ရသေ့'

ကျွန်မသည် ရသေ့လေးကို ကျောခိုင်းလိုက်ကာ စိတ်ကောက်သော အမူအရာ၊ စူဆောင့်သော ခြေလှမ်းကလေးများဖြင့် တစ်ကိုယ်လုံးကို လှုပ်ခါစေ၍ နှစ်လှမ်း သုံးလှမ်းမျှ ပြန်တော့မည့်အသွင် လှမ်းချင်ပြုလိုက်သည်။ ဤကား ကျွန်မ၏ ပရိယာယ်ဖြစ်၏။ အကြောင်းသော်ကား မိန်းမတစ်ယောက်တည်းဟူသော ဆန့်ကျင်ဘက် အာရုံကို ထုံတတ်ဖို့မဆိုထားနှင့် ကြားဖူးသော်ပင် ကြားဖူးမည် မဟုတ်ရာသော ရသေ့ခမျာလေးအဖို့ သဘာဝစာတ်ခိုက်ကာ အတွေ့ကိုထားဦး၊ ဤမျှလောက်အငွေ့မျှနှင့်ပင် ကျွန်မနှင့် ခွဲခွာ စွန့်ပစ်နိုင်တော့မည် မဟုတ်သည်ကို ကျွန်မ အစင်းသား သိရှိလိုက်ရပြီ ဖြစ်၏။

ကျွန်မ ဤမျှ ဟန်လုပ်လိုက်သည်ဆိုရုံနှင့် ရသေ့ကလေးသည် သူရပ်တန့်တည်နေရာမှ ပစ်လွှတ်လိုက်သော မြားကဲ့သို့ ကျွန်မ၏ ရှေ့သို့ ချက်တစ်ဖြုတ်ရောက်ရှိလာကာ ပျာယာခတ်သော အမူအရာဖြင့် ကျွန်မ၏ လက်ကို ဆွဲကိုင်လိုက်သည်။

'သည်းခံပါ ဧည့်သည်တော်လေး၊ ဧည့်သည်တော်လေးလို လူတစ်ယောက်ကို မမြင်စဖူး အမြင်ထူး အတွေ့ထူးမို့ ရုတ်တရက် အံ့အားသင့်ပြီး ဖိတ်ခေါ်ဖို့ မေ့လျော့သွားမိပါတယ်၊ သခ်မ်းကျောင်းထဲကိုကြွတော်မူပါ၊ စားသုံးဖို့ သစ်သီးမျိုးစုံ အသင့်ရှိပါတယ်၊ လဲလျောင်းဖို့လဲ အိပ်ရာနေရာ အသင့်ရှိပါတယ်၊ အလိုရှိသလောက် လဲလျောင်းစားသုံး တည်းခိုပါ'

ကျွန်မကလည်း ပြုံးရွှင် သောမျက်နှာ၊ ဟန်ပါသောအကြည့်တို့ဖြင့် ရသေ့ကလေးကို ရွှန်းရွှန်းစားစားကြည့်ရင်း သူ့လက်များကို ပြန်၍ ဆွဲကိုင်လိုက်၏။ ထိုအခါ သူ့လက်များသည် ကျွန်မ၏ ပခုံးသို့ ပြောင်းရွှေ့သိုင်းဖက်လာ၏။ ကျွန်မကမူ သူ့ခါးကို အားရပါးရ ဆွဲယူ၍ တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်၏။

ဤနည်းဖြင့် ကျွန်မတို့သည် သခ်မ်းကလေးအတွင်းသို့ ရောက်လာကြ၏။ လိုရင်းကို ဆိုရသော် ရသေ့ကလေး တစ်သက်လုံး ကျင့်သုံးလာခဲ့သော အဗြဟ္မစရိယ သိက္ခာပုဒ်တော် ပျက်ယွင်းရှာလေပြီတည်း။ ဈာန်လျှောရှာလေပြီတည်း။ သို့သော် ဤမျှမကသေးပါချေ။

မကဟန်ကား ဤမျှဖြင့် လုံလောက်သေးဟန်မတူသည့် ကျွန်မတို့ကို စောင့်ကြည့်နေသော သိကြားမင်း၏ အစီအစဉ်များ ရုတ်ခြည်းရောက်ရှိလာခြင်းပေတည်း။ ရောက်ရှိလာပုံကို ကျွန်မ၏ အငွေ့တွင် မိန်းမူးလျက်ရှိနေရှာပြီဖြစ်သော ရသေ့လေး သိရှိဟန် မတူပါ။

ရောက်ရှိလာပုံမှာ ဝါး၊ သစ်ရွက်တို့ဖြင့်ဆောက်လုပ်အပ်သော သခ်မ်းကျောင်းကလေး နေရာတွင် ရွှေခြူး ရွှေပန်းတို့ဖြင့် အဆန်းတကြယ်ဆင်ယင် လွှမ်းမိုးအပ်သော နတ်ပလ္လင်နှင့် နတ်အိပ်ရာတို့ ဖြစ်ပေါ်လာသည်။ ယင်း နတ်ပလ္လင်ထက်တွင် လူ့ပြည်၌ အနူးညံ့ဆုံးအရာဟု နှိုင်းယှဉ်အပ်သော ဥဒေါင်း လည်ဆံမွေးထက်ပင် အဆရာထောင်မက နူးညံ့ပျောင်းအိလှသော နတ်ကော်ဇောတို့ အထပ်ထပ်ခင်းထားသည်။ ယင်း နတ်အိပ်ရာထက်တွင် ကျွန်မတို့နှစ်ယောက် ရောက်ရှိ မွေ့သိပ်သည်။

အိပ်ရာတည်းဟူသော ဖောဋ္ဌဗ္ဗအာရုံဟူသည် ခံစားသူကိုယ်တိုင် မသိသော ခံစားချက်အာရုံ ဖြစ်၏။ မသိပုံမှာ စက္ခု၊ သောတ စသော အာရုံခြောက်ပါးအနက် အမြင်အာရုံကို အသိဖြင့် ကြည့်ရှုခံစားသည်။ အနံ့၊ အရသာ အာရုံတို့ကိုလည်း အသိဖြင့် နားထောင်၊ ရှူရှိုက်၊ ထိတွေ့ခံစားသည်။ မနောအာရုံကိုလည်း အတွေးဖြင့် တွေးထင်ခံစားသည်။

ကာယအာရုံဟူသည် ဖောဋ္ဌဗ္ဗာရုံပင် ဖြစ်ပါ၏။ ထိုအကောင်းအဆိုး ထိတွေ့မှုအာရုံများကို အသိဖြင့် ထိတွေ့ခိုက်၌ ထိတွေ့ခံစားသော်လည်း အိပ်ရာတည်း ဟူသော ခံစားမှုကိုကား အိပ်မပျော်မီတွင်သာ အိပ်သောအိပ်ရာ၊ မွေ့သောအရာဟူသော အသိဖြင့် ခံစား၍ အိပ်ပျော်သွားသည့်အခါတွင်မူ ခံစားသူကိုယ်တိုင် မသိဘဲနှင့် ခံစားသည်။ အကြောင်းမူကား အိပ်ပျော်ခြင်းဟူသည် အသိ၊ သတိတစ်စုံတစ်ရာ မရှိသော ဘဝင်စိတ် ဖြစ်ပေါ်နေခြင်းသာ ဖြစ်သည်။ အိပ်ပျော်ခြင်းကြောင့် အိပ်လို့ ကောင်းပါဘိဟု နှစ်ခြိုက်စကား ဆိုသော်လည်း ဘယ်လိုကောင်းမှန်း မသိသော အသိမဲ့၊ သတိမဲ့ကောင်းခြင်း ဖြစ်သည်။ မိန်းမူးမေ့လျော့နေခြင်းပင် ဖြစ်၏။

ဤအကြောင်းကို ပြောရသည်မှာ ဣသိသိင်္ဂ ရသေ့ခမျာကလေးသည် ပထမတွင် ကျွန်မ၏ နတ်ငွေ့အာရုံကို သိရှိမည်ဖြစ်သော်လည်း ယင်းအာရုံ၏ အထွတ်အထိပ်သို့ နစ်ဝင် မိန်းမောသွားသော အခါ၌မူ တစ်စုံတစ်ရာ မသိရှိတော့ဘဲ မေ့မြောနေခြင်းကို ဖော်ပြလိုသောကြောင့် ဖြစ်ပါသည်။ အဘယ်မျှ မေ့မြော တွေဝေသွားပါသနည်း ဆိုသော် လူတို့၏ အရေအတွက်အားဖြင့် သုံးနှစ်တိုင်တိုင် ပင်တည်း။

သိကြားမင်း၏ အလိုတော်အရ ကျွန်မသည် ယင်းသုံးနှစ်တိုင်တိုင်ပင် နတ် အိပ်ရာထက်၌ ရသေ့ကလေးကို ပွေ့ပိုက်မွေ့ထုံထားရသည်။ သုံးနှစ်ကြာမှ သူ နိုး၏။ မျက်လုံးများပွင့်လာ၏။ နိုးလာသည်ဆိုလျှင်ပင် အိပ်ရာမှ ရုတ်ခြည်းထ၍ ကျွန်မကို မလှုံမလဲသော မျက်နှာဖြင့် ကြည့်၏။ ပတ်ဝန်းကျင်ကို ကြည့်၏။ ထိုအခါ သုံးနှစ်အတွင်း၌ မလှည်းမကျင်းသဖြင့် ဖြစ်ပေါ်၍နေသော အမှိုက်သရိုက် များကို မြင်၏။ သုံးနှစ်အတွင်း၌ ကြီးထွား၍လာသော တောသစ်ပင်တို့ကို မြင်၏။ သူ သတိရလာပြီဖြစ်၏။ထို့နောက်တွင်ကား ကျွန်မကို စူးစမ်းသော မျက်လုံးများဖြင့် ကြည့်ကာ ကြုံကြုံပါအောင် ငိုကြွေးရှာပါသတည်း။

ထို့နောက် ရသေ့ကလေးသည် ကျွန်မအနီးမှထွက်ခွာကာ စူးစမ်းစိမ်းကားသော မျက်လုံးများဖြင့် ကျွန်မကိုကြည့်၍ 'သင်ဘယ်သူလဲ'ဟု မေးလိုက်သည်။

'အလမ္ဗုသာ နတ်သမီးပါ အရှင်'

ကျွန်မသည် တရားအသိဖြင့် နိုးထလာပြီဖြစ်သော ရသေ့လေး၏ ဣန္ဒြေကို ကြည့်ကာ လက်အုပ်ချီ၍ ဖြေကြားလိုက်ပါ၏။ ကျွန်မသည် မရှောင်သာ၍ ဆောင်ရွက်ခဲ့ရသော်လည်း သိက္ခာတောင်ထု အရှင်ဖြစ်သော ရသေ့လေးကို နဂိုကပင် ကြောက်လန့်ရိုသေခဲ့ပါသည်။

'နတ်သမီးတဲ့လားဗျာ၊ နတ်သမီးဆိုတော့ မိန်းမပေါ့၊ မိန်းမဆိုတာဟာ တရားရဲ့ ဆန့်ကျင်ဘက်ပေါ့၊ ငါ သတိရပါပြီ နတ်သမီး၊ ငါ့ကို ငါ့ဖခင် ကဿပ ရသေ့ကြီးက တောအတွင်းမှာ သင်တို့နဲ့တူတဲ့ သူယောင်မယ် ပန်းပွင့်များကိုပြပြီး 'ချစ်သား၊ ဤအပွင့်နှင့်တူသော မိန်းမများကိုတွေ့လျှင် ဝေးစွာရှောင်ကြဉ်ရမည်'လို့

ဆုံးမခဲ့ဖူးပါ၏၊ သင့်ကိုတွေ့တော့ အဲဒီ ဆုံးမစကားကိုမေ့ပြီး သင့်အလိုသို့ လိုက်ခဲ့မိပါသည်။

'ယခုသော် ငါမှာ တရားနှင့် ကင်းဝေးခဲ့ပါပြီ၊ ဈာန်အဘိညာဉ်တို့လည်း ကွယ်ပျောက်ခဲ့ပါပြီ၊ တရားကျင့်သုံးမှု၊ ဂါထာမန္တာန် ရွတ်ဖတ်မှု နေ့စဉ် ဝတ္တရားတို့နှင့်လည်း ကင်းဝေးခဲ့ရပါပြီ၊ ဆိုးရွားလေစွ အသင်နတ်သမီး'

'သည်းခံတော်မူပါ အရှင်ရသေ့၊ ကျွန်မ အပေါ်တွင် အရှင် ပြစ်တင်စိတ်ဆိုးမည်ကို ကြောက်ရွံ့လှပါသည်၊ တကယ်တော့ ကျွန်မသည် ကျွန်မကို ပိုင်စိုးသော အရှင်သိကြားမင်း၏ အမိန့်အရ ဤအမှုကို ပြုခဲ့ရခြင်း ဖြစ်ပါသည်'

'ဘာတဲ့၊ သိကြားမင်းတဲ့လားဗျာ'

'မှန်ပါတယ် ရှင်ရသေ့၊ သိကြားမင်းသည် ရှင်ရသေ့၏ ပြင်းထန်သော အကျင့်ကြောင့် သူ့နေရာကို လုယူမည်စိုး၍ ကျွန်မကို စေလွှတ်လို့ ရောက်လာရခြင်းပါ အရှင်'

'မှားစွ သိကြားမင်း၊ မှားလေစွ၊ ငါ့မေတ္တာကြောင့် သိကြားမင်း ချမ်းသာပါစေသတည်း၊ ငါ့ကြောင့် သိကြားမင်းမှာ မည်သည့်ဆင်းရဲမှု မဖြစ်ပါစေသတည်း၊ သင့်ကိုလဲ ငါ သည်းခံပါ၏၊ ငါ့မေတ္တာကြောင့် သင်လဲ ချမ်းသာပါစေသတည်း'

ကျွန်မသည် ရသေ့လေးကို အကြိမ်ကြိမ်ဦးနိမ်၍ ဗိမာန်နှင့်တကွ ကောင်းကင်သို့ ပျံတက်ခဲ့သည်။ ရသေ့လေးသည် ကျွန်မကိုပင် မကြည့်တော့ဘဲ တရားပလ္လင်ပုံစံဖြင့် ထက်ဝယ်ဖွဲ့ခွေထိုင်ကာ ကျန်ရစ်ခဲ့သည်။ သိကြားမင်းသည် ကျွန်မကို ပြုံးရွှင်သော မျက်နှာဖြင့် အရေးတယူ ဆီးကြို၏။

'ရှင်မ အလမ္ဗုသာ၊ သင်သည် ငါ စေခိုင်းအပ်သော အမှုကို ကောင်းမွန်အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါပေ၏၊ ယခုသော် သင့်အလည့်သို့ ရောက်ပေပြီ၊ သင်အလိုရှိသော ဆုကို ပေးမည်၊ လိုရာဆုကို တောင်းပေတော့'

'ကောင်းပါပြီ၊ တောင်းဆိုပါမည် အရှင်သိကြားမင်း၊ ကျွန်မသည် ယခုပြုအပ်ခဲ့သမျှသော အမှုကြောင့် ယခုဘဝမှစ၍ ဖြစ်လေရာဘဝတိုင်း၌ တရားရှင်ရသေ့၊ ရဟန်းတို့အား ဖျက်ဆီးသောသူ 'ကျောင်းကြီးဖျက်မ' ဘဝသို့ မရောက်ရပါလို၏ အရှင်သိကြားမင်း'။ ။

## ဝါမန နှင့် မလ္လက

မေး–

အထွတ်ဆုံးဟု၊ သုံးလူ့မျက်မှန်
ခါးတော်ကိုက်ခဲ၊ အသည်းအသန်
ဝေဒနာများ၊ ခံစားရံဖန်
ဘယ်အကြောင်း၊ ကံဟောင်းထုတ်လို့ပြန်။

ဖြေ–

လက်ဝှေ့သတ်ကောင်း၊ အလောင်းဖြစ်သော်
ပြိုင်ပွဲ ဆိုင်ပွဲ၊ နိုင်ပွဲအကျော်
နိုင်လျှင်ခါးရိုး၊ ရိုက်ချိုးမြေပေါ်
အသတ်ကောင်း၊ ဇာတ်ဟောင်းဝိပါက်တော်။

လယ်တီပဏ္ဍိတ

'သာရိပုတ္တရာ၊ ငါဘုရား ညောင်းညာ၍ ခေတ္တမျှ လဲလျောင်းဦးမည်၊ ဆက်လက်၍ ဟောကြားလေလော့'

ထိုထိုကျောင်းတော်တို့၌ တပည့် သံဃာများအား တရားဟောကြားတော်မူစဉ် ရံဖန် ပြုလုပ်လေ့ရှိသော ဘုရားရှင်၏ ကိစ္စတော်တစ်ရပ်ဖြစ်၏။ ဗုဒ္ဓဉာဏ်တော်နှင့် နီးနှောနိုင်သော ပညာတေဒဂ်သခင် ရှင်သာရိပုတ္တရာသို့ ယင်းတာဝန်ကို အပေးများ သော်လည်း စည်းဝေးဟောကြားအပ်သော အကြောင်းအရာ အားလျော်စွာ ရံခါ အရှင်မောဂ္ဂလာန်သို့၊ ရံဖန် တပည့်ကြီးတစ်ပါးပါးသို့ လွှဲအပ်သည်။

စင်စစ်သော် ဘုရားရှင်အဖို့ ညောင်းညာတော် မူသင့်လှပါပေ၏။ အကြောင်းမှာ သိဒ္ဓတ်မင်းသားဘဝ တောထွက်တော်မူစကပင်လျှင် ဘုရားဖြစ်တော်မူရန် ခန္ဓာကိုယ်ကို အရင်းတည်ကာ ဝီရိယအင်အား စိုက်ထုတော်မူခဲ့ပုံမှာ ပြင်းထန်ရှည်လျား များပြားလှစွာ၏။

ရှေးဦးစွာ အာဠာရနှင့် ဥဒက ရသေ့ကြီးတို့အထံ တရားရိပ်သာတို့တွင် လောကီအဘိညာဉ်တို့ ကုန်ဆုံးသည်အထိ အားစိုက်ခဲ့သည်။ ထို့နောက် ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင် ခိုင်ခိုင်မြဲမြဲ၊ သဲသဲကဲကဲ၊ စွဲစွဲမြဲမြဲကြီး အားထုတ်တော်မူသည်။ ယင်းသို့ အားထုတ်ရာ၌ ခန္ဓာကိုယ်ကို အရင်းတည်လိုက်ရပုံမှာကား အံ့ဖွယ်ကြီး တစ်ပါးပင် ဖြစ်ပါပေ၏။ ဖြစ်ဟန်ကား ဘုရားဖြစ်ရန် အဓိဆန္ဒနှင့် ကြီးမားသော ဝီရိယ၏ဒဏ်ကို ခန္ဓာကိုယ်က မခံနိုင်သောအခါ ယိုင်လဲသည်အထိ ဖြစ်ရသောကြောင့် သိဒ္ဓတ္ထရဟန်း ကွယ်လွန်ရှာပြီဟု အထင်ခံရသည်အထိ ဖြစ်ခဲ့ရသည်။

ဘုရားဖြစ်လာသော အခါတွင်လည်း ရှုပါဦး။ ရှေးဦးစွာ သာသနာတော် တည်ဆောက်ရေးအတွက် မနေမနားကြိုးစားခဲ့ရသည်။ ရဟန်းသံဃာ သာသနာတော် အသိုင်းအဝိုင်းနှင့် ဖြစ်လာပြန်တော့လည်း အေးအေးသက်သာ စံနေရသည်မရှိ၊ ဗုဒ္ဓ ကိစ္စတော်တို့ များပြားလှစွာသည်။ ခန္ဓာတော်နားနေချိန်ဟူ၍ ကျိန်းစက်တော် မူချိန်ကလေးကိုပင် လု၍ ယူထားရသယောင် အနည်းငယ်မျှသာ ဖြစ်သည်။ သို့ဆိုလျှင် ဘုရားရှင်၏ ခန္ဓာကိုယ်တော်သည် အဘယ်မှာလျှင် ဣရိယာပထ မျှတော်မူနိုင်ပါတော့အံ့နည်း။

ခါးနာတော်မူတတ်သည်၊ ကျောအောင့်တော်မူတတ်သည်၊ ခြေလက်တို့ နာကျင်ကိုက်ခဲတော်မူတတ်သည်။ ဤသည်တို့အပေါ်တွင် ရံဖန် ဦးခေါင်းတော်ပင် နာကျင်ကိုက်ခဲတတ်သည်ကလည်း ရှိပေသေး၏။ ယင်းသို့လျှင် ဖြစ်သင့်ဖြစ်ထိုက်သော ရောဂါဝေဒနာလေးများဟု ဆိုရစေဦးတော့ ရံဖန်ရံခါ ခါးတော်နာသည့် ဝေဒနာ ကမူ တစ်သီးတစ်ခြား ဖြစ်၏။ အကြောင်းမူကား ဗုဒ္ဓကိစ္စတော်တို့ကြောင့် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပေါ်လာသော သာမန် ဝေဒနာမျှမဟုတ်၊ နတော်မူစဉ်အခါ သံသရာ ဘဝတစ်ကွေ့က မှားခဲ့သော အမှားတစ်ခုကြောင့် ဘုရားဖြစ်တော်မူသည်အထိ ဝဋ်တော်လိုက်ပါလာခြင်း ဝဋ်ကြွေးတစ်ရပ်ပါတည်း။

'ဝဋ်အမြဲ ငရဲအပ'ဟူသောစကားတစ်ရပ်ရှိ၏။ အဓိပ္ပာယ်မှာ သတ္တဝါတစ်ဦး အဖို့ ငရဲသို့ကျရောက်ခြင်းဟူသည် မိမိပြုခဲ့သော မကောင်းမှု၏ အတိုင်းအတာအရ ထိုထိုငရဲတို့သို့ ကျပြီးလျှင် ကိစ္စပြီးသည်။ ငမိုက်သားတစ်ဦး ထောင်ကျခံရသကဲ့သို့ပင် ဖြစ်၏။ ဝဋ်မူကား ထိုသတ္တဝါ၏ ဘဝသံသရာတစ်လျှောက်လုံး အစဉ်အမြဲ တွဲခို၍ လိုက်ပါလာသည်။ အဘယ်မျှအထိ လိုက်ပါ ပါသနည်း။

သူလိုငါလို သာမန်သတ္တဝါ မဆိုထားဘိ ဘုရားအလောင်းတော်ကြီးပင်လျှင် မှိုင်းမှုန်ပြာရီ ပဝေဏီက အမှတ်မထင်ပြုခဲ့မိဖူးသော ဝဋ်ကြွေးများက ဘုရားဖြစ်တော် မူသည့် ထိပ်ဆုံး နောက်ဆုံးဘဝအထိ လိုက်ပါသတည်း။

ယင်းသို့ ဘုရားဖြစ်တော်မူသည်အထိ လိုက်ပါခဲ့သော ဝဋ် ၁၂ ပါးကို ဝိပါက်တော် ၁၂ ပါးဟု ပိဋကတော်တွင် သတ်မှတ်ဖော်ပြထားသည်။ အထက်တွင်

ဖော်ပြခဲ့သော ရံဖန် ဦးခေါင်းတော် ကိုက်ခဲတော်မူ၏ ဆိုသည်မှာလည်း ဝဋ်တော် တစ်ပါးပင် ဖြစ်ပေသည်။

**မေး**။ ။ သုံးလူ့ထွတ်ဖူး၊ မြိုက်မူးသျှောင်ကော၊ ရံဖန်ခါလဲ၊ ခေါင်းခဲပလေ၊ ဝေဒနာဝင်၊ မလွတ်တုံချေ၊ ဘယ်ဝိပါက်၊ အဆက်ပါခဲ့ပေ။

**ဖြေ**။ ။ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်၊ တံငါမျိုးဇာတ်၊ ဖြစ်လတ် သရော်၊ ငါတို့ဦးခေါင်း၊ ထုထောင်းမြင်သော်၊ ဝမ်းမြောက်မိ၊လိုက်ဘိ ဝိပါက်တော်။

**လယ်တီပဏ္ဍိတ**

ဘုရားရှင်၏ ဝဋ်ကြွေး ဝိပါက်တော်တို့အပြင် ပရိနိဗ္ဗာန် စံဝင်သည်အထိ ဆွမ်းကလေး တစ်လုတ်မျှ ဝလင်အောင် မစားရရှာမှု၊ တစ်ပါးသူ အထင်သေး လောက်အောင် ကိုယ်ခန္ဓာသေးငယ်နေမှု၊ မိန်းမတစ်ယောက် နောက်ကလိုက်ပါ နေသည်ဟု အထင်ခံရမှု၊ ဂါထာလေးတစ်ပုဒ်မျှကို သုံးလ ကျက်မှတ်၍ မရမှု စသည်ဖြင့် ကိလေသာကုန်ခန်း ရဟန္တာဖြစ်သည်အထိ လိုက်ပါခံရရှာသော မထေရ် မြတ်တို့၏ အကြောင်းရပ်တို့မှာ များလှစွာ၏။ ယခု ဝတ္ထုတွင်မူ ဘုရားရှင်၏ ခါးတော်နာမှု ဝဋ်ကြွေးအကြောင်းရပ်ကို ဖော်ပြရန် ဖြစ်ပါသည်။

မလ္လာပြည်မှ လက်ဝှေ့ဝိဇ္ဇာ မလ္လကနှင့်အဖွဲ့သည် ဗာရာဏသီသို့ ရောက်လာသည် ဟူသော သတင်းမှာ ဗာရာဏသီ ယောကျ်ားသားတို့ လောကကို တလှုပ်လှုပ် တရွရွ ဖြစ်သွားစေသည်။

မလ္လာနှင့် ဗာရာဏသီသည် တိုင်းပြိုင်ပြည်ပြိုင်များ ဖြစ်ကြ၏။ မလ္လကသည် မလ္လာမှ ပြိုင်ဖက်မရှိ ကျော်ကြားသော လက်ဝှေ့သမားကြီးဖြစ်ရုံမက မလ္လာဘုရင်သည် လက်ဝှေ့သာမက နပန်းသတ်ပွဲ၊ လှေပြိုင်ပွဲစသော ယောကျ်ားဘသားတို့၏ ကျားကျားလျားလျား ပြိုင်ပွဲများကိုလည်း ဝါသနာထုံသူဖြစ်သည်။

မလ္လကကို မလ္လာပြည်သားတို့က လက်ဝှေ့ဝိဇ္ဇာ၊ လက်ဝှေ့ဘုရင်ဟု ချီးပဂုဏ်ယူ ခေါ်ဝေါ်ကြ၏။ သူ့နေရာနှင့် သူ လက်ဝှေ့ဘုရင်ပင်ဖြစ်စေ ယခု ဗာရာဏသီသို့ ကျူးကျော်ရောက်ရှိလာခြင်းမှာ အဘယ်ကြောင့်ပါနည်း။

လက်ဝှေ့သမားဟူသည် လက်ဝှေ့ထိုးရန်၊ ပြိုင်ရန်သာ အဓိက ကိစ္စရှိ၏။ ရှင်းရှင်းဆိုသော် ဗာရာဏသီတွင် ပြိုင်သူရှိလျှင် ထွက်ခဲ့ကြပေတော့ဟု ဗိုလ်တောင်း လာခြင်းသာ ဖြစ်သည်ဟု ဗာရာဏသီသားတို့ နားလည်ကြရသည်။ ထို့ကြောင့် ဗာရာဏသီနှင့် မလ္လသားတို့ လက်ဝှေ့ပွဲကြီးပွဲကောင်းများ ကြည့်ကြရတော့မည်ဟု လှုပ်လှုပ်ရွရွ ဖြစ်ကြခြင်း ဖြစ်သည်။

ဇာရာဏာသီတွင်လည်း လက်ဝှေ့အကျော်အမော်တို့ ရှိကြသည်သာ ဖြစ်၏။ သို့ရာတွင် ဇာရဏာမှ လက်ဝှေ့ဝိဇ္ဇာကြီး ဝါမနသည် အသက်အရွယ် အတန် ထောက်လာ၍ အနားယူသွားသည့် အချိန်မှစ၍ ဇာရာဏာသီ လက်ဝှေ့လောက မှေးမှိန်လျက်ရှိခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်၏။

ဤအချိန်နှင့် ဤအခြေအနေကိုပင် ရည်မှန်း၍ မလ္လကသည် ဇာရာဏာသီသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ အကြောင်းမှာ ဇာရာဏာသီတွင် ဝါမနဗိုလ်၊ မလ္လာတွင် မလ္လကဗိုလ်၊ ဗိုလ်ဗိုလ်ချင်း ဖြုတ်ရန်မှာ လက်ဝှေ့သမားတို့၏ အဓိကတာဝန် မဟုတ်ပါလော။ ပြိုင်လာလျှင် ဗိုလ်မထား ကျားဆိုမှ ကျားဟု လက်ခမောင်း တဖြောင်းဖြောင်းခတ်ဖို့၊ သတ်ဖို့ရန်မှာ လက်ဝှေ့သမားတို့၏ လိုအပ်ချက် မဟုတ်ပါလော။

သို့ရာတွင် ခပ်စောစောပိုင်းကမူ မလ္လာမှ မလ္လသည် ဇာရာဏာသီမှ ဝါမနကို မသိကျိုးကျွန်ပြုကာ ခပ်မဆိတ်နေခဲ့ရ၏။ အကြောင်းမှာ ဝါမန၏ သတင်းသည် ကြီးမားလှ၏။ ပြိုင်လာသမျှ အရှုံးမရှိ အနိုင်ချည်းဟု ကြားရ၏။ လက်ဝှေ့ပညာ တွင်လည်း ကျွမ်းကျင်လှသည်ဟု ဆို၏။ လူပုသလောက် အခုန်အပျံ အခုန်အတက် တို့တွင် လျင်မြန်ဖျတ်လတ်လှသည်ဟု ဆိုသည်။ ယင်းသတင်းများအရ ပြိုင်ဘက်လျှင် နိုင်ကွက်မရှိလှသောကြောင့် ဘာသာလဝါသာ နေခဲ့သည်။

ယခုအခါတွင် ဝါမနသည် ၄၀ ကျော် အသက်ထောက်လာ၍ အနားယူနေ ပြီ။ အနားယူ၍ လက်ဝှေ့ပညာနှင့် ကင်းဝေးပြီ၊ ဝါမန အနားယူ၍ ဇာရာဏာသီ သား မှန်လျှင် ဘယ်သူနှင့် ပြိုင်ရဆိုင်ရ မမှုလောက်ပြီ။ ဝါမနနှင့်ပင် ပြိုင်ရစေဦးတော့ မိမိမှာ ၃၀ ကျော် တက်လူ၊ ဝါမနမှာ ၄၀ ကျော် ကျလူဖြစ်၍ မှုလောက်ရာမရှိ။ ဘယ်နည်းနှင့် တွက်တွက် မလ္လာသည် ဇာရာဏာသီအပေါ် ဗိုလ်စွဲရဖို့သာ ရှိသည်ဟူသော တွက်ကိန်းဖြင့် ဇာရာဏာသီသို့ ရောက်လာခြင်း ဖြစ်သည်။

မလ္လကနှင့်အဖွဲ့သည် ဇာရာဏာသီသို့ မခေါ်ပင့်ချေ။ ရောက်လာကြသော်လည်း မလ္လာဘုရင့် အသုံးတော်ခံများဖြစ်၍ ထိုက်ထိုက်တန်တန် ကြိုဆိုနေရာချထားသည်။ လက်ဝှေ့အဖွဲ့ရောက်လာခြင်းမှာ လက်ဝှေ့ပြိုင်ရန်သာရှိ၍ ပွဲကြီးပွဲကောင်းများ ကြည့်ရတော့အံ့ဟုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။

ထုံးစံအတိုင်းရောက်လာကြသည့် ကိစ္စကို မေးသောအခါ မလ္လကက ‘ခရီးအလျဉ်းသင့်လို့ လည်ရင်းပတ်ရင်းဆိုသလိုဝင်လာကြတာပါ၊ အလျဉ်းသင့်လို့ လက်ဝှေ့ ပြိုင်ပွဲဆိုင်ပွဲများ ဖြစ်တယ်ဆိုရင်လဲ ပျော်ပျော်ပါးပါးပေါ့ဗျာ’ ဟု မယုတ် မလွန် ပြောသည်။

‘ရောက်လာကြမှတော့ ကြုံတုန်းကြုံခိုက်မို့ ဖြစ်ရစေမပေါ့ဗျာ၊ ကျွန်တော်တို့ ဆရာ ဝါမနလဲ အနားယူနေပေမယ့် ဆရာတို့ ရောက်လာတယ်ဆိုတော့ လက်ဝှေ့ ဝိုင်းထဲ ပြန်ဝင်ကောင်း ဝင်လိမ့်မယ်ထင်ပါရဲ့’

'ဝင်လာရင်တော့ ကောင်းသပေါ့၊ နို့ပေမယ့် သူ့ခမျာ တစ်ချိန်က နာမည်ကြီးခဲ့ပေမယ့် အသက်အရွယ်က ကျလူဖြစ်နေပါပြီ၊ အရပ်အမောင်းကလဲ ပုကွသေးဆိုတော့ သနားစရာပါပဲ၊ ဟန်လောက်ပဲ ရှိတော့မှာပါ'

'ကြည့်ကြသေးတာပေါ့လေ၊ လက်ဝှေ့ပွဲဖြစ်အောင် ကျွန်တော်တို့ စီစဉ်လိုက်ပါ့မယ်၊ ဆရာတို့သာ စိတ်အေးချမ်းသာ နားနေကြပါ'

ထိုနေ့ ညဉ့်ဦးပိုင်းတွင်ပင် ဝါမနအိမ်သို့ မြို့ဝန်မင်းကိုယ်တိုင်ခေါင်းဆောင်၍ လူကြီးအချို့ ရောက်လာကြရာ ဝါမနက အဘယ့်ကြောင့် ရောက်လာကြသည်ကို သိသော အပြုံးဖြင့် တလေးတစား ကြိုဆိုဧည့်ခံသည်။

ဝါမနသည် လက်ဝှေ့ကျော်ဖြစ်ခဲ့သော်လည်း လက်ဝှေ့မျိုးရိုးကား မဟုတ်။ မိဘစဉ်ဆက်ကပင် ချမ်းသာကြွယ်ဝခဲ့သော သူကြွယ်မျိုးရိုးဖြစ်သည်။ သို့ရာတွင် တစ်မိပေါက် တစ်ယောက်ဆိုသကဲ့သို့ သန္ဓေပါ လက်ဝှေ့ဝါသနာဖြင့် လက်ဝှေ့ဝိဇ္ဇာအဖြစ် ထင်ရှားလာခဲ့သူဖြစ်သည်။ ဖြစ်မည့်သာ ဖြစ်သည် အရပ်အမောင်းမှာမူ ပုနေ၍ လူနှင့်အလုပ်မှာ ရယ်သွမ်းသွေးဖွယ် ဖြစ်နေရသည်။ အရပ်အမောင်းမှာ အပေါ်သို့မြင့်တက်ရမည့်အစား နံဘေးနစ်ဘက်သို့ ဝိုင်းကား၍ ထွက်နေရာ ပုရုံမက ကွ၍ နေချေသေး၏။ သို့ရာတွင် ပုကွသလောက် ဖျတ်လတ်ကျင်လည် သန်မာလှသည်ကိုကား သိကြပြီးဖြစ်သည်။

'မလ္လာက ရောက်လာကြတဲ့ မလ္လကတို့သတင်း ကြားပြီးရောပေါ့'ဟု မြို့ဝန်မင်းက စတင်သည်။

'ကြားပြီးပါပြီ ခင်ဗျာ'

'သူတို့ဟာ သက်သက်မယ့် ဗာရာဏသီကို ဗိုလ်တောင်းလာကြတာပဲ'

'ကျွန်တော်လဲ ဒီအတိုင်းပဲ ယူဆပါတယ်'

'လိုရင်းပြောရရင် ဆရာ ဝါမန လက်ဝှေ့ဝိုင်းထဲ ပြန်ဝင်ဦးမှပဲ'

'ကျွန်တော် အနားယူနေပါပြီ၊ ဗာရာဏသီမှာ လူငယ် တက်လူ လက်ဝှေ့သမားတွေ ရှိကြသားပဲ'

'အနားယူတယ်ဆိုတာ လိုအပ်လို့ ပြန်ဝင်ရင်လဲ ဖြစ်တာပါပဲ'

'ကျွန်တော် အသက် ၄၀ ကျော်ပါပြီ ခင်ဗျား'

'၄၀ ကျော်ဆိုတာ အင်အားတွေ အများကြီးရှိပါသေးတယ်၊ ဒီမှာ ဆရာဝါမန ကျုပ်တို့လာတာ ဘုရင်မင်းမြတ်ရဲ့ အလိုတော်အရ လွှတ်လိုက်လို့ ကျုပ်ကိုယ်တိုင်ရောက်လာတာပါ၊ ဘုရင်မင်းမြတ်ကိုယ်တိုင် ဒီကိစ္စကို စိတ်ဝင်စားနေပါတယ်၊ ငြင်းမနေပါနဲ့တော့'

ဝါမန ငြိမ်နေသည်။

'ဒါဟာ နိုင်ငံတော်ကိစ္စပဲ၊ ဗာရာဏသီဟာ မလ္လာကို ရှုံးလို့တော့ မဖြစ်ဘူး၊ မလ္လက ဆရာဝါမနကို မထီလေးစားစကားတွေ ပြောတယ်၊ ကျတဲ့လူ၊ ဂျပုတဲ့၊ သူ့ခေတ်ကုန်ပြီတဲ့၊ သနားစရာတဲ့၊ အဲဒါတွေကိုလဲ ကျုပ်တို့က မခံချင်ဘူး'

'ဩော် ဒီလိုတဲ့လား၊ ဒီလိုဆိုရင် မလ္လကနဲ့ပြိုင်ဖို့ ကျွန်တော် လက်ခံပါပြီ ဝန်မင်း၊ ကြိုက်တဲ့အချိန်သာ ချိန်းပြီး ပြင်ဆင်ကြပါတော့'

ဝါမနထံမှ ပဋိညာဉ်ရသောအခါ မြို့ဝန်က နောက်ပါလူကြီးတစ်ဦးထံမှ အထုပ်ကိုယူ၍ ဝါမနသို့ ပေးအပ်သည်။

'ဘာများပါလိမ့်'

'ဘုရင်မင်းမြတ်က ဆရာဝါမနကို ချီးမြှင့်လိုက်တဲ့ လက်ဆောင်ပစ္စည်းပါ၊ ပတ္တမြား ဘယက်နဲ့ ကတ္တီပါ ခါးစည်းပါ၊ အဲဒါတွေကို ဆွဲဆင်ပြီး လက်ဝှေ့ဝိုင်းထဲ ဝင်ရပါလိမ့်မယ်၊ မလ္လကဟာ သူတို့ဘုရင်က ချီးမြှောက်ထားတဲ့ ရွှေဘယက်ကြီးကို တပြပြ တကားကားနဲ့ ကြွားဝါနေတာ တွေ့ရပါတယ်၊ ဒါကြောင့်မို့ ဘုရင်မင်းမြတ်က တန်းတူရည်တူဖြစ်အောင် ချီးမြှင့်လိုက်တာပါ၊ ပြီးတော့ အဲဒီနေ့ပွဲကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ထွက်ကြွရှုစားပါလိမ့်မယ်၊ ပွဲပြီးရင် ချီးမြှောက်ဖို့ ဆုတော်လာဘ်တော် တွေလဲ အသင့်ပြင်ထားပြီးပါပြီ'

ယုန်မရမီ သံပရာရှာ၏သို့ဟု ဆိုနိုင်သော်လည်း သူတို့လူအစွမ်းကို စိတ်ချသော ဘုရင်နှင့် မြို့ဝန်တို့အဖို့မူ ချည်ပြီးတုပ်ပြီး နိုင်ပြီး, ဖြစ်နေလေ၏။

'ဝမ်းမြောက်လှပါတယ် ဝန်မင်း၊ ကျွန်တော်ဟာ အသက်အရွယ် ထောက်လာလို့သာမဟုတ်၊ သတ်တဲ့ပုတ်တဲ့အလုပ်ဆိုတာ သူတော်ကောင်းတို့ မနှစ်သက်တဲ့ အလုပ်လို့ သတိဝင်ပြီး အနားယူခဲ့တာပါ၊ အခုလို နိုင်ငံတော် ကိစ္စဆိုတော့ နောင်ကို မလှန်နိုင်အောင် မလ္လကကို ဆုံးမလိုက်ပါ့မယ်၊ စိတ်သာ ချကြပါတော့'

မြို့ဝန်မင်းတို့ ရွှင်လန်းဝမ်းမြောက်စွာနှင့် ပြန်သွားကြသည်။ သို့နှင့် လက်ဝှေ့ဗိုလ် ဝါမနနှင့် မလ္လကတို့၏ပွဲ၊ သို့မဟုတ် ဗာရာဏသီနှင့် မာလ္လာတို့ပွဲဟု နားလည်ထားကြသော လက်ဝှေ့ပွဲကြီးသည် နောက်သုံးရက်အကြာတွင် ဘုရင့် ကစားပြိုင်ဝင်း၌ ကြည့်ကြရတော့မည်ဟူသော သကင်းမှာ တစ်မှုတ်ချင်းပင် ပျံ့လွင့်၍ သွားလေ၏။ ဗာရာဏသီသားတို့ ထမင်းမေ့ ဟင်းမေ့ အဖြစ်သို့ ရောက်ကုန်ကြလေပြီ။

ဗာရာဏသီပြည်တွင် ယောက်ျားဘသားတို့ အားကစားပြိုင်ကြသော ကစားပြိုင်ဝင်းကြီး၊ ဝင်းငယ်များ နှစ်နေရာ သုံးနေရာရှိ၏။ ဘုရင့်တပ်မတော်သားတို့ ကစားပြိုင်ဝင်းမှာမူ သီးသန့်ရှိသည်။ ယင်း တပ်မတော်ပြိုင်ဝင်းတွင် ခင်းကျင်းရန် ခွင့်ပြုလိုက်ပြီး ဖြစ်သည်။

လက်ဝှေ့ပွဲ၊ နပန်းပွဲ ကျင်းပသောကွင်းမှာ ယနေ့ခေတ်ကဲ့သို့ စင်မြင့်မဟုတ်။ မြေပြင်ကွင်း ဖြစ်သည်။ ယနေ့ခေတ် ဘောလီဘောကွင်း ပုံစံမျိုး ဖြစ်သည်။ ကွင်းဘေးမှ ထိုင်ခုံမြင့်များအဆင့်ဆင့်ထိုးကာ ဝိုင်းရံ၍ ကြည့်ကြရ၏။

လက်ဖွေ့ပွဲမှာ လက်ဖွေ့ပြိုင်ပွဲနှင့်လက်ဖွေ့သတ်ပွဲဟူ၍ နှစ်မျိုးရှိခဲ့၏။ လက်ဖွေ့ပြိုင်ပွဲမှာ ပညာပြိုင်ပွဲ၊ အစွမ်းပြိုင်ပွဲဖြစ်၍ သွေးထွက်လျှင်၊ ကျိုးလျှင်၊ ပဲ့လျှင် မလှန်နိုင်လောက်အောင် ရှုံးလျှင် ကိစ္စပြီး၏။ လက်ဖွေ့သတ်ပွဲ ဟူသည်ကား ပညာစွမ်း၊ အားစွမ်းပြိုင်ပွဲလည်းဖြစ်၍ အရှုံးမပေးခဲ့လျှင် သေသည်အထိ ကြိုက်သလို ထိုးသတ်နိုင်သော ပွဲဖြစ်ရာ ပညာစွမ်းသာမက တစ်ဦးနှင့်တစ်ဦး မခံချင်စိတ်ဖြင့် အခုအခံရှိနေကြသူများ ထိုးသတ်ကြသော ပွဲဖြစ်သည်။

ဝါမနနှင့် မလ္လကတို့မှာ တစ်ဦးနှင့်တစ်ဦး သိပင် မသိခဲ့ကြငြား နိုင်ငံတော်အတွက်ဟူသော စိတ်ထားတွင် သူလည်းဗိုလ် ငါလည်းဗိုလ်ဟု ဗိုလ်လုရမည့် အဖြစ်တွင်မှုမက မလ္လက၏ မထီမဲ့မြင် ပြစ်တင်ရှုံ့ချစကားများကြောင့် နှစ်ဦးနှစ်ဖက် သဘောတူချက်အရ 'လက်ဖွေ့သတ်ပွဲ'ဟု ကြေညာလိုက်သောအခါ ရှားမှရှားသော ပွဲကြီးပွဲကောင်း ဖြစ်လာလေသည်။

နိုင်ငံတော်သားများ ပျော်ရွှင်ရေးအတွက် လက်ဖွေ့ပွဲများကို နှစ်ရက်ဆက်၍ ကျင်းပသည်။ ပထမနေ့မှာ 'ပြိုင်ပွဲ' များဖြစ်၍ မလ္လကတို့အဖွဲ့ပါ မလ္လာသားများနှင့် ဗာရာဏသီသားတို့ ထိုးသတ်ကြသော ပွဲငယ်များဖြစ်သည်။ သူနိုင်သည်လည်း ရှိ၏။ ငါနိုင်သည်လည်း ရှိ၏။ သတင်းနှင့် လူပုံဟန်ကိုကြည့်၍ သူ့ဘက်ကိုယ့်ဘက် လောင်းကြေးများမှာ တင်းကျမ်းဖြစ်သည်။ ဝင်ကြေးမရှိ။ ဝင်ကြေးနှင့် ကြည့်ရသော ခေတ် မဟုတ်သေး။

ဒုတိယနေ့ ဝါမနနှင့် မလ္လကတို့ ပွဲကြီးပွဲကောင်းတွင်မူ လောင်းကြေးတွေ ပုံအောကြသည်။ အကြောင်းမှာ 'ညာပွဲ'မဟုတ်၊ သတ်ပွဲဖြစ်သည်။ လက်ဖွေ့တွင် ညာပွဲဟူ၍ ရှိပေသေးသည်။ စိစဉ်သူတို့ နှစ်ဦးနှစ်ဖက် နားလည်မှုယူကာ စွယ်ရောင်ပြ ထိုးသတ်ပွဲမျိုး ဖြစ်သည်။

ပရိသတ်မှာ ပွဲမစမီ အစောကြီးကပင် နေရာဟူသမျှ ပြည့်ညပ် ထပ်သိပ်နေပြီ ဖြစ်၏။ အနီးဝန်းကျင် မြင်နိုင်သမျှ သစ်ပင်နှင့် အမြင့်နေရာမှန်သမျှတွင်လည်း ပြည့်သိပ်လျက်ရှိသည်။ လောင်းကြေးမှာအမှန်ဆိုသော် ညွှဲသည် မလ္လကဘက်ကပင် ပို၍ အပေါ်ကြေး ဖြစ်နေသည်။ အကြောင်းမှာ မလ္လက၏ ကျော်ကြားသောသတင်းနှင့် လူရွယ် တက်လူအဖြစ် ဖုထစ်သန်မာ ကိုယ်ထွားထွားကိုမြင်ကြပြီး ဖြစ်သည်။

ဝါမနသည်ကား မိမိတို့နိုင်ငံသားပင်ဖြစ်သော်လည်း အသက်ထောက်ကာ ကျလူဖြစ်နေပြီး လက်ဖွေ့ဝိုင်းနှင့် ကင်းကွာနေသည်မှာလည်း ကြာလှပြီ ဟူ၏။ လောင်းကစားဟူသည် တွန်ကိန်းမိကာ မိမိရဖို့သာ ပဓာန မဟုတ်ပါလော။

မကြာမီပင် ဘုရင်ကြွရောက်လာ၍ မိမိနေရာတွင် ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် လက်ဝှေ့ပွဲ စတင်ပြီ ဖြစ်၏။

လက်ဝှေ့ပွဲများတွင် အများအားဖြင့် ပျော်ပွဲရွှင်ပွဲဖြစ်၍ ဗုံသံ ပတ်သံ စည်သံ ဖြောသံများ တွဲဖက်ပါရှိသည်မှာ အစဉ်အလာဖြစ်၏။ မနေ့ကပွဲများတွင် ဗုံသံ ပတ်သံ ဗိန်းမောင်းသံများဖြင့် ညံခဲ့သော်လည်း ယနေ့ပွဲတွင် လက်ဝှေ့ပွဲ စတင်သည်နှင့် တစ်ပြိုင်နက် ဗုံသံများ ရပ်ဆိုင်းထားလိုက်သည်။ အကြောင်းမှာ တစ်ကွက်မှား၊ တစ်ချက်မှား မခံနိုင်လောက်သည့် တကယ့်သတ်ပွဲ ပြိုင်ပွဲဖြစ်ရာ ဗုံသံကြောင့် အနှောင့်အယှက် မဖြစ်စေရန်တည်း။

ကွင်းတစ်ဖက်မှ မလ္လကသည် တက်ကြွသောကိုယ်ဟန်ဖြင့် ကွင်းတွင်းသို့ ဝင်၍လာပြီ ဖြစ်၏။ လက်သီးဆုပ်နှစ်ခုကို ဦးထိပ်တွင်ယှက်တင်၍ ဘုရင်မင်းမြတ်သို့ အရိုအသေပြုသည်။ ခါးတွင် အနီရောင်ကတ္တီပါခါးစည်းကို ဝတ်ဆင်၍ ရွှေခါးပတ်ကြီး ပတ်ထားသည်။ လည်ပင်းတွင် ဆွဲဆင်ထားသော ရွှေဘယက်ကြီးများမှာ ရင်အုပ် ကားကားကြီးပေါ်တွင် ဝင်းလက်နေ၏။ အရပ်အမောင်း မြင့်မြင့်မားမားတွင် ဖုထစ်ကြွားရှားသော လက်မောင်း လက်တံများ၊ သလုံးသားကြီးများမှာ အားရစရာ ကောင်းလှ၏။ ဘုရင်သို့ ဦးတင်ပြီးနောက် ကျွမ်းတစ်ပတ် လှလှပပပစ်၍ မတ်မတ်ရပ်ကာ ပရိသတ်ဘက်သို့ လှည့်ပတ် နှုတ်ဆက်သည်။ ပရိသတ်တို့အသံမှာ တစ်ကွင်းလုံး သောသောညံသွား၏။

ထို့နောက် ကွင်းတစ်ဖက်မှ ဝါမန ထွက်လာသည်။ ကြီးမားသော်လည်း ပုကွသော သူ့အရပ်အမောင်းမှာ မလ္လကနှင့် နှိုင်းယှဉ်သော် မလ္လက ပခုံးမျှလောက်သာ ရှိနေသည်။ အစိမ်းရောင် ကတ္တီပါခါးစည်းကို ဝတ်ထားသည်မှာ စည်ပိုင်းကို အဝတ်ပတ်ထားသည်နှင့်ပင် တူနေတော့သည်။ အစိမ်းရောင်ပေါ်မှ ပတ္တမြားနီ ခါးပတ်ကြီးမှာ ဝင်းဝင်းလက်နေ၏။ ထို့ထက်ကား ရင်အုပ်ကားကားကြီးနှစ်ဖက်ပေါ်မှ ပတ္တမြားရောင်စုံစွက်ထားသော ဘယက်ကြီးက တဖျတ်ဖျတ် တောက်ပြောင်လျက် ရှိ၏။

ဝါမနကလည်း လက်ဝှေ့သမားတို့ထုံးစံ လက်သီးဆုပ်နှစ်ခုကို ဦးထိပ်ယှက်၍ ဘုရင်မင်းမြတ်သို့အရိုအသေပြုပြီးနောက် မလ္လကကဲ့သို့ပင် နောက်ကျွမ်းပစ်၍ ရပ်လိုက်သည်။ သို့ရာတွင် သူ့ကျွမ်းမှာ မလ္လကကဲ့သို့ တစ်ပတ်တည်း မဟုတ် ကောင်းကင်တွင်သုံးပတ်လည်ပြီးမှ မြေပြင်သို့ကျကာ လှပစွာ ရပ်လိုက်သည်။ ပရိသတ်အသံ ဘဝင်ညံသွား၏။ ဘုရင်ကိုယ်တိုင် ပြုံးတော်မူလိုက်သည်ကို မြင်ကြရ၏။

ကွင်းတစ်ဖက်တစ်ချက်တွင် ကိုယ်ကျပ်အင်္ကျီနှင့် ခါးစည်းပုဆိုးများ ဝတ်ဆင် ထားကြသော ထောင်ထောင်မောင်းမောင်း ဒိုင်လူကြီးနှစ်ဦးတို့ ရပ်နေကြသည်။ ကွင်းလယ် ဒိုင်လူကြီးဟူ၍ မရှိ။

ဝါမနဘက်မှ ဒိုင်လူကြီးက 'မလ္လာတိုင်းမှ လက်ဝှေ့ကျော် မလ္လကနှင့် ဗာရာဏသီနေပြည်တော်က လက်ဝှေ့ကျော် ဝါမနတို့ရဲ့ လက်ဝှေ့ပွဲကြီး စတင်ပါတော့မည်၊ ပွဲမှာ လက်ဝှေ့သတ်ပွဲဖြစ်၍ မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ယှဉ်ပြိုင်ကြပါလိမ့်မည်၊ ကဲ မလ္လက စတင်ပါတော့'ဟု ကြေညာလိုက်ခြင်းဖြင့် လက်ဝှေ့ပွဲကြီး စတင်လိုက်ပြီ ဖြစ်၏။

စတင်ဟန်ကား 'ပွဲ' ဟူသမျှသည် ပရိသတ်အလိုနှင့် စပ်ဆိုင်သည်။ ဆိုလိုသည်မှာ ပရိသတ် နှစ်သိမ့်မှုဖြစ်အောင် စွမ်းဆောင်ချဲ့ထွင် ပြုလုပ်ရမည်။

ရှေးက လက်ဝှေ့ပွဲများတွင် ပြုလုပ်ပုံမှာ လက်ဝှေ့သမားသည် အကယ်ထိုးပွဲမစမီ ပရိသတ်ကို ကိုယ်ဟန်ပြရသည်။ ပြရင်းဖြင့် မိမိတို့ ဂုဏ်ပုဒ်များကို ရွတ်ဆိုထုတ်ပြကြသည်။ လင်္ကာပါဋ်တန်းဖြင့် ရွတ်ဆိုသည်လည်း ရှိ၏။ ရိုးရိုးဝင့်ကြွားသည်လည်း ရှိ၏။ ယင်းသို့ ရွတ်ဆိုရင်းဖြင့် ပြိုင်ဘက်မခံချင်အောင် ခနိုးခနဲ့ ပြောဆိုသည်လည်း ရှိသည်။

ယင်းသို့ဖြင့် မလ္လကက 'မလ္လာနိုင်ငံက ပြိုင်စံမပေါ်တဲ့ နိုင်ငံကျော် မလ္လကတဲ့၊ ဟိတ် ပြိုင်လာသမျှ ပျောက်သွားအောင် ဘုရင်ကိုယ်တိုင် မြှောက်စားတဲ့သူပါ၊ ဇမ္ဗူဒီပါ ဒီလူ့မြေမှာ ရှည်ရှည်ပုပု၊ ဘယ်သူ့ကိုမှ လူမထင်ပါဘူး၊ ပြိုင်လာရင် ဗိုလ်မထား၊ ကျားဆိုမှ ကျား' စသည်ဖြင့် ရွတ်ဆိုကာ ပွဲကို စတင်လိုက်သည်။

ရွတ်ဆိုရင်းဖြင့် စကားတစ်ခွန်း အဆုံး အဆုံးတွင် လက်ထောက်ကျွမ်းများကို တဖျတ်ဖျတ် ထိုး၍ပြသည်။ လက်မောင်း လက်ရုံးတို့ကို ဆန့်တန်းလှုပ်ခါပြသည်။ ဘယ်ဝိုက်ညာဝိုက် လက်သီးများကို ထိုးဟန်ဖြင့် ဝိုက်၍ပြသည်။

ရင်အုပ်သားနှင့် လက်မောင်းသား အဖု အဖုကြီးများကိုလည်း ထုထုပြီး ပြလိုက်သေးသည်။

သို့ရာတွင် လက်ထောက်ကျွမ်းများကိုသာ ပြသည်။ ခုန်ပျံ၍ ထိုးရသော ကောင်းကင်ကျွမ်းကိုကား မပြတော့။ အကြောင်းမှာ သူ့အဖို့ တစ်ပတ်ကျွမ်းမျှသာ ပစ်နိုင်၍ ဝါမနကဲ့သို့ နှစ်ပတ်သုံးပတ်ကျွမ်း ဝေ့ဝဲခုန်ပျံ၍ မပြနိုင်သောကြောင့် ဖြစ်မည်။ ဤတွင်ပင် ခန္ဓာကိုယ်စည်ပိုင်းကြီးနှင့် တယ်လဲ ပေါ့ပါးပါကလားဟု စိတ်ထဲမှ တစ်မှတ်ရှုံးနေခဲ့ပြီ ဖြစ်၏။

ဝါမနအလှည့် ရောက်လာပေပြီ။

'ကျွန်တော်ဟာ လက်ဝှေ့ဝိုင်းက အနားယူနေခဲ့တာ ကြာပါပြီ၊ အခုတော့ တစ်နိုင်ငံသားက ဗိုလ်တောင်းလာလို့ နိုင်ငံတော်အတွက် ထွက်ခဲ့ရပြန်ပါတယ်၊ ဒီပွဲဟာ ကျွန်တော့်ရဲ့ နောက်ဆုံးပွဲပါပဲ၊ မလ္လာသားက နိုင်မယ်ဆိုရင် ဒီပွဲဟာ ကျွန်တော့်ရဲ့ နောက်ဆုံးအသက် ဖြစ်ချင်လဲ ဖြစ်မပေါ့လေ၊ ကဲ မလ္လာသားကြီးရေ့၊ လေနဲ့လုပ်တဲ့ ဂုဏ်ပုဒ်တွေ ထုတ်နေလို့အပိုပါပဲ၊ အလုပ်နဲ့ သက်သေပြကြပါစို့၊ ပရိသတ်က မျှော်ကြလှပါပြီ'ဟု ဆိုကာ ဆွဲဆင်ထားသော ဘယက်ကြီးကို ဖြုတ်၍

ဒိုင်လူကြီးသို့ လှမ်းပေးပြီး ကွင်းလယ်တွင် မတ်တတ်ရပ်လိုက်သည်။ မလ္လကလည်း သူ့ဘယက်ကို ဖြုတ်ပေးပြီး ဝါမန ရပ်ရာ ကွင်းလယ်သို့လာ၍ ယှဉ်ရပ်လိုက်၏။

ဘယက်ကိုဆင်၍ ထွက်ခဲ့ကြသည်မှာ သရုပ်ပြ ဂုဏ်ပြပမာဏအဖြစ်သာ ဖြစ်သည်။ အကယ်၍ ယှဉ်ပြိုင်သောအခါ ခါးစည်းမှအပ မည်သည့်အဆင်အပြင်မျှ မပါရှိစေရပါ။ ပါလျှင်လည်း အနှောင့်အယှက်သာ ဖြစ်နေမည်။

ဒိုင်လူကြီးတစ်ဦး သူတို့ဆီသို့ ဝင်လာကာ မျက်နှာချင်းဆိုင် သူတို့ အလယ်တွင် ရပ်လိုက်၏။ ဒိုင်လူကြီးက အချက်ပေး၍ သူတို့အလယ်မှ ထွက်လိုက်လျှင် ပွဲစတင်ပြီ ဖြစ်၏။ ထိုးချင်သလိုထိုး၊ သတ်ချင်သလိုသတ်ကြပေတော့။ အစွမ်းရှိသမျှ ကြိုက်သလို ထိုးနိုင်သတ်နိုင်သည်။ ဘယ်လိုမလုပ်ရဟု ဘာစည်းကမ်းမျှ မရှိ။ သေသည်အထိ သတ်နိုင်သည်။

ဒိုင်လူကြီးက အချက်ပေးကာ ထွက်ခွာလိုက်သည်နှင့်တစ်ပြိုင်နက် မလ္လက၏ လက်သီးများသည် တူနက်သကဲ့သို့ထွက်ပေါ်လာလိုက်သည်မှာ မိုးသီးမိုးပေါက်ပမာ ဖြစ်၏။ သို့ရာတွင် ဝါမနကို တစ်ချက်မျှ မထိ။ ဝါမနက ရင်ကော့ လက်ခါ ယာယိမ်း ဘယ်ယိမ်း၍ တိမ်းရှောင်သည်။ မလ္လကက ဘယ်စောင်းဝင်၍ ယာခြေဖြင့် ဝါမန ဦးခေါင်းကို ခတ်လိုက်သည်မှာ ထိလိုက်လျှင် ဦးခေါင်းပြုတ်လောက်မည် ထင်ရ၏။ သို့ရာတွင် ဝါမန ခေါင်းငုံ့တိမ်းရှောင်ပြီး မလ္လက၏ ခြေကို ဖမ်းကိုင် မြှောက်လိုက်ရာ ကွင်းလယ်ဆီသို့ မလ္လက ဝဲပျံ၍ကျသွားသည်။ ဤတွင် ဝါမနက သမင်ပျံသလို ခုန်ပျံပြီး မလ္လက၏ ဦးခေါင်းကို သိမ်းခတ်လိုက်ရာ မလ္လက ဦးခေါင်းစောင်းပြီး ဟန်ပျက်သွားသည်။ နောက်တစ်ကြိမ် အရှိန်ဖြင့် ဝါမနဝင်၍ ကိုင်မြှောက်ပစ်လိုက်သောအခါ ကွင်းစပ်နံရံဆီသို့ မလ္လက ကျသွားသည်။

လက်ဝှေ့ကွင်း နံရံလေးဘက်တွင် အုတ်ခုံမြင့်ကလေး ဝိုင်းကာထား၏။ ယင်းအုတ်ခုံသည် ကွင်း၏ နယ်နိမိတ်ဖြစ်၍ အုတ်ခုံအပြင်ဘက်သို့ ကျသွားလျှင် သို့မဟုတ် ထွက်သွားလျှင် ယှဉ်ပြိုင်မှု နယ်နိမိတ်က ထွက်သည်။ ယှဉ်ပြိုင်မှု ရပ်ဆိုင်းသွားသည်။ ထို့ကြောင့် ယှဉ်ပြိုင်မှု အနားယူလိုလျှင် အုတ်ခုံအပြင်သို့ ထွက်နိုင်သည်။ ထွက်ပြီး ပြန်မဝင်လျှင်တော့ အရှုံးပေးပြီး ဖြစ်၏။ ဤသည်ကား လက်ဝှေ့သမားတို့ နားလည်ထားကြသော စည်းကမ်းဖြစ်၏။

ဒုတိယအကြိမ် ဝါမန ကိုင်မြှောက်ပစ်လိုက်သောအခါ အုတ်ခုံနံဘေးသို့ မလ္လက ကျသွား၏။ သို့ရာတွင် မလ္လကသည် ချက်ချင်းပင် ခုန်ထ၍ ကွင်းလယ်သို့ ဝင်သည်။ ထိုအခိုက် ဝါမနက အုတ်ခုံကို ခြေတစ်ဖက်တင်ပြီးလျှင် ခြေတင်သော နေရာကို လက်ညှိုးထိုးကာ 'ဟေ့ မလ္လာသား မလ္လက၊ ဟောဒီနေရာကို မှတ်ထားကွ၊ ဒီနေရာဟာ မင့်သေမင်းနေရာပဲ'ဟု ကြိမ်းမောင်းအော်ဟစ်ကာ မလ္လက ကျဆုံးမည့် နေရာကို သတ်မှတ်လိုက်သောအခါ ပြဘာလက်ခုပ်သံများ သောသောညံသွားသည်။

ဤဖြစ်ရပ်ကြောင့် လူဟန်ကိုကြည့်၍ မလ္လကဘက်မှ လောင်းခဲ့ကြသော အပေါ်ကြေးသမား ဇာရာဏာသီပြည်သားများ မျက်နှာပျက်သွားကြ၏။ အကြောင်းကား မိမိတို့ပြည်သား ဝါမန၏ အကျင့်တစ်ခုမှာ မိမိပြိုင်ဘက်အား သူကျရှုံးမည့်နေရာကို ဤကဲ့သို့ ကြိုတင်သတ်မှတ်ပြီး သတ်မှတ်သည့်အတိုင်းပင် ပြုလုပ်လေ့ရှိသည်ကို သိခဲ့ကြပြီးသောကြောင့် ဖြစ်သည်။

ပွဲစ၍ ယခု နာရီတစ်မောင်းခန့် ကြာသည့်တိုင်အောင် မလ္လက၏ တိုက်ကွက်များ ဝါမနဘက်သို့ တစ်ချက်မျှ မထိရောက်သေးသည်ကိုလည်း တွေ့ကြရ၏။ အရပ်မြင့်၍ အပေါ်စီးဖြင့် ပစ်လွှတ်အပ်သော မလ္လက၏ လက်သီးကြီးများသည် မြွေပွေးပမာ သံတူကြီးများအလားကဲ့သို့လည်းကောင်း၊ သံတိုင်ကြီးများအလား ပစ်ခတ်အပ်သော မလ္လက၏ ခြေသလုံးကြီးများသည်လည်းကောင်း ဝါမနသို့ တစ်ချက်မျှ မထိသေး။ မြွေနှင့်တွေ့သော ဒေါင်းကဲ့သို့ စောင်းတိမ်း၍ ရှောင်နိုင်သည်။ ခုန်ပျံ၍ ထွက်သည်။ တင်သားနှင့် ကိုယ်လုံးဆီသို့ တစ်ချက်တလေ ထိသော်လည်း သံပြားကို ကန်ရသည့်အလားသာ ဖြစ်သည်။

ဝါမန ချွေးတစ်စက်မျှထွက်သည်ကို မတွေ့ရသေး။ မလ္လကမူကား အားယူတိုက်ခိုက်ရခြင်းနှင့် နှစ်ကြိမ်တိုင် ကိုင်ပေါက်ခံလိုက်ရပြီ ဖြစ်ခြင်းကြောင့် ချွေးဒီးဒီး ကျလျက်ရှိသည်မှာ တစ်ကိုယ်လုံး ပြောင်လက်၍ပင် နေပြီဖြစ်၏။ ဝါမန အပြုံး မပျက်သေး။ မလ္လကမူကား ဝက်ဝံနာကြီးကဲ့သို့ ယိမ်းယိုင်လျက် ရှိနေပေပြီ။

ထိုအခိုက် ကွင်းလယ်ရှိ မလ္လကဆီသို့ ဝါမနခုန်ပျံ၍ ဝါးလုံးထိုး ဝင်လာပြန်၏။ မလ္လက ထောက်လက်သီးဖြင့်တားကာ ခြေဖြင့်ကျုံးကန်သော်လည်း ဝါမန အရှိန်က ပြင်းလွန်းလှ၏။ ထို့ကြောင့် လက်သီးနှင့် ခြေထောက်ကို ဖြတ်ကျော်ကာ မလ္လက ဦးခေါင်းကို ဒူးပျံဖြင့် ဝင်၍တိုက်သည်။ မလ္လက လန်ကျသွား၏။ ဤတွင် မလ္လက ခြေကိုဆွဲ၍ လွဲပစ်လိုက်ပြန်သောအခါ ယခင်သတ်မှတ်ထားသော ကွင်းစပ်နေရာသို့ ခွေခနဲ ကျရောက်သွားသည်။

ဤတွင် မလ္လက အရှုံးပေးကာ ပွဲပြီးလိုလျှင် ပြီးနိုင်ပြီဖြစ်သည်။ အကြောင်းမှာ မလ္လကကို လုပ်ချင်သလို လုပ်နိုင်ကြောင်း ထင်ရှားနေပေပြီ။ မလ္လက အရှုံးပေးတော့မည်လားဟု ဝါမန ခေတ္တရပ်ဆိုင်းလိုက်သည်။ သို့ရာတွင် မလ္လက ကုန်းထလာပြီး 'ဟိတ် ဝါမန ဂျပု၊ နင့်ကို ငါ သတ်မယ်' ဟု မာန်သွင်းကာ ဝါမန ဆီသို့ ဒယီးဒယိုင်ဖြင့် ပြေးဝင်လာပြန်သည်။

ဝါမနသည် လက်ဝှေ့သမားဖြစ်၍ အလုပ်သဘောအရ သတ်ပုတ်ရသော်လည်း တစ်ဖက်သားကို သနားစိတ် အမြဲရှိသည်။ ဖြစ်နိုင်သမျှ အနိုင်မျှသာ ကစားခဲ့သူဖြစ်၏။ မဖြစ်နိုင်အောင် ကဲတက်လာသော ပြိုင်ဘက် တစ်ယောက်နှစ်ယောက်ကိုသာ ခါးရိုးကျိုးသည်အထိ ငယ်စဉ်က ပြုမူခဲ့ဖူးသည်။

ယခုသော် မလ္လက အရှုံးမပေးရုံမက မိမိ၏ ပုကွသော အားနည်းချက်ကို အကြိမ်ကြိမ်စော်ကားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် 'ကဲ ဒါလောက်ရှိလှ'ဟု ဆိုကာ

ပြေးဝင်လာသော မလ္လက၏ တစ်ကိုယ်လုံးကို သိုင်းဖက် ကိုင်မြှောက်လိုက်သည်။ ခေါင်းပေါ်တွင်သုံးလေးပတ် လှည့်လိုက်သေးသည်။ ထို့နောက်တွင်မှ ယခင်သတ်မှတ်ထားသော အုတ်ခုံပေါ်သို့ ကိုင်ပေါက်လိုက်သောအခါ ဖြောင်းခနဲ အသံကြားလိုက်ရပြီး မလ္လက ခါးရိုးကျိုးကာ ကွင်းပြင်သို့ ခွေယိုင်ကျသွားသည်။

ပွဲပြီးပြီ ဖြစ်၏။ ပရိသတ် လက်ခုပ်သြဘာသံများ ညံထွက်လာ၏။ ဦးရစ်ခေါင်းပေါင်းများပစ်၍ ဂုဏ်ပြုကြ၏။

ယခုမှ ဝါမန လက်ခမောင်း တဖြောင်းဖြောင်းခတ်၍ ဘုရင်နှင့်တကွ ပရိသတ်သို့ ဦးညွှတ်လိုက်သည်။

နိုင်လိုက်ပါ၏။ နိုင်ငံ့ဂုဏ်ရည်ကို ဆည်လိုက်ပြီ ဖြစ်ပါ၏။ ဘုရင်မင်းမြတ်နှင့်တကွ နိုင်ငံသားတို့ထံမှ ဆုတော်လာဘ်တော်များ တစ်ပွေ့တစ်ပိုက်ကြီး ရလိုက်ပါ၏။ သို့ရာတွင် ဝါမနသည် ထိုနေ့မှစ၍ လက်ဝှေ့ဝိုင်းသို့ မည်သည့်အခါမျှ မဝင်တော့ပေ။ မလ္လကကို မိမိအိမ်သို့ သယ်ဆောင်စေ၍ ရောဂါပျောက်ကင်းသည်အထိ ကုသပေးလိုက်သည်။

ဤသည်ကား ဘုရားဖြစ်တော်မူသည်အထိ အရိပ်ပမာ လိုက်ပါခဲ့သော ခါးနာရောဂါ ဝိပါက်တော် ဖြစ်ပေ၏။ အကြောင်းမူကား ဝါမနဟူသည် နစဉ်တစ်ချိန်က ဘုရားအလောင်းတော်ကြီးပါတည်း။ ။

## ဆေးမြတ်မဟာ

သစ္စာနမေ သမောနတ္ထိ၊ သစ္စာတရားထက် ကြီးမားသော ဆေး ဟူ၍ မရှိ၊ ထို့ထက်ကား သစ္စာလေးပါး တရားတော်တည်း ဟူသော ဆေးသည်ကား မဟာဩသဓ ကြီးမြတ်လှသော ဆေး ပေတည်း။

'အာနန္ဒာ၊ ခမည်းတော်ကြီးသည် ကပိလဝတ် နန်းတော် အိပ်ရာစက်ခန်းတွင် သေရာ ညောင်စောင်း၌ လျောင်းလျက်ရှိပေပြီ၊ ငါတို့ကို တောင့်တလျက် ရှိ၏။ ငါတို့သည် ယခုပင် ကောင်းကင်ခရီးဖြင့် သွားကြကုန်အံ့၊ နန္ဒနှင့် ရာဟုလာတို့ အပါအဝင် အရိယာ ရဟန်းငါးရာ လိုက်ပါနိုင်ရန် နှိုးဆော် စီစဉ်လေလော့'

ရှင်အာနန္ဒာ အသော့ ဖဲ့ခွာသွားသည်။ ဘုရားရှင်သည် ပဥ္စမမြောက် ဝါတော်ကပ်ရာဖြစ်သော ဝေသာလီပြည် မကုဋာရာမ မဟာဝုန်တောကျောင်း၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝက၊ မဟာသာဝက တပည့်ရဟန်းအပေါင်းတို့ စုံညီရာအချိန် ဖြစ်သောကြောင့် ရှင်အာနန္ဒာအဖို့ ထိပ်သီးတပည့်ကြီးငါးရာတို့ကို နှိုးဆော် စုရုံးရသည်မှာ လွယ်ကူသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ပြီးစီး၏။

တစ်ကြောင်းမှာလည်း တပည့် ရဟန်းများအဖို့ ဘုရားရှင် ဒေသစာရီ ကြွချီရန်အတွက် အလိုရှိတော်မူသည်ဆိုလျှင် အချိန်မရွေး အခါခပ်သိမ်း အဆင်သင့် ဖြစ်သည်။ အကြောင်းမူကား အတောင်သာရှိလျှင် ဥစ္စာရှိသောငှက်နှင့် နှိုင်းခိုင်းအပ်သကဲ့သို့ သွားလေရာတွင် ကိုယ်နှင့်မကွာ ယူဆောင်၍ သွားအပ်သော သပိတ်၊ ပရိက္ခရာလျှင် ဥစ္စာရှိသော ရဟန်းများအဖို့ အခါခပ်သိမ်း အသင့်ဖြစ်သည်။

ဘုရားရှင်နှင့် အရှင်နန္ဒတို့၏ ခမည်းတော်၊ ရှင်ရာဟုလာ (ရာဟုလာ သာမဏေ)၏ ဘိုးတော်၊ မိမိတို့၏ ဘကြီးတော်မင်းတရား၏ သေရေးရှင်ရေး

ကိစ္စဖြစ်၍ အရှင်အာနန္ဒာကိုယ်တိုင်လည်း အရေးကြီးနေသည်။ အဆောတလျင် ဆောင်ရွက်သည်။

ဝေသာလီတွင် ဘုရားရှင် သီတင်းသုံးတော်မူချိန်မှာ တပည့်သား သံဃာတို့ စုံညီလှသော အချိန်တစ်ချိန်ဖြစ်၏။ အကြောင်းမှာ ဝေသာလီတွင် တန်ခိုးထွားလှသော လိစ္ဆဝီတို့၏ ဆရာကြီး သစ္စက ပရိဗိုဇ်အား ပညာပိုင်းဆိုင်ရာ တရားနည်းလမ်းများဖြင့် ဝါဒပြိုင်၊ ဂုဏ်ပြိုင်၊ အသိုင်းအဝိုင်းပြိုင် ဝိသေသများပြ၍ ကယ်ချွတ်ရသောအချိန်ဖြစ်ရာ လမင်းကြီးဝန်းကျင်တွင် ကြယ်တာရာများ ဝန်းရံခသကဲ့သို့ ဘုရားရှင်အား တပည့် ရဟန်းအားလုံးတို့ ထောင်သောင်းမက ဝိုင်းရံခနေသောအချိန်ဖြစ်သည်။ ယင်းတို့ထဲမှ အမိန့်တော်အရ ရဟန်းငါးရာကို ရွေးချယ်ရ၏။ အမိန့်တော်အရပင် အရှင်နန္ဒနှင့် ရာဟုလာစသော ဆွေတော် မျိုးတော်တို့ကိုမူ သီးခြား အသိပေးရသည်။ မှန်လှပေ၏။ သက်တော်ကိုးဆယ်ကျော်နင်း တစ်ရာတွင်းသို့ပင် ရောက်ရှိနေပြီဖြစ်သော ခမည်းတော်ကြီး၊ ဇရာဗျာဓိတို့ ဖိစီးနေပြီဖြစ်သော ခမည်းတော်ကြီး၊ နောင်တော်ဘုရား၏ ဒိဗ္ဗ သောတ၊ ဒိဗ္ဗစက္ခု၊ ရွှေဉာဏ်တော်အရ သေရာညောင်စောင်း၌ပင် လျောင်းစက် လျက် ရှိနေပြီဟု သိရှိရသော ခမည်းတော်ကြီး၊ လွန်ခဲ့သော ၁၀ နှစ်ကျော်က သားတော်ကြီး တောထွက်သွားသည့်အချိန်မှစ၍ သူ့ဝန်းကျင်မှ သားဆုံး၊ မြေးဆုံး၊ ဆွေမျိုး အသိုင်းအဝိုင်းများပါ ဆုံးရှုံး၍ တသသ လွမ်းဆွတ်နေရရှာသော ခမည်းတော်ကြီးအဖို့ ယခုကဲ့သို့ သေရာညောင်စောင်း လျောင်းစက်သော အချိန်အခါ၌ သားတော် မြေးတော်များကို တွေ့ချင်ရှာပေမည်။

ယခုတစ်ကြိမ် ကပိလဝတ်သို့ ကြွချီရာ၌ ခမည်းတော်ကြီး၏ နာရေးကိစ္စ ဖြစ်သောကြောင့် ပုထုဇဉ်တို့အမြင်အားဖြင့် မသာယာသောခရီးဟု ဆိုနိုင်သော်လည်း သာကီဝင်တို့ ကြိုဆိုဆက်ဆံရေးအားဖြင့်မူ ယခင်တစ်ကြိမ်ထက် ပြေပြစ်သည်။ ယခင်တစ်ကြိမ်ကမူ သားဘုရားကို မာဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် ရှိခိုးဦးနိမ်သည်ဟု ကြားထားရသော်လည်း ဇာတိမာန်စောင်းထက်လှသော သာကီဝင်တို့အဖို့ ခမည်းတော်ကြီးနှင့်တကွ ဗုဒ္ဓထက် အသက်ကြီးသော သူတို့က မိမိတို့အောက်ငယ်သော ဘုရားရှင်ကို ရှိခိုးကြိုဆိုရန် ခက်ခဲလှသောကြောင့် ကြိုဆိုသည့် နေရာတွင် တင်းမာခဲ့ကြသည်။ ဘုရားရှင်က သာကီဝင်တို့အထင်ကြီးသော ယမက ပြာဋိဟာ ရေအစုံ မီးအစုံ တန်ခိုးဂုဏ်များကိုပြ၍ တရားဟောတော်မူသော အခါမှ ပျပ်ဝပ်ကျိုးနိမ်လာကြသည်။

ယခင်တစ်ကြိမ်က ဘုရားရှင်အပေါ်တွင် လင်သားဟူသော အမြင်ဖြင့် ချစ်မုန်းမာန်ခုကာ ထွက်၍မကြိုသောကြောင့် သူ့ နန်းဆောင်အတွင်းသို့ပင် ဘုရားရှင် ကိုယ်တော်တိုင်ကြွ၍ တရားဟောမှ ဖြေသိမ့်ခဲ့ရသော ယသော်ရောသည်လည်း ယခု တစ်ခေါက်တွင်မူ ရှေ့တန်းမှ နေ၍ အရေးတယူ ကြိုဆိုသည်။

ဘုရားရှင်နှင့် တပည့်ရဟန်း ငါးရာတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာကြရာမှ ကျောင်းတော်ဟောင်းဖြစ်ခဲ့သော နိဂြောဓာရုံသို့ ဆင်းသက်ကြသည်။ နိဂြောဓာရုံသို့ ဘုရားရှင်ရောက်နေပြီဟု သတင်းကြားသည်နှင့်တစ်ပြိုင်နက် သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုကြသည်။ လူနာရှင် ခမည်းတော်ကြီးကိုလည်း သားဘုရားနှင့် သံဃာတော်များ ကျယ်ကျယ်ပြန့်ပြန့် ပြုစုနိုင်ရန် အိပ်ခန်းဆောင်တော်အတွင်းမှ ကျယ်ပြန့်သော နန်းရင်ပြင်သို့ ခမည်းတော်ကြီးအမိန့်အရ ရွှေ့လိုက်ကြသည်။

နန်းတော်သို့ ဘုရားရှင်ရောက်လာသောအခါ နန်းရင်ပြင် သဋ္ဌာလီအပေါ် ထီးဖြူအောက်၌ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခတို့ကြောင့် မိန်းမောလျက်ပင် ရှိနေပြီဖြစ်သော ခမည်းတော်ကြီးကို တွေ့ကြရ၏။ ဘုရားက ခမည်းတော်ကြီး၏ ဦးခေါင်းဘက်မှ မတ်တတ်ရပ်ရင်း သီတင်းသုံး၍ သံဃာတော်များက ဝန်းကျင်မှ ဝိုင်းရံကြသည်။

'ခမည်းတော်ကြီး ချမ်းသာပါ၏လော'

'အဘယ်မှာ ချမ်းသာမည်နည်း သားတော်၊ သက်ရှယ်ကကြီးရင့် မှည့်ကြွေနေသည့်အပေါ်တွင် ဗျာဓိဒုက္ခက ဖိစီးနှိပ်စက်နေလို့ ဦးခေါင်းကစပြီး ခြေဖျားအထိ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေပါတယ်'

အခြေအနေအရ ခမည်းတော်ကြီးသည် အချိန်ပိုင်းအတွင်းမှာပင် နတ်ရွာလားအံ့တော့မည်ကို ဘုရားရှင် သိတော်မူ၏။ သို့ရာတွင် ကျေးဇူးရှင် ဖခင်ဖြစ်၍ နတ်ရွာ လားတော့အံ့သည်မျှနှင့်တော့ မပြီးစီးနိုင်။ သန္တိသုခဖြင့် ဘဝဇာတ်သိမ်း အေးငြိမ်းရာ အရိယာဇာတ်ဖြင့် ကင်းပြတ်အောင် ကျေးဇူးဆပ်ဖို့ အာရုံထားတော်မူသည်။

မိမိမွေးကင်းစအရွယ်ကြောင့် ကျေးဇူးမဆပ်လိုက်ရသော မယ်တော်အား တုသိတာနတ်ရွာတွင် သန္တုဿိတ နတ်သားဖြစ်နေသည်ကို အဘိဓမ္မာတရားတော်ဖြင့် သွားရောက်ကယ်ဖြတ် ကျေးဇူးဆပ်ဖို့လည်း လိုပေသေး၏။ ခမည်းတော်အား ကျေးဇူးဆပ်ရန်မှာကား ယခု အခွင့်ကြုံ၍နေပြီဖြစ်၏။

ခမည်းတော်ကြီးသည် သားဘုရား၏ ဖခင်ပီပီ တရားအာရုံ တရားနားအကင်းပါးလှသူဖြစ်၏။ အရိယာတို့ထုံးတမ်း ဆွမ်းခံ တရားဟောရုံမျှဖြင့် သောတာပန်တည်ခဲ့ပြီ ဖြစ်သည်။ သားတော် ရာဟုလာကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ရာ၌ တစ်ဖက်တွင် မြေးဟူသော သံယောဇဉ်ကြီး ရှိနေပါလျက် ရဟန်းတရားကို ဟောလိုက်သောအခါ သကဒါဂါမ် အဆင့်သို့ မြင့်တက်ခဲ့ပြီး ဖြစ်၏။

ယခုလည်း တရားဟောလိုက်လျှင် အလွယ်နှင့်ပင် ကျွတ်တမ်းဝင်သွားဖို့ မြင်တော်မူ၏။ သို့ရာတွင် ဇရာ ဗျာဓိ ဒုက္ခတို့ကြောင့် ဤအတိုင်းဟောရလျှင် တရားကို ဖြောင့်ဖြောင့် နာယူနိုင်ဖို့မရှိ။ ဇရာကို မကယ်တင်နိုင်သော်လည်း ဗျာဓိဒုက္ခကိုကား သစ္စာဆေးတော်ဖြင့် ကယ်တင်နိုင်ဖို့ရှိသည်။ ထို့ကြောင့် ဘုရားရှင်က

'ရဟန်းတို့၊ ငါတို့သည် ခမည်းတော်ကြီး၏ ကိုက်ခဲနာကျင်နေမှု ဗျာဓိဒုက္ခကို ငါတို့ သစ္စာဆိုခြင်းဖြင့် ကင်းပျောက်အောင် ကုစားကြကုန်အံ့'ဟု မိန့်တော်မူလိုက်သည်။

'ရဟန်းတို့'ဟု မိန့်ခေါ်မြဲအာလုပ်အတိုင်း ခေါ်လိုက်သော်လည်း ရည်ရွယ်ချက်မှာမူ နန္ဒ၊ ရာဟုလာနှင့် အာနန္ဒာတို့သို့ ဖြစ်သည်။ အကြောင်းမူကား နန္ဒသည် မြောက်သားတော် ဂေါတမီမှ မွေးဖွားအပ်သော မိမိကဲ့သို့ပင် သားရင်းဖြစ်သည်။ ရာဟုလာမှာ မြေးချစ်ဖြစ်သည်။ အာနန္ဒာမှာ တူရင်းဖြစ်သည်။ သူတို့သည် အနီးကပ်ဆုံး သွေးရင်းသားရင်းများ ဖြစ်၍ ခမည်းတော်အား ပြုစုချင်ရှာကြပေလိမ့်မည်။

ဘုရင်ဖြစ်၍ အကောင်းဆုံးသော သမားတော်၊ အထက်ဆုံးသော ဆေးဝါးတို့ဖြင့် အနီးတွင်ပင် မပြတ်ကုသနေဆဲ ဖြစ်သည်။ သို့နှင့်လည်း ရောဂါတို့ဖြင့် တစ်ကိုယ်လုံး ဖိစီးခံနေရပါသည်ဟု ခမည်းတော်ကြီးမိန့်၏။ ရဟန်းမှာ ပြကတိ ဆေးမရှိ၊ ဘုရား ရဟန္တာတို့အတွက် အရှိဆုံးကား သီလလျှင် အခြေခံအပ်သော သစ္စာတရားမျှ သာတည်း။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင်က ခမည်းတော်ကြီး၏ ဦးခေါင်းကို ကိုင်၍ သစ္စာဆိုလိုက်သည်။

'ငါသည် ငါ၏ တစ်ကိုယ်ကောင်းအတွက်ကိုသာဖြင့် သုမေဓာအဖြစ်မှ စ၍ ဘဝဒုက္ခတို့မှ လွတ်မြောက်နိုင်ခဲ့ပါသည်။ ဆင်းရဲများစွာ သတ္တဝါဗိုလ်လူ ဟိန္ဒဂူတို့ကို ကယ်ယူထုတ်ဆောင်လိုသောကြောင့်သာ ပါရမီအဖြာဖြာ စရိယာသုံးပါး စွန့်ခြင်းကြီးငါးပါး တရားအဆင့်ဆင့်တို့ကို ဆင်းရဲခံ၍ ဖြည့်ကျင့်ခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ခမည်းတော်ကြီး၏ ဦးခေါင်းတွင် ဖြစ်ပေါ်လျက်ရှိသော အနာရောဂါတို့ ကင်းကွာကြပါစေသတည်း။'

ချက်ချင်းပင် ခမည်းတော်ကြီး၏ မျက်နှာ ကြည်လင်၍ လာ၏။ မျက်လုံးတို့ တောက်ပ၍ လာ၏။ ဦးခေါင်းအနာတို့ ကင်းစင်ကြပြီတည်း။ အဘယ်ကြောင့် မကင်းစင်ရမည်နည်း။ ဝဋ္ဋသုတ်တော်အရ အလောင်းတော် ငုံးကလေးဘဝကပင် သီလလျှင် အခြေခံအပ်သော သစ္စာစကားကြောင့် တောမီးကြီး ကွင်းရှောင်ခဲ့ရသည်။ ဘုရားစင်စစ် ဖြစ်ကြီးဖြစ်မှဆိုသော် အဘယ်ဆိုဖွယ် ရှိပါအံ့တော့နည်း။

စင်စစ်အားဖြင့် သစ္စာဟူသည် လောက၏ဆေးတော်ကြီးဖြစ်၏။ အတွင်းတစ်မျိုး အပြင်တစ်မျိုး ရှေ့တစ်မျိုး နောက်တစ်ဖုံ အမှန်တရားတို့ ကင်းမဲ့ ကြလွန်း၍သာ ဤလောကသည် ပျက်ပြား၍ နေရပေ၏။ အမှန်တရားတို့ ထွန်းကားကြသော အချိန်၌ကား ပြည့်တန်ဆာမ၏ သစ္စာစကားမျှဖြင့် ကြီးစွာသော ရေအလျဉ်သည်ပင် ရပ်တန့်ခဲ့ရသည် မဟုတ်ပါလော။

ဘုရားရှင်၏သစ္စာကြောင့် ခမည်းတော်ကြီး၏ ဦးခေါင်းနာတို့ ကင်းကွာသွားပြီ ဖြစ်၏။ အကယ်ဆိုသော် တစ်ကိုယ်လုံးကိုပင် ကင်းပျောက်စေနိုင်သည်။ သို့သော် မိမိအလား သစ္စာထားလိုကြသည့် တူ သား မြေးများ ရှိကြပေသေး၏။ ထို့ကြောင့် ခမည်းတော်ကြီး၏ လက်ယာနံပါးတွင်ရှိနေသော သားတော်အရှင်နန္ဒကလည်း သစ္စာဆိုသည်။

'ငါသည် ရဟန်းဘဝသို့ရောက်ခဲ့ပါလျက်နှင့် ကာမတဏှာဝယ် မျက်စိလည်၍ နေခဲ့မိသူဖြစ်ပါ၏၊ နောင်တော်ဘုရား၏ တရားတော်ကြောင့်သာ လွတ်မြောက်ရာသို့ ရောက်ခဲ့သူဖြစ်ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် ခမည်းတော်၏ လက်ယာ နံပါးရှိ ရောဂါအန္တရာယ်တို့ ကင်းပျောက်ပါစေသတည်း'

အရှင်အာနန္ဒာလည်း သစ္စာဆိုပြန်လေ၏။

'ငါသည် ဥပဇ္ဇက အလုပ်အကျွေး ရဟန်းဖြစ်လာသည့် အချိန်မှစ၍ နောင်တော်ဘုရား၏ ထံပါးဝယ် တစ်ဖဝါးမကွာဆိုသလို အစဉ်သတိပြု၍ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုခဲ့သူဖြစ်ပါ၏၊ ဤမှန်သောသစ္စာစကားကြောင့် ခမည်းတော်၏ လက်ဝဲနံပါးမှ ရောဂါမှန်သမျှတို့ ကင်းပျောက်ပါစေသတည်း'

ရှင်ရာဟုလာလည်း သစ္စာဆိုပြန်လေ၏။

'ငါသည် ခမည်းတော်အရှင် ဝေဿန္တရာဖြစ်စဉ်က ငါ့အား ဇူဇကာပုဏ္ဏား လက်သို့ ဝကွက်၍ ပေးလှူခြင်း ခံခဲ့ရပါသည်၊ ထိုစဉ်အခါက ငါသည် ဇူဇကာ၏ အနှိပ်စက်ကို ခံခဲ့ရသော်လည်း ခမည်းတော်၏ ပါရမီကို ကူညီရန်အတွက် တစ်စက်ကလေးမျှ စိတ်မကွက်ခဲ့ပါ၊ ဤမှန်သောသစ္စာစကားကြောင့် ဘိုးတော် ဘုရား၏ ခန္ဓာကိုယ်အောက်ပိုင်းမှ ဆိုက်ရောက်နေသမျှ ရောဂါအန္တရာယ်တို့ ကင်းကွာကြပါစေကုန်သတည်း'

သား ညီ နောင် မြေး တူတို့၏ ယင်းသို့ သစ္စာမှုအပ်သော စကားများကြောင့် ခမည်းတော်ကြီးအဖို့ ခန္ဓာကိုယ်သဘာဝ ဇရာဒုက္ခမှတစ်ပါး နာကျင်ကိုက်ခဲအပ်သော ရောဂါမှန်သမျှတို့ ကင်းစင်၍ သွားကြပြီ ဖြစ်၏။ ဘုရားရှင်ဟောကြားတော့မည့် တရားတော်ကို ဖြောင့်တန်းစွာ နာယူနိုင်တော့မည် ဖြစ်၏။

ဘုရားရှင်က မိမိမျက်နှာတော်ကို ဖူးမြော်ကြည့်ရှု၍ နောက်ဆုံးသော ဘဝ တွေ့ဆုံခြင်းအဖြစ် နှုတ်ဆက်နိုင်ရန် ခမည်းတော်ကြီး၏ ခေါင်းရင်းပိုင်းမှ မျက်နှာတူရူရှိရာ နံပါးသို့ ရွှေ့ပြောင်း သီတင်းသုံးသည်။ ခမည်းတော်ကြီးက လျောင်းလျက်နှင့်ပင် လက်အုပ်ချီကာ ကြည်လင်ပြုံးရွှင်သောမျက်နှာဖြင့် သားတော်၏ မျက်နှာကို စူးစူးကြည့်သည်။

သားဘုရားအား ယင်းသို့ကြည့်ခြင်းမျိုးမှာ ဒုတိယအကြိမ် ဖြစ်၏။ ပထမအကြိမ်မှာ မိမိသည် ဖခင်တို့ရှိမြဲ သံယောဇဉ်ဖြင့် သားကြီးတောထွက်သွားမည်ကို စိုးရိမ်လှသောကြောင့် အကောင်းမှန်သမျှ နည်းမျိုးစုံတို့ဖြင့် သားတော်ကို ဖြေသိမ့်၍ ထားခဲ့သော်လည်း တောထွက်ကာ ခုနစ်နှစ်တိုင်တိုင် ကွဲကွာနေခဲ့ရာမှ ကပိလဝတ်သို့ ကြွရောက်လာသောအခါ သားကြီးမျက်နှာကို ယင်းသို့ စူးစူးရဲရဲ အကြည့်မျိုးဖြင့် ကြည့်ရှု ကြိုဆိုခဲ့ဖူးသည်။

ဘုရားရှင်က သစ္စာလေးပါးတရားတော်မြတ်ဖြင့် အချောသပ် ဟောကြား လိုက်သောအခါ တရားအခြေခံရှိပြီးသော ခမည်းတော်ကြီးအဖို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ မျက်နှာတော်အထူးကြည်လင် ငြိမ်သက်၍လာသည်။

'သားတော်၊ သားတော်၏ တရားကျေးဇူးကား ကြီးမားလှပါပေ၏၊ သား ဘုရားရှင်၏ ကျေးဇူးကြောင့် သားဘုရားရှင်၏ခြေတို့ကိုကိုင်၍ ရှိခိုးလိုသော်လည်း အိပ်ရာညောင်စောင်းမှ မထနိုင်တော့သည့် ဇရာကြောင့် ခွင့်ပြုတော်မူပါ၊ အိပ်ရာထက် မှပင် ရှိခိုးနှုတ်ဆက်ခဲ့ပါသည် သားတော်'

'မြင်မြင်သမျှ သင်္ခါရတရားမှန်သမျှသည် မခိုင်မမြဲ ခွဲခွာ ကွဲကွာရသော သဘောရှိပေ၏၊ အသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော တရားမြတ်မှတစ်ပါး ငြိမ်းအေး သော သဘောမရှိ၊ ယခုသော် ခမည်းတော်အဖို့ ငြိမ်းအေးရာ နိဗ္ဗာန်သို့ လဲလျောင်းခွင့် ကြုံပါပြီ၊ ငြိမ်းအေးစွာ ပုန်းအောင်း လဲလျောင်းပါတော့ ခမည်းတော်'

'သာဓု သာဓု သာဓု'ဟူသော ကောင်းချီးအဆုံးတွင် ခမည်းတော်ကြီးသည် မျက်လုံးများမှေးမှိတ်၍ ငြိမ်သက်သွားသည်။ ဝန်းကျင်ရှိ သံဃာတော်တို့ထံမှ 'သဗ္ဗေ သင်္ခါရာ အနိစ္စာ' စသော သံပြိုင်တရားတော်များ ဖုံးအုပ်ထွက်ပေါ်လာသည်။ သက်န်းပင် မဝတ်လိုက်ရသော်လည်း ခမည်းတော်ဘုရင် အရှင်သုဒ္ဓေါဒနသည် ဘုရားရှင်နှင့် သံဃာတော်တို့ ဝိုင်းရံအပ်သော ထီးဖြူအောက်၌ပင် နိဗ္ဗာန်သို့ ကူးသည်။

ခမည်းတော်၏ ကျန်ရှိသော ရုပ်ကလာပ် ဈာပနကို ပြာချရန် ကျန်ပေသေး၏။ ဤကိစ္စအတွက် ရှင်မဟာကဿပသို့ ဘုရားရှင်က တာဝန်ပေးသည်။ ရှင်မဟာ ကဿပက နိဂြောဓာရုံ၏ သင့်လျော်သောတစ်နေရာတွင် နံ့သာထင်းတို့ကို စုပုံစေသည်။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ဦးဆောင်ကာ ခမည်းတော်ကြီး၏ ရုပ်ကလာပ်ကို သံဃာတော်တို့၏ အသိုင်းအဝိုင်းဖြင့် နိဂြောဓာရုံသို့ ပို့သည်။ ထင်းပုံသို့ရောက်သော် ဘုရားရှင် ကိုယ်တော်တိုင် ခမည်းတော်ကြီး၏ ရုပ်ကလာပ် ကို သံဃာတော်တို့၏ အကူအညီဖြင့် ထင်းပုံထက်သို့ ပို့ဆောင်သည်။ ဤနည်းဖြင့် ခမည်းတော်ကြီးသည် သံသရာဘဝ ဓာတ်သိမ်းကာ အေးငြိမ်း၏။

ဤလောက၌ ရောဂါမျိုးစုံကို ပျောက်ကင်းစေနိုင်သော လောကီဝိဇ္ဇာ ဆရာ ဆရာကြီးတို့၏ ဆေးမျိုးစုံတို့ ရှိကြပါ၏။ သို့ရာတွင် သစ္စာနမေ သမောနတ္ထိ၊ သစ္စာတရားထက် ကြီးမားသော ဆေးဟူ၍ မရှိ။ ထို့ထက်ကား သစ္စာလေးပါး တရားတော်တည်းဟူသော ဆေးသည်ကား မဟာသြသဓ ကြီးမြတ် လှသော ဆေးပေတည်း။ ။

## ရွှေအိုးကြီး ခုနစ်လုံး

ဘုရားရှင်အပေါ်၌ ကောသလမင်း၏ သဘောထားမှာ ဆရာဘုရားမို့ သဒ္ဓါတရား သက်သက်မျှသာမက တူသုံးတူ ဟူသော အကြောင်းကြောင့် ညီနောင်ရင်းပမာ မေတ္တာ ပေမပါ ပိုသည်။ ကျောင်းဒကာကြီး အနာထပိဏ်၏ ပင့်လျှောက်ချက်အရ သာဝတ္ထိသို့ ဘုရားရှင်ကြွတော်မူလာစဉ် အဦးအစက ကောသလဘုရင်က ဘုရားရှင်အပေါ်သို့ သာမညအနေဖြင့်သာရှိခဲ့သော်လည်း ဆရာဒကာအဖြစ် ရင်းနှီးစွာ ဆက်ဆံ ကိုးကွယ်လာမိသောအခါတွင်မူ မိမိနှင့် ဘုရားရှင်တို့သည် တူသုံးတူ ရှိကြောင်း ဝမ်းမြောက်စွာ သိရှိလာသည်။

(၁) အသက်အရွယ်ချင်းတူ၏။ ဘုရားရှင်သည် မဟာသက္ကရာဇ် ၆၈ ခုနစ်ဖွား ဖြစ်၍ မိမိသည်လည်း ၆၈ ခုနစ်ဖွားပင် ဖြစ်သည်။ (၂) ဘုရားရှင်သည် အသမ္ဘိန္နခတ္တိယ မျိုးနွယ်ဖွားဖြစ်၍ မိမိသည်လည်း အသမ္ဘိန္နခတ္တိယ မျိုးနွယ်ဖွား ဖြစ်သည်။ (၃) ဘုရားရှင်သည် မိမိနှင့် တိုင်းတူပြည်တူ တစ်မြေတည်းနေ တစ်ရေ တည်းသောက် ရေတူမြေတူ မွေးဖွားလာသူများ ဖြစ်ကြသည်။

ဘုန်းကြီးသော ကောသလဘုရင်အဆက်ဆက်ကြောင့် ကောသလတိုင်းဟု အသုံးများ အသိများသော်လည်း မူရင်းအမည်မှာ သက္ကတိုင်း ဖြစ်၏။ ဘုရားရှင် ဖွားတော်မူရာ ကပိလဝတ်နိုင်ငံတော်သည် သက္ကတိုင်း၏ ပြည်နယ်တစ်ခု ဖြစ်၏။

တိုင်းတူ နယ်တူ ဇာတိတူသူများသည် သဘာဝအားဖြင့် မေတ္တာထားတတ်ကြမြဲ ဖြစ်၏။ အလားတူပင် မျိုးရိုး၊ အလုပ်အကိုင်၊ အဆင့်အတန်းချင်းတူလျှင် မေတ္တာရေးရှုမြဲ ဖြစ်၍ အသက်အရွယ်ချင်း တူလျှင် အာရုံပိုမြဲ ဖြစ်၏။ ဤနည်းဖြင့် ကောသလ ဘုရင်က ဘုရားရှင်သို့ သီလ၊ သိက္ခာ၊ ပညာတို့ကြောင့် သဒ္ဓါပိုရုံမက ပေမ မေတ္တာပါ ပိုလာသည်။

ကောသလဘုရင်က ဘုရားရှင်အပေါ်သို့ မေတ္တာပို့ပုံကို ပိဋကတော်က သာဓကပြပုံမှာ ဘုရားရှင်တရားဟောလျှင် ပင်ပန်းတော်မူအံ့ဟု ကောသလဘုရင်က တစ်တောင့်တစ်နားမှ စိုးရိမ်နေတတ်သည်။ ဘုရားရှင်နှင့် ဤမျှ ဆက်ဆံဖူးတွေ့နေရပါလျက် သူ ကိုယ်တိုင်ကမူကား ဘုရားရှင် ပင်ပန်းတော်မူအံ့တကားဟု တရားဟောရန် မတောင်းပန်ဖူးသော ဟူ၏။ ထို့ကြောင့်လည်း ဘုရားရှင် တရားတော်ကြောင့် မရေမတွက်နိုင်သော သတ္တဝါတို့ အကျွတ်တရားရကြပါလျက် သူ့မှာမူ ကျွတ်လွတ်မှု ထွက်ရပ်လမ်းနှင့် ဝေးခဲ့ရဟန်တူသည်။

ပိဋကတော်က အဆုံးစွန်တူဖြစ်သောကြောင့် ထည့်၍ မရေတွက်သော်လည်း ဘုရားရှင်နှင့် ကောသလဘုရင်တို့ တူသောတူတစ်တူရှိပေသေး၏။ ယင်းသည်ကား ဘုရားရှင်သည် သက်တော် ရှစ်ဆယ်တွင် ပရိနိဗ္ဗာန်စံလွန်တော်မူ၍ ကောသလဘုရင်သည်လည်း အသက်ရှစ်ဆယ်တွင်ပင် ကွယ်လွန်ခြင်း ဖြစ်ပေသည်။ ဘုရင်မို့ 'နတ်ရွာလားသည်'ဟု သုံးရန် ဖြစ်သော်လည်း အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာ မထေရ်ကြီးနှစ်ပါးကို မထိမဲ့မြင်ပြုခဲ့မိခြင်းဖြင့် တစ်တိုင်း တစ်နိုင်ငံတွင် အခြေမလှမပ ကွယ်လွန်ခြင်းကြောင့် နတ်ရွာလားမှု မလားမှုမှာ မသေချာပေ။

ဖခင် မဟာကောသလ ဘုရင်ကြီးက ကြီးစွာသော အမြော်အမြင်ဖြင့် သားတော် ကောသလ မင်းသားအား ၁၆ နှစ်အရွယ်ကပင် နိုင်ငံတော်ကို လွှဲအပ်ပေးခဲ့ရာ အသက် ရှစ်ဆယ်အထိ အုပ်ချုပ်ခဲ့ရသောကြောင့် နန်းသက်ရှည်သည်။ နန်းသက်ရှည်သလောက် ဘုန်းကြီးသည်။ သူ့လက်ထက်၌ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်၍ သာဝတ္ထိသို့ ရောက်ရှိတော်မူလာခဲ့ရာ ဝန်းကျင်ပြိုင်ဘက်နိုင်ငံတို့သို့ ဘုရားရှင်၏ တရားတော်နှင့် မဟာကရုဏာတော်တည်းဟူသော ထီးရိပ်ကြီး ဖြန့်ကျက်လွှမ်းမိုးအပ်သောကြောင့် ဘုန်းကြီးသလောက် နိုင်ငံတော်သာယာသည်။ နိုင်ငံတော်သာယာသလောက် စင်္ကီ၊ ဗြဟ္မာယု၊ ဇာဏုဿောဏိ၊ ပသာဗလ၊ အနာထပိဏ်စသော အတိုင်ပင်ခံ ပညာရှိအမတ်ကြီးများ၊ သူဌေးများ၊ မင်းညီမင်းသားများ၊ မိဖုရားနှင့် မောင်းမ မိဿံ အခြွေအရံတို့ ပေါများ၍ နေ့စဉ် ညီလာခံမှာ အုံမခန်း ကြီးမား စည်ကားသည်။

ဗုဒ္ဓစာပန်းချီတွင် 'ရဲဘော်သုံးကျိပ်'ဟု အမည်ပေးခဲ့သည့် အကြောင်းအားလျော်စွာ ကောသလဘုရင်ထက် အလျင်စောစွာပင် ဘုရားရှင်နှင့် ဖူးတွေ့၍ ကျွတ်တမ်းဝင်ခဲ့သော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ခေါ် သားတော် ညီတော်ချည်းပင် ကျွတ်တမ်းမဝင်မီက အခြံအရံ သုံးဆယ်ရှိခဲ့သည်။ မဟာဗန္ဓုလနှင့် သူ့သားများ အခြံအရံကလည်း ညီလာခံ၏ ထက်ဝက်မျှရှိခဲ့၏။ နာမည်ကျော် မလ္လိကာတို့၊ ဝါသဘခတ္တိယာတို့ အပါအဝင် တရားဝင် မိဖုရားချည်း ငါးရာရှိ၍ မောင်းမ

အခြွေအရံတွေက တစ်ပြုံတစ်မကြီး ရှိသေးသည်။ ထို့ကြောင့် နေ့စဉ် သူ့ညီလာခံမှာ ရတနာအဝတ် အဆင်တို့ တဝိုးဝိုး တဝင်းဝင်းဖြင့် စည်ကားကျယ်ပြန့်လှသည်။

ဘုရားရှင်က လိစ္ဆဝီမင်းတို့၏ အညီအညွတ် နေ့စဉ် စည်းဝေးမှုကို နိုင်ငံတော်ကြီးပွားမှုဟူ၍ ဟောကြား ချီးမွမ်းတော်မူသည်ကို ကြားသိထားရသည့် အပေါ်တွင် ဘုရင်ကောသလ ကိုယ်တိုင်ကလည်း လိုလားသောကြောင့် ညီလာခံကို နေ့စဉ်မပြတ် ပြုလုပ်သည်။ ညီလာခံသို့ သက်ဆိုင်သူမှန်သမျှ မပျက်မကွက် တက်ကြအောင်လည်း နှိုးဆော်ထား၏။

အကြောင်းမူကား ကောသလ ဘုရင်အဖို့ တစ်ကြောင်းမဟုတ် တစ်ကြောင်း၊ တစ်ခုမဟုတ် တစ်ခု ဆိုသလို ပညာရှိအမတ်တို့ကို ဆွေးနွေးမေးမြန်းဖွယ်ရာ ပြောစရာ ဆိုစရာ တိုင်ပင်ဖွယ်ရာ ကိစ္စက အမြဲလိုလို ရှိနေတတ်သောကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် သာသနာ့သမိုင်း၌ ယနေ့တိုင်နာမည်ကျော် ဒု–သ–န သော လို အိပ်မက်မျိုး၊ ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက် ဟု ယနေ့တိုင် ကျော်ကြားလျက်ရှိသော ထူးထူးဆန်းဆန်း အိပ်မက်မျိုး စသည်တို့မှာ ညီလာခံတွင် သူ့ပညာရှိအမတ်များကို တိုင်ပင်မေးမြန်းဖွယ်ရာများဖြစ်ခဲ့၏။ ပညာရှိအမတ်များ မဖြေနိုင်၍ ဘုရားရှင်သို့အထိ လျှောက်ထားမေးမြန်းမှ အဖြေပေါ်ကာ ပြဿနာ ပြီးဆုံးသည်။

တစ်ကြောင်းမှာလည်း ကောလတို့လို ဘုန်းကြီး၍ နိုင်ငံတော်သာယာသော ဘုရင်များ၏ ညီလာခံဆိုသည်မှာ တိုင်းရေးပြည်မှု ထူးထူးထွေထွေမရှိသောကြောင့် ပညာရှိ အမတ်တို့နှင့် ဉာဏ်စေစားရာ၊ စာပေ၊ ကဗျာစသော အနုပညာတို့ ထွန်းကားရာ၊ ပြဿနာအမေးအဖြေတို့ ပြုလုပ်ရာ၊ ဘာသာ သာသနာနှင့် ပညာပိုင်း ဆိုင်ရာတို့ ဆွေးနွေးရာ၊ မွေ့လျော် ပျော်ရွှင်ဖွယ်ရာ ညီလာခံများဖြစ်ကြသည့်အတိုင်း ကောသလဘုရင်၏ ညီလာခံမှာလည်း ဤအတိုင်းပင် ဖြစ်ခဲ့သည်။

ဤမျှ ညီလာခံဖြင့်လည်း တင်းမတိမ် အားမရသေး၍ နေ့ ည အချိန်မရွေး သူ့ပညာရှိများကို ဖိတ်ခေါ်ကာ တိုင်ပင်ဆွေးနွေးသည်များလည်း ရှိပေသေး၏။ နန်းတော်နှင့်ပင် အားမရ၍ ဘုရားရှင်အထံတော်သို့ သွားရောက်ကာ စကားမရှိ စကားရှာ လျှောက်ထားမေးမြန်းတတ်သည်ကလည်း ရှိသေး၏။

ထို့ကြောင့်လည်း သာသနာတော်သမိုင်း၌ သူ့အပိုင်း သူ့ကဏ္ဍသည် ထင်ရှား၍ ကောသလနှင့် ယှဉ်သော တရားများ 'ကောသလသံယုတ်'ဟု ပိဋကတော်တွင် တစ်ခန်းတစ်ကဏ္ဍ ပေါ်ထွက်လာခဲ့ရခြင်း ဖြစ်ပေသည်။

'ဒု–သ–န–သော'တို့လို 'ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက်'တို့လို အိပ်မက်အထူးအဆန်းမျိုးကိုလည်း အင်မတန် မက်တတ်သော ဘုရင်ဖြစ်၏။ ညကလည်း အိပ်မက်ဆန်းတစ်ခုကို မက်ပြန်ပေပြီ။ ယင်းအိပ်မက်ကို တိုင်ပင်မေးမြန်းရန်

ညီလာခံအချိန်အထိ မစောင့်နိုင်သောကြောင့် နံနက်စောစောပင်လျှင် အခစားဝင်ရန် အမတ်ကြီး ပညာဗလကို အမိန့်တော်ဖြင့် အခေါ်ခိုင်းလိုက်သည်။

ပညာဗလအမတ်မှာ ဘုရင်ကောသလ၏ လက်ရင်းအမတ် နာမည်ကျော် ပညာရှိကြီးများဖြစ်သော ဗြဟ္မာယု၊ ဇာဏုသောဏီတို့လို ယခင်က မထင်ရှား၊ နောက်ပါးကသာ ခစားခဲ့ရသူဖြစ်ရာက ယခုသော် အနီးကပ်ခစားရသူလက်ရင်းအမတ် ဖြစ်လာခဲ့၏။ အကြောင်းမှာ ယခင်က အစဉ်အလာအားဖြင့်သာ သက်ဆိုင်ရာ ဘာသာရေးဆရာများကို ကိုးကွယ်သမှုပြုလာခဲ့သော ကောသလဘုရင်သည် ယခု အခါတွင်မှ ဂေါတမ ဘုရားရှင်ကိုသာ ကိုး ကွယ်လာတော့ရာက ပညာဗလအမတ်မှာ အမြင်တူ၊ အယူအဆတူ၊ ကိုးကွယ်မှုတူသော ဘုရားရှင်၏ ဒါယကာတစ်ယောက် ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

ဘုရားရှင်ကို ဘုရင် ကိုးကွယ်ပြီဆိုသောအခါ ဘုရင်ကို မဆန့်ကျင်ဝံ့သော ကြောင့် မိမိတို့ကပါ အလိုတူသယောင်ယောင် အမူအရာပြကြရ၏။ အချို့ကမူ ကိုးကွယ်မှုကိုလည်း မပြု၊ ဆန့်လည်း မဆန့်ကျင်၊ ခပ်မဆိတ်သာ နေကြ၏။ စင်စစ်သော် ဘုရင့်နန်းတော် အသိုက်အဝန်းတွင် ဘုရားရှင်ဘက်သို့ ရောက်မလာ သေးသော ဆန့်ကျင်ဘက် ဘာသာဝင်တို့ အမြောက်အမြား ရှိနေပေသေး၏။ အထူးသဖြင့် ကောသလဘုရင် အရေးပေးခဲ့သော ဗြဟ္မာယု စသည့် ပညာရှိအမတ်ကြီး များသည် ဘုရင်နှင့် အလိုတူသောအဖြစ်သို့ ရောက်မလာကြသေး။ နောက်ပိုင်းကျမှသာ ဘုရားရှင်၏ တရားတော်ကိုနာယူရ၍ ဘာသာ သာသနာတော်ဘက်သို့ ရောက်လာ ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ကောသလဘုရင်သည် မိမိနှင့် ကိုးကွယ်မှုတူ၊ အယူအဆ အလိုတူသော ပညာဗလအမတ်ကို ယခုအခါ၌ ရှေ့တန်းတင် အရေးပေးလိုက်ရာ ပညာဗလသည် ဘုရင့်လက်ရင်း အတိုင်ပင်ခံအမတ် ဖြစ်လာ၏။ ထို့ကြောင့် ညက မက်ခဲ့သော သူ့အိပ်မက်ဆန်းကို မေးမြန်းဆွေးနွေးရန် ညီလာခံအထိ မစောင့်နိုင်တော့ဘဲ မင်းချင်းတစ်ယောက်ကို စေလွှတ်ကာ အလျင်အမြန် အခစားဝင်ရန် ဆင့်ခေါ်လိုက်ခြင်း ဖြစ်၏။

အမိန့်တော်အရ မင်းချင်းသည် ပညာဗလအိမ်သို့ နံနက်စောစော ရောက်သွားသောအခါ ပညာဗလအိမ်တွင် ဘုရားရှင်နှင့် သံဃာတော်များအား စည်စည်ကားကား ဆွမ်းလုပ်ကျွေးနေသည်ကို တွေ့ရ၏။ စည်စည်ကားကားဆိုသော်လည်း ဆူဆူညံညံ မဟုတ်ပေ။ အကြောင်းမူကား မင်းချင်းအဖို့ နန်းတော်တွင်ဖြစ်စေ၊ အခြားနေရာတွင် ဖြစ်စေ ဘုရားရှင်နှင့် သံဃာတော်များကို ဖူးတွေ့တိုင်း အမြဲတမ်း ဆိတ်ဆိတ်ငြိမ်ငြိမ်

သေသေဝပ်ဝပ်ကိုသာ တွေ့မြင်ခဲ့ရ၏။ ယခုလည်း ဘုရားရှင်နှင့် သံဃာတော်များသည် ဆိတ်ဆိတ်ငြိမ်ငြိမ် ဆွမ်းဘုဉ်းပေးကြ၍ ဒူးတုပ်ကြည်ညိုနေကြသော ပညာဗလနှင့် ပရိသတ်ကို တွေ့ရ၏။ သို့သော် အမိန့်တော်နှင့် လာရသူဖြစ်သောကြောင့် ရှေ့ပိုင်းတွင် ဘုရားကြည်ညိုလျက်ရှိသော ပညာဗလ အမတ်ကြီးထံသို့ရိုကျိုးငြိမ်ဆိမ် စွာပင် ချဉ်းကပ်သွားပြီး ဘုရှင်က ယခုချက်ချင်း အခစားဝင်ရန် အမိန့်တော်နှင့် စေလွှတ်လိုက်ပါကြောင်း ပြောကြားသည်။

ယင်းအမိန့်တော်ကြောင့် ဓာတ်သိကျွမ်းကျင် ဘုရင်မို့ ဘုရင်သည် ညက မေးမြန်းဖွယ်ရာ စိတ်ကူးအဆန်း ပေါ်ပေါက်လာပြန်ပြီလား၊ အိပ်မက်ဆန်း မက်ပြန် ပြီလားဟု ပညာဗလ စဉ်းစားလိုက်ရ၏။ သို့သော် မိမိအဖို့ ဆွမ်းကျွေးကိစ္စ တန်းလန်းကြီးနှင့် ဖြစ်နေပေရာ ဘုရားရှင်အားကိုး၊ ကုသိုလ်အားကိုးနှင့် 'ရွှေအိုးကြီး ခုနစ်လုံး မြုပ်နေရလို့ အခုချက်ချင်းတော့ အခစားမဝင်ပါရစေနှင့်ဦး၊ ညီလာခံကျမှပဲ အချိန်မီ အခစားဝင်ပါရစေလို့ တော်ကြီးဘုရားကို လျှောက်ထားလိုက်ပါတော့'ဟု မင်းချင်းကို ပြောကြားလိုက်သည်။

အမိန့်တော် မနာခံသဖြင့်လည်းကောင်း၊ အမတ်ကြီးစကားကို သဘောမပေါက် သောကြောင့်လည်းကောင်း၊ မင်းချင်းအဖို့ ကျိုးကြည့်ကြောင်ကြည့် ဇဝေဇဝါနှင့်ပင် ထပြန်လာခဲ့ရသည်။

မင်းချင်းအပြန်ကို စောင့်မျှော်နေသော ဘုရင့်ရှေ့တော်မှောက်သို့ ရောက်လာ သောအခါ အမတ်ကြီး ပါမလာသောကြောင့် ဘုရင့်မျက်နှာ ညှိုးသွား၏။

'ဟဲ့ ပညာဗလ ပါမလာဘူးလား'

'မှန်လှပါ၊ ရွှေအိုးကြီးခုနစ်လုံးမြုပ်တဲ့ကိစ္စ ရှိနေလို့ ညီလာခံကျမှပဲ အခစား ဝင်ပါရစေလို့ လျှောက်ထားဖို့ ပြန်လွှတ်လိုက်ပါတယ် ဘုရား'

'အောင်မယ် ပညာဗလတို့က တယ်ပြီး ချမ်းသာနေလိုက်ပါလား၊ ရွှေအိုးတွေ မြုပ်နေသတဲ့၊ ရွှေအိုးမှ ခုနစ်လုံးတောင်ဆိုပါလား၊ မောင်မင်းရောက်တော့ သူ့ကို ဘယ်မှာတွေ့ခဲ့သလဲ'

'သူ့အိမ်ပေါ်မှာပဲ တွေ့ပါတယ်ဘုရား'

'အနို့၊ ရွှေအိုးမြုပ်နေတယ်ဆို၊ မောင်မင်းကိုယ်တိုင် ရွှေအိုးတွေမြုပ်တာ တွေ့ခဲ့ရသလား၊ အိမ်ပေါ်မှာ မြုပ်သတဲ့လား'

'ရွှေအိုးတော့ မတွေ့ခဲ့ရပါ၊ အိုးဆိုလို့ ဘုရားရှင်နဲ့ သံဃာတော်များရဲ့ သပိတ်တော်များကိုသာ တွေ့ခဲ့ရကြောင်းပါ'

'အလို ဘုရားရှင်နဲ့ ရွှေအိုးနဲ့ ဘာဆိုင်လို့လဲ၊ ဘုရားရှင်က နံနက်စောစော သူ့အိမ်ရောက်နေသတဲ့လား'

'မှန်လှပါ၊ ဘုရားရှင်နဲ့ သံဃာတော်များကို အမတ်ကြီးက ဆွမ်းလုပ်ကျွေးနေတာကို တွေ့ခဲ့ရပါတယ် ဘုရား'

ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းလုပ်ကျွေးနေသည်ဆိုတော့ မိမိချစ်သော ဘုရားရှင်အရေး၊ ကုသိုလ်ရေးနှင့်စပ်ဆိုင်လာ၍ ကောသလဘုရင် မျက်နှာတော် ညှိုးနေရာမှ ကြည်လင်လာသည်။ ထို့ကြောင့် 'ကောင်းပြီ မောင်မင်း၊ ညီလာခံကျမှပဲ တွေ့တော့မည်'ဟု မင်းချင်းကို ပြန်လွှတ်လိုက်သည်။ ပညာဗလကိုလည်း အမိန့်မနာခံမှုမှ ခွင့်လွှတ်လိုက်သည်။

ဤဘုရင်သည် သဒ္ဓါတရားကောင်းပါ၏။ ဘုရားရှင်ကို ကြည်ညိုရုံမက ပေမမေတ္တာဖြင့် ချစ်ခင်၏။ သဘောထားပြည့်ဝ၏။ စိတ်ကူးယဉ်တတ်၏။ သိမ်မွေ့၏။ သို့သော် အတွေးအခေါ်ကတော့ ရိုးရိုးညံ့ညံ့ အဆင့်တွင်သာ ရှိသည်။

သူတကာသာဆိုလျှင် အဓိပ္ပာယ်ဆောင်ထားသော ရွှေအိုးနှင့် ကုသိုလ်ရေးကို ဆက်၍ တွေးလိုက်မိသားဖြစ်မည်။ သူ့အဖို့မူ အဓိပ္ပာယ်မပေါက်။ ဆက်၍ မတွေးနိုင်။ ဇဝေဇဝါသာ ဖြစ်နေသည်။ ရွှေအိုးမှ တစ်လုံးတလေ မဟုတ်၊ ခုနစ်လုံးကြီးများတောင်ဆိုတော့ သာ၍ ဇဝေဇဝါ ဖြစ်နေရသည်။ မေးလိုသည့် သူ့အိပ်မက်ပြဿနာထက် ယင်းရွှေအိုးပြဿနာက ရှေ့တန်းတက်လာသည်။ ညီလာခံကျမှပဲ မေးမြန်းရတော့မည်။

ပညာဗလကလည်း ညီလာခံဆိုလျှင် အကြောင်းရှာကာ ပြဿနာတင်၍ ပျော်ပျော်ရွှင်ရွှင် မေးမြန်းပြောဆိုလိုသော ဘုရင်၏ အလိုကိုသိ၍ မိမိ ကုသိုလ်ရေးကို တဲ့တိုးမပြောဘဲ ပြဿနာစကားရပ်အဖြစ် တမင်ပြောလိုက်ခြင်း ဖြစ်သည်။

*

ယနေ့ ညီလာခံတွင် ဘုရင်က ရှေးဦးစွာ မျက်နှာတော်ကျရောက်သည်ကား ပညာဗလသို့ပင် ဖြစ်ပေ၏။ ရွှေအိုးကိစ္စ၊ ပြီးတော့ သူ့ကိစ္စ ဘုရင်မေးတော့မည်ကို ပညာဗလသိ၏။ ဖွင့်၍မမေးမိကပင် ဘုရင့်မျက်နှာတော်က ပညာဗလသို့ အမူအရာဖြင့် မေးနေပြီး ဖြစ်နေပေပြီ။ သို့သော် ဘုရင်က အမေးစကားမစမီ အများကြားသိရလေအောင် ထုတ်ဖော်ကြေညာလိုက်သည်။

'အမတ်မင်းတို့၊ ဒီနေ့ မနက် ပညာဗလအမတ်က သူ့အိမ်မှာ ရွှေအိုးတွေမြှုပ်နေသတဲ့ဗျ၊ နန်းတော်ကို သတင်းရောက်လာတယ်၊ မှန်ပါရဲ့လား ပညာဗလ'

'မှန်ကြောင်းပါ ဘုရား'

'အလို ပညာဗလတို့က တယ်ပြီးကြွယ်ဝနေပါကလား'

'မှန်လှပါ၊ ပစ္စည်းဥစ္စာအားဖြင့်တော့ ကြွယ်ဝမှုမရှိကြောင်းပါ၊ ဒီနေ့မနက် ကျွန်တော်မျိုးအိမ်မှာ ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းကျွေးလှူဒါန်းလေတော့

ကုသိုလ်ပြုခြင်းသည်ပင်လျှင် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ရွှေအိုးမြုပ်သည်မည်ကြောင်း ဘုရားရှင်က ဆွမ်းအနုမောဒနာတရားအဖြစ် ဟောကြားလို့ ရွှေအိုးမြုပ်တယ်လို့ လျှောက်ထားလိုက်ရကြောင်းပါ ဘုရား'

ယင်းသို့ တည့်တည့်လျှောက်တင်လိုက်မှပင် ကောသလဘုရင် သဘောပေါက် ဝမ်းမြောက်သွား၏။

'အင်း ဟုတ်ပေသပေါ့၊ မှန်ပေသပေါ့၊ ကုသိုလ်ကောင်းမှုဆိုသဟာ ပစ္စုပ္ပန်မှာလည်း ဝမ်းမြောက်မှုအကျိုးပေး၊ အနာဂတ်မှာလဲ အကျိုးပေးတော့မှာမို့ ရွှေအိုးမြုပ်သည် မည်သပေါ့'ဟုပင် ဘုရင်က ထပ်ဆင့် အမွှမ်းတင်လိုက်ပေသေးသည်။

'အနို့ အဲဒီ ရွှေအိုးတွေက သာမန်မျှမဟုတ်ဘဲ ခုနစ်လုံးလို့ ဂဏန်းအရေအတွက်နဲ့ တိတိကျကျ ကြားသိရပါကလား၊ အဲဒီ အရေအတွက်ကလဲ ဘုရားရှင်က ဟောကြားတော်မူတာပဲလား'

'မှန်လှပါ၊ ဘုရားရှင်ဟောကြားတော်မူလို့ ပြောရခြင်းပါ၊ ရွှေအိုးကြီး ခုနစ်လုံးလို့ အတိအကျပါပဲ ဘုရား'

'အဲဒါကတော့ မှတ်သားစရာပေပဲ၊ ကဲ ငါတို့လဲ မှတ်သားရအောင် ထပ်ဆင့် ပြောကြား အဓိပ္ပာယ် ရှင်းပါဦး'

'မှန်လှပါ၊ ရှေးဦးစွာသော ရွှေအိုးကြီးကတော့ ဘုရားရှင်ကို လှူဒါန်းပူဇော်ခြင်းပါပဲ ဘုရား'

'ဟုတ်လှပေသပေါ့၊ မှန်လှသပေါ့၊ ဘုရားရှင်ထက် ကြီးမားတဲ့အလှူခံ ဘယ်မှာရှိပါ့မလဲ၊ ဘုရားရှင်ကို လှူရတာ အကြီးဆုံးကုသိုလ် ရွှေအိုးပေါ့၊ ကဲ ရွှေအိုးတစ်လုံး ပြီးသွားပြီ'

'ဒုတိယရွှေအိုးကတော့ သံဃာတော်တွေပါ ဘုရား'

'ဒါလဲ မှန်ပေတာပဲ၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ သံဃာတော်ဆိုတာ ငါတို့အတွက် ကောင်းမှု၏စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တယ်လို့ သံဃာ့ဂုဏ်တော် ကိုးပါးမှာ ဟောကြားထားတာကိုး'

'တတိယနဲ့ စတုတ္ထ ရွှေအိုးတွေကတော့ မိခင်နဲ့ ဖခင်ပါ ဘုရား၊ မိခင်နှင့် ဖခင်တို့ကို ရိုသေစွာလုပ်ကျွေးခြင်းဟာ ရွှေအိုးနှစ်လုံး မြုပ်တာနဲ့ အတူတူပါပဲ'

'ဒါလဲ မှန်ပေသပေါ့၊ မာတာပိတု ဥပဋ္ဌာနံလို့ မင်္ဂလာတရားတော်မှာ ဟောထားပြီး ရှိနေပြီပဲ၊ ကဲ ပဉ္စမရွှေအိုးက'

'အစ်ကိုကြီး အစ်မကြီးစတဲ့ မိသားစုအကြီးအကဲများကို ရိုသေစွာစောင့်ရှောက် လုပ်ကျွေးရပါမည်တဲ့ ဘုရား'

'ဒါလဲ မှန်တာပဲ၊ မိသားစုအကြီးအကဲတွေကို ဆင့်ကဲဆင့်ကဲ ရိုသေပြုစုရတာဟာ လူ့ယဉ်ကျေးမှုအစဉ်အလာ၊ ငါတို့ရဲ့ အစဉ်အလာတရားပဲ မဟုတ်လား၊ ဆဋ္ဌမက'

'ညှော်သည်ပါတဲ့ ဘုရား'

'အင်း အဲဒီ ဆဋ္ဌမ ရွှေအိုးကတော့ သိပ်ပြီး ဘဝင်မကျ မရှင်းလင်းလှသေးဘူး၊ ညှော်သည်ဆိုသဟာကလဲ ရွှေအိုးတဲ့လား၊ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း အဓိပ္ပာယ် လင်းစမ်းပါဦး'

'မှန်လှပါ၊ ကျွန်တော်မျိုးလဲ ကြားနာရစက အဲဒီအချက်ကို ဘဝင်မရှင်းခဲ့လှပါ၊ ဘုရားရှင် အဓိပ္ပာယ်ဖွင့်လိုက်တော့မှပဲ ရှင်းသွားရပါတယ်၊ အကြောင်းကတော့ ညှော်သည်ဆိုတာ မိမိလိုလားတဲ့ ညှော်သည်၊ မလိုလားတဲ့ညှော်သည်လို့ ရှိသကိုး၊ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ ညှော်သည်ဆိုတာ မိမိကိုအားကိုးသမှုပြုပြီး ရောက်လာကြတာ၊ မိမိကို ကုသိုလ်ပြုခွင့် ကြုံအောင် ရောက်လာကြတာလို့ ယောနိသော မနသိကာရ သဘောထားပြီး စွမ်းနိုင်သလောက်ကောင်းမွန်စွာ လုပ်ကျွေး ပြုစုရပါမယ်တဲ့ ဘုရား'

'ဒီလို ယောနိသောနဲ့ကောက်လိုက်တော့လဲ ရှင်းသွားပေတာပေါ့၊ ညှော်သည် ဆိုတာ ကျွေးမွေးပြုစုရမယ့် တာဝန်ရှိလေတော့ ကုသိုလ်အလုပ်အဖြစ် စိတ်ထား မှန်လိုက်ရင် ရွှေအိုးမြုပ်တာ ဖြစ်ရမှာပေါ့၊ ကဲ သတ္တမရောက်ပြီ'

'သတ္တမက ပုဂ္ဂလ ကုသိုလ်ပါတဲ့ ဘုရား'

'ဒါလောက်နဲ့တော့ မရှင်းသေးဘူး၊ အဓိပ္ပာယ်ဖွင့်ဦးမှ'

'ပုဂ္ဂလဆိုတာက ကျယ်ဝန်းပါတယ် ဘုရား၊ ရဟန်းသံဃာကအစ မိမိ ခင်မင်လေးစားသူ၊ မိတ်ဆွေသင်္ဂဟတို့အလယ်၊ အမှုလုပ်၊ အိမ်စေ၊ သူတောင်းစားတို့ အဆုံး ပုဂ္ဂိုလ်အားလုံးကို လှူဒါန်းပေးကမ်း ကျွေးမွေးပြုစုခြင်း၊ ဥပမာအားဖြင့် အမြင့်ဆုံးအနေနဲ့ဆိုရင် ပဋ္ဌင်းခံ၊ ရှင်ပြုဆိုတာ မိမိရင်းနှီးခင်မင်သူက ပြုစုထောက်ပံ့တာမို့ ပုဂ္ဂလကုသိုလ်ပါ၊ အနိမ့်ဆုံးအနေနဲ့ အိမ်မှာ လက်ပါးစေ၊ အမှုလုပ်တို့ကစပြီး ဖုန်းတောင်းယာစကာတို့အထိ လေးလေးစားစား စေတနာထား ပေးလှူပြုစုတာဟာ ရွှေအိုးမြုပ်ခြင်း တစ်ပါးပါပဲ ဘုရား'

'သဘောပေါက်ပါပြီဗျာ၊ အဲဒီ ကုသိုလ်တွေလုပ်တဲ့အခါမှာ ပဋ္ဌင်းခံ၊ ရှင်ပြု ကိစ္စမျိုးတွေမှာသာ ကုသိုလ်လို့ သဘောထားပြီး အခြားကိစ္စတွေမှာတော့ အမှုမဲ့ အမှတ်မဲ့ပဲ လုပ်လိုက်တတ်ကြတယ်။ လုပ်တိုင်းလုပ်တိုင်း စေတနာထားဖို့ လိုပေသပေါ့၊ ကုသိုလ်တွေ ရွှေအိုးတွေပေါ့လေ'

'ဒီနေ့နံနက် ကျွန်တော်မျိုး ဆွမ်းကျွေးရာမှာ ဘုရားရှင်က အဲဒီရွှေအိုး တရား ဟောကြားတော်မူပါတယ်။ ဟောကြားတော်မူတဲ့အတိုင်း ကျွန်တော့် အလှူ ဟာလဲ အဲဒီ ရွှေအိုး ခုနစ်လုံးစလုံး အကျုံးဝင်နေတာမို့ ရွှေအိုးကြီးခုနစ်လုံး မြုပ်နေ ပါတယ်လို့ လျှောက်တင်လိုက်ရတာပါ ဘုရား'

'ကောင်းလှပါပေ့ဗျာ၊ သာဓု သာဓု သာဓု'ဟု ဘုရင်ကိုယ်တော်တိုင်က ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုလိုက်သောအခါ ညီလာခံတစ်ခုလုံးကလည်း အနုမောဒနာ ပြုကြသည်။

ယနေ့ ညီလာခံမှာ ရွှေအိုးခုနစ်လုံး အဖွင့်ဖြင့်ပင် အချိန်ကုန်၍ ပြီးဆုံးသောကြောင့် ဘုရင့်အဖို့ မိမိပြဿနာကို နောက်နေ့သို့ ရွှေ့ဆိုင်းလိုက်ရသည်။ ကောသလဘုရင်သည် ထိုနေ့ ညနေပိုင်းတွင် ဘုရားရှင်ကျောင်းတော်သို့ရောက်၍ ဤတရားတော်ကို နံနက်ညီလာခံတွင် တစ်ဆင့်ကြားနာခဲ့ရကြောင်း လျှောက်ထားသောအခါ ဘုရားရှင်က သိမှတ်ရလွယ်အောင် ဂါထာဖွဲ့၍ အကျဉ်းချုပ် ထပ်မံဟောကြားလိုက်သောကြောင့် ထပ်မံဝမ်းမြောက်ရသည်။ ။

# ရွှေဖိနပ်ကြီး ရှပ်တိုက်စီး

ဤမျှမက ယောနကတိုင်းသားတို့၏ အနောက်တိုင်း
အတုကိုယူ၍ ရှူးဖိနပ်များကိုပင် စီးတော်မူလိုက်ကြသေးသည်။

*

ရွှေဖိနပ် ရှပ်တိုက်စီးသည်၊ ငွေဖိနပ် ရှပ်တိုက်စီးသည်၊ ပတ္တမြားဖိနပ် ရှပ်တိုက်စီးသည်၊ ပြီးတော့ တဝင်းဝင်း တလျှပ်လျှပ် စိန်ဖိနပ်ကြီးများကိုပင် ရှပ်တိုက်၍ စီးကြသည်။

စီးသူများထဲမှာ ပွဲတိုင်းကျော် ဆဗ္ဗဂ္ဂိခေါ် ခြောက်ပါးအဖွဲ့ အနွယ် ကိုယ်တော်ကလေးများဖြစ်ကြ၍ ဘုရားရှင်အလိုတော်အရ ရဟန်းဖြစ်လာလျှင် ဖိနပ်စီးခွင့်မရ၊ ခြေအတိုင်းသာ နေခဲ့ကြရာမှ စီးခွင့်ရအောင် စတင်ဆောင်ရွက်ခဲ့ သူကား နာမည်ကျော် စောင်းတော်ရှင် သောဏထေရ်ပင် ဖြစ်ပေသည်။

*

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရဘုရင်၏ နယ်ပယ် စမ္ပာမြို့မှ ကျိကျိတက် သူဌေးသားကလေး သောဏ သတို့သားသည် စောင်းတော်ရှင်အဖြစ်သာ ကျော်ကြားသည်မဟုတ်။ ဘဝပါရမီအရ နုနယ်မှု၌ ခြေဖဝါးတို့တွင် အမွေးနုကလေးများ ပေါက်သူအဖြစ် ကျော်ကြားသူဖြစ်သည်။ ကျော်ကြားပုံမှာ ဝေးနီးချုပ်စပ်မှ မြို့ရွာများတွင်သာမက ဗိမ္ဗိသာရဘုရင် ရွှေနားတော်ရောက်သည်အထိ ပေါက်ရောက်သည်။

အသံကို ကြားရုံမျှဖြင့် သူဌေးပဲဟု လူမွဲယောင်ဆောင်နေသော ဃောသကကို အတပ်ဟောနိုင်စွမ်းသူ အင်္ဂဝိဇ္ဇာပညာရှင် ဗိမ္ဗိသာရက သောဏ၏ ခြေမွေးများကို စိတ်ဝင်စားကာ အကယ် ဟုတ် မဟုတ် မျက်မြင်ဒိဋ္ဌ ကြည့်လိုလှသောကြောင့်

ဥပါယ်တံမျဥ်ဖြင့် အခြားကိစ္စတစ်ခုကို အကြောင်းပြ၍ သူ့နယ်သူ့နယ်သားအားလုံးကို ဆင့်ခေါ်လိုက်သည်။ သို့ရာတွင် သောဏကို အာရုံထားကာ ဖိတ်ကြားဆင့်ခေါ်သည်ကို အားလုံးပင် သိကြသည်သာ ဖြစ်သည်။

သာသနာတော်ကို ကြည်ညိုသော ဗိမ္ဗိသာရအဖို့ သောဏကို အကြောင်းပြကာ သူ့တိုင်းသူပြည်သားတို့အား ဘုရားရှင်ထံတော်သို့ တရားနာ စေလွှတ်လိုသော ရည်ရွယ်ချက်လည်းရှိနေ၏။

ဘုရင့်ဆန္ဒကို အတတ်သိနေကြသည့် သောဏ၏ မိဘနှစ်ပါးက ဘုရင့်ရှေ့တွင် ထိုင်ပုံထိုင်နည်းကို စိုးရိမ်စိတ်ဖြင့် သင်ကြားပေးလိုက်ကြသည်။

'လူကလေး ဒီကိစ္စဟာ ငါတို့ဘုရင်က ငါ့သား ခြေဖဝါးကို ရှုစားလိုလို့ ဆင့်ခေါ်တာ အမှန်ပဲ၊ သားကို ဘုရင်အနီးရောက်အောင် ပို့ဆောင်ကြလိမ့်မယ်၊ ဘုရင့်ရှေ့တော်မှာ ခြေထောက်နှစ်ချောင်းကို ရှေ့ထုတ်ပြီး ကိုးရိုးကားရား မထိုင်လေနဲ့၊ ဖဝါးနှစ်ဖက်လုံးပေါ်အောင်သေသေသပ်သပ်ထိုင်ပါ'

ဘုရင်သည် အခြားကိစ္စများကို မိန့်ကြားရင်းဖြင့် သောဏ၏ ခြေဖဝါးများကို ရှုစားတော်မူသည်။ ထို့နောက်တွင်မူ အောက်ပါအတိုင်း အမိန့်တော်ချမှတ်လိုက်၏။

'အချင်းတို့၊ ဤသောဏ သတို့သားသည်ကား ထူးခြားသော ပါရမီရှင် ဖြစ်ပေသည်၊ ယခုအခါ မြတ်စွာဘုရားသည် ငါတို့၏ ရာဇဂြိုဟ်အနီး ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူ၏၊ သင်တို့သည်လည်း ထူးခြားသော ကောင်းမှုရှင်များ ဖြစ်ကြစေရန် ဘုရားရှင်အထံတော်သို့သွားရောက်၍ တရားနာယူကြကုန်လော့'

ယင်းသို့လျှင် ရာဇဂြိုဟ်သားတို့အဖို့ တရားနာယူရန်ဟူသော ဘုရင့်အမိန့်ဖြင့် ဂိဇ္ဈကုဋ်တောင်သို့ စုရုံးထွက်ခွာလာကြသောအခါ သောဏသည်လည်း ထမ်းစင်ဖြင့် လိုက်ပါလာသည်။ ဤတွင် ဂိဇ္ဈကုဋ်သို့ရောက်ကြသော် ဘုရားရှင်နှင့် မဖူးတွေ့ကြသေးမီ တောင်ကျောက်ဖျာအဝင်ဝမှ ဆီးကြိုလျက်ရှိနေသော အရှင်သာဂတ ကိုယ်တော်လေးနှင့် စတင်တွေ့ရှိကြရသည်။ အကြောင်းသော်ကား ထိုအချိန်က ဘုရားရှင်၏ ထံနီးအလုပ်အကျွေးမှာ အရှင်သာဂတ ဖြစ်သည်။

အရှင်သာဂတဟူသည်ကား ရဟန္တာပင် မဟုတ်သေးစေကာမူ ဘုရားရှင် ကိုယ်စား နန္ဒောပနန္ဒနဂါးကြီးကို တန်ခိုးတော်ဖြင့်နှိမ်နင်းရသော လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်ထေရ်ကဲ့သို့ပင် ဘုရားရှင်အမိန့်တော်ဖြင့် ဆိုးသွမ်းသော ဘဒ္ဒဝတိက ရွာမှ နဂါးကြီးတစ်ကောင်ကို ဆုံးမပေးရဖူးသော လောကီအဘိညာဉ် တန်ခိုးတော်အရှင် ကိုယ်တော်လေး။ ပြီးတော့ ရဟန်းကြီးကြိုက်များကို ကျွမ်းထောင်အောင်သောက်ပြီး ဘုရားရှင်ရှေ့တော်မှာပင် စောက်ထိုးကျွမ်းပြန်အိပ်၍ ပြခဲ့ဖူးသော ရွတ်တိရွတ်ထိုး ကိုယ်တော်ကလေး ဖြစ်ပေ၏။

ပြောရန်ရှိသည်ကား ထိုစဉ်အခါ သာသနာတော်အစတွင် အင်ကြီးအားကြီး ရှိနေပြီးသော တိတ္ထိတို့နှင့်ပြိုင်၍ သာသနာပြုကြရသော ဘုရားရှင်အစ ရဟန်းတော်များအား ဒါယကာအများ လေးစားအထင်ကြီးသူလည်း ရှိ၏။ ကိုးကွယ်ရင်းစွဲ တိတ္ထိတို့လောက် မလေးမစား အထင်မများသူတို့လည်း အမြောက်အမြားရှိနေသေး၏။

တိတ်တိတ်ဆိတ်ဆိတ် သီတင်းသုံးနေသော ဂိဇ္ဈကုဋ်လိုနေရာမျိုးသို့ ထူးထူးခြားခြား အင်နှင့်အားနှင့် စုဝေးရောက်ရှိလာကြသော ယခု ဒါယကာအများကို ရှင်သာဂတတွေ့ရှိရသောအခါ ကေန္တ အကြောင်းထူးတစ်ခုခုကြောင့်သာ ဤ ဒါယကာတို့ လာရောက်ကြခြင်းဖြစ်သည်။ သူတို့ကို အထင်ကြီးအောင်တော့ လုပ်ပြလိုက်ဦးမှဟု ရှင်သာဂတ တွေးဆထားသည်။ ထို့ကြောင့် တောင်လယ်ကျောက်ဖျာတွင် ဒါယကာတို့နှင့် ဆုံမိကြ၍ ရှင်သာဂတက အကျိုးအကြောင်းကို မေးလိုက်သောအခါ ဘုရင့်အမိန့်တော်အရ ဘုရားရှင်ထံ ဖူးတွေ့တရားနာရန် ရောက်လာကြပါကြောင်း လျှောက်ထားသည်။

'ကောင်းပြီ ဒါယကာတို့၊ ဘုရားရှင်သည် ဂန္ဓကုဋိ၌ သီတင်းသုံးနေတော်မူသည်၊ ငါသွား၍ လျှောက်ထား ပင့်ခေါ်ပါမည်၊ ဤကျောက်ဖျာမှ ဆိုင်းငံ့ကြပါဘိ'ဟု အမိန့်ရှိပြီး ဒါယကာတို့ အထင်ကြီးစေရန် သူ့အဘိညာဉ်ကို စတင်လိုက်သည်။

စတင်ဟန်ကား အနီးတွင်ပင် သီတင်းသုံးလျက်ရှိသော ဘုရားရှင်၏ ထံတော်သို့ သွားနေကျအတိုင်း ခြေဖြင့်သာ မြင်မြင်ထင်ထင်သွားလိုက်လျှင် ပြီးပါလျက် ကျောက်ဖျာကြီးကို တန်ခိုးဖြင့်ခွဲ၍ ငုပ်လျှိုး ပျောက်ဝင်သွားသည်။ ပြီးတော့ မကြာမီတွင် ဤနေရာမှပင်တန်ခိုးဖြင့် ခွဲ၍ ပြန်ပေါ် ရောက်ရှိလာသည်။ သူ့လက်ထဲတွင် ဘုရားရှင် ထိုင်နေတော်မူရန် အခင်းအင်းပျဉ် ပါသည်။ အမြင့်ဆုံးနေရာတွင် ခင်းသည်။ ဤမျှ မကသေး။

ရသေ့ရဟန်းတို့၏ မိုးပျံမြေလျှိုး တန်ခိုးဟူသည်ကို စာနှင့် စကားမှာသာ ကြားဖူး၍ ကိုယ်တိုင်မမြင်ဖူးကြသော ဒါယကာတို့အဖို့ အံ့သြဟစ်ကြွေး ဖေးဖေးလှုပ်လှုပ် ရတ်ရတ်သဲသဲ ဖြစ်ကုန်ကြသည်။ ပီတိလွှမ်းမိုး ရှိခိုး၍မပြီး ဖြစ်ကုန်ကြသည်။

ထိုအခိုက်မှာပင် ဘုရားရှင်ကြွလာ၍ ခင်းထားအပ်သောနေရာတွင် ထိုင်တော်မူသည်။ သို့ရာတွင် ဒါယကာတို့က ဘုရားရှင်ကို အထင်မကြီးနိုင်ကြသေး၊ တန်ခိုးသခင်၊ အရှင်သာဂတကိုသာ အာရုံစိုက်နေကြသည်။ ထို့ကြောင့် ရှင်သာဂတက ထိုးမည့်ဆင် နောက်ဆုတ်ဆိုသကဲ့သို့ မြေလျှိုးမိုးပျံဟူသော စကားအရ မြေလျှိုး၍ ပြပြီးနောက်တွင် ကောင်းကင်ပျံတက်၍ ပြလိုက်ပြန်သည်။ ပျံတက်ရုံမက ကောင်းကင်တွင် စင်္ကြံလျှောက်သည်။ တင်ပျဉ်ခွေ ထိုင်သည်၊ လျောင်းသည်၊ ကိုယ်မှ အခိုးလွှတ်ပြီးနောက် ကိုယ်ရောင်ဖျောက်၍ပင် ပြလိုက်သေးသည်။

ထို့နောက်တွင်မှ ဒါယကာတို့ အံ့မဆုံး၊ သြမဆုံး ဖြစ်နေကြသည့်အခိုက်တွင်ပင် အရှင်သာဂတသည် ခြေတော်ရင်းတွင် ဝပ်ဆင်းရှိခိုး၍ 'ဘုန်းတော်သခင်

အရှင်မြတ်ဘုရား၊ အရှင်မြတ်သည်သာ တပည့်တော်၏ ဆရာဖြစ်၍ အရှင်မြတ်သည် တပည့်တော်ထက် တန်ခိုးရော ပညာပါ အဆရာထောင် ကြီးမြတ်သူဖြစ်ပါသည် ဘုရား' ဟု လျှောက်ထားလိုက်သောအခါမှ ဒါယကာအားလုံးတို့ ဘုရားရှင်ဘက်သို့ ဦးညွတ်၍ လာကြသည်။

ဘုရားရှင်က ပဋိသန္ဓာရစကား မိန့်ကြား၍ ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာ စသည်ဖြင့် အစဉ်အတိုင်း တရားဒေသနာတော် မိန့်ခွန်းတော်ဖြာပြီး နောက် အဆုံးတွင် မဂ္ဂကထာ ဘာဝနာဖြင့် အချောသတ်လိုက်သောအခါ ဒါယကာ များစွာတို့ တရားအဆင့်ဆင့်ရရှိ၍ ပြန်သွားကြကုန်သည်။

ထူးထူးခြားခြား ကျန်ရှိနေခဲ့သူမှာကား သောဏသတို့သားပင် ဖြစ်ပေသည်။ အကြောင်းမူကား ဤမျှ တရားဖြင့် အားမရနိုင်။ ဘုရားရှင်ထံ တပည့်ခံကာ ရှင်သာဂတတို့ကဲ့သို့ပင် တရားနှင့် လိုက်ဖက်လှသော ရဟန်းဘဝသို့ လွတ်လွတ် ကျွတ်ကျွတ်ကြီး ကူးမြောက်ရန် သန္နိဋ္ဌာန်ချလိုက်ပြီးသောကြောင့်ပေတည်း။

သို့နှင့် ဘုရားရှင်ထံ ရဟန်းပြုခွင့် ပန်လိုက်သောအခါ ဘဝပါရမီအရှင် ဧတဒဂ်သခင် လက်ယာတော်ရံ သာဝကတစ်ပါး ဖြစ်လာမည်ကို မြင်တော်မူသော ဘုရားရှင်က ရဟန်းပြုပေးတော်မူပြီးနောက် စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကိုပေး၍ ရာဇဂြိုဟ်အနီးမှ အခြားသောတရားရှင် ရဟန်းတို့ တောရကျောင်းအဖြစ် သီတင်း သုံးနေတော်မူကြသည့် ရင်းတိုက်တောကျောင်းသို့ တရားကျင့်သုံးရန် စေလွှတ် လိုက်သည်။

ရဟန်းဖြစ်လာပြီဆိုတော့ သပိတ်သင်္ကန်းမှတစ်ပါး အခြားထွေထွေရာရာ ပစ္စည်းများနှင့် မလျော်တော့သဖြင့် အထမ်းသမား ဝေါသမားများကို ပြန်လွှတ်လိုက် သည်။ မိဘများသို့ အကြောင်းကြားခိုင်းလိုက်သည်။ ထို့နောက်တွင်မူ ရင်းတိုက် တောကျောင်းသို့ ဖိနပ်မပါ ခြေအတိုင်းသာ ကြွသည်။ အကြောင်းမူကား ထိုအချိန်တွင် ရဟန်းဟူသည် ဖိနပ် မရှိ၊ ဖိနပ် မစီးရ၊ စီးခွင့် မရှိသေး။

ခြေဖဝါးကလေးများ နူးညံ့လှသောကြောင့် မြေပြင်သို့သာ ခြေတင်ရလျှင် ကွဲပေါက်ကုန်လိမ့်မည်ဟု ထင်ခဲ့ရသည်။ မိဘများကလည်း အရေးပေး၍ ဖဲထည် ကတ္တီပါ ကော်ဇောအခင်းများပေါ်၌သာ နေစေခဲ့သည်။ စိတ်မထင်၍ မြေပြင်ကို ခြေတင်လိုက်ရမလားဟု သောဏက ပြောလိုက်လျှင် သူ့အမျိုးသမီး အခြွေအရံတို့ အင်မတန် ကြောက်ရွံ့ခဲ့ကြရသည်။ ယခု တကယ်ကျတော့လည်း ဤမျှ မဆိုးရွားလှ သေးပါ။

ရင်းဘိုက်တောကျောင်း ရဟန်းတော်များက အရှင်သောဏကို ဝမ်းမြောက်စွာ ကြိုဆိုကြသည်။ နူးညံ့လှသူအဖြစ် ကျော်ကြားသူဖြစ်ကြောင်း သိရ၍လည်း အရေးပေး ဆက်ဆံကြသည်။ သီတင်းသုံးရန် နေရာကောင်းတစ်ခု ရရှိသည်။ လမ်းလျှောက်ရင်း တရားကျင့်သုံးလိုလျှင် ကျင့်သုံးနိုင်ရန် စင်္ကြံတစ်ခု ရရှိသည်။ တရားကျင့်သုံးဖို့ရန်

စိတ်အားသန်လျက် ရှိနေသော အရှင်သောဏကမူ ငါသည် ထိနမိဒ္ဓကို လုံးဝ မဖြစ်စေဘဲ စင်္ကြံလျှောက်ကျင့်ရင်းဖြင့်သာ တရားထူးကို ရစေရမည်ဟု ဝီရိယ စိတ်မောင်းကို တစ်ချောင်းတည်း တင်ထားလိုက်သည်။

ထို့ကြောင့် ရင်းတိုက်တောရသို့ ရောက်သည်ဆိုသည်နှင့်ပင် ဘုရားရှင် ပေးအပ်လိုက်သော ကမ္မဋ္ဌာန်းတရားကို သတိရှေ့ထား ဝီရိယများများဖြင့် မနားမနေ စင်္ကြံလျှောက်ရင်း ကျင့်သုံးလေတော့သည်။ စင်္ကြံလျှောက်ရင်း နေ့မှ ညဉ့်ဦးသို့ ကူး၏။ ညဉ့်ဦးမှ ညဉ့်လယ်သို့ ကူး၏။ ညဉ့်ဦးမှ လင်းအားကြီးသို့ ကူး၏။ သို့သော် လိုအပ်သောတရားမှာ ရေးရေးမျှ မထင်လာ။ ထင်လာသည်မှာကား မရပ်မနား စင်္ကြံများများ လျှောက်မှုကြောင့် နုနယ်သောခြေဖဝါးများ ဖူးရောင်ပေါက်ကွဲ ကာ စင်္ကြံလမ်းတစ်ခုလုံးမှာ နွားသတ်ရုံပမာပင် ဖြစ်လာတော့ခြင်းပေတည်း။

နံနက်လင်းသောအခါတွင်မူ မောင်းတင်ထားသော ဝီရိယကို လျှော့ချလိုက် မိ၏။ သည့်ထက်လည်း ပို၍ တတ်နိုင်ဖို့ မရှိတော့။ အကြောင်းမူကား ဝီရိယအင်အား၊ ဆန္ဒအား အဘယ်မျှကြီးစေကာမူ ဖောက်ပြန်တတ်သည့်ရုပ်တရားဖြစ်သော ခြေထောက် များက အရိုးငေါငေါများပင် ထွက်လုမတတ်ပေါက်ကွဲကာ သွေးသံတို့ ယိုစွဲလျက် ရှိနေသောကြောင့် ဖြစ်သည်။

ငါအဖို့ ဘုရားရှင်တရားတော်နှင့် ထိုက်တန်သူမှ ဟုတ်ပါလေစ။ အခြားသော အရှင်ကောင်းများသည် ငါ့ထက်တော့ ဝီရိယဓာတ် ဆန္ဒဓာတ် သာနိုင်သူ ရှိတော့အံ့ မထင်။ သို့ပါလျက် အရှင်ကောင်းတို့သာ တရားရ၍ ငါ့အဖို့တော့ တရားအမျှင် ကလေးမျှ မထင်လာသည်မှာကား ဤတရားသည် ငါ့အား မထိုက်တန်လေတော့ ယောင်ကား။ ငါ့အဖို့ မိဘများထံတွင် ယခင်အတိုင်း နေရသည်ကပင် သင့်လျော် ပေတော့မည်ဟု စိတ်အားကို လျှော့ချလိုက်သည်။ စင်္ကြံမှ မိမိနေရာသို့ပြောင်း၍ တွေးတောငေးမောနေမိသည်။

ထိုအချိန်တွင်ပင် အနီးတွင် ဆရာမရှိ၍ တပည့်အဖို့ အခက်အခဲဖြစ်နေပြီကို သိသော ဘုရားရှင်က ရင်းတိုက်တောရသို့ ကြွရောက်တော်မူလာသည်။ ရှေးဦးစွာ တပည့်ရဟန်း အခြေအရံတို့ဖြင့် သွေးချင်းချင်း လူးပေနေသော စင်္ကြံကို ရှုကြည့်မေးမြန်းတော်မူ၍ အရှင်သောဏ၏ နေရာသို့ကြွသည်။ အရှင်သောဏက နေရာပေး၍ ရှိခိုးကြိုဆို၏။ တရားမတွေ့၍ ညှိုးငယ်နေသော မျက်နှာသည် လန်းဆန်းကြည်လင်၍ လာ၏။ တပည့်နေရာသို့ ဆရာ ရောက်လာခြင်းဟူသည် ကြီးစွာသော အားဆေးပင် ဖြစ်သည်။

'သောဏ၊ တရားဓာတ်အင်အား လျော့ပါးပြီလော၊ မိဘရပ်ထံ ပြန်နေဖို့ ကြံစည်နေပြီ မဟုတ်လော'

'မှန်ပါသည် ဘုရား'

'မလျှော့လေနှင့် သောဏ၊ သင်လိုအပ်သော တရားသည် သင့်ထံပါး တွင်ပင် ရှိနေပါသည်၊ ဝီရိယဓာတ်အားများပြီး ပွန်းကဲနေ၍သာ အံချော်နေခြင်း ဖြစ်သည်၊ သင်သည် စောင်းအတတ်တွင် ကျွမ်းကျင်ခဲ့သူမဟုတ်လော သောဏ'

'ကျွမ်းကျင်ခဲ့ပါသည် ဘုရား'

'တရားဟူသည် စောင်းကိုပင် ဥပမာထား၍ ပွားများရမည်၊ စောင်းကြိုးကို တင်းလွန်းလျှင် ပြတ်၍ လျော့လွန်းလျှင် ပတ်သည် မဟုတ်လော၊ မလျော့မတင်း စောင်းကြိုးညှင်းမှ လိုအပ်သော အသံသို့ ရောက်သည်မဟုတ်လော၊ တရားဟူသည် လည်း သဒ္ဓါ၊ သမာဓိ၊ ဝီရိယ၊ ပညာတို့ကို မလိုစေ၊ မပိုစေရ၊ မဇ္ဈိမပဋိပဒါမျှတစွာထားမှ လိုအပ်သောတရားသို့ရောက်ရှိပေမည် သောဏ'

ဆရာကောင်းတို့နှင့် တွေ့ပြန်တော့လည်း မြန်လှ၏။ တစ်ထိုင်တည်းဖြင့်ပင် လိုအပ်သော တရားစခန်းသို့ ရောက်ရှိသည်။ ဤနေရာတွင် ဘက်စုံပြည့်သခင် ဖြစ်လာပြီဖြစ်သော အရှင်သောဏအား ဘုရားရှင်က အမေးအဖြေနည်းဖြင့် တရား ဟောတော်မူသည်။ ကိလေသာတို့မှ ထွက်မြောက်မှု လမ်းသွယ်များဖြစ်သော နိဗ္ဗာန်ရောက် အဓိမုတ္တတရား ခြောက်ပါးကိုလည်း ဟောတော်မူသည်။

ထို့နောက်တွင် ဘုရားရှင်က ဖူးရောင်အက်ကွဲလျက်ရှိသော ရှင်သောဏ၏ ခြေထောက်များကိုကြည့်တော်မူ၍ 'သောဏ၊ သင့်အတွက် လွှာချင်းဖိနပ်စီးရန် ငါဘုရား ခွင့်ပြုတော်မူ၏'ဟု မဟာကရုဏာဖြင့် ခြေဆင်းရဲ တွေ့ကြုံလျက်ရှိသော အရှင်သောဏတစ်ပါးတည်းကို ခွင့်ပြုတော်မူလိုက်သည်။

ဤနေရာတွင် အရှင်သောဏ စေတနာပေါ်လာ၏။ အကြောင်းကား အခြားသော သီတင်းသုံးဖော် ရဟန်းတို့အဖို့လည်း မိမိမျှလောက် အခက်အခဲ မရှိကြ စေဦးတော့ ခြေဆင်းရဲမှုကတော့ ရှိကြမည်သာ ဖြစ်သည်။ တစ်ကြောင်းမှာလည်း သီတင်းသုံးဖော်များ အလယ်၌ မိမိတစ်ပါးတည်း သီးခြားအခွင့်အရေး မယူလို။ ထို့ကြောင့် 'အရှင်မြတ်ဘုရား၊ တပည့်တော်သည် လှည်းပေါင်း ၁၆ စီးမျှတိုက်သော ရတနာရွှေငွေတို့ကို စွန့်ပစ်၍ ရဟန်းဖြစ်ခဲ့သူပါ၊ လွှာချင်းဖိနပ်မျှသော အခွင့်အရေးကို တပည့်တော် တစ်ပါးတည်းကသာဖြင့် မယူလိုပါ၊ တပည့်အားလုံးကိုလည်း စီးခွင့် ပြုပါဘုရား'ဟု အရဲစွန့် လျှောက်ထားလိုက်သောအခါ ဘုရားရှင်က ရဟန်းအားလုံး ပင် လွှာချင်းဖိနပ် စီးခွင့်ရကြစေဟု ထပ်မံခွင့်ပြုတော်မူလိုက်သည်။

သပိတ်တစ်လုံး၊ သင်္ကန်းတစ်ထည်မျှဖြင့် တစ်ယောက်တည်းနေ ဧကစာ ကျင့်သုံးရသော ရဟန်းအလုပ်ဟူသည် လူသာမန်တို့အလုပ် မဟုတ်၊ ခက်ခဲလှစွာ၏ဟု အထပ်ထပ် ဟောတော်မူသည်။ ထိုစဉ်အခါ သာသနာတော် အစပိုင်းကမူ သာ၍ပင် ခက်ခဲ၏။ အကြောင်းမူကား ဖိနပ်မျှ စီးခွင့်မရ၊ ထီးကလေးမျှ ဆောင်းခွင့်မရ။ ရေလဲသင်းပိုင် အပိုကလေးမျှ ထားခွင့်မရ။ နေပူလှုံလျှင်လည်း သင်္ကန်းဖြင့်သာ အကာအကွယ် ယူရသည်။ ခြေနာလျှင်လည်း သည်းခံ အောင့်အည် ကြရသည်။

နောက်မှသာ ယခု အရှင်သောဏတို့လို၊ ဝိသာခါ၊ ဆရာဇီဝကတို့လို စေတနာရှင်များနှင့် အကြောင်းအားလျော်စွာတို့အရ ဖိနပ်စီး၊ ထီးဆောင်းစသော ကိုယ်ရေး အခွင့်အလမ်း ကလေးများကို တစ်စတစ်စ ရရှိလာကြခြင်း ဖြစ်သည်။ အခု အရှင်သောဏ၏ ကျေးဇူးကြောင့် ဖိနပ်စီးခွင့် ရကြလေပြီ။

*

ဤတွင် 'လာလာချေပြီ၊ ပျိုတို့မျှော်တုန်း မောင်ဘုန်းလာချေပြီ' ဆိုသကဲ့သို့ သူတို့ အကွက်ပေါ်လာချေပြီ ဖြစ်၏။ သူတို့ဟူသည်ကား လက်နှင့်ရေး ခြေနှင့်ဖျက်ဟု မဆိုနိုင်စေဦးတော့ ဘုရားရှင် ပညတ်တော်မူသမျှ ဝိနယ သိက္ခာပုဒ်တော်တိုင်းလိုလို ဟိုဘက်က ဆင်ခြေဝင် သည်ဘက်က ဆင်ခြေတက် ကဖျက်ယဖျက် ဒိုင်ခံစွက်လေ့ ရှိကြသော ဆဗ္ဗဂ္ဂီအဖွဲ့ဝင် ကိုယ်တော်များဖြစ်ကြသည်။

ဝိနည်းဒေသနာတော်တွင် ယင်းဆဗ္ဗဂ္ဂီတို့၏ အမည်ကို ရှောင်၍ မရအောင် နေရာများစွာ၌ တွေ့ရှိကြရ၏။ ပဥ္စဝဂ္ဂီငါးပါးအစုကို နားစွဲနေသော ဗုဒ္ဓဘာသာဝင်တို့ အဖို့ ဆဗ္ဗဂ္ဂီဟုဆိုလျှင် ခြောက်ပါး အစုဟု မြင်ကာ အတော်ရှုပ်တဲ့ ကိုယ်တော် ခြောက်ပါးပဲဟု ထင်တတ်ကြသည်။ စင်စစ်ကား ခြောက်ပါးအစုမဟုတ်။ ရှေးဦး ပထမခြောက်ပါးအစုမှ ဆင်းသက်လာသော အနွယ်အဆက်၊ သဘောတူ၊ အကျင့်တူ၊ ကိုယ်တော်များဖြစ်၍ ဆဗ္ဗဂ္ဂီဟု အလွယ်နာမည်ပေးထားခြင်း ဖြစ်ပေသည်။ သူတို့ကား နယ်နယ်ရရမဟုတ်။ မျက်နှာကြီးဂိုဏ်းဝင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော မထေရ်တို့၏ တပည့်ကြီးများပင် ပါဝင်သည်။

စင်စစ်ဆိုသော် သူတို့ကိုပင် ကျေးဇူးတင်ဖွယ်ဖြစ်၏။ အကြောင်းသော်ကား သူတို့ ဆင်ခြေဆင်လက် ဝင်ကြသောကြောင့်ပင်လျှင် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော ပညတ်တော်မူရင်း သိက္ခာပုဒ်တော်များ၌ ထပ်မံ၍ ပညတ်ရသော အဆွယ်အပွား အနုပညတ်တော်များ၊ သိက္ခာပုဒ်ငယ်များ ဖြစ်ပွား ပေါ်ပေါက်လာရသောကြောင့် ဖြစ်ပေသည်။

ရဟန်းအလုပ်ဟူသည် ချုပ်တည်းရခြင်းဖြစ်၏။ စိတ်ကိုချုပ်တည်းရ၏။ ကိုယ်ကို ချုပ်တည်းရ၏။ စိတ်တွင်လိုအပ်သည်ကို ပွားများ၍ မလိုအပ်သည်ကို ချုပ်တည်းရသော်လည်း ကိုယ်တွင်မူ မလိုအပ်သမျှ သန္တောသဟုခေါ်သော အပိုကိစ္စ ပစ္စည်းမှန်သမျှကို အစွမ်းကုန် ချုပ်တည်းရသည်။ ဤတွင် ဖိနပ်ကလေးမျှ စီးခွင့်မရသောအခါ ဆဗ္ဗဂ္ဂီ ကိုယ်တော်ကလေးတို့၏ ခြေထောက်များ ယားကျိကျိ ဖြစ်နေကြရာမှ 'ဘုရားရှင်က ဖိနပ်စီးခွင့်ပြုလိုက်ပြီတဲ့ဟေ့'ဟု ကြားရသောအခါ ခေါင်းထောင်၍ ထလာကြသည်။

ဒေသစာရီ ခရီးဝေးသွားလာကြသောအခါ၌ ခြေနာသက်သာပါစေဆိုရုံမျှ ရှင်သောဏတို့လို ခြေနာရောဂါရှင်များ သက်သာပါစေဆိုရုံမျှ ဘုရားရှင်က

လွှာချင်းတစ်ထပ်၊ သားရေဖိနပ်ကလေးမျှကို ခွင့်ပြုတော်မူလိုက်ခြင်းဖြစ်သော်လည်း သူတို့ကမူ ဖိနပ်ဆိုလျှင် ဝိနည်းလွတ်ပြီဆိုကာ သည်းကြိုးများတွင် မျိုးစုံအောင် အလှဆင်၍ စီးကြသည်။ ကျောင်းတွင်း ရွာတွင်း နေရာမလပ် တဖျပ်ဖျပ်စီးကြသည်။

မင်းသား၊ သူဌေးသား၊ ဘုန်းကံကြီးမားသော မျက်နှာကြီး ဆဗ္ဗဂ္ဂီများက သည်းကြိုးများကို ရွှေကွပ်၍ စီးသည်။ ရွှေဖိနပ် မစီးရဆိုတော့ ငွေကွပ်၍ စီးသည်။ ဝင်းဝင်းထိန်ထိန် စိန်စီ၍ စီးသည်။ ဖိနပ်အလှကလေးတွေဆိုတော့ လူမြင် သူမြင် အောင် ရွာတွင်း ကျောင်းတွင်း နေရာမလပ် ရုပ်တိုက်၍ စီးသည်။

တတ်လည်းတတ်နိုင်သည့် ကိုယ်တော်များပါပေ။ ကွန့်သမျှ လွန့်သမျှ ဆန်စဉ်ရာ ကျည်ပွေ့လိုက်ဆိုသကဲ့သို့ ဘုရားရှင်အဖို့ တစ်ခုပြီးတစ်ခု ပညတ်တား မြစ်တော်မူရ၏။ ထို့ကြောင့်လည်း သိက္ခာပုဒ်တော် တိုးပွားများပြားနေရခြင်း ဖြစ်ပေသည်။

ဤသည်ကား မြင်သာ ထင်သာသော သည်းကြိုးတွင် အလှဆင်ကြခြင်း ဖြစ်၍ ဖိနပ်သားကိုလည်း ကြည့်ပါဦး၊ 'ဖိနပ်'ဟုသာ သာမာန်အားဖြင့် ခွင့်ပြုတော် မူလိုက်ခြင်းဖြစ်၍ မည်သည့်သားရေဟု ခွဲခြားခွင့်ပြုမှု မပါသေးသည်ကို အခွင့်အရေး ယူကာ ဆင်သားရေ၊ မြင်းသားရေ၊ အောင်းသားရေ၊ မြွေသားရေ၊ ရှဥ့်နက်ရေ၊ ခြင်္သေ့ရေ၊ ကျားရေ စသည် စုံတကာစေ့အောင် စိတ်ကူးရသမျှ စီးကြသည်။ ဤသည်တို့ကိုလည်း တစ်ခုချင်း တားမြစ်တော်မူရသည်။

ဖိနပ်ပုံစံနှင့် သည်းကြိုးအလှဆင်ပုံ တစ်မျိုးလည်း ရှုပါဦးလော့။ ရောင်မျိုး စုံအောင် ဆေးဆိုးသည်။ ဒေါင်းမြီး၊ ခါတောင်စသော လှမည်ထင်သမျှ အတောင် အရွက်တို့ကို ကင်း၊ ပုစွန်ပုံစံ ဖွတ်မြီးထိုး၍ စီးသည်။ ဤမျှမက ယောနကတိုင်းသား တို့၏ အနောက်တိုင်းအတုကို ယူ၍ ရှူးဖိနပ်များကိုပင် စီးတော်မူလိုက်ကြသေးသည်။

မျက်နှာကြီး ဆဗ္ဗဂ္ဂီတို့ကတော့ ယင်းတို့ ကြွားချင်းတိုင်း ကြွားကြသည်။ မကြွားနိုင်သော ဆင်းရဲသား ဆဗ္ဗဂ္ဂီကလေးများကလည်း တစ်မျိုးတစ်မည် စီစဉ်ကြ သေး၏။ ဝါးဖိနပ်၊ ထန်းဖိနပ်၊ မြက်ဖိနပ်၊ စွန်ပလွန်ရွက်၊ ခနန်းရွက်၊ တောင်ကြာ ရွက် စသည်တို့ကို ဖိနပ်မျိုးစုံလုပ်၍ စီးကြသည်။ ချို့တဲ့သူတို့အဖို့ အလွယ်ဆုံးသော ဖိနပ်သည်ကား ခုံဖိနပ်ခေါ် သစ်သားဖိနပ်ပင် ဖြစ်၏။ ဤသည် ဤသည်တို့ကိုလည်း တစ်ခုချင်း တစ်ခုချင်း တားမြစ်တော် မူရသည်။ ထို့ကြောင့်လည်း ဗုဒ္ဓကိစ္စတော်များမှာ မအားလပ်နိုင်လောက်အောင် များပြားရခြင်းဖြစ်၏။ သူတို့ စုံတကာစေ့အောင် ထွင်သမျှ ကွန့်သမျှကို တားမြစ်တော်မူပြီးမှ ဖိနပ်ကိစ္စပြီးပြတ်သည်။

*

ဘုရားရှင်သည် ဒေသစာရီ လှည့်လည်ရာမှ ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်ရောက်လာသော အခါ နောက်တော်ပါးမှ အလုပ်အကျွေးအဖြစ် မထင်မရှား ရဟန်းကလေးတစ်ပါး

ပါရှိလာ၏။ ဘုရားရှင်အဖို့ အရှင်အာနန္ဒာကို အလုပ်အကျွေးအဖြစ် သတ်သတ်မှတ်မှတ် မခန့်အပ်မီအချိန်ထိ ဤသို့ပင်အလျဉ်းသင့်သလို အလုပ်အကျွေးရဟန်းများ လိုက်ပါကြသည်။ ထင်ရှားသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့မှအစ ယခုလို မထင်ရှားသော ရဟန်းတော်လေးများအထိ ပါဝင်သည်။

ဘုရားရှင်တို့နှင့် တူရူခရီးမှ ဥပသကာကြီးတစ်ယောက် လျှောက်၍ လာနေ၏။ ဥပါသကာကြီးက ဘုရားရှင်တို့သို့ တူရူတွေ့မြင်ရသောအခါ လမ်းဘေးတွင်ထိုင်၍ ဝပ်ချရင်း ဘုရားရှင်သို့အာရုံစိုက်ရမည်ထက် နောက်တော်ပါ ရဟန်းကလေးဆီသို့သာ သူ့မျက်လုံးများ ရောက်နေသည်ကို တွေ့ရသည်။ အကြောင်းသော်ကား နောက်တော်ပါးမှ လိုက်ပါလာသော ကိုယ်တော်လေးသည် ဖြောင့်ဖြောင့်မှန်မှန် မလိုက်ပါနိုင်ဘဲ သက်န်းစကို မကာ ပင့်ကာဖြင့် ကွတ ထော့နင်းဖြစ်လျက်ရှိသည်ကို တွေ့ရသောကြောင့် ဖြစ်ပေ၏။

ကိုယ်တော်လေးခမျာ ခြေနာရောဂါ မသိမသာ ရှိနေခဲ့ရာက နောက်တော်မှ လိုက်ပါရသောအခါ ခွင့်ပြုတော်မူသော လွှာချင်းဖိနပ်ကို စီးနင်းခဲ့သော်လည်း ဒေသစာရီခရီးက အလွန်ပင် ကွာလှမ်းသောကြောင့် နဂိုက ခပ်ပါးပါး ဖိနပ်ကလေး ခုံပါပေါက်ကာ ခြေနာကို ထိခိုက်လာသောကြောင့် ဖြစ်သည်။

ဥပါသကာကြီးက 'ကိုယ်တော်လေး လမ်းလျှောက်တာ မမှန်ပါဘူး၊ ဘယ်လိုဖြစ်တာပါလဲ ဘုရား'ဟု ဘုရားရှင်ကို ကျော်၍ မေးလျှောက်လိုက်သည်။

'ဖိနပ်ပေါက်လို့ပါ ဒကာကြီး'

'ဖိနပ်ပေါက်ရင် ချွတ်ပြီးလျှောက်ရောပေါ့ ကိုယ်တော်'

'ခြေနာရောဂါကလဲ ရှိနေလို့ပါ'

'သြော် ဖြစ်မှ ဖြစ်ရပလေ'

ဥပသကာကြီးက ရဟန်းတော်လေးအနီးသို့ ရွေ့လာကာ နာသောခြေထောက်ကို ကိုင်၍ကြည့်သည်။ အနားဖွာကာ ခြေလယ်လောက်မှ ပေါက်ထွက်နေပြီဖြစ်သော လွှာချင်းဖိနပ်ကလေးနှစ်ဖက်ကို အပြန်ပြန်လှန်၍ ကြည့်သည်။

ထို့နောက် ဥပါသကာကြီးသည် နံဘေး၌ချထားသော မိမိ၏ အလွှာလွှာ အထပ်ထပ် ဖိနပ်ဟောင်းကိုကိုင်၍ ရဟန်းလေးအား 'အရှင်ဘုရား ဤဖိနပ်ကို အလှူခံ၍ စီးတော်မူပါ'ဟု ကပ်လှူသောအခါ ရဟန်းလေးက 'ဒါယကာကြီး၊ ငါတို့အား ဘုရားရှင်က လွှာချင်းတစ်ထပ် ဖိနပ်ကိုသာ ခွင့်ပြုတော်မူထားပါသည်၊ အထပ်ထပ်သော သင့်ဖိနပ်ကို စီးခွင့်မရှိပါ'ဟု တားမြစ်သည်။ ဤသည်ကို မြင်တော်မူသော ဘုရားရှင်က

'ဂိလာနဖြစ်သော သင်ရဟန်းအား ငါဘုရား စီးခွင့်ပြုပါ၏၊ အလှူခံလိုက်ပါဘိ' ဟု မိန့်တော်မူ၍ လှူခွင့်စီးခွင့် ရသွားကြသည်။

ယင်းဖြစ်ရပ်၏ အဖြေကား ထိုနေ့ည ရဟန်းပရိသတ်စုံရာတွင် ယခင်က လွှာချင်းတစ်ထပ် ဖိနပ်မျှသာမက အထပ်ထပ် အလွှာလွှာသော ဖိနပ်ဟောင်းများကို အနုပညာတ်အဖြစ် ထပ်မံခွင့်ပြုတော်မူလိုက်ခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် ဝိနည်းလေးစားသော ရဟန်းတော်များသည် သင်္ကန်းတွင် အဆင်းဖျက် ဗိန္ဒုထိုး၍ ဝတ်သကဲ့သို့ ဖိနပ်အသစ်ကိုလည်း အဟောင်းဖြစ်ရန် သံချောင်းကလေး စသည်ဖြင့် ထိုးခြစ် အဆင်းဖျက်ပြီးမှ စီးကြသည်။

ဤသည်ကား ရွှေဖိနပ်၊ ငွေဖိနပ်၊ ပတ္တမြားဖိနပ်၊ စိန်ဖိနပ်များကို စီးခွင့်မရကြသော်လည်း ခွင့်ပြုတော်မူအပ်သော ယနေ့ ကျွန်ုပ်တို့ သာသနာတော်အထိ စီးခွင့်ရနေကြသည့် ဖိနပ်အဖွင့် အကြောင်းရပ်ပင် ဖြစ်ပါသတည်း။ ။

## ဓာဏသောဏိ ကျွတ်တမ်းဝင်ခြင်း

သစ္စကပရိဗိုဇ်၊ အမ္ဗဋ္ဌလုလင်၊ ပေါက္ခရသာတိ ဗြာဟ္မဏ၊ သောဏ ဒဏ္ဍ ဗြာဟ္မဏ၊ ကူဋဒဏ္ဍဗြာဟ္မဏအစရှိကုန်သော လူယောကျ်ားတို့ကိုလည်း ဆုံးမအပ် ကုန်ပြီ။ အာဠဝက ဘီလူး၊ သုစိလောမ ဘီလူး၊ ခရလောမ ဘီလူး၊ သိကြား နတ်မင်း အစရှိသည့် လူနှင့်တူသော နတ်ဘီလူး ယောကျ်ားတို့ကိုလည်းကောင်း ငြိမ်သက်စေကုန်ပြီး ဆန်းကြယ်သော ဆုံးမခြင်း၏ ဥပါယ်တံမျဉ်တို့ဖြင့် ဆုံးမအပ်ကုန်ပြီ။ အနုနည်း၊ အကြမ်းနည်း၊ အနုအကြမ်း နှစ်ပါးစုံနည်းတို့ဖြင့် လည်း ဆုံးမတော် မူအပ်ကုန်ပြီ။

(ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာ၊ အနုတ္တရော
ပုရိသ ဒမ္မသာရထိ ဂုဏ်တော်အဖွင့်)

အနုနည်းဟူသည် တရားဟောခြင်းဖြစ်၍ အကြမ်းနည်းဟူသည် တန်ခိုးတော်ကို ထုတ်ဖော်ရခြင်းကိုပင် ဆိုလိုသည်။

သစ္စကပရိဗိုဇ်ကို အနုနည်းဖြင့်ချွတ်ရာတွင် တင်းခံနေသောကြောင့် သိကြားနတ်မင်းက အကြမ်းဖက်၍ ကူစွက်ပေးလာရသည်။ ဤနေရာတွင် သိကြား နတ်မင်း၊ သို့မဟုတ် ကျွန်ုပ်တို့၏ ဦးမာဃဟူသည် အထက်ပါအတိုင်း အာဠဝက ဘီလူးတို့ အတန်းထဲတွင် ဘုရားရှင်နှင့် ဆန့်ကျင်ဘက် နတ်ကြမ်းကြီးအသွင် စာရင်းဝင်ထားသူဖြစ်ပါလျက် သစ္စက၏ ကိစ္စတွင် ဘုရားရှင်ဘက်မှ ကူလာရာ သလောဟု စောကြောဖွယ် ရှိသည်။

မှန်၏။ ရှေးဦးစွာကား သိကြားသည် ဘုရားရှင်နှင့် ဆန့်ကျင်ဘက် ယောင်ယောင် ရပ်တည်ခဲ့သူဖြစ်သည်။ နောင်အခါတွင် တပည့်ကျော် ပဉ္စသိခ၏ အကူအညီဖြင့် သက္ကပဉှာသုတ် တရားဒေသနာကို ကြားနာရသည့်အခါမှ အကျွတ် တရားရ၍ သာသနာ့ဒါယကာ သောတာပန် သိကြားအဖြစ်သို့ ရောက်ရှိလာသူ ဖြစ်သည်။

ဆန့်ကျင်ဘက်ယောင်ယောင် ရပ်တည်ခဲ့ဟန်ကား ဘုရားရှင်အထံတော်သို့ ချဉ်းကပ် ရှိခိုးလိုပါလျက် တွေတွေတင်တင် မဝင်မရောက်၊ ကိုယ်စားလှယ်ဖြင့်သာ ရှိခိုးခိုင်းသည်။ မင်္ဂလာတရားကို သိလိုရေးကြောင့် မေးလျှောက်ရာတွင်လည်း မြင်မြင်ထင်ထင် အထင်အရှားမဟုတ်။ အညတရ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သားအသွင်ဖြင့်သာ ဝင်ရောက်လျှောက်ထားသည်။ ဆွမ်းကလေးမျှ လောင်းလှူလိုပါသည်ကို ကြီးမြတ်သော ဘုရားရှင်အား အထင်အရှား လောင်းလှူလိုက်လျှင် ပြီးနိုင်ပါလျက် အရှင်မဟာကဿပကိုယ်တော်ကြီးကို အဘိုးအို အမယ်အိုယောင်ဆောင်ကာ ခိုး၍ လောင်းလှူခဲ့သည်။ နောင်အခါမှ ဘုရားရှင်သာသနာတွင် ဥပါသကာအဖြစ် ကျွတ်တမ်းဝင်လာခြင်း ဖြစ်၏။

အကြောင်းမူကား သူတို့သည် ပစ္စုပ္ပန်အမြင်နှင့် အစဉ်အလာစွဲ နှစ်ရပ်အကြားတွင် မပြတ်မသား စိတ်ထားမမှန်ကန်ခဲ့သူများ ဖြစ်ခဲ့ကြ၏။ သူတို့ဟူသည်ကား သိကြားအပါအဝင် သစ္စကကြီးတို့အစ ပေါက္ခရသာတိ စသော အစဉ်အလာ ဗြာဟ္မဏစွဲ ဆရာကြီးတို့ဖြစ်ကြ၏။

ဘုရားရှင်၏ အနတ္တ သာသနာထွန်းကားလာသောအခါ သစ္စက၊ ပေါက္ခရ သာတိ စသော ယင်းဆရာကြီးများနှင့် ထိပ်တိုက်တိုး၏။ အကြောင်းမူကား သူတို့ သည် သာမန်ဗြာဟ္မဏများ မဟုတ်ကြ၊ ဘုရင်တို့ကိုယ်တိုင် အတိုင်ပင် အကိုးကွယ်ခံများ ဖြစ်ရုံသာမက တပည့်ပေါင်းများစွာတို့၏ ဂိုဏ်းဆရာကြီးများလည်း ဖြစ်ကုန်သည်။ ဂိုဏ်းဆရာမျှမက ဩဇာတိက္ကမကြီးမားလှသော နယ်စားမြို့စားကြီးများလည်း ဖြစ်ကြသည်။ စည်းစိမ်ရှင် သူဌေးကြီးများလည်း ဖြစ်ကြသည်။

ပေါက္ခရသာတိ၊ သောဏဒဏ္ဍ၊ ကူဋဒဏ္ဍ အစရှိကုန်သော အမ္ဗဋ္ဌ၊ တောဒေယျ၊ စင်္ကီ၊ ဇာဏုသောဏိ၊ ဝေရဉ္ဇာ ဗြာဟ္မဏကြီးတို့လည်း ပါဝင်၏။ သူတို့သည် ဘုန်းကြီးသော သာဝတ္ထိပြည်ရှင် ဘုရင်နှင့် ဗိမ္ဗိသာရဘုရင်တို့၏ မင်းဆရာကြီးများ ဖြစ်ကြ၍ သစ္စကကြီးကမူ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဆရာကြီးဖြစ်သည်။

သူတို့စာရင်းတွင် အမ္ဗဋ္ဌလုလင်တစ်ယောက် ကြားညှပ်၍ ပါဝင်နေသည်။ ပေါက္ခရသာတိ ဆရာကြီး၏ လက်ရင်းတပည့်ကြီးဖြစ်၍ အစဉ်အလာနှင့် ပညာ မာန်စွဲကြီးရာ၌ ဆရာတို့ထက်ပင် ကဲလွန်သူဖြစ်ရုံမက ဘုရားရှင်ကို ဆန့်ကျင်တိုက်ခိုက် ရာတွင် ရိုင်းစိုင်းလှသူဖြစ်သောကြောင့် စာရင်းဝင်နေသည်။

ဘုရားရှင်ရှေ့တော်တွင် လက်ပိုက် ရင်ကော့ ဟောဟောရမ်းရမ်း လမ်း လျှောက်ပြ၏။ အမျိုးဂုဏ်ကို စွပ်စွဲရှုတ်ချ၏။ ဆရာ့အမိန့်နှင့် ရောက်လာရခြင်းဖြစ်၍ သာ ဤမျှရိုင်းခြင်းဖြစ်၍ သူ့အလိုအတိုင်းသာဆိုလျှင် ဘုရားရှင်ကို ကိုယ်ထိ လက်ရောက်အထိ စော်ကားလိမ့်မည်လား ထင်မှတ်ရသည်။ ('ဗုဒ္ဓစာပန်းချီ လက်စား

ချေ လိုသူ' ကိုရှု။) သူ့ကို တစ်ခုတော့ ကျေးဇူးတင်ဖို့ကောင်းသည်။ အကြောင်းမူကား သူ့ကြောင့်သာ ဒီဃနိကာယ ဒေသနာတော်တွင် ခမ်းနားလှသော အမွှေသုတ် တရားတော် ထွက်ပေါ်လာရခြင်း ဖြစ်သည်။

ဤသို့လျှင် ယင်းဆရာကြီးတို့သည် ဘုရားရှင်နှင့် ဆန့်ကျင်ဘက် ဖြစ်နေကြသော်လည်း ဘုရားရှင်၏ သည်းခံမှုတရားကြီးမားသော ဂုဏ်တော်တို့ကြောင့် ပထမတွင် ဖွင့်၍ပင် ဝန်မခံနိုင်ကြသေးသော်လည်း တဖြည်းဖြည်းအားဖြင့်မူ သူတို့တရားက ဘုရားဘက်ခပ်ပါပါ ဖြစ်လာကြကုန်သည်။ တစ်ကြောင်းမှာလည်း သူတို့သည် ဘုရင်ကိုယ်တိုင် ဘုရားရှင်ဘက်သို့ ရောက်သွားသည်ကို တွေ့လာရသောအခါ သူတို့မှာလည်း တစ်စတစ်စဖြင့် ဘုရားရှင်၏ တရားဒေသနာအတွင်းသို့ မသိမသာ ချဉ်းကပ်လာကြသည်။

တချို့က တပည့်ကိုလွှတ်၍ ဘုရားရှင်ထံသို့ စုံစမ်းခိုင်း၏။ တချို့က အဝေးမှနေ၍ စကားဖြင့် ပူဇော်၏။ ဤကိစ္စတွင် ဝေရဉ္စာ ဗြာဟ္မဏကြီး၊ သစ္စကကြီးတို့ နှစ်ဦးသာ ရှင်း၏။ သတ္တိရှိ၏။ အကြောင်းမူကား ဝေရဉ္စာ ဗြာဟ္မဏကြီးသည် ဆန့်ကျင်ဘက်ပင် ဖြစ်စေကာမူ မိမိတွေ့လိုနေသူ ဘုရားရှင်ကို တိုက်ရိုက်ဝင်၍ တွေ့လိုက်သည်။ တွေ့သည်ဆိုလျှင်ပင် သူ့အမြင်အားဖြင့် မမျှော်လင့်သော ဆန့်ကျင်ဘက်ကို ဘုရားရှင်ထံမှ တွေ့မြင်ရ၍ အံ့အားသင့်သွားသည်။ အကြောင်းကား ဘုရားရှင်သည် အသက်အရွယ်အားဖြင့် သူ့အောက်ငယ်သူဖြစ်၍ ဗြာဟ္မဏဝါဒအရ ငယ်သူက ကြီးသူကို စတင် အရိုအသေပြုရမည်ကို ဘုရားရှင်က မပြုသောကြောင့် ဖြစ်၏။

ဘယ့်နှယ်လဲ ရှင်ဂေါတမ၊ ရှင်ဂေါတမရဲ့သတင်းကဖြင့် လူ့ရွာနီးဝေးမွှေးလှပါ၏၊ သို့ရာတွင် မျက်မြင်ကိုယ်တွေ့မှာဖြင့် ပညာရှိဆိုပြီးတော့ ငယ်ရွယ်သူဖြစ်ပါလျက် ငါကဲ့သို့သော ကြီးသူကို အရိုအသေမှ ပြုဖော်မရပါတကား'ဟု စွပ်စွဲလိုက်သည်။

ဤတွင် ဘုရားရှင်က ရိုသေမှုပြုကြသည့်ကိစ္စ၌ ကြက်ဥပေါက်ဖွားပုံကို ဥပမာထား၍ တရားဟောလိုက်သောအခါ ဝေရဉ္စာ ဗြာဟ္မဏကြီး ကျွတ်တမ်းဝင်ပြီး ဥပါသကာဖြစ်၍လာကာ မိမိနေရာ ဝေရဉ္စာပြည်သို့ပင် ပင့်ဖိတ်သည်။ ပင့်ဖိတ်ချက်အရ ဒွါဒသမ ဝါတော်ကို ဝေရဉ္စာသို့ ကြွရောက်ဆိုတော်မူရာ၌ ဆွမ်းကွမ်းကိစ္စ အဆင်မပြေလှသော်လည်း ဝိနည်းဒေသနာတော်၏ အစစွာသော ပါရာဇိကဏ် ဒေသနာတော် ထွန်းပေါ်လာခွင့်ကြုံသည်။

သစ္စကကြီးကမူ ဆန့်ကျင်လာသူ ဘုရားရှင်ကို ဆင်ခြင်စဉ်းစား အဝေးစကားမျှဖြင့်သာ ဝေ့လည်၍ မနေ၊ တော့တော့တင်တင် ရင်ဆိုင်၍ ဝါဒပြိုင်သည်။

ပြိုင်ရာ၌ သူ့ရှုံး၍ မကျွတ်သော်လည်း စဉ်းစားဉာဏ်မလွတ်သော ပညာရှိတစ်ဦးပီပီ ဘုရားရှင်အပေါ်သို့မူ အတွင်းစိတ်ဖြင့် ကိုင်းညွတ်သည်။ ညွတ်သည့်အလျောက်လည်း ဘုရားရှင်ကို ဆွမ်းပင့်၍ပင် ကပ်လှူလိုက်သေးသည်။ နောင်အခါ သီဟိုဠ်သာသာနာ ရောက်လာမှ သူ ကျွတ်တမ်းဝင်၏။

*

ယင်းသို့လျှင် မိမိတို့က ဂေါတမဘုရားနှင့် အနေကတ္တားခြားလျက် ရှိသေးသော်လည်း မိမိတို့ဘက်တွင် ဘုရင်ကောသလ ကိုယ်တိုင်မှုကား ဘုရားရှင်ကို ကိုးကွယ်ရုံမက မကြာခဏ ဇေတဝန်သို့ သွားရောက်ဆည်းကပ်ခဲ့သည်မှာ အတန်ပင် ကြာခဲ့ပြီ။ ဆည်းကပ်ရုံမျှမက ဘုရင်သည် ဂေါတမဘုရားအား နန်းတွင်းကိစ္စ၊ မိဖုရားတို့ကိစ္စ တွေ့ကရာရှစ်သောင်း သောင်းပြောင်းထွေလာတို့ကိုလည်း လျှောက်ထားရင်းနှီး နေသည်ဟု ကြားရ၏။ အကြောင်းမရှိ အကြောင်းရှာ၍သွားကာ တစ်ခါတစ်ရံတွင် ဂေါတမဘုရား ရှေ့တော်၌ပင် အိပ်ငိုက်၍ နေတတ်သည်ဟုပင် ကြားသိလာရသည်။

မိမိတို့ ဘက်တော်သား ပေါက္ခရသာတိ ဆရာကြီးဆိုလျှင် ရှင်ဂေါတမကို ဆွမ်းပင့်၍ပင် ကျွေးလေပြီ။ ဝေရဉ္ဇာ ဆရာကြီးဆိုလျှင် သူ့ဘက်သား ဖြစ်သွားရုံမက· သူ့အရပ်သို့ပင် ပင့်ဖိတ်၍ သီတင်းသုံးစေသည်ဟု သိလာရသည်။

မိမိတို့အဖို့ ဘုရင့်အတိုင်ပင်ခံ ပညာရှင်ကြီးများဆိုသည့်တိုင် ညီလာခံလို နေရာမျိုးမှ တစ်ပါး ဘုရင်နှင့်နှစ်ဦးချင်း တွေ့လိုလျှင် ကန့်လန့်ကာခြား၍သာ အတွေ့ခံသည်။ ဘုရင်ကိုယ်တိုင်ကကော့ ရှင်ဂေါတမနှင့် ရင်းနှီးနေလေပြီ။ ထို့ကြောင့် မိမိလည်း ရှင်ဂေါတမထံပါးသို့ ဝပ်တွားချဉ်းကပ်မှ သင့်လျော်ပေမည်ဟု ဇာဏုသောဏိ ဗြာဟ္မဏကြီး စဉ်းစားလာ၏။ သို့သော် မိမိကဲ့သို့သော ပညာရှိ တစ်ဦးသည် ဂိုဏ်းဆရာကြီးတစ်ဦးထံ ချဉ်းကပ်ရာ၌ အကြောင်းမဲ့သွား၍တော့ မလျော်၊ ဆွေးနွေးမေးမြန်းဖွယ် တရားအချက်များနှင့် ချဉ်းကပ်မှ သင့်လျော်မည် ဟု အမေးပုစ္ဆာ သိဖွယ်ရာများကိုလည်း စဉ်းစားထားသည်။

သို့နှင့် သင့်လျော်ရာတစ်ချိန်တွင် ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိသို့ ချဉ်းကပ်ဝင်ရောက်၍ 'တပည့်တော် ဇာဏုသောဏိ ပါ ဘုရား'ဟု လျှောက်ထားသည်။

'သိပါ၏ ဗြာဟ္မဏကြီး'

'အရှင်ဘုရားထံ လျှောက်ထားရန်ရှိ၍ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်၊ လျှောက်ထားခွင့် ပြုတော်မူပါမည်လား ဘုရား'

ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူ၏။ ဆိတ်ဆိတ်နေခြင်းသည် ခွင့်ပြုတော်မူခြင်းပင် ဖြစ်ပေသည်။

ဘုရင်နှင့် အစပြုကာ စဉ်းစားလာခြင်းဖြစ်သည့်အတိုင်း

'အရှင်ဂေါတမ၊ မင်းတို့သည် အဘယ်ကို အလိုရှိပါကုန်သနည်း၊ အဘယ် အလို့ငှာ လေ့လာကြပါသနည်း၊ အဘယ်ကို နှလုံးသွင်းကြပါကုန်သနည်း၊ မင်းတို့၏ လိုအပ်ချက်မှာ အဘယ်လျှင် အဆုံးရှိပါသနည်း'ဟု လျှောက်ထားလိုက်သည်။

'ဗြာဟ္မဏကြီး၊ မင်းတို့မည်သည် စည်းစိမ်ကို အလိုရှိကြကုန်၏၊ ပညာအလို့ငှာ လေ့လာကုန်၏၊ ဗိုလ်ပါစစ်သည်အပေါင်းလျှင် တည်ရှိရာကုန်၏၊ ရေမြေကို အစိုးရခြင်း၌ နှလုံးသွင်းကုန်၏၊ မင်းတို့၏ အဆုံးစွန်သော လိုအပ်ချက်ကား အစိုးရခြင်းပေတည်း'

ဟုတ်မှန်လှပေ၏။ ဘုရားရှင်၏ အဖြေကို အလွန် နှစ်သက်သည်။ ဘုရားရှင်က မိမိကို ကြည်ဖြူစွာ လက်ခံ ဆက်ဆံသည်ကိုလည်း နှစ်သိမ့်သည်။ ထို့ကြောင့် သွက်လက်ရွှင်လန်း၍လာကာ ဒုတိယမေးခွန်းကို ဆက်လက်လျှောက်ထား လိုက်သည်။

'အရှင်ဂေါတမ၊ ဗြာဟ္မဏတို့သည် အဘယ်ကို အလိုရှိကြပါသနည်း၊ အဘယ်အလို့ငှာ လေ့လာကြပါသနည်း၊ သူတို့၏ ဆောက်တည်ရာကား အဘယ် ပါနည်း၊ အဘယ်ကို နှလုံးသွင်းကြပါကုန်သနည်း၊ သူတို့၏ လိုအပ်ချက်မှာ အဘယ်အရာလျှင် အဆုံးရှိကြပါသနည်း'

'ဗြာဟ္မဏတို့သည်လည်း စည်းစိမ်ကိုပင် အလိုရှိကြကုန်၏၊ ပညာ အလို့ငှာပင် လေ့လာကြကုန်၏၊ သူတို့၏ဆောက်တည်ရာကား မန္တာန်သာ ဖြစ်၏၊ ယဇ်ပူဇော်ခြင်း ကို နှလုံးသွင်းကုန်၏၊ သို့ရာတွင် သူတို့၏ အဆုံးစွန်သော ရည်မှန်းချက်ကား ဗြဟ္မာ့ဘုံမျှသာ ဖြစ်လေသည်'

မိမိတို့အကြောင်းကို ရှင်ဂေါတမ သိလွန်းလှချေ၏။ မေးမိသည်မှာပင် မှားတားတား ဖြစ်သွားလေပြီလား၊ မိမိတို့သည် ဘုရင့်စည်းစိမ်ကို မမီသော်လည်း မိမိတို့အချင်းချင်းမှု စည်းစိမ်ပြိုင်၊ ဂုဏ်ပြိုင် ဖြစ်ကြသည်။ ယင်းစည်းစိမ်အတွက် စီးပွားဖြစ်ရာမှာ ယဇ်ပူဇော်ခြင်း ဖြစ်သည်။

အမျိုးဂုဏ်ပြိုင်ရာ၌ မင်းနှင့် ဗြာဟ္မဏ၊ ဘုရင်နှင့် မိမိတို့သည် သမိုင်းနှင့်ချီ၍ သူမြတ်ကိုယ်မြတ် နေရာလုကြသည်။ မင်းမှာ အုပ်စိုးသောသူဖြစ်၍ အရှုံးပေးထား ရသည်။ သို့သော် ယဇ်ပူဇော်သောအခါ၌မူ ပညာရှင်မိမိတို့က အထက်စီးနေရာရ၏။ ထို့ကြောင့် ဘုရင်နှင့်တကွ တစ်နိုင်ငံလုံးက ယဇ်ငယ် ယဇ်လတ် ယဇ်ကြီးတို့ ပူဇော်မှုကို မပြတ်နှလုံးသွင်းသည်။ ရှင်ဂေါတမက ဗြဟ္မာ့ဘုံကို မရှုတ်ချသော်လည်း သူ၏ နိဗ္ဗာန်ဝါဒ အနတ္တသာသနာ ထွန်းပေါ်လာသောအခါ ဗြဟ္မာ့ဘုံကို နှိမ့်ချချင် သယောင် ရှိသည်။ မိမိသည် နိဗ္ဗာန်ဝါဒကို နားမလည်နိုင်သေး။

ဇာတာသောဏိအဖို့ ဘုရားရှင်နှင့် ဆွေးနွေး မေးမြန်းရသည်မှာ လိုက်လျော ပြတ်သားသော အဖြေများကြောင့် ပျော်လာသည်။ ထို့ကြောင့် ရင်းနှီးလာကာ အောက်ပါအချက်များကိုလည်း ဆက်လက်မေးမြန်းလိုက်သည်။

'အရှင်ဂေါတမ၊ သူကြွယ်တို့သည် အဘယ်အရာကို အလိုရှိပါသနည်း၊ အဘယ်အလို့ငှာ လေ့လာကြသနည်း၊ အဘယ်ကိစ္စကို နှလုံးသွင်းပါကုန်သနည်း၊ အဘယ်အရာတွင် အဆုံးရှိပါသနည်း'

'သူကြွယ်တို့သည်လည်း စည်းစိမ်ဥစ္စာကိုသာ အလိုရှိကုန်၏၊ ပညာအလို့ငှာ လေ့လာကုန်၏၊ ကုန်သွယ်မှုအတတ်ပညာလျှင် တည်ရာရှိကုန်၏၊ အလုပ်ကိစ္စ နှလုံးသွင်း၍ ယင်းကိစ္စများ ပြီးဆုံးခြင်းလျှင် အဆုံးရှိကုန်၏'

ဤသည်လည်း မှန်လှပါချည့်။ သိက္ခာကြီးလှသော ရှင်ဂေါတမသည် ဤသို့ လူမှုကိစ္စများကိုလည်း နားလည်လှပါဘိ၏။ သို့ဆိုလျှင် သူနားလည်ဟန် မတူသော လူမှုအောက်ခြေကိစ္စတစ်ရပ်ကို မေးမြန်းစမ်းသပ်ကြည့်ရပေဦးမည်။

'အရှင်ဂေါတမ၊ မိန်းမတို့သည် အဘယ်အရာကို အလိုရှိကြကုန်သနည်း၊ အဘယ်အရာကို လေ့လာကြပါကုန်သနည်း၊ အဘယ်အရာလျှင် တည်ရှိကြပါသနည်း၊ အဘယ်အရာကို နှလုံးသွင်းပါကုန်သနည်း'

'ဗြာဟ္မဏကြီး၊ မိန်းမတို့သည်ကား ယောကျာ်းကို အလိုရှိကြကုန်၏၊ တန်ဆာဆင်ယင် အလှပြင်ခြင်းကိစ္စ၌ လေ့လာကုန်၏၊ သူတို့၏ ထောက်တည်ရာကား သားပေတည်း၊ သူတို့၏ နှလုံးသွင်းမှုကား လင်တူ မယားမရှိမှုကိုပင် ဖြစ်၏၊ သူတို့၏ ဆန္ဒကား မိမိအိမ်၌ အစိုးရခြင်းလျှင် အဆုံးရှိကုန်၏'

ယင်းအဖြေကြောင့် ဗြာဟ္မဏကြီးအဖို့ ထခုန်မိမတတ်ပင် လှုပ်ရှားသွားရသည်။ ရှင်ဂေါတမသည် နားလည်လှပါဘိ၊ မှန်လှပါချည့်ဟု နှစ်သိမ့်သွားသည်။

မိမိသည် မင်းနှင့်တကွ နေရာတကာတွင် ဆရာကြီးတစ်ဆူ ဖြစ်တမုံ့လည်း အိမ်သို့ရောက်သောအခါတွင်မူ အိမ်သူပုဏ္ဏေးမကြီးက မိမိကို စိုးပိုင်ချင်သည်။ ဆရာလုပ်ချင်သည်။ မိမိထက် သူ့သားများကို အရာရာအားထား အလေးပေးသည်။ အိမ်တွင် သူ ဘုရင်ဖြစ်၏။ ထို့ကြောင့်လည်း 'အိမ်ရှင်မ'ဟု ဝေါဟာရ ပြုကြဟန်တူ၏။

တစ်ကြောင်းမှာလည်း မိမိသည် သက်ရွယ်ကြီးပြင်း အိုမင်းလှပြီဖြစ်သော်လည်း ပုဏ္ဏေးမကြီးကမူ သွားလေရာရာ မိမိကို စိတ်မချ၊ အဆွယ်အပွား မယားတို့နှင့် တွေ့လာမည်ကို မပြတ်စိုးရိမ်ကာ မသင်္ကာဖွယ် သရိုးသယီ တွေ့လာသည့် အရိပ် အရောင်မျှဖြင့်ပင် တိတ်တဆိတ်ကြိတ်၍ ဆူတတ် ပွက်တတ် တွတ်ထိုးတတ်သည်။

နောက်တစ်ကြောင်းမှာလည်း အဘွားကြီးသည် သက်ရှယ်ယွင်းယို အိုမင်းလှပြီပင် ဖြစ်သော်လည်း တန်ဆာဆင်ယင် အလှပြင်ခြင်း ကိစ္စကိုတော့မူ မှန်ကြေးမုံရှေ့မှ မခွာလိုသေးဟု တွေးမိလာသည်။

ရှင်ဂေါတမသည် နံ့စပ်သိမြင်လှပါပေ၏။ သို့သော် မင်း၊ မိန်းမ၊ ဗြာဟ္မဏ စသည်တို့ကတော့ ငယ်စဉ်ကပင် အတွေ့အမြင်များ၍ နံ့စပ်သိမြင်နိုင်သည် ထားပါတော့။ သူသိဟန်မတူသော အကြောင်းတစ်ရပ်ကို မေးလက်စနှင့် မေးကြည့်လိုက်ဦးမှဟု 'ရှင်ဂေါတမ၊ သူခိုးတို့သည် အဘယ်ကို အလိုရှိပါကုန်သနည်း၊ အဘယ်အလို့ငှာ လေ့လာကြပါသနည်း၊ အဘယ်အရာတွင် တည်ရာရှိပါသနည်း၊ အဘယ်အချက်ကို နှလုံးသွင်းပါသနည်း၊ အဘယ်ဆန္ဒလျှင် အဆုံးရှိကြပါသနည်း' ဟု မေးလိုက်သည်။

'သူခိုးတို့သည် သူတစ်ပါး ပစ္စည်းယူခြင်းကိုလျှင် အလိုရှိကုန်၏၊ လျှို့ဝှက် ပုန်းအောင်းရန်အလို့ငှာ လေ့လာကုန်၏၊ သူတို့၏ ထောက်တည်ရာကား လက်နက်သာတည်း၊ မမြင်ကွယ်ရာနှင့် အမိုက်မှောင်ကို နှလုံးသွင်း၏၊ သူတို့၏ အဆုံးစွန်သော ဆန္ဒကား ဥစ္စာရှင်တို့ မမြင်မသိကြရစေလိုခြင်းပင် ဖြစ်၏'

သူခိုးအကြောင်းကိုလည်း ရှင်ဂေါတမ သိပါကလားဟု အံ့အားသင့်ရပြန်သည်။ မိမိ အမေးစကားတို့မှာ သေးမွှားလှ၍ တော်လောက်ပေပြီ။ ပညာရှိများပီပီ ခံ့ခံ့ထည်ထည်ကိုလည်း မေးဦးမှဟု 'ရှင်ဂေါတမ၊ နောက်ဆုံးတစ်ခု မေးလျှောက်ပါရစေ၊ ရဟန်းတို့သည် အဘယ်အရာကို အလိုရှိကြပါကုန်သနည်း၊ အဘယ်အလို့ငှာ လေ့လာကြပါသနည်း၊ အဘယ်အရာလျှင် တည်ရာရှိပါကုန်သနည်း၊ အဘယ်အရာကို နှလုံးသွင်းကြပါကုန်သနည်း၊ အဘယ်မှာလျှင် အဆုံးရှိကြပါကုန်သနည်း ဘုရား' ဟု လျှောက်ကြားလိုက်သည်။

'စေ့စေ့နာလော့၊ ဇာဏုသောဏိ ဗြဟ္မာဏကြီး၊ ရဟန်းတို့မည်သည် ကြိုလှာသမျှ သခါရတွင် သည်းခံမှု ခမ္မနှင့် သီလစင်ကြယ်မှုကို အလိုရှိကြကုန်၏၊ အကြောင်းမူကား ငါဘုရားသည် တပည့်သား ရဟန်းတို့အား သီလလျှင် အခြေခံအပ်သော သည်းခံမှုကို အထူးပြု၍ ဟောကြားဆုံးမထားသည်၊ ရဟန်းတို့သည် လောကုတ္တရာ ပညာအလို့ငှာသာလျှင် လေ့လာသင်ကြားကြကုန်၏၊ အကြင်ရဟန်း၏ အသက်ပမာ ဆောက်တည်ရာဟူသည်လည်း သီလပင်တည်း။

'သီလစင်ကြယ်၍ သည်းခံမှုကို သတိမပြတ် ချပ်အပ်သည်နှင့်အတူ နေ့စဉ် ကျင့်သုံး နေထိုင်ရာတွင်လည်း ကြောင့်ကြမှုကင်းအောင် မပြတ်နှလုံးသွင်းသည်၊ ရဟန်း၏ နောက်ဆုံးပန်းတိုင်သည်ကား ရုပ်နာမ်ဒုက္ခတို့ ကင်းငြိမ်းရာ မဟာနိဗ္ဗာန သန္တိသုခပေတည်း'

ဇာတသောဏိအဖို့ဗြာဟ္မဏနှင့် အတ္တဟူသည် မကွဲမကွာနိုင်သေးသောကြောင့် သန္တိသုခ နိဗ္ဗာနကို ရတ်ခြည်း သဘောမပေါက်နိုင်သေးသော်လည်း သည်းခံမှုတရားကို လေးစားသည်။ သီလကို ကြည်ညိုသည်။ ပညာကို ရှိသေသည်။ ထို့ကြောင့် 'အရှင်မြတ်ဘုရား၊ အရှင့်တရားတော်သည် အံ့ဖွယ်ရှိပါပေ၏၊ နှစ်သက်ဖွယ်လည်း ရှိလှပါ၏၊ သို့ဖြစ်ပါ၍ အရှင်မြတ်သည် တပည့်တော်အား ယနေ့မှစ၍ အရှင်နှင့်တကွ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်သူ ဥပါသကာဟု မှတ်ယူတော်မူပါ ဘုရား'ဟု လျှောက်ထားသည်။ ။

## အစနှင့် အဆုံး

ဘုရား တရား သံဃာ ရတနာသုံးပါး ဟူသည်ကား သာသနာတော်၏ အထွတ်ပေတည်း။ ထိုရတနာသုံးပါးကိုယုံကြည် ဆည်းကပ်နိုင်မှ အဆုံးဖြစ်သော နိဗ္ဗာန်မင်္ဂဖိုလ်သို့ ရောက်ရှိနိုင်ပေသည်။

*

ဇေတဝန်ကျောင်းတော်ကို အနာထပိဏ်သူဌေးက ဆောက်လုပ်လှူဒါန်းသည်။ ရာဇိကာရာမ မင်းကျောင်းတော်ကို ကောသလဘုရင်က ဆောက်လုပ်လှူဒါန်းသည် စသည်ဖြင့် ကျောင်းဒါယကာတို့၏ အမည်များသာ ထင်ရှားပေါ်လွင်သော်လည်း ယင်းကျောင်းတော်များကို အုတ်မြစ်ချသည်မှအစ အထွတ် ထုပိကာအထိ အကယ်ဆောက်လုပ်ရသူများမှာ ငါတို့သာပါတကားဟု ဆောက်လုပ်နေဆဲဖြစ်သော ပုဗ္ဗာရုံကျောင်းတော်မှ တက်ကြွလာသော အမို့အခုံး အချွန်အတက်များကိုကြည့်ရင်း ဗိသုကာဆရာကြီး ဂဏက မောဂ္ဂလာန် တွေး၏။

ဂဏကမောဂ္ဂလာန်သည် သာဝတ္ထိနေပြည်တော်တွင် ကျော်ကြား ထင်ရှားလှသော ဗိသုကာဆရာကြီး ဖြစ်၏။ သူ့အမည်ရင်းမှာ မောဂ္ဂလာန – မောဂ္ဂလာန်ဖြစ်၍ အဆောက်အအုံ ဆောက်လုပ်ရာနှင့် ဂဏန်းသင်္ချာတွင် အစီအစဉ်ကျနနိုင်နင်းလှသောကြောင့် ဂဏကမောဂ္ဂလာန်ဟု ခေါ်ကြသည်။ ဗိသုကာပညာတွင် တပည့်ပေါင်းများစွာ၏ ဆရာဖြစ်သောကြောင့် ပါမောက္ခကြီး မောဂ္ဂလာန်ဟုလည်း ထင်ရှားသည်။ သာဝတ္ထိ သူဌေး သူကြွယ်တို့၏ ခံ့ညားထည်ဝါ လှပကောင်းမွန်သော တိုက်တာအဆောက်အအုံတို့မှာ သူ့လက်ရာ သူ့အစီအစဉ်နှင့် ကင်းသော အဆောက်အအုံ ရှားပါးသည်။

သူနှင့်ကင်းသော အဆောက်အအုံဆိုသည်မှာ သူ ငွေး သူကြွယ်ပင် ဖြစ်စေကာမူ လက်ခ ကံကျွေးပေးဖို့ကျတော့ တွန့်တိုသောကြောင့်လည်းကောင်း၊ သူ မအားလပ်၍ သော်လည်းကောင်း ဖြစ်ကြသည်။ ရဟန်းတို့မယ်တော်ကြီး ဝိသာခါကမူ ပုဗ္ဗာရုံ ကျောင်းတော် ဆောက်လုပ်ဖို့စီစဉ်ဆုံးဖြတ်ပြီးသောအခါ သူ့ကို ပင့်ဖိတ်ဆွေးနွေး၏။

'ဆရာကြီးကို ပင့်ဖိတ်ရတာက မြို့တော်အရှေ့ဘက်က ပန်းခင်း ဥယျာဉ် မြေကွက်မှာ ဘုရားရှင်နဲ့ သံဃာတော်များအတွက် ကျောင်းဆောက်လုပ်ဖို့ကိစ္စပါပဲ'

'မဟာလ္လတာ တန်ဆာဝတ်ရုံကြီးကို စွန့်လွှတ်လိုက်တဲ့အကြောင်း၊ အဲဒီ ဝတ်ရုံကြီးကို အကဲဖြတ် ဆရာကြီးတွေကို ပင့်ဖိတ်ပြီး တန်ဖိုးအဖြတ်ခိုင်းတဲ့အကြောင်း၊ ဝယ်နိုင်တဲ့သူမရှိလို့ ကိုယ့်ဟာကိုယ်ပြန်ဝယ်ပြီး အဲဒီငွေနဲ့ ကျောင်းကြီးဆောက်လုပ်ဖို့ စီစဉ်တဲ့အကြောင်းတွေဟာ သာဝတ္ထိမှာ ဟိုးလေးတကျော်ဖြစ်လို့ ကျွန်တော်တို့လဲ ကြားသိပြီးပါပြီ ခင်ဗျာ'

'အဲဒီကျောင်းတော်ကြီး ဖြစ်မြောက်ဖို့ကို ဆရာကြီးကို လွှဲအပ်ချင်ပါတယ် ရှင့်'

'လွှဲအပ်နိုင်ပါတယ် ခင်ဗျား'

'ဆရာကြီးက အလုပ်များသူမို့ လက်မှ ခံနိုင်ပါ့မလားလို့၊ လက်ခံမယ်ဆိုတော့ ဝမ်းသာလှပါတယ်၊ အခကံကျွေးကို ကျွန်မတို့ မတွန့်တိုပါဘူး၊ ဆရာကြီးတောင်းဆိုတဲ့ အတိုင်း ဖြစ်စေရပါမယ်၊ မဆစ်အလှူဆိုပါတော့ရှင်'

'ဝမ်းသာလှပါတယ်၊ လက်ခကံကျွေးဆိုတာလဲ တန်ရာတန်ကြေးထက် မပိုစေရပါဘူး၊ ကျောင်းအမကြီးရဲ့ စေတနာကို တစ်ပြည်လုံးက သိပြီးသားပါ'

'ကျောင်းအမကြီး မဖြစ်သေးပါဘူးရှင်၊ ဆရာကြီး ကူညီမှ ဖြစ်မှာပါ'

'ဖြစ်ရမှာပေါ့ခင်ဗျား၊ ဖြစ်တော့မယ့်ဆဲဆဲပဲဟာ'

အလှူဒါနပြုရာတွင် မဆစ်အလှူဟူသော အထက်တန်း ဝေါဟာရတစ်ရပ်ရှိ၏။ မိမိပေးလှူမည့် အလှူအတွက် သဒ္ဓါတရားနှင့် အင်အားကို ပြင်ဆင်ပြီးနောက် အကောင်းဆုံးသော လှူဖွယ်ပစ္စည်းများကို ဝယ်ယူဆောင်ကြဉ်းသည်။ ဝယ်ယူရာ၌ ရောင်းသူပြောသမျှ ဈေးနှုန်းကို ရောင်းသူဝယ်သူတို့ ထုံးစံ မဆစ်မစွက်ဘဲ ဝယ်ယူ ပေးလှူသည်ကို 'မဆစ်အလှူ'ဟု ခေါ်သည်။

'ကျွန်မတို့ ကျောင်းဆောက်ရာမှာ ကြီးကျယ်ထည်ဝါမှုအနေနဲ့တော့ မောင်ကြီး အနာထပိဏ်ရဲ့ ဇေတဝန်ကို ဘယ်နည်းနဲ့မှ မီနိုင်မှာမဟုတ်ဘူး၊ နို့ပေမယ့် ကွပ်ကွပ်ရှပ်ရှပ်နဲ့ လှပခမ်းနားမှုမှာတော့ ဇေတဝန်ထက်သာစေချင်ပါတယ်ရှင်၊ ဘယ်နည်းနဲ့မဆို သာကို သာရပါ့မယ်'

'အလှဆုံး၊ အကောင်းဆုံး ဖြစ်စေရမယ်လို့ တာဝန်ခံပါတယ်ဗျာ'

'ပြီးတော့ ဆရာကြီးလဲ ဝမ်းသာမလား မသိဘူး၊ ကျွန်မ ဝမ်းသာနေတဲ့ အချက်တစ်ခုလဲ ရှိနေပါတယ်'

'ဘာများပါလိမ့် ခင်ဗျာ'

'ကျွန်မတို့ ကျောင်းဆောက်မယ့် ကိစ္စမှာ တိုင်ပင်လျှောက်ထားဖို့ ကြောင့်ကြစိုက်ဖို့ဆိုပြီး ဘုရားရှင်က တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်ကို လွှဲအပ်တော်မူထားပါတယ်၊ အဲဒီတော့ ဆရာကြီးအမည်နဲ့ အမည်ချင်းလဲတူနေ၊ တန်ခိုးတော်သခင် ဆိုတော့လဲ လိုအပ်သမျှ အကောင်းဆုံး အကူအညီတွေ ရမှာမို့ပေါ့ရှင်'

'ဟုတ်ကဲ့၊ ဝမ်းသာလိုက်တာဗျာ'

'တစ်ခုကိုလဲ တောင်းပန်ချင်ပါတယ်၊ ကျောင်းဆောက်တဲ့ကိစ္စမှာ ကျွန်မက ဘာမှ နားမလည်ပေမယ့် ကျွန်မလိုချင်တဲ့ လှပဖို့ အစီအစဉ်ကလေးတွေကိုတော့ စွက်ဖက်တင်ပြလိုပါတယ်ရှင့်'

'ကျောင်းအမကြီး ဆန္ဒအတိုင်း ဖြစ်စေရမှာပေါ့ ခင်ဗျာ၊ အလှူ့ရှင်က ပဓာနပဲဟာ'

*

သို့နှင့် ရက်ပိုင်းအတွင်းမှာပင် ပုဗ္ဗာရုံကျောင်းတော်ဆောက်လုပ်သည့် ကိစ္စကို စတင်သည်။ ရှေးဦးစွာကား ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း သာဝတ္ထိအရှေ့ဘက်မှ ဝိသာခါ ဝယ်ယူလိုက်သော ပန်းခြံမြေကွက်ဥယျာဉ်ကို တံတိုင်းခတ်၏။ နေရာမှာ သာဝတ္ထိတွင် ကျော်ကြားလှသော ပန်းခင်းဥယျာဉ် ဖြစ်သည်။ မြို့အရှေ့ဘက်တွင်ရှိသောကြောင့် ပဗ္ဗာရာမ၊ ပုဗ္ဗာရုံဟု ခေါ်သည်။ မူလပန်းခင်းဥယျာဉ်ကို အစွဲပြု၍လည်းကောင်း၊ ပန်းကြိုက်သော အမျိုးသမီးပီပီ ပန်းပင်ပန်းခင်းတို့ဖြင့် မပြတ်ဖို့ လှူထားသောကြောင့်လည်းကောင်း ပုဗ္ဗာရုံဟုလည်း ခေါ်လာကြသည်။

ဘုရားရှင်လက်ထက် အဆောက်အအုံများတွင် စိတ်ကူးယဉ်ယဉ်ဖြင့် ရမ္မ၊ သုရမ္မ၊ သုဘ စသည်ဖြင့်လည်းကောင်း၊ ရှုခင်းသာ၊ သုခရိပ်မြုံ၊ အေးရိပ်သာ စသည်ဖြင့်လည်းကောင်း ပိုင်ရှင်တို့စိတ်ကူးတည့်သလို မှည့်ခေါ်ထားသော အမည်အချို့ ရှိသော်လည်း အများအားဖြင့်မူ ထူးထူးထွေထွေ စိတ်မကူးတော့ဘဲ ခေါ်၍ဖြစ်ရုံ ဗျူပွတ်အလိုက်သာ မှည့်ခေါ်လေ့ရှိကြသည်။ ဝါးရုံတောကျောင်းကို ဝေဠုဝန်ဟု ခေါ်၏။ နဂိုအမည်ရှိပြီးသော ဇေတမင်းသား ဥယျာဉ်ကျောင်းကို ဇေတဝန်ဟု ခေါ်၏။ ဘုရင်ဆောက်သော ကျောင်းကို ရာဇကာရုံဟု ခေါ်၏။

သာဝတ္ထိနှင့် ရာဇဂြိုဟ်တို့တွင် မထင်မရှား အခြားကျောင်းများလည်း ရှိကြသေး၏။ ထိုကျောင်းများတွင်လည်း အမည်ထူးမရှိ၊ ဆီးတောတွင် ဆောက်သော ကျောင်းကို ဆီးပင်ကျောင်း၊ ညောင်ပင်တောတွင် ဆောက်သောကျောင်းကို ညောင်ကုန်းကျောင်း၊ ပရိယတ္တိအဓိက သင်ကြားသောကျောင်းကို ဂန္ဓာရုံကျောင်း စသည်ဖြင့် ဗျူပွတ်အလိုက်သာ ခေါ်ဝေါ်ကြသည်။

ဘုရားရှင်နှင့် သံဃာတော်များကလည်း အမည်ထူး၊ အမည်ဆန်း၊ သီးခြား အမည်များကို နှစ်သက်တော်မမူကြ။ အကြောင်းမူကား အမည်ဟူသည်လည်း တရား၏ အနှောင့်အယှက် သံယောဇဉ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်သည်။

ပုဗ္ဗာရုံပင်မကျောင်းတော်ကြီးနှင့်အတူ အရံကျောင်းများစွာကို အုတ်မြစ်ချသည်မှ အထွတ်ထုပိကာများ တပ်ဆင်ပြီးသည်အထိ ဆောက်လုပ်သည့်ကိစ္စတွင် ကျောင်း အမကြီး ဝိသာခါ မရောက်လာသောနေ့ဟူ၍ မရှိလှ။ အကြောင်းမှာ ပေးလှူမှုအရာတွင် ဧတဒဂ်အရှင်ပင် ဖြစ်တော့အံ့သော ဝိသာခါအတွက် အထူးသဖြင့် ပေးလှူလိုသော ဆန္ဒများအနက် ကျောင်းအလှူကို အခွင့်မသာသေး၍သာ မပေးလှူနိုင်ဘဲ ရှိခဲ့ရာမှ ယခု အခွင့်သာလာသောအခါ စိတ်အားထက်သန်လှသောကြောင့် ဖြစ်ပေသည်။

ပုဗ္ဗာရုံကျောင်းတော် ဆောက်လုပ်နေချိန်တွင် ဒေသစာရီ ကြွချီတော်မူနေ သောကြောင့် သာဝတ္ထိတွင်မရှိ၊ လွှဲအပ်ထားတော်မူခဲ့သော အရှင်မောဂ္ဂလာန်၏ လိုအပ်သမျှ ကြောင့်ကြစိုက်မှု၊ ဗိသုကာပါမောက္ခကြီး၏ အစီအစဉ်၊ ဝိသာခါ၏ လိုအပ်သလို စွက်ဖက်မှုတို့ဖြင့် ကျောင်းတော်ကြီးမှာ လှလှကြွကြွ ဖြစ်လာသည်။

အထူးသဖြင့် ဘုရားရှင် သီတင်းသုံးတော်မူမည့် ဂန္ဓကုဋိနေရာတော်တွင် ဝိသာခါ အစီအစဉ် ပို၍ ဂရုစိုက်သည်။ အကြောင်းမှာ ဘုရားရှင် သက်တော်ဝါတော် ကြီးရင့်ကာမှ ဆောက်လုပ်ရသော ကျောင်းတော်ဖြစ်ရာ သက်သက်သာသာ သီတင်းသုံး နေထိုင်နိုင်ရန်အတွက်လည်းကောင်း၊ ဇေတဝန်၊ ရာဇိကာရုံတို့နှင့် တမင် မပြိုင်သော် လည်း ပြိုင်သယောင်ဖြစ်နေသော မိမိကျောင်းတွင် ဘုရားရှင် နှစ်ခြိုက်တော်မူ၍ ပိုမိုအလှည့်ပေး သီတင်းသုံးစေရန်အတွက်လည်းကောင်း အလှအပကိစ္စတွင် မိန်းမတို့ အမြင်ဖြင့် အစွမ်းကုန်စီစဉ်ခြင်း ဖြစ်သည်။

ဗိသုကာကြီး မောဂ္ဂလာန်၊ ဗြာဟ္မဏကြီး မောဂ္ဂလာန်တို့ကလည်း သမ္မာဒိဋ္ဌိ ဘာသာဝင်ပင် မဟုတ်စေကာမူ မိမိအလှူအလား နေ့စဉ်လိုပင် တက်တက်ကြွကြွ လာရောက်ကာ ကိုယ်ဖိ ရင်ဖိ စီစဉ်ပေးသည်ကို တွေ့ခဲ့ရ၍ ဝိသာခါတို့ ဝမ်းမြောက် ရ၏။ စင်စစ်သော်ကား ဆရာကြီး မောဂ္ဂလာန်အဖို့ ဗြာဟ္မဏ ဘာသာဝင်ပင် ဖြစ်စေကာမူ ဂေါတမ ဗုဒ္ဓဟူသည် ဂုဏ်တော်ကိုးပါး တရားရှင်အဖြစ် အများနည်းတူ ကြားသိ သတင်းမွှေးနေခဲ့ရာမှ ယခု ကျောင်းဆောက်ကိစ္စကို ဆောင်ရွက်ရင်းဖြင့် အခွင့်သာ၍လာကာ အရှင်မောဂ္ဂလာန် စသော ရဟန်းတော်များနှင့် နီးစပ်ရခြင်း၊ ဝိသာခါတို့ထံမှ ဘုရားရှင်၏ တရားတော်ဂုဏ်သတင်းများကို တစ်ဆိတ်တစ်ပေါက် ကြားသိလာရခြင်းတို့ကြောင့် ဘုရားရှင်သို့ တိတ်တခိုး အာရုံညွတ်လျက် ရှိနေပေပြီ။

'ကျောင်းတော်ကတော့ ပြီးသွားပါပြီ၊ အလှူခံမယ့် ဂေါတမ ဗုဒ္ဓက ဘယ်တော့လောက် ပြန်ကြွလာမှာလဲ ခင်ဗျ'

'ဘုရားရှင်ရဲ့ ဒေသစာရီဆိုတာ ဘုရားရှင်၏ အလိုတော်သာဖြစ်လို့ မခန့်မှန်း နိုင်ပါဘူး၊ သို့သော် ဝါဆိုအမီ သာဝတ္ထိကို ပြန်ကြွလာဖို့ကတော့ သေချာပါတယ်'

'ကျောင်းလွှတ်ပွဲကြီးလဲ လုပ်ရဦးမှာပေါ့လေ'

'အဓိက ကိစ္စပဲရှင်၊ လုပ်မှာပေါ့၊ ကျွန်မတော့ ဝါဆိုဦးကို ကျောင်းလွှတ်ပွဲ လုပ်ရမှာကို တွေးပြီး ပျော်နေတာပဲ'

'ဘာဖြစ်လို့ပါလဲ ခင်ဗျာ'

'ဝါဆိုဦးဆိုတော့ ပန်းတွေ စုံတဲ့ ပေါတဲ့ ရာသီလေ၊ တစ်ကျောင်းလုံးကို ပန်းတွေနဲ့ဖို့ပြီး လှူဖို့ စဉ်းစားမိလို့ပါ၊ မောင်ကြီး အနာထပိဏ်တို့ ဇေတဝန်လှူပွဲတုန်းက သူ့နည်းနဲ့သူ ကြီးကျယ်သလို ကျွန်မတို့ကလဲ ကျွန်မတို့နည်းနဲ့ ခမ်းနားအောင် စီစဉ်ဖို့ စိတ်ကူးထားပါတယ်'

'ကျွန်တော်တို့ကို ဖိတ်ဖို့လဲ မမေ့ပါနဲ့နော်'

'ဘယ့်နှယ်ရှင်၊ ကျွန်မတို့က ကျောင်းအမ ဆိုပေမယ့် တကယ်တော့ ဆောက်လုပ်သူက ဆရာကြီးမို့ အဓိကပုဂ္ဂိုလ်ပဲ၊ ဘယ်မှာမေ့ထားလို့ ရပါ့မလဲ၊ ကြွဖြစ်အောင်သာ ကြွပါ'

ဘာသာတစ်ခုမှ တစ်ခုသို့ ကူးပြောင်းဖို့ဆိုသည်မှာ လွယ်မယောင်နှင့် ခက်သည်။ အထူးသဖြင့် ရာထူးဂုဏ်ရှိန် ကြီးလျှင်ကြီးသလောက် အခက်အခဲရှိသည်။ ကောသလဘုရင်သည် ပထမသော် ဘုရားရှင်နှင့် ပူးတုံခွာတုံ ရှိခဲ့ရာက နောက်ပိုင်းတွင်မူ စေတနာ သဒ္ဓါတွေ မှောက်သွန်၍ ယနေ့မှပင် ဘုရားရှင်နှင့် ဖူးတွေ့ရတော့သည့် အလား 'တပည့်တော် ကောသလပါဘုရား၊ ကောသလပါဘုရား'ဟု အကြိမ်ကြိမ် လျှောက်ထားပြီးနောက် ဘုရားရှင်၏ ခြေတော်အစုံကိုပင် ပါးစပ်ဖြင့် အထပ်ထပ် စုပ်ယူ၍ အလိုင်းတကြီး ကိုးကွယ်သည်။

ကောသလဘုရင်၏ အခြံအရံ မြို့စား၊ ရွာစား၊ သူဌေးကြီး၊ ဆရာကြီးများဖြစ်ကြသော ပေါက္ခရသာတိ၊ တောဒေယျ၊ တာရုက္ခ၊ စင်္ကီစသော ပညာရှိ ဗြာဟ္မဏကြီးများသည် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ တရားတော်အရှိန်ကို မလွန်ဆန်နိုင်၍ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိသို့ ကူးပြောင်းလာကြစေကာမူ တဖြည်းဖြည်းချင်းသာ ကူးပြောင်း လာကြသည်။ တောဒေယျ ဗြာဟ္မဏဆိုလျှင် မိမိသည် သမ္မာဒိဋ္ဌိသို့ ကူးပြောင်းပြီးသူ ဖြစ်ပါလျက် လူအများ၏ အမြင်အထင်ကို မခံနိုင်သေးသောကြောင့် 'အရှင်မြတ်ဘုရား၊ လူအများရှေ့တွင် တပည့်တော်နှင့် အရှင်မြတ်တို့ တွေ့ဆုံ၍ တပည့်တော်က အဝတ်ကို မြှောက်ပြလိုက်လျှင် အရှင်မြတ်ကို ရှိခိုးသည်ဟူ၍ မှတ်တော်မူပါ ဘုရား'ဟုပင် ပရိယာယ်ဆင်၍ ရှိခိုးသည်။

အခြားသူများကို ထားဦး၊ ဘုရားရှင်၏ အမျိုး သာကီဝင်များပင်လျှင် ကပိလဝတ်သို့ ဘုရားရှင်ကြွ၍ တွေ့စက ရှိခိုးရိုသေရမည်ကို ခက်၍ ဘုရားရှင်ထက် အသက်ကြီးသူများက ရှောင်နေကြသည်။ အကြောင်းမူကား သီလ သိက္ခာကို မထောက်၊ ကြီးသူမှန်လျှင် ငယ်သူက ရှိခိုးရိုသေရမည်မှာ ဗြာဟ္မဏတို့၏ အစဉ်အလာစွဲ ဖြစ်၏။ ဘုရားရှင်က သူတို့ အစဉ်အလာစွဲဖြင့် အထင်ကြီးသော ယမက တန်ခိုး ပြာဋိဟာကိုပြ၍ တရားဟောလိုက်မှ ပြို့ဆင်းလာကြသည်။

နာမည်ကျော်ပင်ဖြစ်သော်လည်း ဘုရားရှင်နှင့် တစ်ကြိမ်တွေ့ဖြင့် တိုက်ရိုက်ကိုးကွယ်မှုဟူ၍ ဝေရဉ္ဇာ ဗြာဟ္မဏကြီး တစ်ယောက်လောက်သာ တွေ့ရသည်။ သူကတော့ သဘောထားပြတ်ပြတ်၊ အမူအရာထွားထွား၊ စကားဖောင်ဖောင်သမားဖြစ်သည်။ ဘုရားရှင်၏ ကျော်ကြားလှသော ဂုဏ်သတင်းကြောင့် အတွေ့လာသောအခါ ဘုရားရှင်က သူ့အား ခရီးဦးမကြိုသည်ကို 'ဂေါတမဗုဒ္ဓဟာ လူလိမ္မာပညာရှိဆိုပြီး လက်တွေ့ကျတော့ ငါကဲ့သို့သော သက်ကြီးရွယ်အိုကို မကြိုဆိုပါတကား' စွပ်စွဲလိုက်ချေသေး၏။ ဘုရားရှင်က အသက်ထက် သီလ သိက္ခာက ကြီးမြင့်ပုံကို ကြက်ဥနှင့်ဥပမာထား၍ ဟောကြားလိုက်မှ အကျွတ်တရား ရသွားသည်။

ယင်းသို့လျှင် အစဉ်အလာစွဲ၊ ဘာသာစွဲ၊ စာစွဲ၊ ဆရာစွဲ၊ မျိုးရိုးစွဲ၊ ပတ်ဝန်းကျင်အစွဲဟူသည် ကူးပြောင်းဖို့ရန်မှာ လွယ်မယောင်နှင့်ခက်သည်။ ဗိသုကာဆရာ ဂဏကမောဂ္ဂလာန်အဖို့ ထိုသူ ထိုသူတို့လောက် မကြီးကျယ်စေကာမူ သူသည်လည်း ဆရာကြီးတစ်ဦးပင်ဖြစ်ရာ သမ္မာဒိဋ္ဌိဘာသာသို့ အလွယ်နှင့် ကူးပြောင်းဖို့ ခက်သော်လည်း သတင်းနှင့် ကိုယ်တွေ့အရ တစ်စတစ်စ ညွတ်ကိုင်းခဲ့ပြီ ဖြစ်၏။ လက်တွေ့ကျကျ စဉ်းစားတတ်သူလည်း ဖြစ်သည်။

သို့နှင့် ဘုရားရှင်သည် ဒေသစာရီကြွချီရာမှ ထိုနှစ် ဝါဆိုဦးအချိန်တွင် သာဝတ္ထိသို့ပြန်လည်ရောက်ရှိ၍ ပုဗ္ဗာရုံကျောင်းလွှတ်ပွဲကြီး ဆင်နွှဲဆဲအချိန်တွင် ဆရာကြီး ဂဏကမောဂ္ဂလာန်သည်လည်း ဝိသာခါ၏ ပင့်ဖိတ်ချက်အရ ပရိသတ်တစ်ဦးအဖြစ် တစ်ထောင့်တစ်နေရာမှ ရောနှောပါဝင်လျက်ရှိ၏။ ကျောင်းလွှတ်ပွဲတော်အကြောင်းကိုကား ဗုဒ္ဓစာပန်းချီမှ 'စိန်ဒေါင်းပျံ'တွင် ဖော်ပြခဲ့ပြီးပေပြီ။

ဂဏကမောဂ္ဂလာန်အဖို့ ဘုရားရှင် ရှေ့တော်သို့ တိုက်ရိုက်မရောက်ရှိသော်လည်း ဘုရားရှင်၏ အသရေတော်နှင့် မိမိတို့အစဉ်အလာ ဗြာဟ္မဏ ရဟန်းများလိုမဟုတ်၊ ကိုယ်ရောနှုတ်ပါ ဣန္ဒြေရှိစွာဖြင့် သာယာငြိမ်သက်စွာ သီတင်းသုံးလျက်ရှိနေကြသော သံဃာတော်များကို တစိမ့်စိမ့်ကြည့်ရှုရင်း ပီတိဝေဖြာလျက်ရှိသည်။

ယင်းသို့ သံဃာတော်များကို ကြည့်ရှုရင်း ဘုရားရှင်၏ တပည့်သားရဟန်းများနှင့်စပ်သော မေးခွန်းတစ်ရပ်ကို မေးလိုသည့် ဆန္ဒ ပေါ်ပေါက်လာ၍ ဘုရားရှင်ရှေ့တော်မှောက်သို့ ဝင်ရောက်မေးမြန်းရန် အခွင့်အခါကို စောင့်လျက်ရှိရာမှ ယနေ့ညနေတွင်မူ ' ဂန္ဓကုဋီရှေ့ရှိ ပန်းခုံတော်တွင် ဘုရားရှင် တစ်ပါးတည်းထိုင်တော်မူလျက်ရှိသည်ကို တွေ့ရ၍ ရင်ဝတွင်လက်အုပ်ကို ပူးကပ်ကာ ဘုရားရှင်အနီးသို့ ချဉ်းကပ်သည်။

ဂုဏ်ကြီးသူ၊ အသက်ကြီးသူ၊ လေးစားအပ်သူများသို့ ရင်ဝတွင် လက်အုပ်တင်ခြင်းမှာ အစဉ်အလာ ဗြာဟ္မဏတို့၏ ယဉ်ကျေးမှုဖြစ်၍ ရှိခိုးခြင်း မဟုတ်။

သာမန် လေးစားရုံမျှမဟုတ် ပို၍ လေးစားအပ်သူများကို ရင်ဝမျှမက နဖူးတွင် လက်အုပ်တင်၍ အရိုအသေပြုခြင်းမှာလည်း ရှိခိုးခြင်း မဟုတ်သေး။

လေးစားရိုသေအပ်သူရှေ့တွင် ဆောင့်ကြောင့်ကားထိုင်ပါ၏။ ရင်ဝ၊ မျက်နှာ၊ နဖူးတို့သို့လည်း လက်အုပ်ကိုတင်လိုက်ပါ၏။ သို့သော် လက်ဖဝါးနှစ်ဖက်ကို မြေပြင် ကြမ်းပြင်သို့ ချသည်၊' နိမ်သည်ဆိုမှု ပြုမူခြင်းသည်လည်း ရှိခိုးခြင်း မဟုတ်၊ အရိုအသေပြုခြင်း အဆင့်မျှ ရှိသေးသည်။

ရှိခိုးခြင်းဟူသည်မှာ ဗုဒ္ဓဘာသာလောက၌ လေးနက်သည်။ အလွန်လေးနက်သည်။

ရှိခိုးခြင်းဟူသည်ကား ခြေဖဝါးပြင်နှစ်ဖက်ကို မြေပြင် ကြမ်းပြင်၌ အညီအညွတ် ထိတည်စေရသည်။ ထို့နောက် ပုဆစ်ဒူးဝန်းနှစ်ဖက်ကို မြေပြင် ကြမ်းပြင်၌ ထိတည်စေရသည်။ ထို့နောက် တံတောင်ဆစ်နှစ်ဖက်တို့ကို မြေပြင်ကြမ်းပြင်၌ ထိတည်စေရသည်။ ထို့နောက် လက်အုပ်ကြာငုံတို့ကို နဖူးပြင်တွင် ထိတည်စေပြီးလျှင် လက်ဖဝါးပြင်နှစ်ဖက်ကို မြေပြင်ကြမ်းပြင်သို့ အညီအညွတ် ထိဟည်စေရသည်။ ထို့ထက်ကား အမြင့်ဆုံး ရှိခိုးခြင်းမှာ အခြေအနေပေးပါက ရှိခိုးအပ်သူ၏ ခြေတို့ကို သုံးသပ်ဆုပ်နယ်ခြင်းပင် ဖြစ်၏။ ယင်းသို့လျှင် အင်္ဂါယ်ရှိခိုးခြင်း၏ အဓိပ္ပာယ်မှာ ရှိခိုးသူတွင်ရှိသမျှ မာန်မာနနှင့် ကာယခန္ဓာတစ်ခုလုံးကို နှိမ့်ချတုပ်ပျပ်၍ အရိုအသေပြုခြင်းပင် ဖြစ်၏။

ထိုခေတ် ထိပ်သီးဘုရင်ဖြစ်သော ကောသလဘုရင်ကမူ ဘုရားရှင်အား ယင်းသို့ အင်္ဂါရပ်စုံ ရှိခိုးရုံမက ဘုရားရှင်၏ ခြေဖဝါးတော်တို့ကို ပါးစပ်ဖြင့် အကြိမ်ကြိမ် စုပ်နမ်းသည်အထိ နှိမ်ချပျပ်ဝပ်ပုံကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်၏။

ရှိခိုးသူသည် မလွဲမရှောင်သာ၍ ရှိခိုးရရာ၌ ရာဇ ဂုဏ်၊ နေဂုဏ်၊ ပညာဂုဏ်၊ အရွယ်ဝုဒ္ဓိဂုဏ် စသော မာန်မာနတစ်စုံတစ်ရာ တွဲခိုနေလေသောအခါ အသေအချာ ရှိခိုးရန်မှာ လွယ်မယောင်နှင့် ခက်နေတတ်သည်။ အယူကတ္တားခြားလျက် ရှိနေသေးသော ဂဏကမောဂ္ဂလာန်အဖို့ ဘုရားရှင်သို့ အဘယ်ပုံ ရှိခိုးနိုင်ပါဦးမည်နည်း။ ဝတ္တရားမပျက် အရိုအသေပြုရုံမျှသာ ဖြစ်သည်။

'ရှင်ဂေါတမ ကျွန်ုပ်သည် ဤပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်သော ဗိသုကာ ဖြစ်ပါသည်'

'သိပါ၏ ဂဏကမောဂ္ဂလာန်'

'ကျွန်ုပ်သည် ရှင်ဂေါတမအား မေးလျှောက်ဖွယ်တစ်ရပ် ရှိနေ၍ ခွင့်ပြုပါရန်'

ဘုရားရှင်က ဆိတ်ဆိတ်နေတော်မူသည်။ ဆိတ်ဆိတ်နေခြင်းသည် ခွင့်ပြုခြင်းပင် ဖြစ်၏။

'ကျွန်ုပ်တို့၏ ဗြာဟ္မဏများ၏ အကျင့်ပန်းတုံးတိုင်သည် ဗြဟ္မာ့ပြည်သို့ ရောက်ရန်ဖြစ်သကဲ့သို့ အရှင်ဂေါတမ၏ ပန်းတုံးတိုင်သည် မဂ်ဖိုလ်နိဗ္ဗာန်ဟု သိရပါသည်။ ဤကိစ္စတွင် အရှင့်တပည့်သား ရဟန်းတို့သည် ထူးခြားငြိမ်ဝပ်လှသော

ဏ္ဍမြွေတို့ဖြင့် ကျင့်သုံးနေထိုင်ကြသည်ကို တွေ့မြင်နေရပါသည်၊ သူ တို့အားလုံးသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြပါသလား'

'ဂဏကမောဂ္ဂလာန်၊ သင့်မေးခွန်းအတွက် သင့်ကိုပင် ပြန်၍မေးမည်၊ သင် နှစ်သက်သလို ဖြေပေတော့၊ သင်သည် ရာဇဂြိုဟ်မြို့သို့ ရောက်ဖူးပါသလော'

'အကြိမ်ကြိမ် ရောက်ဖူးပါသည်'

'ကောင်းပြီ၊ ရာဇဂြိုဟ်သို့ မရောက်ဖူးသူတစ်ယောက်က ရာဇဂြိုဟ်ခရီးကို သင့်အား မေးလျှင် ဖြေကြားနိုင်ပါမည်လော'

'ဤခရီးအတိုင်း သွား၊ ဤရွာကို ဖြတ်၊ ဤမြစ်ကို ကူး၊ ဤတောင်ကိုကျော် ဟု ကောင်းမွန်စွာ ညွှန်ကြားနိုင်ပါသည်'

'ဂဏကမောဂ္ဂလာန်၊ ငါဘုရားသည်လည်း နိဗ္ဗာန်ကိုရောက်ဖို့ရန်အတွက် ဤသို့ကျင့်၊ ဤသို့လုပ်၊ ဤသို့သွားဟု ခရီးညွှန်ကြားသူသာ ဖြစ်ပေ၏။ ရောက်အောင် သွားဖို့ မသွားဖို့မှာမူ သွားသူ၏ တာဝန်သာ ဖြစ်ပေသည်'

'နှစ်သက်လှပါသည် အရှင်ဂေါတမ'

*

ပင်မ ပုဗ္ဗာရုံကျောင်းတော်ကြီးနှင့် ဘုရားရှင် သီးသန့် သီတင်းသုံးရန် ဂန္ဓကုဋီ တိုက်တော်တို့ ဆောက်လုပ်ပြီးသည့်နောက် ဝိသာခါ သဒ္ဓါတိုးလာပြန်သဖြင့် အရံ ကျောင်းငယ်ပေါင်း ငါးရာကိုလည်း ဆက်လက်ဆောက်လုပ်ပေးခဲ့ရသည်။

သာဝတ္ထိတွင် ဇေတဝန်မှအစ ကျောင်းပေါင်းများစွာရှိသော်လည်း ဒီရေကဲ့သို့ တိုးပွားလာသော ရဟန်းတော်များအတွက် သက်သက်သာသာ သီတင်းသုံးနိုင်ရန် ကျောင်းများစွာ လိုနေသေးသည်သာဖြစ်၏။ အထူးသဖြင့် ဧကစာတရား အားထုတ် လိုသူ၊ သမာပတ်ဝင်စားလိုသူ ရဟန်းတော်များအတွက် တစ်ပါးတည်း သီတင်းသုံး နိုင်ရန် ကျောင်းငယ်များစွာ လိုသည်။ သစ်ပင်ကို ကျောင်းအဖြစ် ညွှန်ကြားထား သော်လည်း သစ်ပင်တိုင်းကို ကျောင်းအဖြစ် အသုံးပြု၍မရ။ ထိုအခါဘုရားရှင်နှင့်လည်း ဝေးဝေးမနေလို၊ တောရလည်း မခိုနိုင်သေးသော ရဟန်းတော်တို့အတွက် ကျောင်း ငယ်ပေါင်း များစွာ လိုသည်။ ဤသည်ကိုသိသော ကျောင်းအမကြီးက ကျောင်း ငယ်ပေါင်း များစွာကို တစ်ဆက်တည်း ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်၏။

ပြောလိုသည်ကား ဘာသာတခြားဖြစ်နေသေးသော ဂဏကမောဂ္ဂလာန်အဖို့ ယင်းကျောင်းများကို ဆက်လက်ဆောက်လုပ်ပေးရခြင်းဖြင့် ဘုရားရှင်နှင့် သံဃာတော် များနှင့်ပါ ရင်းနှီးခွင့် ပို၍ ကြုံလာခြင်းကိုပင် ဖြစ်၏။

လှူဆိုသည်မှာ အနီးမြင်နှင့် အဝေးမြင်၊ အနီးပေါင်းနှင့် အဝေးပေါင်း၊ အစဉ်တွေ့နှင့် ရံခါတွေ့တို့မှာ တခြားစီဖြစ်တတ်၏။ အဝေးမြင်၊ အဝေးပေါင်း၊ ရံခါတွေ့တို့မှာ အတွင်းကိုဖုံးအုပ်၍ ဟန်ဓာတ်ခုတ်ကာ အပေါ်ယံကို သနပ်ခါးလိမ်း၍

ထားတတ်သည်။ ဤသည်ကား လူ့လောက၏ သဘာဝဖြစ်၏။ ဘုရားရှင် သံဃာတော်များနှင့် အနီးကပ်ဆက်ဆံခွင့်ရလာသော ဂဏကမောဂ္ဂလာန်အဖို့ သံဃာတော်များသည် ယင်းသဘာဝကို ထွင်းဖောက်၍ အတွင်းရော အပြင်ပါ တညီတည်း နေထိုင်သီတင်းသုံးနေကြသည်ကို တွေ့လာရသောအခါ သဒ္ဓါတရားသည် တစ်နေ့တခြား တစိမ့်စိမ့် တိုးပွားလာ၏။

ဘုရားရှင်၏ အတွင်းနှင့်အပြင် ဆိတ်ကွယ်ရာမရှိဟူသော အရဟံဂုဏ်တော်ကို ဂဏကမောဂ္ဂလာန် မသိခဲ့။ ယင်းဂုဏ်တော်၏ အစဉ်သို့ အစွမ်းကုန် လိုက်ပါကျင့်သုံးလျက်ရှိကြသော သံဃာတော်တို့၏ ဂုဏ်ကိုလည်း ဂဏကမောဂ္ဂလာန် မသိခဲ့။ အနီးကပ်ဆက်ဆံလာရသည့်အခါတွင်မှ တစ်နေ့တခြား သိရှိလာရသည်။ တိတ်ဆိတ်သည်။ ငြိမ်သက်သည်။ အေးချမ်းသည်။ တက်ကြွသည်။ သန့်ရှင်းသည်။ တိတ္ထိကျောင်းများမှာကဲ့သို့ ရယ်လား၊ မောလား တဝါးဝါးကို မတွေ့ရ။ ဆွမ်းစားရာ၌ပင် စကားသံဝေး၍ ဇွန်းသံ၊ ပန်းကန်သံကိုမျှ မကြားရ။ ယင်းသို့ဖြင့် ဂဏကမောဂ္ဂလာန်အဖို့ သံဃာတော်များကိုလည်း တစ်ထောင့်တစ်နားမှ အကဲခတ်ရင်း တစိမ့်စိမ့် ကြည်ညိုလျက် ရှိလာသည်။

သို့ရာတွင် သူ့အဖို့ ဘုရားရှင်၏ တရားတော်အပေါ်၌ အမြင်မရှင်းသေးသော သံသယတစ်ချက် ရှိနေသေး၏။ ယင်းသည်ကား ဘုရားရှင်၏ တရား၊ ရှင်ဂေါတမ၏ သာသနာဟူသည် ကိုယ်ပိုင်အစ မရှိ။ မိမိတို့၏ အစဉ်အလာတရားများ အပေါ်တွင်သာ အထွတ်တပ်ထားသည်ဟူသော အမြင်ပင်ဖြစ်ပေသည်။

ဤအချက်ကို အခွင့်သာသည့်အချိန်၌ ဘုရားရှင်အထံတော်သို့ ချဉ်းကပ်၍ လျှောက်ထားသည်။ လျှောက်ထားရာ၌ ပိုင်နိုင်ရှင်းလင်းအောင် မိမိသိသော ဥပမာဖြင့် လျှောက်ထားသည်။

'အရှင်ဘုရား၊ တပည့်တော်တို့ ဗိသုကာများသည် အဆောက်အအုံ ဆောက်လုပ်ရာ၌ အုတ်မြစ်ချသည်မှအစ အထွတ် ထုပိကာတပ်သည်အထိ အစနှင့် အဆုံးဟူ၍ ရှိသကဲ့သို့ အရှင်မြတ် သာသနာမှာလည်း အစနှင့်အဆုံးဟူ၍ ရှိပါသလား ဘုရား'

'ရှိပေ၏ ဂဏကမောဂ္ဂလာန်၊ ငါ၏ သာသနာအတွင်းသား သမ္မာဒိဋ္ဌိအမြင်သို့ ဝင်ရောက်လိုသော ဒါယကာ ဒါယိကာမတစ်ဦးသည် ဥပါသကာ၊ ဥပါသိကာမ ဖြစ်လာရန်အတွက် ရှေးဦးစွာ ငါဘုရားနှင့် တရား၊ သံဃာ၊ ရတနာသုံးပါးကို ယုံကြည်ကိုင်းညွတ်သော သဒ္ဓါစိတ်ဖြင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိဟူ၍ သရဏဂုံသုံးပါးကို နှုတ်မြွက်ဝန်ခံရသည်၊ ဤသည်ကား ငါဘုရား သာသနာတော်၏ အစပေတည်း။

'မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်သည်ကား ကျင့်သုံးအပ်သော အလယ်ပေတည်း၊ ယင်းသို့ကျင့်သုံး၍ အရဟတ္တဖိုလ်သို့ ရောက်ရှိခြင်းသည်ကား သာသနာတော်၏ အဆုံးပေတည်း'

'သရဏဂုံ မဆောက်တည်ဘဲနှင့် သမာဒိဋ္ဌိဘာသာဝင် မဖြစ်နိုင်ဘူးလား ဘုရား'

'အဘယ်ပုံ ဖြစ်ပါအံ့နည်း ဂဏကမောဂ္ဂလာန်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟူသည်ကား သာသနာတော်၏ အထွတ်ပေတည်း၊ ဆရာဘုရားကို ယုံကြည်မှ ထိုဆရာ၏ တရားနှင့် ထိုတရားကိုကျင့်သုံးပြီး ကျင့်သုံးဆဲ သံဃာတော်ကို ယုံကြည်နိုင်ပေသည်၊ အစဖြစ်သော ထိုရတနာသုံးပါးကို ယုံကြည်ဆည်းကပ်နိုင်မှ အဆုံးဖြစ်သော နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်ရှိနိုင်ပေသည်'

'အရှင်မြတ်ဘုရား၊ ဖုံးအုပ်ထားသောအိုးကို ဖွင့်လှန်လိုက်သကဲ့သို့ တပည့်တော် သဘောပေါက် ယုံကြည်ပါပြီဘုရား၊ တပည့်တော်အား ယနေ့မှစ၍ အရှင်မြတ်၏ ဥပါသကာကဲ့သို့ မှတ်ယူတော်မူပါ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိပါ ဘုရား'

'သာဓု သာဓု သာဓု၊ ဂဏကမောဂ္ဂလာန်'။ ။

## ရဟန်း နတ်ကလေး

မှန်အတွင်းမှ မိမိရုပ်ပုံကို မြင်လိုက်ရသောအခါ ပို၍ အံ့ဩသွားရသည်။
ကိုယ်တွင် သက်န်းပျောက်၍ နတ်ဝတ် တန်ဆာများ ရောက်နေသည်။

*

ယောကျ်ားများက နတ်ပြည်ဟု ဆိုလျှင် နတ်သမီး တစ်ဖက်ငါးရာ ဟူသည်ကို စိတ်ကူးယဉ်တတ်ကြ၏။ သို့ရာတွင် တကယ်ရောက်သောအခါတွင်မူ တစ်ယောက် တလေမျှပင် ရှိကောင်းမှ ရှိမည်။ မိန်းမများကလည်း သုဇာတာစသော မယားကြီးများ ရှိနေသည်ဟု သိထားကြသောကြောင့် သိကြားမင်းကို စိတ်မကူးဝံ့စေကာမူ တန်ခိုးကြီးသော နတ်သား ချောချောကလေးများကိုတော့ စိတ်ထဲကကျိတ်၍ ရည်မှန်း တတ် ကြ၏။ သို့သော် အကယ်ရောက်သောအခါတွင် တစ်ကိုယ်တည်း အထီးကျန် ဖြစ်ချင်ဖြစ်နေနိုင်၏။ အကြောင်းမူကား မိမိကုသိုလ်ကံ၏ အရှိန်အဟုန်အတိုင်းမျှသာ အကျိုးပေးခံရသောကြောင့် ဖြစ်၏။

အမျိုးသမီးတစ်ယောက်သည် တာဝတိံသာ နတ်တို့ရွာတွင်တော့ နတ်သမီး ဖြစ်လာပါ၏။ သို့သော် ကိုယ်ပိုင်ဗိမာန်မရှိ။ နတ်သားနှစ်ယောက်၏ ဗိမာန်အကြားတွင် ဖြစ်လာသောကြောင့် နတ်သားနှစ်ယောက်တို့ သူရသင့် ငါရသင့် အငြင်းပွား မယားလုကြ၏။ အလားတူ အမျိုးသားတစ်ယောက်သည်လည်း နတ်သမီးတို့ ဗိမာန်နှစ်ခုအကြားတွင် ဖြစ်လာသောကြောင့် သူပိုင် ကိုယ်ပိုင် အနိုင်လုကြ၏။ ဤလို ပြဿနာမျိုးကို မပြတ်ဖြေရှင်းပေးနေရပါသည်ဟု သိကြားမင်းက အရှင် မောဂ္ဂလာန်အား လျှောက်ထားဖူးသည်။

စတုမဟာရာဇ်ဘုံသား နတ်ကလေးများအဖို့မူ ဤလိုက်စွမျိုးကို ထားဦး၍ နေစရာဘုံကလေးအဖြစ် သစ်ပင်ကလေးတစ်ပင်အတွက်မျှပင် ပြဿနာတက် အခက် အခဲ ရှိကြရသည်။ ဤမျှမက အာဟာရလေးတစ်နပ် စားရဖို့အတွက်ပင် အပန်းတကြီး ရှာဖွေကြရသည်။

သစ်ပင် မခုတ်မဖြတ်ရ၊ သိက္ခာပုဒ်ကို မပညတ်ရသေးမီက ရဟန်းတစ်ပါးသည် ကျောင်းဆောက်ရန်အတွက် သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်၏။ ဤအပင်သာလျှင် အမှီသဟဲရှိရာသော ရုက္ခမယ်ကလေးက သူ့ဗိမာန် ပျောက်ရတော့မည်ကြောင့် မခုတ်ဖြတ်ဖို့ ကိုယ်ထင်ပြ၍ တောင်းပန်သည်။ အရှင်ဘုရားနေဖို့အတွက် တပည့် တော် နေရာကို မဖျက်ဆီးပါနှင့်ဟုပင် အကြောင်းပြ၍ တောင်းပန်သည်။ ရဟန်းက အလျှော့မပေး၊ ခုတ်မြဲခုတ်သည်။ မိမိကို မသနားသော်လည်း ကလေးကိုတော့ သနားတန်ကောင်း၏ဟု သူ၏ ရင်သွေးကလေးကိုပါ မြှောက်၍ ကိုယ်ထင်ပြစေကာ တောင်းပန်ရှာသည်။

နတ်သမီးက သူ့ကလေးကိုအပြ ရဟန်းကလည်း ပဲခွပ်ကို လွှဲ၍အခုတ် လိုက်တွင် အရှိန်မသတ်နိုင်သောကြောင့် ကလေး၏လက်တစ်ဖက်ကိုခုတ်မိ၍ ပြတ် သွားလေတော့သည်။နတ်သမီး ဒေါသထွက်သည်။ သူ့မှာ နေစရာချို့တဲ့သော်လည်း တန်ခိုးတော့ရှိသည်။ ယင်းတန်ခိုးဖြင့် ရဟန်းကို ဒုက္ခပေးလိုက်နိုင်သည်။ သို့သော် ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ နတ်မိမယ်ကလေးဖြစ်သည့်အတိုင်း ရဟန်းပါကလားဟူသော သတိ၊သက်န်းဟူသော အသိဖြင့် ဒေါသကို ချုပ်တည်းကာ ငိုယို၍ ဘုရားရှင် အထံတော်သို့ သွားရောက်လျှောက်ထားသည်။ ဘုရားရှင်က တရားဆေးဖြင့် နတ်သမီး၏ သောကကို အေးငြိမ်းစေကာ ဇေတဝန်ကျောင်းတော်အတွင်းမှ ပိုင်သူမရှိသော သစ်ပင်တစ်ပင်ကို အစားပေးကာ ဤပြဿနာကို ဖြေရှင်းပေးတော် မူလိုက်ရသည်။

ဤကား ရဟန်းသည် သစ်ပင်ကိုထား၍ အပင်ဖြစ်စေနိုင်သော မျိုးစေ့ အညွှန့် အညောက်ကိုပင် မဖျက်ဆီးရဟူသော ဘူတဂါမ သိက္ခာပုဒ်တော်ဖြစ်ပေါ်လာရာ ဝိနည်းဝတ္ထုဖြစ်၏။ ပြောလိုသည်ကား နတ်ဖြစ်သော်လည်း မပြည့်စုံမှု ဒုက္ခမျိုးစုံတို့၏ ပြဿနာရှင်များ ဖြစ်ကြောင်းကိုပင် ဖြစ်၏။

*

ယခုလည်း မာယာဒေဝီ အမှူးပြုသော အမျိုးသမီးတစ်ထောင်တို့သည် မိမိတို့၏ ကောင်းမှုကုသိုလ်အရ တာဝတိံသာ နတ်တို့ရွာတွင် တစ်စုတစ်ဝေးတည်း နတ်သမီး အချောအလှကလေးတွေ ဖြစ်လာကြပါ၏။ ခမ်းနားသော ဘုံဗိမာန်ကြီးဖြင့်လည်း ပြည့်စုံပါ၏။ အကယ်၍များ ဤဗိမာန်ပိုင်ရှင် လင်နတ်သားတစ်ယောက်များရှိခဲ့ပါသော် တစ်ဖက်ငါးရာဟူသော အစဉ်အလာ သိမှတ်ချက်ဖြင့်လည်း ကိုက်ညီသည် ဖြစ်ပါ၏။

သို့သော်ဘယ်အကျိုးပေးက လိုနေသေးခဲ့လေသည် မသိ။ နတ်သားမရှိ။ ပျင်းရိရိ ခြောက်ခြောက်ကပ်ကပ်။ တစ်ဖက်သတ်အနေဖြင့်သာ စံနေကြရသည်။

ကာမဘုံ၊ အထူးသဖြင့် လူ့ဘုံထက် အဆရာထောင်မကသာသော နတ်တို့၏ ကာမဘုံတွင် အခြားနည်းအားဖြင့် စည်းစိမ်အဖြာဖြာတို့ ပြည့်စုံပါ၏။ သို့သော် အကြီးဆုံးသော လိုအပ်ချက်ဖြစ်သည့် လင်ယောကျ်ား နတ်သားတစ်ယောက်တလေမျှ မရှိသည်ကတော့ ခက်သည်။

နန္ဒဝန်ဥယျာဉ်ကြီး ရှိပါ၏။ ယင်းဥယျာဉ်အတွင်းသို့ ရောက်သွားလျှင် အတူပါလာသော ချစ်သူကိုပင် မေ့သွားစေနိုင်လောက်အောင် သာယာသည်ဟု အဆိုရှိသည်။ လက်တွေ့တွင်တော့ ပြောသလောက် မဟုတ်။ ယောကျ်ားတစ်ယောက် အဖို့ မိန်းမ၊ မိန်းမတစ်ယောက်အဖို့ ယောကျ်ားထက် သာယာစေနိုင်သော လောကစည်းစိမ်ဟူသည် ဤလောက အနိလောက၌ ရှိနိုင်ပါမည်လော။

စိတ္တရလတာ ရေကန်ကြီးသည် သာယာလှပါ၏။ ကြာမျိုးငါးဖြာ၊ ပန်းမျိုးစုံ အထွေထွေ၊ နေစရာ လဲလျောင်းဖွယ်ရာ ကန်ပေါင်အဆင့်ဆင့်ဖြင့် ပျော်ချင့်စဖွယ် ဖြစ်ပါ၏။ သို့သော် ရေဝယ်ပျံကူး၊ ငါးပျံမြူးသလို မြူးထူးနေရုံမျှဖြင့် ပြည့်စုံနိုင်ပါ အံ့လော။

ထို့ကြောင့် သူတို့အားထားရာမှာ သိကြားမင်းကြီးသာ ဖြစ်တော့သည့်အတိုင်း ပြဿနာမျိုးစုံတို့ကို ဖြေရှင်းပေးရာ ဦးမာဃ၏ ခုံရုံးသို့ မာယာဒေဝီ ဦးဆောင်သော နတ်သမီးတို့ ရောက်လာကြသည်။

'အရှင်သိကြားမင်း။ ကျွန်မတို့မှာ ဘုံဗိမာန်ကြီးနှင့် ပြည့်စုံပါ၏။ သို့သော် ကျွန်မတို့နှင့် ထိုက်တန်သော နတ်သားတစ်ယောက်တလေမျှ မရှိတော့ပြီလော'ဟု မာယာဒေဝီက ဦးဆောင်လျှောက်ထားသည်။

သိကြားမင်းအဖို့ ဤပြဿနာမျိုးမှာ ရိုးနေပြီဖြစ်၏။ လင်ရှာပေးရသည်။ မယားရှာပေးရသည်။ သားလု၊ သမီးလု၊ ဗိမာန်လု ပြဿနာများ ဖြေရှင်းပေးရသည်။ အချို့ကို ကိုယ်တိုင်ထိမ်းမြားပေးသည်။ အချို့ကို အမိန့်ဖြင့် ထိမ်းမြားပေးသည်။ ဥပမာအားဖြင့် နာမည်ကျော် အနုပညာရှင်ဖြစ်၍ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသော ပဥ္စသိခ နတ်သားအဖို့ သူရိယဝစ္ဆသာမှ ဝစ္ဆသာ၊ တစ်သာတည်းသာနေသော တပည့်ကျော် ပဥ္စသိခလက်သို့ သူရိယဝစ္ဆသာကို အမိန့်ဖြင့် ထိမ်းမြားပေးသည်။

ယခု မာယာဒေဝီတို့ ပြဿနာမှာ အခက်အခဲမရှိလှ၊ သို့သော် အကယ်တွင်မူ တာဝတိံသာ တစ်ခုလုံးကို သိကြားမျက်စိဖြင့် ဖြန့်ကျက်၍ ကြည့်လိုက်သောအခါ အခါအခွင့် အခိုက်သင့်ပင် ကမ္ဘဋ္ဌာန်းရိပ်သာ ကျောင်းခန်းကလေးတစ်ခုအတွင်း၌ တရားရှုမှတ်၍နေသော ရဟန်းလေးတစ်ပါးကို တွေ့ရလေသည်။

'အသင်တို့ ကံကောင်းပါသည် မာယာဒေဝီ၊ နတ်ပြည်မှာတော့ သင်တို့အတွက် လောလောလတ်လတ် နတ်သားတစ်ယောက်မျှမရှိ၊ ရှလော့ နတ်သမီးတို့၊ ဟောဟို

ကောသလတိုင်းအနီးက တောစခန်းတစ်ခုအတွင်း ကမ္မဋ္ဌာန်းကျောင်းကလေးမှာ တရားထိုင်နေတဲ့ ရဟန်းကလေးဟာ သင်တို့သခင် လင်နတ်သားအလောင်းကလေးပဲ၊ သူဟာ ငယ်သေးပေမယ့် အိုသည်အထိ အချိန်မစောင့်ရပါဘူး၊ မကြာခင်ဘဲ သင်တို့ထံ ရောက်လာပါလိမ့်မယ်'

'ဝမ်းမြောက်လှပါသည် အရှင်သိကြားမင်း'

ဝမ်းမြောက်ဝမ်းသာနှင့် ပြဿနာပြီးပြတ်၍ ပြန်ကြတော့မည်အပြုတွင် သိကြားမင်းက မလိုလဲလိုလဲ စကားတစ်ခွန်းတော့ မှာလိုက်သည်။ 'မကြာခင်ပဲ ရောက်လာတော့မယ်ဟာကို ညည်းတို့က ကမြင်းကြောတော့သွားပြီး မထကြဲနဲ့ဦး နော်၊ တော်ကြာလွဲသွားလို့ ငါ့ဆီ ထပ်ရောက်နေကြရဦးမယ်၊ ယောကျ်ားတစ်ယောက် နတ်ပြည်ရောက်လာဖို့ဆိုတာ လွယ်တာမဟုတ်ဘူး'

'စောင့်စည်းကြပါမည် အရှင်သိကြားမင်း'

သိကြားမင်း၏ ငေါ့တော့တော့ အမှာစကားကို သူတို့ နားလည်သည်။ အကြောင်းမှာ နတ်သမီးတွေ အငြိမ်မနေ၊ ကမြင်းကြောထကြသောကြောင့် လင်နှင့်လွဲခဲ့ရသည့် ဖြစ်ရပ်တစ်ခု ရှိခဲ့ပြီးသည်ကို သိကြသောကြောင့် ဖြစ်သည်။

ယခင်တစ်ကြိမ်က သူတို့နည်းတူ လင်မဲ့နတ်သမီးများ အပူကပ်လာကြသည်ကို သိကြားမင်းက ယောကျ်ားရှာပေးခဲ့ရဖူးသည်။ သိကြားမင်းက လူ့ပြည် ရဟန်းကျောင်း တစ်ခုအတွင်းမှ ဥပသ်သည် လူအိုကြီးတစ်ယောက်ကို သူတို့လင်အဖြစ် ရောက်လာလိမ့်မည်ဟု အလားတူ ညွှန်ပြခဲ့သည်။ ထိုနတ်သမီးများသည် နတ်သက်နှင့်တွက်သော် လက်တစ်ဖျစ်တစ်ကွက်စာမျှလောက်သာ စောင့်ရတော့မည့် အချိန်ကလေးကိုမျှ မစောင့်နိုင်ကြ။ သူတို့လင်လောင်း အဘိုးကြီးထံသွား၍ အလျင်အမြန် ကွယ်လွန်စေရန် ဆွဲကြ လွဲကြသည်။ ကသိကအောက် မျိုးစုံလုပ်ကြသည်။ ဥပါသကာကြီးသည် တရားအသိဖြင့် သတိထား၍ ကုသိုလ်ဘက်သို့ ပို၍ အာရုံပြုသည်။ ကွယ်လွန်တော့ ကွယ်လွန်ပါ၏။ သို့သော် သူတို့ကြောင့် တရားအဆင့်မြင့်သွားသော ဥပါသကာကြီးသည် သူတို့ကို လွန်၍ အထက်ဘုံသို့ ရောက်သွားတော့သည်။

သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်တော်မူပြီးစ သတ္တသတ္တာဟ စံတော်မူရာတွင် ပဉ္စမမြောက် အဇပါလသတ္တာဟ၌ မာရ်နတ်သမီး ထိပ်သီးနတ်သမီး သုံးယောက်တို့ လာရောက် ဖြားယောင်းကြသည်။ ယောကျ်ားများအကြိုက်ဟုဆိုကာ ဆယ်ကျော်သက် အရွယ်၊ ဆယ်ကျော်သက်မှ တကယ့်နုနုနယ်နယ် ဆယ့်သုံးနှစ်ရွယ်ကလေး၊ ဆယ့်ခုနစ်နှစ်အရွယ်နှင့် ခပ်ကြီးကြီးအရွယ် ဖန်ဆင်းကာ ကမြင်းကြောမျိုးစုံထ၍ ပြကြသည်။

အရှင်အနုရုဒ္ဓါ တရားထိုင်နေသည်ကို နတ်သမီးတစ်စုသွားရောက် နှောင့်ယှက်ကြသည်။ ဝိုင်းဝိုင်းလှည့်၍ ကပြကြသည်။ အဆင်းအရောင်မျိုးစုံပြောင်း၍ လှည့်စားသည်။ ရုပ်အဆင်းသာမက အသံကိုပါ စွဲမက်လေအောင် သီချင်းသံစုံပေးသည်။

အရှင်မဟာကဿပ တရားအားထုတ်နေသည်ကိုလည်း နတ်သမီးတစ်ယောက် သွားရောက်နှောင့်ယှက်သည်။ အရှင်မဟာ ကဿပကတော့ ခပ်ရှင်းရှင်းပင်။ မြင်သည်နှင့် တစ်ပြိုင်နက် မောင်းထုတ်ပစ်လိုက်သည်။

တရားရှင်ကြီးများမို့သာ ခံသာတော့သည်။ ထိုသည် ဤသည်တို့ကို သိပြီးသော သောတာပန် သိကြားမင်းက သူတို့အပေါ်တွင် ခပ်ချဉ်ချဉ်ရှိသော ခေတ်ဖြင့် 'ကမြင်းကြော မထကြနှင့်'ဟု ခပ်နင့်နင့်ပြောလိုက်ခြင်း ဖြစ်သည်။

'ယောကျ်ားတစ်ယောက် နတ်ပြည်ရောက်လာဖို့ ဆိုသည်မှာ လွယ်တာ မဟုတ်ဘူး'ဟူသော စကားမှာလည်း တွက်ကိန်းနှင့်ကြည့်သော် ယုတ္တိရှိသော စကားဟု ဆိုရမည်ဖြစ်၏။ အကြောင်းမူကား နတ်သမီးတစ်ဖက် ငါးရာဟူသော အများသိမှတ်ချက် တွက်ကိန်းဖြင့်ကြည့်သော် မိန်းမတစ်ထောင်မှ ယောကျ်ား တစ်ယောက်မျှ တွက်ကိန်းရသောကြောင့် ဖြစ်၏။

တစ်နည်းစဉ်းစားလျှင်လည်း ယုတ္တိရှိပြန်သည်။ အကြောင်းမှာ ဤလောကကို ယောကျ်ားများကသာ ဦးဆောင်၍ ဖျက်နေကြသည်။ လောဘ ဒေါသကြီးသည်။ အထူးသဖြင့် ဣဿာမစ္ဆရိယ ပို၍များသည်။ အနားမရှိ ဆိုရလောက်အောင် စစ်တိုက်နေကြသည်။ သတ်ကြဖြတ်ကြသည်။ အနည်းဆုံး ငါးပါးသီလမျှဖြင့် ဆန်တုတ်တိုက်ကြည့်လျှင်ပင် လူ့ကျင့်ဝတ်မျိုးစုံကို ဒိုင်ခံဖျက်နေကြသူများမှာ ယောကျ်ားများ ဖြစ်သည်။

မိန်းမများမှာမူ သဘာဝအားဖြင့်ပင် အိမ်ရှင်မများဖြစ်ပါက လင်ယောကျ်ားကို ရိုသေရသည်။ သားသမီးများအပေါ်တွင် သူမတူသော မိခင်မေတ္တာအပြည့်ရှိသည်။ နံနက်မှာဆွမ်း၊ ညဉ့်မှာပန်း ဆိုသလို ကုသိုလ်နှင့် နီးစပ်သည်။ မကောင်းမှုပြုဦးတော့ ယောကျ်ားများလို မသောင်းကျန်း၊ မရန့်ရင်း။ ထို့ကြောင့် နတ်ပြည်လောကတွင်တော့ ယောကျ်ားထက် မိန်းမက ပို၍များသည်ဟု တွက်ဆနိုင်သည်။

မာယာဒေဝီတို့လည်း သိကြားမင်းအလားတူပင် သူတို့အတွက်ဟု ရည်ညွှန်းသော ရဟန်းကလေးကို ကြည့်လိုက်သောအခါ တရားအားထုတ်လျက်ရှိသော ရဟန်း ချောကလေးကို တွေ့ရသောကြောင့် ဝမ်းမြောက်ကြသည်။ လူ့ဘဝတွင်ပင် လူချောကလေးဖြစ်ခဲ့သော် နတ်ဘဝရောက်လျှင် ပို၍ချောသော နတ်ချောကလေး ဖြစ်မှာပဲဟု သူတို့ ကြည်နူးကြသည်။

ရဟန်းကလေးမှာ ငယ်ပင်ငယ်သေးသော်လည်း ကျန်းမာရေးနှင့်မူ ပြည့်စုံ လှဟန်မတူ။ အားနည်းသောအသွင် ပေါ်နေသည်။ အသက်ကိုပင် ကြိုးစား၍ ရှူရှိုက် နေရဟန်တူသည်။ မကျန်းမာမှုကို တရားဖြင့် ထိန်းကွပ်ထားရဟန်တူသည်။ ထို့ကြောင့်လည်း သိကြားမင်းက ကြာကြာမစောင့်ရပါဘူးဟု မိန့်လိုက်ဟန် တူသည်။

မိန့်လိုက်သည့် အတိုင်းပင် ကြာကြာမစောင့်ရပါ။ သူတို့ဘုံ သူတို့အကြား သို့ ရောက်လာသည်လည်း မှန်ပါ၏။ နတ်ချောကလေး ဖြစ်ပါ၏။ သို့သော် သူတို့ မှန်းချက်နှင့် နှမ်းထွက် မကိုက်လှ။

*

ရဟန်းပါရမီ ပါလာခဲ့သောသူအဖို့ ငယ်စဉ်ကပင် ရဟန်းဓာတ်၊ ရဟန်းစိတ်ဖြင့် ရဟန်းပုံစံ ပေါ်နေခဲ့သည်။ ထို့ကြောင့် သူ့မိဘများက သူ့ ဗျူပွတ်ကို ကြည့်၍ မောင်သမဏဟုပင် အမည်ပေးခဲ့သည်။ ရဟန်းကျောင်းဆိုလျှင် သူ ပျော်ပိုက်သည်။ ရဟန်းများနှင့် နီးစပ်သည်။ အရွယ်ကလေးရလာသလောက် ရဟန်းအဖြစ်သို့ ပို့ပေးဖို့ချည်း တောင်းဆိုသည်။

သို့သော် သူ့မှာ ဘဝအားနည်းချက်တစ်ခုရှိ၏။ ငယ်စဉ်ကပင် ကိုယ်ဟန် ကလေး တနွဲ့နွဲ့နှင့် ကျန်းမာမှု မပြည့်စုံလှခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် သူ့ မိဘများက ဟစ်နေ့လျှင် တစ်ထပ်သာစား၍ သင့်သလိုနေရကာ အနေအစား ဆင်းရဲလှသည်ဟု မြင်သော ရဟန်းဘဝသို့ သူတို့သားကို မပို့ချင်၊ အိမ်ထောင် သားမွေးကိစ္စဖြင့် ဖျောင်းဖျလျှင်လည်း နားမှ လေသံကြားလိုသူ မဟုတ်။ နောက်ဆုံး တွင်မူ ရဟန်းဘဝမှ မရောက်ရလျှင် ပို၍ပင် စိုးရိမ်ဖွယ်ရာရှိလာသောကြောင့် သာဝတ္ထိ၏ အရံကျောင်းများအနက် မိမိတို့ကိုးကွယ်သော နီးစပ်ရာ ရဟန်းတော်များ ကျောင်းသို့ ရဟန်းအဖြစ် ပို့လိုက်ရသည်။

ရဟန်းအဖြစ်သို့ ရောက်လာသောအခါ သူ ဝမ်းမြောက်သည်။ သို့သော် သူ့ဆန္ဒက တိုးတက်လာပြန်သည်မှာ သင့်လျော်ရာ တောတစ်ခုတွင် ဧကစာ တစ်ပါးတည်း တရားကျင့်သုံး နေထိုင်လိုခြင်းပင် ဖြစ်၏။ အကြောင်းမူကား သူ၏ တစ်ချောင်းတည်းသော ရည်မှန်းချက်မှာ အေးငြိမ်းစွာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်လိုခြင်းပေတည်း။

တောအတွင်း တစ်ပါးတည်းနေမှု၊ တရားကျင့်သုံးမှုဟူသည် ကောင်းလှပါ၏။ သို့သော် ကျန်းမာမှုပြည့်စုံဖို့ လိုသေးသည်။ သူ့မှာ ငယ်စဉ်ကပင် ကျန်းမာမှု မပြည့်စုံခဲ့။ ကျန်းမာမှု မပြည့်စုံလျှင် တရားအလုပ်တွင် အနှောင့်အယှက်ဖြစ်ရ ပေရော့မည်။ ငယ်လည်းငယ်ပါသေးသည်။ ဤသို့ ကရုဏာဖြင့်မြင်သော ဥပဇ္ဈာယ် ဆရာက သူ့ကို ဖျောင်းဖျထားသည်။ ရဟန်းဘဝတွင်တတ်သိထားရမည့် ဝိနည်းသိက္ခာ ပုဒ်များ၊ တရားပေစာများကို သင်ပေးသည်။ ဤနည်းဖြင့် ငါးဝါရသည်အထိ တရား အားထုတ်လိုမှုဆန္ဒ တန်းလန်းဖြင့် နေလာခဲ့ရသည်။

သူကမူ ဘုရားရှင်သည် ၂၉ နှစ်အရွယ်တွင် တောထွက်၍ ဒုက္ကရစရိယာ ကျင့်သုံးသည်။ တစ်ပါးတည်းနေသည်။ ပဉ္စဝဂ္ဂီတို့က လာရောက်အဖော်လုပ်ကြခြင်း ဖြစ်သည်။ အရိုးနှင့်အရေ ကြွင်းသည်ဆိုရုံမျှ အပြင်းထန်ဆုံး ကျင့်သုံးသည်။

အသက် ၂၅ နှစ်မျှသာ ရှိသေးသော မိမိအဖို့ အဘယ်ကြောင့် မကျင့်သုံးနိုင်ဘဲ ရှိရအံ့နည်း။ သေလိုသော် သေပါစေ၊ တရားနှင့်သေသော် မြတ်သည်။ စည်းစိမ်ရှင်ကြီး မဟာကဿပသည် ရှိသမျှစည်းစိမ်ကို စွန့်ပစ်၍ ရဟန်းဝတ်ကာ ဓုတင် ၁၃ ပါးကို ဆောင်သည်။ အခြားအကျင့်တွေ ထားပါဦးတော့။ တစ်သက်လုံး ကျောခင်း၍မျှ မလဲလျောင်း၊ မအိပ်ဘဲ နေသည်မှာ အံ့သြဖို့ကောင်းသည်။ ဘုရားရှင်နှင့် မဟာကဿပ စသည်တို့လို ငါ အဘယ်ကြောင့် မနေနိုင်ရမည်နည်းဟု အားတင်းသည်။ စိတ်မောင်းတင်ထားသည်။

နောက်ဆုံးတွင်မူ သူ့ဆန္ဒပြင်းပြမှုကြောင့် ဥပဇ္ဈာယ်ဆရာက တောထွက်ရန် ခွင့်ပြုလိုက်သောအခါ သာဝတ္ထိနယ်နိမိတ်မှ လူသူကင်းဆိတ်သော တောအုပ်ကလေး တစ်ခုရှိနေ၍ ဖြစ်သည်ဆိုရုံမျှသော ယခု တောကျောင်းကလေးသို့ ထွက်ခဲ့သည်။ ဆရာသင်ပေးလိုက်သော အာဏာပါဏ တရားတော်ကို ပျော်ပျော်ကြီး အားထုတ်သည်။

ဆရာ မိဘများကလည်း အမြော်အမြင်ရှိ၊ သူလည်းသိသော ရောဂါဓာတ်ခံကမူ လျော့မသွား၊ သို့သော် သေလိုသော် သေပါစေ၊ တရားအလုပ်ကိုတော့ အလျော့မပေး ဟူသော အဓိစိတ္တ၊ အဓိဆန္ဒဖွဲ့ဖြင့် အားထုတ်သည်။ အားထုတ်ရင်း တရားထိုင် လျက်နှင့်ပင် အာဟာရနည်းသော ဒဏ်၊ လေသင်တုန်းဖြတ်သော ရောဂါကြောင့် ပျံလွန်တော်မူရှာသည်။

တရားအရှိန်ကြီးမားလိုက်ပုံမှာ ပျံလွန်တော်မူသည်ကိုပင် ကိုယ်တိုင် မသိ။ တစ်စုံတစ်ယောက်က နူးညံ့သော လက်ကလေးများဖြင့် ခြေထောက်ကို လာ၍ အကိုင်ခံရသည့်အခါတွင်မှသာ ပြင်ပအသိ ဝင်လာသည်။ 'အရှင်နတ်သား၊ သခင် နတ်သား'ဟူသော အသံသာကလေးများကိုလည်း ကြားလာရသည်။ ထို့ကြောင့် တရားအရေးဖြင့် မှေးမှိန်ထားသော မျက်စိများကို ဖွင့်ကြည့်လိုက်သောအခါ မမြင်စဖူး ထူးထူးခြားခြား လှပသော မျက်နှာလေးများ ဝိုင်းဝိုင်းလည်ကာ မိမိအား ပြုံးရွှင်စွာ ကြည့်ရှုနေကြသည်ကို တအံ့တသြ တွေ့ရလေတော့သည်။

တရားအလုပ်တွင် တရားရှင်ကို ချစ်ကြည်ညိုသော နတ်ကောင်းနတ်မြတ်များ ဖြစ်စေ၊ တရားကိုကြောက်သော နတ်ယုတ်မာများဖြစ်စေ လာရောက်နှောင့်ယှက် တတ်ကြသည်ဟု ကြားဖူးခဲ့သည်။ ယခု မိမိကိုလာ၍ နှောင့်ယှက်လာကြပြီဟု တွေးလိုက်သည်။ လူ့အသွင်တွင် မမြင်စဖူးခဲ့သော မျက်နှာသွင်ပြင်ကလေးများဖြင့် ထူးခြားလှပနေကြသော မျက်နှာရှင်ကလေးများ ဖြစ်၍နေသောကြောင့် နတ်သမီး ဆိုသဟာကလေးများ ဖြစ်ကြလေရော့သလားဟု တွေးသည်။

နတ်သမီးဖြစ်စေ၊ နတ်သားဖြစ်စေ၊ နတ်မိစ္ဆာတို့ပင် ဖြစ်စေ မိမိအလိုမရှိ၊ တရားကိုသာအလိုရှိသည်။ ထို့ကြောင့် 'အသင်တို့သွားကြ၊ ငါ့ကို လာ၍ မနှောင့်ယှက် ကြကုန်လင့်၊ ငါပြုသမျှသော ကုသိုလ်အဖို့ကို အသင်တို့အား အမျှပေးဝေပါ၏၊

သွားကြကုန်'ဟု နှင်ထုတ်သည်။ မျက်လုံးများကို မှေးမှိတ်ပြီး တရားအလုပ်ကို ဆက်၍ လုပ်သည်။ မိမိကိုယ်ကို ရဟန်းဟုပင် အထင်ရှိနေသေးသည်။

နှင်ထုတ်လိုက်သော်လည်း ထွက်ခွာသွားကြဟန်မတူ၊ အနီးဝန်းကျင်တွင်ပင် လှုပ်ရှားသံကလေးများကို မျက်စိများကို မှေးမှိတ်ထားရင်းမှ ကြားနေရသည်။ လှုပ်ရှားသံမှုမက တခိုးခိုး တခစ်ခစ်နှင့် ရယ်မောသံကလေးများကိုလည်း ကြားလာရသည်။ ဤမျှမက 'အရှင် သခင်နတ်သား၊ မောင်တော်နတ်သားဟာ ရဟန်းမဟုတ်တော့ပါဘူး၊ မျက်လုံးကလေးများလဲ ဖွင့်ပြီး ကြည့်တော်မူပါဦး'ဟူသော စကားကို မိန်းမသံဖြင့် ကြားလိုက်ရသောအခါ ရဟန်းမဟုတ်ဟူသည်အထိ စွပ်စွဲကဲတက်လာသောကြောင့် အံ့ဩစွာဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်မိသည်။

ထိုအခါ မိမိရှေ့တူရူတွင် ကြေးမုံကြီးတစ်ချပ်ကို ထောင်ထားသည်။ မှန်ပေါင်ကို ပြုံးရွှင်သော နတ်သမီးကလေးများက မိမိကိုယ်ကိုကြည့်၍ ကိုင်ထားကြ၏။ မှန်အတွင်းမှ မိမိရုပ်ပုံကို မြင်လိုက်ရသောအခါ ပို၍ အံ့ဩသွားရသည်။

ကိုယ်တွင် သင်္ကန်းပျောက်၍ နတ်ပတ်တန်ဆာများရောက်နေသည်။ တစ်ကိုယ်လုံးရှိ နတ်အင်္ကျီ နတ်ပုဆိုးတို့အပေါ်တွင် ရတနာမျိုးစုံတို့ ဆင်ယင်ခြယ်သထားသည်။ ဦးခေါင်းပေါ်တွင် မကိုဋ်လှလှလေး ဆောင်းဆင်ရောက်ရှိနေသည်။ ခြေထောက်တွင်လည်း ခြေနင်းလှလှလေး စွပ်ဆင်ရောက်ရှိနေသည်။ ဘုရင်တို့ နန်းဆောင်မျှမကသော ပြာသာဒ်ဘုံနန်းကြီးမှာ ကျယ်ဝန်းလှ၏။ အမျိုးသမီးများမှာလည်း မိမိအလားတူ အဆင်တန်ဆာ စုံလင်စွာဖြင့် ကျေနပ် နတ်သမီးကလေးများဖြစ်ကြဟန်တူသည်။ အနီးကပ်အမျိုးသမီးများသာမက ဗိမာန်ပြည့်မျှ အမျိုးသမီးများစွာကိုလည်း တွေ့ရသည်။ ထိုအခါ မိမိသည် တရားထိုင်ရင်း ရောဂါဖြင့် ကွယ်လွန်၍ နတ်ပြည်နတ်ရွာသို့ ရောက်ရှိကာ နတ်သားတစ်ယောက်ဖြစ်ပြီလားဟု တွေးမိလာရသည်။ ရောဂါမှန်သမျှ ကင်းစင်ပ၍ လန်းဆန်းတက်ကြွလျက်ရှိသော မိမိအသွင်ကိုလည်း သတိပြုမိသည်။

'သင်တို့က ဘယ်သူတွေလဲ၊ ငါအခု ဘယ်ကိုရောက်နေတာလဲ'

'အရှင်နတ်သား၊ တရားတန်ခိုးကြောင့် တာဝတိံသာ နတ်ရွာသို့ ရောက်လာခြင်းပါ၊ သမဏနတ်သားဆိုပါတော့၊ ကျွန်ုပ်တို့က အရှင်နတ်သားကို စောင့်မျှော်နေကြတဲ့ အရှင်နတ်သားရဲ့ ခြေရင်းအလုပ်အကျွေးတွေပါ၊ အရှင်နတ်သားရဲ့ မယားတွေပါ၊ ကျွန်ုပ်တို့နှင့်အတူ အရှင်နတ်သား ပျော်ပျော်ပါးပါးကြီးသာ စံစားတော်မူပါတော့'

ယခုသော် တိတိပပ သိရပေပြီ။ မိမိသည် တရားအစွမ်းဖြင့် ကွယ်လွန်၍ နတ်နန်းနတ်ပြည်သို့ ရောက်ခဲ့ခြင်းပါတကား။ သာမန်အားဖြင့်ဆိုသော် ပျော်မွေ့ဖွယ်ရာချည်း ဖြစ်ပါ၏။ သို့သော် ဤလိုကာမဂုဏ်တို့မှ ခန်ထွက်လိုခဲ့သည့် တရားဟုန်

အရှိန် မသေသေး သော ရဟန်းလေးဖြစ်သည့်အတိုင်း ရုတ်ခြည်းအားဖြင့် မပျော်ပိုက်နိုင် ဖြစ်နေရသေးသည်။

'အဘယ်နတ်သမီးတို့၊ ငါ့အကျိုးပေးမှာ နည်းပါးလှပါချည့်၊ ငါသည် သင်တို့နေရာ နတ်တို့ရွာမျှလောက်ကို ရည်မှန်း၍ တရားကျင့်သုံးခဲ့သူ မဟုတ်၊ ငါ၏ ရည်မှန်းချက်ကား နိဗ္ဗာန်သာလျှင် ဖြစ်ပါ၏'

'အရှင်နတ်သား၊ စိတ်ကူးမလွဲပါနဲ့၊ နတ်ပြည်နတ်ရွာ နတ်စည်းစိမ် ဟူသည် လည်း ရောက်ခဲရခဲဘိခြင်းပင် ဖြစ်ပါသည်။ အရှင်အလိုရှိခဲ့ပါသော် ကျွန်ုပ်တို့နေရာ နတ်တို့ရွာတွင်လည်း တရားအခွင့်အရေးများလည်း ရှိနေပါသည်၊ ရံဖန် ဘုရားရှင် ကိုယ်တော်တိုင်နှင့် ရဟန္တာအရှင်ကြီးများ ကြွလာ၍ တရားဟောကြပါသည်၊ သိကြား မင်း ကိုယ်တိုင်လည်း တရားဟောပါသည်၊ ဘုရား တရား အာရုံ မပြတ်တဲ့လိုလျှင်လည်း စေတီတော် အသင့်ရှိပါသည်၊ ထို့ကြောင့် အရှင်နတ်သားအဖို့ ရတနာသုံးပါးကို ဆည်းကပ်ပူဇော်နိုင်ခွင့် ရှိပါသည်၊ တရားနာ တရားအားထုတ်ရင်းဖြင့် ဘုံစဉ်စံကာ အထက်ဘုံ အဆင့်ဆင့်သို့ ကူးပြောင်းပြီး နိဗ္ဗာန်အထိ ကူးပြောင်းနိုင်ပါသည်၊ ဤ နည်းအတိုင်း ဘုံစဉ်စံရင်း နတ်စည်းစိမ်ကို ခံစားနေကြသော သူတော်စင်နတ်များ အမြောက်အမြား ရှိနေပါသည်။ ယခုသော် ရောက်လာရသော အခွင့်အရေးကို လက်မလွှတ်ဘဲ ပျော်ပျော်ကြီး နေကြပါစို့ အရှင်နတ်သား'

ဘုရားရှင်ဟူသော စကား၊ ရတနာသုံးပါးဟူသော စကားကို ကြားလိုက်ရသော အခါ ရဟန်းနတ်သားလေးအဖို့ ဝမ်းမြောက်သွားသည်။ မျက်နှာ ညှိုးငယ်ရာမှ ကြည်လင်လာသည်။ မိမိသည် ရဟန်းပင်ဖြစ်သော်လည်း လူ့ဘဝတွင် ဘုရားရှင်နှင့် နီးလျက်နှင့် ဝေးနေခဲ့ရသည်။ ဆရာ ဉီးပဇ္ဈာယ်၏ တရားမျှကိုသာ နာယူကျင့်သုံးခဲ့ ရသည်။ ထို့ကြောင့်လည်း နတ်ပြည်မျှကိုသာ အကျိုးပေးခဲ့ဟန်တူသည်။ ဘုရားရှင်၏ တရားတော်ကို နာယူခဲ့ရပါသော် ကောင်းလေစွဟု တောင့်တသည်။

*

တာဝတိံသာ နတ်တို့သည် အများအားဖြင့် နတ်စည်းစိမ်ဖြင့်သာ မေ့လျော့၍ နေကြသော်လည်း လူတို့ချိန်ခါ သန်းခေါင်ယံအချိန်များ၌ ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်၏အထံတော်သို့ ဘုရားဖူး တရားနာသွားကြသော နတ်အများကိုလည်း တွေ့လာရသောအခါ တရားသတိ မကင်းသေးသော ရဟန်းနတ်ကလေးသည်လည်း ယင်းနတ်များနှင့်အတူ ဘုရားရှင်ထံတော်သို့ ရောက်ရှိလာရသည်။

မှန်၏။ ရဟန်းလေးကျင့်သုံးခဲ့သော တရားမှာ လောကီနယ်ပယ်မှ အာနာပါန သမထတရားမျှ ဖြစ်သည်။ ယခု ဘုရားရှင်၏ ဝိပဿနာတရားတော်ကို ကြားနာရသော

အခါ ကျင့်သုံးခဲ့ပြီးသော တရားအရှိန်တွင် တစ်ကြိမ်တည်းမျှဖြင့် သောတာပန်အဆင့်သို့ ကူးပြောင်းသွား၍ ဝမ်းမြောက်လှသည်။ ရဟန်းနတ်ကလေးအဖို့ ရောက်ရှိပြီး နတ်စည်းစိမ်တွင် ဘုံစဉ်ပင် စံစေဦးတော့ မိမိအလိုရှိသော နိဗ္ဗာန်တံခါးကြီး ပွင့်သွားပြီဖြစ်၍ စိတ်ချရပေသည်။ အကြောင်းမူကား သောတာပန်တရား နိဗ္ဗာန်တံခါး ပွင့်ပြီးသူအဖို့ လူ့ပြည်နတ်ရွာ စုန်ဆန်ကာဖြင့် အချိန်ကြာဦးမည်ဆိုတော့ နိဗ္ဗာန်ရောက်ဖို့ရန်မှာ ခုနစ်ကြိမ် ခုနစ်ဘဝထက် မပိုတော့ပြီ ဖြစ်သောကြောင့် ပေတည်း။ ။

## ဆွမ်းထူး ဆွမ်းမြတ်

ဘုရားရှင်၏ သက်တော်အတွင်း၌ ထူးခြား၍ လူသိများသော ဆွမ်းစားရမှု သုံးလေးကြိမ်မျှ ရှိခဲ့သည်။

တစ်ကြိမ်မှာ ဘုရားဖြစ်တော်မူသည့်နေ့တွင် သူဌေးသမီး သုဇာတာ လှူသော ဆွမ်းဖြစ်၏။ ဤဆွမ်းမှာ ဘုဉ်းပေးသုံးဆောင်ရာ၌ ထူးခြားမှု ရှိစေသကဲ့သို့ပင် ဤဆွမ်းဖြစ်အောင် စီမံပြုလုပ်သော သုဇာတာ၏ အပြုအမူကြောင့်လည်း ပိုမိုထူးခြား လူသိများခဲ့သည်။

သို့ရာတွင် ဤဆွမ်းအတွက် သုဇာတာ၏ ရည်ရွယ်ရင်းကား ဘုရားရှင် သို့မဟုတ်၊ ယနေ့ညဥ့်ပိုင်းတွင်ပင် ဘုရားဖြစ်တော်မူမည့် သိဒ္ဓတ္ထရဟန်းအတွက် မဟုတ်။ သူ ကိုးကွယ်လာခဲ့သော ဆုတောင်းပြည့် ညောင်ပင်စောင့်နတ်မင်းသို့သာ ရည်ရွယ်ရင်း ဖြစ်ပေသည်။

မထူးခြားဘဲ ရှိမည်လော။ ဤအလှူအတွက် ရှေးမဆွကပင် နွားမတစ်ထောင်ကို နွယ်ချိုတောခြံ၌ ကျောင်း၍ ထိုတစ်ထောင်သော နွားမကို ငါးစုပြုပြီးလျှင် ရှစ်ရာသော နွားမတို့၏ နို့ရည်ကို နှစ်ရာသော နွားမတို့၌ တိုက်သည်။ ၎င်းနှစ်ရာကို ငါးစု ပြန်စု၍ တစ်ရာ့ခြောက်ဆယ်သော နွားမတို့၏ နို့ရည်ကို လေးဆယ်သော နွားမတို့၌ တိုက်သည်။ ထိုလေးဆယ်ကို ငါးစုပြုပြန်၍ လေးစုသော နွားမတို့၏ နို့ရည်ကို ရှစ်ကောင်သော နွားမတို့၌ တိုက်ပြန်သည်။ ထိုရှစ်ကောင်သော နွားမတို့၏ နို့ရည်ဖြင့်သာ ဃနာနို့ဆွမ်းချက်သည်။

ထို့ထက်ထူးခြားဟန်ကား ဘုရားအလောင်းတော် ဘုဉ်းပေးရမည့် ဆွမ်းဖြစ်မှန်း သိသော သိကြားမင်းက ချက်သောဆွမ်းအိုးကို မီးထိုးပေးသည်။ မဟာဗြဟ္မာကြီးက ဆွမ်းအိုးကို ထီးမိုးပေးသည်။ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့က

အရပ်လေးမျက်နှာမှ လက်နက်ထမ်းကာ စောင့်ရှောက်ပေး၏။ မစောင့်ရှောက်၍ မဖြစ်။ တောထွက်တော်မူစဉ် မြို့တံခါးဝကပင် စတင်နှောင့်ယှက်လျက်ရှိနေသော မာရ်နတ်ယုတ်၏ ဘေးရန်အန္တရာယ် ရှိနေသည် မဟုတ်လော။ နတ်အများတို့က လေးကျွန်းတစ်မြင်းမိုရ် ထိုထိုအရပ်တို့၌ ရှိလေသမျှသော အရသာမျိုးစုံကို ဖြည့်တင်းပေးသည်။

ထိုနတ်ဗြဟ္မာတို့၏ ရည်ရွယ်ချက်ကား အရသာရှိစေသော ဆွမ်းဖြစ်ကာမျှ မဟုတ်။ ဘုရားဖြစ်ပြီးနောက် ဆွမ်းမစားဘဲ သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီ စံနေတော်မူသည်အထိ ပြီးပြည့်စုံအောင် ရည်ရွယ်ရင်း ဖြစ်၏။

အမြိုက်သုဓာ၊ နတ်စားဌာနှင့်
များစွာလျော့လျား၊ မထူးခြားတည့်
ဘုရားဟူက၊ ပွင့်စမူးမူး
ထိုနေ့ဦး၌၊ ရဖူးစမြဲ
မလွဲဖြစ်တမ်း၊ နို့သစ်ဆွမ်းကို
မြစ်ရေကမ်းစ၊ ထက်ဝယ်လှလျက်
သတ္တသတ္တာ၊ နှောင်လာစိစစ်
ခုနစ်ခါလည်၊ ကြာသည်အံ့ဟူ
ဝံ့ဆည်တာတွယ်၊ မှုအောင်ရွယ်သို့
လေးဆင့်ကိုးလုတ်၊ မယုတ်အင်ပြည့်
သပ္ပာယ်ဖြည့်လျက်။

(ပါရမီတော်ခန်းပျို့ အပိုဒ် ၁၁)

ဤဆွမ်းကား ဘုရားရှင်တကာတို့ ရလာမြဲဖြစ်သည့်အတိုင်း ကျမ်းပြုဆရာ၊ ကဗျာဆရာတို့ကပင် အထူးတလည် သီကုံးဖွဲ့ဆိုအပ်သည့် ထူးခြားသော ဆွမ်းတော်ပင် ဖြစ်လေ၏။

ဒုတိယဆွမ်းသည်ကား သောဏာ သတို့သား၏ ဆွမ်းဖြစ်ပေသည်။ ဤဆွမ်း ဖြစ်ပေါ်လာမှု၏ ထူးခြားပုံကိုလည်း ရှုပါဦး။

မဇ္ဈိမဒေသရှိ ဆန်စပါးမျိုးစုံတို့အနက် အကောင်းဆုံးသော အမျိုးအစားမှာ စံပယ်ဖူးဆန် ဖြစ်၏။ ဤဆန်ကို ချက်လိုက် ပြုတ်လိုက်လျှင် ထွက်ပေါ်လာသော ထမင်းလုံးမှာ ဖြူဖြူဖွေးဖွေး စံပယ်ဖူးလေးများပမာ ဖြစ်ပေါ်လာသောကြောင့် စံပယ်ဖူးဆန်ဟု ခေါ်၏။ မွှေးကြိုင်ပြီး အဆီအနှစ်နှင့်လည်း ပြည့်စုံသည်။ ယင်းစံပယ်ဖူးဆန်ကို လူတိုင်းမစားနိုင်၊ မင်းစိုးရာဇာ အထက်တန်းလွှာတို့သာ စားသုံးနိုင်၏။

သောဏာသတို့သား၏ မိဘတို့က ယင်းစံပယ်ဖူးစပါး အမျိုးအစား ကောင်းကောင်းကို ရွေးချယ်ဝယ်ယူပြီးလျှင် သီးသန့်မြေတွင်ရေဖြင့်မစိုက်၊ နို့ရည်ဖြင့်သာ

စိုက်စေပြီးလျှင် ထွက်ပေါ်လာသောစပါးကို နံ့သာမျိုးစုံ၊ နံ့သာနှစ်၊ နံ့သာပြောင်းတို့ဖြင့် လိမ်းကျံမွှမ်းထုံအပ်သော ကျီသုံးလုံးတွင် ထည့်သွင်းပိတ်လှောင်ပြီးနောက် နှစ်ချို့စပါးအဖြစ် ကျီတစ်လုံးကို သုံးနှစ်တစ်ကြိမ်ကျ ဖွင့်၍ သောဏ သတို့သားအား ချက်ပြုတ်စားသုံးစေ၏။ ချက်ပြုတ်ရာ၌လည်း စပါးလုံးများကို တစ်လုံးချင်းနွှာစေ၍ နို့ရည်ဖြင့်သာ ချက်ပြုတ်ရသည်။

ယင်းသောဏသတို့သား ဟူသည်ကား နောင်အခါတွင် ဘုရားရှင်သာသနာတော်၌ ဝီရိယကြီးမားခြင်းအရာ၌ ဧတဒဂ်သခင်ဖြစ်လာသော ဘဝပါရမီထူးအရှင် (ဗုဒ္ဓစာပန်းချီ 'စောင်းတော်ရှင်') သောဏကောဠိဝိသ ထေရ်ပင် ဖြစ်လေ၏။

ဘုရားရှင်သည် နာမကျန်းဖြစ်တော်မူပြီးနောက် နာလန်ထစအချိန်၌ ဆွမ်းကောင်း ဆွမ်းမွန်ဖြင့် ပြုစုဘုဉ်းပေးစေလိုသော အရှင်သာရိပုတ္တရာ မထေရ်က ယင်းသောဏသတို့သား၏ ဆွမ်းကို ကြွရောက်အလှူခံပြီးလျှင် ဘုရားရှင်အား ဆက်ကပ်လေသည်။ ထူးခြားသောဆွမ်းပင် ဖြစ်ပေ၏။

နောက်တစ်ကြိမ်ဖော်ပြရန်ကား သုဇာတာတို့၊ သောဏတို့ဆွမ်းလို ကောင်းမွန်လှသောကြောင့် ထူးခြားခြင်း မဟုတ်၊ လူတို့စကားဖြင့်ပြောရပါမူ ဘုရားရှင် သက်တော်တစ်လျှောက်လုံး၌ မမေ့နိုင်လောက်အောင် စားသုံးတော်မူခဲ့ရသော အညံ့ဆုံး၊ မကောင်းဆုံးဆွမ်းဖြစ်၏။ ယင်းဆွမ်းသည်ကား ဝေရဥ္စာတိုင်းတွင် ဘုရားရှင် ဝါကပ်တော်မူစဉ် တစ်ဝါတွင်းလုံး ဘုဉ်းပေးတော်မူခဲ့ရသော မုယော ဆွမ်းကြမ်းပင် ဖြစ်ပေ၏။

လူတို့စားသော ဆန်ဆိုး၊ ဆန်ညံ့မျှပင်မဟုတ်။ မြင်းစားသော မုယောဆန်များကို ညီတော်အာနန္ဒာက ဆုံဖြင့် ထုထောင်းဆက်ကပ်ကာ ရေဖြင့်မျှောချ ဘုန်းပေးတော်မူခဲ့ရသော မသေရုံ အာဟာရမျှ ဖြစ်ပေသည်။ ယင်းဆွမ်းမှာ ထူးခြားလှသောကြောင့် ဝိပါက်တော် တစ်ပါးအဖြစ်ပင် ပိဋကတော်တွင် မှတ်တမ်းတင်ခဲ့ရပေသည်။

ဝေရဥ္စာတိုင်း၊ သမိုင်းအကျော်
ဝါတော်ကပ်တော့၊ မာရ်နတ်နှိုးဆော်
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်
ဘုဉ်းပေးရ၊ ရှေးက ဘယ်ဝင့်နော်။
မထင်မရှား၊ မျိုးသားဖြစ်တုံ
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ
ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ
ဝစီထွက်၊ ဝိပါက်တော်တဲ့ယုံ။

လယ်တီပဏ္ဍိတ

ဖုဿဘုရားရှင် လက်ထက်တော်တွင် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူခိုက် မြင်တွေ့ရသော အလောင်းတော်ကား 'ဒီဦးပြည်း ရဟန်းတွေဟာ ဘာအလုပ်ကိုမှ မလုပ်ချင်ကြဘူး၊ ပျင်းပျင်းရိရိနေထိုင်ပြီး လူအများလှူဒါန်းတဲ့ ဆွမ်းဘောဇဉ်တွေကို ဝအောင်စားပြီး အားတိုင်းအိပ်လို့ နေကြတယ်၊ ဒီလို ရဟန်းတွေကို သိမ်မွေ့လှစွာ အရသာရှိတဲ့ ဃနာနို့ဆွမ်းကို လှူဒါန်းသဖြင့် ဘာအကျိုးရှိမလဲ၊ အလွန်ကြမ်းတဲ့ မုယောဆွမ်းကို စားနေဖို့တော်ကြတယ်'ဟု နှုတ်သရမ်းမိပါသတဲ့၊

**လယ်တီပဏ္ဍိတ**

**(သာရ သုန္ဒရီ စာ ၁၇၆)**

မည်သို့ဆိုစေ ဘုရားရှင်၏ ထူးခြားသော ဆွမ်းတစ်ရပ်အဖြစ် သတ်မှတ်ရမည့် ဆွမ်းပင်ဖြစ်လေသည်။

ယခု ဖော်ပြမည့်ဆွမ်းကား သာမန် ထူးခြားရုံသာမက အလွန်ထူးခြားသည့် ဆွမ်းဟု ဆိုနိုင်ပေသည်။ အကြောင်းသော်ကား ယနေ့ခေတ်တိုင်အောင် အငြင်းအခုံပြဿနာဖြစ်၍ မဆုံးနိုင်သောဆွမ်း၊ ဘုရားရှင်၏ နောက်ဆုံးဘုဉ်းပေးတော်မူသောဆွမ်း၊ ဤဆွမ်းကြောင့်ပင် ဘုရားရှင်သည် ဝမ်းတော်လားရာ ပရိနိဗ္ဗာန် စံဝင်တော်မူရပါသည်ဆိုသော ဆွမ်း၊ ပန်းပဲဆရာ၏သား စုန္ဒဥပါသကာ၏ ဝက်ပျိုသားဆွမ်း၊ သို့မဟုတ် ပါဠိဝေါဟာရအားဖြင့် သူကရမဒ္ဒဝဆွမ်း ဖြစ်သောကြောင့် ဖြစ်၏။

စုန္ဒဒါယကာ စီမံထားသော သူကရ မဒ္ဒဝဟူသည် အလွန်လည်းမငယ်၊ အလွန်လည်းမအိုသော ဝက်ပျိုသားဖြစ်၍ ထိုအသားသည် နုလည်းနု၍ ညက်လည်းညက်သော၏ဟု ကျမ်းကြီးတစ်ကျမ်းတွင် ဖော်ပြ၏။ အခြားကျမ်းတစ်ခုက သူကရမဒ္ဒဝဟူသည် နွားနို့မှဖြစ်သော အရသာငါးမျိုးဖြင့် ချက်အပ်သော နူးညံ့သောထမင်း၏ အမည်ဖြစ်သည်ဟု ဖော်ပြသည်။ အခြားကျမ်းတစ်ခုကလည်း သူကရမဒ္ဒဝဟူသည် ရသာယန ဆေးကျမ်း၌လာသော ရသာယန အစီအရင်အတိုင်း စီမံအပ်သော စားဖွယ်ဟစ်မျိုးဖြစ်၏။ ထိုရသာယနအစာမျိုးသည် အသက်ရှည်စေနိုင်သောကြောင့် ဘုရားရှင်အား ပရိနိဗ္ဗာန် မစံပါစေနှင့်ဟူသော စေတနာဖြင့် စီမံဆက်ကပ်ခြင်း ဖြစ်သည်ဟု ဖော်ပြသည်။

ကုလားပါမောက္ခကြီးတစ်ဦးကလည်း သူကရမဒ္ဒဝဟူသည် အမွေးထူ၍ သို့မှောင်သော အရောင်ရှိသဖြင့် မြေကြီးမှထွက်သောအခါ ဝက်နှင့်တူသောကြောင့် 'သူကရ'ဟု ခေါ်ဟန်တူသည်။ ယင်းသစ်ဥသည် အိန္ဒိယပြည်မြောက်ပိုင်းရှိ သူတော်သူမြတ်တို့၏ အာဟာရတစ်မျိုးဖြစ်၍ ဝမ်းမီးညံ့သူများကို တိုက်ကျွေးသော ဟိန္ဒူဆေးဆရာတို့၏ ဂက်သုံးဆေးဖြစ်၏။ ယင်းသစ်ဥကို စုန္ဒဒါယကာက နွားနို့နှင့် ပျစ်အောင်ကျို၍ စီရင်အပ်သော နို့ဃနာတစ်မျိုးသာ ဖြစ်သင့်ပါသည်ဟု ဆိုသည်။

ဘုရားရှင်၏ ဝိပါက်တော် ၁၂ ပါးကို ဖော်ပြသော လယ်တီပဏ္ဍိတကမူ ဘုရားရှင်သည် စုန္ဒါယကာ လှူအပ်သော ဝက်ပျို့သားကိုစား၍ ဝမ်းတော်လားကာ ပရိနိဗ္ဗာန်စံတော်မူရသည်ဟု အပြတ်မိန့်သည်။

ဆဒ္ဒန်ဆယ်စီး၊ အားကြီးလျင်မြန်
ဝမ်းတော်သွန်ငြား၊ ရွှေအားမသန်
ခွေယိုင်နွဲ့လို့၊ မြန်းခဲ့နိဗ္ဗာန်
ဖြေစေကြောင်း၊ ကံဟောင်းထုတ်လို့ပြန်။
ရောဂါကုစား၊ သမားဉာဏ်ကျယ်
ရှင်သူဌေးသား၊ ဆေးဝါးကုတယ်
ခ မပေးလို့၊ ဟိုရှေးဘုန်းကြွယ်
ဝမ်းလားဆေး၊ တိုက်ကျွေးဝဋ်ဟောင်းလယ်။

လယ်တီပဏ္ဍိတ

အထက်ပါ အဆိုအမိန့်များကို အပြန်အလှန်သုံးသပ်ပြီးနောက် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက အောက်ပါအတိုင်း အဆုံးအဖြတ်ပြုသည်။

သူကရမဒ္ဒဝ၌ နတ်တို့သည် နတ်သြဇာထည့်ကြကုန်၏။ နတ်သြဇာကို စားကြသော နတ်များသည် အသားမစားကြ။ မြတ်စွာဘုရား၏ နောက်ဆုံးအာဟာရသည် ဝက်သားဖြစ်လျှင် အသားမစားဘဲ နတ်သြဇာကိုသာစားနေကြသော နတ်တို့သည် ဝက်သားဟင်း၌ နတ်သြဇာထည့်ဖို့ရန် ကြံစည်မည် မဟုတ်ပါ။ အသားဟင်း မဟုတ်သောကြောင့်သာ နတ်သြဇာထည့်ကြသည်ဟု ယူဆဖွယ်ရှိ၏။ ထို့ကြောင့် သူရကမဒ္ဒဝကို လေးလေးနက်နက်စဉ်းစားသောအခါ ဝက်ပျို့သားဟင်း မဟုတ်သည့်ဘက်မှ အားကောင်းနေပါသည်။

သူကရမဒ္ဒဝကို ဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားမှာ သွေးဝမ်းသွန်ရောဂါ ဖြစ်၏။ သို့သော် သူကရမဒ္ဒဝကို ဘုဉ်းပေးတော်မူသောကြောင့် မဟုတ်ပါ။ ဆေးဆရာဖြစ်တုန်းက ဝမ်းကျဆေးကို သူဌေးသားအား လိမ်၍ပေးဖူးသော အကုသိုလ်ကံတည်းဟူသော ကမ္မဝဋ်ပါလာသောကြောင့် ဖြစ်ပါသည်။

(နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ၊ စာ ၁၀၅)

ယင်းသို့ ဝက်သား ဟုတ် မဟုတ် ပြဿနာအပြင် ပရိနိဗ္ဗာန်ဝင်စံခါနီး ဆဲဆဲ၌ ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူအပ်သော စကားတော်တစ်ရပ်ကြောင့်လည်း ဤဆွမ်းသည် အလွန်ထူးခြား၏။

'အာနန္ဒာ၊ စုန္ဒ ဒါယကာအဖို့ သူ၏ ဆွမ်းကြောင့် ငါဘုရား ဝမ်းတော်လားရသည်ဟု တစ်စုံတစ်ယောက်က ပြောလာသောစကားကို ကြားရခြင်းဖြင့် နှလုံး

မသာမယာ မဖြစ်စေလင့်၊ စင်စစ်ဆိုသော် စုန္ဒသည် ငါဘုရားအတွက် နောက်ဆုံးဆွမ်းကို ပေးလှူရသူဖြစ်သောကြောင့် အလွန်ကံကောင်းသူဖြစ်ပါသည်၊ ဘုရားဖြစ်မည့်နေ့၌ ဘုဉ်းပေးရသော သုဇာတာ၏ ဃနာနို့ဆွမ်းသည်လည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌ ဘုဉ်းပေးရသော စုန္ဒ၏ ဆွမ်းသည်လည်းကောင်း ဤဆွမ်းနှစ်မျိုးသည် အခြားသောဆွမ်းတို့ထက်သာ၍ အကျိုးကြီးပါသည်'

*

ယင်းသို့လျှင် ဝက်သာ- ဟုတ်၏၊ မဟုတ်၏ ပြဿနာကြောင့် သူကရမဒ္ဒဝအနေဖြင့် နာမည်ကြီးခဲ့သော်လည်း ဝက်သားဆွမ်းကို ပေးလှူရာ၌ ဘုရားရှင်လည်း ဝမ်းတော်မလာ၊ အခြား ဘာပြဿနာမှလည်း မပေါ်ခဲ့သော ဝက်သားစစ်စစ် ဆွမ်းအလှူတစ်ရပ်ရှိပေ၏။ ယင်းအလှူသည်ကား ဝေသာလီပြည်မှ ဥဂ္ဂသူကြွယ်၏ ဝက်သားဆွမ်းအလှူပင်ဖြစ်ပေသည်။

ဝက်သားဆွမ်းအလှူဟု ဆိုရရာ၌ ဥဂ္ဂသူကြွယ်သည် အခြားသော မိမိကိုယ်တိုင်သုံး အဖိုးတန်ပစ္စည်းများကို ဘုရားရှင်အား ပေးလှူသည့်ပွဲတွင် ဆွမ်းကပ်ပွဲလည်း ပါရှိလေရာ ဘုရားရှင်၏ ဆွမ်းတော်ပွဲအတွက် အခြားသော သားငါးမျိုးစုံ၊ ဟင်းအမည်မျိုးစုံတို့ကို ကပ်လှူနိုင်သော်လည်း မကပ်လှူဘဲ မိမိအလွန်နှစ်သက်၍ မိမိထမင်းပွဲ စားသောက်ပွဲမှန်သမျှတွင် မပါလျှင်မပြီးသော ဝက်သားဟင်းတစ်မျိုးကိုသာလျှင် ကန်ဇွန်းရွက်ကြော် အရန်ဟင်းလေးတစ်ခွက်မျှ ဖြည့်စွက်လျက် ဝက်သားဟင်းကို အထူးပြု ကပ်လှူသောကြောင့် ဝက်သားဆွမ်းအလှူဟု ဆိုလိုက်ရခြင်းဖြစ်ပေ၏။ အကြောင်းသော်ကား ဥဂ္ဂသူကြွယ်သည် ဝက်သားကို အထူးကြိုက်နှစ်သက်သူ ဖြစ်လေ၏။

ယင်းဥဂ္ဂသူကြွယ်ကား ဖြစ်ရပ် ခပ်ဆန်းဆန်း ပုဂ္ဂိုလ်ပေတည်း။ သူ၏ ခပ်ဆန်းဆန်း ဖြစ်ရပ်များကို ဘုရားရှင်ကပင် တရားတော်တစ်ပုဒ်နှစ်ပုဒ်ပြုလုပ်၍ ဟောတော်မူခြင်းကို ခံရသော ပုဂ္ဂိုလ်ဖြစ်ပေသည်။ သို့ဖြစ်၍ သူ့ဖြစ်ရပ်ကြောင်းအင်တစ်ခုနှစ်ခုကို ကြိုတင်ပြောရပေဦးမည်။

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တောကျောင်း၌ သီတင်းသုံးတော်မူခိုက် ဒေသစာရီလှည့်လည်ရာတွင် ကုံကော်တောတစ်ခုသို့ရောက်ရှိသောအခါ ယင်းကုံကော်တောအတွင်း၌ အရက်သေစာ မူးယစ်သောက်စား ပျော်ပါး၍နေသော ဥဂ္ဂသူကြွယ်နှင့် ရင်ဆိုင်တိုးသည်။ ဘုရားရှင်အား စတင်ဖူးတွေ့ရသောအချိန်ဖြစ်၏။

သို့ရာတွင် ယင်းသို့ဘုရားရှင်အား ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် ပျော်ပါးသောက်စားထားသော အရက်သေစာတို့၏ မူးယစ်ခြင်းပြေပျောက်၍ ဘုရားရှင်အား ကန်တော့ပြီးလျှင် တရားတော်ကို နာရ၍ အနာဂါမ် အဆင့်သို့ရောက်သွားသည်။ ဘဝပါရမီ အရင်းခံရှိခဲ့သော ဥဂ္ဂသူကြွယ်အဖို့ ဘုရားရှင်၏

ထူးခြားသော ရုပ်လက္ခဏာတော်ကို ဖူးမြင်ရပြီး တရားတော်ကို နာရသောအခါ ထူးခြားသော တရားရှင်အဆင့်သို့ရောက်သွားသည်ဟု ဆိုနိုင်ရာ၏။

ဤနေရာတွင် အရက်သမားများတရားနာကြရသည့် ကိစ္စ၌ တစ်နေ့တည်းဖြင့် တရားရကြပုံမှာ သန္တတိအမတ်ကြီးနှင့် တူသည်ဟု ဆိုနိုင်၏။

ကွာခြားချက်မှာ ဥဂ္ဂသူကြွယ်က ဘုရားရှင်အား ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် အမူးပြေကာ တရားနာရသောကြောင့် အနာဂါမ်အဆင့်သို့ ရောက်၍ ကောသလဘုရင်၏ အမတ်ကြီး သန္တတိကမူ ဘုရားရှင်အား စင်ပေါ်မှဖူးတွေ့ရပါလျက် အမူးမပြေသေးဘဲ သူ့ မူးယစ်ပျော်ပါးဖက် အပျော်မလေး ကွယ်လွန်၍ တရားနာရမှ တစ်ချီတည်းနှင့် ရဟန္တာဖြစ်ကာ တစ်ချိန်တည်း မှာပင် ပရိနိဗ္ဗာန်ပြုတော်မူသွားခြင်း ဖြစ်၏။

ဥဂ္ဂသူကြွယ်အဖို့ ရဟန္တာအဆင့်သို့ကား မရောက်သေး။ သို့သော် အနာဂါမ်အဆင့်သို့ ရောက်သည်။ အနာဂါမ်ဟူသည်ကိလေသာကို ပယ်ပြီးဖြစ်၏။ အိမ်ရှိမယားကို ပယ်ပြီးဖြစ်၏။

ဘုရားရှင်သာသနာတော်၌ လူအဖြစ်ဖြင့် အိမ်ထောင်တန်းလန်းနှင့် အနာဂါမ်အဆင့်သို့ရောက်သူ ယောကျ်ား၊ မိန်းမတို့ မြောက်မြားစွာ ရှိခဲ့ရာတွင် အခြားသူများအဖို့မူ အိမ်ထောင်မှုပြုဖို့မလိုတော့သော မိမိတို့ ဇနီးခင်ပွန်းများနှင့် ကင်းကင်းရှင်းရှင်း ဘာသာလဝါနေလိုသော် နေရာ၏။ ပုထုဇဉ်အဖြစ်ဖြင့်သာ ရှိနေသော မိမိတို့ ဇနီးခင်ပွန်းတို့အား နောက်ထပ် အိမ်ထောင်ပြုခွင့်ပေးလိုသော် ပေးရာ၏။ သို့မဟုတ် သာသနာ့ဘောင်သို့ ရဟန်းအဖြစ် ဝင်ရောက်လိုသော် ဝင်ရောက်ရာ၏။

သူကမူ သူ့ဇနီး ကလေးများအား အိမ်ထောင်ပြုခွင့် ပေးရုံမျှမဟုတ်၊ 'ငါဟာ ဒီနေ့ကစပြီး အဗြဟ္မစရိယာ သိက္ခာပုဒ်ကို စောင့်ထိန်းလိုက်ပြီ၊ ဒါကြောင့်မို့ မင်းတို့ အိမ်ထောင်ပြုလိုသော် မိမိတို့ကြိုက်နှစ်သက်ရာလူနဲ့ ပြုကြလေတော့'ဟု ခွင့်ပေးရုံမျှမက နောက်ထပ် အတွန့်တက်လိုက်ချေသေး၏။ အတွန့်တက်လိုက်ပုံကား 'မင်းတို့ ဘယ်ယောကျ်ားနဲ့များ ကြိုက်နေကြသလဲ၊ ကြိုက်တဲ့သူရှိရင် ပြောကြ၊ အခုချက်ချင်းခေါ်ပြီး ငါကိုယ်တိုင် လက်ထပ်ပေးစားလိုက်မယ်'ဟူ၍ ဖြစ်၏။

အကယ်ဆိုသော် မိမိတို့ တရားဝင် အကြင်လင်မယားတို့ အကြားတွင် အခြား ကြိုက်နှစ်သက်သူရှိစေဦးတော့ တိတ်တိတ်ပုန်းကိစ္စသာဖြစ်၍ ဖွင့်ပြောရိုးမရှိသော ကိစ္စ၊ ဖွင့်ပြောစကောင်းသော ကိစ္စမဟုတ်။ မတော်တဆ သိသွားသည့်တိုင်အောင် ဖုံးရဖိရသော ကိစ္စသာ ဖြစ်၏။ ယခုသော် ပြောင်ဖွင့်မေးလိုက်ခြင်းမှာ ထူးခြားသော စကားဖြစ်၏။

သူ့မှာမယားလေးယောက်ရှိရာ အားလုံးပင် ငယ်ငယ်ရွယ်ရွယ်တွေချည်း ဖြစ်၏။ ပစ္စည်းရှင် ဓနရှင်ဖြစ်၍ သူတို့ထုံးစံအတိုင်း ယူထားသော်လည်း သူ့ အသက်က ငယ်ငယ်ရွယ်ရွယ် မဟုတ်၊ သေကာနီး သက်ကြီးရွယ်အို အရွယ်ခန့် ရောက်ခဲ့ပေပြီ။

အမျိုးသမီးများအဖို့ မျိုးရိုးထုံးစံဖြစ်၍သာ မယားကြီး မယားငယ် အသွယ်သွယ်အဖြစ် ရယူနေကြရသော်လည်း မိန်းမတို့သဘောထားစစ်စစ်မှာကား တစ်လင်တစ်မယား စနစ်သာဖြစ်၍ မုန့်ကိုသာ ဝေစားမည်၊ လင်ကို ဝေမစားနိုင်ဟူသော သဘောထားပင် ဖြစ်ပေ၏။ ထို့ကြောင့် အချို့မိန်းမများသည် ကုသိုလ်ဒါနပြုရာ၌ ဤကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ မိမိယောကျ်ားသည် အခြားမိန်းမကို မယူသူဖြစ်ပါစေဟု ကျိတ်၍ ဆုတောင်းသူများပင် ရှိခဲ့ပေသည်။

ဥဂ္ဂသူကြွယ်က ယင်းသို့ မေးလိုက်သောအခါ မယားလေးယောက်အနက် အခြားသုံးယောက် မည်သို့မျှ မလှုပ်ရှားသော်လည်း မယားကြီးဖြစ်သူက 'ကျွန်မသည် ကျွန်မတို့ တစ်အိမ်ကျော်က ကိုလာဘကို မေတ္တာမျှပါသည်၊ သူနှင့်ပေးစားပါ'ဟု ခပ်ရှင်းရှင်း ဖွင့်ထုတ်ပြောလာသည်။

ထိုစကားကြောင့် ဥဂ္ဂသူကြွယ်အဖို့ နည်းနည်းမျှ မတုန်လှုပ်ဘဲ ချက်ချင်းပင် ပူကြီးစုံရာနှင့် ထိုသူကိုခေါ်ယူစေကာ လက်ဝဲလက်ဖြင့် မိမိမယားနှင့် ထိုသူကို ဆုပ်ကိုင်စေပြီး လက်ယာလက်ဖြင့် ရေကရားကိုကိုင်ယူသွန်းလောင်းပြီး ထိမ်းမြားပေးလိုက်သည်။

*

ဥဂ္ဂသူကြွယ်တွင် သူ အမြဲတမ်းအသုံးပြုသော ထိုင်ခုံတစ်ခုရှိ၏။ ထိုထိုင်ခုံသည် တန်ဖိုးကြီးမားလှသော စန္ဒကူးနှစ်ဖြင့် ပြုလုပ်ထားသောကြောင့် အဖိုး တစ်သိန်းကျော် တန်၏။ ထိုထိုင်ခုံအောက်တွင် ခင်းထားသောအရာမှာ ဝံပိုင့်ရေ သားမွေးအခင်းတို့ဖြင့် တန်ဆာဆင်ကာ ပန်းပြောက်ပန်းမွေးတို့ဖြင့် ခြယ်စီအပ်သော ကော်ဇောကြီး ဖြစ်၏။

ယင်းပစ္စည်းများမှာ သူ အလွန်နှစ်ခြိုက်သော ပစ္စည်းများဖြစ်၍ ယင်းပစ္စည်းများကို ဘုရားရှင်အား ပေးလှူလိုသည်။ အကြောင်းမှုကား ဘုရားရှင်ထံမှ 'အကြင်သူသည် မိမိနှစ်ခြိုက်သော ပစ္စည်းကို လှူအံ့၊ ထိုသူအဖို့ မိမိနှစ်ခြိုက်သောအကျိုးကို ရသည်'ဟူသော တရားတော်ကို ကြားနာရဖူးသောကြောင့် ဖြစ်၏။

ယင်းပစ္စည်းများကို ပေးလှူပွဲတွင် ဘုရားရှင်အား ဆွမ်းဆက်ကပ်မည်ဖြစ်ရာ ဆွမ်းပွဲအတွက် ဟင်းကိုလည်း ဝက်သားဟင်းဖြင့် စီစဉ်၏။ အကြောင်းသော်ကား သူသည် ဝက်သားကို အနှစ်သက်ဆုံး၊ အကြိုက်ဆုံးဖြစ်သောကြောင့်တည်း။ ဝက်သားကြိုက်သူဖြစ်သည့် အတိုင်း သူ့ထမင်းပွဲတွင် အခြားဟင်းများအပြင် ဝက်သားကိုမူ အချက်အပြုတ် အကြော်အလှော်တစ်ခုခုဖြင့် အမြဲတမ်း ပါရှိရသည်။ တစ်ခါတစ်ရံ ဝက်သားကို ဆီးသီး၊ ဆီးဖြူသီး၊ သရက်ချဉ်တို့ဖြင့် တွဲဖက်ချက်စေရသည်။

ထို့ကြောင့် ထမင်းချက်သူအား 'ဘုရားရှင်အဖို့ ဝက်သားဟင်းချည်းသက်သက်ဆိုတော့ အိမ်နေလို့ များများ ဘုဉ်းပေးနိုင်မှာ မဟုတ်ဘူး၊ တို့အိမ်မှာ ဝက်သားနဲ့တွဲချက်ဖို့ ဘာရှိသလဲ'ဟု မေးလိုက်၏။

'ဆီးဖြူသီးခြောက်နဲ့ သရက်ချဉ်ရှိပါတယ်'

'အေး၊ ဆီးဖြူသီးခြောက်နဲ့ တွဲချက်ကွာ၊ ဆီးဖြူသီးက ဆိမ့်လဲဆိမ့်တယ်၊ သူ့အဖန်ရည်နဲ့ဆိုတော့ အအီပြေမှာပေါ့၊ ပြီးတော့ မလိုလဲလိုလဲ ဝက်သားအအီပျောက်အောင် ကန်စွန်းရွက်ကြော်တစ်ပွဲလဲ တွဲဖက်လုပ်ကွာ၊ တခြားဘာဟင်းမှ မလုပ်နဲ့တော့၊ ဒီနှစ်ပွဲဆိုရင် တော်ပြီဟေ့'

'ကောင်းပါပြီ'

'ပြီးတော့ သလေးဆန်ကို ချက်ရာမှာ အကျိုးအကြေ တစ်စေ့မှ မပါစေနဲ့၊ အားလုံးဆန်လုံးကလေးတွေချည်း ဖြစ်ပါစေ'

နောက်နေ့နံနက်တွင် ဘုရားရှင်ကြွလာ၍ ဆွမ်းကပ်သောအခါ ရိုးရိုးကပ်ရုံမျှမဟုတ်ဘဲ 'အရှင်မြတ်ဘုရား၊ တပည့်တော်သည် အသားတကာတို့အနက် ဝက်သားကို အနှစ်ခြိုက်ဆုံးဖြစ်၍ တပည့်တော်နှစ်ခြိုက်သော ဝက်သားဟင်းဖြင့် ကပ်လှူပါသည်၊ ဘုဉ်းပေးရာ၌ အအီပြေစိမ့်ငှာ ဆီးဖြူသီးခြောက်ဖြင့် တွဲဖက်ချက်ပြုတ်ထားပါသည်၊ ထို့ပြင် အရသာတစ်ပါးအဖြစ် တွဲဖက် ဘုဉ်းပေးနိုင်ရန် ကန်စွန်းရွက်ကြော်တစ်ပွဲကိုလဲ စီစဉ်ကပ်လှူပါသည်၊ နှစ်ခြိုက်စွာဘုဉ်းပေးတော်မူပါ ဘုရား'ဟု လျှောက်ထား ကပ်လှူပါသည်။

ဆွမ်းဘုဉ်းပေးပြီးနောက် ပစ္စည်းများကို ပေးလှူရာတွင် 'အရှင်မြတ်ဘုရား၊ ဤပစ္စည်းများသည် အရှင်မြတ်တို့အား မအပ်သည်ကိုလည်း သိပါ၏ ဘုရား၊ သို့ရာတွင် ဤပစ္စည်းများသည် တပည့်တော် နှစ်ခြိုက်စွာ အသုံးပြုအပ်သော ပစ္စည်းများဖြစ်၍ မိမိနှစ်ခြိုက်သော ပစ္စည်းကို ပေးလှူခြင်းသည် နှစ်ခြိုက်သော အကျိုးကိုရ၏ဟူသော အရှင်မြတ်တရားတော်ကို ခံယူသောအားဖြင့် ပေးလှူပါသည်၊ တပည့်တော်ကို သနားသောအားဖြင့် ခံယူတော်မူပါ ဘုရား'ဟု လျှောက်ထားသည်။

နောင်အခါ၌ ဘုရားရှင်သည် ဝေသာလီပြည်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဝီစိညသော သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတော်တစ်ခုလုံးကို ထိန်လင်းစေပြီးလျှင် တစ်ယောက်သော ဗြဟ္မာသည် ဘုရားရှင် ခြေတော်ရင်းသို့ ရောက်ရှိလာ၏။ ဥဂ္ဂဗြဟ္မာပေတည်း။

ဘုရားရှင်က 'အသို့နည်း ဥဂ္ဂ၊ နှစ်ခြိုက်စွာ ပေးလှူအပ်သော သင့်အလှူအတွက် သင့်အလိုအတိုင်း ပြီးပြည့်စုံပါ၏လော'ဟု မေးတော်မူလိုက်သောအခါ 'ပြည့်စုံပါသည် ဘုရား၊ ဤအကြောင်းကို လျှောက်ထားလို၍ အရှင်မြတ်ခြေတော်ရင်းသို့ လာရောက်ခြင်းပါ ဘုရား'ဟု လျှောက်ထားကာ ကွယ်ပျောက်သွားသည်။

[ အင်္ဂုတ္တိုရ် မြန်မာပြန် မနာပဒါယီသုတ်ကို အခြေပြုပါသည်။ ]

## သမာပတ်အရှင်

'ရဟန်းဆိုတာ အကောင်းအဆိုး မခွဲခြားရဘူး ဒကာမကြီး၊ ရတတ်သမျှနဲ့ တင်းတိမ်ရတယ်'

*

မဟာနာဂထေရ် သည်တစ်ခါက မိမိရွာသို့ ရောက်လာသောအခါ သက်ရွယ်ကြီးရင့်၍ သေမင်း၏ တံခါးဝသို့ပင် ရောက်နေပြီဖြစ်သော မိခင်ကြီး၏ မေတ္တာနှင့် စေတနာကို ငဲ့ညှာကာ တောကျောင်းသို့ မပြန်မီအတွင်း မိခင်၏ ဆွမ်းကိုပင် နေ့စဉ်လာ၍ အလှူခံပါတော့မည်ဟု ပဋိညာဉ်ပြုလိုက်ရ၏။

မိခင် ဖခင်တို့ မည်သည် သားကြီးသြရသများအပေါ်တွင် မိမိတို့ အရိုက်အရာများကို ဆက်ခံမည့်သူအဖြစ် အားထားမြဲ မေတ္တာပို့မြဲ ဖြစ်၏။ သို့ရာတွင် သားကြီးမဟာနာဂသည် ပစ္စည်းဓနေ ပြည့်ဝသူဖြစ်ပါလျက် တားမြစ်သည့်အကြားကပင် ဘုရားရှင်သာသနာတော်သို့ ရဟန်းအဖြစ်ကူးပြောင်းသွားသောအခါ မိဘများထံ အနည်းဆုံး တစ်နှစ်တစ်ခါက်တော့ ရောက်အောင်လာခဲ့ပါမည်ဟု ပဋိညာဉ်ပြုခဲ့ရ၏။ ယင်းပဋိညာဉ်အရ မိဘများထံသို့ တစ်ခါက်ဖြစ်စေ၊ နှစ်ခါက်ဖြစ်စေ၊ မိမိပျော်မွေ့ရာ တောကျောင်းမှ အလျဉ်းသင့်သလို အရောက်လာရသည်။

သားရဟန်းရောက်လာသည်ဆိုလျှင် မိဘတို့က သူတို့ဆွမ်းကိုသာ မွန်မွန်ရည်ရည် စားစေလိုသော်လည်း သားဖြစ်သူကမူ ရံဖန်ရံခါသာ မိဘတို့ဆွမ်းကိုစား၍ အများအားဖြင့် ဆွမ်းခံ၍ ရတတ်သမျှကိုသာ စားသည်။

ဆွမ်းခံရင်း မိခင်အိမ်ရှေ့သို့ရောက်လျှင် အိမ်တွင်းသို့ အတင်းပင့်၍ သပိတ်အတွင်းမှ ဆွမ်းများကို ကြည့်လိုက်သော အများအားဖြင့် ဆင်းရဲသားတို့၏ ဆွမ်းကြမ်း၊ ဟင်းကြမ်း ရောရာများကိုသာ တွေ့ရ၍ မိခင်ကြီး ရင်ထုမနာဖြစ်ရသည်။

'ငါ့သား၊ ဒီလို ဆွမ်းမျိုးတွေကိုချည်း နေ့စဉ် စားနေရတာပဲလား'

'ရဟန်းဆိုတာ အကောင်းအဆိုး မခွဲခြားရဘူး ဒကာမကြီး၊ ရတတ်သမျှနဲ့ တင်းတိမ်ရတယ်၊ တကယ်တမ်းဆိုတော့ အာဟာရအကောင်းအဆိုးဆိုတာ လျှာပေါ် မရောက်ခင် အပြင်ဘက်မှာသာ လောဘအလိုလိုက်ပြီး ပြောနေကြတာပါ၊ လျှာက လွန်လို့ ဝမ်းထဲရောက်သွားတော့ အတူတူပါပဲ ဒကာမကြီး'

'ငါ့သားက တရားရှင်ဆိုတော့ ဟုတ်ပေမပေါ့၊ နို့ပေမယ့် အမေတို့ဆီ ရောက်လာတဲ့အချိန်မှာတော့ အမေတို့ဆွမ်းကိုသာ ကောင်းကောင်းမွန်မွန် စားစေ သချင်ပါတယ်'

'ဘုရားရှင်က ဆွမ်းနဲ့စပ်သမျှ သံယောဇဉ်ပြတ်တောက်အောင် ရဟန်းမှန်လျှင် မိမိ၏ သလုံးမြင်းခေါင်းနဲ့ ရင်းနှီးပြီး ဆွမ်းခံစားတာကိုသာ ချီးကျူးတော်မူပါတယ်'

'ဘုရားရှင် အဆုံးအမကိုလဲ အမေလဲနားလည်ပါရဲ့၊ နို့ပေမယ့် ရောက်တုန်း ရောက်ခိုက် အမေတို့အပေါ်မှာ ဒါလောက်တော့ သံယောဇဉ်ထားသင့်တာပေါ့၊ ပင့်ဆွမ်း လှူဆွမ်းကို တားမြစ်တော်မူတာမှ မဟုတ်ဘဲ'

သံယောဇဉ်ဟူသော စကားကိုကြားရသောအခါ မဟာနာဂထေရ် ငြိမ်နေ၏။ အကြောင်းမူကား သူ့သားကြီးသည် သံယောဇဉ်ဓာတ် ကင်းပြတ်လေပြီးသော ရဟန္တာ စင်စစ်ဖြစ်နေပြီကို မိခင်ကြီး မသိသေး။ မိခင်သာမဟုတ် တစ်ရွာလုံးကလည်း မသိသေး။ သာမန် ရဟန်းတစ်ပါးအဖြစ်မျှသာ သိနေကြသည်။ သိအောင်လည်း မထေရ်က ထုတ်ဖော်မပြော၊ ပြောခွင့်လည်း မရှိပေ။

ယခုတစ်ခေါက်သော် ဖခင်ကြီးလည်း ကွယ်လွန်ခဲ့ပြီ။ မိခင်ကြီးမှာလည်း အသက်အရွယ် ကြီးရင့်လှပြီ။ မိမိ ရောက်လာသည် ကို မျက်ရည်တစမ်းစမ်းဖြင့် ဆီးကြိုသည်။ ရှိနေသည့်ရက်အတွင်း အိမ်သို့ နေ့စဉ်ကြွ၍ မိခင်၏ ဆွမ်းကိုသာ ချီးမြှင့်ဖို့ ပင့်ဖိတ်သည်။ မိခင်၏ ကျေးဇူးမေတ္တာကို ငဲ့ညှာ၍ အလှူခံပါမည်၊ လာပါမည်ဟု ပဋိညာဉ် ပြုလိုက်ရ၏။

*

ဘုရားရှင်က တစ်နေ့တာ တစ်ဝမ်းတစ်ခါးအတွက် ဆွမ်းကိစ္စ ဒုက္ခမပွားအောင် ရှင်းရှင်းကလေး စီမံပေးခဲ့သည်ကို ဒါယကာတို့၏ စေတနာကြောင့် ရဟန်းတော်တို့အဖို့ ဒုက္ခအတန် ပိုလာခဲ့ရ၏။ အကြောင်းမူကား ရဟန်းတစ်ပါးသည် နံနက်လင်းသည် ဆိုလျှင် သင့်လျော်ရာအချိန်တွင် ဆွမ်းခံထွက်၍ ရတတ်သမျှသော ဆွမ်းဖြင့် ဓမ္မာရုံ၊ ဆွမ်းစားဇရပ်၊ သစ်ပင်ရင်းစသော သင့်လျော်ရာ နေရာများတွင် ထိုနေ့ အာဟာရကိစ္စ ပြီးငြိမ်းရ၏။ သို့မဟုတ် ပင့်ဖိတ်ဆက်ကပ်မည့်သူ ရှိလျှင်လည်း ထိုဆွမ်းတစ်နပ်မျှဖြင့် တစ်နေ့တာကိစ္စ ပြီးငြိမ်းရသည်။ ကျွေးမည့်သူမရှိ၊ လောင်းမည့်သူ မရှိလျှင်ပင် တစ်နေ့တာအတွက် 'ပီတိဘက္ခာ အဘဿရာမ' တရားတည်းဟူသော

ပီတိအာဟာရဖြင့်သာ သည်းခံ ပြီးငြိမ်းရသည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ဆွမ်း မရသောအခါနှင့် ကြုံကြိုက်၍ တရားအရသာဖြင့်သာ စံပြအဖြစ် နေပြတော်မူခဲ့သော ရက်များ ရှိခဲ့သည်။ ဆွမ်းတစ်ရက်မစားရ၍ ဘာမျှမဖြစ်နိုင်၊ တရားသာ အရေးကြီး၏၊ အမြင့်ဆုံး တရားအရသာကိုသာ ခံစားသီတင်းသုံးသည့် နိရောဓ သမာပတ်ဝင်စား သော ရဟန္တာအရှင်မြတ်သည် ခုနစ်ရက်တိုင်အောင်ပင် အာဟာရဓာတ်ဖြင့် ကင်းပြတ် နေထိုင်သည် မဟုတ်ပါလော။

သို့သော် စေတနာပိုသော ဒါယကာတို့က ရဟန်းတော်တို့သည် ယမန်နေ့ မွန်းတည့်ချိန်မှစ၍ ယနေ့နံနက်အထိ တရားအလုပ်ကိုသာ ပြုလုပ်၍ အာဟာရဓာတ် ကင်းပြတ်နေသည်ဆိုကာ ဆာရှာတော်မူကြရော့မည်။ လေနာစသော ရောဂါဘယတို့ ကပ်ရောက်လေရော့မည်ဟု တစ်နေ့တာအတွက် ဆွမ်းကြီးမစားမီ အဆာခံရန် ရောဂါမကပ်ရန်ဟု အကြောင်းပြု၍ အဆာပြေ ယာဂုဆွမ်း၊ နို့ရည်ဆွမ်းများကို ဆက်ကပ်လာကြသည်။ ယင်းသို့ဖြင့် ဒါယကာတို့၏ စေတနာကို ငဲ့ညှာရသောကြောင့် နှစ်ထပ်ဆွမ်း ဖြစ်လာရ၏။ ယာဂု၊ နို့ရည်၊ အဆာပြေဆွမ်းမျှမက ဆွမ်းကြီးစစ်စစ် အဖြစ်ဖြင့်ပင် သဒ္ဓါပို ဆက်ကပ်လာကြသောကြောင့် နံနက်ဆွမ်း နေ့ဆွမ်းဟူ၍ ဖြစ်လာ၏။

ထို့ကြောင့်လည်း တိတ္ထိဒါယကာတို့က ဂေါတမ ရဟန်းတွေဟာ 'တို့လူတွေနဲ့ ဘာထူးလို့လဲ၊ ငါတို့က နေ့ထမင်း ညထမင်း နှစ်ထပ်စားသည်၊ သူတို့က နံနက်ဆွမ်း၊ နေ့ဆွမ်း နှစ်ထပ်စားတာပဲ'ဟု ကဲ့ရဲ့သကြီးဟ် သတင်းဆိုစရာဖြစ်လာခဲ့ ရသည်။

ယင်းအစဉ်အလာ ဖြစ်လာသည်အရပင် မဟာနာဂမထေရ်၏ မိခင်ကြီး ကလည်း ဆွမ်းကပ်ခွင့် ပဋိညာဉ်ရပြီဆိုတော့ သားဖြစ်သူကို နံနက်ဆွမ်းရော နေ့ ဆွမ်းပါ တစ်နေ့နှစ်ကြိမ် ပင့်ဖိတ်ဆက်ကပ်သည်။ သို့သော် တော်ပါသေး၏။ နံနက်ဆွမ်းမှာ အဆာပြေရုံ၊ လေငြိမ်ရုံဆိုရုံမျှ ယာဂုနို့ဆွမ်း ဆက်ကပ်သည်။

သားရဟန်းရောက်လာ၍ ခေတ္တတည်းခို သီတင်းသုံးသည်ဆိုသော ကျောင်းကို မေးကြည့်လိုက်သောအခါ ရွာနှင့် ခရီးအတန်လှမ်းသော ကျောင်းဖြစ်နေသည်ကို သိရ၏။ မိခင်ကြီးက တည်းကျောင်းမှာ အတန်ဝေး၍ အသွားအပြန် ပင်ပန်းမည်။ ထို့ကြောင့် အိမ်မှာပင် ကျောင်းအဖြစ် သီတင်းသုံးဖို့ သူ့သားကို လျှောက်သောအခါ သားက လက်မခံ။ အညောင်းပြေလမ်းလျှောက်ရမည်ဟု အကြောင်းပြ ငြင်းဆန်သည်။ သူ့သားကြီး ဘက်စုံပြည့် တန်ခိုးရှင် ရဟန္တာဖြစ်သည်ကို မသိ။ မဟာနာဂထေရ်အဖို့ ခရီးအနီးအဝေးသည် အကြောင်း မဟုတ်တော့။ ဝေးကွာလှသော မူလ သီတင်းသုံးရာ တောကျောင်းမှ မိခင်ရွာသို့ ဈာန်ဖြင့်လာခဲ့သည်ကို မိခင်မသိ။ ရွာသူရွာသားတို့လည်း မသိ။ မသိအောင်လည်း သိုဝှက်သည်။ လူ မမြင်သော ရွာအနီး တောအုပ်တွင်ဆင်း၍

တောအုပ်မှ ခြေကျင်ကြွသည်။ ရွာရောက်လျှင် ဆွမ်းခံခြင်း၊ ခရီးသွားခြင်းတို့မှာ သာမန် ရဟန်းတစ်ပါးကဲ့သို့သာ ပြုမူသည်။

မိခင်ကြီး ကျေနပ်နှစ်သိမ့်ရန် ရွာတွင် ရက်သတ္တပတ်တစ်ပတ် သီတင်းသုံးမည်ဟု ပြောထား၏။ ယင်းခုနစ်ရက်လုံး မိခင်၏ ဆွမ်းကို အလှူခံမည်၊ သို့နှင့် ငါးရက်မြောက်နေ့ နံနက်စောစောတွင် ယာဂုဆွမ်းစားရန် သားရဟန်းရောက်လာသောအခါ ယာဂုဆွမ်းမှာ အသင့်ဖြစ်၍ မိခင်ကြီးက တပြုံးပြုံး ကပ်လှူ၏။ ယာဂုဆွမ်းပြီးလျှင် မွန်းမတည့်မီ နေ့ဆွမ်းအတွက် အိမ်သူအိမ်သားများ လှုပ်လှုပ်ရွရွ ချက်ပြုတ်လုပ်ကိုင်နေကြ၏။

'ငါ့သားမလဲ တည်းကျောင်းကို အသွားအပြန် တစ်နေ့ လေးခေါက်တောင် သွားနေရတာ ပင်ပန်းလှပါတယ်၊ အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းက အချိန်သိပ်ကွာတာမှ မဟုတ်ဘဲ၊ အိမ်မှာပဲ နေလိုက်ကရောပေါ့' မိခင်ကြီးက ထပ်၍ လျှောက်ပြန်သည်။

'တည်းကျောင်းကို မပြန်ပါဘူး၊ ရွာလယ်နတ်ကွန်း ဓမ္မာရုံကြီးမှာပဲ နေမှာပါ၊ နေ့တိုင်းလဲ အဲဒီမှာပဲ နေပါတယ်'

'သြော် အမေက ငါ့သား အဝေးကြီးပြန်ပြန်ကြွနေသလားလို့ တားမိတာပါ၊ နတ်ကွန်းဓမ္မာရုံဆိုတာလဲ နံနက်ပိုင်းအချိန်ဆိုရင် ရဟန်းတွေက များပါဘိသနဲ့၊ အိမ်မှာပဲ လွတ်လွတ်လပ်လပ် နေလိုက်ပါတော့လား သားရယ်'

'ရဟန်းတစ်ပါးအဖို့ ရဟန်းတွေရှိတဲ့နေရာဟာ ပိုပြီး လွတ်လပ်တာပေါ့၊ ဒကာမကြီး'

'ကောင်းပါပြီလေ၊ ငါ့သား သဘောအတိုင်းပါပဲ၊ ဒီနေ့ ဟင်းကျွေး ပြည့်ပြည့်စုံစုံရလို့ အထူးတလည် ချက်ပြုတ်ထားပါတယ်'

*

ရွာလယ်၌ ဗုဒ္ဓသာသနာတော် မထွန်းကားမရောက်လာမီကပင် ရှေးခေတ် ဗြဟ္မဏဘာသာဝင်တို့ ဆောက်လုပ်ထားခဲ့သော နတ်ကွန်း ဘုရားကျောင်းကြီး ရှိ၏။ ထိုကျောင်းမျိုးကို အများအားဖြင့် ဓမ္မသာလာဟု ခေါ်၍ သက်ဆိုင်သူတို့ကိုးကွယ်ကြသော နတ်ဘုရားရုပ်များလည်း ရှိနေသောကြောင့် ဘုရားကျောင်းဟုလည်း ခေါ်ကြ၏။ သက်ဆိုင်ရာ ရသေ့ရဟန်းတို့မှ အစ ခရီးသွား ဧည့်သည်များ တည်းခိုနိုင်သည်။

ရွာလယ်ကျောင်းဖြစ်စေကာမူ တောအုပ်အလယ်မှ တောကျောင်းဟုလည်း ဆိုနိုင်စကောင်း၏။ အကြောင်းမှာ ကျောင်းဝန်းကျင်တွင် သစ်ပင်ကြီးတို့ အုပ်ဆိုင်းနေသောကြောင့် ဖြစ်သည်။ အဆောက်အအုံကြီးမားသလောက် ဟောင်းမြည့်အိုမင်းလှပြီလည်း ဖြစ်၏။ နေရာထိုင်ခင်းနှင့် ရေမိုးပြည့်စုံသောကြောင့် ဆွမ်းခံရဟန်းတို့ ဆွမ်းစားရာနေရာ ခရီးသွားရဟန်းတို့ နားနေတည်းခိုရာ နေရာဖြစ်၏။

မဟာနာဂမထေရ်အဖို့ မိမိငယ်စဉ် ကလေးဘဝက ဆော့ကစားရာ နေရာတစ်ခု ဖြစ်ခဲ့၍ ရွာသို့ရောက်လာသည့်အခိုက် ဤဓမ္မသာလာကြီးတွင် အခွင့်သာ အချိန်ရသလောက် သီတင်းသုံးရသည်မှာ နှစ်ခြိုက်သည်။ ယခုသော် မိမိအဖို့ အခွင့်သာ အချိန်ရသလောက် တရားအားထုတ်ရာနေရာ ဖြစ်လာခဲ့ပေပြီ။

မိခင်အိမ်မှ ယင်းဓမ္မသာလာသို့ ဝင်မိသောအခါ ရောက်ရှိနေကြသော အသိအကျွမ်း ရဟန်းများက နှုတ်ဆက်ခေါ်ငင်ပြီး မထေရ်ကြီးဖြစ်မှန်းသိ၍ လည်းကောင်း၊ တရားအားထုတ်တော့မည် သိ၍လည်းကောင်း နေရာကောင်းကို ပေးကြသည်။ မဟာနာဂမထေရ်အဖို့ အတွင်းပိုင်း သီးသန့်နေရာတစ်ခုတွင် ထိုင်လိုက်မိသည် ဆိုလျှင်ပင် မိမိရရှိသော တရားအဆင့်အာရုံသို့ ထုံလိုက်မိပြီး ဖြစ်သွားပေပြီ၊ တရားအလုပ် ဝေါဟာရဖြင့်ဆိုသော် ဘက်စုံပြည့် ရဟန္တာတစ်ပါးဖြစ်သည့်အလျောက် နိရောဓသမာပတ် ဝင်စားလိုက်မိပြီ ဖြစ်၏။

ဆွမ်းစားမှု၊ သပိတ်ဆေးမှု စသည်ဖြင့် မပြီးပြတ်သောအမှုကိစ္စများကြောင့် တလှုပ်လှုပ် တရွရွ ရှိနေကြသော ရဟန်းအချို့ ရှိနေကြသေးသော်လည်း မဟာနာဂမထေရ် အလားတူပင် တရားခွင်သို့ ဝင်နေကြသော ရဟန်းများလည်း ရှိနေကြ၏။

ဤနည်းဖြင့် ရဟန္တာအရှင်မြတ်ကြီးများသည် အခွင့်သာသည်နှင့် တစ်ပြိုင်နက် တရားထိုင်၍ နိရောဓသမာပတ် ဝင်စားကာ ငြိမ်းအေးမှုအရသာကို ခံစားတော်မူကြသည်။ ဗုဒ္ဓကိစ္စတော်များပြားလှ၍ တရားတစ်ကြိမ်ထိုင်ဖို့ပင် အခက်အခဲရှိလှသော ဘုရားရှင်သည် တရားဟောစဉ် ဒါယကာတို့ သာဓုခေါ်ခိုက် ကလေး၌ပင် အချိန်လု၍ နိရောဓသမာပတ် ဝင်စားတော်မူလေ့ရှိသည်။

မဟာနာဂ အရှင်မြတ်သည်လည်း ရနိုင်သမျှသော အချိန်ကိုလု၍ နိရောဓသမာပတ် ဝင်စားတော်မူလေ့ရှိသည်။ နံနက်ဆွမ်းနှင့် နေ့ဆွမ်းအကြားဆိုတော့ စက်နာရီဖြင့်တွက်လျှင် သုံး လေးနာရီခန့်အချိန်ရသည်။ ဤအချိန်ကို အလဟဿ အဖြစ်မခံနိုင်။ တရားထိုင်လိုသောကြောင့်ပင် ယောဂီရဟန်းတို့ မွေ့လျော်ရာ ရွာလယ်ဓမ္မာရုံကြီးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။ ရောက်သည်ဆိုလျှင်ပင် တရားခွင်သို့ ဝင်မိပေပြီ။ အရှင်၏ ခန္ဓာကိုယ်သည် ကျောက်ထိး ကျောက်တိုင်ကဲ့သို့ တည်ငြိမ်၍ သွားလေပြီ။

ဤတွင် တရားရှင်အဖို့ နိရောဓသမာပတ် တရားအလုပ်ခွင်အတွက် တရားမထိုင်မီ ကြိုတင်ပြင်ဆင်ထားရန်များ ရှိနေပေသေး၏။ အကြောင်းမှာ နိရောဓသမာပတ်ဟူသည် လူ့လောကနှင့် ဘဝဆင်းရဲမှုတို့မှ တရားတည်းဟူသော လက်နက်ဖြင့် အစွမ်းကုန်ရုန်းထွက်၍ အမြင့်ဆုံးသော တရားအရသာကို ခံစားခြင်းဖြစ်စေကာမူ ပတ်ဝန်းကျင် အခြေအနေတို့နှင့် မကင်းနိုင်သေးသော အကြောင်းရပ်များ ရှိနေသောကြောင့် ဖြစ်သည်။

ရှေးဦးစွာ မိမိ အချိန်ရနိုင်သမျှ တစ်အောင့် တစ်ခဏမှစ၍ ခုနစ်ရက်အထိ ထိုင်ဖို့အဓိဋ္ဌာန် ပြုရသည်။ ခုနစ်ရက်ထက်ပို၍ မထိုင်ရ။ အကြောင်းမှာ အာဟာရမရှိလျှင် ခုနစ်ရက်ထက်ပို၍ ခံနိုင်ရည်မရှိသော ခန္ဓာကိုယ်အတွက် အာဟာရကိစ္စ ရှိနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် 'ထမင်းအသက် ခုနစ်ရက်' ဟူသော မြန်မာဝေါဟာရသည် တရားနှင့်ယှဉ်သော ဝေါဟာရဖြစ်၏။

ဘုရားရှင်၏ အလိုတော် ကံကြီး ကံငယ် ကိစ္စတို့အတွက် သံဃာ့အဖွဲ့အစည်း၏ အလိုတော်ရှိလျှင် နိုးထပါစေဟု အဓိဋ္ဌာန်ပြုရသည်။ အကြောင်းမှုကား မိမိကိုယ်ရေးကိုယ်တာထက် သာသနာတော်အရေးကို အလေးပေးရသည်။

တရားခွင်ဝင်စဉ်အတွင်း ဆယ်ရေးတစ်ရေးဆိုသကဲ့သို့ မီးဘေး၊ ခိုးသူဘေး စသော ဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့ပါသော် မိမိ၏ သက်နံ့စသော ပရိက္ခရာများကို မထိပါးပါစေနှင့်ဟု အဓိဋ္ဌာန်ပြုရသည်။ အကြောင်းမှုကား နိရောဓသမာပတ်တရားအရှင်ကိုမူ မြင်းမိုရ်တောင်နှင့်ပင် ကြိတ်၍မရ။ သို့သော် မီးဘေးစသော အန္တရာယ်တို့ကြောင့် သက်နံ့စသော ပရိက္ခရာများ ဆုံးပါးရသော် ရဟန်းအတွက် အနှောင့်အယှက် ဖြစ်နိုင်သည်။

ယင်းသို့လျှင် လိုအပ်သော အဓိဋ္ဌာန်များပြီးစီး၍ မဟာနာဂအရှင် နိရောဓသမာပတ် တရားခွင်သို့ ဝင်လိုက်သည်။ ဖြစ်ချင်တော့ ယင်းသုံးလေးနာရီခန့် အချိန်ကလေးအတွင်း၌ပင် ဓမ္မသာလာ ဘုရားကျောင်းကြီးကို မီးလောင်ပါလေ၏။

ဓမ္မသာလာကြီးကို ရွာသူရွာသားများက အလေးထား ဂရုစိုက်သည်။ ရှေးဟောင်း အဆောက်အအုံအဖြစ် ဂုဏ်ယူသည်။ ရဟန်းသံဃာတို့ မွေ့လျော်ရာဖြစ်၍ သောက်ရေ သုံးရေမပြတ် တည်ပေးသည်။ တံမြက်မပြတ် လှည်းကျင်းသည်။

ဂရုမစိုက်သူတို့က ကလေးသူငယ်များပင် ဖြစ်၏။ ဓမ္မသာလာကြီးသည် လှည်းကျင်းထားသော မြေပြန့်၊ ပြုပြင်ထားသော သစ်ပင်တို့ဖြင့် သာယာ၍ ကလေးတို့ ဆော့ကစားရာနေရာ ဖြစ်လာရ၏။ ရဟန်းတော်တို့၏ ဆွမ်းကြွင်း ဟင်းကျန် များကိုလည်း စားရသေးသည်။

သူတို့ ဆော့ကစား ဆူညံနေသည်ကို တွေ့လျှင် လူကြီးများက မောင်းနှင်ထုတ်တတ်ပါ၏။ သို့ရာတွင် ခဏမျှသာဖြစ်၍ ဓမ္မသာလာဝန်းကျင်တွင် တစ်နေ့လုံး သူတို့နှင့် ကင်းပြတ်သည်ဟူ၍ မရှိလှ။

ယင်းသို့ဖြင့် အဆောက်အအုံ ထောင့်တစ်နေရာတွင် ကလေးတစ်စု မီးဖြင့် ဆော့ကစားရာမှ ဓမ္မသာလာကြီးသို့ မီးစွဲလေတော့သည်။ မီးလောင်သည်ဆိုတော့ ရဟန်းအချို့ကပါ မီးငြိမ်းသတ်ကြပါ၏။ သို့သော် သတ်၍ မနိုင်။ အဆောက်အအုံကြီး တစ်ခုလုံးကို လွှမ်းခြုံ၍ တဟုန်းဟုန်း တောက်လောင်လျက် ရှိနေပေပြီ။

မီးငြိမ်းသတ်ရန်မှာ ဒါယကာများ၏ တာဝန်သာရှိတော့၍ ရဟန်းအားလုံးပင် ဆိုင်ရာ ဆိုင်ရာသို့ ထွက်ခွာသွားကြသည်။ သို့ရာတွင် မီးတောက်ကြီးများအလယ်တွင် ရဟန်းတစ်ပါးအားမီးလောင်နေသည်ကို တွေ့ကြ၍ သေသေချာချာကြည့်လိုက်သော အခါ အခြားရဟန်းမဟုတ်၊ မိမိတို့ရှာသား မဟာနာဂကိုယ်တော်ကြီးမှန်း သိကြရ သောအခါ ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မီးတောက်ကြီးများသည် မဟာနာဂထေရ်၏ ဝန်းကျင်ကို ဝိုင်းရံ၍ တောက် လောင်လျက် ရှိနေသည်မှာ မီးစံအိမ်ကြီးအတွင်းသို့ ထည့်သွင်းထားသကဲ့သို့ပင် ဖြစ်နေ၏။ သို့သော် မထေရ်သည် မီးဒဏ်ကြောင့် တစ်စုံတစ်ရာ လူးလွန့်လှုပ်ရှား သည်ကို မတွေ့ရ။ တရားထိုင်သည့် ပုံစံအတိုင်းပင် မလှုပ်မယှက်ထိုင်လျက်ရှိနေသည်ကို သာ တွေ့ကြရ၏။ မီးကျွမ်း၍ ထိုင်လျက်နှင့်ပင် ပုံစံမပျက် ပျံလွန်တော်မူလေပြီလား။

အချို့က မီးတွင်းသို့ဝင်၍ အတင်းဆွဲယူကယ်တင်ရန် ကြိုးစားကြသည်။ သို့ရာတွင် မီးရှိန်ပြင်းသောကြောင့် အနီးသို့မျှ မကပ်နိုင်။ အချို့က ရဟန်းပျင်း၊ ထလို့မှ မပြေးနိုင်လောက်အောင် ဒါလောက်ပဲပျင်းရသလား’ စသည်ဖြင့် ကရုဏာ ဒေါသောဖြင့် အော်ဟစ်ကြသည်။ အချို့က သူ့မိခင်ကြီးကို သတိရ၍ အပြေးအလွှား သွားရောက်ခေါ်ငင်လာကြသည်။ သို့သော် မိခင်ကြီးရော အရပ်သားများပါ ကယ်နိုင်ဖို့ ဝေး၍ မီးရှိန်ကြောင့် အနီးသို့ပင် မကပ်နိုင်ကြ။

သို့နှင့် အဆောက်အအုံတစ်ခုလုံး ပြိုကျ၍ မီးရှိန်သေသွားသည်။ စင်စစ်သော်ကား နိရောဓသမာပတ်၏ တရားသတ္တိပင်ဖြစ်၏။ မထေရ်ကို အပထား၍ သက်န်းစွန်း ကလေးကိုမျှ မီးမလောင်သည်ကို သူတို့မသိကြ။

မီးအရှိန်ပြတ်စဲသောအခါ မထေရ်ကို ကယ်တင်ရန် သို့မဟုတ် မထေရ်၏ အလောင်းကိုယူရန်ဟု မီးခဲများအပေါ်တွင် ပျဉ်တံတားများခင်း၍ မထေရ်၏အနီးသို့ ရောက်သွားကြသည်။ ရှေ့ဆုံးမှ ရောက်လာသူမှာ သားဇောကြောင့် တက်လုမတတ် ဖြစ်နေခဲ့သော မိခင်ကြီးပင် ဖြစ်၏။

အနီးသို့ရောက်လာကြသော မိခင်ကြီးနှင့် ဒါယကာများကို မထေရ်က ဘယ်လို ဘယ်ကိစ္စ တစ်စုံတစ်ရာ မဟာ၊ ဖြစ်ခဲ့သည့် ပြကတိပုံစံဖြင့် လှမ်းကြည့်လျက် ရှိနေသည်။ အကြောင်းမှုကား ထိုအချိန်တွင်ပင် ဉာသမာပတ်အတွက် သတ်မှတ် အဓိဋ္ဌာန်အပ်သောအချိန် စေ့ရောက်ခဲ့ပြီ ဖြစ်၏။ မထေရ်အဖို့ ပြိုကျလျက်ရှိသော အခြေအနေကိုကြည့်၍ မိမိသမာပတ်အတွင်း ဓမ္မသာလာကြီး မီးလောင်သွားသည့် အကြောင်းကိုကား သိလိုက်ပြီ ဖြစ်၏။

မကြုံစဖူး ယင်းအတွေ့အကြုံကြောင့် ရှာသားများ အံ့အားသင့်သွားကြသည်။ အချို့က ရဟန်းထူးဟူသောအသိဖြင့် အကြိမ်ကြိမ် ဦးနှိမ်ကန်တော့ကြသည်။ ‘ငါ့သားကြီး မသေကောင်း မပျောက်ကောင်းပါလား’ ဟူသော အံ့သြစကားဖြင့် ရှေ့ဆုံးမှ သားအနီးသို့ အပြေးဝင်လာသူကား မိခင်ကြီးပင် ဖြစ်၏။

သမာပတ်၏ အံ့ဖွယ်ဖြစ်ရပ်ဂု ်ခင်ကြီးနှင့်တကွ ဒါယကာတို့ မြင်တွေ့သွားကြပေပြီ။ ဘုရားရှင်အလိုတော်အတိုင်း ရှုံ့အပ်သော တရားအဆင့်ကို မျှသိပ်ကာ ရောက်ရှိလာသော တန်ခိုးဣဒ္ဓိပါဒ်ကို ဖုံးအုပ်၍ ရိုးရိုးရဟန်းတစ်ပါး သာမန်အသွင် ဖြင့်သာ စောင့်ထိန်းခဲ့သမျှ ယခုသော် ဘူးပေါ်သလို ပေါ်၍သွားပေပြီ။ အဘယ်သို့ အဘယ်ပုံဟု မေးကြ မြန်းကြဦးမည် ဟိုးလေးတကျော် ဖြစ်လာမည်။ သာသနာတော် အတွက် ဘုရားရှင် လိုလား၊တော်မမူသော ဥက္ကောဋ္ဌေယျ ကိစ္စဝိစ္စများ ဖြစ်ပေါ်လာတော့မည်။

ထို့ကြောင့် မဟာနာဂမထေရ်သည် ရှေ့ဆုံးမှ မိမိအား ပွေ့ဖက်တော့မတတ် အသော့ပြေးလာသော မိခင်ကြီး မရောက်မီကလေးတွင်ပင် သက်န်းပရိက္ခရာတို့ကို ရုတ်ခြည်းစုစည်းကာ မိမိရွာနှင့် တကွ မိခင်ကြီးကိုပါ ကျောခိုင်း၍ ကောင်းကင်သို့ ပျံတက် ထွက်ခွာခဲ့တော့သည်။

ရွာသားများ အော်ဟစ်အံ့သြရင်း ကျန်ရစ်ခဲ့ကြသည်။ ရဟန္တာတစ်ပါး၏ မိခင်ဖြစ်၍ အသိဉာဏ် ရုတ်ခြည်းပြောင်းရင့်လာခဲ့သော မိခင်ကြီးအဖို့မူ သားဇောကြောင့် ကျရောက်လျက်ရှိသော မျက်ရည်စများကို ရုပ်သိမ်းပြီ 'အဲဒါ ငါ့သားဟဲ့၊ ငါ့သား ရဟန္တာကြီးဟဲ့'ဟု ဂုဏ်ယူစကား အော်ဟစ်ပြောကြားရင်း အကြိမ်ကြိမ် ဦးနှိမ်၍ ကျန်ရစ်ခဲ့သည်။ ။

(ဓမ္မစာပဒေသာ မှ)

## မကြောက်တရား

ပရိတ်ကြီး ၁၁ သုတ်အနက် ဓဇဂ္ဂသုတ်နှင့် စပ်လျဉ်း၍ 'ရှင်ဖျက် ဓဇဂ်'ဟူသော အဆိုတစ်ရပ်ရှိ၏။ အဓိပ္ပာယ်မှာ ရှင်ငယ်တို့ ပါဠိသင်စတွင် ကျက်ရလေ့ရှိသော ဓဇဂ္ဂသုတ်ပရိတ်သည် အစုံအစုံသော ယမက ပါဠိများနှင့် ဝေ့လည်လျက်ရှိသောကြောင့် ရှင်ငယ်ကလေးတို့အဖို့ အကျက်ရခက်တတ်ပေရာ စိတ်ပျက်ပြီး လူထွက်သွားရခြင်းကို ဆိုလိုသည်။

'ရှင်အသက် ဓဇဂ်' ဟူသော အဆိုတစ်ရပ်လည်း ရှိ၏။

အဓိပ္ပာယ်ဖြစ်ရပ်ကား သီဟိုဠ်ကျွန်းမှ ကိုရင်လေးတစ်ပါးသည် ခက်သည် ဆိုသော ဓဇဂ်သုတ်ကို အရအမိ ကျက်သည်။ ကျက်ရုံမျှမက ဓဇဂ်သုတ်တော်ကို ကြည်ညိုလှသောကြောင့် မပြတ်ရွတ်ဆိုပွားများသည် ကိုရင်ဓဇဂ်ဟုပင် အမည်တွင် လာ၏။

ယင်းကိုရင်ကလေးသည် တစ်ချိန်တွင် မဟာစေတီသို့ ရဟန်းတော်များနှင့်အတူ သွားရောက်၍ အမှိုက်သရိုက် ရှင်းလင်းမှု စေတီယဝတ်ကို ပြုလုပ်ကြခိုက် မဟာစေတီအထက်တွင် ပေါက်ရောက်လျက်ရှိသော အပင်တို့ကို ကိုရင်ကလေး တက်ရောက်ရှင်းလင်းရာမှ ခြေချော်ပြီး အောက်သို့ လွတ်ကျလာသည်။ မဟာစေတီမှာ မြင့်မားလှ၍ အောက်သို့ရောက်လျှင် ကိုရင်လေးခမျာ ကျိုးကာန်းသေပျောက်သွားဖို့ပင် ရှိသည်။

ယင်းအဖြစ်ကို အောက်တွင်ရှိနေသော ရဟန်းတော်တို့တွေ့ကြရသောအခါ တစ်စုံတစ်ရာ ကယ်ဆယ်နိုင်ခွင့်မရှိ။ သို့ရာတွင် ရဟန်းတော်တစ်ပါးက 'ကိုရင်လေး သင့်မှာ ဓဇဂ်သုတ်မှတစ်ပါး အားထားစရာမရှိ၊ သင်သည် ဓဇဂ်သုတ်ကို မပြတ်လေ့ထုံထားသူ မဟုတ်ပါလော၊ ဓဇဂ်သုတ်သဘာသတိရ ပွားများပါလေလော့'ဟု အော်၍ ပြောလိုက်သည်။

ကိုရင်လေး ရတ်ခြည်း ဇေဂ်သုတ်ကို သတိရသည်။ ပါးစပ်မှလည်း 'ဇေဂ္ဂ သုတ္တန် သရဏံ၊ ဇေဂ်သုတ်ကို အားထားကိုးကွယ်ပါ၏'ဟုလည်း ရွတ်ဆိုလိုက်သည်။ သတိရ ရွတ်ဆိုခိုက်မှာပင် မဟာစေတီမှ ကျောက်ပြားတစ်ခု ထွက်ပေါ်လာကာ ကိုရင်လေးကို ဆီးယူပွေ့ခံလိုက်သောကြောင့် အန္တရာယ်မှ လွတ်ကင်းသွား၏။

ထို့ကြောင့် 'ရှင်အသက် ဇေဂ်'ဟုလည်း အဆိုတစ်ရပ် သိမှတ်ကြသည်။

ဤအကြောင်းရပ်မှာ ထူးခြားလှသောကြောင့် ဇေဂ်သုတ် ပရိတ်တော်၏ နိဒါန်း၌ပင် အကျိုးနိဒါန်းအဖြစ် ဖော်ပြထားပေသည်။

*

မိုးရာသီဆိုလျှင် မိုးကောင်းသော မဇ္ဈိမတိုက်သည် ပုံမှန်မိုးများအပြင် သည်းထန်ထူးခြားသော မိုးကြီးများလည်း တစ်မိုးတွင်းလျှင် နှစ်ကြိမ် သုံးကြိမ်မျှ ရွာချတတ်သည်။ အထူးသဖြင့် မိုးရာသီကုန်လုလု နောက်ပိုင်းတွင် ရွာတတ်သည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ် ဆိုရမည်ကဲ့သို့ ထိုနှစ် မိုးရာသီအတွက် လေးကျွန်းလုံးကို သမုဒ္ဒရာသို့ ပြို၍ ဆင်းစေလုမတတ် ရွာသော မိုးကြီးများဟုပင် အဆိုရှိသည်။

ယင်းမိုးကြီးများနှင့်ပတ်သက်၍ သာသနာ့ အရေးအခင်းများတွင် ထူးခြားသော အကြောင်းကြီး သုံးကြိမ် သုံးရပ် ပေါ်ပေါက်ခဲ့ဖူး၏။

တစ်ကြိမ်မှာ ယနေ့ခေတ် သာသနာတော်အထိ ကထိန်သင်္ကန်း အလှူပွဲတော်များ ဖြစ်ပေါ်စေခဲ့သည့် မိုးကြီးဖြစ်၏။ ဘဒ္ဒဝဂ္ဂီရဟန်းတော်များသည် မိုးရာသီ ဝါတွင်းသုံးလအတွင်း တောအရပ်တွင် ဝါကပ် သီတင်းသုံးခဲ့ကြရာမှ ဝါကျွတ်၍ ဇေတဝန်သို့ ဘုရားဖူး ကြွရောက်လာကြသောအခါ သာကေတမြို့မှ သာဝတ္ထိသို့ အကူးတွင် ယင်းမိုးကြီးနှင့် မတိမ်းသာမရှောင်သာ ကြုံတွေ့ရသောကြောင့် သင်္ကန်းတော်အားလုံး ရွှဲရွဲစိုကုန်သည်။ တစ်ကိုယ်လုံးမှာလည်း ရွှံ့နွံတို့ဖြင့် အလူးလူးအလိမ်းလိမ်း ဖြစ်ကုန်ကြရသည်။ ဤပုံစံအတိုင်းဖြင့်ပင် ဘုရားရှင်သို့ ဝင်ရောက်ဖူးတွေ့ကြသောအခါ ဘုရားရှင်က ဒါယကာတို့အတွက် ထူးခြားသော ကထိန်သင်္ကန်းအလှူကို ခွင့်ပြုတော်မူသည်။

နောက်တစ်ကြိမ်မှာ ဘုရားရှင်သည် မိုးရာသီနောက်ပိုင်း၌ လယ်တဲတစ်ခုတွင် သီတင်းသုံးနေခိုက် မိုးကြီး သည်းထန်စွာ ရွာချသည်။ လျှပ်စစ် လျှပ်မောင်းတို့ ထောင်းထောင်းကြေမတတ် ပစ်လွှင့်သည်၊ လေကြမ်းတိုက်သည်၊ မိုးကြိုး အကြိမ်ကြိမ် ပစ်သည်။ မိုးကြိုးကြောင့် ဘုရားရှင်သီတင်းသုံးရာ လယ်တဲအနီးမှ နွားတို့ သေကြေကြကုန်သည်။ လယ်ကွင်းတစ်ခုလုံး ပျက်စီးသွားသည်။ သို့ရာတွင် ယင်းဖြစ်ရပ်များကို ဘုရားရှင် လုံးဝ မသိလိုက်။ အကြောင်းမူကား ဘုရားရှင်သည် လယ်တဲအတွင်းတွင် နိရောဓသမာပတ် ဝင်စားတော်မူနေသောကြောင့် ဖြစ်သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်တော့အံ့ဆဲဆဲ ကကုဓာမြစ်ကမ်းရှိ သစ်ပင်ရိပ်တွင်သီတင်းသုံးခိုက် အာဠာရရသေ့ကြီးထံ ဆရာတူ တပည့် ဖြစ်ခဲ့ဖူးသော ပုက္ကုသဗြာဟ္မဏက မိမိဆရာ အာဠာရရသေ့ကြီးသည် သူ့အနီးမှ လှည်းငါးရာတို့ ဖြတ်သွား၍ ဖုန်အလိမ်းလိမ်း ကပ်ငြိသည်အထိ ဖြစ်ပါလျက် မသိလိုက်အောင် သမာဓိတရား အားကောင်းသူဖြစ်ပါသည်ဟု ဆရာကို ဂုဏ်တင်၍ လျှောက်ထားသောအခါ ဘုရားရှင်က ငါဘုရားသည်ကား ယင်းကဲ့သို့ ဖြစ်ခဲ့ဖူးပါသည်ဟု ဖော်ပြပါဖြစ်ရပ်ကို မိန့်ကြားလိုက်သောအခါ ပုက္ကုသ မာန်လျော့၍ ပါလာသော ကမ္ဗလာခြုံထည်ကို လှူဒါန်းရင်း တရားရသွားခဲ့သည်။

တတိယအကြိမ်မှာ ဝိသာခါ၏ ခွင့်ပြုရန် လျှောက်ထားချက်အရ ဘုရားရှင်က ရဟန်းများသို့ မိုးရေခံသင်္ကန်း၊ ရေချိုးရာတွင် ရေလဲအဖြစ် အသုံးပြုသော သင်္ကန်း ခွင့်ပြုတော်မူသည်နှင့် စပ်လျဉ်း၏။

ရေချိုးခြင်းဟူသည် လှဖို့ရန်လိုသော လူတို့အတွက် သန့်ရှင်းရေးဟူသော ဆင်ခြေဆင်လက်ဖြင့် နေ့စဉ်လိုလို အလှိုင်းတကြီး ပြုလုပ်ကြသော ကိစ္စတစ်ရပ် ဖြစ်သော်လည်း တရားရေးကိုသာ ရှေ့တန်းတင်သော ရဟန်းတို့အဖို့မူ အရေးတကြီး ကိစ္စမဟုတ်၊ သင့်လျော်သည့်အချိန်မှသာ လိုအပ်သလို ရေမိုးချိုး သုံးသပ်လေ့ရှိကြ သည်မှာ ဘုရားရှင် ကိုယ်တော်တိုင်ပင် အပါအဝင်ဖြစ်၏။

ရေချိုးဖို့ ဆိုသည်ကလည်း သာသနာတော်ရှေ့ပိုင်း အချိန်တုန်းက လွယ်ကူသော အလုပ်မဟုတ်၊ အကြောင်းမှာ ခါးဝတ်သင်းပိုင်၊ ကိုယ်ရုံဧကသီ၊ ခြုံထည်၊ သင်္ကန်းကြီး တည်းဟူသော သင်္ကန်းသုံးထည်မှအပ အပိုသင်္ကန်း ထားခွင့်မရှိသေးသော ရဟန်းတော် တို့အဖို့ ရေချိုးခက်သည်။ သင်္ကန်းကြီးခေါ် ခြုံထည်သင်္ကန်းကိုပင်လျှင် တပည့် ရဟန်းတို့၏ ကျန်းမာရေး၊ အချမ်းအပူကိစ္စကို ဘုရားရှင်ကိုယ်တော်တိုင် ဆောင်း ရာသီတွင် စမ်းသပ်တော်မူပြီးမှ ခွင့်ပြုတော်မူခြင်းဖြစ်သည်။

ထိုနေ့က မိုးကြီးသည်းထန်စွာ ရွာသွန်းလျက်ရှိပေရာ ဘုရားရှင်က တပည့်ရဟန်းတို့၏ အလိုကိုကြည့်၍ ရေချိုးလိုသော ရဟန်းများအား မိုးရေချိုးကြရန် ခွင့်ပြုတော်မူလိုက်သောအခါ ရေနှင့်ကင်းကွာနေသည်မှာ ကြာလှပြီဖြစ်သော ရဟန်းငယ် ရှင်ငယ်အချို့သည် ဇေတဝန်၏ တံစက်မြိတ်များအောက်တွင် မိုးရေ ချိုးလျက် ရှိနေကြ၏။ ကြုံချင်တော့ ထိုနေ့တွင်မှ ဆွမ်းခံမထွက်နိုင်သော ရဟန်းများကို ဆွမ်းစားပင့်ရန်ဟု ဝိသာခါ၏ အိမ်စေများ ဇေတဝန်သို့ရောက်လာကြသောအခါ ဘုရားရှင်၏ တပည့်သား ရဟန်းများတွင် သင်္ကန်းချည်းစည်းကို မမြင်ဖူးသော အိမ်စေများအဖို့ ဇေတဝန်တွင် တက္ကတွန်း ရဟန်းများရောက်နေကြသည်ဟု အံ့သြ ရင်းဖြင့် အိမ်သို့ပြန်သွားကာ ဝိသာခါအား တိုင်တန်းကြသည်။

ဤသို့ဖြင့် မိုးကိုအကြောင်းပြုကာ ဝိသာခါ၏ မိုးရေခံသင်္ကန်း လှူဒါန်းခွင့် ကြုံလာခဲ့ရသည်။

ထိုနေ့က မိုးကြီးသည် တစ်နေ့မက ရက်ဆက်၍ပင် စဲသည်ဟူ၍ မရှိတော့ဘဲ သာဝတ္ထိ တစ်ပြည်လုံး လွှမ်းခြုံထားသည်။ လျှပ်ပန်းလျှပ်နွယ်တို့ တဝင်းဝင်းလက်သည်။ လေသံမိုးသံ လျှပ်ပြက်သံတို့ဖြင့် ဆူညံ၍ နေသည်။

ယင်းမိုးကြီးကို 'ရောက်ရှာမိုး' ဟု ခေါ်သည်။ 'အဆန်းတကြယ်၊ အံ့အဲဖွယ်လျှင်၊ ရောင်နွယ်ထွန်းတောက်၊ တောင်မြောက်ညီးညီး၊ လျှပ်စစ်မီးနှင့်၊ ရိုက်တီးကောင်းကင်၊ ဖြူစင်ရေခဲ၊ ရောက်ရှာကြဲ' လျက် ရှိပေသည်။ ဤမိုးကြီးကို အကြောင်းပြု၍ ဘုရားရှင်က သိကြားနှင့်အသူရာတို့ စစ်တိုက်ကြပုံကို ဥပမာထားကာ နေ့စဉ် စည်းဝေးနေကျဖြစ်သော ညဥ့်ဦးပိုင်း တရားမဏ္ဍပ်၌ တပည့်ရဟန်းတို့အား ဟောကြားတော်မူသည်။

*

'ရဟန်းတို့၊ သိကြားမင်းက အသူရာတို့နှင့် စစ်တိုက်ထွက်မည့် အချိန်တွင် သူ၏ နတ်စစ်သည်တို့အား ပြောကြားသည်မှာ သင်တို့သည် စစ်တိုက်ထွက်သည့်အခါ၌ အသူရာတို့အား အကယ်၍ ကြောက်ရွံ့စိတ် ပေါ်ပေါက်လာခဲ့ပါသော် ငါသိကြား၏ တံခွန်ဖျားကို လှမ်း၍ကြည့်လိုက်ကုန်လော့၊ အကယ်၍ ငါသိကြား၏ တံခွန်ဖျားကို ကြည့်ခွင့် မကြုံခဲ့သော် ငါ၏ နတ်စစ်သူကြီးများဖြစ်သော ပဇာပတိသနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းတို့၏ တံခွန်ဖျားကိုကြည့်ကြကုန်လော့၊ ထိုအခါ သင်တို့၏ ကြောက်စိတ် ရွံ့စိတ်များ ကင်းပျောက်လိမ့်မည်'

သိကြားမင်း၏ ထိုစကားသည် မှန်ချင်လည်း မှန်မည်၊ မှားချင်လည်း မှားမည်။ အကြောင်းသော်ကား သိကြားမင်းနှင့် သူ၏ နတ်စစ်သူကြီးကိုယ်တိုင်ပင်လျှင် ရာဂ၊ ဒေါသ၊ မောဟမကင်းသော ကြောက်တတ် ရွံ့တတ်သူများ ဖြစ်ကြသောကြောင့် ပေတည်း။

မှန်လှစွာ၏။ ဘုရားဖြစ်တော်မူစဉ်အချိန်က ဗောဓိပင်နှင့် ရွှေပလ္လင်ကို လုရန် ချီတက်လာသော နတ်ရူးနတ်ကြမ်းကြီး မာရ်နတ်၏ရန်နှင့် တွေ့ကြုံသောအခါ သိကြားသာမက သိကြားထက် တန်ခိုးကြီးသော နတ်ဗြဟ္မာအချို့ပါ ရောင်တိမ်း ပြေးလွှားခဲ့ကြရသည် မဟုတ်ပါလော။

အသူရာတို့နှင့် စစ်တိုက်ရာတွင်လည်း အလားတူပင် ဖြစ်၏။ သိကြားနှင့် အပေါင်းပါတို့မှာ တန်ခိုးကြီး နတ်ကြီးများပင် ဖြစ်စေဦးတော့ အသူရာတို့ကို ရှုံးချင်သည့်အခါရှုံး၊ နိုင်ချင်သည့်အခါနိုင်၍ ရှုံးတစ်လှည့် နိုင်တစ်လှည့် ဖြစ်သည်။

အကယ်သော် သူတို့စစ်ပွဲဆိုသည်မှာ ကလေးသူငယ်များ၏ စစ်တိုက်တမ်း ကစားသလို ရယ်ဖွယ်ရာဖြစ်၏။ ရှုံးသူကပြေး၍ နိုင်သူက လိုက်သည်။ မိမိတို့ နေရာသို့ရောက်၍ မြို့တံခါးကိုပိတ်လိုက်လျှင် ပြေးသူက အရှုံးဟုဆိုကာ ပြန်သွားသည်။ စစ်ပွဲဆိုသော်လည်း သိကြား နတ်ရော အသူရာတို့ပါ အသေအပျောက်ဆိုသည်

ဝေး၍ သွေးထွက်သံယို ဖြစ်စေရုံမျှ အပေါက်အပြဲ အကွဲအရှဟူ၍ပင် မရှိ။ သို့နှင့် သူတို့ နှစ်ပြည်လုံးကို အယုဇ္ဈမွရ ရန်သူမအောင်နိုင်သော ပြည်များဟု ဂုဏ်ယူ လိုက်ကြသေး၏။

စင်စစ်သော်ကား သုဇာတာ၏ ယောကျ်ား သိကြားမင်း ကိုမာဃဟူသည် အသူရာပြည့်ရှင် ဝေပစိတ္တိ အသူရာကြီး၏ သားမက်ဖြစ်၍ မိုးသံလေသံကြားလျှင် မနေနိုင်၍ စစ်တိုက်ကြသည်ဆိုသော်လည်း သမက်နှင့် ယောက္ခမ၊ သို့မဟုတ် သားနှင့်ဖခင်ဟူသော သံယောဇဉ်ဖြင့် စစ်တိုက်တမ်း ကစားခြင်းမျှသာ ဆိုနိုင်၏။

ယောက္ခမဘက်မှကြည့်သော် မခံချင်ဖွယ်ရာ တိုက်ချင်ခိုက်ချင်စရာလည်း အလွန်ကောင်းသည်။ အကြောင်းမှာ ရှေးဦးစွာ ဝေပစိတ္တိတို့၏မူလနေရာ တာဝတိံသာကို မာဃလုလင်နှင့် ပဇာပတိသဿစသော အဖွဲ့သားများက အရက်ဖြင့် ဖြားယောင်းကာ လုယူ၏။ ထို့နောက် သမီးဖြစ်သူ သုဇာတာကို မာဃလုလင်က မလိမ့်တပတ်ဖြင့် ခိုးသုတ်လုယူသွားခြင်းကို ခံလိုက်ရ၏။

ယင်းသို့လျှင် မခံချင်စိတ်များကြောင့် စစ်တိုက်သည့်အချိန်တွင်သာ မဟုတ်၊ သမက်နှင့်ပတ်သက်လာလျှင် အခွင့်ကြုံတိုင်း ရမ်းချင်၊ ထန်ချင်၊ မောက်မာချင်၏။ တစ်ချိန်တွင် ဝေပစိတ္တိကြီးအဖို့ တွေးမိတိုင်း မကျေနိုင် မချမ်းနိုင် မခံချင်ဖြစ်လာသောကြောင့် တာဝတိံသာသို့ ကိုယ်တိုင် တစ်ယောက်တည်းသွားကာ သမက်ဖြစ်သူတို့ စည်းဝေးနေချိန်တွင် အပြင်မှနေ၍ မခံချင်ဖွယ်ရာ စကားမျိုးစုံဖြင့် ဗိုလ်တောင်သည်။ သမက်ဖြစ်သူက အရေးမယူလျှင် မဖြစ်တော့၍ ဝိုင်း၍ ဖမ်းစေကာ သံချိုင့်လှောင်အိမ် အတွင်းသို့ သွင်း၍ တန်ခိုးဖြင့် လှောင်ချုပ်ထားလိုက်ရသည်။ ထိုအခါ ဝေပစိတ္တိကြီး ဘာမျှ မတတ်နိုင်တော့သော်လည်း တတ်နိုင်သော ပါးစပ်ဖြင့် သမက်ကို မိုးမွှန်အောင် ဆဲရေးသည်။ အချုပ်က မလွတ်မချင်း အကြမ်းတမ်းဆုံးသောစကားလုံးများဖြင့် ရစရာမရှိအောင် ဆဲရေးသည်။ ဤသည်ကို သိကြားမင်း၏ အသိုင်းအဝိုင်းက သိကြားမင်းသည် ဤမျှဆို ဗွာ ဗွာ ဆဲရေးနေသည်ကို တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ သည်းခံနိုင်စွမ်း ရှိပါလေ့ဟု ချီးကျူးလိုက်ကြပေသေးသည်။ စင်စစ်သော်ကား သမက် နတ်လိမ္မာက သူ့ဘက်မှ အဘယ်မျှ ပျက်ယွင်းစေကာမူ လေးစားရိုသေအပ်သော ယောက္ခမ မိဘအဖြစ် သဘောထား၍ သည်းခံလိုက်ခြင်းသာ ဖြစ်ပေသည်။

ယင်းသို့ဖြင့် သမက်နှင့် ယောက္ခမတို့ တစ်ဦးနှင့်တစ်ဦး ရန်သူပမာ တွေးထင်ကြသော်လည်း တည့်ချင်သည့်အခါတွင် တည့်ကြပြန်၏။ တည့်ဟန်ကား အောက်ပါအတိုင်းပင်တည်း။

စတုမဟာရာဇ်၊ တာဝတိံသာစသော နတ်တို့အဘယ်မျှ အသက်ရှည်ကြသည် ဆိုစေ သတ္တဝါဟူသည် သေဘေးမှ မကြောက်သူမရှိဟူသော ဟောတော်မူချက်အရ နတ်သက်ကြွေကာ သေရမည်ကိုတော့ ကြောက်ကြသည်သာ ဖြစ်၏။ လူတို့၏ အသက်နှင့် နှိုင်းယှဉ်တွက်လျှင် လူသက်ငါးရာသည် စတုမဟာရာဇ် နတ်တို့အတွက်

တစ်ရက်ဖြစ်၏။ လူ့သက်တစ်ထောင်သည် တာဝတိံသာနတ်သက် တစ်ရက်ဖြစ်၏။ ဤနည်းဖြင့် စတုမဟာရာဇ်နတ်သက်မှာ ငါးရာရှိပြီး တာဝတိံသာ နတ်သက်မှာ တစ်ထောင်ရှိ၏။

ဤသည်ကား သိကြား၊ အသူရာတို့နှင့် ဆိုင်သည့်မျှကိုသာ ပြဆိုခြင်းဖြစ်၍ လေးဆစ် တက်သောနည်းဖြင့် အထက်နတ်ပြည်လေးထပ်၊ ဗြဟ္မာ့ပြည်နှစ်ဆယ်တို့၏ သက်တမ်းနှင့် နှိုင်းယှဉ်သော် လူတို့၏ သက်တမ်းဆိုသည်မှာ နည်းလှစွာ၏။ စင်စစ်သော်ကား အတိုအရှည်၊ အဝေးအနီး၊ အကြီးအငယ်ဟူသည်မှာ အတ္တကို ဗန်းခင်းသော လူနတ်သတ္တဝါတို့၏ သညာ ဝိပ္ပလ္လာသ ပညတ်တရားတို့မျှသာ ဖြစ်သည်။

တစ်ဖန် သက်တမ်းဆိုသော်လည်း အများနေနိုင်သော ယေဘုယျအသက်ကိုသာ ပြောခြင်းဖြစ်၍ သူတို့ သက်တမ်းပြည့်အောင်နေနိုင်ဖို့က မသေချာ။ ကံကရှိသေး၏။ အထူးသဖြင့် တန်ခိုးရှိသောကြောင့်သာ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့နှင့်သာ ဘေးတိုက်နှိုင်းယှဉ်၍ အရာသွင်းရသော်လည်း အသူရာတို့၏ သက်တမ်းမှာ ပို၍ မသေချာ။

သည်တော့ သိကြား အသူရာတို့ကဲ့သို့ပင် တန်ခိုးကြီးသော အကြံအဖန် စီမံဖန်တီးတတ်သည့် ဗိဿနိုးနတ်ကြီးက 'ငါ့မှာ မသေစေနိုင်သော အမြိတအမတခေါ် အမြိုက်ဆေးနည်းရှိသည်။ ယင်းဆေးနည်းအတိုင်း ငါတို့ ဖော်စပ်စားသုံးကြရအောင်'ဟု သိကြားကို အဖော်ညှိသည်။ အကြောင်းမှာ နတ်သက်ရှည်လှပြီဖြစ်သော သိကြားနှင့် အပေါင်းအပါတို့အဖို့ သိကြားသက် နတ်သက် ကုန်လုလုအချိန်သို့ ရောက်နေပြီဖြစ်သည်ကို ဗိဿနိုးကြီးသိသောကြောင့် ဖြစ်သည်။

'ဗိဿနိုးကြီး အစီအမံအတိုင်း ကျွန်ုပ်တို့ လိုက်နာပါမည်' ဟု သိကြားက ဝန်ခံသည်။

'လိုက်နာမည်ဆိုရင် ကျွန်ုပ်တို့ အင်အားနှင့်ချည်းတော့ မဖြစ်သေးဘူး၊ အသူရာကြီးရဲ့ အင်အားကိုပါ ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်လိမ့်မည်'

'ရန်သူဖြစ်ပေမယ့် လိုအပ်ရင် ကျွန်ုပ်တို့ ဘက်ကတော့ ပူးပေါင်းရန် အသင့်ပါ၊ အသူရာကြီးရဲ့အင်အားကိုပါ ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်လိမ့်မည်'

'ရန်သူဖြစ်ပေမယ့် လိုအပ်ရင် ကျွန်ုပ်တို့ဘက်ကတော့ ပူးပေါင်းရန် အသင့်ပါ၊ အသူရာကြီးကိုသာ ဗိဿနိုးကြီးက တာဝန်ယူပါ'

'ကျွန်ုပ် တာဝန်ရှိပါစေ'

သို့နှင့် ဗိဿနိုးကြီးက အသူရာကြီးနှင့် ညှိနှိုင်းလိုက်သောအခါ သေဘေးကို တစိမ့်စိမ့်တွေးမိတိုင်း ကြောက်နေသော အသူရာကြီးက သိကြားကို မျက်နှာချိုသွေး၍ ပူးပေါင်းလာသည်။ အတွင်းစိတ်အားဖြင့် ရန်သူပင်ဖြစ်သော်လည်း လိုအပ်ချက်

ကြီးမားတူညီသောအခါ အပြင်ပန်းအားဖြင့် တည့်သွားတတ်ကြပြန်သည်မှာ ပုထုဇဉ်လူနတ်တို့၏ ဓမ္မတာပင် ဖြစ်ပေ၏။

သူတို့ အမြိတ အမြိုက်ဆေး၊ မသေဆေးဖော်စပ်ပုံကား ဤသို့ ဤနှယ်ပင်တည်း။

ကမ္ဘာပေါ်တွင် ရှိသမျှ အစွမ်းထက်သော ဆေးပင်ဆေးမြစ်မျိုးစုံကို သိကြားနှင့်အသူရာနှစ်ဖွဲ့တို့က တန်ခိုးဖြင့်ယူဆောင်၍ နို့ဓမ်း သမုဒ္ဒရာကြီးထဲသို့ ထည့်သည်၊ ယင်းသမုဒ္ဒရာအလယ်တွင် ဒလက်တံအဖြစ် မွှေနှောက်ရန်အတွက် မန္ဒာရတောင်ကြီးကို ယူဆောင်စိုက်ထူသည်။ ယင်းတောင်ကြီးကို ကြိုးအဖြစ် ရစ်ပတ်လှည့်မွှေရန်အတွက် ဝါသုကီနဂါးမင်းကို ရစ်ပတ်စေသည်။ ထို့နောက်တွင်မူ အသူရာတို့က နဂါး၏ ဦးခေါင်းဘက်မှလည်းကောင်း၊ နတ်တို့က နဂါး၏ အမြီးဘက်မှလည်းကောင်း ဆွဲကိုင်၍ ယင်း ဒလက်တံတောင်ကြီးကို လှည့်ပတ်မွှေနှောက်ကြသည်။ လှည့်မွှေရာ၌ မန္ဒာရတောင်ကြီး မယိမ်းမယိုင်ရန်အတွက် ဗိဿနိုးကြီးက လိပ်ကြီးအသွင် ဖန်ဆင်း၍ တောင်အောက်မှ ခံပေးသည်။ ယင်းသို့ဖြင့် နို့ဓမ်း သမုဒ္ဒရာ ဆေးခွက်ကြီးအတွင်းမှ ရတနာမျိုးစုံတို့ ပေါ်ထွက်လာပြီးနောက် ဓန္ဝန္တရီမည်သော ဆေးဆရာကြီးသည် အမြိတ ဆေးခွက်ကိုကိုင်၍ ထွက်ပေါ်လာသတည်း။

ဤတွင် ဆေးခွက်ကိုရသောအခါ အသူရာတို့အပေါ်တွင် လိုအပ်၍သာ ပူးပေါင်းခိုင်းစေခဲ့သော်လည်း စေတနာမရှိ၊ သိကြားနှင့် နတ်တို့ကိုသာ စေတနာရှိသော ဗိဿနိုးနတ်ကြီး ကလိမ်ကျသည်။ ကျဟန်ကား အသူရာတို့ကို လှပသော မိန်းမ၊ သေရည်တို့ဖြင့်လှည့်ဖျားပြီး မှိုင်းတိုက်ထားပြီးနောက် ဆေးကိုမူ သူနှင့် နတ်တို့ကိုသာ တိုက်ကျွေးစားသုံးသည်။ အသူရာတို့အဖို့မူ သတိမလစ်သော ရာဟု အသူရာကြီးတစ်ယောက်သာ နေနတ်သားနှင့် လနတ်သားတို့၏ အကြားမှာနေ၍ မယောင်မလည်နှင့် စားသုံးလိုက်ရသည်။

ဤသည်ကို နေနတ်သား လနတ်သားတို့သိလိုက်ရ၍ ဗိဿနိုးကြီးကို တိုင်ကြားသောအခါ ဗိဿနိုးကြီးစိတ်ဆိုး၍ ရာဟုကို စက်လက်နက်ဖြင့်ပစ်သည်။ ရာဟု ခေါင်းပြတ်သွားသော်လည်း ဆေးတန်ခိုးကြောင့်မသေဘဲ ခေါင်းကား ရာဟု၊ ကိုယ်က ကေတုဟု နတ်နှစ်ယောက်ဖြစ်သွားသည်။ ဤသည်မှစ၍ မိမိကို တိုင်ကြားချောပစ်ရာသော်ကောဟု ရာဟုကြီးက နေနှင့်လတို့ကို အခွင့်သာတိုင်း ဖုံးအုပ်ဖမ်းစားသည် ဟူသတတ်။

ဤသည်ကား သိကြားမင်းနှင့် အသူရာတို့ ပူးပေါင်းလိုသည့်အခါ ပူးပေါင်းကြပုံကို ဖော်ပြရင်း ပူးပေါင်းပုံအကြောင်းရပ်ကို အဆုံးထိအောင် ထုတ်ဖော်လိုက်ရခြင်း ဖြစ်၏။

အမတ အမြိုက်ဟူသော အမည်သည် နိဗ္ဗာန်၏ ဝေါဟာရတစ်ရပ်ဖြစ်၏။ ဝေါဟာရချင်း တူနေစေကာမူ အနှစ်သာရအားဖြင့်မူ မိုးနှင့်မြေ၊ ဆီနှင့်ရေပမာ

ကွာခြားလှသော သူတို့ အမတ–အမြိတ–အမြိုက်ဆေးဟူသည် အဘယ်မျှထက်မြက်သည် မသိရသော်လည်း နတ်သက်ကြွေလှအံ့သော သိကြားမင်းမှုကား ပဥ္စသိခ၏ အစီအစဉ်ဖြင့် ဣန္ဒသာလာလိုဏ်ဂူတွင် ဘုရားရှင်၏ သက္ကပဉှာသုတ် တရားတော်ကို နာရသောအခါ သောတာပန် သိကြားမင်းအဖြစ် နတ်သက်ပြန်၍ ဆက်လာသည်။

**(ဗုဒ္ဓစာပန်းချီ 'စောင်းအိုလုလင်' ဝတ္ထု)**

*

ဘုရားရှင်သည် ဂိစ္ဈကုဋ်တောင်တွင် သီတင်းသုံးတော်မူခိုက် စတုလောကပါလခေါ် သာသနာတော်စောင့် နတ်မင်းကြီးလေးယောက်တို့သည် ဘုရားရှင်အထံတော်သို့ လာရောက်ဆည်းကပ်ကြ၏။ လာရောက်ကြသည့်အကြောင်းမှာ ဘုရားရှင်၏ တပည့်သား သံဃာတော်များ၊ လူဒါယကာ ဥပါသကာများနှင့် စပ်လျဉ်း၍ လျှောက်ထားရန်ရှိသောကြောင့် ဖြစ်သည်။ သူတို့သည် ယခုမှသာမဟုတ်၊ ဘုရားရှင် ဖွားတော်မူသည့်အချိန်မှပင် စတင်၍ ဘုရားရှင်အား အစဉ်သတိပြု စောင့်ရှောက်လုပ်ကျွေးခဲ့သော နတ်ကောင်း နတ်မြတ်များဖြစ်ကြသည်။ ယခုလည်း သာသနာတော်ကို စောင့်ရှောက်ရန် အကြောင်းပေါ်လာပြန်၏။

သာသနာတော်တည်ဦးစတွင် ပဥ္စဝဂ္ဂီရဟန်းငါးပါး၊ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ရဟန်းတော်များ၊ ကဿပညီနောင် ရှင်တစ်ထောင် ရဟန်းတော်များ၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ စသော ရဟန်းတော်များမှာ ထိပ်သီးအရိယာနွယ်ဝင် သူတော်စင်ကြီးများဖြစ်ကြ၍ မထောင်းတာသော်လည်း ယခုအချိန်တွင်မူ ကောသလ၊ ရာဇဂြိုဟ် ထိုထိုမြို့ရွာများ၌ အရိယာအဖြစ်သို့ မရောက်ကြသေးသော ပုထုဇဉ်ရဟန်းတို့ တိုးပွားကျယ်ပြန့်လာသောအခါ စိုးရိမ်ဖွယ်ရာအကြောင်းများ ပေါ်ပေါက်လာ၏။

အကြောင်းသော်ကား သာသနာတော်ကို ကြည်ညိုလေးစားသော နတ်တို့မှာ သာသနာတော်ကို မကြည်ညိုသော မိစ္ဆာတို့နှင့်စာလျှင် အရေအတွက်နည်းပါးလှသည်။ လောကဟူသည် လူမိုက်နှင့် လူလိမ္မာတွင် လူမိုက်က များစမြဲဖြစ်၏။ မင်းတို့ လူလိမ္မာတွေ ဂေါ်တမထံသွားကြ၊ လူမိုက်တွေ ငါ့ဆီလာလိမ့်မယ်ဟူသော ဉပတိဿပရိဗိုဇ်အား သိဥ္စည်းဆရာကြီးက ဒေါသစကား မိန့်ကြားချက်များအတိုင်းပင် ဖြစ်၏။ နတ်လောကတွင်လည်း အလားတူပင် ဖြစ်သည်။ ဤအတွင်း မိမိတို့ မကိုးကွယ်နိုင်လျှင် ဘာသာလဝါမနေ၊ သူတော်ကောင်းများကို အခွင့်သာလျှင် သာသလောက် နှိပ်စက်နှောင့်ယှက် ညှဉ်းပန်းလိုကြသော နတ်ဆိုး နတ်မိုက် မိစ္ဆာတို့ မြောက်မြားစွာ ရှိနေသေးသည်ကိုလည်း စတုမဟာရာဇ် နတ်မင်းကြီးတို့ အသိဖြစ်၍ အစဉ်ခပ်သိမ်း စောင့်ရှောက်နိုင်ခွင့် မရှိသော နတ်မင်းကြီးများက ယင်းနတ်ဆိုး နတ်မိစ္ဆာတို့အန္တရာယ်ကို ကာကွယ်နိုင်သော နတ်ပြည်ဖြစ် အာဋာနာဋိယသုတ်တော် ဂါထာတို့ကို ပုထုဇဉ် တပည့်ရဟန်းတို့အား သင်ကြားပေးထားပါရန် ဘုရားရှင်အထံတော်သို့ လာရောက်လျှောက်ထားကြခြင်း ဖြစ်ပေသည်။

မှန်လှပေ၏။ တောတောင်လိုဏ်ဂူတို့တွင် သို့မဟုတ် လူသူကင်းဝေးသည့် ဆိတ်ငြိမ်ရာတို့တွင် ကမ္မဋ္ဌာန်းတရား ပွားများလျက်ရှိကြသော ပုထုဇဉ် ရဟန်းအချို့မှာ ယင်းနတ်ဆိုးနတ်မိုက်တို့၏ နှောင့်ယှက်မှုမျိုးစုံကို ခံကြရသည်။ ထိုအခါ ကိလေသာ မကင်းသော ပုထုဇဉ်ဘဝ ဖြစ်သေးသည့်အလျောက် ကြောက်ရွံ့ကြရသည်။ တုန်လှုပ်ကြရသည်။ ကြက်သီးမွေးညင်း ထကြရသည်။ နတ်ဆိုးတို့ ကဲလိုက်ပုံမှာ သာမန် ရဟန်းတော်များကို ထားဦး၊ အရိယာသခင် အရှင်မောဂ္ဂလာန် တန်ခိုးတော်ရှင်ကိုပင် မာရ်နတ်ကြီးက ဝမ်းဗိုက်ထဲ ဝင်နေသည်အထိ နှောင့်ယှက်သည်။ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းပြောင်ပြောင်ကိုလည်း နတ်ဆိုးတစ်ဦးက တင်းပုတ်ဖြင့်ထုသည်အထိ နှောင့်ယှက်သည်။ တန်ခိုးကြီး အရှင်များဖြစ်၍သာ တော်ပေရော့သည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင်လျှင် မာရ်နတ်၏ နှောင့်ယှက်မှုမျိုးစုံကို ခံတော်မူရ၏။

ဘုရားရှင်အဆူဆူတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်အကြောင်းရပ်တို့ဖြင့် မွမ်းထုံထားအပ်သော ယင်း အာဋာနာဋိယသုတ် ပရိတ်တော် ဂါထာတော်များကို ဘုရားရှင်က တပည့်ရဟန်းတို့အား ဟောပြသင်ကြားပေးတော်မူသည်။ ယခုလည်း မိုးရာသီတွင် အကြောင်းကြုံလာပြန်၍ သိကြားမင်းက သူ့နတ်စစ်သည်များအား ညွှန်ကြားပုံကို ဥပမာထားကာ အန္တရာယ်ကင်းတရား၊ မကြောက်တရား၊ ကြောက်ရွံ့ဖို့ကို ထားဦး၍ ကြက်သီးမွေးညင်းမျှ မထစေနိုင်သော တရားကို ဟောကြားတော်မူကြသည်။

ပရဟိတ ကုသိုလ်ရှင်များဖြစ်ကြသော မာဃလုလင်နှင့်အဖွဲ့တို့ တာဝတိံသာသို့ ရောက်လာကြရာ၌ ခေါင်းဆောင်ဖြစ်သော သိကြားမင်းလက်အောက်တွင် ပဇာပတိ၊ ဝရုဏ၊ ဤသာနခေါ် နတ်ကြီးသုံးပါးတို့မှာ သိကြားမင်းနှင့်အရွယ်တူ၊ သွေးတူမွေးတူ ဗိုလ်မှူးကြီးများဖြစ်ကြသည်။ အသူရာတို့နှင့် စစ်တိုက်ရာ၌ အကယ်၍များ ကြောက်ရွံ့စိတ် ပေါ်ပေါက်လာခဲ့ပါသော် ငါသိကြားမင်း၏ တံခွန်အောင်လံတော်ကို မော်၍ ကြည့်ကြကုန်လော့။ ထိုအခါ သင်တို့တွင် ကြောက်ရွံ့ နောက်တွန့်စိတ် ကင်းပျောက်လိမ့်မည်ဟု မှာကြားသည်။

'ရဟန်းတို့၊ ယခုလည်း သင်တို့အား ငါဘုရား မိန့်ကြားတော်မူသည်၊ သင်တို့သည် ကိလေသာစစ်ကို တိုက်ရန်အတွက် သစ်ပင် တောတောင် ဂူလိုဏ်ချောင်စသော တောအရပ်တွင်ဖြစ်စေ၊ ဆိတ်ကွယ်ရာအရပ်တွင်ဖြစ်စေ ကမ္မဋ္ဌာန်းတရားပွားများ နေထိုင်ရာ၌ အကယ်၍များ ဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ကြောက်ရွံ့ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းစသော ဆုတ်နစ်မှုဖြစ်ပေါ်လာခဲ့ပါသော် အရဟံအစ ဘဂဝါအဆုံးရှိသော ငါဘုရား၏ ဂုဏ်တော်များကို သတိထား ပွားများလိုက်ကြပါကုန်လော့။

'အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ငါ ဘုရားကို သတိမရနိုင်ကြပါသော် ငါဘုရား၏ တရားတော် သွာက္ခာတာအစ ပစ္စတ္တံဝေဒိတဗ္ဗ အဆုံးရှိသော

ဂုဏ်တော်ခြောက်ပါးကို သတိထား ပွား‌များကြကုန်လော့။ အကယ်၍ တရားတော်ကို သတိမရနိုင်ခဲ့ပါသော် သုပ္ပဋိပန္နအစ အနုတ္တရ ပုညက္ခေတ္တ အဆုံးရှိသော အရိယာ သံဃာတော်တို့၏ ဂုဏ်တော်ကိုးပါးကို သတိထားပွားများကြကုန်လော့။

'ရဟန်းတို့၊ ယင်းသို့ သတိထား ပွားများခဲ့ပါသော် သင်တို့တွင် ဖြစ်ပေါ်လာသော အနှောင့်အယှက်အန္တရာယ်မျိုးစုံတို့မှုမက ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့ပါမကျန် မုချပျောက်ကင်းလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ငါဘုရားနှင့် တရားတော်၊ အရိယာသံဃာတော်တို့ဟူသည် ကင်းပြီးသောရာဂ၊ ကင်းပြီးသောဒေါသ၊ ကင်းပြီးသော မောဟအရှင်တို့ ဖြစ်သောကြောင့်ပေတည်း'

ရဟန်းတော်တို့က သာဓုသုံးကြိမ်ခေါ်၍ နာယူကြသည်။ နာယူရုံမျှမက ထိုအချိန်မှစ၍ တရားကျင့်သုံးရာတို့၌ အရဟံအစ အနုတ္တရ ပုညက္ခေတ္တ အဆုံးရှိသော ရတနာသုံးပါးတို့၏ ဂုဏ်တော် ၂၄ ပါးကို ရှေ့တန်းတင်၍ ကျင့်သုံးကြသည်။

မှန်လှပါပေ၏။ ထိုအချိန်မှစ၍ သာသနာတော်ခေတ်တစ်လျှောက် ယနေ့တိုင်အောင် တရားကျင့်သုံးရာ ဌာနတို့၌လည်းကောင်း၊ တရားအလုပ်တို့နှင့်စပ်သမျှ နေရာဌာနတို့၌သော်လည်းကောင်း၊ ဂုဏ်တော် ၂၄ ပါးတို့၏ အသံသည် တဟိန်းဟိန်း မြည်ဟည်းလျက် ရှိပေသတည်း။ ။

## နဂါးတို့စံရာ ၁

'အသင်တို့နိုင်ငံမှာ အသင်တို့ထက်ကြီးကဲသောသူ ရှိပါသေးသလော'

'ကာလနဂါးမင်း ရှိပါသည်၊ သူသည် တစ်ကမ္ဘာတိုင် အသက်ရှည်ပြီး ဘုန်းတန်ခိုးလဲ အလွန်ကြီးမားသူဖြစ်ပါသည်'

'တစ်ကမ္ဘာတိုင် အသက်ရှည်သူဆိုတော့ ဒီကမ္ဘာမှာ ပွင့်တော်မူတဲ့ ဂေါတမ ဘုရားရှင်ကို မီသူဖြစ်မှာပေါ့'

'ဂေါတမ ဘုရားရှင်ကိုသာမက ဒီကမ္ဘာမှာ ပွင့်တော်မူကြတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဘုရားသုံးဆူကိုပါ မီလိုက်သူပါ'

သီရိဓမ္မာသောကမင်း အမေးနှင့် သူသုံးဆောင်ရန် နဂါးပြည်မှ ဆေးပစ္စည်း မျိုးစုံကို လာ၍ပို့သော နဂါးမင်း၏ အဖြေဖြစ်၏။

ဤမင်းကား သာသနာ့သမိုင်း ကမ္ဘာသမိုင်းတွင် ထူးခြားစွာ ဘုန်းတန်ခိုးကြီး သော မင်းဖြစ်၏။ ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်းလုံးမက မြေအောက်တစ်ယူဇနာ၊ မြေထက် တစ်ယူဇနာတိုင် ပိုင်ဆိုင်သောဘုရင်ဖြစ်၏။ မြေထက် တစ်ယူဇနာအတွင်း၌ နေထိုင်သော နတ်များနှင့် မြေအောက်တစ်ယူဇနာအတွင်း၌ နေထိုင်သော နဂါးတို့က ဤမင်းသုံးဆောင်ရန် နတ်၌ဖြစ်သော ပစ္စည်းမျိုးစုံ နေ့စဉ်နေ့တိုင်း လာရောက် ဆက်သကြရသော ဘုရင်ဖြစ်၏။ တောကြီးခေါင်ခေါင်တွင် နေထိုင်ကြရသော လူဝံများသည်ပင် ဘုရင့်လက်နက်ရုံသို့ လာရောက်၍ တူထုကြရသော ဘုရင်ဖြစ်၏။

သာသနာတော်ကို ကြည်ညိုသော ဘုရင်ဖြစ်သည့်အတိုင်း ဘုရားရှင်ကိုမီသော ကာလနဂါးမင်း၏ သတင်းကို ကြားရသောအခါ ယင်းသတင်း မှန် မမှန် သိရှိရန်ရောက်လာသော နဂါးထံ စုံစမ်းမေးမြန်းခြင်း ဖြစ်၏။

သေချာပေပြီ။ သို့ဆိုလျှင် ကာလနဂါးထံ ပင့်ဖိတ်ဆင့်ခေါ်ရန်သာ ရှိတော့သည် ဟု နောက်နေ့နံနက်၌ပင် ရွှေခြေချင်းကို ခိဋ္ဌာန်၍ ကာလနဂါးမင်းထံ စေလွှတ်လိုက်

သည်။ ရွှေခြေချင်းကို စေလွှတ်ခြင်းမှာ ကာလနဂါးမင်းသည် ငါ၏ ဆန္ဒကို သိလျှင် အလိုက်သင့် လိုက်ပါခဲ့ရုံမျှဖြစ်၍ မသိလျှင် ရွှေခြေချင်းဖြင့် ဖွဲ့နှောင်ကာ ခေါ်ခဲ့ရန်ဖြစ်၏။

နောက်တစ်ကြောင်းမှာလည်း ကာလနဂါးသည် အအိပ်အလွန်ကြီး၍ ကကုသန်ဘုရားရှင် ခိဠာန် စေလွှတ်အပ်သော ရွှေလင်ပန်းဖြင့် သူ့ကိုထိမှ အိပ်ရာကနိုးပြီးသော် နောက်ရောက်လာသော ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင်တို့၏ ရွှေလင်ပန်းများ တစ်ချပ်ပြီးတစ်ချပ် ထိသံကြားမှ အိပ်ရာမှ နိုးသည် ဟူ၏။ ဆိုလိုရင်းမှာ ဘုရားတစ်ဆူပွင့်တော်မူမှ တစ်ကြိမ်သာအိပ်ရာမှ နိုးသည် ဟူ၏။ ထိုစကားအရ ယနေ့ခေတ်တိုင်အောင်ပင် အိပ်ကြီးသူများကို ကာလနဂါးနှင့် အနှိုင်းခံရခြင်းဖြစ်၏။

ယခုလည်း အသောကမင်း စေလွှတ်သော ရွှေခြေချင်းက သူ့ကိုထိခြင်းဖြင့် ကာလနဂါး အိပ်ရာမှနိုးစေရန်ဖြစ်၏။

မှန်လှပေ၏။ ရွှေခြေချင်း စေလွှတ်လိုက်သောနေ့မှာပင် ကာလနဂါးသည် အသောကဘုရင့် နန်းတော်သို့ ရောက်လာ၏။

ကာလနဂါးမင်း ရောက်လာသည်ဆိုလျှင်ပင် အသောကဘုရင်က ခရီးဦး ကြိုဆိုပြီးနောက် ထီးဖြူအောက်တွင် နေရာပေးသည်။ အကြောင်းသော်ကား မိမိ၏ မြင့်မြတ်သော ဆန္ဒကို ဖြည့်တင်းရန် ရောက်လာသူဖြစ်သည် တစ်ကြောင်း၊ မနှိုင်းယှဉ်နိုင်လောက်အောင်ပင် မိမိထက်အသက်အရွယ်ကြီးသူ ဖြစ်၍တစ်ကြောင်း၊ တန်ခိုးကြီးသော ဘုရင်အချင်းချင်း ဖြစ်သည်တစ်ကြောင်းတို့ကြောင့် ဖြစ်၏။

ထီးဖြူဆောင်းအပ်သောနေရာဟူသည် ဘုရင်တို့အတွက် မြင့်သောနေရာ၊ မြတ်သောနေရာဖြစ်ကာ ဘုရင်မှလွဲလျှင် အခြားသူတို့နှင့် မဆက်ဆံသောနေရာဖြစ်၏။ ဘုန်းတန်ခိုးကြီးသော အသောကဘုရင်တို့အဖို့ သာ၍ အရေးကြီး၏။ ဤနေရာတွင် ထိုင်နိုင်သူဟူ၍ နိဂြောဓ သာမဏေကလေးနှင့် ယခု ကာလနဂါးမင်းတို့ကိုသာ တွေ့ရ၏။

မင်းနှစ်ပါးတို့သည် အချင်းချင်း အာလာပ သလ္လာပ စကားများပြောဆိုကြပြီး နောက် ကာလနဂါးမင်းက 'အဘယ်အကြောင်း အဘယ်ကိစ္စဖြင့် ကျွန်ုပ်အား ဖိတ်ခေါ်ပါသနည်း အဆွေတော်'ဟု မေးသောအခါ အသောကမင်းက 'အကြည်တော် သည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကြသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမတည်းဟူသော ဘုရားလေးဆူကို သိမိ ဖူးတွေ့ရရုံသာမက ပွင့်တော်မူလတ္တံ့ သော အရိမေတ္တေယျ ဘုရားရှင်ကိုပင် ဖူးတွေ့ရဦးမည်၊ တစ်ကမ္ဘာလုံး အသက်ရှည် မည့်သူဟု ကြားသိရပါသည်၊ ကျွန်ုပ်သည် ယင်းဘုရားရှင် လေးဆူတို့၏ ရုပ်ပုံရွှေလွှာများကို ဖူးတွေ့ကြည်ညိုလိုပါသည်၊ သို့ဖြစ်၍ ယင်းဘုရားရှင် လေးဆူတို့၏ ရုပ်ပုံရွှေလွှာများကို ဖန်ဆင်း၍ ပြစေလိုသောကြောင့် အကြည်တော်အား ဖိတ်ခေါ် ရခြင်း ဖြစ်ပါသည်'ဟု မိန့်ကြားသည်။

'ပြနိုင်ပါ၏၊ သို့သော် လေးဆူလုံးကို ပြရသော် အဆွေတော်၏ အာရုံထွေပြား ဖွယ်ရာ ရှိပါသည်၊ သို့ဖြစ်၍ အဆွေတော်ကြည်ညိုသော ဂေါတမဘုရားရှင် တစ်ပါးကိုသာ ပြပါမည်၊ လေးစားစွာ ဖူးတွေ့ကြည်ညိုပေတော့ အဆွေတော်'

ထို့နောက် ကာလနဂါးမင်းသည် နေရာမှထကာ ရတ်တရက် ပျောက်သွား ပြီးလျှင် ရှေးဦးစွာကား ကြာမျိုးစုံ ပန်းမျိုးစုံတို့ဖြင့် တန်ဆာဆင်အပ်သော ရေကန်ကြီးဖြစ်ပေါ်လာ၏။ ထိုကန်၏အထက်ဝယ် အရောင်မျိုးစုံတို့ ပိတ်ဆိုင်း ယှက်ကာလျက်ရှိသော ကောင်းကင်ပြင်ကို တွေ့မြင်ရ၏။ ထို့နောက်တွင်ကား ရောင်ခြည်တော်ခြောက်ဆိုင်တို့ ထိုးဖောက်ထွက်ပေါ်လာကာ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုရားရှင်၏ ကိုယ်တော်သည် ကြီးစွာသော ဣန္ဒြေဖြင့် ပေါ်ထွက်လာသည်ကို အသောကဘုရင်အဖို့ မမှိတ်သော မျက်စိတို့ဖြင့် တုန်တုန်လှုပ်လှုပ် ဖူးမြော်ရလေ တော့သည်။

တုန်တုန်လှုပ်လှုပ်ဟု ဆိုရသည်မှာ ကြီးမားသော သဒ္ဓါတရားရှိသူအား ရှိခိုးအပ်သော ထိုသူ၏ လက်ဖျားများသာမက တစ်ကိုယ်လုံးကိုပင် တုန်လှုပ်စေနိုင်၏။ ပင်ကိုကပင် ဘုရားရှင်အပေါ်၌ သဒ္ဓါတရားကြီးမားသူဖြစ်ပေရာ ယခုကဲ့သို့ မကြုံဖူး အောင် ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးတွေ့ရသောအခါ အဘယ်မှာ မတုန်လှုပ်ဘဲ ရှိနိုင်ပါတော့အံ့နည်း။

အသောကဘုရင် အဘယ်မျှကြာအောင် ဖူးတွေ့ပါသနည်း။ အချိန်အခါကို မမှတ်မသား၊ အစာအာဟာရဆိုသည်ကို လုံးဝမစားဘဲ ယခုကဲ့သို့ ဗုဒ္ဓါနုဿတိ အာရုံဖြင့် ဖူးတွေ့နေသည်မှာ ခုနစ်ရက်တိုင်တိုင် ကြာသောဟူ၏။ ဗုဒ္ဓါနုဿတိ ပီတိဖြင့်သာ ထုံ၍နေတော့သည်။

ဤနေရာ၌ စဉ်းစားဖွယ်ရှိသည်မှာ ယင်းကဲ့သို့ ဗုဒ္ဓါနုဿတိ အာရုံထုံ၍လာ သဖြင့် ရှိမခိုးပါဘူးဟူသော ကတိစကားကို မေ့ပျောက်ကာ ရှိခိုးမိသောကြောင့် လွင့်စဉ်ပျောက်ကွယ်၍သွားရရှာသော မာရ်နတ်ကြီး၏ အဖြစ်နှင့် နှိုင်းယှဉ်ကြည့် သောအခါ ဘုရားဟန် ဖန်ဆင်းပြ၍ ပြသူက နတ်ယုတ်မာ မာရ်နတ်ဖြစ်၍ ရှိခိုးသူများက ရဟန္တာများ ဖြစ်၏။ ဤသီရိဓမ္မာသောကမင်း လက်ထက်တွင်ပင် အရှင် ဥပဂုတ္တမထေရ်နှင့် သီဟိုဠ်ကျွန်းမှ ဖုဿဒေဝ မထေရ်တို့ ဖြစ်ကြ၏။

*

ယင်းဖြစ်ရပ်ကြောင့် အသောက ဘုရင်အဖို့ သာသနာတော်သို့ သူမတူအောင် စွန့်လွှတ် ပူဇော်လေတော့သည်။ ရေတွင်း ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ကို စွန့်လွှတ်လှူဒါန်းသည်။ ရှင်မဟာ မောဂ္ဂလိပုတ္တ မထေရ်ကြီး ဦးစီးသော တတိယ သင်္ဂါယနာပွဲကြီးကို ဖွဲ့ချီးကျင်းပသည်။ သူ့ဖခင် ဗိန္ဒုသာရ ဘုရင်ရှိစဉ်က ကိုးကွယ်ခဲ့သော တိတ္ထိများကို ကိုးကွယ်လက်စနှင့်

ကိုးကွယ်ခဲ့ရာမှ ယခုသော်အကျဉ်းအကျပ် စစ်ဆေးကာ အပြတ်ရှင်းပစ်နိုင်ခဲ့သည်။ ယင်းသို့ဖြင့် သာသနာတော်သည် သန့်ရှင်း၍ လာခဲ့ပေ၏။

ယင်းသို့ သာသနာတော်အရေးကို ဦးစီးရွက်ဆောင်သူမှာကား အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးပင်ဖြစ်၏။

ပစ္စုပ္ပန် သာသနာတော်အတွက် အေးချမ်းသည် မှန်ပါ၏။ သို့ရာတွင် အနာဂတ် သာသနာတော်အတွက် စဉ်းစားလိုက်သောအခါ ပြင်ပ ဝါဒမျိုးစုံတို့ကြောင့် သာသနာတော်သည် ဇမ္ဗူဒိပ်တွင် မတည်တံ့နိုင်။ ယိမ်းယိုင် ပျက်စီးရုံမက ကွယ်ပျောက်ရမည့်အရေးကို မောဂ္ဂလိပုတ္တမထေရ်ကြီး တွေ့မြင်ရ၏။ ထို့ကြောင့် တတိယ သင်္ဂါယနာကိစ္စအတွက် အသောကာရာမတွင် သံဃာတော်များ စုံညီခိုက် ဤကိစ္စကို လျှောက်ထားစိစဉ်ဦးမှဟု စဉ်းစားကာ နောက်နေ့နံနက် သံဃာတော်များ စုံညီချိန်တွင်ပင် ရှင်မောဂ္ဂလိပုတ္တ မထေရ်ကြီးက လျှောက်ထား၏။

အသောကာရာမကျောင်းတိုက်ကား အသောကဘုရင်က ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်ပေးလှူရာတွင် အထူးပြု ဆောက်လုပ်ထားသော ကျောင်းတိုက်ကြီးဖြစ်၏။ ဤကျောင်းတိုက်မှ သံဃာတော်များ ဘုရားရှိခိုး မေတ္တာပို့ကြရာတွင် တစ်နေ့နှစ်ကြိမ် ရှိခိုးကာ ညဥ့်ဦးပိုင်းဘုရားရှိခိုးရာ၌ မိမိကျောင်း၊ မိမိတို့နေရာတွင် ရှိခိုးစေပြီး နံနက်ပိုင်း ရှိခိုးချိန်တွင်မူ ပင်မကျောင်းကြီးအထက်ထပ်ရှိ သံဃာတော်များ စုရုံးစည်းဝေးရာခန်းမကြီးသို့ တစ်ပါးမကျန် ကြွရောက်ရှိခိုးကြရ၏။

ဤအစီအစဉ်အရ အကျိုးသုံးရပ် ပြီးစီးသည်။

တစ်ကျိုးမှာ နံနက်စောစော အရုဏ်တက်ချိန်ဖြစ်သောကြောင့် ဘုရားရှင်သို့ပို့၍ အာရုံစူးစိုက်နိုင်ပြီး နောက်တစ်ကျိုးမှာ သံဃာတော်များ၏ စည်းလုံးညီညွတ်မှုကို ပြဆောင်သည်။ တတိယအကျိုးမှာ သံဃာတော်များ၏ အရုဏ်တက်အောင် မအိပ်ရသော သဟသေယျသိက္ခာပုဒ်ကို ထိန်းသိမ်းရာ ရောက်သည်။

'အရှင်ဘုရားတို့'

ဘုရားရှိခိုး မေတ္တာပို့ပြီးချိန်တွင် ထွက်ပေါ်လာသော အရှင်မောဂ္ဂလိပုတ္တ မထေရ်ကြီး၏ အသံဖြစ်၏။ သင်္ဂါယနာတင်ချိန်နှင့် အခြားသောသာသနာကိစ္စများ ဆောင်ရွက်ချိန်တို့၌ အဓိကပုဂ္ဂိုလ်ဖြစ်သော်လည်း သံဃာစည်းဝေးရာ၌မူ မိမိထက် သိက္ခာတော်၊ ဝါတော်ကြီးသော မထေရ်ကြီးများ ပါရှိသောကြောင့် အရိုအသေပြု ခေါ်ဝေါ်လိုက်ခြင်း ဖြစ်၏။

'ပစ္စုပ္ပန် သာသနာတော်အရေး ငြိမ်းအေးပြီဖြစ်သော်လည်း အနာဂတ် သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ကိစ္စများ တပည့်တော်တို့တွင် တာဝန်ရှိနေပါသေးသည်။ ယင်းကိစ္စကို ဆောင်ရွက်တော်မူနိုင်ကြရန်အတွက်မထေရ်ကြီးများသည် အပောဂင်္ဂါစသော မိမိတို့သီတင်းသုံးရာ နေရာတို့သို့ ပြန်လည် မကြွကြမိ လျှောက်ထားလိုပါသည် ဘုရား'

'အဘယ်ကိစ္စပါနည်း အရှင်ဘုရား'

'စရထ ဘိက္ခဝေ စာရိကံ မာဧကေန ဒွေအာဂမိတ္ထစသော ဘုရားရှင်၏ ဩဝါဒအတိုင်း ရဟန်းတို့၊ တစ်ကြောင်းတည်းသော ခရီးကို အတူမသွားကြကုန်လင့်၊ ဒေသအသီးသီးသို့ကြွ၍ သာသနာပြုကြကုန်လောဆိုသော ဩဝါဒတော်ဟာ ဘုရားရှင်ပွင့်တော်မူစ အချိန်က ရဟန်းတော်များကိုသာ ရည်ရွယ်တော်မူတာ မဟုတ်ဘဲ တပည့်တော်များကိုလည်း ရည်ရွယ်ဟောကြားတော်မူခဲ့သည်ဟု ယူဆပါသည်။

'ဇမ္ဗူဒိပ်တွင် အသောကမင်းတရားကြောင့် ယနေ့ သာသနာတော်ထွန်းကားလျက် ရှိသော်လည်း နောင်အခါတွင် ထွန်းကားနိုင်တော့မည် မဟုတ်ပါ၊ မထွန်းကားရုံမျှသာမက သာသနာတော်ပျောက်ကွယ်သွားပါလိမ့်မည်၊ ဤကိစ္စကို တပည့်တော်တို့က တာဝန်ယူပြီး ဇမ္ဗူဒိပ်ဝန်းကျင်ရှိ ဒေသများသို့ သာသနာပြုထားကြရန် လိုပါသည်'

'အရှင်ဘုရား အစီအစဉ်အတိုင်း လိုက်နာကြပါမည်'

'တပည့်တော် အစီအစဉ်အရ ကိုးတိုင်း ကိုးဌာနသို့ ကြွကြရပါမည်၊ ယင်းသို့ကြွရာ၌ ခေါင်းဆောင်တစ်ပါးလျှင် အနည်းဆုံး နောက်ပါသံဃာတော် လေးပါး ပါရှိရပါမည်၊ အကြောင်းမှာ ပဉ္စင်းခံလိုသူများ ပေါ်ပေါက်လာခဲ့ပါသော် အနည်းဆုံး သံဃာတော်ငါးပါး ပြည့်စုံမှ ပဉ္စင်းခံပေးနိုင်ကြောင်း ဝိနည်းတော်အရ ဖြစ်ပါသည်'

သို့နှင့် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုကြွကြရန် အောက်ပါသံဃာတော်များစာရင်း ပေါ်ထွက်လာ၏။

၁။ မဟာဒေဝထေရ်နှင့် လေးပါး၊ မဟိံသကတိုင်းသို့။

၂။ ရက္ခိတထေရ်နှင့် လေးပါး၊ ဝနဝါသီတိုင်းသို့။

၃။ ယောနက ဓမ္မရက္ခိတထေရ်နှင့် လေးပါး၊ အပရန္တ တိုင်းသို့။

၄။ မဟာဓမ္မရက္ခိတထေရ်နှင့် လေးပါး၊ မဟာရဋ္ဌတိုင်းသို့။

၅။ မဟာရက္ခိတထေရ်နှင့် လေးပါး၊ ယောနကတိုင်းသို့။

၆။ မဇ္ဈိမထေရ်နှင့် လေးပါး၊ ဟိမဝန္တာတိုင်းသို့။

၇။ သောဏထေရ်၊ ဥတ္တရထေရ်နှင့် လေးပါး၊ သုဝဏ္ဏဘူမိ (သထုံ)သို့။

၈။ သားတော် မဟိန္ဒထေရ်နှင့် လေးပါး၊ တမ္ဗဒိပ (သီဟိုဠ်)ကျွန်းသို့။

၉။ မဇ္ဈန္တိကထေရ်နှင့် လေးပါး၊ ကသ္မီရတိုင်းသို့။

ဤစာရင်းအရ သုဝဏ္ဏဘူမိဟူသည် သထုံ ဟုတ်၊ မဟုတ်ကို ယနေ့တိုင် ပညာရှင်များအငြင်းပွားလျက် ရှိနေပေသေးသည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသကမူ သုဝဏ္ဏဘူမိဟူသည် စုမတ္တရာကျွန်းဖြစ်ကြောင်း ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာ (စာ ၂၇၁) တွင် ဖော်ပြထား၏။ သီဟိုဠ်ကျွန်းသို့ သားတော် ရှင် မဟိန္ဒသာသနာပြုကြွပုံမှာ ကျယ်ဝန်းလှ၏။ ယခုသော် နဂါးတို့စံရာ

နဂါးတိုင်းဟုပင်ဆိုနိုင်သော ကသ္မီရတိုင်းသို့ မဇ္ဈန္တိက မထေရ်ကြီး ကြွရောက်သာသနာပြုပုံကို ဖော်ပြရန်ဖြစ်၏။

*

ကသ္မီရ တိုင်းသူတိုင်းသားတို့သည် အရဝါဠ ရေအိုင်ကြီးကို အမှီပြုကာ ကောက်ပဲသီးနှံများ စိုက်ပျိုးစားသောက်ကြရ၏။ အဓိကစိုက်ပျိုးသောအပင်မှာ ကောက်ပင်ဖြစ်သည်။ ယင်းရေအိုင်ကိုအုပ်စိုးလွှမ်းမိုးသူကား အရဝါဠ နဂါးမင်းဖြစ်၍ နယ်နယ်ရရမဟုတ်။ သူ့တွင် နဂါးစစ်သား အခြွေအရံ ရှစ်သောင်းလေးထောင် နှင့်နှင့်ရှိသောဟူ၏။

ကသ္မီရ တိုင်းသူတိုင်းသားတို့က ကောက်ပဲသီးနှံတို့ထွက်ပေါ်ရာ တန်ဆောင်မုန်းလ ရောက်တိုင်း နဂါးပူဇော်ပွဲ ကျင်းပပြုလုပ်ကြရသည်။ သို့နှင့်လည်း နဂါးတို့သည် ကောက်ပဲသီးနှံများကို ဖျက်ဆီးတတ်ကြသည်။ အကြောင်းမူကား မိမိအုပ်စိုးမှုကို အရှိန်အဟုန်မပျက်စေဘဲ စိုးရွံ့ကြောက်လန့်နေစေရန် ဖြစ်၏။

ယခုနှစ် တန်ဆောင်မုန်းလ ကောက်ပင်တို့ ရှင်သန်ဖွံ့ဖြိုးချိန်ဝယ် မဇ္ဈန္တိက မထေရ်ကြီးသည် ထိုမှ ဤမှ စင်္ကြံကြွ၍ပြသည်။ တရားထိုင်သကဲ့သို့ ထိုင်၍လည်း ပြသည်။ အိပ်၍လည်း ပြသည်။

ဤသည်ကို နဂါးစစ်သား လုလင်ငယ်တို့ မြင်ကြရသောအခါ အံ့သြစွာဖြင့် နဂါးမင်းထံ သွားရောက် တိုင်တန်းကြသည်။

'အရှင်မင်းကြီး၊ အဝတ်စုတ်တွေကိုဝတ်ပြီး ခေါင်းတုံးကြီးလူတစ်ယောက်ဟာ ကျွန်တော်သို့ ရေအိုင်အထက်ကနေပြီး ရေတွေကို ဖျက်ဆီးနေပါတယ်'

'သယ် ဘယ်က ကောင်လဲဟ၊ ငါကိုယ်တော်တိုင် လိုက်ခဲ့မယ်၊ ငါ့ကို အန်တုလို့ ဘာရမလဲ၊ လူလုပ်လို့'

နဂါးမင်းသည် ရုတ်ခြည်းပင် ရေအိုင်သို့ရောက်လာကာ မထေရ်နှင့် ရင်ဆိုင်မိကြ၏။ မထေရ်ကို သာမန်အားဖြင့်ကြည့်လျှင် ရိုသေချင်ဖွယ်ရာ၊ ကြောက်ဖွယ်ရာ တစ်ကွက်မျှမရှိ။ ကြည့်ပါ။ မထေရ်၏ ကိုယ်တွင် အဝတ်အဆင် အစုတ်အပြတ်တွေကို ချုပ်စပ်ဝတ်ထား၏။ ဦးခေါင်းထက်တွင်လည်း ဆံပင်မရှိ၊ ဦးပြည်းခေါင်းတုံးကြီးနှင့် လက်နက်တစ်စုံတစ်ရာကိုလည်း မတွေ့။ ပခုံးတွင်လွယ်ထားသော ခွက်တစ်လုံးမျှသာ၊ သို့သော် မျက်နှာမူကား ကြည်လင်လှ၏။

ထူးခြားဟန်ကား ထိုပုဂ္ဂိုလ်သည် မိမိနှင့် ရင်ဆိုင်နေရပါလျက် ကြောက်ရွံ့သည့် အမူအရာကို လုံးဝမတွေ့ရဘဲ ရေကန်အထက် ကောင်းကင်ယံတွင် တင်ပျဉ်ခွေ တွေ့ရခြင်းပင် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မိမိအစွမ်းကို ပြတော့အံ့ဟု ထိုပုဂ္ဂိုလ်လွင့်ပျောက်သွားစေရန် ရှေးဦးစွာ လေပြင်းမုန်တိုင်းကို တိုက်ခတ်စေလိုက်၏။ ထိုမုန်တိုင်းကြောင့် ရေကန် ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်တို့ လွင့်စဉ်ပြတ်ထွက်ကုန်၏။ တောင်ထွတ်တို့သည်ပင် ပြိုလဲလွင့်စဉ်ကုန်၏။ သို့ရာတွင် မထေရ်ကို အပထား၍ ရေကန်ကိုပင် မတုန်လှုပ်စေခဲ့။

လေဖြင့်မရခဲ့သော် မိုးဖြင့်နှိပ်စက်အံ့ဟု ဝန်းကျင်တစ်ခုလုံး လျှပ်စစ်လျှပ်မောင်းတို့ ထွက်ပေါ်လာကာ မိုးကြီးကို ရွာချစေသည်။ သာမန်မိုး မဟုတ်။ ရောက်ရွာမိုးကြီး ရွာချစေသည်။ ရောက်ရွာမိုးဟူသည် မိုးသီးမိုးပေါက်တို့ကို ကောင်းကင်တစ်ပြင်လုံး ကွဲအက်ပြိုကျမည့်ပမာ ရွာချစေသော မိုးကြီးဖြစ်၏။

ထိုမျှနှင့်လည်း တုန်လှုပ်သည်ကို မတွေ့ရသောအခါ နဂါးမင်း၏ နောက်ဆုံး တန်ခိုးဖြစ်သော လက်နက်မိုးကို ရွာချစေရုံမက ကိုယ်တိုင်လည်း အခိုးအလျှံတို့ကို လွှတ်ကာ နှိပ်စက်စေ၏။ မထေရ်မူကား န ကမ္ပတိ။

သို့နှင့် မိမိအစွမ်းကုန်ပြီဖြစ်၍ 'အသင် ဘယ်သူလဲ'ဟု မေးလိုက်သည်။

'ငါကား ဂေါတမ ဘုရားရှင်၏ သားတော် ရဟန်းပေတည်း နဂါးမင်း၊ သင် နှိပ်စက်လိုသမျှလောက်ကို အပထား၍ သမုဒ္ဒရာနှင့်တကွသော မဟာပထဝီ မြေကြီး တစ်ခုလုံးကို ငါ့အပေါ်သို့ ပစ်ချစေဦးတော့ အချည်းနှီးသာတည်း၊ အသင် ပင်ပန်းရုံမျှသာတည်း'

'အသင် ဘာအလိုရှိပါသနည်း'

'ဘာမျှ အလိုမရှိပါ'

'ဘာကိစ္စ ကြွလာပါသနည်း'

'သင်တို့ကို တရားဟောရန် လာရောက်ခြင်း ဖြစ်ပါသည်'

ထိုအခိုက်တွင် ကသ္မီရ ပြည်သူပြည်သားတို့သည် နဂါးပူဇော်ပွဲပြုလုပ်ရန် ရေကန်အနီးရှိ လွင်ပြင်သို့ စုရုံးရောက်ရှိလာကြ၏။ စင်စစ်သော် မဇ္ဈန္တိက မထေရ်သည် ဤအချိန်နှင့် ကိုက်၍ပင် ကြွလာခြင်းဖြစ်၏။

ထိုအခိုက်တွင် နဂါးမင်းသည် မိမိနန်းတော်မှ ရွှေ၊ ငွေ၊ စိန်ကျောက်၊ ရတနာမျိုးစုံဖြင့် စီခြယ်ပြုလုပ်အပ်သော ရတနာပလ္လင်ကို ယူစေပြီးနောက် ပရိသတ်အလယ်တွင် ချထားကာ မထေရ်အား ထိုင်စေပြီးလျှင် မိမိမူကား ရတနာ ပလ္လင်၏ နံဘေးတွင်ထိုင်ကာ မထေရ်အား ယပ်ခတ်၍နေ၏။

မထေရ်သည် ဤပရိသတ်အား သရဏဂုံတို့၌တည်စေပြီးနောက် ငါးပါး သီလကို ခံယူစေသည်။ ထို့နောက် အာသိဝိသောပမ သုတ္တန်ကို ဟောကြားသောအခါ ပရိသတ် ရှစ်သောင်း တရားထူးရသည်။ ယင်းသို့လျှင် ကသ္မီရတိုင်း၌ ရဟန်းတော်များ တစ်နေ့တခြားတိုးပွားလာရာ သင်္ကန်းတော်ရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပ ထွန်းလင်း၍ လာသတည်း။ ။

## နဂါးတို့စံရာ ၂

'အရှင်ဘုရားတို့ တတိယ သင်္ဂါယနာတင်ပွဲကြီး ပြီးစီးသွားလို့ ဘုရားရှင်ရဲ့ သာသနာတော်ဟာ ဒီမဇ္ဈိမတိုက် တစ်ဝန်းမှာတော့ ထွန်းလင်းခဲ့ပြီလို့ ဆိုနိုင်ပါတယ်၊ နို့ပေမယ့် အနာဂတ် သာသနာတော်ကို မျှော်ကြည့်လိုက်တဲ့အခါကျတော့ သာသနာတော်ဟာ မဇ္ဈိမတိုက်တစ်ဝန်းမှာပဲ အစဉ် ထွန်းလင်းတည်တံ့နေလိမ့်မယ်လို့ မမြင်မိဘူး'

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ အသံတော်မှာ ဟိန်း၍ ထွက်နေ၏။ ဟိန်း၍ထွက်သော်လည်း နောင်ခါတွင် ဤနေရာ၌ သာသနာတော် ကွယ်ပျောက်မည့်အကြောင်းကို ပြောရသောကြောင့် အရှင်မြတ်၏ အသံတော်မှာ အတန်ပင် ညှိုးငယ်သယောင် ရှိနေ၏။

ယနေ့ သံဃာ့အစည်းအဝေးမှာ အတန်ပင် ထူးခြားသယောင်ရှိသည်ဟု ကြွရောက်လာသော သံဃာတော်အများကပင် စဉ်းစားနေကြ၏။ အကြောင်းမှာ အခါတိုင်း သံဃာ့အစည်းအဝေးများမှာဆိုလျှင် မထေရ်ကြီးများကို ရှေ့တင်ပြီ ထေရ်စဉ်ဝါလိုက်သာ ထိုင်ကြရရာ ယနေ့အစည်းအဝေးတွင်မူ ထေရ်စဉ်ဝါလိုက် မဟုတ်ဘဲ အစည်းအဝေး ဦးကိုင်ဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ အစီအစဉ်အရ သံဃာတော်အများတွင် ဓမ္မကထိက အဟောကောင်း အပြောကောင်း အဖြစ်လည်းကောင်း၊ တန်ခိုးဣဒ္ဓိပါဒ်အားဖြင့်လည်းကောင်း ထင်ရှားသော ရဟန်းတော်အချို့ကို မထေရ်ကြီးအနီးတွင် ရှေ့တန်းတင်ထားသည်ကို တွေ့မြင်ကြရသောကြောင့် ဖြစ်ပေ၏။

သိက္ခာတော်၊ ဝါတော်အားဖြင့် အတန်ပင် ငယ်သေးသော သူ့တပည့် ရှင်မဟိန္ဒသည်ပင်လျှင် သူ့ ခြေရင်းအနီးသို့ ရောက်နေသည်ကို တွေ့ကြရသည်။

'ဘုရားရှင်ရဲ့ သာသနာတော်ဟာ နောင်အနာဂတ်ကာလမှာ ဒီမဇ္ဈိမတိုက်မှာ ကွယ်ပျောက်ပြီး မဇ္ဈိမတိုက်ဝန်းကျင် ဇနပုဒ် တိုင်း နိုင်ငံတွေမှာသာ ထွန်းလင်းတည်တံ့ လာလိမ့်မယ်လို့ မြင်မိတယ်၊ ဒီတော့ တပည့်တော်တို့ဟာ အနာဂတ် သာသနာတော် အကျိုးကို မျှော်ကိုးပြီး အခုကတည်းက အဲဒီ ဇနပုဒ် တိုင်းနိုင်ငံတွေကို တရားတော်နဲ့ ဖြိုပြီး သာသနာပြုထားသင့်တယ်လို့ မြင်မိပါတယ်၊ ဘယ့်နှယ်လဲ၊ သဘော တူကြရဲ့လား'

'အလွန်တရာ လျော်ကန်သင့်မြတ်လှကြောင်းပါ ဘုရား'

ယခုမှပင် ဓမ္မကထိက အရှင်များအား ရှေ့တန်းတင်ထားသည်ကို သဘော ပေါက်လာကြရ၏။ သို့ရာတွင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုပင် ဘုန်းမီးထွန်းပြိုင် စိုးပိုင်လျက်ရှိနေသော သာသနာ့ဒါယကာ အသောကရာဇာ၏ ဤသာသနာတော်သည် အနာဂတ်ကာလ၌ ဤနေရာမှ ရွေ့လျားပျောက်ကွယ်ရဦးမည်ဆိုသော အရှင်မြတ်၏ စကားတော်ကိုမူ ပုထုဇဉ် သံဃာအများတို့ ဘဝင်မကျလှ၊ စိတ်မကောင်း ဖြစ်နေ ကြရသည်။

'အရှင်ဘုရားတို့၊ သာသနာတော်ဟူသည်လဲ အများနည်းတူ သင်္ခါရတရားပင် ဖြစ်တော့သည်၊ သာသနာတော်တည်းဟူသော ၎က်ခါးသည် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် ယခုနှစ်ပေါင်း ၂၃၀ ကျော်အတွင်း၌ပင် နိမ့်တစ်လှည့် မြင့်တစ်ချီ ပျံ့သန်းခဲ့သောကြောင့် ယခုပင်လျှင် တတိယ သင်္ဂါယနာတင်ခဲ့ရသည် မဟုတ်ပါလော၊ တပည့်တော်တို့၏ သာသနာသည် နောင်ခါ၌ ဇနပုဒ် တိုင်း နိုင်ငံတို့၌သာ အတည်များပါလိမ့်မည်၊ ဒါကြောင့် ယခုကပင် တရားတော်ဖြင့် ဖြန့်၍ ယင်း ဇနပုဒ် တိုင်းနိုင်ငံတို့၌ သာသနာ ပြုထားရပါလိမ့်မည်။

'သဘောပေါက်ကြပါပြီ ဘုရား'

'သာသနာပြုရန် နေရာများအဖြစ် တပည့်တော် ရွေးချယ်ထားတာကတော့ ကိုးတိုင်း၊ ကိုးဌာန၊ ကိုးနေရာ ဖြစ်ပါသည်၊ အဲဒါတွေကတော့ မဟိသက၊ ဝနဝါသီ၊ အပရန္တ၊ မဟာရဋ္ဌ၊ ယောနက၊ ဟိမဝန္တာ၊ သုဝဏ္ဏဘူမိ၊ တမ္ဗပဏ္ဏိဒီပနဲ့ ကသ္မီရ ဂန္ဓာရတိုင်းတို့ ဖြစ်ကြပါသည်။

'အဲဒီ ကိုးတိုင်း ကိုးဌာနကို စေလွှတ်ဖို့ရန် အဟောအပြောလဲကောင်း၊ တန်ခိုးဣဒ္ဓိပါဒ်နဲ့လဲ ပြည့်စုံတဲ့ ခေါင်းဆောင်ပုဂ္ဂိုလ်များအဖြစ် ကိုးပါးကို ရွေးချယ် ထားပါတယ်၊ သာသနာပြုတယ်ဆိုတာ သူတစ်ပါး နားဝင်အောင် ဟောတတ်၊ ပြောတတ်ဦးမှကိုး၊ ရှေးဦးစွာ မဟိသကတိုင်းအတွက် ရွေးချယ်ထားသူကတော့ မဟာရေဝတ မထေရ်ကိုပါပဲ'

မဟာရေဝတ မထေရ်က 'အာမဘန္တေ ပါဘုရား'ဟု အာမဝန် ခံလိုက်သည်။ အမိန့်တော်အတိုင်း လိုက်နာပါမည်ဟု ဖြစ်၏။

'ဝနဝါသီတိုင်းအတွက် ရွေးချယ်ထားသူက ရက္ခိတမထေရ်ကိုပါပဲ၊ ဝနဝါသီတိုင်းမှာ သာသနာပြုရတာက နှလုံးမွေ့လျော်ပျော်ဖွယ်ရာတောင် ဖြစ်ပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာဟာ သာသနာတော်နဲ့ နီးစပ်ခဲ့တဲ့နေရာ ဖြစ်လို့ပါပဲ၊ ဘုရားရှင်လက်ထက်တော်တုန်းက သာမဏေကျော်တွေအနက် ဝနဝါသီဆိုတဲ့ ကိုရင်ကလေး သီတင်းသုံးခဲ့တဲ့ နေရာပါပဲ၊ သူ့ကို အကြောင်းပြုပြီး အဲဒီအရပ်ကို ဝနဝါသီတိုင်းလို့ အမည်တွင်ခဲ့တဲ့ နေရာပေါ့'

ရက္ခိတမထေရ်က 'အာမဘန္တေ ပါ ဘုရား'ဟု တက်ကြွစွာ ဝန်ခံသည်။

'အပရန္တတိုင်းကိုတော့ ယောနကဓမ္မရက္ခိတကို ရွေးချယ်ပါတယ်၊ အဲဒီတိုင်းမှာ သာသနာပြုရတာလဲ ပျော်မွေ့ဖွယ်ရာ ဖြစ်မှာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုင်းက သုပ္ပါရက ဆိပ်ကမ်းမြို့ဆိုတာဟာ ဘုရားရှင် လက်ထက်တော်မှာ နာမည်ကျော် တေဒဂ်သခင် အရှင် ဗာဟိယဒါ ရုစိယမထေရ် စဇာင်ပေါ်ထွန်းခဲ့တဲ့ နေရာဖြစ်လို့ပါပဲ၊ ဒီတော့ တရားအခြေခံရှိတဲ့ ဒေသပေါ့၊ တစ်ခုတော့ရှိရဲ့၊ အဲဒီဒေသမှာ အမျိုးသားသာမက ရဟန်းပြုလိုတဲ့ အမျိုးသမီးတွေလဲ မြောက်မြားစွာ ပေါ်ထွက်လာဖို့ ရှိပါတယ်၊ ဒီအတွက်တော့ နောက်ပိုင်းကျမှ လိုအပ်သလို စီစဉ်ကြရမှာပေါ့လေ'

'အာမဘန္တေ ပါ ဘုရား'

'မဟာရဋ္ဌတိုင်း အတွက်ကတော့ မဟာဓမ္မရက္ခိတကို စေလွှတ်ပါ့မယ်၊ မဇ္ဈိမထေရ်ကိုတော့ ဟိမဝန္တာကို စေလွှတ်ဖို့ရန် ရည်မှန်းပါတယ်။ ဟိမဝန္တာဒေသက ကျယ်ပြန့်လေတော့ မဇ္ဈိမထေရ်အဖို့ အဖော်အဖြစ် ကဿပဂေါတ္တထေရ်ကို ခေါ်သွားတာပေါ့၊ တစ်ခုတော့ရှိရဲ့၊ ဟိမဝန္တာဒေသဆိုတော့ တရားနာပုဂ္ဂိုလ်တွေဟာ လူတွေသာမက ဘီလူးတွေပါ ပါရှိလိမ့်မယ်၊ ဘီလူးတွေဆိုလို့ စိုးရိမ်ဖွယ်ရာတော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဘီလူးဆိုပေမယ့် ဘီလူးရိုင်းတွေ မဟုတ်၊ ဘီလူးယဉ်တွေ ဖြစ်ကြလို့ပါပဲ'

'ဘုရားရှင်ဟာ အဲဒီအရပ်မှာ ဓမ္မစကြာတရား ဟောကြားစဉ်အခါက မနာကြားလိုက်ရတဲ့ ဘီလူးများ ရှိကြပါတယ်၊ နို့ပေမယ့် ဘုရားရှင်ရဲ့ ဓမ္မစကြာ ဒေသနာတော်ရဲ့ အဟုန်ဟာ အဲဒီအရပ်မှာ လှိုင်းရိက်ခတ်ကျန်ရှိနေပါသေးတယ်၊ အဲဒီတော့ မဇ္ဈိမထေရ်တို့က ဓမ္မစကြာတရား ဟောကြားလိုက်တယ်ဆိုရင် ဘီလူးဘဝက ကျွတ်တမ်းဝင်လာကြဖို့တောင် ရှိပါတယ်'

'အာမဘန္တေ ပါ ဘုရား'

'အဲ အတော်သောင်းကျန်းတဲ့ ဘီလူးတွေရှိတဲ့အရပ်ကတော့ သုဝဏ္ဏဘူမိ အရပ်ပါပဲ၊ အဲဒီအရပ်ကိုတော့ သောဏထေရ်၊ သူနဲ့တွဲပြီးတော့ ဥတ္တရထေရ်ကိုပါ လွှတ်ဖို့ ရည်မှန်းထားပါတယ်'

'အာမဘန္တေ ပါဘုရား'ဟု နှစ်ပါးလုံးကပင် တွဲ၍ ဝန်ခံလိုက်ကြ၏။

'အနာဂတ်သာသနာတော်အတွက် အရေးကြီးဆုံးဌာနဖြစ်တဲ့ တမ္ဗပဏ္ဏိဒီပခေါ်တဲ့ သီဟိုဠ်ကျွန်းကိုတော့ တပည့်တော်ရဲ့ တပည့်ဖြစ်တဲ့ မဟိန္ဒကို သူ့အဖွဲ့နဲ့ စေလွှတ်ဖို့ စီစဉ်ထားပါတယ်'

ရှင်မဟိန္ဒက 'အာမဘန္တေ ပါ ဘုရား' ဟု ဝန်ခံရုံမျှမက ဆရာဖြစ်သော ရှင်မဟာမောဂ္ဂလိပုတ္တမထေရ်ကြီးသို့ ဦးသုံးကြိမ်ချလိုက်သည်ကို တွေ့ကြရ၏။

'အခုဆိုရင် ရှစ်တိုင်း ရှစ်ဌာနရှိသွားပါပြီ၊ တိုင်းတစ်တိုင်း ကျန်နေပါသေးတယ်၊ အဲဒီတိုင်းကတော့ ကသ္မီရဂန္ဓာရတိုင်းပါပဲ၊ အဲဒီဌာနရဲ့ ထူးခြားချက်ကတော့ လူတွေနေပေမယ့် လူမအုပ်စိုးဘဲ နဂါးအုပ်စိုးတဲ့ ဌာနပါပဲ၊ နဂါးမှ သာမန်နဂါး မဟုတ်ဘူး၊ တန်ခိုးဣဒ္ဓိပါဒ် အင်မတန်ကြီးတဲ့ နာဂရာဇာနဂါးမင်းပါပဲ၊ အဲဒီနဂါးဟာ ဘယ်လောက် တန်ခိုးကြီးသလဲဆိုရင် သူ့ကို ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ရက္ခိုက်တွေကတောင် ဝပ်စင်းခယရတယ်၊ မကော်လုန်ရဲကြဘူး။

'ဥပမာအားဖြင့် ဘယ်သူနဲ့တူသလဲဆိုရင် ဘုရားရှင်လက်ထက်တော်က ရှင်မဟာ မောဂ္ဂလာန်တို့ ချွတ်ခဲ့တဲ့ နန္ဒောပနန္ဒ နဂါးလောက်နီးနီး တန်ခိုးကြီးတယ်ဆိုပါတော့၊ အဲဒီ ကသ္မီရတိုင်းရဲ့အလယ်မှာ အင်မတန်ကြီးမားတဲ့ရေအိုင်ကြီးရှိတယ်၊ လူတွေဟာ အဲဒီ ရေအိုင်ကြီးကို အမှီပြုပြီး ကောက်ပဲသီးနှံတွေ စိုက်ပျိုးစားသောက်ကြရတယ်၊ ကောက်ပဲသီးနှံတွေ ပေါ်ပေါက်လာတဲ့အချိန်မှာ အဲဒီ နဂါးမင်းရဲ့ နဂါးစစ်သား နဂါးလုလင်တွေက ဖျက်ဆီးပစ်ကြတယ်၊ အဓိပ္ပာယ်ကတော့ အဲဒီလို မဖျက်ဆီးအောင်လို့ လူတွေက နဂါးမင်းကို ပူဇော်ပသကြရအောင်ပေါ့၊ အဲဒီနည်းနဲ့ လူတွေအပေါ်မှာ နဂါးက အုပ်စိုးနေတော့တာပဲ။

'အဲဒီတော့ အဲဒီအရပ်ကို သာသနာပြု ကြွမယ့် ကိုယ်တော် ပထမဆုံး ရင်ဆိုင်ရမှာက အဲဒီ နဂါးမင်းကိုပါပဲ၊ ဒီတော့ သာမန်ပုဂ္ဂိုလ်ကို လွှတ်လို့မဖြစ်ဘူး၊ ရှင်မောဂ္ဂလာန်တို့နီးပါး စတုတ္ထဈာန် ဝင်စားရာမှာ ဝသီတော် လျင်မြန်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို စေလွှတ်မှ ဖြစ်မှာပဲ၊ အဲဒီ ပုဂ္ဂိုလ်ကတော့ ဟောဒီ မဇ္ဈန္တိက မထေရ်ပါပဲ'

ယင်းသို့ အရှင်မောဂ္ဂလိပုတ္တမထေရ်ကြီးက မိမိရှေ့တွင် ထိုင်နေသော မဇ္ဈန္တိက မထေရ်ကို လက်ညှိုးညွှန်၍ မိန့်ဆိုလိုက်သောအခါ သံဃာတော်အားလုံးကပင် မဇ္ဈန္တိကမထေရ်သို့ ချီးကျူးအံ့သြသော အမူအရာများဖြင့် ကြည့်လိုက်ကြ၏။ မဇ္ဈန္တိက မထေရ်၏ တန်ခိုးကြီးပုံကို ရှေးမဆွကပင် သိခဲ့ကြပါ၏။ သို့ရာတွင် ရှင်မောဂ္ဂလာန်နှင့်ပင် နှိုင်းယှဉ်ကာ အရှင်မောဂ္ဂလိပုတ္တက ထုတ်ဖော်မိန့်ကြားလိုက်သည်ကို ကြားရသောကြောင့် အံ့သြချီးကျူးသည့်အနေဖြင့် ကြည့်ကြခြင်း ဖြစ်၏။

မဇ္ဈန္တိက မထေရ်က 'အာမဘန္တေ ပါ ဘုရား'ဟု ဦးညွတ်ဝန်ခံလိုက်သည်။

'ကဲ အရှင်ဘုရားတို့၊ ကိုးတိုင်းကိုးဌာန ပြည့်စုံပါပြီ၊ သင့်လျော်မယ့် အချိန်အခါကိုသာ ရွေးပြီး ကြွကြဖို့ပါပဲ၊ ကြွတဲ့အခါမှာ နောက်ပါသံဃာတော် အနည်းဆုံး ငါးပါး၊ လိုအပ်ရင် လိုအပ်သလောက် ပင့်ဆောင်သွားကြပေါ့၊ ဘာ

ကြောင့်လဲဆိုတော့ အရှင်ဘုရားတို့ တရားဟောလို့ ကျွတ်တမ်းဝင်ကြတဲ့အခါမှာ ရဟန်းပြုကြမယ့် ပုဂ္ဂိုလ်တွေ ရှိကြဦးမှာပဲ၊ ဘုရားရှင်က ဇနပုဒ် တိုင်းသားတွေ ရဟန်းပြုကြရာမှာ သံဃာငါးပါးပြည့်စုံရင် ပြည့်စုံပြီလို့ ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူထားတာပဲ'

မှန်၏။ မဇ္ဈိမဒေသတွင် ရဟန်းခံလျှင် အနည်းဆုံး သံဃာ ၁၀ ပါး ကမ္မဝါဖတ်မှ ပြီးပြည့်စုံသည်။ ဇနပုဒ်ဒေသများအတွက်မူ ငါးပါး ကမ္မဝါဖတ်လျှင် ပြီးပြည့်စုံစေဟု ခွင့်ပြုတော်မူထားသည်။

*

မဇ္ဈန္တိက မထေရ်ကြီးသည် မိမိတာဝန်ကျရာ ကသ္မီရတိုင်းသို့ ကြွသွားဖို့ရန် သင့်လျော်သော အချိန်အခါအဖြစ် သီတင်းကျွတ်လရာသီကို ရွေးချယ်လိုက်၏။ အကြောင်းမှာ သီတင်းကျွတ်လသည် ကောက်ပဲသီးနှံတို့ သီးပွင့်ပြည့်စုံသော အချိန် ဖြစ်ရာ ထိုအချိန်တွင် နဂါးတို့ နှောင့်ယှက်ကြတော့မည်ကို ရင်ဆိုင်နိုင်ရန် ဖြစ်၏။ ထို့ကြောင့် ထိုနှစ် ပါဋ္ဌလိပုတ်တွင် အေးချမ်းစွာဝါဆိုပြီးနောက် သီတင်းကျွတ်လပြည့်ကျော်ရက်တွင် ကသ္မီရတိုင်းသို့ ကောင်းကင်ခရီးဖြင့် ကြွသွားသောအခါ ခန့်မှန်းသည့်အတိုင်းပင် ရေအိုင်ကြီးဝန်းကျင် စိမ်းလန်းစိုပြည်လျက်ရှိသော ကောက်ပဲသီးနှံပင်တို့အပေါ်၌ နဂါးလုလင်တို့ တလှုပ်လှုပ် တရှုရှုဖြစ်လျက်ရှိနေသည်ကို တွေ့ရပေ၏။

ဤနဂါးစစ်သား၊ နဂါးလုလင်တို့ကို အဘယ်ပုံ စတင်ရင်ဆိုင်ရမည်နည်းဟု အရှင်မြတ်စဉ်းစားကာ ရှေးဦးစွာကား နဂါးလုလင်တို့ကို ကောင်းကင်ခရီးဖြင့် ဖြတ်ကျော်ပြီးနောက် ရေအိုင်အလယ်တွင် စင်္ကြံလျှောက်၍ ပြလိုက်သည်။ ကောက်ပင် သီးနှံပင်တို့အပေါ်သို့ စင်္ကြံလျှောက်သည်။ ရေပြင်အထက်တွင် အိပ်၍ ပြသည်။ ထိုင်၍ ပြသည်။ ရပ်၍ ပြသည်။

ထိုအခါ မိမိတို့လို တန်ခိုးဣဒ္ဓိပါဒ်ရှိသူ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ရက္ခိုက် အသွင် မဟုတ်ပါဘဲ ဘီလူး၊ ကုမ္ဘဏ်အသွင်ထားဦးတော့၊ အဝတ်အဆင် ဖရိုဖရဲတွင် ခေါင်းတုံးကြီးနှင့် သာမန်လူတစ်ယောက်က ယင်းသို့ တန်ခိုးပြနေသည်ကို တွေ့မြင်ရသော နဂါးလုလင်တို့အဖို့ အံ့အားသင့်ရုံမျှမက ကြောက်စိတ်ပင်ဝင်လာကာ သူတို့အရှင် နာဂရာဇာထံသို့ ပြေးသွားလျှောက်ထားကြလေတော့သည်။

'အရှင်မင်းကြီး၊ ကျွန်တော်တို့ရဲ့ ရေအိုင်ပေါ်မှာ လူတစ်ယောက်လာရောက် နှောင့်ယှက်နေကြောင်းပါ'

'ဟေ ဘယ်လိုလူလဲဟ'

'မှန်လှပါ၊ အဝတ်အဆင် ညိုပုပ်ပုပ်ကြီးနဲ့ အစုတ်အပြတ်တွေကို စပ်ဖာပြီး ဝတ်ထားသူတစ်ယောက်ပါ၊ ပြီးတော့ သူ့ခေါင်းကလဲ ခေါင်းတုံးကြီးနဲ့ပါ'

'သူက ဘာလုပ်သလဲ၊ ဘယ်လိုနှောင့်ယှက်တာလဲ'

'သူဟာ ရေပြင်ပေါ်မှ လမ်းလျှောက်ပြပါတယ်၊ အိပ်ပြပါတယ်၊ ကောက်ပင်သီးနှံတွေအပေါ်မှာလဲ အလားတူ လမ်းလျှောက်ပြပါတယ်၊ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ကို အနိုင်တမယ့်ပုံစံပါ'

'သယ် လူလုပ်လို့ ဘယ်ကအကောင်လဲဟ၊ ဘယ်က ကတုံးစုတ်လဲဟ၊ ကောင်းပြီ၊ ငါကိုယ်တိုင်လိုက်ခဲ့မယ်'

('ကတုံးစုတ်' 'အကောင်' ဟူသော ဝေါဟာရများမှာ စာရေးသူ၏ စကားမဟုတ်ပါ။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဝေါဟာရအတိုင်း ယူရေးခြင်းဖြစ်ပါသည်။ 'အယံမုဏ္ဍကော– ဤကတုံးစုတ်သည် (က–အတွက်ကုစ္ဆိတအနက်ဟော) ကော–ဘယ်သူတဲ့နည်း၊ ဝါ၊ ဘယ်က ကောင်လဲဟ')

ယင်းသို့ နဂါးမင်း ရုတ်ခြည်း ထလိုက်လာသော်လည်း အရှင်မြတ်အနီးသို့ပင် မကပ်ဝံ့ဘဲ ခပ်လှမ်းလှမ်းမှနေ၍ သူ့နဂါးစစ်သားများအား 'ဒီအကောင်ကို လက်ရဖမ်းကြကုန်၊ ဆွဲထုတ်ကြလဟ၊ ညှဉ်းဆဲကြကုန်' စသည်ဖြင့် အမိန့်ပေးသော်လည်း သူ့စစ်သားတို့အဖို့ လိုက်နာနိုင်ဖို့ကို ဝေး၍ အရှင်၏ အနီးသို့ပင် မကပ်မသီဝံ့ကြကုန်။

ထို့ကြောင့် နာဂရာဇာအဖို့ ဒေါပွသည်ထက် ပွလာကာ သူ့တန်ခိုးရှိသမျှကို အစွမ်းကုန်ပြလေတော့သည်။ ပြဟန်ကား ထက်ကောင်းကင်တစ်ခွင်မှ ကြောက်မက်ဖွယ်ရာ မျိုးစုံကို ဖန်ဆင်း၍ ပြသည်။ လက်နက်မျိုးစုံတို့ကို လွှတ်သည်။ အခိုးအလျှံ လွှတ်၍ ပြသည်။ အရပ်လေးမျက်နှာတို့မှ ပြင်းထန်သော လေမုန်တိုင်းတို့ကို ကျစေသည်။ ရှောက်ရွာမိုးကြီးကို သည်းထန်စွာ ရွာစေသည်။ မိုးဒဏ် လေဒဏ်တို့ကြောင့် သစ်ပင်ကြီးငယ်တို့အား ကျိုးပြတ်၍ ကျစေရုံမျှမက တောင်ထွတ်တို့ကိုပင် ပြိုပြတ်ကျစေသည်။

'ရှောက်ရွာမိုး'ဟူသည် မြန်မာဝေါဟာရတစ်ရပ်ဖြစ်၍ လေကြီးမိုးကြီးတိုက်ကာ မိုးသီးကြီး မိုးပေါက်ကြီးတို့ဖြင့် မိုးပြိုလုခမန်း ပြင်းထန်စွာရွာသွန်းသော မိုးဖြစ်သည်။ ယင်းမိုးကြောင့် ကောက်ပဲသီးနှံပင်တို့ ပျက်စီးစေရုံမက အချို့တိုက်များ၊ အိမ်များကိုပင် ပြိုကျစေသည်။ ထို့ကြောင့် သူတော်ကောင်းများက ဤလို မြို့ဖျက်၊ ပြည်ဖျက် မိုးလွန် မိုးပျက်မျိုးလည်း မရွာပါစေနှင့်၊ မရွာပဲလည်း မရှိပါစေနှင့် 'သမ္မာဒေဝေါ ပဝဿတု၊ ဒေဝေါ–မိုးသည်၊ သမ္မာ–ကောင်းစွာ၊ ပဝဿတု–ရွာပါစေသတည်း'ဟု ဆုတောင်းဆုယူပြုကြရခြင်း ဖြစ်သည်။

နာဂရာဇာ ပြုအပ်သမျှသည် အရှင်မြတ်ကို အပထား၍ အရှင်မြတ်နှင့် စပ်သမျှ ရေပြင်ကိုမျှလည်း လှိုင်းတံပိုးကလေးမျှ မထစေ။ ကောင်ပင်သီးနှံပင်တို့ လှုပ်ရှားသည်ကိုမျှလည်း မတွေ့ရသောအခါ နဂါးမင်းကြီး အံ့ဩစွာဖြင့် မောပြီ

ဖြစ်၏။ ထို့ကြောင့် ထူးခြားလှပါချည့်ဟု အရှင်မြတ်အား ခပ်မဆိတ် ကြည့်နေမိသော အခါ အရှင်မြတ် အမိန့်ရှိ၏။

'နဂါးမင်းကြီး၊ သင် တစ်ယောက်၏ ဤမျှလောက်သော အစွမ်းကို ထားဦးတော့၊ နတ်နှင့်တကွသော သတ္တဝါအပေါင်းက နည်းမျိုးစုံဖြင့် ငါ့ကို ထိတ်လန့်စေဦးတော့၊ ငါ့အား သေးသေးသွယ်သွယ် ဘေးအန္တရာယ်ဟူ၍ မြူမှုန်မျှ ကပ်ရောက်ထိတ်လန့်စေလိမ့်မည် မဟုတ်ပါ၊ ငါ့အပေါ်သို့ သမုဒ္ဒရာနှင့်တကွ ဤမြေပြင်ကြီးတစ်ခုလုံးကို မြှောက်၍ ပစ်ချစေဦးတော့၊ ငါကား တုန်လှုပ်လိမ့်မည် မဟုတ်ပါ၊ ထို့ကြောင့် နဂါးမင်းကြီး၊ အသင် မောရုံမျှသာ ရှိပါလိမ့်မည်၊ သည်းခံပါတော့'

အမှန်ပင် မောလှပြီ ဖြစ်၏။ မိမိအစွမ်းရှိသမျှ လက်နက်အခိုးအလျှံဟူသမျှမှာ အရှင်မြတ်၏ သင်္ကန်းစွန်းကိုမျှ ထိရောက်သည်ကို မတွေ့ရသောအခါ လက်လျှော့လိုက်ပြီ ဖြစ်၏။ သို့ရာတွင် မိမိသည် ဘုရင်တစ်ပါးဖြစ်သည့်အတိုင်း အရှင်မြတ်၏ ရှေ့တူရူတွင် ဟန်ဓာတ်အပြည့်ဖြင့် ရပ်လိုက်သည်။

'အသင် ဘယ်သူလဲ၊ ဘယ်လိုကိစ္စနဲ့ ဒီအရပ်ကို ရောက်လာသလဲ'

'ငါကား ရှင်တော်ဂေါတမ၏တပည့် သာသနာတော် ဝန်ထမ်း ရဟန်းတစ်ပါး ပေတည်း၊ သင်တို့ကို တရားရေအေးတိုက်ကျွေးရန် မေတ္တာထား၍ ရောက်လာခြင်း ဖြစ်ပါသည် နဂါးမင်း'

ထိုအခိုက်တွင်ပင် ဂန္ဓဗ္ဗနတ်များ၊ ဘီလူးများ၊ ကုမ္ဘဏ်ရက္ခိုက်အများတို့သည် အရှင်မြတ်ရှေ့မှောက်သို့ ရောက်လာကြကာ အရှင်မြတ်အား ရှိခိုးဦးခိုက်ကြသည်ကို နာဂရာဇာ တွေ့မြင်ရသဖြင့် အံ့ဩသည်။ အကြောင်းမူကား ယင်းဘီလူး၊ ရက္ခိုက် တို့သည် ပင်ကိုစရိုက်အားဖြင့် ကြမ်းတမ်းသူများဖြစ်စေကာမူ ဟိမဝန္တာနယ်မြေ၊ မိဂဒါဝုန်တောဌ ဘုရားရှင်ဟောတော်မူသော ဓမ္မစကြာဒေသနာ၏ အရှိန်အဟုန်ကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားနာယဥ်ကျေးနေသူများဖြစ်ကြရာ ရှင်ဂေါတမ၏ တပည့် သာသနာတော်ဝန်ထမ်း ရဟန်းတစ်ပါးဖြစ်ကြောင်း သိလာရုံမျှမက မိမိတို့စိုးရွံ့ရသော နဂါးမင်းကိုပင် နိုင်နင်းသော တန်ခိုးရှင်တစ်ပါးဖြစ်ကြောင်း သိလာရသောကြောင့် ကိုင်းရှိုင်းဝပ်တွားလာကြခြင်း ဖြစ်ပေ၏။

ထိုအခိုက်မှာပင် ကသ္မီရတိုင်းသား လူအများတို့သည်လည်း မိမိတို့ တစ်စုံ တစ်ခုသော အမှားကြောင့် နဂါးမင်းသည် အခါတိုင်းနှစ်များထက် ဒေါသပွားနေဟန် ရှိ၏ဟု ကြောက်ရွံ့စွာဖြင့် နာဂရာဇာကိုပူဇော်ရန် တံခွန်၊ ကုက္ကား၊ မုလေးပွားစသော ပူဇော်ပသဖွယ်မျိုးစုံဖြင့် ရောက်ရှိလာကြရာ နဂါးပရိသတ်များအနီးသို့ ရောက်သောအခါ မြင်ကွင်းမှာ အထူးအဆန်း ဖြစ်နေသောကြောင့် အံ့ဩနေကြရ၏။

အဝတ်စုတ်ပြတ်နှင့် ခေါင်းတုံးနှင့် ကြွေရှစွာ မျက်လွှာချထားသူ တစ်ယောက် သည် နဂါး ဂန္ဓဗ္ဗ ပရိသတ်တို့အလယ်တွင် ရပ်နေ၏။ နဂါးမင်းနှင့်တကွ နဂါး

ပရိသတ်က ဦးမညွတ်၊ ရှိမခိုးကြသေးသော်လည်း ထိုသူအား ဘီလူး ဂန္ဓဗ္ဗတို့ ရှိခိုးဦးညွတ်နေသည်ကို · တွေ့ရ၏။ သူတို့သည်လည်း ဆံပင်ကို ရိတ်ပယ်ကာ အဝတ်ကို ဓားဖြင့်ဖြတ်တောက်ထားသော သက်န်းကို နဂါးများနည်းတူ မသိကြ သေးသောကြောင့် ဖြစ်၏။

ထိုအခိုက် နာဂရာဇာက နဂါးလုလင်များအား သူထိုင်သော အထွတ်အမြတ် ရွှေပလ္လင်ကို အယူခိုင်းလိုက်ရာ နဂါးလုလင်တို့ အလျင်အမြန် သွားရောက်ယူဆောင်ပြီး နဂါးမင်းအနီးတွင် ချထားလိုက်၏။ ပလ္လင်မှာ ဘုရင်၏ အသုံးအဆောင်ဖြစ်သည့် အတိုင်း ရွှေဖြင့်သာမက ကျောက်သံပတ္တမြားတို့ဖြင့်လည်း ခြယ်မှုန်းတပ်ဆင်လေရာ ဝင်းဝင်းတောက်နေ၏။

ယင်းပလ္လင်ကို နေသားတကျချပြီးသောအခါ နဂါးမင်းက မထေရ်သို့ 'အရှင်မြတ်၊ ဒီပလ္လင်မှာ ထိုင်တော်မူပါ'ဟု ပင့်ဖိတ်ရုံမျှမကကိုယ်ကိုကိုင်း၍ ဦးညွတ် လိုက်သည်ကို တွေ့ကြရသောအခါ နဂါးပရိသတ်များသာမက ကသ္မီရ တိုင်းသူ တိုင်းသား လူအများလည်း ပြားပြားဝပ်ကုန်ကြတော့သည်။

ဤတွင်အရှင်မြတ်က 'နဂါးမင်း၊ လောကသုံးပါး၌ ဘုရားပွင့်တော်မူပြီးနောက် ထိုဘုရား၏တရားတော်၊ သံဃာတော်မြတ်တို့သည်လည်း ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါသည်၊ ထိုဘုရားရှင်၏ တရားတော်နှင့် သံဃာတော်မြတ်တည်းဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါလော့' အစချီကာ အာသိ ဝိသောပမသုတ္တန် ဒေသနာဖြင့် မေတ္တာတရား ပွားများရေး၊ ဒေါသတရား သိမ်းဆည်းရေးတို့ကို ဟောကြားတော်မူလိုက် သောအခါ လူသတ္တဝါများကို ထားဦး၍ နဂါးအရေအတွက်ပင်လျှင် ရှစ်သောင်း လေးထောင်မျှ တရားရကြကုန်သည်။

ထူးခြားချက်ကား ဘီလူး၊ ဂန္ဓဗ္ဗ၊ နတ်ဂုမ္ဘဏ်များစွာတို့သည်လည်း သရဏဂုံ တည်ရုံမျှမက တချို့ဘီလူးများသော် သောတာပတ္တိဖိုလ်တည်သည်အထိ တရားရကြ ကုန်ခြင်းပင် ဖြစ်၏။ လူတို့အဖို့ကား တရားရှင်ဖြစ်ရုံမက လူပေါင်းတစ်သိန်းကျော် ပင်လျှင် ရဟန်းအဖြစ်သို့ ကူးပြောင်းပေရာ ကသ္မီရတစ်တိုင်းလုံး၌ပင် သက်န်းတော် ရောင် တပြောင်ပြောင်လွှမ်းလျက် ရှိပေသတည်း။ ။

## ဆရာကြီး

'တပည့်တို့၊ တရားကျင့်သုံးကြတဲ့နေရာမှာ ကာယကံမှု၊ ဝစီကံမှုဆိုတာ မြင်လွယ်ကြားလွယ်တယ်၊ မြင်လွယ် ကြားလွယ်တဲ့အလျောက် မကောင်းတဲ့ ကာယကံမှု၊ မကောင်းတဲ့ ဝစီကံမှုမဖြစ်အောင် ထိန်းသိမ်းကြရတယ်၊ ထိန်းသိမ်းဖို့ကလဲလွယ်ပါတယ်၊ တပည့်တို့ဟာ နံနက်ခင်း၊ ညနေခင်း တရားမထိုင်တဲ့အချိန်များမှာ ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုပ်စတဲ့ အကျင့်နည်းလမ်းတွေနဲ့ မကောင်းသော ကာယကံမှု၊ မကောင်းသောဝစီကံမှုတွေ မဖြစ်အောင် ကျင့်သုံးနေကြတာပဲ၊ တကယ်ဆိုတော့ သီလဆိုတာဟာ အဲဒီကာယကံမှု၊ ဝစီကံမှုနှစ်ပါးကို လုံခြုံအောင် ထိန်းသိမ်းမှုကို ခေါ်တာပါပဲ။

'ဒါပေမယ့် ငါတို့ဟာ သီလလုံခြုံရုံလောက်နဲ့ ကိစ္စမပြီးဘဲ အဆင့်မြင့်တရားတစ်စုံတစ်ရာကိုရအောင်၊ ရောက်အောင်ထားထုတ်နေကြတဲ့ ရသေ့ရဟန်းတွေပဲ၊ အဲဒီ အဆင့်မြင့်တရားကို ရအောင်၊ ရောက်အောင် ထိန်းသိမ်းဖို့ကတော့ ငါတို့ရဲ့ ခန္ဓာကိုယ်ထဲမှာသာ ရှိပြီး သူတစ်ပါးမမြင်ရတဲ့ မနောကံဆိုတဲ့ စိတ်ကို ထိန်းသိမ်းဖို့ပါပဲ၊ ငါတို့ဟာ တရားထိုင်တဲ့အခါမှာ အဲဒီစိတ်ကို ထိန်းသိမ်းပြီး ရှုမှတ်အားထုတ်နေကြတာပါပဲ။

'နို့ပေမယ့် စိတ်ဆိုတာ ထိန်းသိမ်းဖို့ အင်မတန်ခက်ပါတယ်၊ ကောခမွှာနဲ့ တရားထိုင် ရှုမှတ်နေတဲ့အကြားကပဲ ဖောက်ဖောက်ပြီး ရောက်ချင်ရာရောက်သွားလေ့ ရှိပါတယ်၊ ရှုမှတ်နေတဲ့အချိန်မှာသာမက ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုပ် လုပ်နေကြတဲ့အချိန်တွေမှာလဲ ကာယကံမှု၊ ဝစီကံမှုနဲ့ လုပ်နေကြပေမယ့် မနောကံမှုဆိုတဲ့ အဲဒီစိတ်ကတော့ မကောင်းတဲ့ ကာမဂုဏ်တရားတွေ၊ ဒုစရိုက်တရားတွေဆီ ရောက်ရောက်ပြီး ဖောက်ဖောက်နေတော့တာပဲ၊ သင် တပည့်တို့ကိုအပထားပြီး ငါဆရာကိုယ်တိုင်လဲ ဒီအတိုင်းပဲ ဖြစ်ဖြစ်နေတာပါပဲ။

'ဒီတော့ အဲဒီစိတ်ကို ထိန်းသိမ်းနိုင်ဖို့ နည်းလမ်းတစ်ခုကို ဒီနေ့ကစပြီး ငါတို့တီထွင်ကြပါစို့၊ ဒီနည်းလမ်းဟာ ငါကစပြီး တီထွင်တဲ့နည်းလမ်းတော့ မဟုတ်ပါဘူး၊ ရှေးရှေးသော ရသေ့ရဟန်း သူတော်ကောင်းတွေ တီထွင်ခဲ့တဲ့ နည်းလမ်းပါပဲ၊ ဥရုဝေလတောဆိုတာ သင်တို့ကြားဖူးကြရဲ့ မဟုတ်လား'

'ကြားဖူးပါတယ် ဆရာကြီး၊ ရသေ့ ရဟန်းတွေ တရားအားထုတ်ကြတဲ့ တောပါ၊ ဒီမဇ္ဈိမတိုက်မှာ အင်မတန် နာမည်ကြီးတဲ့တောပါ ဆရာကြီး'

'အေး အဲဒီ ဥရုဝေလတောဆိုတာဟာ သဲပုံကြီးတွေ တောင်ပုံရာပုံ စုပုံနေတဲ့ ဗျူပွတ်ကို အစွဲပြုပြီး တွင်လာတဲ့အမည်ပဲ၊ ဘာဖြစ်လို့အဲဒီလို သဲပုံကြီးတွေ ဖြစ်လာရသလဲဆိုတော့ အဲဒီအရပ်မှာ ရှေးဟောင်းအစဉ်အဆက်ကစပြီး တရားအားထုတ်ခဲ့ကြတဲ့ ရသေ့ရဟန်းတွေဟာ တရားအားထုတ်ရင်းနဲ့ မိမိတို့စိတ်ထဲမှာ ကာမဂုဏ်အာရုံတရားတွေ ဖောက်ဖောက်လာတိုင်း တစ်ကြိမ်ဖောက်ရင် တစ်ကြိမ် သဲတစ်ဆုပ်စီယူယူပြီး တစ်နေရာမှာ စုပုံကြရာက သဲပုံကြီးတွေ ဖြစ်ဖြစ်လာကြတာပဲ၊ စိတ်ဆိုတာက မိမိစိတ်ကို မိမိသာသိတာကိုး၊ ဒီတော့အဓိဋ္ဌာန်ပြုပြီး တစ်ကြိမ်ဖောက်ရင်း တစ်ကြိမ်သယ်ယူ စုပုံရရင်းဆိုတော့ ကိုယ့်ဟာကိုယ်ရှက်ပြီး အစုအပုံနည်းအောင် ကြိုးစားလာကြတာပေါ့၊ ငါတို့လဲ အဲဒီလို အဓိဋ္ဌာန်ပြုပြီး စုပုံကြရအောင်'

'အင်မတန် သင့်လျော်ကြောင်းပါ ဆရာကြီး'

'အစုရအပုံရများတဲ့သူက အစုရအပုံရနည်းတဲ့သူကိုကြည့်ပြီး ငါ့မှာ သူတစ်ပါး ထက်ပိုပြီး မကောင်းတဲ့စိတ်တွေ ဖြစ်နေပါလားလို့ ရှက်လာပြီး ကိုယ့်စိတ်ကို ကိုယ်ပိုပြီး ထိန်းသိမ်းလာဖို့ပေါ့၊ ပြီးတော့ ဒီနည်းနဲ့ပဲ ငါတို့ဟာလဲ ဒီအရပ်မှာ ဥရုဝေလတစ်ခု တည်ထောင်ပြီး ဖြစ်သွားမှာပေါ့'

'လိုက်နာကြပါမယ် ဆရာကြီး'

ရသေ့တို့သည် ဤနည်းဖြင့် ဥရုဝေလကို တုရှ် စတင်ပြုလုပ်ခဲ့ရာ နှစ်ပေါင်း အတန်ကြာခဲ့ပေပြီ။ နှစ်ကြာသလောက် သဲအစုအပုံများမှာလည်း အတန်ပင်များပြား၍ လာခဲ့ပေပြီ။ ယင်းသဲပုံ အစုအပုံများတွင် ရသေ့တို့သခ်မ်းဆောင်များ အလယ်၌ရှိသော သဲပုံမှာ အကြီးဆုံးဖြစ်၏။ အကြောင်းမှာ ရသေ့တို့သည် မိမိတို့စိတ်တွင်း မကောင်းမှုများကို ဆေးကြောသည်ဟု အများမြင်သာအောင် အထူးသဖြင့် ဆရာ ရသေ့ကြီး မြင်သာအောင် ထင်ထင်မြင်မြင် စုပုံလာကြသောကြောင့် ဖြစ်၏။

ထူးခြားသည်ကား ယင်းသဲပုံကြီးသို့ နဂါးကြီးတစ်ကောင် လာရောက်ခွေနေ တတ်ခြင်းပင် ဖြစ်ပေသည်။ နဂါးမှာ တန်ခိုးကြွဒ္ဒိပါဒ်ကြီးမားဟန် လက္ခဏာရှိ၏။ အကြောင်းမှာ ဤတော ဤတောင်တွင် ရသေ့တို့တွေ့နေကျ မြွေမျိုးသဏ္ဌာန် ရှိသော်လည်း ဦးခေါင်းပိုင်းတွင် အချွန်တွေ အမောက်တွေနှင့်သာမက မျက်လုံးများမှာ

အခြား မြွေများထက် ဝင်းဝင်းလက်ကာ ထူးခြားတောက်ပသည့်အပြင် အရေခွံများမှာလည်း ကြေးပြား သံပြားများကို ကပ်ထားသည့်ပမာ တွေ့ကြရသည်။

နဂါးဟူသည် မရှိမတိုက်တွင် အတွေ့အကြုံများသော မြွေမျိုး မြွေနွယ်ပင်ဖြစ်၍ မြွေအကောင်ကြီးလာသောအခါ နဂါးဖြစ်လာသည်ဟု သဘာဝသမားများက ယူဆပြောဆိုကြ၏။ ကျမ်းဂန်အရဆိုသော် နဂါးသည် မြွေမျိုးဖြစ်သည် မှန်၏။ သို့သော် ရေအောက် သမုဒ္ဒရာအောက်တွင် သူ့တိုင်း သူ့ပြည်နှင့်နေသော တန်ခိုးကြီးသတ္တဝါမျိုးဖြစ်၏။ ဖြစ်ပုံကို ဘုရားရှင်လက်ထက်တော်တွင် ထင်ရှားသော နဂါးသုံးကောင်မျှဖြင့် ဥပမာပြုနိုင်သည်။

တစ်ကောင်မှာ ဘုရားရှင် ဘုရားဖြစ်တော်မူသည့်နေ့ ရွှေခွက်မျှောလိုက်ရာမှ မိမိဦးခေါင်းကို လာ၍တိုက်မိသဖြင့် နိုးထလာသော ကာလနဂါးဖြစ်၏။ နောက်တစ်ကောင်မှာ ဇာတ်တော်ကြီး ဆယ်ဘွဲ့မှ ဘူရိဒတ် ဇာတ်တော်ဖြင့် အထင်အရှားရှိသည်။ အခြားတစ်ကောင်ကား ရေအောက်မှာသာမက ကောင်းကင်သို့ပင်တက်၍ မာနထောင်သော နန္ဒောပနန္ဒနဂါး ဖြစ်သည်။

မိမိတို့သဲပုံတွင် လာ၍ဝပ်သော ယခုနဂါးကြီးကို ရသေ့တို့တွေ့သောအခါ မတွေ့စဖူး မမြင်စဖူး အတွေ့ထူးကြောင့် ပထမသော် ရသေ့တို့ ကြောက်ရွံ့ကြ၏။ ဤသည်ကို ရသေ့ဆရာကြီးက 'တပည့်တို့၊ မကြောက်ကြကုန်လင့်၊ ဤနဂါးသည် ငါတို့၏ မေတ္တာကြောင့် ငါတို့၏ မေတ္တာရိပ်ကို ဘရောက်ခိုလှုံဟန်ရှိသည်။ သူ့ကို အန္တရာယ်မပြုသမျှ သူက အသင်တို့ကို တစ်စုံတစ်ရာ အန္တရာယ်ပြုမည် မဟုတ်ပါ၊ ထို့ကြောင့် ဤနဂါးအား မေတ္တာကိုသာ နာနာပို့ပြီး မေတ္တာဖြင့်သာ ဆက်ဆံကြကုန်လော့'ဟု အဆုံးအမ ပေးလိုက်၏။

ထို့ကြောင့် နဂါးနှင့် တပည့်ရသေ့တို့မှာ တစ်နေ့တခြား ဆက်ဆံမှုရင်းနှီးလာရုံမက သဲပုံကြီးကို နဂါးနေသာအောင် ရေဖြင့်ပြုပြင်ပေးကြသောအခါ နဂါးနေရာ လိုဏ်ဂူကြီးသဖွယ် ဖြစ်လာတော့သည်။

*

ဆရာကြီးဟူသည်ကား အဂ္ဂိဒတ္တရသေ့ကြီး ဖြစ်၏။ အဂ္ဂိဒတ္တရသေ့ကြီးဟူသည်ကား ကောသလတိုင်းမှ မဟာကောသလ ဘုရင်ကြီး၏ အတိုင်ပင်ခံ မင်းဆရာ အဂ္ဂိဒတ္တ ဗြာဟ္မဏကြီးပင် ဖြစ်၏။ မဟာကောသလဘုရင် ကွယ်လွန်သောအခါ အဂ္ဂိဒတ္တ ဆရာကြီးမှာလည်း အသက်အရွယ်ထောက်ကာ ဇရာပိုင်းသို့ ရောက်ခဲ့လေပြီ။

မဟာကောသလဘုရင် ကွယ်လွန်၍ သားတော် ယခု ကောသလဘုရင် နန်းတက်သောအခါ ကောသလဘုရင်ကလည်း မိမိဖခင်၏ အတိုင်ပင်ခံဖြစ်သော ဆရာကြီးအား အရာရာတွင် ဦးစားပေး၍ ထားပါ၏။ သို့ရာတွင် အဘယ်မျှ

ဦးစားပေးစေကာမူ မင်းပျိုမင်းလွင်တို့၏ အလယ်၌ အရာမရောက်လှသော မိမိအဖို့ မပျော်မွေ့နိုင်တော့ပေ။ ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်တွင် ဥစ္စာ၊ တတိယ အရွယ်တွင် ဓမ္မာဟူသော ဗြာဟ္မဏအနွယ်တို့၏ အစဉ်အလာကလည်း ရှိနေသေးသည် မဟုတ်ပါလော။

မိမိသည် မဟာကောသလမင်းကြီး၏ တိုးတိုးဖော်၊ တရားအဖော်၊ အတိုင်ပင်ခံ အဖြစ် သံယောဇဉ်တွယ်ခဲ့ရသော်လည်း တရားဘက်သို့ သက်ဝင်လိုခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ ယခုသော် အချိန်ကျရောက်ခဲ့လေပြီဟု ကောသလဘုရင်အား မိမိသည် တောထွက်၍ ရသေ့ရဟန်းပြုလုပ်ကာ တရားဓမ္မအားထုတ်၍နေလိုကြောင်း ခွင့်တောင်းသောအခါ ဘုရင်ကလည်း အလိုက်သင့်ပင် ခွင့်ပြုခဲ့ပါ၏။

ဆရာကြီးသည် ဘုရင့်အတိုင်ပင်ခံဆရာကြီးမျှသာမဟုတ်၊ နန်းတွင်း နန်းပြင် တပည့်ပေါင်းများစွာတို့၏ ဆရာကြီးလည်းဖြစ်သည်။ ကောသလဘုရင်၏ ခွင့်ပြုချက် ရသည်နှင့် တစ်ပြိုင်နက် ဆရာကြီးသည် မိမိ၏ ပစ္စည်းဥစ္စာအားလုံးကို စွန့်လွှတ်ကာ ရသေ့ရဟန်းဝတ်၍ တောထွက်ရန် စီစဉ်လေတော့သည်။

တောထွက်ရန်နေရာအဖြစ် မြို့ရွာနှင့် ဝေးကွာလှသော ဒေသကို ရွေးချယ် လိုက်၏။ ယင်းဒေသကား ဘုရင်တို့ ဩဇာမသက်ရောက်နိုင်သော ကောသလတိုင်း၊ အင်္ဂတိုင်း၊ ကုရုတိုင်း သုံးတိုင်းသုံးဌာနတို့ ဆုံရာဒေသဖြစ်၏။ ယင်းဒေသမှာ မြစ်ချောင်း ရေအိုင်တို့သာမက ကျယ်ပြန့်သောတော၊ ကျယ်ပြန့်သော သဲမြေပြင်တို့နှင့် ပြည့်စုံလေရာ ရှေးမဆွကပင် အာရုံကပ်ထားခဲ့သော နေရာဖြစ်၏။

တောထွက်ရာသို့ လိုက်ပါလိုသော တပည့်တပန်းများကို ဖိတ်ခေါ်လိုက်သော အခါ တပည့်ပေါင်း တစ်သောင်းခန့်ပင် ရသေ့ဝတ်ကာ လိုက်ပါလာသည်ကို တွေ့ ရ၍ ဝမ်းမြောက်ရသည်။ သို့နှင့် တပည့်ရသေ့ပေါင်း တစ်သောင်းနှင့်အတူ တစ် ကိုယ်စီ နေသာသော ကျောင်းသခ်မ်းကလေးများကို ဆောက်လုပ်ပြီး တရားကျင့်သုံးရာ ဌာနကြီးဖြစ်လာသည်။

နောင်အခါ ကောသလဘုရင်လက်ထက်တွင်ပင် ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက် လာကာ သာဝတ္ထိတွင် သာသနာတော်တည်ချိန်သို့ ရောက်လာသော်လည်း ရသေ့ တို့ကား နေရာဒေသ ဝေးကွာ၍နေသောကြောင့် မသိကြသေးပေ။

တစ်နေ့သော နံနက်တွင်မူ ဘုရားရှင်သည် ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုမြဲ ဓမ္မတာအတိုင်း ကြည့်ရှုတော်မူသောအခါ အဂ္ဂိဒတ္တရသေ့ကြီးနှင့် တပည့် အားလုံးပင် ရွှေဉာဏ်တော်ကွန်ယက်တွင် ထင်မြင်၍လာသောကြောင့် အထူး ဝမ်းမြောက်တော်မူရ၏။ အထူးဝမ်းမြောက်တော်မူရဟန်ကား ရသေ့တစ်သောင်းလုံးပင် အကျွတ်တရားရကြမည်ကို မြင်တော်မူသောကြောင့် ဖြစ်၏။

သာသနာတော်အစတွင် ပဥ္စဝဂ္ဂီငါးဦးတို့မှဖြင့် စတင်ပြီးနောက် တပည့် သံဃာများ တိုးပွားလာရန် တစ်ပါး၊ နှစ်ပါးစဖြင့် ကြိုးစားခဲ့ရသည်။ အများဆုံးမှာ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်သာ ကျွတ်တမ်းဝင်ခဲ့သည်။ ထို့နောက် အများဆုံးဖြစ်သော ကဿပ ရသေ့ညီနောင်တစ်ထောင်ကို ရရှိကျွတ်တမ်းဝင်ဖို့ရန် နည်းမျိုးစုံ သည်းခံ၍ အကြိမ်ပေါင်း တစ်ထောင့်ငါးရာနှင့် ခြောက်ကြိမ်တိုင်တိုင် တန်ခိုးပြာဋိဟာပြ၍ စည်းရုံးသိမ်းသွင်းခဲ့ရပေသည်။ ယခု ရသေ့ပေါင်း တစ်သောင်းလုံးပင် ရှေ့ဉာဏ်တော် တွင် ထင်မြင်လာသောအခါ အဘယ်မှာ ဝမ်းမြောက်တော် မမူနိုင်ဘဲ ရှိပါအံ့နည်း။

သို့ရာတွင် ရသေ့တို့အား တရားဟောနိုင်ရန် တစ်နေရာတည်းတွင် တစ်စု တစ်ရုံးတည်း ရှိနေစေဖို့ လိုအပ်ပေသည်။ ဤကိစ္စအတွက် မောဂ္ဂလာန်ကို ရှေးဦးစွာ လွှတ်လိုက်ဦးမှ ဖြစ်မည်ဟု အရှင်မောဂ္ဂလာန်အား ခေါ်တော်မူ၍ 'မောဂ္ဂလာန်၊ အဂ္ဂိဒတ္တ နေထိုင်ရာအရပ်ကို သိ၏ မဟုတ်လော၊ ထိုအရပ်သို့သွား၍ ရသေ့တို့အား စည်းရုံးလေလော့'ဟု စေလွှတ်တော်မူသည်။

'မှန်လှပါ၊ ရသေ့တို့မှာ များပြားလှပါ၏၊ များပြားသလောက် တစ်ကွဲ တပြားစီလဲ နေထိုင်လျက်ရှိကြပါသည်၊ ထိုရသေ့အားလုံးကို တစ်စုတစ်ရုံးတည်း ဖြစ်ဖို့ရန်မှာ တပည့်တော်တတ်နိုင်မည့်အရာ မဟုတ်ပါ၊ အရှင်မြတ်တို့ အရာသာ ဖြစ်ပါလိမ့်မည်'

'သွားသာ သွားပါ၊ ငါဘုရား သင့်နောက်က လိုက်ခဲ့ပါမည်၊ ရသေ့တို့ တစ်စုတစ်ရုံးတည်းဖြစ်ဖို့မှာ နဂါးရှိနေပါသည်၊ ထိုနဂါးမှာ နန္ဒောပနန္ဒလောက် တန်ခိုးမရှိသဖြင့် သင့်အဖို့ အခက်အခဲတွေ့ဖွယ် မရှိပါ'

ဘုရားရှင့် အလိုတော်ကို ရှင်မောဂ္ဂလာန် ဒက်ခနဲ နားလည်လိုက်ပြီဖြစ်၏။ ထို့ကြောင့် 'အမိန့်တော်အတိုင်းပါ ဘုရား'ဟု လျှောက်ထားကာ ရှင်မောဂ္ဂလာန်သည် တန်ခိုးဖြင့် ထွက်ခွာသွားပြီ ဖြစ်၏။ အချိန်ကလည်း ညနေစောင်း၊ ရသေ့တို့ အားလပ်ချိန်ဖြစ်၍ မိမိတို့ သင်္ခမ်းအသီးသီးမှ ထွက်ပြီး ဆော့မြူးလျက် ရှိနေကြသည်ကို ရှင်မောဂ္ဂလာန်မြင်၍ မိမိတန်ခိုးဖြင့် မိုးကြီးသည်းထန်စွာ ရွာစေလိုက်သောအခါ ရသေ့အားလုံးပင် မိမိတို့ သင်္ခမ်းအတွင်းသို့ ဝင်နေကြရကုန်၏။

ထိုအချိန်တွင် ရှင်မောဂ္ဂလာန်သည် မိုးရေကြီးထဲတွင် အဂ္ဂိဒတ္တဆရာကြီး၏ သင်္ခမ်းရှေ့တွင်ရပ်၍ 'အဂ္ဂိဒတ္တ'ဟု ခေါ်လိုက်၏။ မိမိမှာ ပညာကြီးမားသည် တစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း ကြီးမားရုံမက အကျင့်သိက္ခာပါကြီးမားသူ ဖြစ်၍ တပည့်ငယ်များကို အပထား၍ မဟာကောသလဘုရင်၊ ကောသလဘုရင်တို့ ကိုယ်တိုင်တောင် ဆရာကြီးချင်း မိုးမွှန်အောင် အခေါ်ခံရသူဖြစ်လေရာ ယခု ရသေ့လိုလို ရဟန်းလိုလို ပုဂ္ဂိုလ်တစ်ဦးက 'အဂ္ဂိဒတ္တ'ဟု အမည်ရင်းဖြင့်ခေါ်သံကို

ကြားရသောအခါ ဆရာကြီး ဒေါ်ပွလာကာ 'ငါ့ကို အဂ္ဂိဒတ္တလို့ ခေါ်တာ အသင်ဘယ်သူလဲ'ဟုဆိုကာ သခ်မ်းကဲလားကိုဖွင့်၍ ကြည့်လိုက်လေ၏။

'ငါဟာ သင်တို့လို ရဟန်း ရသေ့တစ်ပါးပါပဲ၊ မိုးကြီးသည်းထန်စွာရွာနေချိန်မို့ တစ်ညတလေ တည်းခိုရအောင် ငါ့ကို နေရာတစ်ခု ပေးပါဘိ'

'ဒီဒေသမှာ နေရာအပိုမရှိဘူး၊ တစ်ကျောင်းတစ်ပါးပဲ နေကြတယ်၊ သင့်ကို ပေးစရာနေရာ မရှိဘူး'

'ဒီလိုမလုပ်ပါနဲ့ အဂ္ဂိဒတ္တ (နဂါးလိုဏ်ဂူကို လက်ညှိုးညွှန်၍) အဲဒီနေရာ မအားဘူးလား'

'မအားဘူးဗျ၊ အဲဒီနေရာမှာလဲ နဂါးကြီးတစ်ကောင်နေတယ်'

'ကိစ္စမရှိပါဘူး အဂ္ဂိဒတ္တ၊ ဒီပိုင်နက်ဟာ သင့်ပိုင်နက်ပါ၊ အဲဒီနေရာကို သင ခွင့်ပြုမယ်ဆိုရင် '

'ရသေ့ကျောင်းကိုလာတဲ့ ရသေ့ဧည့်သည်ဆိုတော့ ခွင့်ပြုရတော့မှာပေါ့လေ၊ အေး နောင်ခါကျမှ နဂါးအန္တရာယ်တွေ့လာရင် ငါတို့ကို အဆိုးမဆိုပါလေနဲ့'

'ကိစ္စမရှိပါဘူး အဂ္ဂိဒတ္တ'ဟု ဆိုကာ အရှင်မောဂ္ဂလာန်သည် နဂါး လိုဏ်ဂူဆီသို့ လှည့်၍သွားသည်။

ဆရာကြီး အနီးအနားရှိ သခ်မ်းကလေးများမှ ရသေ့များအဖို့ သူတို့ ဆရာကြီးနှင့် အရှင်မောဂ္ဂလာန်တို့ ဆရာကြီး၏ ဒေါသသံ ကျယ်လောင် ကျယ်လောင်နှင့် ပြောဆိုနေကြသံကို ကြားကတည်းက ကဲလားများကိုဖွင့်၍ လှမ်းမျှော် အကဲခတ်ကြည့်ရှုနေကြခိုက် နဂါးလိုဏ်ဂူဘက်သို့ ထွက်ခွာသွားသော ရဟန်းကို တွေ့ကြရသောအခါ 'သြော် ရဟန်းကြီးဟာ ပျံလွန်တော်မူရှာရတော့မှာပဲ'ဟု ကရုဏာ စိတ်ဖြင့်သာ ကြည့်ရှုနေကြရလေ၏။

'မတတ်နိုင်ဘူး၊ ငါ့ကို အဂ္ဂိဒတ္တလို့ခေါ်တဲ့ ရဟန်း၊ သူတောင်းတဲ့နေရာကို ပေးလိုက်ရတာပဲ၊ ပျံလွန်တော်မူလဲ မနက်ကျမှ အလောင်းကောက်ပြီး သင်္ဂြိုဟ်လိုက်ရုံ ပေါ့'ဟု အဂ္ဂိဒတ္တ ဆရာကြီးက ဒေါသရိပ်လည်းပါ၊ ကရုဏာရိပ်လည်း မကင်းသော စကားကို ပြောဆိုကာ ကျောင်းတွင်းသို့ဝင်တော့မည်ဟု လှည့်ခိုက် နဂါးလိုဏ်ဂူ ဆီမှ မိုးကြီးလေကြီးထဲတွင် ဝုန်းခနဲတက်လာသော မီးလုံးကြီးများကို မြင်လိုက်ရသောကြောင့် 'သွားရှာပြီ၊ သွားရှာပြီ'ဟု ဆိုကာ နဂါးလိုဏ်ဂူဆီသို့ ပြန်လည်ကြည့်ရှုနေမိပြန်လေ၏။

ထိုအခိုက် မိုးစဲသွားပြီးနောက် နဂါးလိုဏ်ဂူမှ တက်၍ တက်၍လာသော မီးလုံးအခိုးအလျှံလုံးများကိုသာ တွေ့မြင်နေရပေရာ ရသေ့အများမှာ ပထမသော် စိုးရွံ့ ထိတ်လန့်စွာနှင့် မရဲတရဲကြည့်ရှုနေရာမှ တစ်စတစ်စ ရဲရင့်၍ လာကြကာ မလှမ်းမကမ်းဆီသို့ စုရုံးဝိုင်းရံ ရောက်ရှိလာကြလေ၏။

ရှင်မောဂ္ဂလာန်နှင့် နဂါးကြီးတို့ တိုက်ပွဲကား ဤနေရာတွင် စတင်၏။

နဂါးက သူ့ရှိသမျှ တန်ခိုးဖြင့် အခိုးအလျှံတို့ကိုလွှတ်၍ တိုက်ခိုက်၏။ ရှင်မောဂ္ဂလာန်က သူ့ထက် တစ်ပြန်သာသော အခိုးအလျှံတို့ကိုလွှတ်၍ ပြန်လည်ခုခံသောအခါ နဂါး ငြိမ်ကျသွား၏။ တစ်ဖန် နဂါးက နဂါးမှန်းသိအောင် အမောက်ထောင်ပြသော အခါ၌လည်း ရှင်မောဂ္ဂလာန်က ရဟန်းအဖြစ်မှ သူ့ထက်နှစ်ဆကြီးသော နဂါးအသွင်သို့ ကူးပြောင်းကာ အမောက်ထောင်ပြလိုက်သောအခါ နဂါးကြီး ငြိမ်ကျသွားရပြန်၏။

'တပည့်တို့၊ ဒီရသေ့ဟာ ရသေ့အစစ် ဖြစ်ဟန်မတူဘူးကွယ့်၊ နတ်ပြည်က တန်ခိုးကြီးနတ်မင်းတစ်ပါး ကိုယ်ရောင်ဖျောက်ရောက်လာတာနဲ့ တူတယ်၊ ရသေ့အစစ်ဆိုရင်လည်း ငါတို့ဟာ နေရာပေးပြုစုရပေလိမ့်မယ်'

'မှန်ပါတယ် ဆရာကြီး၊ သိပ်တန်ခိုးကြီးတဲ့ ရသေ့ပဲ'

သို့နှင့် ရှင်မောဂ္ဂလာန်နှင့် နဂါးတို့ တိုက်ခိုက်ကြရာမှ တစ်ကွက်ကလေးမှ နိုင်ခြေမရှိသော မိမိအဖြစ်ကို နဂါးသိရှိလာသောအခါ ရှင်မောဂ္ဂလာန်အား မိမိ၏ အခွေအတွင်းသို့ သွတ်သွင်းနေရာပေးပြီးလျှင် ဘုရားရှင်အား မုဋ္ဌလိန္ဒာ နဂါးမင်း ပူဇော်သည့် ပုံစံမျိုးဖြင့် အရှင်မြတ်၏ ဦးခေါင်းတော်ကို မိမိ၏ နဂါးအမောက်ဖြင့် အုပ်မိုး ပူဇော်လိုက်လေရာ ရသေ့အများကပင် လက်ခုပ်လက်ဝါးတီး၍ ချီးကျူး ပူဇော်ကြသဖြင့် အဂ္ဂိဒတ္တဆရာကြီးက တိတ်တိတ်ဆိတ်ဆိတ် ပူဇော်ရန် တားမြစ်ရလေ၏။ ထိုအချိန်မှာ မိုးကြီးလုံးဝ ပြတ်စဲရုံမက မိုးလည်း စင်စင်လင်းပေပြီ။

အဂ္ဂိဒတ္တ ဆရာကြီးက 'အသင့်ကို နေရာကောင်းမပေးမိသည်ကို သည်းခံတော်မူပါ၊ ငါတို့သည် နဂါး၏အနီးသို့မျှ မကပ်ရဲကြပါ၊ သို့ဖြစ်၍ နဂါးအခွေအတွင်းမှ အသင်ဆင်းလာပြီး ငါတို့၏ ညှိဝတ်ပြုမှုကို ခံယူပါဘိ'

'နဂါးသည် ရဟန်းသံဃာများအပေါ်တွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ဖြစ်သွားပါပြီ၊ နောင်ခါတွင် သင်တို့အား မည်သည့်အန္တရာယ်မျှ ပြုမည်မဟုတ်တော့ပါ'ဟု ပြော၍ နဂါးခွေအတွင်း နေရာမှထခိုက်တွင် အရှေ့ဘက်မှ ထွက်လတ်သော နေမင်း၏အရောင်နှင့်အတူ အခြားနေတစ်စင်း၏ အရောင်လည်း ထွက်ပေါ်လာသည်ကို တွေ့ကြရသောကြောင့် ယနေ့ အထူးအဆန်း တွေချည်း တွေ့ကြုံနေရပေသည်။ နေနှစ်စင်း ပြိုင်တူထွက်လာပြန်ပြီကောဟု အံ့သြပြောဆိုနေကြ၏။

သို့သော် ထိုဒုတိယနေတစ်စင်း၏ အရောင်မှာကား ပထမနေရောင်ကဲ့သို့ မပူလောင်ဘဲ လမင်း၏ အရောင်ကဲ့သို့ အေးမြကြည်လင်သည့်အပြင် လရောင်ထက် ပိုသော ထူးခြားချက်ကား တစ်ရောင်တည်း မဟုတ်၊ အဖြူ၊ အညို၊ အနီ၊ အမောင်း

ပြိုးပြိုးပြက်သော အရောင်များရောစွက်ထားသဖြင့် ရသေ့တို့ပို၍ အံ့သြကြရပြန်ပေ၏။
ဘုရားရှင် ကြွလာတော်မူပြီတည်း။

*

ဘုရားရှင်သည် ရသေ့တို့အပေါ်သို့ ရောင်ခြည်တော်တို့ ဖြန့်ကြက်ကာ တဖြည်းဖြည်းဖြင့် ကိုယ်တော် ပုံတော် ရုပ်လုံးပေါ်လာသောအခါ အရှင်မောဂ္ဂလာန်က ဦးညွတ်ရိုကျိုး ရှိခိုးကြိုဆို၏။ ရသေ့အားလုံးသည်လည်း မြေပြင်ညွတ်၍ ပျပ်ဝပ်ပူဇော်ကြ၏။ မဟာကောသလဘုရင်ကလွဲ၍ မည်သူ့ကိုမျှ ရှိမခိုး ဦးမတင် ဘဝင်ကိုင်လျက်ရှိခဲ့သော အဂ္ဂိဒတ္တသည်လည်း ဦးတင်ရှိခိုးမိပြီး ဖြစ်သွားလေ၏။ သို့သော် ဤသို့ ရှိခိုးမိခြင်းမှာ ဘုရားမှန်း၊ သံဃာမှန်းသိ၍ ရှိခိုးခြင်း မဟုတ်၊ သူတို့ကိုးကွယ်သော ဗြဟ္မာကြီးသည် ဗြဟ္မာ့ပြည်က ကိုယ်တိုင်ဆင်းသက်လာသည်ဟူသော အထင်အမှတ်ဖြင့် ရှိခိုးခြင်း ဖြစ်၏။

အဂ္ဂိဒတ္တက ရှင်မောဂ္ဂလာန်အား 'ယခုကြွလာသူကား အဘယ်သူပါနည်း၊ အသင့်ထက်ပင် တန်ခိုးကြီးမားလေသလော'ဟု မေးသောအခါ အရှင်မောဂ္ဂလာန်က 'ယခုကြွလာသူကား ငါတို့ဆရာ မြတ်စွာဘုရားပေတည်း၊ ဘုန်းတန်ခိုးအရာတွင် ငါတို့ထက် အဆရာထောင်မက ကြီးမားလှပေ၏။ ထိုမြတ်စွာဘုရားသည် အသင်တို့ နေထိုင်ခဲ့သော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူ၍ ကောသလမင်းကိုယ်တိုင် အလှိုင်းတကြီးကိုးကွယ်လျက် ရှိနေပေပြီ။ ယခု ကြောင်းဟိတ မကင်းခဲ့သော အသင်တို့နေရာသို့ အခွင့်သာခိုက် ဒေသစာရီ ကြွချီတော်မူလာခြင်း ဖြစ်ပေသည်'ဟု မိန့်ကြားလိုက်သောအခါ အဂ္ဂိဒတ္တ ဆရာကြီးအဖို့ မိမိတို့ပြည်ရွာနှင့် အကြောင်းမကင်းခဲ့သူ ဖြစ်သည့်အတိုင်း ဝမ်းမြောက်ဝမ်းသာ ရင်းနှီးစွာဖြင့် အထပ်ထပ် အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးလေ၏။

ထို့နောက် ဘုရားရှင်က 'အဂ္ဂိဒတ္တ'ဟု အာလုပ်စကား မိန့်ကြားစတင်ကာ 'သင့်တပည့်တို့သည် အားလုံးပင် ငြိမ်ဝပ်ကြပေ၏၊ အသင်သည် အဘယ်တရားမျိုးဖြင့် ဆုံးမသွန်သင် ထားအပ်ပါသနည်း'ဟု မေးတော်မူလိုက်ရာ အဂ္ဂိဒတ္တက 'ဆင်းရဲခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းစေရန် အလို့ငှာ သင်တို့သည် ဤနေ၊ ဤလ၊ ဤနက္ခတ်တာရာ၊ ဤတော၊ ဤတောင်တို့ကို ကိုးကွယ်ဆည်းကပ်ကြကုန်လော့ဟု ဆုံးမပါသည်'ဟု လျှောက်ထားသည်။

'အဂ္ဂိဒတ္တ၊ နေလ၊ နက္ခတ်တာရာ၊ တောတောင်တို့ကို ရှိခိုးကိုးကွယ်ရုံမျှဖြင့် ဆင်းရဲဒုက္ခ ဝဋ်အတွင်းမှ မကင်းလွတ်နိုင်၊ စင်စစ်သော်ကား အကြင်သူတို့သည်

ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှသာလျှင် ထိုသူတို့အဖို့ ဆင်းရဲဒုက္ခ ဝဋ်အတွင်းမှ လွတ်ကင်းနိုင်ပေ၏'

တော် ခေါသရဏ်ခေမံ၊ တော့ သရဏမုတ္တမံ၊ တော သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာပမုစ္စတိဟု သရဏဂုံကို အခြေခံကာ သစ္စာလေးပါး တရားကို ပြတော်မူလိုက်ရာ တရားအဆုံးတွင် အဂ္ဂိဒတ္တ ဆရာကြီးနှင့်တကွ တပည့်ပေါင်းတစ်သောင်း လုံးပင် ဘက်စုံပြည့် တရားရှင်အဖြစ်သို့ ကူးပြောင်းသွားကြလေ၏။ အားလုံးကိုပင် ဧဟိဘိက္ခုအဖြစ် ခေါ်တော်မူကာ ဘုရားရှင်နှင့် ရှင်မောဂ္ဂလာန်တို့ ခေါင်းဆောင်သော သံဃာတော်တန်းကြီးသည် ကောင်းကင်ခရီးဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူခဲ့ကြရာ ကျောင်းတော်ကြီး ကြီးမားသလောက် လိုအပ်လျက်ရှိသော သံဃာနေရာများစွာအတွက် ပြည့်တင်းပြီး ဖြစ်သွားသတည်း။ ။

## စိတ်ထားမှားသူ

ရာဇဂြိုဟ်မြို့အတွင်းဝယ် အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿ ပရိဗိုဇ်သည် ဆွမ်းခံဝင်လာရာ၌ ပဥ္စဝဂ္ဂီ အရှင်ငါးပါးအနက် အငယ်ဆုံးဖြစ်သော အရှင်အဿဇိနှင့် တွေ့ဆုံသောအခါ ရှင်အဿဇိ၏ အဝတ်အရုံ သွားပုံ လာပုံ ဣန္ဒြေတို့ကိုကြည်ညိုကာ အရှင်သာရိပုတ္တရာ ဖြစ်လာရသကဲ့သို့ ပဥ္စဝဂ္ဂီတို့၏ စတုတ္ထမြောက် အရှင်ဖြစ်သော မဟာနာမ်ထေရ်သည်လည်း မစ္ဆိကာသဏ္ဍမြို့အတွင်းသို့ ဆွမ်းခံကြွဝင်လာရာ၌ ယင်းမထေရ်၏ အဝတ်အရုံ သွားပုံလာပုံ စက္ခုဣန္ဒြေချပုံတို့ကို မြင်တွေ့ရသော စိတ္တသူကြွယ်အဖို့ စိတ်ထားအပြောင်းအလဲကြီး ပြောင်းလဲလာခဲ့ရပေ၏။

ဤကဲ့သို့ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံ မဖူးတွေ့ရဖူးသော စိတ္တသူကြွယ်အဖို့ မထေရ်အား မိမိအိမ်ပေါ်သို့ ပင့်တင်ကာ ဆွမ်းကပ်လှူသည်။ အဘယ်ဂိုဏ်းဆရာ၏ တပည့်ဖြစ်ပါသနည်း၊ ရှေးက တစ်ကြိမ်တစ်ခါမျှ မဖူးတွေ့ရဖူးပါ၊ အဘယ်ကျောင်းမှာ သီတင်းသုံးပါသနည်းဟု လျှောက်ထားသည်။

မထေရ်က မိမိသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိသော သာကီယနွယ်ဖွား ဂေါတမမြတ်စွာဘုရား၏ တပည့်သားတစ်ဦးဖြစ်ကြောင်း၊ ယခု ဒေသစာရီကြွချီခိုက် ဤမြို့သို့ ရောက်လာဆဲဖြစ်၍ မည်သည့်ကျောင်းတွင်မျှ သီတင်းမသုံးကြောင်း မိန့်ကြားသည်။ စိတ္တသူကြွယ်က ဂေါတမဘုရားရှင်၏ တရား တစ်စုံတစ်ရာကို ကြားနာလိုကြောင်း လျှောက်ထားသောအခါ မထေရ်က အာယတန ၁၂ ပါး တရားတော်ကို ဟောကြားတော်မူသည်၏ အဆုံး၌ စိတ္တသူကြွယ် သောတာပန်တည်သည်။

မထေရ်က မိမိသည်ဆရာဘုရား၏ မိန့်ကြားတော်မူချက်အရ ဒေသစာရီ လှည့်လည်၍ သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိကြောင်း မိန့်ကြား

သောအခါ စိတ္တသူကြွယ်က ဤသို့ဆိုလျှင် မိမိတို့ မစ္ဆိကာသဏ္ဍာမြို့တွင် ဘုရားရှင်သာသနာတော် အခြေစိုက်မိအောင် မိမိက ကျောင်းဆောက်၍ လှူဒါန်းပါမည်၊ အရှင်မြတ်တို့ သီတင်းသုံး၍ သာသနာတော်ပြန့်ပွားရေးတရား ဟောကြားပါဘုရားဟု လျှောက်ထားသောအခါ အရှင်မြတ်က ဆိတ်ဆိတ်နေ၏။

နောက်တစ်နေ့တွင်ပင် စိတ္တသူကြွယ်သည် မြို့အပြင်ရှိ မိမိပိုင်မြေဖြစ်သော အမ္ဗာဋကဝနခေါ် ဝွေးပင်တော ဥယျာဉ်မြေကို ကျောင်းမြေအဖြစ် သတ်မှတ်ကာ ယင်းဥယျာဉ်အလယ်တွင် တင့်တယ်ခံ့ညား ကြီးမားသော ကျောင်းကြီး ဆောက်လုပ်ကာ မဟာနာမ်မထေရ်မြတ်လက်တော်သို့ ရေစက်သွန်းချလှူဒါန်းသောအခါ မထေရ်မြတ်က မိမိပုဂ္ဂလိပိုင်အဖြစ် မဟုတ်ဘဲ သာသနာတော်တစ်ခုလုံးပိုင် သံဃိကအဖြစ် အလှူခံတော်မူသည်။

မာဂဓတိုင်း ရာဇဂြိုဟ်တွင်သော်လည်းကောင်း၊ ကောသလတိုင်း သာဝတ္ထိတွင်သော်လည်းကောင်း ဘုရားရှင်၏ သာသနာ ထွန်းကားနေပြီဖြစ်သော်လည်း မာဂဓတိုင်းဘက်မှ တိုင်းစွန်ပြည်ဖျား မစ္ဆိကာသဏ္ဍာမြို့တွင်ကား ဘုရားရှင်သာသနာ မရောက်ရှိသေးသဖြင့် အစဉ်အလာ ဆသဋ္ဌာရ ဆရာကြီးတို့၏ ပရိဗိုဇ်ရဟန်း၊ တက္ကတွန်းရဟန်းများကိုသာ ကိုးကွယ်နေကြရရာက ယခုကဲ့သို့ အရှင်မဟာနာမ်နှင့် မြို့မျက်နှာဖုံးဖြစ်သော စိတ္တသူကြွယ်တို့ တွေ့ဆုံကာ သာသနာတော်ပိုင် ကျောင်းဆောက်ခြင်း၊ တရားဟောခြင်း၊ တရားကျင့်ခြင်း စသည်တို့ တိုးပွားလာရုံမက မြို့အတွင်း၌လည်း ထိုထိုအရပ်ဒေသတို့မှ ကြွရောက်လာသော ရဟန်းတော်တို့၏ သက်န်းတော်အရောင်တို့ဖြင့် ဖုံးလွှမ်း၍ လာခဲ့ပေ၏။

အံ့ဖွယ်ကောင်းသည်မှာကား မစ္ဆိကာသဏ္ဍာမြို့တွင် သာသနာတော်သည် ယခုကဲ့သို့ ရုတ်ခြည်းတိုးတက်လာရသည်မှာ ရဟန်းတော်တို့ အနေအထိုင် အပြောအဟော ကောင်းသောကြောင့်မျှသာမဟုတ်၊ ပင်ရင်းဖြစ်သော ကျောင်းဒါယကာကြီး စိတ္တသူကြွယ် ကိုယ်တိုင်ကလည်း အဟောအပြောကောင်းလှသော ဓမ္မကထိက ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ လပြည့်လကွယ်စသော ဥပုသ်ရက်များတွင်သာမက အလျဉ်းသင့်သလို ပြုလုပ်လေ့ရှိသော စိတ္တသူကြွယ်၏ တရားပွဲများမှာ သဲသဲမဲမဲ အမြဲစည်ကားသော တရားပွဲများဖြစ်ပေ၏။

ယင်းသို့လျှင် မစ္ဆိကာသဏ္ဍာမြို့မှာ သာသနာတော် တည်မြဲခိုင်ခံ့သော မြို့အဖြစ်သို့ ရောက်လာလေ၏။ အမ္ဗာဋကကျောင်းတွင် သီတင်းသုံးရန် အနယ်နယ် အရပ်ရပ်မှ သံဃာတော်များ ကြွရောက်လာကြသည်။ အကြောင်းမှာ ရဟန်းသံဃာများကို ကျောင်းဒကာကိုယ်တိုင် အလွန်ဂရုစိုက်၍ မြို့သူမြို့သားတို့ကလည်း သဒ္ဓါတရား အလွန်ကောင်းကြသည်ဟူသော သတင်းမှာ အရပ်ရပ်သို့ ပျံ့နှံ့နေသောကြောင့် ဖြစ်၏။ သို့ရာတွင် ကျောင်းဒကာ စိတ္တသူကြွယ်အဖို့ အလိုမပြည့်အားမရနိုင်သေးသော ကိစ္စမှာ သာသနာ့ဦးကိုင် ဘုရားရှင်ကိုယ်တော်တိုင် မိမိတို့မြို့

မိမိတို့ကျောင်းသို့ ကြွမလာသေးသောကြောင့် ဖူးတွေ့လိုပါလျက် မဖူးတွေ့ရသေးခြင်းပင် ဖြစ်၏။ အနည်းဆုံးအားဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ကြွမလာနိုင်သေးစေကာမူ အဂ္ဂသာဝက၊ မဟာသာဝက မထေရ်ကြီးများ ကြွလာစေလိုသော ဆန္ဒရှိ၏။

ဤအတွင်း အဓိကပုဂ္ဂိုလ်ဖြစ်သော မဟာနာမ်အရှင်က မိမိသည် အခြားဒေသတစ်ပါးသို့ ဒေသစာရီကြွချီတော့မည်ဖြစ်ကြောင်း မိန့်ကြားသောအခါ ကျောင်းဒကာကြီးမှာ ပျာယာခတ်သွားရရှာ၏။

'ဒကာကြီးတို့မြို့မှာ အခုလောက်ဆိုလျှင် သာသနာတော်တည်မြဲပါပြီ ဒကာကြီး၊ အခြားမြို့များမှာ သာသနာပြုဖို့ ဘုန်းကြီးကို ခွင့်ပြုဦးမှပဲ'

'သာသနာတော်တည်မြဲသည် မှန်ပါ၏၊ သို့ရာတွင် ဘုရားရှင် ကိုယ်တော်တိုင်ဖြစ်စေ၊ အဂ္ဂသာဝက၊ မဟာသာဝကကြီးများဖြစ်စေ ကြွလာဖို့မျှော်လင့်နေတုန်း အရှင်ဘုရားက ကြွဦးမယ်ဆိုတော့'

'ဇေတဝန်သို့ မိမိရောက်သည့်အခါ ဆရာဘုရား ကြွတော်မူဖို့ ပင့်လျှောက်ပေးပါမည်၊ သို့ရာတွင် ဆရာဘုရားမှာ ဗုဒ္ဓကိစ္စတော် အလွန်များပြားလှသည့်အတိုင်း မကြွရောက်နိုင်သည့်တိုင် အဂ္ဂသာဝက တစ်ပါးပါးကို စေလွှတ်ဖို့ လျှောက်ထားပေးပါမည်'

'ဒီလိုဆိုလျှင် အရှင်ဘုရား ဆန္ဒတော်အတိုင်း ကြွတော်မူပါ၊ ဘုရားရှင်အထံတော်သို့သာ အမြန်ကြွရောက်ရန် လျှောက်ထားပေးပါ၊ အနို့ တပည့်တော်တို့ကျောင်းကို အရှင်ဘုရားကိုယ်စား စောင့်ရှောက်ထိန်းသိမ်းရန် ဘယ်သူ့ကို လွှဲအပ်ခဲ့ပါသလဲ ဘုရား'

'ဓမ္မိကထေရ်ကို လွှဲအပ်ခဲ့ပါသည်၊ သူသည် မထေရ်ကြီးဖြစ်၍ ဤကျောင်းကို စောင့်ရှောက်ရင်း အစဉ် သီတင်းသုံးသွားပါလိမ့်မည်'

'ကောင်းလှပါပြီ ဘုရား'

မဟာနာမ်ထေရ် ထွက်ကြွသွားသည်။ စိတ္တသူကြွယ်နှင့် အခြား ဒကာဒကာမအများက မြို့အလွန် တောစပ်အထိ လိုက်ပါပို့ဆောင်ကြသည်။

မစ္ဆိကာသဏ္ဍမြို့တွင် သာသနာတော်တည်မြဲပြီ ဖြစ်သည် မှန်ပါ၏။ သို့ရာတွင် သာသနာတော်ကို ထိခိုက်စေအပ်သော ကိစ္စတစ်ရပ်သည် မကြာမီတွင်ပင်ပေါ်ပေါက်လာခဲ့၏။ ပေါ်မည့်ပေါ်တော့လည်း အခြားနေရာမဟုတ်၊ သာသနာ့အတွင်းသားထဲက ဖြစ်နေသည်၊ ကျောင်းထိုင်ကိုယ်တော် ဓမ္မိကမထေရ်ပင်တည်း။

*

ဇေတဝန်သို့ရောက်သောအခါ မဟာနာမ်ထေရ်၏ လျှောက်ထားချက်အရ ဘုရားရှင်ကိုယ်တော်တိုင်မှုကား အခြားသော ဗုဒ္ဓကိစ္စတော်များကြောင့် မကြွနိုင်၊ အဂ္ဂသာဝက

နှစ်ပါးဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့နှစ်ပါး ကြွရောက်ရန် စီစဉ်ကြသည်။

စီစဉ်ကြသည်ဆိုရာ၌ ရှင်သာရိပုတ္တရာ၏ တပည့်ငါးရာနှင့် ရှင်မောဂ္ဂလာန်၏ တပည့်ငါးရာ၊ ပေါင်း တစ်ထောင် လိုက်ပါလာကြမည်ဖြစ်ရာ သာဝတ္ထိမှ မစ္ဆိကာသဏ္ဍ မြို့အထိ ခရီးမှာ ယူဇနာသုံးဆယ်ရှိသောကြောင့် ခရီးရှည်သွားရေးအတွက် သင်္ကန်းချုပ်ခြင်း၊ သပိတ်ပြုပြင်ခြင်းစသော ကိစ္စများအတွက် ကြိုတင် စီစဉ်ကြခြင်း ဖြစ်၏။

စင်စစ်အားဖြင့်သော် အရှင်မဟာနာမ် မပြောကြားမီကပင် မစ္ဆိကာသာဏ္ဍ နှင့် စိတ္တသူကြွယ်တို့၏ သတင်းကောင်းများသည် ဇေတဝန်တစ်ကျောင်းလုံးသို့ မွှေးပျံ့နေပြီး ဖြစ်၏။ စိတ္တသူကြွယ်နှင့် မြို့သူမြို့သားအားလုံးတို့သည် သဒ္ဓါတရား ထက်သန်ကြကြောင်း၊ စိတ္တသူကြွယ် တရားဟောကောင်းကြောင်း၊ အမ္ဗဋကဝန ကျောင်းမှာလည်း အရှင်မဟာနာမ်၏ အစီအစဉ်အရ ရောက်လာသမျှ သံဃာတော် အားလုံးပင် အဝတ်အဆင်၌ အရောင်အဆင်းပါမကျန် အများနှင့်မတူတညီတည်း ဖြစ်အောင် ဝတ်ဆင်စေကြောင်း၊ ဆွမ်းစားရာ၌လည်း အလျဉ်းသင့်ရာနေရာတို့၌ ပြီးစလွယ် တစ်ကွဲတစ်ပြားစီ မစားစေဘဲ သံဃာညီညွတ်မှု၊ ဒါယကာ၊ ဒါယကာမတို့ ဖူးမြင်ကြည်ညိုစေနိုင်မှုအတွက် တစ်ကျောင်းတည်း၊ တစ်နေရာတည်း၌သာ ငြိမ်ငြိမ် သက်သက် စားသုံးစေကြောင်း၊ သို့ဖြစ်သည့်အလျောက် ဆွမ်းစားကျောင်းစသော ကျောင်းများ တစ်ကျောင်းပြီးတစ်ကျောင်း တိုးပွားလာခဲ့ရာ ယင်းတိုးပွားလာသလောက် ကျောင်းများကိုလည်း သီးသန့်အမည် မမှည့်၊ မတပ်စေရဘဲ ဆွမ်းစားကျောင်း၊ သိမ်ကျောင်း၊ တောင်ကျောင်း၊ မြောက်ကျောင်း စသည့် ဗျူပွတ်အလိုက်သာ မှည့်တွင်စေကြောင်း၊ အကြောင်းမှာ ကျောင်းအမည်များ မှည့်ခေါ်ထားလျှင် သက်ဆိုင်ရာကျောင်း ဘုန်းကြီးကလေးများအဖို့ မိမိတို့ကျောင်းများကို သံယောဇဉ် တွယ်ကာ သံဃာ တစ်ကွဲတစ်ပြားစီ ဖြစ်သွားမှာစိုးရှ်ဖြစ်ကြောင်း စသည် စသည် သတင်းကောင်းများ ဖြစ်ပေ၏။

သို့နှင့် အဂ္ဂသာဝကကြီးနှစ်ပါးတို့ နောက်ပါသံဃာတော်တစ်ထောင်နှင့် ကြွချီလာကြပြီဟူသော သတင်းမှာ မစ္ဆိကာသဏ္ဍသို့ မရောက်မီကပင် အလျင်ရောက်ရှိ နေကာ ကျောင်းဒါယကာ စိတ္တသူကြွယ်အစ မြို့သူမြို့သားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြလေ၏။ ယင်းသို့ သဒ္ဓါစိတ်ဖြင့် တလှုပ်လှုပ်တရွရွ ဖြစ်နေသလောက် တစ်ဖက်တွင် မသမာစိတ်၊ ဘယာစိတ်ဖြင့် တလှုပ်လှုပ်တရွရွ ဖြစ်လျက်ရှိနေသူမှာကား ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်ဓမ္မိကပင်တည်း။

အမ္ဗဋကဝန ကျောင်းတိုက်ရှိ ကျောင်းအားလုံးပင် မဟာနာမ်ထေရ်ကြီး၏ အလိုအရ သာသနာတော်တစ်ခုလုံးနှင့် သက်ဆိုင်သော သံဃိကကျောင်းများဖြစ်ရာ အခြား သံဃာများအဖို့ ဝင်သူဝင်၊ ထွက်သူထွက်နှင့် အကြောင်းအားလျော်စွာ

သီတင်းသုံးကြသော်လည်း အရှင်ဓမ္မိကမှာမူကား စောင့်ရှောက်ရန်ဟူသော တာဝန်ဖြင့် အမြဲ နေသော ကျောင်းထိုင်ဘုန်းကြီး ဖြစ်နေတော့ရာ မဟာနာမ်မထေရ်ကြီးလည်း ထွက်သွားပြီ၊ ဤကိုယ်တော်မှ မနေလျှင် ခက်ရချည့်ရဲ့ဟူသော သဘောဖြင့် ကျောင်းဒကာ ကိုယ်တိုင်နှင့် အများကပင် အရှင်ဓမ္မိကအား အထူးပြု ကိုးကွယ်ထားကြရာက ယခုသော် မိမိထက်ပို၍ ဂရုစိုက်ခံရသည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်လာပါပေါ့ တကား ဟူသော ကုလမစ္ဆေရ စိတ်ရိုင်းသည် သတိမထားမိသော အရှင်ဓမ္မိကသို့ ပူးဝင်နှောင့်ယှက်လေတော့ပြီ ဖြစ်၏။

ဤအတွင်း ယူဇနာသုံးဆယ်တိုင်တိုင် ခြေလျင်ခရီးဖြင့် ကြွလာတော်မူကြသော အဂ္ဂသာဝကကြီးနှစ်ပါးအား ယူဇနာဝက်ခရီးမျှအထိ စိတ္တသူကြွယ်နှင့် ဒါယကာ ဒါယိကာမအများက သွားရောက်ကြိုဆို ပင့်ဆောင်လာကြသောအခါ အရှင်ဓမ္မိကအဖို့ ပို၍ နေမထိ ထိုင်မသာဖြစ်ကာ အဂ္ဂသာဝကနှစ်ပါးအား ဝတ္တရားကျေရုံမျှကန်တော့ပြီး သီးခြားကျောင်းတွင် မျက်နှာလွှဲနေလေ၏။ ယင်းသို့ဖြစ်ပုံကို အဂ္ဂသာဝကကြီးနှစ်ပါးတို့အဖို့ ခရီးပန်းလာသည့်အလျောက် အမှတ်တမဲ့ပင်နေကြကာ စိတ္တသူကြွယ်အဖို့လည်း တစ်ဖက်တွင်ဝမ်းမြောက်စိတ်နှင့် သံဃာ့ကိစ္စ ဂရုစိုက်နေရသောကြောင့် ရှင်ဓမ္မိကဖြစ်နေပုံကို ဂရုမထားမိကြပေ။

အဂ္ဂသာဝကကြီးနှစ်ပါး နေသားတကျ သီတင်းသုံးမိကြသောအခါ တရားရေးကိုသာ အလေးထားလျက်ရှိသော စိတ္တသူကြွယ်က ဒေသနာတရား ဟောကြားတော်မူပါမည့်အကြောင်း လျှောက်ထားတော့ရာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က မိမိတို့မှာ ခရီးပန်းလာကြခိုက် ဖြစ်ကြောင်း၊ သို့ရာတွင် တရားကိုအလေးထားသော ကျောင်းဒကာကြီး ဆန္ဒအရ အနည်းငယ်သော တရားကို ဟောမည်ဖြစ်ကြောင်းဖြင့် မိန့်တော်မူကာ ဟောတော်မူရာ တစ်ထွာပြလျှင် တစ်တောင်မြင်သော စိတ္တသူကြွယ်အဖို့ အနာဂါမိဖိုလ် အဆင့်သို့ မြင့်တက်ရောက်ရှိသွားလေတော့သည်။

တစ်ဖက်တွင် အရှင်ဓမ္မိကမထေရ်၏ သဘောထား ပေါလောကြီး ပေါ်လာတော့သည်မှာကား ဆွမ်းစားပင့်သော ကိစ္စတွင်ဖြစ်၏။

တရားနာအပြီးတွင် စိတ္တသူကြွယ်က 'နက်ဖြန်နံနက်တွင် အဂ္ဂသာဝကနှစ်ပါးနှင့် နောက်ပါ သံဃာတော်အားလုံးသည် တပည့်တော်၏ ဆွမ်းစားမဏ္ဍပ်သို့ ကြွရောက် ဘုဉ်းပေးတော်မူကြပါဘုရား'ဟု လျှောက်ထားပြီးနောက် ရှင်ဓမ္မိက ထံသို့လည်း သွားရောက်ကာ အလားတူလျှောက်ထား ဆွမ်းစားပင့်သောအခါ ရှင်ဓမ္မိက၏ သဘောထား ငွားငွားကြီး ပေါ်လာလေတော့သည်။

'ကျောင်းဒကာက အာဂန္တုကိုယ်တော်တွေကို အရင်ဆွမ်းစားပင့်ပြီးမှ ငါတို့ကို လာပင့်တာပေါ့လေ'

'မှန်လှပါ၊ ဘယ်သူ့အရင်ရယ်လို့ မဟုတ်ပါ၊ အလျဉ်းသင့်သလို ပင့်လာရခြင်းပါ'

'ငါတို့က အရှင်းခံပုဂ္ဂိုလ်တွေပဲ၊ ငါတို့ကို အရင်ပင့်ပြီးမှ အခြားပုဂ္ဂိုလ်တွေကို ပင့်ဖို့ကောင်းတယ်၊ အခုတော့ ကျောင်းဒကာလုပ်ပုံက ပင်ရင်းကို ဂရုမစိုက်ဘဲ ပင်ဖျားကို အရေးပေးနေတာပေါ့'

စိတ္တသူကြွယ်အဖို့ အရှင်ဓမ္မိက၏ လေသံနှင့် အမူအရာကိုကြည့်၍ သဘောထားကို နားလည်လိုက်လေပြီ။ သို့ရာတွင် မိမိကိုးကွယ်ထားသူဖြစ်၍ သည်းခံကာ ဆက်လျှောက်ထားသည်။

'ကြွရောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ အဂ္ဂသျှတွေလဲဖြစ်၊ မထေရ်ကြီးတွေလဲဖြစ်လို့ ရှေးဦးစွာပင့်သည်ကို အရှင်ဘုရား သည်းခံသင့်ပါသည်'

'သည်းခံပါတွေဘာတွေ ငါ့ကို ဆရာလာလုပ်မနေပါနဲ့၊ ကျောင်းဒကာရဲ့ ဆွမ်းက ကျောင်းဒကာရဲ့ ကိုယ်တော်တွေကိုသာ ကျွေးပါ၊ ငါတို့တော့ သင့်ဆွမ်းကျွေးကို မလိုက်ဘူး၊ ကိုယ့်ဆွမ်းကိုယ် ခံစားတော့မယ်'

စိတ္တသူကြွယ်က သည်းခံ၍ အထပ်ထပ်ပင့်ပါသေး၏။ အရှင်ဓမ္မိကက အထပ်ထပ်ပင် ငြင်းပယ်လေသောအခါ ကျောင်းဒကာအဖို့ ဘာတတ်နိုင်တော့ မည်နည်း။ ခပ်မဆိတ်ဖြင့်သာ ထသွားရလေတော့သည်။

မစ္ဆေရစိတ်ကား ဆိုးရွားလေစွ၊ ရှင်ဓမ္မိကအဖို့ နောင်တမရသည့်အပြင် မစ္ဆေရငြောင့်ကြီး စူးဝင်လျက်ရှိသောကြောင့် ညအဖို့ အိပ်၍ပင်မပျော်၊ သို့သော် ဤမျှဖြင့် မပြီး၊ နောက်နေ့နံနက်တွင် မစ္ဆေရယမ်းအိုး ပေါက်ကွဲသည့်အချိန်သို့ ဆိုက်ရောက်လာခဲ့လေ၏။

နောက်နေ့နံနက်တွင် မကြွပါဘူးဆိုသော ဆွမ်းကျွေးမဏ္ဍပ်သို့ ရှင်ဓမ္မိက ကြွရောက်လာ၏။ စိတ္တသူကြွယ်က ဝမ်းမြောက်ဝမ်းသာဖြင့် 'ကြွပါဘုရား' ဟု ဆွမ်းကပ်ရန် ပင့်လျှောက်ရာ ရှင်ဓမ္မိကက 'ဆွမ်းစားရအောင် လာတာမဟုတ်ပါ ဘူး၊ မင်းတို့လှူတဲ့ ဆွမ်းပွဲမှာ ဘာဟင်း ဘာကျွေးတွေများ ပါလဲလို့ လာကြည့်တာ'ဟု ပြောသဖြင့် အားလုံး အံ့အားသင့်နေကြစဉ် ရှင်ဓမ္မိကဆက်၍ 'ဟင်းတွေကဖြင့် စုံပါ့ဗျာ၊ နို့ပေမယ့် ဟင်းတစ်ခုတော့ လိုနေပါကလား'ဟု ပြောသောအခါ 'ဘာဟင်းပါလဲ ဘုရား' မေးခိုက် 'ဘာဟင်းရမလဲ၊ နှမ်းပျစ်မုန့်ဟင်းပေါ့၊ နှမ်းပျစ် မုန့်ဟင်း'ဟု ပြောလိုက်လေ၏။

ငါ့ကို ဂရုမစိုက်တဲ့ကျောင်းဒကာ ခပ်နာနာလေး နှိပ်လိုက်ဦးမှဟူသော သဘောထားဖြင့် တစ်ညလုံး အိပ်မပျော်အောင် စဉ်းစားကာ ဆွမ်းကျွေးပွဲသို့ လာရောက်ခြင်း ဖြစ်၏။ အကြောင်းမှာ စိတ္တသူကြွယ်သည် ဤနေ့ ဤအချိန်တွင် ပစ္စည်းဥစ္စာတိုးပွား၍ ကြွားကြွားရွားရွား ချမ်းသာနေစေကာမူ ဤပစ္စည်းဥစ္စာတို့မှာ သူ့ဖခင်သူဌေးကြီး လက်ထက်ကပင် နှမ်းပျစ်မုန့်ဖြင့် အရင်းတည်ကာ ချမ်းသာ

လာသူဖြစ်ကြောင်း ရှင်ခမ္မိက သိရှိထား၍ အမျိုးနှင့်ချီကာ နှိမ်၍ ပြောဆိုဆဲရေးလိုက်သော စကားပင် ဖြစ်လေ၏။

ဤမျှအထိကား စိတ္တသူကြွယ်အဖို့ သည်းခံနေ၍ မဖြစ်တော့ပေ။ ထို့ကြောင့် 'ကိုယ်တော့် မစ္ဆေရစိတ်ထားက ဘွားဘွားကြီး ပေါ်လွင်နေပါတယ်၊ ရဟန်းဖြစ်ပါလျက် ရဟန်းစကားမပြော၊ လူစကား၊ လူတောင်မှ လူအညံ့စားစကားမျိုး ပြောတာတော်ရော့လား'ဟု ပြောကြားလိုက်သောအခါ ရှင်ခမ္မိကအဖို့ မစ္ဆေရစိတ်ဖြင့် အစွပ်စွဲခံလိုက်ရသောကြောင့် အရှက်ကြီးရှက်ကာ 'ဒကာ၊ သင့်ကျောင်းမှာ ငါမနေတော့၊ သွားတော့မည်'ဟု ပြောပြီး ရုတ်ခြည်းထွက်ခွာသွားလေတော့သည်၊ တား၍မရတော့ပေ။

စင်စစ်အားဖြင့်ဆိုသော် ရှင်ခမ္မိကမှာ ဤမျှတရားနှင့် ကင်းဝေးသူမဟုတ်ပေ၊ ပုထုဇဉ်တို့ စရိုက်အားဖြင့် အကြောင်းအားလျော်စွာ ပေါ်လာသော မစ္ဆေရတရားကို ရုတ်တရက် မတားမိ၊ မသိမ်းဆည်းမိခြင်းမျှသာ ဖြစ်၏။ သံဃာတို့အလယ်တွင် စိတ္တသူကြွယ်က ဤကဲ့သို့ပြောဆိုခြင်းကို ခံလိုက်ရခြင်းမှာ မိမိ၏ ပင်ကို သူတော်ကောင်းစိတ်ဓာတ်ကို နှိုးဆွပေးလိုက်ဘိသကဲ့သို့ ရှိ၏။ သို့ရာတွင် ပရိသတ်အလယ်တွင် အပြောခံရသောကြောင့် မိမိအမှားကို သတိရသော်လည်း တစ်ဖက်မှ မာနတရားဖြင့် ထွက်ခွာလာခဲ့ခြင်း ဖြစ်၏။

အဘယ်သို့ ထွက်ခွာခဲ့သနည်း၊ ဘုရားရှင်ရှိတော်မူရာ ဇေတဝန်ကျောင်းတော်သို့သာ ဖြစ်၏။ အကြောင်းမူကား ဘုရားရှင်၏ သာသနာတော်သို့ ဘုရားရှင်ကို အာရုံပြုကာ ဝင်ရောက်လာခြင်းဖြစ်ရာ မိမိအမှားကို ပြုပြင်နိုင်သူမှာ ဘုရားရှင်သာ ရှိတော့သည်ဟု ဘုရားရှင်သို့ ဖူးတွေ့လျှောက်ထားလိုသောကြောင့် ဖြစ်၏။

*

ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင်အား ဖူးတွေ့၍ ဘုရားရှင်၏ မေးမြန်းချက်အရ ဖြစ်ရပ်လုံးစုံကို လျှောက်ထားပြီးသောအခါ ဘုရားရှင်က 'မိုက်မှားစွ ခမ္မိက၊ စိတ္တဥပါသကာဟူသည် သာမန် သဒ္ဓါတရားနှင့် ပြည့်စုံသောသူဖြစ်ရုံမျှမက အနာဂါမိဖိုလ်အဆင့်သို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်ဖြစ်သည်၊ ထိုပုဂ္ဂိုလ်အား သင်၏ မစ္ဆေရစိတ်ထားကို ပြသည်မှာ မှားလေစွာ ခမ္မိက၊ သွားချေ၊ ထိုပုဂ္ဂိုလ်ကျေနပ်အောင် တောင်းပန်ချေလော့'ဟု အမိန့်တော်ချမှတ်လိုက်သောကြောင့် ရှင်ခမ္မိကအဖို့ ရုတ်ခြည်းပင် နေရာမှထ၍ မစ္ဆိကာသဏ္ဍသို့ ပြန်သွားရပြန်၏။

ရှင်ခမ္မိကအဖို့ ယင်းသို့ အသွားအပြန်ခရီးမှာ မသက်သာလှပေ။ အကြောင်းမှာ အသွားအပြန် ယူဇနာခြောက်ဆယ်ရှိသော ခရီးကို လျှောက်ရသောကြောင့် ဖြစ်၏။ ထိုအခါ ရှင်ခမ္မိကအဖို့ ဘုရားရှင်သည် ရာဇဂြိုဟ်မှ ယူဇနာခြောက်ဆယ်ရှိသော ကပိလဝတ်သို့ ခြေလျင်ခရီးဖြင့်သာ ကြွချီတော်မူပုံကို သတိရမိ၏။ မိမိကဲ့သို့

တပည့်ရဟန်းများ အကြောင်းပေါ်လာသည့်အခါ ခြေလျင်လျှောက်နိုင်ကြရန် စံနမူနာ ပြတော်မူခဲ့ပါ တကားဟုလည်း သတိရမိ၏။

သို့ရာတွင် ရှင်ဓမ္မိကအဖို့ ခရီးမှာ ယူဇနာခြောက်ဆယ်မျှနှင့် မပြီးစီးပေ။ အကြောင်းမှာ မိစ္ဆိကာသဏ္ဍမြို့သို့ရောက်၍ စိတ္တသူကြွယ်နှင့် တွေ့ပြီး မိမိအပြစ်ကို သည်းခံပါမည့်အကြောင်း တောင်းပန်သောအခါ စိတ္တသူကြွယ်က သည်းမခံနိုင် ကြောင်းဖြင့် ပြန်လည်လျှောက်ထားသောကြောင့် ဖြစ်လေ၏။

စိတ္တသူကြွယ် သည်းခံလိမ့်မည်မဟုတ်ကြောင်း ဘုရားရှင် သိတော်မူပြီး ဖြစ်၏။ သို့ရာတွင် ဓမ္မိကထေရ်အား တစ်ဖက်တွင် အရဟတ္တဖိုလ်၏ မီးရှူးရောင်ကို မြင်တော်မူသကဲ့သို့ တစ်ဖက်တွင်လည်း သူ၏ ခက်ထန် မာနတရားရှိနေသည်ကို မြင်တော်မူသည့်အတိုင်း ခရီးသွားရမှု ပင်ပန်းခြင်းနှင့်အတူ ယင်းမာနတရားတို့ လျော့ပါးစေရန် အခေါက်ခေါက် အခါခါ ခရီးသွားလာစေလိုသည့်အတွက် ဖြစ်ပေ၏။

စိတ္တသူကြွယ်က သည်းမခံနိုင်ကြောင်းဖြင့် ငြင်းပယ်လိုက်သောအခါ အရှင်ဓမ္မိကအဖို့ ဘုရားရှင်အထံတော်သို့ ပြန်ကာ အကျိုးအကြောင်း လျှောက်ထား ရပြန်၏။ ထိုအခေါက်သို့ရောက်မှ ဘုရားရှင်က အရှင်ဓမ္မိကအား နိဗ္ဗာန်ရောက်ကြောင်း တရားဟောကာ တရားနည်းလမ်း ပေးလိုက်ရုံမျှမက စိတ္တသူကြွယ် သည်းခံနိုင်အောင် ဝိနည်း ဒေသနာတော်အရ ကုစားနိုင်ရန် အဖော် ရဟန်းတော်တစ်ပါးကိုလည်း ထည့်ပေးတော်မူလိုက်၏။

မစ္ဆိကာသဏ္ဍသို့ ရောက်လျှင် စိတ္တသူကြွယ် မြင်လောက်သည့်နေရာ၌ ယင်းအဖော်ရဟန်းနှင့် ဝိနည်းကြောင်းအရ ဒေသနာကြားရမည်၊ ဒေသနာကြားမှု ဟူသည် မိမိတွင် သင့်ရောက်၍နေသော အာပတ်ခေါ် အပြစ်ကို သာသနာတော် အတွင်းသားဖြစ်သော အခြားရဟန်းတစ်ပါးသို့ ပြောကြားလိုက်ခြင်းဖြစ်၏။ သင့်ရောက်သောအာပတ် ပြေပျောက်စေသည်။ ယင်းသို့ တစ်ဆင့်လိုလျက်ရှိသော အပြစ်ကို စိတ္တသူကြွယ် သိသောကြောင့်ပင် ပထမအခေါက် တောင်းပန်စဉ်က သည်းမခံလိုက်ခြင်း ဖြစ်၏။

စိတ္တသူကြွယ်ရှေ့တွင် ဒေသနာကြားပြီးနောက် မိမိအပြစ်ကို သည်းခံပါရန် စိတ္တသူကြွယ်အား တောင်းပန်လိုက်သောအခါ သည်းခံပါကြောင်း၊ မိမိ၏ အပြစ် ကြီးငယ်ကိုလည်း သည်းခံပါမည့်အကြောင်း လျှောက်ထားခြင်းဖြင့် အရှင်ဓမ္မိကနှင့် စိတ္တသူကြွယ်တို့ ပြေလည်မှု ရရှိသွားရုံမက အရှင်ဓမ္မိကသည် ဘုရားရှင် နည်းပေး တော်မူလိုက်သည့်အတိုင်း ကျင့်သုံးသောအခါ သုံးရက်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာအရှင်မြတ် ဖြစ်သွားတော်မူသည်။

ကဿပဘုရားရှင် သာသနာတော်၌ မစ္ဆေရစိတ်ထားအမှားတစ်ချက်ကြောင့် လောသကတိဿမထေရ်သည် နှစ်ပေါင်း နှစ်သောင်းကျင့်သုံးခဲ့ရသော ရဟန်းတရားက

မကယ်နိုင်ဘဲ ဤဘုရားရှင်လက်ထက်တော်၌ ရဟန္တာဖြစ်သည့်တိုင် အဆင်းရဲကြီး ဆင်းရဲခဲ့ရရှာ၏။ အရှင်ဓမ္မိကအဖို့ကား ဘုရားတည်းဟူသော သူတော်ကောင်းနှင့် ပေါင်းမိ၍ ယခုကဲ့သို့ သက်သာရာရတော်မူခြင်း ဖြစ်၏။

စိတ္တသူကြွယ်ဟူသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ နောင်အခါ ဘုရားနှင့် တွေ့ဆုံရာ၌ တရားအဟော ကောင်းသည့်နေရာတွင် ဧတဒဂ်အရှင်ဖြစ်သော လူပုဂ္ဂိုလ်ထူးပင် ဖြစ်ပေသည်။ ။

## တန်ခိုးတော်အရှင်များ

'ကိုရင်ဟာ သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ် ထုပိကာကို ခြေမနဲ့ညှပ်ပြီး လှုပ်ခဲ့တယ်လို့ သတင်းကြားရတယ်၊ မှန်ပါရဲ့လား'ဟု သံဃာမထေရ်ကြီးက မေးသောအခါ ဆယ်နှစ်သားအရွယ်မျှရှိသော ကိုရင်လေး ရက္ခိတဂုတ္တက 'မှန်ပါတယ် ဘုရား'ဟု လျှောက်ထား၏။

'ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီး လှုပ်တုန်းက ကာမဂုဏ်ကြောင့် မေ့နေတဲ့ တရားကို နာချင်လို့ သိကြားမင်းကို သတိရအောင် လှုပ်တယ်၊ ကိုရင်က ဘယ်လို အကြောင်းကြောင့် သွားလှုပ်ရတာလဲ'

'အကြောင်းထူးမရှိပါ၊ မိမိရဲ့ ကမ္မဋ္ဌာန်းကို စမ်းသပ်ကြည့်လိုတဲ့ ဆန္ဒနဲ့ လှုပ်ကြည့်တာပါ ဘုရား'

'အဲဒီလိုလှုပ်ကြည့်တော့ ဝေဇယန္တာကြီးက လှုပ်ရောလား'

'ကမ္မဋ္ဌာန်း အတည်မှားလို့ ပထမအချိန်နဲ့ မလှုပ်ပါ၊ တပည့်တော်က ပထဝီကသိုဏ်းနဲ့ ရမလားလို့ ပထဝီကသိုဏ်းဝင်စားပြီး လှုပ်ကြည့်ပါတယ်၊ မလှုပ်ပါ၊ နောက်အချိန်ကျမှ ဆရာညွှန်ကြားချက်အရ အာပေါကသိုဏ်းဝင်စားပြီးလှုပ်မှ ဝေဇယန္တာကြီး လှုပ်ပါတယ် ဘုရား'

'အာဂကိုရင်ပါလားဟိတ်၊ သင့်ဆရာက ဘယ်သူလဲ'

'သမုဒ္ဒရာအလယ်မှာ စံစားနေတဲ့ ရှင်ဥပဂုတ္တအရှင်မြတ်ပါ ဘုရား'

'အင်း ဥပဂုတ္တ၊ ဥပဂုတ္တ၊ တစ်ကိုယ်ကောင်းဆန်လွန်းတယ်၊ သံဃာ့ အစည်းအဝေးကို တစ်ချိမှကြွမလာဘူး၊ သံဃာ့အစည်းအဝေးကို ထားပါဦးတော့ ဘုရားရှင် ပညတ်တော်မူတဲ့ လပြည့်လကွယ် ဥပုသ်ပြုကြရာကိုတောင်ကြွမလာဘူး'

'တပည့်တော်တို့ ဆရာက ကေစာ တစ်ကိုယ်တည်းသာ အနေများပါတယ်၊ ဝတ်ကြီးဝတ်ငယ်ပြုဖို့တောင်မှ သူ့ကြေးပြာသာဒ်အတွင်းကို တပည့်တော် တစ်ယောက်တည်းကိုသာ ဝင်ခွင့်ပြုပါတယ် ဘုရား'

'ထားပါတော့လေ၊ ယခု သင့်ကိုခေါ်ပြီး မေးရတာက သီရိဓမ္မာသောကမင်းမြတ်ရဲ့ ကျောင်းရေစက်ချအလှူပွဲကို မာရ်နတ်ကြီးလာရောက်နှောင့်ယှက်မှာ သေချာတယ်၊ အဲဒီ မာရ်နတ်ရဲ့ရန်က သင် ကာကွယ်ပေးနိုင်မလားလို့ မေးချင်လို့ပါ'

'မာရ်နတ်ကြီးရဲ့ရန်ကိုတော့ တပည့်တော် တားဆီးနိုင်စွမ်း မရှိပါဘုရား'

'ဘယ်လိုလဲ ကိုရင်ရဲ့၊ အသင်ဟာ ဝေဇယန္တာကြီးကိုတောင်မှ လှုပ်ခါနိုင်အောင် အစွမ်းရှိတဲ့သူပဲ၊ မာရ်နတ်ရန်လောက်ကို'

'မာရ်နတ်က နတ်ဆိုးနတ်ကြမ်းကြီးပါ၊ နတ်ရူးကြီးလို့တောင်ပြောနိုင်ပါတယ်၊ သိကြားမင်းစံရာ တာဝတိံသာလောက်ကို ထားပါဦးတော့၊ တာဝတိံသာအထက်က နတ်ရွာလေးထပ်လုံးကိုတောင် သူမထင်ရင်မထင်သလို လုပ်တတ်ပါတယ်၊ တခြားသက်သေ သက္ကာယတွေကို ထားပါဦးတော့၊ ဘုရားရှင်ရဲ့ ဘုရားဖြစ်တော်မူစအချိန်တုန်းက ဗောဓိပင်နဲ့ ရွှေပလ္လင်ကို လုမယ်ဆိုပြီး သူ့တပ်ကြီးနဲ့ချီတက်လာလိုက်တာ ဘုရားရှင်ရဲ့အနီးမှာ ဝိုင်းရံပူဇော်နေကြတဲ့ သိကြားအပါအဝင် နတ်ကောင်းနတ်မြတ်တွေအားလုံး ထွက်ပြေးကြရပါတယ်၊ ပြေးတဲ့အထဲမှာ မာရ်နတ်ထက်မြင့်တဲ့ ဗြဟ္မာကြီးအချို့တောင် ပါပါသေးတယ်၊ ဒါကြောင့် မာရ်နတ်ရဲ့ရန်ကိုတော့ တပည့်တော် မစွမ်းနိုင်ပါ၊ တပည့်တော်ရဲ့ ဆရာအရှင်ကတော့ သူ့ရန်ကို တားဆီးနိုင်ကောင်း တားဆီးနိုင်ပါလိမ့်မယ် ဘုရား'

'အေး အေး၊ ကောင်းပြီ ဒီလိုဆိုရင်လဲ သင့်ဆရာကို မေးကြည့်ရဦးမှာပေါ့'

*

ဤနေရာတွင် ဂုတ္တအရှင်များအကြောင်းကို ဖော်ပြရန်လို၏။

ဂုတ္တအရှင်များအနက် သမုဒ္ဒရာအလယ်တွင် ကြေးပြာသာဒ်ဖြင့် သီတင်းသုံးတော်မူသော ဥပဂုတ္တ အရှင်တစ်ပါးကိုသာ ယနေ့ခေတ်တိုင်အောင် အသိများကာ ဆည်းကပ်ကိုးကွယ်ကြသော်လည်း ထိုခေတ်က ထင်ရှားသော ဂုတ္တအရှင် ငါးပါးရှိ၏။

ယင်းတို့အား ၁။ ဥပဂုတ္တမထေရ်၊ ၂။ ဣန္ဒဂုတ္တမထေရ်၊ ၃။ ရောဟနဂုတ္တမထေရ်၊ ၄။ အဿဂုတ္တမထေရ်၊ ၅။ တိဿဂုတ္တနာကမထေရ်တို့ ဖြစ်ကြ၏။

ဤငါးပါးကား ဂုတ္တဂိုဏ်း၏ ဆရာကြီးများဖြစ်ကြ၏။ တစ်ပါးလျှင် တပည့် တပန်း ရဟန်းတော်ပေါင်း ငါးသောင်းစီခန့် ရှိသည်။ ရှင်ဥပဂုတ္တမထေရ်ဆိုလျှင် တန်ခိုးအရာတွင် နာမည်ကြီးလှသောကြောင့် တပည့်ရဟန်းပေါင်း ရှစ်သောင်း

လေးထောင်ခန့်အထိ ရှိသည်။ တပည့်ရဟန်းတို့နှင့် တစ်နေရာတည်း စုနေလျှင် ဆွမ်းအတွက် အခက်အခဲရှိမည်ကြောင့် တောတောင်မြို့ရွာတို့တွင် ခွဲ၍နေကြသည်။ ခေါင်းဆောင် ဆရာတော်ကြီးတစ်ပါးဖြစ်သော ရှင်ဥပဂုတ္တမထေရ်ကား တောတောင်မြို့ရွာတို့တွင် မနေ၊ တပည့်တပန်း ရဟန်းများကို တပည့်ကြီးတစ်ပါးသို့လွှဲအပ်ကာ မိမိမူကား သမုဒ္ဒရာတွင် ကြေးပြာသာဒ် ဖန်ဆင်းကာ ယင်းကြေးပြာသာဒ်တွင် တစ်ပါးတည်း မေတ္တာကမ္မဋ္ဌာန်းဖြင့် သီတင်းသုံးတော်မူသည်။

ဘုရားရှင် ဗျာဒိတ်တော်အရ သာသနာသက္ကရာဇ် နှစ်ရာကျော်တွင် သိရိဓမ္မာသောကသည် မင်းဖြစ်၍လာသောအခါ ဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ကြည်ညိုလှသောကြောင့် ကျောင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်းရေကန်ပေါင်း ရှစ်သောင်းလေးထောင်ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ သာသနာတော် ငှက်ခါးသည် အမြင့်ဆုံး ပျံတက်ချိန်ပင်တည်း။

သာသနာ့သမိုင်းကို ရေးသားကြသော ဆရာများကသာ သာသနာတော်ကို ငှက်ခါးပျံသည်နှင့် နှိုင်း၍ ဥပမာပေးတတ်ကြသည်။ ငှက်ခါးသည် နိမ့်တစ်လီ၊ မြင့်တစ်ချီ ပျံသန်းတတ်သည်။ မှန်လှပေ၏။ သာသနာတော်သည် ဘုရားရှင် မျက်ကွယ်ပြုတော်မူသည့် နောက်ပိုင်းအချိန်များကို ထားဦး၊ ဤဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါကပင် နိမ့်တစ်လှည့်၊ မြင့်တစ်ဖုံရှိခဲ့ရသည်။ ယင်းသို့ ရှိရာတွင် သာသနာသက္ကရာဇ် နှစ်ရာကျော်တွင် ပေါ်ပေါက်ခဲ့သော ဓမ္မာသောကမင်း၏ အချိန်သည်ကား သာသနာတော်တည်းဟူသော ငှက်ခါးသည် အမြင့်ဆုံး ပျံတက်ချိန် ပေတည်း။

မင်းကလည်း သာသနာတော်အတွက် လိုလေသေးမရှိအောင် ဂရုစိုက်သည်။ ရဟန်းတော်များသည်လည်း အရေအတွက်လွန်အောင် များပြားသလောက် အရည်အချင်းနှင့် ပြည့်စုံသည်။ ရဟန္တာပုဂ္ဂိုလ်ပေါင်း သိန်းကျော်ရှိ၍ တန်ခိုးရှင် ရဟန်းပေါင်း မရေတွက်နိုင်အောင် ထွန်းကားသည်။ ယင်းတို့အနက် ဂုတ္တဂိုဏ်းဝင် မထေရ်ရှင်တို့ ပို၍ ထင်ရှားသည်။

ထင်ရှားဟန်ကား လူဒါယကာတို့သည် ရဟန်းတို့၏ အတိမ်အနက်ကို သိနိုင်ခဲ၏။ သိနိုင်ပုံမှာကား တန်ခိုးရှင် ရဟန်းတို့၏ ဣဒ္ဓိပါဒ်ကိုပေတည်း။

ကြည့်ပါ။ အသောကရာဇာက ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းရေကန်ပေါင်း ရှစ်သောင်းလေးထောင်ကို ဆောက်လုပ်ရန် ငွေကိုးဆယ့်ခြောက်ကုဋေကို ထုတ်ပေးဆောက်လုပ်စေရာ၌ ယင်းဆောက်လုပ်ရေးအဖွဲ့တွင် ရောဟနဂုတ္တမထေရ်ကြီးကို တွဲဖက်ပေးလိုက်သောအခါ သုံးလအတွင်းမှာပင် ပြီးစီးစေသည်။ ပြီးစီးပုံကို ဘုရင်သည် အဘယ်ပုံလိုက်၍ ကြည့်နိုင်၊ ကြည်ညိုနိုင်ပါအံ့နည်း။ သို့ရာတွင် တန်ခိုးတော်သခင် အရှင်ဣန္ဒဂုတ္တမထေရ်ကြီးက မိမိ၏ လောကဝိဟာရဏ

တန်ခိုးတော်ဖြင့် ဖွင့်၍ ပြလိုက်သောအခါ ဘုရင်နှင့်တကွ ပါဋလိပုတ် မြို့သူမြို့သား အားလုံးတို့အဖို့ ကြည်ညိုရ၍ မဆုံးနိုင်အောင် မြင်ကြရသည်။

ဤအတွင်း ဖြစ်ရပ်ဆန်းတစ်ခု ပေါ်ပေါက်လာ၏။ ယင်းဖြစ်ရပ်ကား အရှင် ဣန္ဒဂုတ္တမထေရ်ကြီး မကျန်းမာခိုက် တပည့်ရဟန်းတို့ ဝိုင်းဝန်းပြုစုနေကြချိန်တွင် လေကြီးမိုးကြီးကျကာ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်ဟည်းပြီး ဓမ္မာသောကမင်း၏ ပြင်ဆင်ထားသော အလှူမဏ်လာကိုပင် ပျက်စီးတော့မယောင် နဂါးကို ဂဠုန်လိုက်လာ၏။ ဂဠုန်ကား မာရ်နတ်ပေတည်း၊

ယင်းဖြစ်ရပ်အားလုံးကို တန်ခိုးဖြင့်ကာကွယ်ပေးသူမှာ ဣန္ဒဂုတ္တမထေရ်ကြီး၏ တပည့် ရှစ်ဝါသာရသေးသည့် သံဃရက္ခိဂုတ္တ ပဉ္စင်းငယ်ကလေးပင် ဖြစ်၏။ နဂါး၏ အသက်ကို အကာအကွယ်ပေးသည်။ ကျရောက်လာသော လေကြီးမိုးကြီးကို ပထဝီကသိုဏ်းဖြင့် ကာဆီးသည်။ မာရ်နတ် လက်မြှောက်သွားရ၏။ ဤသည်ကို ထောက်၍ မင်း၏ အလှူတော်မင်္ဂလာ ရေစက်ချပွဲကြီးတွင် ကေန္တ မာရ်နတ်ကြီး ဖျက်ဆီးတော့မှာပဲဟု ကောက်ချက်ချသည်။

အရှင်အဿဂုတ္တမထေရ်ကြီးကား မင်းနှင့် ကင်းကင်းရှင်းရှင်း နေလိုသူဖြစ်၏။ ဘုရင်က အရှင်အဿဂုတ္တမထေရ်၏ သတင်းကောင်းများကို အထပ်ထပ်ကြားရသော အခါ ပါဋလိပုတ်နေပြည်တော်သို့ ကြွရောက်ရန်အကြိမ်ကြိမ်အထပ်ထပ် ပင့်သည်။ သို့ရာတွင် မကြွလာ။ ယူဇနာသုံးဆယ်ခန့်ရှိသော မိမိတောအုပ်တွင်သာ တပည့် ရဟန်းများနှင့် သီတင်းသုံးသည်။ တပည့်များကို တရားပြသောအခါ သုံးသောင်းခန့် ရှိသော တပည့်များအပေါ် ကောင်းကင်တွင် ဓမ္မခဏ်ကိုခင်း၍ ထိုင်ပြီး မေတ္တာ ကမ္မဋ္ဌာန်းကို ပြလေ့ရှိသည်။

ရှင်အဿဂုတ္တ သီတင်းသုံးသော တောအုပ်ကား မေတ္တာတောအုပ်၊ မေတ္တာ နယ်မြေပေတည်း။ အကြောင်းမှာ ဤတောအုပ်သို့ရောက်လျှင် အချင်းချင်း ရန်သူ ဖြစ်သော တိရစ္ဆာန်များပင် သင့်မြတ်ကြသည်ဟု ကျော်ကြားသည်။ ဤဖြစ်ရပ်ကို ဘုရင့်ညီတော် တိဿကုမာရမင်းသား တောလည်သွားရင်း မြင်တွေ့ရသောအခါ စိတ်ထားအပြောင်းလဲကြီး ပြောင်းလဲပြီး ရဟန်းဘဝသို့ ကူးပြောင်းသွားသည်။ မကြာမီပင် တရားအားထုတ်မှုကြောင့် ရဟန္တာ ဖြစ်သွားသည်။

တိဿကုမာရကား ဤဘဝတွင် ရဟန္တာဖြစ်မည့် ပစ္ဆိမဘဝိက နောက်ဆုံး ဘဝရှင်ပေတည်း။ ဤဘဝတွင် ရဟန္တာဖြစ်ရမည့်သူသည် သူတစ်ပါး၏ မည်သည့် ပယောဂကြောင့်မျှ မသေနိုင်သည်မှာ ဘုရားရှင်လက်ထက်တော်က သံကိစ္စသာမဏေ အဖြစ်ဖြင့် ထင်ရှား၏။

သံကိစ္စသာမဏေသည် မိခင်ဝမ်းဗိုက်၌ ပဋိသန္ဓေနေစဉ်ပင် မိခင် ကွယ်လွန်၏။ မိခင်အလောင်းကို မီးသဂြိုဟ်ခိုက်တွင်ပင် မီးပုံအလယ်မှ သံကိစ္စ သာမဏေကို

ဖွားမြင်၏။ မျက်စိတစ်ဖက်ကို တံစူးဝါးထိုးမိသောကြောင့် 'သံကိစ္စ'ဟု အမည်တွင်၏။ မကြာမီပင် ဘုရားရှင် သာသနာတော်သို့ရောက်သောအခါ ကိုရင်ဘဝတွင်ပင် ရဟန္တာအဖြစ်သို့ ရောက်သွားသည်။

အသောကဘုရင်သည် နောင်အခါ၌ သာသနာ့ဒါယကာ ဖြစ်လာသော်လည်း ညီနောင်တစ်ရာခန့်ကို သတ်ပြီးမှ ဘုရင်ဖြစ်လာသူဖြစ်၏။ ယင်းသို့ အသတ်ခံရသော ညီနောင်တို့တွင် တိဿကုမာရ မပါပေ။ သို့ရာတွင် မူလက သူ့သဘောထားမှာ ခပ်ဆန်းဆန်းဖြစ်၏။ ရဟန်းသံဃာတော်များကို မကြည်ညိုနိုင်ခဲ့ပေ။ .

သာမန်လူတွေပင် ကာမဂုဏ်အမျိုးမျိုးကို ခံစားနေကြသေးတာ ကောင်းကောင်းစား ကောင်းကောင်းနေရသော ရဟန်းများသည်လည်း ကာမဂုဏ်တုံး၊ ကာမဂုဏ်ခဲတွေ ဖြစ်မှာပဲဟူသော အတွေးဖြင့် အစ်ကိုဘုရင်က အဘယ်မျှပင် ကိုးကွယ်စေကာမူ သူ့အဖို့မှူ ရဟန်းတော်များကို မကြည်ညိုနိုင်ခဲ့ပေ။

ဤအကြောင်းကို အစ်ကိုဘုရင်အား ဖွင့်ပြောမိလေရာ အသောကဘုရင် အံ့အားသင့်ပြီး ပရိယာယ်ဖြင့် 'ညီမောင် သင့်ကို မသတ်ဘဲ ထားခဲ့မိသည်မှာ သင့်ကို ချစ်သောကြောင့်ဖြစ်၏၊ ယခု သင့်ကို သတ်ရတော့မည်၊ သို့ရာတွင် ညီချစ် ဖြစ်၍ ခုနစ်ရက်ခွင့်ပေးမည်၊ ဤခုနစ်ရက်အတွင်း ထီးနန်းစည်းစိမ်ကို ခံစားစေ၊ ခုနစ်ရက်ပြည့်သောအခါ သင့်ကို သတ်ရတော့မည်'ဟု ပြောလိုက်သည်။

နောင်တော်ဘုရင်ဟာ ရက်စက်သည့်နေရာတွင် နှစ်ယောက်မရှိအောင် ရက်စက်ခဲ့သူဖြစ်သည်။ ငါ့ကိုလဲ တကယ်သတ်တော့မှာပဲဟု တွေးတောကာ တိဿကုမာရအဖို့ မည်သည့်စည်းစိမ်ကိုမျှ မခံစားနိုင်ဘဲ တမှိုင်မှိုင်တတွေတွေ နေခဲ့ရာ ခုနစ်ရက်စေ့သော အခါ နောင်တော်က 'ဘယ့်နှယ်လဲဟေ့၊ ခုနစ်ရက်အတွင်း ထီးနန်းစည်းစိမ်ကို ခံစားနိုင်ရဲ့လား'ဟု မေးသောအခါ 'မှန်လှပါ အသတ်ခံရမည့်ဘေးကို တွေးတွေးပြီး မည်သည့်စည်းစိမ်ကိုမျှ မခံစားနိုင်ပါ'ဟု လျှောက်၏။

ဘုရင်က 'အဲဒါ မင်းသိဖို့ပဲ၊ ဂန္ထဓူရ ဝိပဿနာဓူရ မပြတ်အားထုတ်နေကြတဲ့ ရဟန်းတော် အရှင်မြတ်များဟာလဲ ဘယ်မှာစည်းစိမ်ခံဖို့ အချိန်ရှိကြမှာလဲ'ဟု မိန့်လိုက်သည်။ ခုနစ်ရက်စေ့လျှင် သတ်မည်ဟူသော အမိန့်ကိုလည်း ခွင့်လွှတ်လိုက်လေသည်။

သို့နှင့် တိဿကုမာရအဖို့ တောလည်ထွက်သောအခါ တစ်ချိန်တွင် အဿဂုတ္တမထေရ်၏ မေတ္တာတောသို့ ရောက်သွား၏။ သာမန်ရောက်ရုံမျှမဟုတ် အဿဂုတ္တမထေရ်က ကောင်းကင်မှနေ၍ တပည့်များအား မေတ္တာ ကမ္မဋ္ဌာန်းတရား ဟောကြားနေသည်ကို တွေ့ရသောအခါ တိဿကုမာရအဖို့ အံ့အားအသင့်ကြီး သင့်ကာ ရဟန်းအဖြစ်သို့ ကူးပြောင်းရန် စေတနာပေါ်လာသည်။ သို့နှင့် တိဿကုမာရ

သည် နန်းတော်သို့အမြန်ပြန်ကာ ဘုရင့်ထံသို့ မိမိအား ရဟန်းဝတ်ခွင့်ပြုပါမည့် အကြောင်း လျှောက်ထားသောအခါ ဘုရင့်ခွင့်ပြုချက်ဖြင့် ရဟန်းဘဝသို့ ရောက်လာသည်။ မကြာမီတွင် ရဟန္တာအဖြစ်သို့ ကူးပြောင်းသည်။

*

ယခုသော် တန်ခိုးတော်သခင် အရှင်ဥပဂုတ္တအကြောင်း ဖော်ပြရန်ဖြစ်၏။

သံဃာကြီးများက အရှင်ဥပဂုတ္တ၏ တပည့် ရက္ခိတသာမဏေနှင့် တန်ခိုးရှင် ရဟန်းနှစ်ပါးအား သံဃာတော်တို့၏ အမိန့်ဖြင့် အရှင်ဥပဂုတ္တအား သွားရောက်ခေါ်ရန် စေလွှတ်သည်။ပ

အရှင်ဥပဂုတ္တက 'သံဃာတော်တို့ အမိန့်အဆိုတော့ လာရတော့မှာပေါ့၊ အရှင်ဘုရားတို့ အရင်ကြွနှင့်ကြပါဘိ၊ တပည့်တော်လာခဲ့ပါမည်'ဟု ပန်ကြားကာ သံဃာတော်များကို အရင်လွှတ်လိုက်သည်။ သို့သော် ပင့်သံဃာများမရောက်မီပင် သံဃာတော်ကြီးများရှေ့မှောက်သို့ အရှင်ဥပဂုတ္တ ရောက်နှင့်နေသည်ကို တွေ့ကြရသည်။

သံဃာကြီးများက 'အရှင်ဥပဂုတ္တ၊ အသင်သည် သံဃာတော်များ အစည်းအဝေးသို့ မရောက်လာသည်မှာ နှစ်ကြိမ်သုံးကြိမ်ရှိခဲ့ပြီ၊ အစည်းအဝေးကို ထားပါတော့၊ ဘုရားရှင် ပညတ်တော်မူအပ်သော လပြည့်လကွယ် ဥပုသ်ပြု မရောက်လာသည်မှာ အကြိမ်ကြိမ်ရှိပြီ၊ သင်သည် သာသနာတော်အကျိုးကို မငဲ့၊ မိမိကိုယ်ကျိုးကိုသာ ငဲ့လွန်းသည်၊ ထို့ကြောင့် အသင့်ကို ဒဏ်ထားရလိမ့်မည်'ဟု မိန့်သောအခါ အရှင်ဥပဂုတ္တက 'မှန်လှပါ ဒဏ်ထားတော်မူပါ၊ အရှင်မြတ်တို့ ပေးအပ်သောဒဏ်ကို ကျိုးကျိုးနွံနွံ ရွက်ဆောင်ပါ့မည် ဘုရား'ဟု လျှောက်ထားသည်။

'ဘုရင်မင်းမြတ်ရဲ့ ကျောင်းရေစက်ချပွဲတော်ကို ခုနစ်ရက် ခုနစ်လီ ကျင်းပလိမ့်မည်၊ ယင်းပွဲတော်ကို မပျက်ပျက်အောင် မာရ်နတ်ကြီးက နှောင့်ယှက်လိမ့်မည်၊ အသင်သည် ယင်းမာရ်နတ်ရန်ကို ကာကွယ်နိုင်ပါမည်လား'

'မာရ်နတ်တစ်ယောက်ရန်ကို မဆိုထားဘိ၊ မာရ်နတ် ရာထောင်တို့၏ ရန်ကိုပင် တပည့်တော် တာဆီးနိုင်ပါသည် ဘုရား'ဟု လျှောက်ထားသောအခါ သံဃာတော်အများတို့ ဝမ်းမြောက်ကြရသည်။

'ကဲ ဒီလိုဆိုရင် သင် ချမ်းသာသလိုသာ နေပေတော့၊ သင်၏ ဆွမ်းကွမ်းတာဝန်ကို ငါတို့ ယူပါမည်'ဟု မိန့်သောအခါ အရှင်ဥပဂုတ္တက 'မှန်လှပါ၊ အရှင်တို့၏ ဘုရင့်ဆွမ်းကို တပည့်တော် မစားသုံးလိုပါ၊ တပည့်တော်ဘာသာ ဆွမ်းခံ၍ စားသုံးပါမည်ဘုရား'ဟု လျှောက်ထားသည်။

အခြားသော အရှင်များကလည်း ဆွမ်းဖြင့် ဖိတ်ကြားကြပါ၏။ သို့ရာတွင် မည်သည့်ဆွမ်းကိုမျှ လက်မခံ၊ ဆွမ်းခံ၍သာ စားပါမည်ဟု လျှောက်ထားသည်။ မှန်၏။ သာသနာတော်၌ ဆွမ်းခံ၍ စားသုံးခြင်းသည် အမွန်မြတ်ဆုံး ဆွမ်း၊ အသန့်ရှင်းဆုံး ဆွမ်းပေးတည်း။

ဆွမ်းခံ၍ စားသုံးခြင်းကို ဘုရားရှင် ချီးမွမ်းတော်မူသည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင် အခွင့်ရသမျှ ဆွမ်းခံ၍သာ စားသုံးတော်မူသည်။ ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနဘုရင်ကိုပင်လျှင် ဆွမ်းခံတရားဖြင့် သောတာပန်အဖြစ်သို့ ရောက်စေခဲ့သည် မဟုတ်ပါလော။

အရှင်ဥပဂုတ္တအဖို့လည်း ဆွမ်းခံခြင်းဖြင့် မပင်ပန်းစေပါ။ အကြောင်းမှာ သမုဒ္ဒရာအတွင်း၌ သီတင်းသုံးသော ဥပဂုတ္တမထေရ်ကြီး ကြွရောက်လာပြီဟူသော သတင်းမှာ တစ်မှုဟုတ်အတွင်းမှာပင် ပျံ့နှံ့သွားတော့ရာ ဆွမ်းလောင်းသူတို့ အလု အယက် လောင်းကြခြင်းကြောင့် ဖြစ်ပေသည်။

သို့နှင့် ကျောင်းရေစက်ချပွဲတော်ချိန်သို့ ရောက်လာသောအခါ မာရ်နတ်က သူတတ်နိုင်သမျှသော နည်းမျိုးစုံဖြင့် အလှူပွဲကို ပျက်အောင်ဖျက်ဆီးသည်။ ယင်းတို့ကား ရှေးဦးစွာ လေကြီးမိုးကြီး တိုက်ခတ်ရွာချသည်။ ထို့နောက် ပြာပူမိုးရွာချသည်။ သဲမိုးရွာချသည်။

မာရ်နတ်ပြုလုပ်သမျှသည် အလှူပွဲတော်သို့ မရောက်ဘဲ အရှင်ဥပဂုတ္တက တစ်နေရာမှ ရှင်းလင်းပစ်သည်။ ဘုရင့်အလှူတော်ကို မာရ်နတ်နှောင့်ယှက် ဖျက်ဆီးလိမ့်မည်ဟု သိထားကြသော လူတို့က အနှောင့်အယှက် တစ်စုံတစ်ရာကို မတွေ့ကြရသောအခါ 'ဘယ်လိုလဲ၊ ဘာမှလဲ အနှောင့်အယှက် မရှိပါလား'ဟုပင် ပြောကြသည်။

မာရ်နတ်သည် သာမန်အားဖြင့် နှောင့်ယှက်၍ မရသောအခါ ဓားမိုး၊ လက်နက်မိုးတို့ ရွာချစေကာ ဝက်အူရစ် တင်းလိုက်ပြန်၏။ ထိုအခါ အရှင်ဥပဂုတ္တသည် ယင်း လက်နက်မိုးကို ပယ်ရှားပြီး မာရ်နတ်နှင့်တွေ့ရန် ရင်ဆိုင်လိုက်သည်။ မာရ်နတ်သည် မျက်နှာထားတင်းတင်းဖြင့် မိမိရှေ့တွင် ရပ်လာသော ဥပဂုတ္တမထေရ်ကြီးကို တွေ့လိုက်ရသောအခါ အတန်ငယ် လန့်သွား၏။

'မာရ်နတ်ကြီး၊ သူတစ်ပါးအလှူကို ဘာဖြစ်လို့ နှောင့်ယှက်ချင်ရတာလဲ'

'ဒါဟာ တပည့်တော်ရဲ့ အလုပ်ပဲ'

'ဒါလောက်တောင်ကဲလှတဲ့ မာရ်နတ်၊ ဒီတစ်ခါ မနှောင့်ယှက်နိုင်အောင် လုပ်ရတော့မည်'ဟု မိန့်ဆိုကာ ခွေးသေကောင်ပုပ်ကို ဖန်ဆင်းပြီး မာရ်နတ်၏လည်သို့ စွပ်လိုက်သည်။ မာရ်နတ် ဒုက္ခတွေ့ပြီတည်း။

မာရ်နတ်သည် အရှင်ဥပဂုတ္တရှေ့မှ ရုတ်ခြည်း ပျောက်သွား၏။ 'ချွတ်ပေးကြပါ'ဟု နတ်ပြည်ခြောက်ထပ်တွင်သာမက ဗြဟ္မာ့ပြည်တိုင်အောင် တွေ့သမျှ

နတ်ပြဟ္မာများအား တောင်းဆိုသည်။ အဘယ်နတ်၊ အဘယ်ပြဟ္မာမှ မချွတ်ဝံ့ကြ။ ချွတ်လျှင်လည်း ရမည်မဟုတ်၊ မာရ်နတ်ကိုယ်တိုင်ပင် ချွတ်၍မရသည်ကို အဘယ် တန်ခိုးရှင်တို့ ချွတ်နိုင်ပါအံ့နည်း။

နောက်ဆုံးတွင် မာရ်နတ်လက်လျှော့ကာ အရှင်ဥပဂုတ္တထံ ပြန်ရောက်လာပြီး 'တပည့်တော်ရှုံးပါပြီ၊ မနှောင့်ယှက်တော့ပါ၊ အရှင်ဘုရားကိုယ်တိုင် ချွတ်ပေးတော်မူ ပါ'ဟု တောင်းပန်ရတော့သဖြင့် အရှင်ဥပဂုတ္တက ချွတ်ပေးလိုက်သည်။ ထို့နောက် ခါးပန်းကျိုးကို ရှည်အောင်ဖန်ဆင်းပြီး အနီးရှိတောင်တွင် မာရ်နတ်ကို ပတ်ချည် ထားလိုက်သည်။

'တပည့်တော် ရှုံးပါပြီလို့ ဝန်ခံပြီးမှတော့ ဒီလိုလုပ်ဖို့ မတော်တော့ပါဘူး'

'သင့်စကားကို ယုံရမှာလား၊ သင်ဟာ အလှူတော်ရက် ခုနစ်ရက်တိုင်အောင် ဒီအတိုင်းပဲ နေပေတော့၊ အလှူတော်ပြီးသည့်အခါမှ ငါလာပြီး ဖြုတ်ပေးမည်'ဟု မိန့်ကာ ထွက်ခွာလာခဲ့သည်။ ထို့ကြောင့် အလှူတော်ရက်အတွင်း မည်သည့် အနှောင့်အယှက်မျှ မရှိ။

အလှူတော်ရက်ပြီးသောအခါ အရှင်ဥပဂုတ္တသည် မာရ်နတ်ထံသို့ ရောက်လာပြီး ခါးပန်းကြိုးကို ဖြေပေးသည်။

'အရှင်ဘုရားတို့ သာဝကတွေဟာ သိပ်ကြမ်းတာပဲ၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးလဲ အရှင်ဘုရားလို ကြမ်းတာပဲ၊ ဘုရားရှင်ရဲ့ တပည့်သာဝကဆိုပြီးတော့ ဘုရားရှင်ရဲ့ နမူနာကို နည်းနည်းမှ မယူကြဘူး'

'သည်းခံပါ မာရ်နတ်၊ ငါဟာ သင့်အပေါ်မှာသာ မဟုတ်၊ မည်သည့်သတ္တဝါ အပေါ်မျှ မကြမ်းလိုပါ'

'ခွေးသေကောင်ပုပ်ကြီး လည်ပင်းဆွဲတာ မကြမ်းဘူးလား၊ ခါးပန်းကြိုးနဲ့ တောင်ကိုချည်ထားတာ မကြမ်းဘူးလား'

'သည်းခံပါ၊ ငါက ဒီလိုလုပ်တာဟာ ငါ့သဘောကြောင့် မဟုတ်ပါ၊ သံဃာတော်မြတ်တို့ရဲ့ အမိန့်ကြောင့် လုပ်ရတာပါ'

'ဘုရားရှင်ဆိုရင် တပည့်တော်က အကြိမ်ပေါင်းများစွာ နှောင့်ယှက်ခဲ့တာ တောင်မှ တပည့်တော်ကို တစ်စုံတစ်ရာ မတုံ့ပြန်ခဲ့ပါ'

'အသင်က ဘုရားရှင်၊ ဘုရားရှင်နဲ့ အကြိမ်ကြိမ် တမ်းတပြောဆိုတော့ ဘုရားရှင်ကို သတိရပါတယ်၊ ငါ တောင်းပန်လိုပါတယ်၊ ဘုရားရှင်ကို သင်က မီခဲ့သူပါ၊ ငါတို့မှာ စိတ်ကူးနဲ့ပဲ ကန်တော့ရပါတယ်၊ ဒီတော့ ဘုရားရှင်ရဲ့ ရုပ်ပုံ တော်ကို ဖူးတွေ့လိုပါတယ်၊ အသင် ဖန်ဆင်းပြနိုင်ပါ့မလား'

'တပည့်တော်ကို အရှင်ဘုရားက ရှိမခိုးဘူးဆိုရင် ဘုရားရှင်နဲ့တကွ သာဝက ကြီးတွေပါ ပြနိုင်ပါတယ်'

'ပြပါမာရ်နတ်ကြီး၊ ငါ ရှိမခိုးပါဘူး'

စကားဆုံးလျှင် မာရ်နတ်ကြီးပျောက်သွားပြီး ဘုရားရှင်သည် ရောင်ခြည်တော် ခြောက်ဆိုင်ကို တစ်ပြိုင်တည်း လွှတ်ကာ နောက်ပါ အဂ္ဂသာဝက၊ မဟာသာဝက အရှင်များနှင့်အတူ ပေါ်ပေါက်၍လာလေရာ အရှင်ဥပဂုတ္တအဖို့ ရှိမခိုးပါဘူးဟု ပဋိညာဉ်ပေးခဲ့သည်ကို မေ့သွားပြီး အကြိမ်ကြိမ် ဦးနှိမ့်ရှိခိုးမိသော အခါ မာရ်နတ်ခမျာ လွင့်ပျောက်သွားရရှာလေသတည်း။ ။

## ရွှေသမက်

ငယ်စဉ်အရွယ်မှစ၍ သူ့ကို တွေ့လိုက် မြင်လိုက်ရသည့်အခါတိုင်း အခြားမင်းသား များလို ဖျတ်ဖျတ်လတ်လတ် မရှိ။ ပျော့စိစိ ငေါင်းစင်းစင်း လူပျင်းလူညံ့ပုံပမာ ရှိနေသော သိဒ္ဓတ္ထမင်းသားကို ဦးလေးတော်သူ သုပ္ပဗုဒ္ဓဘုရင်က ဘဝင်မကျ သဘောမမျှနိုင်ခဲ့ပေ။

ပျော့စိစိ ငေါင်းစင်းစင်း ပုံစံရှိသည်မှန်၏။ သို့ရာတွင် ယင်းပုံစံကို လူဖျင်း လူညံ့များတွင် တွေ့ရတတ်သလို အခြားပုံစံတစ်ရပ်တွင်လည်း တွေ့ရတတ်သည်ကို ဘုရင်သုပ္ပဗုဒ္ဓ သတိမထားမိခဲ့ပေ။ ယင်းပုံစံသည်ကား တရားလုပ်ငန်းဘက်တွင် သက်ဝင်နေသူများ၊ အာရုံတစ်ခုခုတွင် သက်ဝင်စူးစိုက်နေတတ်သော အနုပညာသမား များနှင့် စဉ်းစားဉာဏ်ကြီးသော ပုဂ္ဂိုလ်များတွင်ပင် ဖြစ်ပေ၏။

သိဒ္ဓတ္ထ ကုမာရသည် မွေးစကပင် တရားအထုံ ပါလာခဲ့သူဖြစ်သည်။ မပါဘဲ ရှိနိုင်ပါမည်လော၊ ဘဝအသချေ်္ အနန္တကပင် တရားအဟုန်ကို လေ့ထုံလာခဲ့သူ မဟုတ်ပါလော။ ယင်းတရားစရိုက်မှာ မွေးစအရွယ်ကပင် ဇာတိပြလာခဲ့သည်။ အကြောင်းမူကား မွေးစသာသာ တစ်လသားအရွယ်ကပင် ခမည်းတော်ကြီး လယ်ထွန်မင်္ဂလာပြုလုပ်ရာ သပြေပင်ရိပ်တွင် သိပ်ထားခိုက် သမထဈာန်ဝင်စား၍ ပြခဲ့သည်။

ဈာန်ဝင်စားသောအလုပ်မှာ တစ်လသားအရွယ် အရိုးအကြောတို့ မခိုင်မာသေး သော ကလေးငယ်အဖို့ လွယ်ကူသော အလုပ်မဟုတ်။ ဤမျှအရွယ် ကလေးငယ်ကို အပထားဦး၍ လူကြီးများအဖို့ပင် လွယ်ကူသောအလုပ်မဟုတ်။ ရှေးဦးစွာ တင်ပျဉ်ခွေ ထိုင်ရသည်။ ခါးနှင့် တစ်ကိုယ်လုံးကို ဖြောင့်မတ်စွာ ထားရသည်။ ဦးခေါင်းကို တည့်မတ်စွာ ထားရသည်။ မျက်စိနှစ်စုံကို မေးမှုန်ရသည်။ ထို့နောက် သမထ တရားအလုပ်ဖြစ်သော အာနာပါန ထွက်သက် ဝင်သက် အစုံသို့ အာရုံစူးစိုက်ရသည်။

ပါရမီစာတော်ခံတို့ပြည့်လျှံလာသော သိဒ္ဓတ္ထကုမာရအဖို့ကား ငယ်ပင်ငယ်သေး သော်လည်း အလွယ်ပင်ဖြစ်၏။ သို့ဖြစ်၍ ဤတစ်ကြိမ်သာမက အကြိမ်ကြိမ်အခါခါ လေ့ထုံပြုလုပ်လိုသည်။ သို့သော် ဤတစ်ကြိမ်သာအခွင့်သာခိုက်မို့ ပြုလုပ်လိုက်ရသည်။

အခွင့်မသာဟန်ကား မွေးဖွားလာပြီးသည့်အချိန်မှစ၍ အထိန်းတော် အယတော် များစွာတို့ လက်တွင်သာ တစ်လက်ပြီးတစ်လက် ကူးပြောင်း ချော့မြှူခံ၍ နေရသည်။ ခုနစ်ရက်သားအရွယ်ကပင် မိခင်ကွယ်လွန်သွားရှာသော မိတဆိုးကလေး ဖြစ်ရာ အထိန်းအယတော်တို့က ကရုဏာပါတွဲဖက်၍ ပြုစုဖေးမကြသည် တစ်ကြောင်း၊ အထူးသဖြင့် အရွယ်ရောက်သောအခါတွင် ကပိလဝတ်ရွှေနန်းကို သိမ်းမြန်းစိုးစံမည့် ဘုရင်လောင်းကလေးဖြစ်သည် တစ်ကြောင်းတို့ကြောင့် သူ့ထက်ငါသာ ဝိုင်းဝန်းယုယ ပြုစုကြသောကြောင့် အခွင့်မသာ ဖြစ်ခဲ့ရ၏။

အခွင့်မသာဟန်ကား ယနေ့သည် တစ်နှစ်မှ တစ်ကြိမ်ကြုံရသော ခမည်းတော် သုဒ္ဓေါဒနရာဇာ၏ လယ်ထွန်မင်္ဂလာပွဲတော်ပြုလုပ်သော နေ့ဖြစ်ရာ ယင်းလယ်ထွန် မင်္ဂလာပွဲကို မကြည့်ရမနေနိုင်သော အထိန်းတော် အယတော်များသည် လယ်ထွန် မင်္ဂလာပြုလုပ်ရာအနီးရှိ သပြေပင်ရိပ် အိပ်ရာထက်၌ မင်းသားကလေးအား ခေတ္တမျှ သိပ်ထားခိုက်မို့ အခွင့်သာခြင်း ဖြစ်ပေသည်။

ပင်္ဂိုသန္ဓေကပင် တောစိတ်တောင်စိတ်ပါလာခဲ့သော သိဒ္ဓတ္ထကုမာရအဖို့ ရွှေနန်းတော်ပေါ်တွင် အမျိုးသမီးများ၊ ပိုးဖဲကတ္တိပါများအပေါ်တွင်သာ နေလာခဲ့ရရာ ယခု တောပင်မဟုတ်စေဦးတော့ တောရိပ်တောနံ့ပါသော သပြေပင်ကြီးအောက်သို့ ရောက်နေခြင်းမှာ တရားထိုင်ရန် အခွင့်သာခြင်း မဟုတ်ပါလော၊ သပြေပင်မို့သာ။ ညောင်ပင်ဆိုလျှင် သည့်ထက်ပို၍ နှစ်ခြိုက်သဘောကျဦးမည် ဖြစ်၏။ အကြောင်းမူကား ညောင်သည် ဂေါတမဗုဒ္ဓဝင်အတွက် အဆင်ပြေစွာ လိုက်ဖက်လာသော ဖွားဘက်တော် ပင် မဟုတ်ပါလော။

သို့နှင့် အဆင်ပြေခိုက် အလိုက်သင့်စွာ ဖြစ်ပေါ်လာသော အခြေအနေအရ သိဒ္ဓတ္ထမင်းသားကလေးသည် မိမိ၏ မခိုင်မာသေးသော အရိုးအရေများကို တရားအလုပ် တည်းဟူသော စိတ်ဓာတ်ဖြင့် ထောင်ကာ ထိုင်လိုက်ရသည်။

ယင်းသို့လျှင် ငယ်စဉ်ကပင် တရားသမား သိဒ္ဓတ္ထမင်းသား၏ ထူးခြားသော အမူအကျင့် ဟန်ပန် ဓလေ့စရိုက်ကို ဦးလေးတော် သုပ္ပဗုဒ္ဓဘုရင် သတိမထားမိ။ မင်းသားပီပီ အခြားမင်းသားများလို ကြွားကြွားရွားရွား ရှိစေလိုသည်။ ဤလို လူပျော့လူညံ့မျိုးကိုမှ သူ့ အဖေကြီးက သူ့သားတော်စိတ်ကြိုက် ဂရုစိုက်လွန်းသည်ကို လည်း သုပ္ပဗုဒ္ဓဘုရင် ဘဝင်မကျခဲ့။

သိဒ္ဓတ္ထမင်းသားအား သူ့အဖေကြီး သုဒ္ဓေါဒနက အလိုလိုက်သည်ကိုသာ သူမြင်သည်။ မိမိကို မိမိဖခင် အဥ္စနမင်းက အလိုလိုက်ခဲ့သည်ကိုကား သူ မမြင်ခဲ့၊ တစ်မိသားပေါက် သားသမီးလေးယောက်အနက် သူသည် အငယ်ဆုံးလည်းဖြစ်၊

ယောကျ်ားလေးလည်း ဖြစ်သောကြောင့် မိခင်ဖခင်တို့ကသာမက အစ်မကြီးများ ဖြစ်ကြသော သီရိမဟာမာယာနှင့် မဟာပဇာပတိဂေါတမီတို့ကပါ မောင်ငယ်လေးအဖြစ် ဖူးဖူးမှုတ် ထားကြလေရာ သူသည်ငယ်စဉ်ကပင် အရက်သေစာသောက်စားသည်အထိ အကျင့် ပျက်ခဲ့သူဖြစ်သည်။ ဒေဝဒဟပြည့်ရှင် ဘုရင်ဖြစ်လာသောအခါတွင်မူ အရက်သမားကြီး ဖြစ်သည်အထိ ပျက်စီးတော့သည်။

ခက်သည်မှာကား သိဒ္ဓတ္ထမင်းသားက မိမိအား လိုချင်သူထိပ်သီးမင်းသမီး သောင်းခြောက်ထောင်တို့ ဝိုင်းဝိုင်းလည်နေသည့်အကြားမှ မိမိအား မနှစ်သက်လိုလှသူ သုပ္ပဗုဒ္ဓ၏သမီး ဘဒ္ဒကစ္စနာယသော်ဓယာကိုမှ မျက်စိကျကာ ရွေးချယ်စုံမက်လိုက်ခြင်းပင် ဖြစ်ပေသည်။

သားကို အလိုလိုက်ကာ နိုင်ငံတော်ကိုပင် လွှဲအပ်ခံရသော ကပိလဝတ်ပြည့်ရှင် ဘုရင်ဖြစ်လာ၍ လည်းကောင်း၊ တူတော်ရင်း ဖြစ်၍သော်လည်းကောင်း သမီးဖြစ်သူသူ့နောက်ပါသွားသည်ကို ရှိပါစေတော့။ သို့သော် သူသည် တိုင်းပြည် မျက်နှာ ဘယ်သူ့မျက်နှာကိုမျှ မထောက်ဘဲ ဆယ့်သုံးနှစ်မျှသာ ထီးနန်းစိုးစံပြီးနောက် ငယ်ငယ်ရွယ်ရွယ်နှင့် တောထွက်သည်ဆိုကာ ရဟန်းဘဝသို့ အစဉ်ကူးပြောင်းသွားလေတော့ သမီးဖြစ်သူမှာ လင်ပစ်မအဖြစ် ကျန်ရစ်ခဲ့ရသည်။ တစ်ဖန် ဘုရားဖြစ်လာသည်ဆိုပြီး သူ့ညီတော် သူ့နောင်တော်များကို သူ့အခြွေအရံအဖြစ် လိုက်ပါစေပြန်တော့လည်း မိမိသားလေးခမျာ နဂိုကပင် ကြွပ်ဆတ်ဆတ်နှင့် ဒေဝဒတ်ကို မိမိမျက်နှာကို ထားပါဦးတော့၊ သူ့မယား ယသော်မျက်နှာကိုမျှ မထောက်မထား ရန်သူပမာ ပြုလုပ်လိုက်သည်။ ဘုရင်သုပ္ပဗုဒ္ဓအဖို့ သိဒ္ဓတ္ထအပေါ် ကျေနပ်စရာ တစ်ကွက်မျှမရှိ။

ယခု သူ မိမိနိုင်ငံ မိမိနယ်ပယ်သို့ ရောက်လာပြီး ဒေဝဒဟပြည် သူဌေးတစ်ဦး၏ အိမ်သို့ နက်ဖြန်တွင် ဆွမ်းစားကြွရောက်လာမည်ဟု ကြားရသည်။ မိမိအကြောင်း ပြလိုက်ရမည်။

*

မိမိအကြောင်း ပြလိုက်မည်ဆိုသော်လည်း အကယ်တွင်မူ သူ့ကို ခပ်လန့်လန့်ပင် ဖြစ်သည်။ အကြောင်းမှာ သူသည် ဂေါတမဘုရားဟု ထင်ရှားဖြစ်လာရုံမက တန်ခိုး ဣဒ္ဓိပါဒ်လည်းကြီးမားလာသည်ဟု ကြားသိရသည်။ ကပိလဝတ်ပြည်သို့ ရောက်စနှစ်က တရားပွဲတွင် ရေမိုးအစုံသော တန်ခိုးပြာဋိဟာကို ပြသောကြောင့် ပရိသတ်အားလုံး ဦးညွှတ်ရှိခိုးကြသည်ဟု ကြားရသည်။ သို့သော် မိမိမူကား သူ့ကို ရှိမခိုး ဦးမညွှတ်နိုင်။ ဘုရားမကလို့ ဗြာဟ္မာကြီးပဲ ဖြစ်နေနေ သူသည် မိမိအောက် ငယ်သူသာ ဖြစ်၏။ မိမိက ယောက္ခမဖိုးဘ၊ သူက တူသား သမက်မျှသာ။

သို့သော် မကျေနပ်စိတ်က ဘယ်လိုအားတင်းသော်လည်း တစ်ဖက်စိတ်ကမူ ခပ်ရွံ့ရွံ့ ဖြစ်သောကြောင့် ထိုနေ့က နံနက်ပိုင်းပင် ဖြစ်စေကာမူ မိမိနှင့်အတူ မိမိကိုယ်ရံတော် တပည့်အသိုင်းအဝိုင်းကိုပါ အရက်ကိုးမောင်းတင်ကာ မူးအောင် သောက်ပြီး ဘုရားရှင်ကြွလာတော်မူမည့် လမ်းမကြီးအလယ်သို့ ထွက်ကာ ဘုရားရှင် အလာကို စောင့်သည်။

ထိုဘုရား သဗ္ဗညုအား ဆွမ်းပင့်ဖိတ်ရာအရပ်သို့သွား၍ ဘုဉ်းပေးစိမ့်သောငှာ မပေးအံ့ဟု သွားရာလမ်းခရီးကို ပိတ်လျက် ခရီးဝ၌ သေသောက်ကာ နေလင့်၏။

**(ညောင်လေးပင်တောရ ဆရာတော် ဓမ္မပဒ ဝတ္ထုတော်ကြီး၊ တ၊ စာ ၅၀။)**

မကြာမီပင် ဘုရားရှင် နောက်ပါ သံဃာတော်များစွာနှင့်အတူ ကြွရောက်တော် မူလာရာ သုပ္ပဗုဒ္ဓက သောက်လက်စသေခွက်ကိုကိုင်ကာ လမ်းလုံးပြည့်မျှ ယိမ်းယိုင် လှုပ်ရှားရင်း ဘုရားရှင်အား အရက်ခိုး အရက်ငွေ့ရိုက်ထားသော အရက်မျက်လုံးများနှင့် ရိဝေစွာကြည့်ရင်း ခရီးလမ်းအတိုင်း ဘုရားရှင် ကြွတော်မမူနိုင်အောင် တားမြစ် လိုက်သည်။ ထို့ကြောင့် ဘုရားရှင်သည် ရှေ့သို့ မကြွတော့ဘဲ ရပ်တော်မူလိုက်ရသည်။

'ဟေ့ ဂေါတမဗုဒ္ဓလို့ ခေါ်နေကြတဲ့ သိဒ္ဓတ္ထရဲ့၊ မင်းက အငယ်၊ ငါက အကြီးပါကွ၊ အကြီးက အငယ်ကို လမ်းခရီးပေးရတယ်၊ ရိုသေရမယ်လို့အစဉ်အလာ မရှိဘူး၊ မင်း သွားချင်တဲ့နေရာကို မသွားရဘူး၊ ငါ ပြောချင်တာကို နားထောင်ပြီးမှ မင်းကို သွားခွင့်ပြုမယ်'

သုပ္ပဗုဒ္ဓသည် ပါးစပ်ဖြင့်လည်း ရမ်းရမ်းကားကား အမူးစကားပြော၍ လက်ကလည်း ကိုးရိုးကားရားဖြင့် တားဆီးသယောင် ပြုလိုက်၏။ ဘုရားရှင်ကမူ ကြီးစွာသော ဣန္ဒြေတွင် စက္ခုန္ဒြေကိုချကာ ရပ်တော်မူနေသည်။

'ဟေ့ သိဒ္ဓတ္ထရဲ့၊ မင်းက ငါ့သမီးကို ကောင်းပြီးကောင်းရက်နဲ့ယူပြီး ထင်းပုံခေါင်းချ မပေါင်းဘဲ တောထွက်သွားတာ တော်ရော့လားကွ'

ဘုရားရှင်က တစ်စုံတစ်ရာ ပြန်၍ မိန့်တော်မမူ၊ မိန့်တော်မူရန် အကြောင်းလည်း မရှိ။

'ဘုရားဖြစ်လာတော့ မင့်အဖေကြီးစကားကြောင့် ငါ့သား ဒေဝဒတ်ကို မင့် အသိုင်းအဝိုင်း ဖြစ်ပါစေတော့လို့ ငါက ရဟန်းပြုခွင့်ပေးလိုက်တယ်၊ အခုတော့မင်းက ငါ့မျက်နှာကိုမှ မထောက်ထား၊ ငါ့မျက်နှာ မထောက်ထားတာ ထားပါတော့၊ မင့် မယားမျက်နှာကိုထောက်ပြီး အခွင့်အရေးပေးဖို့ကောင်းတယ်၊ အခုတော့ ဘယ်သူ့ မျက်နှာကိုမှ မထောက်ဘဲ ငါ့သားကို ရက်ရက်စက်စက် ဆန့်ကျင်ဘက်လုပ်တာ တော်ရော့လားကွ'

ထိုအချိန်၌မူ ဘုရားရှင်သည် ရှေ့သို့မကြွတော့ဘဲ နောက်သို့ပြန်လှည့်ကာ ထွက်ကြွတော်မူတော့ရာ နောက်ပါ သံဃာတော်တန်းကြီးကလည်း ဘုရားရှင် နောက်တော်မှ လိုက်ပါတော်မူခဲ့ကြ၏။

ထိုအခါ သုပ္ပဗုဒ္ဓက သူပြောချင်သမျှကို ပြောလိုက်ရ၍ အားရကျေနပ်စွာဖြင့် တဟားဟား ရယ်မောကာ ကျန်ရစ်ခဲ့၏။ သံဃာတန်းကုန်၍ ရယ်မော၍ မဆုံးမီ သတိရလာ၍ သူ့အဖော် မင်းချင်းတစ်ယောက်အား အနီးသို့ခေါ်ကာ

'ဟော့ ဟော့၊ သိဒ္ဓတ္ထမင်းသားဟာ ငါ့စကားတွေကို တစ်ခွန်းမှ မတုံ့ပြန်ဘဲ ပြန်ကြွသွားတယ်၊ ဘယ်မှာ တုံ့ပြန်နိုင်ပါ့မလဲ၊ ငါ့စကားတွေက အမှန်တွေချည်းဟာကိုး၊ သို့ပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ကို စကားတစ်စုံတစ်ရာ ပြန်မပြောသော်လဲ သူ့တပည့်တွေကိုတော့ ပြောမှာအမှန်ပဲ၊ အဲဒီစကားကို ငါ သိချင်တယ်၊ သူ့နောက်က မယောင်မလည်လိုက်သွား နားထောင်ပြီး သူ ဘာပြောတယ်ဆိုတာ ငါ့ကို ပြန်လျှောက်တင်စမ်း'ဟု စေခိုင်းလိုက်၏။

ဘုရားရှင်သည် မိမိစံရာတည်းကျောင်းသို့ ပြန်ကြွတော်မူခိုက် ဘုရားရှင်၏ ရှေ့တော်တွင် သွားတော်တို့မှ ဖြူသော ဩဒါတရောင်ခြည်တော်တို့ ထွက်ပေါ်လာသည်ကို မြင်သော နောက်တော်ပါ အာနန္ဒာမထေရ်က 'အဘယ်ကြောင့် ပြုံးတော်မူပါသနည်း'ဟု မေးလျှောက်သည်တွင် ဘုရားရှင်က 'သုပ္ပဗုဒ္ဓ၏ အပြုအမူကို မြင်၏လော အာနန္ဒာ'ဟု မေးတော်မူလိုက်၏။

'မြင်ပါသည်၊ ဦးလေးတော် သုပ္ပဗုဒ္ဓ၏ အပြုအမူမှာ လွန်စွာရိုင်းပျလှပါတော့သည်'

'မှန်၏ အာနန္ဒာ၊ သုပ္ပဗုဒ္ဓသည် ငါဘုရား၏ ကြွသွားရာ လမ်းခရီးကို တားဆီးထားသူဖြစ်သောကြောင့် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့တွင် သူ၏ ပြာသာဒ်အောက် စောင်းတန်းခြေရင်း၌ မြေမျိုလတ္တံ့.'

ယင်းသို့ မိန့်တော်မူချက်ကြောင့် ရှင်အာနန္ဒာအဖို့ လန့်ဖျပ်၍ပင် သွားကာ သံဃာများလည်းကြီးစွာသော သံဝေဂ ရတော်မူကြ၏။ အကြောင်းမူကား ဘုရားရှင်တို့၏ အနာဂတံသ စကားတော်ဟူသည် လွဲမှားသည်ဟူ၍ မရှိသောကြောင့်ပေတည်း။

*

လွှတ်လိုက်သောမင်းချင်း ပြန်လာ၍ ဘုရားရှင် မိန့်ကြားလေသမျှ စကားကိုပြန်ကြားလျှောက်ထားသောအခါ သုပ္ပဗုဒ္ဓက ဟားတိုက်၍ ရယ်လိုက်ပြီးနောက် 'နေစမ်းပါဦးကွ၊ မြေမျိုတယ်ဆိုတာ မြေကြီးက နေရာရွေးနေရသေးသတဲ့လား၊ နေရာရွေးပြီးမှ မျိုမယ်ဆိုရင်လဲ အဲဒီနေရာကို မသွားဘဲ နေလိုက်ရုံပေါ့၊ ယခုတော့ ငါ့ပြာသာဒ် စောင်းတန်းခြေရင်းမှာ ငါ့ကို မြေမျိုလိမ့်မတဲ့၊ ဟား ဟား'ဟု ပြောလိုက်ရာ မင်းချင်းက 'မှန်လှပါ၊ ဒီအတိုင်းပင် ပြောကြားလိုက်ကြောင်းပါ'ဟု လျှောက်ထား၏။

'ပြီးတော့အချိန်ကိုလဲ သတ်မှတ်လိုက်သေး၊ မျိုစရာရှိ မျိုလိုက်ရုံပေါ့၊ အခုတော့ ဒီနေ့ကစပြီး ခုနစ်ရက်မြောက်သောအချိန်တွင်တဲ့၊ ဟုတ်ပြီး ဂေါတမဗုဒ္ဓကို မုသာဝါဒနဲ့ စွပ်စွဲဖို့အချက်ရပြီ၊ ဂေါတမဗုဒ္ဓ နောက်တစ်ခေါက် တို့နိုင်ငံကိုလာရင်

အခုလိုပဲ လမ်းအလယ် လူပုံအလယ်မှာ ဘုရားဆိုပြီး မဟုတ်မမှန် စကားပြောရသလားလို့ အားရပါးရ စွပ်စွဲပြလိုက်ဦးမှာပေါ့ကွာ'

ကိုယ့်ကိုယ်ကို အားပေးပြီး ဤသို့ ပြောကြားလိုက်ရသော်လည်း ဂေါတမဗုဒ္ဓ၏ စကား မှန်များမှန်နေမည်လားဟု စဉ်းစားမိသောအခါ သုပ္ပဗုဒ္ဓအဖို့ ချက်ချင်းပင် မြေမျိုခံရတော့မည့်ပမာ ဗျာပါရ ဖြစ်ပွားရ၏။ အကြောင်းမူကား ဂေါတမဗုဒ္ဓစကား မှန်လှသည့် အကြောင်းအချက်များကို နှစ်ကြိမ်သုံးကြိမ် သိခဲ့ရဖူးသောကြောင့် ဖြစ်သည်။

သူ့တပည့် သုနက္ခတ် ရဟန်း၏ဆရာ ကောရခတ္တိယရဟန်းအား အလားတူပင် ကောရခတ္တိယသည် စားပိုးနင့်၍ သေလိမ့်မည်၊ သေပြီးနောက် သူ့အလောင်းကို ပြိတ်မြက်တော သင်္ချိုင်းတွင် ချထားလိမ့်မည်၊ ကောရခတ္တိယသည် အစာငတ်မွတ်သော ကာလကဉ္စိက အသုရာဘ၀သို့ ရောက်လိမ့်မည်၊ ရောက်ကြောင်းကို အလောင်းကောင်က ထပြောလိမ့်မည်ဟု ဂေါတမဗုဒ္ဓက အသေအချာ တစ်ဆင့်ပြီးတစ်ဆင့် ပြောကြားခဲ့သည့်အတိုင်း အားလုံးပင် မှန်ကန်ခဲ့သည်။

တောဒေယျသူဌေး ခွေးဖြစ်နေသည့်အကြောင်း၊ ၎င်းခွေးကိုပင် သူ့သားသုဘအား ဂေါတမဗုဒ္ဓက စကားပြောစေခိုင်းစေသည့် ဖြစ်ရပ်ကိုလည်း ကြားသိခဲ့ရဖူးသည်။

ထို့ထက်သေချာသော အကြောင်းရပ်သည်ကား မိမိတို့ ကောသလတိုင်းကြီးရှင် ဘုရင်ကောသလအား ပြောကြားခဲ့သော စကားဖြစ်၏။ ဘုရင်ကောသလသည် သူ့ရဟန်းများအား မထီလေးစား ပြုမူသောကြောင့် ဤဘုရင်ကွယ်လွန်သောအခါ ဆင်းရဲစွာ ကွယ်လွန်မည် ပြောကြားခဲ့သည့်အတိုင်းပင် ကောသလဘုရင်သည် သူတစ်ပါးနိုင်ငံ၌ ဆင်းရဲစွာ ကွယ်လွန်ခဲ့ရသည့်အကြောင်းမှာ ထင်ရှားလှသော အကြောင်းဖြစ်၏။

ယခုလည်း မိမိအား ပြောကြားလိုက်သော အချက်များမှာ အချိန်၊ နေရာ သေချာလှသော်လည်း မှန်ကန်၍ နေမည်လော။ ပေါ့ပေါ့နေ၍ မဖြစ်၊ သူ့စကား လွဲမှားအောင် ပြင်ဆင်ပြုလုပ်ထားမှ ဖြစ်မည်၊ ပြင်ဆင်ဖို့ရန်မှာလည်း လွယ်ကူလှ၏။ မြေမျိုမည့် ကိစ္စတွင် မြေကြီးပေါ် မနေလျှင် ပြီးရောပေါ့။

ထို့ကြောင့် 'ဂေါတမဗုဒ္ဓစကား လွဲမှားအောင် နေပြလိုက်မယ်ကွ၊ ဒီနေ့ ဒီအချိန်ကစပြီး ငါဟာ ဘုံခုနစ်ဆင့် အထက်ဆုံးအထပ်မှာ နေမယ်၊ ဘုံခုနစ်ဆင့် အပေါ်ဆုံးထပ်မှာဆိုတော့ ဘယ်မြေကြီးကလာပြီး မျိုနိုင်ကော့မှာတုံး၊ ငါ့အတွက် လိုအပ်တဲ့ အစားအသောက် ပစ္စည်းပစ္စယမှန်သမျှ အဲဒီအထပ်မှာထား၊ ခုနစ်ရက်ဆိုတာ မကြာပါဘူးကွာ'ဟု ပြောလိုက်၏။

ထို့နောက် တစ်စုံတစ်ရာ သတိရလာဟန်ဖြင့် 'ဒီအတိုင်းလောက်နဲ့ မဖြစ်သေးဘူး၊ ပိုပြီးသေချာအောင် စီစဉ်ထားဦးမှ၊ အထပ်တိုင်းက တံခါး၀တွေမှာ

လက်ဖွေ့လက်ပန်းသမား နှစ်ယောက်စီထား လက်ဖွေ့လက်ပန်း နှစ်ယောက်ဆိုရင် ငါ့ကို နိုင်ပါတယ်၊ ဂေါတမဗုဒ္ဓဟာ စိတ်ပညာဆရာကြီးလို့ ပြောကြသကွ၊ ငါ့ကို စိတ်နဲ့ညှို့လို့ တံခါးပေါက်ဝကို ရောက်လာခဲ့ရင် အဲဒီ လက်ဖွေ့လက်ပန်းသမားတွေက ငါ့ကို မဆင်းနိုင်အောင် ဖမ်းချုပ်ကြရမယ်'ဟု ပြောပြီးနောက် သတိရလာပြန်သဖြင့် 'ရှုပ်ပါတယ်ကွာ၊ ငါ ဘယ်လိုမှ ဆင်းလို့မရအောင် အထပ်တိုင်းက လှေကားတွေ မှန်သမျှ အကုန်ဖြုတ်ထားလိုက်ကြ၊ ကဲ ဘယ်မြေကြီးက လာမျိုဦးမလဲ၊ ဒီအတိုင်းပဲ လုပ်ကြ၊ ခုနစ်ရက်လောက်တော့ အောင့်ရမှာပေါ့ကွာ'ဟု အပြီးသတ် အမိန့်ပေးလိုက်၏။

ထိုသတင်းမှာ မိမိ၏ အတွင်းလူများဖြင့်သာ စိစဉ်သော်လည်း တစ်မြို့လုံးသို့ ဟိုးလေးတကျော် ဖြစ်သွားရာက ဘုရားရှင်၏ နားတော်အထိ ရောက်လာသည်တွင် ဘုရားရှင်က 'ရဟန်းတို့၊ သုပ္ပဗုဒ္ဓသည် မည်သို့မည်ပုံ စီစဉ်ရုံမက တတ်နိုင်ခဲ့လျှင် ကောင်းကင်သို့ ပျံတက်နေသည်မူလည်း ဖြစ်စေ၊ လှေဖောင်တို့ဖြင့် သမုဒ္ဒရာသို့ ကူးဝင်နေသည်မူလည်း ဖြစ်စေ၊ ကျောက်တောင်ကျောက်ကြား လိုဏ်ခေါင်းများ အတွင်းသို့ ဝင်နေသည်မူလည်း ဖြစ်စေ၊ ဘုရားရှင်တို့ မိန့်မြွက်အပ်သော စကားတော် ဟူသည် နှစ်ဖို့နှစ်ခွ ဖြစ်ကြရလေသည် မရှိကုန်၊ ထို့ကြောင့် သုပ္ပဗုဒ္ဓသည် ငါဘုရား မိန့်ဆိုထားသော အရပ်၌သာလျှင် မြေသို့ ဝင်ရလတ္တံ့'ဟု မိန့်တော်မူလိုက်သည်။

*

သို့နှင့် ခုနစ်ရက်မြောက်သောနေ့သို့ ရောက်လာခဲ့၏။ ထိုနေ့ နံနက် ဘုရားရှင် ဆွမ်းစားကြွချိန် သုပ္ပဗုဒ္ဓ တားမြစ်ချိန်သို့ရောက်လျှင် ပြာသာဒ်အောက်ထပ်မှ သုပ္ပဗုဒ္ဓ၏ မင်္ဂလာမြင်းသည် ထိတ်ထိတ်လန့်လန့်ဖြစ်ကာ ခုန်ပေါက်၍ ဟီလေ၏။ ရှေ့ခြေနှစ်ချောင်းကို မြှောက်ကာ အသံအဆက်မပြတ် ဟီသည်။ နောက်ခြေတို့ဖြင့် နံရံတို့ကို ကန်ကျောက်သည်။

ဤမြင်း ဤသို့ဖြစ်လျှင် သုပ္ပဗုဒ္ဓကိုယ်တိုင် ကိုင်တွယ်မှ သုပ္ပဗုဒ္ဓ၏ အသံပေးမှ ငြိမ်ဝပ်မြဲဖြစ်၏။ သုပ္ပဗုဒ္ဓအပို့ မိမိမြင်း၏ အသံကိုမှ မမှတ်မိအောင် မူးယစ်ဝေသီနေခိုက် အဆက်မပြတ်သော မြင်းဟီသံနှင့်အတူ ဂုန်းဂုန်းဒိုင်းဒိုင်း အသံများကို ကြားရသောကြောင့် 'ဘာသံလဲဟိတ်' ဟု မေးလိုက်သောအခါ 'မှန်လှပါ အသင်မင်းကြီး၏ မင်္ဂလာမြင်းတော် ထိတ်လန့်ပြီး ဟီသံပါ'ဟု မင်းချင်း တစ်ယောက်က လျှောက်လာသဖြင့် 'ဒီလိုဆိုရင်မဖြစ်ဘူး၊ ငါသွားပြီး ချော့ဦးမှ ဖြစ်မယ်'ဟု ပြောအပြီး ထွက်ပေါက်တံခါးဝသို့ ထလာလေသည်။

ထိုအခါ လက်ဖွေ့ လက်ပန်းသမားများကလည်း မတားကြတော့သည့်အပြင် အထွက်တံခါးသည် အလိုလိုပွင့်၏။ ဖြုတ်ထားခိုင်းသော လှေကားသည်လည်း အလိုအလျောက် တပ်ဆင်ပြီး ဖြစ်နေ၏။ ယင်းသို့ဖြင့် တစ်ထပ်ပြီးတစ်ထပ် ဆင်းသွားသောအခါ အချို့သော တံခါးစောင့် လက်ပန်းသမားများက မတားဆီး

တော့သည့်အပြင် သုပ္ပဗုဒ္ဓ၏ လည်ကိုကိုင်ကာ အောက်သို့တွန်း၍ပင် ချလိုက်ကြသေးသည်။

သို့နှင့် ပြာသာဒ်အောက်ခြေ မြေအပြင်သို့ ရောက်လာခဲ့သည်။ ယင်းမြေအပြင်ဟူသည် ပကတိမြေမဟုတ်။ အက်ကွဲ၍ ဟင်းလင်းပွင့်သော မြေအပြင်ဖြစ်၏။ ယင်းသို့ ဟင်းလင်းပွင့်သော မြေအပြင်က သုပ္ပဗုဒ္ဓအား အလိုက်သင့် ခံယူသည်။ သုပ္ပဗုဒ္ဓဘုရင် အဘယ်သို့ ရောက်သနည်း။ အဝီစိသို့သာတည်း။ ။

## မယ်ဘိကွ္ကူ

ချစ်ရတာမှာ၊ နှစ်လမကြာ
ရက်ရေလောက်ကယ်နှင့်၊ ပျက်သွေဖောက်ကာ
တကယ်စိတ်မတူလို့၊ 'မယ်ဘိကွ္ကူ'ကိုတား။

ဘုရားရှင် လက်ထက်တော်တွင် မရေမတွက်နိုင်သော ကျွတ်တမ်းဝင် ရဟန္တာတို့အနက် ထင်ရှားသော လက်ဝဲတော်ရံ ရဟန္တာတစ်ပါး၊ သာမန်ထင်ရှားရုံမဟုတ်၊ ထူးခြားသော အတွေးအခေါ်တို့ဖြင့် ကတ်သီးကတ်သတ် တွေးခေါ်မေးမြန်းတတ်သောကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်နေသော ပါရာသိရာဇညမင်းတို့လို ပုဂ္ဂိုလ်မျိုးကိုပင် နားဝင်သဘောပေါက်အောင် ဆန်းဆန်းကြယ်ကြယ် သွယ်သွယ်ဝိုက်ဝိုက် ဟောပြောနိုင်မှုကြောင့် စိတ္တဓမ္မကထိက တေဒဂ်ဘွဲ့ရှင် အသျှင်ကုမာရကဿပ၏မယ်တော်ဖြစ်ပါလျက် သူ့အမည်မှာ မထင်ရှား 'ကုမာရကဿပ မယ်တော်'ဟုသာ ခေါ်ကြ၏။

ထို့ကြောင့် သူ့အကြောင်းကို ကဗျာဖြင့် ရေးဖွဲ့သော မန္တလေးမြို့ဆရာတော် 'ကဗျာနန်' က သူ့အမည်ကို 'မယ်ဘိကွ္ကူ'ဟု အမည်ပေးကာ ရေးဖွဲ့ရာတွင် ဇာတ်ဆရာကြီး ဦးဘိုးစိန်က ယင်းကဗျာများဖြင့် မယ်ဘိကွ္ကူဇာတ်ကို ကပြသောအခါ ကာလသားတို့ ပါးစပ်ဖျားသို့ရောက်ပြီး 'မင်း ဘယ်သူနဲ့ လိုက်စားပြန်သတုံးကွယ့်၊ ဗိုက်တရားမှန်မှန်ဟော'ဟူ၍ လည်းကောင်း၊ 'ကေသီတောင် အလယ်က တင်းပါပေါ့၊ မူရင်းပထမက ကင်းခဲ့ကြပါလျက်ကယ်နှင့် အခုတော့ မင်း ဘယ်သူနဲ့ ကမြင်းထလို့ ငါးပူတင်းမကြီး ဖြစ်ရတာ မှန်မှန်ပြော'ဟူ၍ လည်းကောင်း ကာလသားတို့၏ ပါးစပ်ဖျားတွင် ရေပန်းစားခဲ့လေသည်။

ဇာတ်လမ်းအစကား ခပ်ရှုပ်ရှုပ်ပေတည်း။

ထိုအချိန်က ရာဇဂြိုဟ်တွင် ရှင်ဒေဝဒတ်တို့ ဘုန်းကံထချိန်ဖြစ်သည်။ ရှင်ဒေဝဒတ်၏ အကြံပေးချက်အရ အဇာတသတ်ဘုရင်က ခမည်းတော်ဘုရင်ကြီးကို ထောင်အတွင်း အကျဉ်းထားကာ ဘုရားရှင်အပေါ် မျက်ကွယ်ပြုပြီး ရှင်ဒေဝဒတ်တို့ တစ်ဖွဲ့လုံးအား ဆွမ်းတွေ၊ ကွမ်းတွေ ဝေဝေဆာဆာနှင့် ဖြိုးဖြိုးဝေနေသော အချိန်ဖြစ်၏။

ယင်းသို့အဇာတသတ်က ဒေဝဒတ်အား ခြေစုံပစ် ကိုးကွယ်ရာ၌ ရှင်ဒေဝဒတ်က တန်ခိုးပြနိုင်သောကြောင့်သာ မဟုတ်၊ ဘုရားရှင်အပေါ်တွင် အဇာတသတ်က အမြင်မကြည်လင်နိုင်သော အချက်တစ်ချက်ကြောင့်လည်း ဖြစ်သည်။

ယင်းအချက်သည်ကား ဘုရားရှင်က ရှေးမင်းတို့သည် သားဆိုးပေါ်ပေါက်လာသောအခါ ယင်းသားဆိုးရန်မှ ကင်းဝေးစေခြင်းငှာ သားဆိုးကို ထောင်အတွင်း အကျဉ်းချထားပြီး မိမိကွယ်လွန်သည့်အခါမှ ဆက်လက်မင်းပြုစေကြကြောင်း ရှေးဟောင်း ဇာတ်တော်တစ်ရပ်ကို ဟောကြားတော်မူကြခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် သားအပေါ်တွင် ချစ်အားသည်းသော ဗိမ္ဗိသာရဘုရင်က ဘုရားရှင် ဟောကြားတော်မူချက်ကို မသိနိုးနာပြု၍သာ ထားခဲ့သည်။

ယင်းဟောကြားချက်ကြောင့် ဘုရားရှင်အပေါ်၌ အဇာတသတ် မကျေနပ်။ သို့ရာတွင် ဘုရားရှင်၏ ကျင့်ဝတ်သိက္ခာတော်များကို တိတ်တခိုး လေးစားနေသူ ဖြစ်သည့်အတိုင်း ဘုရားရှင်အား တိုက်ရိုက်စော်ကားမော်ကား ပြုလုပ်ရမည့် ကိစ္စမှန်သမျှ ဘာမျှ မလုပ်ခဲ့။ ဒေဝဒတ် အကြံပေးချက်အရ ဘုရားရှင်အား ဆင်ဆိုးနှင့် တိုက်သည့်ကိစ္စ၌ပင် မတိုင်မီ တစ်ရက်ကြို၍ အသိပေးသည့် သဘောဖြင့် နက်ဖြန် ရာဇဂြိုဟ်လမ်းမ၌ နာဠာဂီရိဆင်ကို လွှတ်မည်ဖြစ်၍ သတိထားရှောင်ရှားကြရန် ဘုရားရှင်အား အသိပေးသည့်အနေဖြင့် မြို့သူမြို့သားတို့အား မောင်းကြေးနင်းခတ်ကာ ကြေညာစေခဲ့သည်။

ယင်းသို့ သာသနာ့အရေးကိစ္စများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်အချိန်တွင် ရှင်ဒေဝဒတ်၏ ဂယာသီသကျောင်းရှိ ဘိက္ခုနီမတို့ အပိုင်းတွင်လည်း မကြားဝံ့ မနာသာ ကိစ္စတစ်ရပ်ပေါ်ပေါက်လာသဖြင့် ရှင်ဒေဝဒတ် မျက်လုံးပြူးရလေသည်။

ယင်းကိစ္စသည်ကား မကြာသေးမီကမှ မိမိကျောင်း၌ ရဟန်းဝတ်လာသော 'မယ်ဘိက္ခု'ကလေးတွင် ကိုယ်လေးလက်ဝန် ပေါ်လာသောကိစ္စဖြစ်၏။

'အံ့မယ်လေးလေး၊ မကြားဝံ့မနာသာ ကိစ္စကြီးပါလား၊ ဒီကိုယ်ဝန်က ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်တဲ့လဲ'

'မသိဘူးတဲ့ဘုရား၊ လူဝတ်နဲ့တုန်းက သူ့ယောကျ်ားဆီက ရလာတဲ့ ကိုယ်ဝန်လို့ ထင်တာပဲတဲ့ဘုရား'ဟု လာရောက်လျှောက်ထားသူ ဘိက္ခုနီများက လျှောက်သည်။

'နင်တို့ အခုမှလာပြီး လျှောက်ရသလား၊ စောစောက ဘာလို့မလျှောက်သတုံး'

'အပျိုဗိုက်ဆိုတာ ရက်တရက် မပေါ်ဘူး ဘုရား၊ အခုမှ ထင်ထင်ရှားရှား ပေါ်လာလို့ လျှောက်ရတာပါ'

'မဖြစ်ဘူး မဖြစ်ဘူး၊ ငါ့ကျောင်း နာမည်ကောင်းယူနေတုန်း နာမည်ပျက် မခံနိုင်ဘူး၊ သူ့ယောကျ်ားဆီ ပြန်ပို့လိုက်၊ ပို့ဆို ဒီနေ့ပဲပို့၊ ငါ့ကျောင်းမှာ တစ်ရက်မှ ဆက်မနေစေနဲ့၊ တော်ကြာ လူတွေသိလို့ ဟိုးလေးတကျော် ဖြစ်ကုန်ဦး မယ်၊ ဘယ့်နှယ်ဗျာ၊ အရပ်ရပ်နေပြည်တော် ကြားလို့မှ မလျော်၊ ဘိက္ခုနီမနဲ့ ဗိုက်နဲ့တဲ့'

ဤတွင် မျက်ကလူးဆန်ပြာနှင့် ညှိုးငယ်စွာဖြစ်နေရသော ဘိက္ခုနီမယ် ကလေးက မနေသာတော့၍ ဝင်၍လျှောက်သည်။

'တပည့်တော်မမှာ ရဟန်းဝတ်လာသည့်အချိန်ကို ထားပါဦးတော့၊ ရဟန်း မဝတ်မီ လူ့ဘဝကပင် တပည့်တော် စောင့်ထိန်းအပ်သော သီလစင်ကြယ်ကြောင်း နတ်ကောင်း နတ်မြတ်များကို တိုင်တည်၍ ပြောရဲပါသည်၊ ထို့ပြင် တပည့်တော် ရဟန်းဝတ်သည်မှာ ဘုရားရှင် သာသနာတော်သို့သာ ဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော်အား ဘုရားရှင်ရှိတော်မူရာ သာဝတ္ထိသို့သာ ပို့တော်မူကြပါ၊ သာဝတ္ထိ ရောက်မှ ဘုရားရှင်ရဲ့ အဆုံးအဖြတ်ကို ခံယူပါမည် ဘုရား'ဟု လျှောက်ထား လိုက်သောအခါ ရှင်ဒေဝဒတ်ရော ဘိက္ခုနီမများပါ သဘောတူကြပြီး ချက်ချင်းပင် အပို့လွှတ်လိုက်လေတော့သည်။

*

ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ဘုရားရှင်ကို အဆင်သင့်တွေ့ရ၍ မယ်ဘိက္ခု အား ဘုရားရှင်ထံအပ်နှံပြီး ပြန်သွားကြသည်။ ဘုရားရှင်က မယ်ဘိက္ခုကို တွေ့သောအခါ မယ်ဘိက္ခု၏ သီလစင်ကြယ်ပုံနှင့် လူ့ဘဝကပင်ပါလာသော ပဋိသန္ဓေဖြစ်ကြောင်း သိတော်မူသည်။ သို့ရာတွင် မိမိတစ်ပါးတည်း သိရုံနှင့် ကိစ္စမပြီး၊ ရဟန်းအများ၊ လူအများ နားရှင်း အမြင်ရှင်းဖို့လိုသည်။

ထို့ထက်ကား မယ်ဘိက္ခု၏ ဝမ်းဝယ် ကိန်းအောင်းလျက်ရှိသော ပဋိသန္ဓေမှာ သာမန် ပဋိသန္ဓေမဟုတ်။ ကျွတ်တမ်းဝင်မည့် ပစ္ဆိမဘဝိက နောက်ဆုံးဘဝရှင် ကုမာရကဿပဖြစ်ကြောင်း သိတော်မူခြင်းပင် ဖြစ်ပေ၏။ ထို့ကြောင့် နေ့ညမဆိုင်းပင် ဝိနည်းတေဒဂ်အရှင် ဥပါလိထေရ်အား တရားသူကြီးအဖြစ် ခန့်ထားပြီးလျှင် လူ့ဘဝကရလာခဲ့သည့် ပဋိသန္ဓေ ဟုတ် မဟုတ်ကို စစ်ဆေးခိုင်းသည်။

ရှင်ဥပါလိ တစ်ပါးတည်းဖြင့်လည်း မပြီးသေးပေ။ အမျိုးသမီးတို့၏ အတွင်းရေးကိစ္စဖြစ်ရာ သားသမီးများစွာတို့၏ မိခင် ဝိသာခါ ဒါယိကာမကြီးနှင့်အဖွဲ့ သက်သေအဖြစ် ထင်ရှားစေရန် ဘပည့်တပန်း အခြေအရံများသော အနာထပိဏ်၊ စူဠ အနာထပိဏ်တို့အား ခေါ်စေပြီးလျှင် တင်းထိမ်များကာရံစေပြီးလျှင် စစ်ဆေး စေသည်။ သို့နှင့် မယ်ဘိက္ခု၏ ပဋိသန္ဓေမှာ လူ့ဘဝကပင်ပါလာသော ပဋိသန္ဓေ ဖြစ်ကြောင်း အဆုံးအဖြတ်ထွက်လာပြီးနောက် ဘိက္ခုနီကျောင်းသို့ ပို့စေသည်။

သို့နှင့် ရက်ပိုင်းအတွင်းမှာပင် ကုမာရကဿပအလောင်း သားတော်လေးကို ဖွားမြင်သည်။

ဤသူငယ်ကား သာမန်ပုဂ္ဂိုလ်မဟုတ်၊ ကဿပဘုရားရှင် လက်ထက်ကတည်းက ကျားကုတ်ကျားခဲ တရားကျင့်လာခဲ့သော ပါရမီဓာတ်ခံ ရှိခဲ့သူဖြစ်ပေသည်။

ကဿပဘုရားရှင် လက်ထက်တော်တွင် စိတ်တူသဘောတူ ရဟန်းခုနစ်ပါး အဖွဲ့သည် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ တောင်ကလပ်တစ်ခုသို့တက်ကာ မဂ်ပေါက် ဖိုလ်ပေါက် မရောက်သမျှ ဆွမ်းမစားကြစတမ်းဟူသော အဓိဋ္ဌာန်ဖြင့် တရားကျင့်သုံးခဲ့ကြသည်။

တောင်ကလပ်ဖြစ်သောကြောင့် တောင်ပေါ်သို့ ရိုးရိုးတက်၍ မရ။ လှေကား ထောင်၍ တက်ကြရသည်။ တောင်ပေါ်သို့ ရောက်ကြသောအခါ မထေရ်ကြီးက 'တပည့်တော်တို့သည် တရားထူးမရသမျှ၊ ဆွမ်းခံရာသို့ ဈာန်ဖြင့်မကြွနိုင်သေးသမျှ လွတ်လွတ်ကျွတ်ကျွတ် တရားအားထုတ်ရန် တောင်ပေါ်သို့ ရောက်လာကြပြီ၊ မိမိအသက်ကို ပဓာနထားသူများပါရှိခဲ့လျှင် ယခုပင် ပြန်ကြွနိုင်ကြပါသည်'ဟု နောက်ဆုံးစကားအဖြစ် ကြေညာလိုက်သောအခါ မည်သူမျှ မပြန်။ မထေရ်ကြီးနှင့် တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်ပါကြောင်း လျှောက်ထားပြီးသည်နှင့် တစ်ပြိုင်နက် တက်လာခဲ့သော လှေကားကို တွန်းလှန်ဖြုတ်ချလိုက်တော့သည်။

ခုနစ်ရက်အကြာတွင် မထေရ်ကြီး ရဟန္တာဖြစ်၍ မြို့ရွာသို့ဈာန်ဖြင့် ဆွမ်းခံကြွရောက်ပြီး ရလာသောဆွမ်းကို ဓမ္မမိတ်ဆွေ ခြောက်ပါးအား ကျွေးသောအခါ ခြောက်ပါးစလုံးကပင် 'တပည့်တော်တို့သည် ဈာန်ရပုဂ္ဂိုလ်တစ်ပါးက ရလာသော ဆွမ်းကို စားကြစတမ်းဟူသော ကတိစကား မရှိခဲ့ပါ၊ တပည့်တော်တို့ကိုယ်တိုင် ဆွမ်းခံ၍ မစားနိုင်သေးသမျှ မည်သူ့ဆွမ်းကိုမျှ မစားကြပါ'ဟု လျှောက်ထားကြသည်။ ဈာန်ရကိုယ်တော်အဖို့ သင့်လျော်ရာသို့ ကြွသွားရပေတော့သည်။

နောက်တစ်ပါးသည် အနာဂါမ်၏ အဆင့်သို့ရောက်၍ အလားတူ ဆွမ်းခံကျွေးသော်လည်း ယခင်အတိုင်း ငြင်းဆိုကာ ကိုယ့်တရားကိုယ်သာ အပြင်းအထန် ပွားများနေကြသည်။ အနာဂါမ်ရဟန်းသည်လည်း လက်လျှော့ကာ သင့်လျော်ရာသို့ ကြွသွားပြီး အနာဂါမ်အဖြစ်ဖြင့်ပင် ပျံလွန်သောအခါ ဗြဟ္မာအဖြစ်သို့ ကူးပြောင်းသွားသည်။

ကျန်ငါးပါးတို့အဖို့ တရားထူးမရနိုင်ဘဲ ဆွမ်းကွမ်းပြတ်ကာ ပျံလွန်တော်မူကြရာသည်။ ယင်းငါးပါးအနက် တစ်ပါးသည်ကား အရှင်ကုမာရကဿပပေတည်း။

သာဝတ္ထိပြည်ရှင် ဘုရင်ကောသလသည် ဝိသာခါတို့ အနာထပိဏ်တို့လို ဇေတဝန်တို့၊ ပုဗ္ဗာရုံတို့သို့ နေ့စဉ်မရောက်သော်လည်း ရံဖန်ရောက်တတ်သည်။ ဘုရားရှင်ထံ ဖူးတွေ့ပြီးလျှင် ဘိက္ခုနီမတို့ ကျောင်းသို့လည်း ရောက်တတ်သည်။ တရားဟောကောင်းသော လုလ္လနန္ဒာ ဘိက္ခုနီမ၏ တရားကို နာတတ်သည်။

ယခုတစ်ခေါက် ဘိက္ခုနီမတို့ကျောင်းသို့ ရောက်သောအခါ ဘိက္ခုနီမတို့ အကြားမှ ထူးခြားသောအသံတစ်ခုကိုကြားရ၍ ဘုရင် အံ့အားသင့်ရသည်။ ယင်း အသံကား မယ်ဘိက္ခုနီ၏ သားကလေး ငိုသံပင် ဖြစ်၏။

'ဟဲ့ ဟဲ့ ကလေးငိုသံပါလား၊ ဘိက္ခုနီမကျောင်းနဲ့ ကလေးငိုသံနဲ့ ဘာဆိုင်လို့လဲ၊ ဘယ်လိုဖြစ်ကြတာလဲ'

'မှန်လှပါ၊ ဘိက္ခုနီမတစ်ယောက်ရဲ့ သားကလေးပါ၊ လူ့ဘဝက ကိုယ်ဝန် ပါလာပြီး ဘိက္ခုနီမဘဝရောက်မှ မွေးပါတယ် ဘုရား'

'ဟယ် ဖြစ်မှဖြစ်ရလေ၊ ဒီမွေးကင်းစကလေးလေးနဲ့ ဘိက္ခုနီမတွေအကြားမှာ ဘယ်ဖြစ်မလဲ၊ ကဲ ငါမွေးမယ်၊ ဒီကလေးကို သွားခေါ်ချေကြ'

ဘုရင်ကိုယ်တိုင် မွေးမည်ဆိုတော့ အားလုံးကပင် ဝမ်းမြောက်ကြသည်။ ဝမ်းမမြောက်နိုင်သူမှာကား သားသည်အမေ မယ်ဘိက္ခုနီပင် ဖြစ်သည်။

မိမိသည် မိနှင့်ဖကိုလည်း သံယောဇဉ် မကြီးလှ၊ သူဌေးသမီးဖြစ်ပါလျက် စည်းစိမ်ဥစ္စာ ရတနာရွှေငွေတို့လည်း သံယောဇဉ်ဖြတ်နိုင်ခဲ့သည်။ လင်ဆိုသည်ကတော့ မိဘပေးစား၍သာ ဓမ္မတာအရ ယူခဲ့ရသည်၊ နည်းနည်းလေးမျှ သံယောဇဉ်မရှိ။ ဒီသားလေးအပေါ်တွင်တော့ သံယောဇဉ် ကြီးမားလှသည်။

သို့သော် ဘုရင်ကိုယ်တိုင်မွေးစားမည်ဆိုတော့ သားကလေး ချမ်းချမ်းသာသာ နှင့် နေရမည်။ ဒီသားအတွက် မိမိသာမဟုတ်၊ အခြားသော ဘိက္ခုနီမယ်များ အဖို့လည်း တရားဘာဝနာ အလုပ်ပျက်ပြားကာ အလုပ်များကြရသည်မှာလည်းအမှန်။ သည်တော့ အများကောင်းကျိုး၊ သားကောင်းကျိုးအတွက် မိမိသံယောဇဉ်ကို ကြိုးစား၍ ဖြတ်လိုက်ရပေတော့သည်။

*

ကြိုးစား၍ဖြတ်သော်လည်း မပြတ်။ နန်းတွင်းနန်းပြင် လူချင်းသာ အနေဝေးခဲ့ သော်လည်း သားသံယောဇဉ်ကတော့ မပြတ်။ သို့သော် နန်းတော်ဝန်းကျင်တွင် တစ်နေ့မြင်ရနိုး၊ တစ်ရက်တွေ့ရနိုးဖြင့် တရစ်ဝဲဝဲနှင့်သာ နေခဲ့ရရှာသည်။ သားလေး၏ အမည်ကို 'ကုမာရ' ဟု မှည့်ခေါ်ကြောင်း၊ ကျန်းကျန်းမာမာနှင့် ပျော်ရွှင်စွာရှိကြောင်း စသော သတင်းကောင်းကလေးများကို တစ်ဆင့်စကား ကြားရခြင်းဖြင့်သာ တင်းတိမ် နေရတော့သည်။

ယင်းသို့လျှင် တစ်နှစ်တခြားဆိုသလို အသက်အရွယ် ကြီးပြင်းလာခဲ့ရာက တစ်နေ့သော် သား၏ သတင်းကောင်းတစ်ရပ်ကို ကြားသိလာရသောကြောင့် ဝမ်း မြောက် ဝမ်းသာ ဖြစ်ရသည်။ ယင်းသတင်းသည်ကား သားကလေးသည် ဘုရင့် ခွင့်ပြုချက်အရ သာသနာကော်ထမ်း ရဟန်းဘဝသို့ ကူးပြောင်းလာသည်ဟူသော သတင်းပင် ဖြစ်ပေ၏။

သားလေးသည် နန်းတော်တွင် ပျော်ရွှင်စွာ နေခဲ့ရာမှ တစ်နေ့သော် မိမိသည် ဘုရင့်သားတော်အစစ် မဟုတ်ကြောင်း၊ ဘိက္ခုနီမတစ်ဦး၏ သားဖြစ်ကြောင်း စသည်ဖြင့် ဇာတ်ရှုပ်ကို ကြားသိလာရသောအခါ ပင်ကိုအားဖြင့် တရားပါရမီဓာတ်ခံရှိသော ကုမာရအဖို့ သံဝေဂရပြီးလျှင် သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ကူးပြောင်းလိုကြောင်း ဘုရင်အားလျှောက်ထားလေရာ ကြည်ဖြူစွာပင် ခွင့်ပြုလိုက်သည် ဟူသော သတင်းပင် ဖြစ်ပေ၏။

ဤသတင်းကြားလျှင် ကြားချင်း သားဖြစ်သူကို တွေ့လိုဇောဖြင့် ဇေတဝန်သို့ သွားသောအခါ မတွေ့ရ။ သားဖြစ်သူ ကုမာရကဿပမထေရ်သည် လွတ်လွတ်ကျွတ်ကျွတ် တရားအားထုတ်ရန်အတွက် အန္ဓဝန်တောအုပ်သို့ ထွက်ခွာသွားပြီဟု သိရ၍ ရင်မောရပြန်၏။

အရှင်ကုမာရ ကဿပမထေရ်သည် အန္ဓဝန်တောအုပ်တွင် ဆယ့်နှစ်နှစ်တိုင်တိုင် တရားအားထုတ်ပြီးမှ ကဿပဘုရား လက်ထက်တော်တုန်းက တရားကျင့်ဖော်ကျင့်ဖက်ဖြစ်သော အနာဂါမ်ဗြဟ္မာကြီး အကူအညီဖြင့် တရားရကာ ရဟန္တာအဖြစ်သို့ ရောက်ပြီး ဘုရားရှင်ရှိတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်လာ၏။

ထိုအခါ မိမိအပေါ်တွင် သံယောဇဉ်ကြီးမားလှသော မိခင်ကြီးကို မြင်၏။ အကယ်ဆိုသော် မိခင်ကြီးသည် တရားပြည့်ဝသူဖြစ်၏။ သာသနာ့ဘောင်သို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက်လိုလိုပင် တရားထူးရကာ ရဟန္တာထေရီမယ် ဖြစ်နိုင်သူဖြစ်၏။ သို့ရာတွင် ရှင်ဒေ့ဝဒတ်၏ ကျောင်းတွင် အခြေတည်မှားခဲ့ရာမှ ရှုပ်ထွေးသော ဖြစ်ရပ်များ ဖြစ်ပေါ်လာကာ မိမိအပေါ်တွင် သံယောဇဉ်ကြီးမားခြင်းဖြင့် တရားမရနိုင်ခဲ့။ မိမိက ဖြတ်ပေးပါမှ ဤသံယောဇဉ်ကြိုးပြတ်ကာ ရဟန္တာအဖြစ်နှင့် ကြုံရပေတော့မည်ဟု မြင်တော်မူ၏။

နောက်တစ်နေ့တွင်ပင် အရှင်ကုမာရကဿပ ဆွမ်းခံကြွချိန်၌ လမ်းကွေ့တစ်ခုသို့ အရောက်တွင် မိခင်ကြီးနှင့် ပက်ပင်းတိုးသောအခါ မိခင်ကြီးက 'သား သား'ဟု ခေါ်ရင်း အရှင်ကုမာရကဿပ၏ ခြေအစုံကို အတင်းဝင်ဖက်သည်။

'မဖက်ပါနဲ့ ဒါယိကာမကြီး၊ မဖက်ကောင်းဘူး၊ ပြီးတော့ ဦးပဥ္စင်းဟာ အခု ဒါယိကာမကြီးရဲ့သား မဟုတ်တော့ဘူး၊ ဘုရားရှင်ရဲ့သား၊ သာသနာတော်ရဲ့ သား ဖြစ်နေပြီ'

'ရက်စက်လှချည်လား သားတော်မောင်ရယ်၊ အမေဟာ သားနဲ့ ကွဲကွာနေရတဲ့ ရက်အတွင်းမှာ မျက်ရည်နဲ့မျက်ခွက် တစ်ရက်မှ မပြတ်ခဲ့ပါဘူးကွယ်'၊

'အမေတို့ သားဆိုတဲ့ စကားတွေဟာ သံယောဇဉ်စကားတွေပဲ ဒါယိကာမကြီး၊ ဒီသံယောဇဉ် စကားတွေ၊ သံယောဇဉ် စိတ်ထားတွေ မပြတ်သမျှကာလပတ်လုံး

ဒါယိကာမကြီးကို ပရိဒေဝဆိုတဲ့မီး တောက်လောင်နေမှာပဲ'ဟု အသံခပ်ပြတ်ပြတ်နှင့် မိန့်ဆိုကာ အရှင်ကုမာရကဿပမထေရ် လှမ်းထွက်၍လာခဲ့၏။

ယင်းသို့ အရှင်ကုမာရမထေရ်က မေတ္တာ၏ အရိပ်အယောင်ဟူ၍ လုံးဝမပြ၊ မေတ္တာစကားဆို၍လည်းတစ်ခွန်းမျှမပြောဘဲ ခပ်မာမာခပ်တန်းတန်းဖြင့် ထွက်ခွာသွားသောအခါ မယ်ဘိက္ခုနီအဘွားကြီးအဖို့ အံ့အားသင့်ရင်းငေးငိုင်၍ ကျန်ရစ်ခဲ့၏။ လောကကြီးမှာ ရေစုန်သာရှိတယ်၊ ရေဆန်မရှိဘူးဆိုတဲ့ စကားဟာ တယ်မှန်ပါကလား၊ ပြီးတော့ သားဆိုတဲ့ သံယောဇဉ်၊ အမေဆိုတဲ့ သံယောဇဉ်တွေကြောင့် ပရိဒေဝဒုက္ခမီး တောက်လောင်ရတယ်ဆိုတဲ့ တရားစကားကလဲ တယ်မှန်ပါကလား စသည်ဖြင့် တွေးတောရင်းလည်း ငေးငိုင်ကျန်ရစ်ရှာ၏။

မယ်ဘိက္ခုနီသည် ငယ်စဉ်ကပင် တရားစရိုက်ဖြင့် မွေးလာခဲ့သူဖြစ်၏။ အပျိုဘဝကပင် သာသနာတော်သို့ ဘိက္ခုနီအဖြစ်ဖြင့် ဝင်ရောက်ကာ တရားကျင့်လိုလှသောကြောင့် မိဘများကိုပင် တရားဟောခွင့် တောင်းလာခဲ့သူဖြစ်၏။ လင့်ထံရောက်မှ ခွင့်တောင်း၍ရသည်။ ယခု မိမိသားက မိမိကိုပြန်၍ တရားဟောနေပါပေါ့ကလား။

သို့သော် သားသံယောဇဉ်ကတော့ မပြတ်နိုင်သေးပေ။ ကေပုတ္တမနုရက္ခေ တစ်ယောက်တည်းသောသား၊ ဘုရားရှင်ကတောင်မှ စံထား၍ ဟောကြားအပ်သောမိခင်မေတ္တာဖြစ်၍ မပြတ်နိုင်။ သားကလေးမျက်နှာကို ကြည့်ချင်လှသည်၊ မြင်ချင်လှသည်။ ထို့ကြောင့် နောက်နေ့နံနက်တွင်လည်း သားမောင် ဆွမ်းခံကြွလာရာလမ်းအတိုင်း ငေးမျှော်၍ စောင့်သည်။

စောင့်ရာ၌ ရုတ်ခြည်းထွက်၍ မသွားနိုင်ရန် ရှင်ကုမာရ ကဿပ၏ အလာလမ်းကိုပိတ်၍ စောင့်သည်။ သို့ရာတွင် သား၏ မျက်နှာကို တွေ့မြင်ရသည်ကတော့ ရီးရီးမဟုတ်။ ခက်ထန်လှသည်။ သားသည် တစ်စုံတစ်ရာသော အကြောင်းကြောင့် မျက်နှာပျက်လာသည်ဟု တွေးရ၏။

'သား လူကလေး၊ ငါ့သားမျက်နှာက တစ်မျိုးဖြစ်နေပါလား၊ ဘာများအလိုမကျတာ ရှိနေပါလိမ့်' ဟု စကားစလိုက်ရုံရှိသေး။ ရှင်ကုမာရကဿပက 'ဘာအလိုမကျရမှာလဲ၊ ခင်ဗျားကို အလိုမကျတာပေါ့၊ ခင်ဗျားဟာ သက်ရှယ်ကြီးရင့်လို့ဆံပင်တောင်ဖြူနေပြီ၊ ဒီအသက်အရွယ်ထိအောင် တရားမရနိုင်သေးဘူးလား၊ သားသားနဲ့ တစ်သားတည်း သားနေတာပဲ' ခပ်ထန်ထန်ပြောလိုက်ကာ မိခင်ကြီးအားကွေ့ရှိက်၍ ထွက်ကြွသွားလေသည်။

ထိုအခါကျမှ မယ်ဘိက္ခုနီအဖို့ ရုတ်တရက်လန့်ဖျပ်ကာ သတိတရားဝင်လာသည်။ မှန်လှပေ၏။ မိမိကသာ သားတည်းဟူသော သံယောဇဉ်ဖြင့် နေ့ညမစဲ မျက်ရည်တဝဲဝဲနှင့် နေခဲ့ရသည်။ သူကတော့ မိခင်ဟူ၍ပင် အမှတ်ရဟန်မတူ။ စိမ်းစိမ်းကားကား စကားတွေသာပြောသည်။ 'ကဲ မောင်ပဥ္စင်းရေ မင်းက ဒါလောက်

## နောင်တ သခင်

ကျွန်ုပ်၏ အမည်ကို ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိဝင်တိုင်းပင် သိကြပါ၏။ အကြောင်းမူကား ဘုရားရှင်၏ ရန်သူများအနက် ကျွန်ုပ်သည် ထိပ်ဆုံးတန်းမှ တတိယနေရာလောက်တွင် နေခဲ့သူဖြစ်သောကြောင့် ဖြစ်ပါ၏။

ဘုရားရှင်ဘက်မှကြည့်လျှင် သတ္တဝါမှန်သမျှ သားတော် ရာဟုလာအလား မဟာကရုဏာတရား တစ်သားတည်းထားသူ ဖြစ်သောကြောင့် ရန်သူဟူ၍ မရှိသော်လည်း ကျွန်ုပ်တို့ဘက်မှနေ၍ လောက ဝေါဟာရအားဖြင့်သာ 'ရန်သူ'ဟူသော စကားကို သုံးလိုက်ရခြင်း ဖြစ်ပါသည်။

ဘုရားရှင်၏ ထိပ်ဆုံးရန်သူ အမှတ်တစ်ကို ရွေးပါဆိုလျှင် သင်သည် ရှင်ဒေဝဒတ်ကို ရွေးရပေလိမ့်မည်။ ကျွန်ုပ်အနေဖြင့်မူ မာရ်နတ်ကြီးကို ထိပ်ဆုံးမှထား၏။ အကြောင်းမူကား မာရ်နတ်သည် ဘုရားရှင်ကို ဘုရားမဖြစ်မီကပင် တိုက်ခိုက်လာခဲ့သူဖြစ်သည်။ ထို့နောက် ဘုရားရှင်သက်တော်တစ်လျှောက်လုံးတွင်သာမက ပရိနိဗ္ဗာန်စံဝင်သည်ကိုင်အောင်ပင် တိုက်ခိုက်ခဲ့သူဖြစ်၏။

ဘုရားရှင်ကိုသာမက ဘုရားရှင်၏ ဘက်တော်သား တပည့်သား သံဃာတော်များနှင့် တရားရှင်တို့ကို ယနေ့တိုင်ပင် တိုက်ခိုက်နေသူဖြစ်သည်။

သိဒ္ဓတ္ထမင်းသား တောထွက်သည်ဆိုလျှင်ပင် မာရ်နတ်က မြို့တံခါးမှ တားသည်၊ ဘုရားအဖြစ်သို့ ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို တိုက်သည်။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို တိုက်သည်ဆိုသော်လည်း စင်စစ် ဘုရားရှင်၏ အသက်တော်အထိ တိုက်ခိုက်ခြင်း ဖြစ်၏။ ထို့နောက် ဘုရားရှင် သက်တော်တစ်လျှောက်လုံး၌ပင် အနှောင့်အယှက်မျိုးစုံ ပေးခဲ့သည်။

ဝေရဉ္စာတိုင်းတွင် ဘုရားရှင်အား ဆွမ်းတော်ပြတ်အောင် ပြုလုပ်ခဲ့သည်။ ဤသည်ကား သတ္တဝါမှန်သမျှတို့အတွက် အရေးအကြီးဆုံးဖြစ်သော အာဟာရ

# နောင်တ သခင်

ကျွန်ုပ်၏ အမည်ကို ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိဝင်တိုင်းပင် သိကြပါ၏။ အကြောင်းမူကား ဘုရားရှင်၏ ရန်သူများအနက် ကျွန်ုပ်သည် ထိပ်ဆုံးတန်းမှ တတိယနေရာလောက်တွင် နေခဲ့သူဖြစ်သောကြောင့် ဖြစ်ပါ၏။

ဘုရားရှင်ဘက်မှကြည့်လျှင် သတ္တဝါမှန်သမျှ သားတော် ရာဟုလာအလား မဟာကရုဏာတရား တစ်သားတည်းထားသူ ဖြစ်သောကြောင့် ရန်သူဟူ၍ မရှိသော်လည်း ကျွန်ုပ်တို့ဘက်မှနေ၍ လောက ဝေါဟာရအားဖြင့်သာ 'ရန်သူ'ဟူသော စကားကို သုံးလိုက်ရခြင်း ဖြစ်ပါသည်။

ဘုရားရှင်၏ ထိပ်ဆုံးရန်သူ အမှတ်တစ်ကို ရွေးပါဆိုလျှင် သင်သည် ရှင်ဒေဝဒတ်ကို ရွေးရပေလိမ့်မည်။ ကျွန်ုပ်အနေဖြင့်မူ မာရ်နတ်ကြီးကို ထိပ်ဆုံးမှထား၏။ အကြောင်းမူကား မာရ်နတ်သည် ဘုရားရှင်ကို ဘုရားမဖြစ်မီကပင် တိုက်ခိုက်လာခဲ့သူ ဖြစ်သည်။ ထို့နောက် ဘုရားရှင်သက်တော်တစ်လျှောက်လုံးတွင်သာမက ပရိနိဗ္ဗာန် စံဝင်သည်တိုင်အောင်ပင် တိုက်ခိုက်ခဲ့သူဖြစ်၏။

ဘုရားရှင်ကိုသာမက ဘုရားရှင်၏ ဘက်တော်သား တပည့်သား သံဃာတော်များနှင့် တရားရှင်တို့ကို ယနေ့တိုင်ပင် တိုက်ခိုက်နေသူဖြစ်သည်။

သိဒ္ဓတ္ထမင်းသား တောထွက်သည်ဆိုလျှင်ပင် မာရ်နတ်က မြို့တံခါးမှ တားသည်။ ဘုရားအဖြစ်သို့ ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို တိုက်သည်။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို တိုက်သည်ဆိုသော်လည်း စင်စစ် ဘုရားရှင်၏ အသက်တော်အထိ တိုက်ခိုက်ခြင်း ဖြစ်၏။ ထို့နောက် ဘုရားရှင် သက်တော် တစ်လျှောက်လုံး၌ပင် အနှောင့်အယှက်မျိုးစုံ ပေးခဲ့သည်။

ဝေရဥ္စာတိုင်းတွင် ဘုရားရှင်အား ဆွမ်းတော်ပြတ်အောင် ပြုလုပ်ခဲ့သည်။ ဤသည်ကား သတ္တဝါမှန်သမျှတို့အတွက် အရေးအကြီးဆုံးဖြစ်သော အာဟာရ

ကိစ္စတွင် အကြီးဆုံးသော အနှောင့်အယှက် ပြုလုပ်ခဲ့ခြင်းဖြစ်၍ ဆွမ်းတော်ပြတ်အောင် ပြုလုပ်ခဲ့သည့် ရံဖန်ကိစ္စတို့ များပြားစွာ ရှိပေသေး၏။ အရှင်မောဂ္ဂလာန်၏ ဦးခေါင်းကို တင်းပုတ်ဖြင့် ထုသည်။ အရှင်သာရိပုတ္တရာ၏ ဝမ်းတွင်းသို့ပင် ဝင်၍ နှောင့်ယှက်သည်။ ယင်းသို့ဖြင့် ရန်သူမာရ်နတ်ကြီး၏ ပြုမူချက်တို့မှာ များပြားလှစွာသည်။

ထို့ကြောင့် ဘုရားရှင်၏ ထိပ်ဆုံးရန်သူသည် မာရ်နတ်ကြီးဖြစ်၍ ဒုတိယရန်သူနေရာကို ရှင်ဒေဝဒတ်က ယူသည်။ အကြောင်းမှာ ရှင်ဒေဝဒတ်သည်ဘုရားရှင်၏ ရန်သူဖြစ်သော်လည်း မာရ်နတ်ကြီးကဲ့သို့ တန်ခိုးရော အသက်ပါ ကြီးမားရှည်ကြာသူ မဟုတ်။ သူ၏ တိုတောင်းသော ဘဝနောက်ပိုင်းတစ်လျှောက်တွင်သာ အနှောင့်အယှက် ပေးနိုင်ခဲ့သူဖြစ်၏။

သံဃာကို သင်းခွဲသည်၊ ဘုရားရှင်၏ တရားတော်ကို နည်းမျိုးစုံဖြင့် ချေဖျက်သည်၊ ဤမျှသာမက ဝေဘာတောင်စောင်းမှ ကျောက်မောင်းဆင်လိုမ့်ချကာ ဘုရားရှင်၏ အသက်တော်အထိ တိုက်ခိုက်သည်။

ဤမျှဆိုလျှင် ဘုရားရှင်၏ တတိယရန်သူကို စဉ်းစားနိုင်ကြဖို့ ရှိပါပြီ။ ကျွန်ုပ်သည် ကျွန်ုပ်၏ အမည်ကို ဖွင့်ဖော်လိုက်ရသည်ကို ရှက်လှသောကြောင့် ဤမျှ သွယ်ဝိုက်အကြောင်းပြနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏ အမည်ကား အဇာတသတ်ပါတည်း။

ကျွန်ုပ်သည် ဘုရားရှင်၏ ရန်သူ ရှင်ဒေဝဒတ်၏ ဘက်တော်သား ဖြစ်ခဲ့ရပါ၏။ ဖြစ်သည့်အလျောက် ကျွန်ုပ် ဘုရင်ဖြစ်လာသောအခါ ကျွန်ုပ်၏ ဖခင် ကျောင်းဒကာ၊ ဘုရားဒကာကြီးလက်ထက်က ဘုရားရှင်နှင့် သံဃာတော်များအပေါ်၌ လေးစား ဂရုပြုခဲ့မှု မှန်သမျှကို ကျွန်ုပ်၏ လက်ထက်တွင် ဖြတ်တောက်ပစ်ခဲ့၏။ ရှင်ဒေဝဒတ်၏ အကြံပေးချက်အရ ဘုရားရှင်ကို ဆင်ဖြင့် တိုက်စေခဲ့မိပါ၏။ ထိုမျှမက ဘုရားရှင်၏ ဒါယကာ ကျွန်ုပ်၏ ဖခင်ကြီးကို ထောင်သွင်း အကျဉ်းချထားစေကာ အစာအာဟာရဖြတ်ခြင်းဖြင့် သတ်စေခဲ့မိပါ၏။ သို့ဖြင့် ကျွန်ုပ်သည် ဘုရားရှင်၏ ထင်ရှားသော ရန်သူတစ်ဦးအဖြစ်သို့ ရောက်လာခဲ့ရသည် မှန်ပါ၏။

သို့ရာတွင် ကျွန်ုပ်သည် ဤမျှဆိုးရွားသော ဘဝမျိုးသို့ အဘယ့်ကြောင့် ရောက်ခဲ့ရသည်ကို ကျွန်ုပ်ဘက်မှနေ၍ စဉ်းစားနှိုင်းချိန်ဖွယ်ရာများကို တင်ပြလိုပါသည်။

လူသတ္တဝါတို့သည် မိမိတို့နှစ်လိုသူကို ပင့်မြှောက်စဉ်းစား၍ မနှစ်လိုသူကို ရှုတ်ချ နှိမ်ချ စဉ်းစားတတ်ခြင်းမှာ သဘာဝဖြစ်ပါ၏။ သို့ရာတွင် လူ့ဘဝ၏ ရှုပ်ထွေးပွေလီလှသော လောကီထုပ္ပတ် လူတို့ဇာတ်၌ လူဆိုးများသည်လည်း အဘယ့်ကြောင့် ဆိုးရွားကြသည်ကို သူတို့ဘက်မှ စဉ်းစားသင့်ပါသေးသည်။

လူတို့တွင် မျိုးရိုးဗီဇဟူသော အစဉ်အလာတစ်ရပ်၊ စကားတစ်ရပ်ရှိ၏။ အဓိပ္ပာယ်မှာ အကြင်သူတစ်ယောက်သည် ငှက်ပျောပင်စိုက် မိလိုက် ဖပါ ဟူသော

စကားအရ ယင်းမျိုးရိုးဗီဇကိုလိုက်၍ ဖြစ်ပွားတတ်သည်ဟူ၍ ဖြစ်၏။ ကျွန်ုပ်၏ မျိုးရိုးဗီဇမှာ အဘယ်နည်း အဘယ်ပုံဟု ရှည်ရှည်ဝေးဝေးကို အပထားဦး၊ ကျွန်ုပ်သည်ကား မိခင်ဖြစ်သူ၏ ရနံ့ရင်းသော နို့ရည်ကိုစို့၍ ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ အဘယ်ပုံ ရနံ့ရင်းပါသနည်း။

ကျွန်ုပ်ကို ဖခင် ဗိမ္ဗိသာရ ဘုရင်နှင့် မိခင် ဝေဒေဟီမိဖုရားတို့မှ မွေးဖွားခဲ့သည်ကို သိကြပြီးဖြစ်ပါ၏။ ဘုရင့်သားတော်ပင်ဖြစ်စေဦးတော့ သူများတကာဆိုလျှင် မွေးဖွားလာပြီဆိုမှ ထိုကလေး၏ ဇာတာကို ရွှေဘုံနိဒါန်း ထုံးတမ်းစဉ်လာအရ ပုဏ္ဏားဖြူ ပုဏ္ဏားညိုခေါ် ဘုရင့်ပညာရှိများက စစ်ဆေးဟောကြားကြရသည်။ ဘုရားရှင်ပင်လျှင် သိဒ္ဓတ္ထမင်းသားကလေး ဖွားမြင်လာသည့်အခါတွင်မှ အရှင့်သားသည် လောကသုံးပါးတွင် ဘုရားသော်လည်းကောင်း၊ စကြဝတေးမင်းသော်လည်းကောင်း ဖြစ်ပါလိမ့်မည်။ သို့ဒတ္တဗြာဟ္မဏကမူ စကြဝတေးမဖြစ်၊ ဘုရားစင်စစ်ကေန်ဖြစ်ပါလိမ့်မည်ဟူ၍လည်းကောင်း စသည်ဖြင့် ဟောကြားကြသည်။

ကျွန်ုပ်ကိုမူ ထီးမွေနန်းမွေခံလိုချင်လွန်းသော ဖခင်ကြီးက စိတ်စောမှုလွန်ကဲပြီး ပဋိသန္ဓေဘဝကပင် ဟောကြားစေခဲ့၏။ ထိုအခါ ပုဏ္ဏားဖြူ ပုဏ္ဏားညိုဆိုသော ဗြာဟ္မဏ ဆရာကြီးတို့က ဤသန္ဓေသားသည် ထီးမွေနန်းမွေ ခံမည် မခံမည်ကို ထားဦး၍ မွေးဖွား၍ လူလားမြောက်သည်နှင့် တစ်ပြိုင်နက် ဖခင်ကို သတ်မည့်ယောကျ်ား ကေန်ဖြစ်ပါလိမ့်မည်ဘုရားဟု ဟောကြားလျှောက်ထားကြသည်ဆို၏။

မှန်မည်၊ မမှန်မည် အနာဂတ်ကိစ္စကိုထားဦး၍ အဘယ်မျှ ရနံ့ရင်းရက်စက်သော ဟောကြားချက်ပါနည်း။

ဗြာဟ္မဏတို့သည် သူတို့ပညာ၊ သူတို့အမြင်အရ အမှန်အတိုင်းဟောသည် မဟောသည် ထားဦး၍ ဤမျှရနံ့ရင်းသော ဟောပြောချက်၏ နောက်ကွယ်တွင် လျှို့ဝှက်သောအကြောင်းရပ် ရှိလိမ့်မည်ဟု ကျွန်ုပ် စဉ်းစားသည်။ သူတို့သည် ကျွန်ုပ်၏ မိခင်ကို မကျေနပ်သလော၊ ဖခင်ဘုရင်ကို မနှစ်သက်သလော၊ ထို့ထက် ရနံ့ရနံ့ရင်းရင်း တစ်ဆင့်တက်၍ စဉ်းစားမိလာပြန်သည်ကား ကျွန်ုပ်သည် ဗိမ္ဗိသာရ ဘုရင်၏ သွေးသားမှ ဟုတ်ပါလေ၏လော။

ယင်းသို့ စဉ်းစားမိခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ စဉ်းစားနိုင်ဖွယ်ရာ အကြောင်းများ ရှိပါ၏။

နန်းတော်တို့သည် ကာမဂုဏ်အရေးတို့ဖြင့် ရှုပ်ထွေးလေ့ရှိတတ်ကြ၏။ မဟောသဓဇာတ်တော်၌ စူဠနီ ဗြဟ္မဒတ်မင်း၏ မိခင် စလာကဒေဝီသည် မြင်မြင်ကရာ နန်းတော်သားတို့နှင့် ရှုပ်ထွေးသူဖြစ်ခဲ့၏။ အလားတူပင် ရှုပ်ထွေးသော ဘုရင့် မိဖုရားများစွာတို့၏ အကြောင်းရပ် မျိုးစုံတို့ကို ထိုထိုနိပါတ်တော် ဇာတ်တော်များ အရ သိရသည်။

အကြောင်းမှာလည်း ဝေဒဆရာ ဗြာဟ္မဏကြီးတို့သည် ယင်းသို့အဆိုးကို ဟောခဲ့သော်လည်း ယင်းအဆိုးကို ပြေပျောက်ဒစေနိုင်သော ယတြာကိန်းခန်းကိုမူကား မဟောခဲ့၊ မပေးခဲ့။ ဝေဒပညာဟူသည် အဆိုးကို မလွှဲသာ၍ ဟောပြောရလျှင် ယင်းအဆိုးကို ပြေပျောက်စေသော ယတြာကိန်းခန်းဟူသည် ရှိမြဲဖြစ်၏။ သို့ရာတွင် မပေးခဲ့၊ မဟောခဲ့။ သူ တို့သည် ကျွန်ပ်တည်းဟူသော သန္ဓေသားကို အကြောင်း တစ်ခုခုကြောင့် ချေဖျက်ပစ်လိုကြသလော။

သန္ဓေထက်ပင် လင်ကိုချစ်သော ကျွန်ုပ်၏ မိခင်ကမူ သူတို့ ဟောပြောချက်အရ ကျွန်ုပ်တည်းဟူသော သန္ဓေသားကို နည်းမျိုးစုံဖြင့် ချေဖျက်ပစ်ခဲ့၏။ သန္ဓေကို ကျစေသော ဆေးပူဆေးခါးများကို စားသည်၊ ကြိုးခုန်သည်၊ထိုမှုမက အနိုပ်သည်တို့ဖြင့် နှိပ်နယ် သတ်ဖြတ်ပစ်စေသည်။ သို့ရာတွင် ကျွန်ုပ် မသေ။

သို့နှင့် မွေးဖွားလာသောအခါ ကျွန်ုပ်၏ အမည် မှည့်ပုံကိုလည်း ကြည့်ပါဦး။ အဇာတောယေဝရညောသတ္တုရု- မမွေးဖွားမိကပင် ဖခင်ကို သတ်သောသား၊ အဇာတသတ် တဲ့လေ။

ဆရာဒေဝဒတ်၏အကြံပေးချက်အရ ကျွန်ုပ်ဘက်မှမူ ဖခင်ကြီးကို နန်းမှချပြီးနောက် ကျွန်ုပ် ဘုရင်ဖြစ်လာခဲ့ပေပြီ။ သို့သော် နန်းမှချရုံဖြင့် မလုံလောက်သေး။ ထောင်အတွင်း အကျဉ်းချထားရမည်ဟု ဆိုသောအခါ ကျွန်ုပ် ရှောရှောရှူရှူ သဘောမတူခဲ့ပေ။ အကြောင်းမှာ ဖခင်ကြီးသည် ကျွန်ုပ်ကို ချစ်၏။ မိခင်ထက် ဖခင်က ပို၍ချစ်ကြောင်း ကျွန်ုပ် သိသည်။

ဖခင်ဘုရင်ကြီးသည် ကျွန်ုပ်ကို နေရာတိုင်းလိုလို၌ အလိုလိုက်ခဲ့သည်။ သွားလေရာရာသို့ပင် ကျွန်ုပ်ကို တပူးတွဲတွဲ ခေါ်ဆောင်သွားလေ့ရှိသည်။ ထိုသို့ တပူးတွဲတွဲ ခေါ်ဆောင်သွားသည့်အနက် ကျွန်ုပ် အနှစ်ခြိုက်ဆုံးနေရာကား ဇောတိက သူဌေး၏ အိမ်ဂေဟာသို့ပင် ဖြစ်ပေသည်။

ဇောတိကသူဌေး၏ အိမ်ဂေဟာနှင့် စည်းစိမ်ဥစ္စာတို့ကား အံ့မခန်း ဆိုရလောက် အောင်ပင် ကြီးကျယ်ထူးခြားများပြားလှသည်။ ကျွန်ုပ်တို့ နန်းတော်ထက် အဆ ရာထောင် သာလွန်သည်။ သို့ရာတွင် ထိုဇောတိကဆိုသူကား ကျွန်ုပ်ဖခင် ဘုရင်ထံသို့ နေ့စဉ်လိုလို ဝင်ရောက်ခစားရသော ကျွန်ုပ်တို့ လက်အောက်ခံ တစ်ယောက်မျှ ဖြစ်သည်။ သို့ပါလျက် ဤစည်းစိမ်ကို ဖခင်ကြီး မယူရက်သည်မှာ ညံ့လေစွ။ ငါ ဘုရင်ဖြစ်သောအခါ အရယူမည်ဟု စဉ်းစားထားခဲ့သည်။

ရှင်ဒေဝဒတ် အကြံပေးချက်အရ ဖခင်ဘုရင်ကို ဆောတလျင် နန်းမှချရန် သဘောတူခဲ့သည်မှာ ဤဇောတိက၏ စည်းစိမ်အကြောင်းရပ်လည်း ပါ၏။

ဖခင်ဘုရင်ကြီးကို နန်းမှဖယ်ရှားသည့်ကိစ္စ၌ ကျွန်ုပ်သည် သံလျက်ကို ပေါင်တွင်ချပ်၍ ဖခင်ကြီးအနီးသို့ ဝင်ရောက်ခဲ့သည်မှာ ဖခင်ကြီးသည် ထီးနန်းစည်းစိမ်ကို ကျွန်ုပ်အား အလွယ်တကူပေးလိမ့်မည် မထင်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အလွယ်တကူပင် လွှဲပေးသည်ကို တွေ့ရသောအခါ ဖခင်၏ မေတ္တာကို ကျွန်ုပ် ပို၍ သိရသည်။

ဤမျှ မိမိကိုချစ်သော ဖခင်ကြီးအား နန်းတော်ဦးတွင် အေးအေးဆေးဆေး မနေစေဘဲ ထောင်အတွင်း အကျဉ်းချထားရမည်ဟူသော ရှင်ဒေဝဒတ်၏ အကြံပေးချက်ကို ကျွန်ုပ် ရုတ်ခြည်း သဘောမတူနိုင်ခဲ့ပေ။

'သင် မင်းသားက ငယ်သေးတော့ အကြောင်းမသိလို့ဟာပဲကိုး၊ ရှင်ကြီး ဂေါတမက သင်မင်းသားကို ထောင်အတွင်း အကျဉ်းချထားဖို့ *ထုသဇာတ်ကို ရေလာမြောင်းပေး ဟောခဲ့တဲ့အကြောင်း သင် မကြားဖူးဘူးလား'

'မကြားမိခဲ့ပါ'

'ဘယ်ကြားမလဲ၊ နန်းတော်တစ်ခုလုံးက ဘုရင်ကြီးရဲ့ လူတွေကိုး၊ သင်မင်းသား အကြောင်း မကောင်းဟောတဲ့ တရားကို သင့်အား ဘယ်မှာပြောပါ့မလဲ၊ အဲဒီဇာတ်က သင်မင်းသားလို ဖခင် ရန်သူဖြစ်မယ့်သားကို ဖခင်ကြီး မကွယ်လွန်မီအတွင်း ထောင်အတွင်း အကျဉ်းချစေခဲ့တဲ့ ဇာတ်ပဲ'

'နို့ပေမယ့် တပည့်တော်ကို အချဉ်းမှ ချမထားဘဲ'

'ဒါကတော့အချိန်မကျသေးလို့ အချိန်ကို စောင့်နေတာ ဖြစ်မှာပေါ့၊ ထီးနန်းစည်းစိမ်ဆိုတာ ဘယ်သူအလွယ်တကူလွှဲပေးမလဲ၊ ဒီမှာ မင်းသား၊ ရန်မီးဆိုတာ အကြွင်းမထားရဘူး'

ထိုစကားအရ ကျွန်ုပ်သည် ဖခင်ကြီးအား အကျဉ်းချထားစေလိုက်ရုံမက တစ်စတစ်စ အစာအာဟာရ ကင်းပြတ်စေသောနည်းဖြင့် ဖခင်ကြီး ကွယ်လွန်သည်အထိ မိုက်မှားမိခဲ့ပါသည်။

*(ငါ့ရာငါးဆယ်၊ ၃၊ စာ ၇၃၂ ထုသဇာတ်တော်)

*

ရှင်ကြီးဂေါတမ ကွယ်လွန်စေဖို့ ရှင်ဒေဝဒတ်က ဆင်ဖြင့်တိုက်သတ်ရန် အကြံကိုလည်း ကျွန်ုပ် အလွယ်တကူဖြင့် သဘောမတူခဲ့ပါ။

ဖခင်ကြီး ကွယ်လွန်စေခြင်းဖြင့် ကျွန်ုပ်ဘက်မှ ကျွန်ုပ်၏ တာဝန် ကျေခဲ့ပြီ ဖြစ်သော်လည်း ရှင်ဒေဝဒတ်သည် ရှင်ကြီး ဂေါတမကို သတ်ဖြတ်ဖို့ ကိစ္စအတွက်ကား ကျွန်ုပ်၏ အကူအညီကို တောင်းခံလာသည်။ ကျွန်ုပ် သိရှိရသလောက်မှာ ရှင်ဒေဝဒတ်သည် ရှင်ကြီးဂေါတမအား ကာယကံမြောက် ကိုယ်တိုင်သတ်ဝံ့ဖို့ မဆိုထားဘိ မျက်နှာချင်းမျှပင် မဆိုင်ရဲခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်ထံ အကူအညီ

တောင်းခဲ့သည်။ ထိုအကူအညီဟူသည်ကား ရာဇဂြိုဟ်ပြည်တွင်းသို့ ရှင်ကြီးဂေါတမ ဆွမ်းခံအလာတွင် နာဠာဂီရိဆင်ဖြင့် တိုက်အသတ်ခိုင်းရန်ပင် ဖြစ်ပေသည်။

ထိုအကြံအစည်ကို ကျွန်ုပ် အလွယ်တကူနှင့် သဘောမတူခဲ့ပေ။ အကြောင်းမှာ ရှင်ကြီးဂေါတမအပေါ်တွင် ဆင်နှင့်ပတ်သက်၍ စဉ်းစားဖွယ်ရာများ ရှိသောကြောင့် ဖြစ်ပေသည်။

ရှင်ကြီးဂေါတမသည် ဘုရားဖြစ်တော်မူစအချိန်တွင် မာရ်နတ်က ပလ္လင်လု တိုက်ပွဲ ဆင်နွှဲလာသည်။ ယင်းမာရ်နတ်၏ လက်ရုံးပေါင်း တစ်ထောင်တွေ ဘာတွေ ထားပါတော့၊ မာရ်နတ်စီး၍တိုက်သော အရာမှာ ဂီရိမေခလာ နတ်ဆင်ကြီးပင် ဖြစ်သည်။ ယင်းနတ်ဆင်ကြီးနှင့် မာရ်နတ်၏ အပေါင်းအပါအားလုံးပင် ရှင်ကြီး ဂေါတမ၏ တန်ခိုးတော်အောက်တွင် လွင့်စဉ် ရှုံးနိမ့်ခဲ့ရသည်ဟု ကျွန်ုပ် ကြားဖူး ထားသည်။

နာဠာဂီရိ အဘယ်မျှကြမ်းသည်၊ ဆိုးသည်ဆိုစေ ဂီရိမေခလာ နတ်ဆင်ထက် အဘယ်ပုံ ဆိုးနိုင်၊ ကြမ်းနိုင်ပါအံ့နည်း။ ရှင်ကြီးဂေါတမ၏ တန်ခိုးတော်ဖြင့် ဂီရိ မေခလာသည်ပင် လွင့်စဉ်ထွက်ပြေးရသည်ဆိုသော် နာဠာဂီရိဖြင့် ရှင်ကြီးဂေါတမကို အဘယ်ပုံ နိုင်ပါအံ့နည်း။ ဤသို့ ကျွန်ုပ် သံသယရှိသည်။

သို့ရာတွင် ရှင်ဒေဝဒတ်က 'ဂီရိမေခလာကို ရှင်ကြီးဂေါတမ နိုင်တယ်ဆိုတာ ဘယ်သူပြောတာတုံး၊ ဘယ်သူမြင်လို့လဲ'ဟု မေးသည်။

'ဘယ်သူမှတော့ မမြင်ဘူးပေါ့၊ ရှင်ကြီးဂေါတမရဲ့ တန်ခိုးနဲ့ပတ်သက်လာရင် ဒီလိုပဲ ပြောကြတာပဲ'

'မယုံနဲ့၊ နာဠာဂီရိဆင်ကို တစ်နေ့ အရက်ရှစ်လုံး တိုက်တယ်မဟုတ်လား၊ အဲဒီနေ့ကျရင်အရက် ၁၆ လုံးတိုက်ပြီး လွှတ်ပေါ့၊ ရှင်ကြီးဂေါတမ ခံနိုင်ပါဦးမလား'

ကျွန်ုပ် လက်ခံလိုက်၏။ သို့ရာတွင် ကျွန်ုပ်သည် ရှင်ကြီးဂေါတမအပေါ်၌ မသိမသာ မေတ္တာသက်ဝင်လျက်ရှိသောကြောင့် ရှင်ကြီးဂေါတမအား နာဠာဂီရိဆင်ဖြင့် မတိုက်မီ တစ်ရက်ကြို၍ နက်ဖြန်နံနက်တွင် နာဠာဂီရိဆင်ကြီးအား ရာဇဂြိုဟ်လမ်းမ ကြီးပေါ်သို့ လွှတ်မည်ဖြစ်၍ မြို့သူ မြို့သားတို့ ရှောင်ရှားကြရန်ဟု မောင်းကြေးနင်း ခတ်စေလိုက်သည်။ ရည်ရွယ်ချက်မှာ မြို့သူမြို့သားများ မဟုတ်ဘဲ ရှင်ကြီးဂေါတမ ကြိုတင်သိစေရန်နှင့် ထိုနေ့ ဆွမ်းခံမထွက်ဘဲ အသက်အန္တရာယ်မှ ရှောင်ရှားစေရန် ဖြစ်၏။

ကျွန်ုပ်သည် ရှင်ဒေဝဒတ်၏ တပည့်ဒကာအဖြစ် ခံယူခဲ့စေကာမူ ရှင်ကြီး ဂေါတမအပေါ်၌ကား မေတ္တာမရှိဟု ဆိုရစေဦးတော့ မေတ္တာမပျက်ခဲ့ပါပေ။ အကြောင်း မှာ ကျွန်ုပ်တို့ဘက်မှ ဤသို့ဤနှယ် အသွယ်သွယ်သော နည်းမျိုးစုံဖြင့် ရှင်ကြီးဂေါတမ တို့အား ချုပ်ချယ်တိုက်ခိုက်ခဲ့စေကာမူ ရှင်ကြီးဂေါတမဘက်မှမူ တစ်စုံတစ်ရာ တုံ့ပြန်သမှု ပြုသည်ကို မတွေ့ခဲ့ရသောကြောင့် ဖြစ်၏။

ထို့ပြင် ရှင်ကြီးဂေါတမဟူသည် ကျွန်ုပ်၏ ဖခင်ကြီးကိုယ်တိုင် ကျောင်းဒကာ၊ ဘုရားဒကာအဖြစ် ဆည်းကပ်ကိုးကွယ်ခဲ့သူ မဟုတ်ပါလော။ ထို့ကြောင့် ရှင်ဒေဝဒတ်၏ အကြံပေးမှု အပြုအမူများကို လိုက်လျောခဲ့ရစေကာမူ ကျွန်ုပ် ကိုယ်တိုင်မှာမူကား ခပ်မဆိတ်မျှသာ နေခဲ့သည်။

နာဠာဂီရိ၏ အန္တရာယ်မှ ရှောင်ရှားရန် ဟူသော ကျွန်ုပ်၏ တွက်ကိန်း လွဲမှားသည်။ အကြောင်းမှာ နာဠာဂီရိ လွှတ်မည့်နေ့တွင် ရှင်ကြီးဂေါတမသည် ဆွမ်းခံထွက်လာသောကြောင့် ဖြစ်သည်။ ဆွမ်းခံထွက်သည်မှာ အခါတိုင်းလို ရိုးရိုး ထွက်သည်မျှမကဘဲ တစ်မြို့လုံးရှိ သံဃာများ စုပေါင်းထွက်လာမည်ဟု ဆိုသည်။ ထွက်တော်မူကြီး ထွက်တော်မူသည်ဟုပင် ဆိုရမည်ကဲ့သို့ ဖြစ်၏။

နာဠာဂီရိသည် အခြားဆင်များထက် ကြီးမားသည့်အပြင် ဆိုးစရာရှိလျှင် ဆိုး၍ ကြမ်းစရာရှိလျှင် ကြမ်းကာ လိမ္မာစရာရှိလျှင်လည်း လိမ္မာအောင် သင်ကြား ထားသော၊ ကျွန်ုပ်ကိုယ်တိုင် အသုံးပြုဖို့လိုလျှင် အသုံးပြုဖို့ထားသော မင်းစီးဆင် ဖြစ်၏။ ထိုနေ့က ရှင်ကြီးဂေါတမ အသက်ကိုဖြိုခွင်းရန် ကြမ်းဖို့လိုသောကြောင့် အခါတိုင်းထက် တစ်ဆမျှ အရက်တိုက်ထားသည် ဆို၏။ ဆင်ထိန်းများမှာ ရှင်ဒေဝဒတ်၏ ဒကာများဖြစ်သည့်အလျောက် သူတို့ကိုယ်တိုင် မူးအောင်သောက် ပြီးလျှင် ရှင်ဂေါတမအလာကို ဈေးအနီးလမ်းမကြီးမှ စောင့်မျှော်နေကြသည်ဆို၏။

ကျွန်ုပ် တွက်ကိန်းမှန်၏။ အကြောင်းမှာ နာဠာဂီရိနှင့် ရှင်ကြီးဂေါတမတို့ ရင်ဆိုင်မိကြသည်နှင့် တစ်ပြိုင်နက် ဘယ်သို့ဘယ်ပုံ ဖြစ်သည်မသိ။ နာဠာဂီရိ ဆင်ကြီးသည် ရှင်ကြီးဂေါတမခြေရင်း ဝပ်စင်း ဦးခိုက်ရုံမျှမက ဆင်ဆိုးကြီးဘဝမှ ဆင်ကောင်း ဆင်လိမ္မာကြီးဘဝသို့ ကူးပြောင်းသွားလေတော့သည်။

ဤဒေဝဒတ်၏ အကြံမှာ မဟာန်ရုံမျှမက ကျွန်ုပ်အဖို့ကား စစ်ရေးစစ်ရာတွင် အသုံးဝင်လှသော ဆင်ကြီး ဆုံးရှုံးရတော့သည်။ အကြောင်းမူကား နာဠာဂီရိသည် ရှင်ဂေါတမနှင့် ယင်းသို့ ရင်ဆိုင်တွေ့ပြီးသည့်နောက်တွင် အရက်ဟူ၍ တစ်စက်မျှ မသောက်တော့သည့်အပြင် မည်သည့် သတ္တဝါကိုမျှ ညှဉ်းဆဲသမှု မပြုတော့ဟူ၍ ဆင်ကောင်းကြီးဘဝသို့ ကူးပြောင်းသွားသောကြောင့်ပေတည်း။

နာဠာဂီရိ မလွှတ်မီ တစ်ရက်ကြို၍ မောင်းခတ်ခြင်းဖြင့် ရှင်ဂေါတမအပေါ် ကျွန်ုပ်၏ တိမ်းညွတ်သော မေတ္တာကို ရှင်ဒေဝဒတ် အကဲခတ်မိလေဟန်ဖြင့် ရှင်ဂေါတမအား လုပ်ကြံသော နောက်ကိစ္စများတွင် ကျွန်ုပ်၏ အကူအညီကို မယူ တော့ဘဲ ကိုယ်တိုင်သာ ဆောင်ရွက်တော့၏။ အကြောင်းမှာ ရှင်ဒေဝဒတ်သည် မသမာသူလူတစ်စုနှင့် ပူးပေါင်းကာ ဝေဘာတောင်စောင်းမှ ကျောက်မောင်းဆင်၍ ရှင်ကြီးဂေါတမအား လုပ်ကြံခဲ့၏။ သို့ရာတွင် မအောင်မြင်ဘဲ ရှင်ကြီးဂေါတမ၏ ခြေမတော်မြတ်ကို ကျောက်လွှာခတ်မိရုံမျှသာဟု ကြားသိရပါ၏။

*

ကျွန်ုပ် နောက်ဆုံးကြားသိရသော ထိတ်လန့်ဖွယ်သတင်းမှာကား ရှင်ဒေဝဒတ်သည် သူ့ အပြစ်ကြီးငယ်တို့ကြောင့် သတိသံဝေဂရကာ ရှင်ကြီးဂေါတမအား တောင်းပန်ဝန်ချ ဂါရဝပြုရန် ဝေဠုဝန်ကျောင်းတော်သို့ အသွားတွင် ရှင်ကြီးဂေါတမအထံတော်သို့ပင် မရောက်ဘဲ ကျောင်းတော်အဝ ရေကန်အနီးတွင်ပင် မြေကြီးဟက်တက်ကွဲကာ အမျိုခံရပြီဟူသော သတင်းပင် ဖြစ်ပေ၏။

ကျွန်ုပ်သည်လည်း ရှင်ဒေဝဒတ်နှင့်အပေါင်းပါ ဖြစ်ခဲ့ပေရာ ဘုရားရှင်အပေါ်၌ ကျူးလွန်ခဲ့မိသော အပြစ်ကြီးငယ်များအတွက် ကျွန်ုပ်ကိုလည်း မဟာပထဝီမြေကြီးသည် ချမ်းသာပေးပါအံ့လော့။

စဉ်းစားလိုက်သောအခါ ကျွန်ုပ်သည် ဘုရားရှင်အပေါ်၌ ရှင်ဒေဝဒတ်ကဲ့သို့ သိသိသာသာ ကျူးလွန်ခဲ့သော အပြစ်ကြီးဟူ၍ကား မရှိ။ ကျွန်ုပ်ကျူးလွန်ခဲ့သော အပြစ်ကား ကျေးစူးရှင် ဖခင်ကြီးအား သတ်ခဲ့မိသည့်အပြစ်ပင် ဖြစ်ပေသည်။ ထိုစဉ်က ကျွန်ုပ်သည် ဖခင်ကို သတ်မိခြင်းအတွက် အနန္တရိယကံ ထိုက်သည်ဟု မသိခဲ့ရပါ။ သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ အနန္တရိကကံ ထိုက်သူသည် ကြီးမားသော အပြစ်ကို ခံရတော့မည်ဟု မသိခဲ့ရပါ။

ကျွန်ုပ်အဖို့ ကြီးစွာသောနောင်တ ရခဲ့ပါ၏။ ယင်းနောင်တကြောင့် အိပ်မပျော် စားမဝင်နှင့် ကသီလင်တဖြစ်နေခဲ့ရာမှ ဆရာဇီဝက၏ ကျေးဇူးဖြင့် ဘုရားရှင်၏ ဒါယကာဖြစ်လာသောအခါ ဘုရားရှင်၏ သာသနာတော်သို့ ကျွန်ုပ် စွမ်းအားရှိသမျှ ပြုစုခဲ့ပါသည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တွင်သာမက သက်တော်ထင်ရှား မရှိသည့်နောက်ပိုင်းတွင်ပါ ဘုရားရှင်သာသနာတော် အစဉ်တည်တံ့စေခြင်းငှာ သက်တော်ရှည် အရှင်မဟာကဿပ၏ ပထမသင်္ဂါယနာတင်သည်အထိ အဇာတသတ်မင်း တဖြစ်လဲအဖြစ် အစွမ်းကုန် ကူညီစွမ်းဆောင်ခဲ့ပါသတည်း။

## ညစာ

အခြား သိက္ခာပုဒ်တော်ပေါင်း မြောက်မြားစွာကို ပညတ်တော်မူသောအခါ တစ်ကြိမ် ပညတ်တော်မူရုံမျှဖြင့် တပည့်ရဟန်း အားလုံးကပင် သာဓု အကြိမ်ကြိမ်ခေါ်ကာ အာမဘန္တေ၊ သုဋ္ဌုဘန္တေ၊ ကောင်းမြတ်လှပါသည် ဘုရား၊ လိုက်နာကျင့်သုံးကြပါမည် ဘုရားဟု အလွယ်တကူပင် အာမဝန္တံ ခံယူကျင့်သုံးကြပါလျက် အကြိမ်ကြိမ် ဟောပြောတော်မူရပြီးသည့်နောက်မှ အချို့မှာ မလိုက်နာချင်၊ လိုက်နာချင်ဖြင့်ပင် လိုက်နာကျင့်သုံးခဲ့သော သိက္ခာပုဒ်တော်သည်ကား နေလွှဲညစာ မစားစေရသော ဝိကာလ ဘောဇနာ သိက္ခာပုဒ်တော် ဖြစ်ပေ၏။

ဤသိက္ခာပုဒ်တော် ပညတ်တော် မမူမီကမူ ရဟန်းများသည်လည်း လူများ ကဲ့သို့ပင် နံနက်စောစောကစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်နေ့ သုံးကြိမ်ပင် စားသုံးကြ၏။ သို့ရာတွင် လူ့ဘဝနှင့် ရဟန်းဘဝ မတူသည့် အချက်ကား လူ့ဘဝတွင် အဆာပြေစားသုံးသော နံနက်စောစော အစာအတွက် ဆင်းရဲသားပင်ဖြစ်စေကာမူ မနေ့ညကကျန်သော ထမင်းကြမ်းတွင် ပဲပြုတ်၊ ထန်းလျက် တွဲဖက်ကာ စားသုံးကြ၍ နေ့လယ်စာ၊ ညစာအဖို့သာ ချက်ပြုတ်စားသောက် ကြ၏။ ချက်ရန် ပြုတ်ရန် အိမ်သူဇနီး သမီးများ ရှိနေကြ၏။ ယင်းသို့လျှင် ချမ်းသာလျှင် ချမ်းသာသည့်အလျောက် သိုင်းဝိုင်းဇာချဲ့ကာ စားသုံးကြသည်။

ရဟန်းများအဖို့ကား အိမ်သူဇနီး သားသမီးဟူ၍ မရှိ။ သပိတ်တည်းဟူသော တောင်းခံခွက်ကိုသာ အားပြုစားသုံးကြရပေရာ နံနက်စာအတွက်လည်း ဆွမ်းခံ ထွက်ကြရ၏။ နေ့လယ်စာအတွက်လည်း ဆွမ်းခံထွက်ကြရပြန်၍ ညစာအတွက် လည်း ညဉ့်နက်အမှောင်မရှောင် ဆွမ်းခံထွက်ကြရပြန်၏။ ယင်းသို့လျှင် မိမိတပည့်သား ရဟန်းများအားလုံးလိုလိုပင် မိုးမလင်းမီ နံနက်အရုဏ်တက် အချိန်လောက်မှစ၍ လကွယ်ညဉ့်မှောင်မရှောင် သက်န်းရုံလိုက်၊ သပိတ်ပိုက်ကာ ဆွမ်းခံထွက်လိုက်ဖြင့်

တစ်နေ့တစ်နေ့ အချိန်ရှိသမျှလိုလို အားလပ်သည်ဟူ၍ပင် မရှိတော့ဘဲ အာဟာရဒုက္ခ အတွက် တရုတ်ရုတ် တသဲသဲ ဖြစ်နေကြသည်ကို ဘုရားရှင် မြင်တော်မူ၏။

ဤသည်ကို သိက္ခာပုဒ်တစ်ရပ်ဖြင့် ပညတ်တော်မူဦးမှဟု ဆင်ခြင်တော်မူမိသော်လည်း အကြောင်းပေါ်လာမှ ပညတ်တော်မူမြဲအတိုင်း စောင့်ဆိုင်းတော်မူရ၏။ မကြာမီပင် ပညတ်ရန် အကြောင်းတစ်ရပ် ပေါ်လာသည်။

ရာဇဂြိုဟ်၏ ကြီးမားစည်ကားသော တောင်ထိပ်ပွဲသဘင်သို့ ကိုရင်ကလေး ၁၇ ပါးတို့သည် ပွဲသွား၍ကြည့်ကြ၏။ ငယ်ရွယ်သူများဖြစ်၍ ယနေ့ ဝေါဟာရအနေဖြင့် ကိုရင်ကလေးများဟု ဆိုလိုက်ရသော်လည်း ထိုအချိန်က အသက်နှစ်ဆယ်ပြည့်မှ ရဟန်း ပြုရမည်ဟူသော သိက္ခာပုဒ်တော် မပေါ်ပေါက်သေးမီ အချိန်ဖြစ်သောကြောင့် ရဟန်းများပင် ဖြစ်၏။ ရဟန်းများ ပွဲမကြည့်ရဟူသော ပညတ်ချက်မရှိသေးသောကြောင့်လည်း ပွဲကြည့်သွားကြခြင်း ဖြစ်သည်။ ကိုရင်လေးများအဖို့ ပွဲကြည့်ရုံသက်သက်မျှ မဟုတ်၊ ပွဲတော်သို့ရောက်လာမည်ဖြစ်သော မိဘဆွေမျိုးများနှင့်လည်း တွေ့ဆုံရန်ဖြစ်သည်။

မိဘဆွေမျိုးများနှင့် ကိုရင်လေးများ တွေ့ဆုံသောအခါ သူတို့ကို နည်းမျိုးစုံဖြင့် ယုယပိုက်ထွေးကြ၏။ ရေချိုးပေးကြ၏။ ရေချိုးပြီးလျှင် နံ့သာပျောင်းတို့ဖြင့်လည်း လိမ်းကျံပေးလိုက်ကြသေး၏။ ထို့နောက်ကား ဝေဠုဝန်ကျောင်းတော်တွင် ဆွမ်းခံမှ၊ ရဟန်းတော်ကြီးများနောက်မှ အမိလိုက်နိုင်ပါမှ မဝတဝသာ ရရှိစားသုံးကြရမည် ဖြစ်သော ကိုရင်လေးများကို ယခုလို ဆွေမျိုးမိဘများနှင့်ကြုံတွေ့ခိုက် အားရပါးရ အဝအပြစားသုံးကြရန် တမင်းနှင့် ဟင်းမျိုးစုံကို ကျွေးလိုက်ရုံမျှမက ကိုရင်လေးများ အပြန်တွင် ကျောင်းတော်၌ စားသုံးရန်ဟု မုန့်မျိုးစုံကို ထည့်ပေးလိုက်ကြသေး၏။

ယင်းရဟန်းငယ် ကိုရင်လေးတို့ဖြစ်ရပ်ကို ဘုရားရှင်ကြားသိတော်မူသော အခါ ဝိကာလ ဘောဇန သိက္ခာပုဒ် ပညတ်တော်မူရန် အချိန်ရောက်ပြီဟု ထိုနေ့ ညဦးဦး တရားမဏ္ဍပ်တွင် ရဟန်းပရိသတ် စုံညီသောအခါ ဘုရားရှင်က ယင်းသိက္ခာပုဒ် ပညတ်ရန် နိဒါန်းပျိုးစကား မိန့်ကြားတော်မူလိုက်၏။

သိက္ခာပုဒ်များကို ပညတ်တော်မူရာတွင် ယင်းသို့အကြောင်းအကျိုး နိဒါန်းပျိုး၍ ပညတ်တော်မူသည့် သိက္ခာပုဒ်တော် နည်းပါး၍ ဥပမာအားဖြင့်ရွှေငွေကို အလှူမခံရ၊ မာတုဂါမများနှင့် ကင်းဝေးစွာ နေရမည်၊ ရပ်ရွာအတွင်း၌ ထမ်းပိုးတစ်ပြန်ထက်ပို၍ မကြည့်ရ၊ မြက်၊ သစ်ရွက်များကို မရိတ်မဖြတ်ရ စသော သိက္ခာပုဒ်များကို ပညတ်တော်မူလိုက်လျှင် တပည့်ရဟန်းများက အတွန့်တက် လျှောက်ထားနေသည်မရှိ၊ တစ်ကြိမ်တည်းဖြင့်ပင် အာမဘန္တေ၊ သုဋ္ဌုဘန္တေဟု ဝန်ခံနာယူလိုက်ကြသည်ချည်း ဖြစ်၏။ ဤဝိကာလ ဘောဇန နေ့လွဲညစာ သိက္ခာပုဒ်တော်တွင်မူကား တစ်ကြိမ်တည်းဖြင့် မလိုက်နာလိုဘဲ အတွန့်တက်လိုက်ကြဦးမည်ကို မြင်တော်မူ၍ နိဒါန်းပျိုး စကား မိန့်ကြားတော် မူရခြင်း ဖြစ်ပေ၏။

ထို့အပြင် သိက္ခာပုဒ်ပညတ်ရာတွင် ရဟန်းသည် နေလွဲညစာ မစားရဟု တစ်ကြိမ်တစ်မျိုးတည်း ပညတ်တော်မူလိုသည်ကို အလွယ်တကူ မလိုက်နာကြမည်ကို မြင်တော်မူ၍ နေလွဲစာအတွက် တစ်ပိုင်း၊ ညစာအတွက် တစ်ကြိမ်၊ နှစ်ကြိမ် နှစ်ဆင့်ခွဲ၍ ပညတ်တော်မူရသည်။ နေ့လယ်စာကို ပိတ်ပင်လိုက်သောအချိန်တွင် အချို့ ရဟန်းများက ကန့်ကွက်ချင်သယောင်ဖြင့် စိတ်မချမ်းမသာ ဖြစ်ကြသည်ကို တွေ့ရသေးသော်လည်း အလွယ်တကူပင် လိုက်နာနိုင်ကြပါ၏။ အကြောင်းမူကား နံနက်စာကို အချိန်နောက်ကျမှ ဆွမ်းခံထွက်ပြီးလျှင် နေ့လယ်ပိုင်းတွင် စားသုံးလိုသည့် အချိန်တွင် စားသုံးကာ ညစာအတွက် ဆွမ်းခံစားသုံးရန် တစ်ချိန်ကျန်ရှိနေသေး သောကြောင့် ဖြစ်ပေသည်။

သို့နှင့် ဝိကာလ ဘောဇနေသိက္ခာပုဒ်ကို အပြီးအပြတ် ပညတ်ရန် အချိန်သို့ ရောက်လာ၏။ ရဟန်းသည် နေမွန်းတည့်ပြီးသည်နှင့် နေလွဲညစာ မစားရဟူသော တိတိကျကျ သိက္ခာပုဒ်ကို သာသနာ့ဦးကိုင် အာဏာပိုင်ဖြစ်တော်မူသော ဘုရားရှင်က အာဏာစက်ဒေသနာဖြင့် သေသေချာချာ ပိတ်ပင်တော်မူတော့မည့် ထိုအချိန်၌ကား ထောက်ခံသူ ကန့်ကွက်သူ ရဟန်း အတန်များများပင် ထွက်ပေါ်၍လာခဲ့ပေသည်။

ထိုနေ့ညနေချမ်း ရဟန်းတို့စုံရာ မဏ္ဍပ်တွင် ဘုရားရှင်က 'ရဟန်းတို့၊ ငါဘုရားသည် ဘုရားဖြစ်တော်မူသည့် အချိန်မှစ၍ မွန်းမလွဲမီ နံနက်ပိုင်းတစ်ချိန်မှာသာ အစာ အာဟာရကို စားသုံးဘဉ်းပေးခဲ့သည်။ ယင်းသို့ နံနက်ပိုင်းတစ်ချိန်တွင်သာ စားသုံးသောအခါ နေလွဲသောအခါ၌ မစားသုံးရဘဲ ရှောင်ကြဉ်ခဲ့သောကြောင့် ငါဘုရား၌ အနာရောဂါမရှိ၊ အညောင်းအညာ အကိုက်အခဲမျှ မရှိဘဲ ပေါ့ပေါ့ပါးပါးနှင့် အားအင်ပြည့်နေတာကို တွေ့ရပေသည်'ဟု နိဒါန်းစကား စတင်မိန့်ကြားသောအခါ ရဟန္တာအရှင်မြတ်များနှင့်တကွ ဘုရားရှင် အမိန့်တော်မှန်သမျှ မည်သည့် အမိန့်မျိုးကိုမဆို လိုက်နာရန် သဒ္ဓါတရား အသင့်ရှိပြီးသော ရဟန်းတော်များကပါ ငြိမ်၍ နေကြသော်လည်း ပုထုဇဉ်ရဟန်း အတန်များများကမူ ဘုရားရှင် မိန့်ခွန်း တော် အဘယ်သို့ဦးတည်လေသည်ကို သိကြသည့်အတိုင်း တညည်းညည်း တညူညူဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကို တွေ့ရ၏။

'ရဟန်းတို့၊ နံနက်တစ်ချိန်တွင်သာ စားသုံးသည်ဆိုစေကာမူ ထိုအာဟာရမှာ အခါခပ်သိမ်း ပြည့်ပြည့်ဝဝ စားသုံးသည် မဟုတ်၊ သစ်သီးတစ်လုံး၊ ပဲနောက် တစ်လက်ဆွန်းမျှလောက်ဖြင့်သာ စားသုံးခဲ့သောအကြိမ်များစွာ ရှိခဲ့သည်။ အကြောင်း မူကား ငါဘုရားသည် မဂ္ဂင်ရှစ်ဖြာ သစ္စာလမ်းမှန်ကို မတွေ့မီအချိန်က အစာအာဟာရ ဟူသည် ခန္ဓာကိုယ်ကို ဆင်းရဲမျိုးစုံ ပေးသည်ဟူသော အယူရှိခဲ့ရာ ယင်းအယူကြောင့် အာဟာရကို စွမ်းနိုင်သမျှထိ ရှောင်ကြဉ်ခဲ့ဖူးသည်။ ဆိုလိုရင်းမှာ ယင်းသို့ ရှောင်ကြဉ်

ခြင်းကြောင့် ခန္ဓာကိုယ်ကို မထိခိုက်ပါ၊ လိုအပ်သော တရားကို ကျင့်သုံးနိုင်ခဲ့သည်သာ ဖြစ်သည်၊ ထို့ကြောင့် သင်ရဟန်းတို့သည် တစ်နေ့လျှင် သုံးကြိမ် ဆွမ်းခံစားသုံး နေကြရာမှ နေ့လယ်စာကို ဖြုတ်၍ နံနက်တစ်ချိန်၊ ညနေတစ်ကြိမ် ဤနှစ်ကြိမ်သာ ဆွမ်းခံစားသုံးကြကုန်လော့'ဟု တစ်ထစ်လျှော့၍ မိန့်ကြားလိုက်သည်။

သာသနာ့ဦးကိုင် အာဏာပိုင်အနေဖြင့် ဝက်အူ တစ်ရစ်တင်းကာ မိန့်ကြားလိုက်ပြီ ဖြစ်၏။ သို့ရာတွင် ယင်းအမိန့်တော်ကို လိုက်နာရန် ဝန်မလေးကြပါ။ အကြောင်းမူကား နံနက်တစ်ချိန် ညနေတစ်ချိန် စားသုံးနိုင်ကြသေးသည် မဟုတ်ပါလော။ အချို့ရဟန်းများသည် နံနက်ပိုင်း ဆွမ်းခံချိန်တွင် အပိုအမို ခံယူကာ သိုမှီးထားရှိပြီးနောက် နေ့လယ်နေ့ခင်းပိုင်း အချိန်မရွေး ဆာသည့်အချိန်တွင် စားသုံးကြ၏။ ထို့နောက် ညစာအတွက် ညဉ့်ဦးပိုင်းတွင် ဆွမ်းခံထွက်ကြ၏။ ရံဖန် မိုးလေဝသကြောင့် အချိန်ကိုစောင့်ကာ ညဉ့်နက်ပိုင်းတွင်မှ ဆွမ်းခံထွက်ကြ၏။ ယင်းသို့လျှင် တစ်နေ့လုံးလိုလိုပင် ဆွမ်းခံ ဆွမ်းစား ကိစ္စအတွက် တလှုပ်လှုပ် တရွရွ တရုတ်ရုတ် တသဲသဲဖြစ်၍ နေကြသည်ကို ဘုရားရှင် မြင်တွေ့တော်မူနေရပြန်သည်။

ထို့ကြောင့် ဤတစ်ချီတွင် အပြတ်အမိန့်တော်ထုတ်၍ သိက္ခာပုဒ်တစ်ခုအဖြစ် ပညတ်တော်မူမှ သင့်လျော်တော့မည်ဟု မြင်တော်မူသည့်အတိုင်း ထိုနေ့ ရဟန်းတို့ စံရာတွင် 'ရဟန်းတို့'ဟု ခေါ်တော်မူကာ 'သင်တို့မှာ အာဟာရ ဒုက္ခအတွက် ကိစ္စထူးထွေ များလှပေ၏၊ နံနက်တစ်ချိန်တွင်သာ စားသုံးခြင်းဖြင့် ကျန်းမာရေး ပြည့်စုံနိုင်ကြောင်း ငါဘုရား မိန့်ကြားခဲ့ပြီးပြီ၊ ညစာ ဆွမ်းခံထွက်ကြရခြင်းကြောင့် သင်တို့၏ လိုရင်းကိစ္စဖြစ်သော ဂန္ထဓူရ၊ ဝိပဿနာဓူရ နှစ်ပါးကိုလည်း ပွားများချိန် မရနိုင်ကြ၊ ထို့အပြင် ဒါယကာ၊ ဒါယိကာမ အများကလည်း ရဟန်းများသည်လည်း ငါတို့နှင့်ဘာထူးသလဲ၊ နေ့စာ ညစာမရှောင် စားသုံးနေကြတာပဲဟု ကဲ့ရဲ့ဖွယ်ရာ ဖြစ်ပေသည်။ သို့ဖြင့် သိက္ခာပုဒ်တစ်ရပ် ထုတ်ပြန်တော်မူမည်။

'အကြင်ရဟန်းသည် နေလွဲသောအခါ၌ ခဲဖွယ်ကိုသော်လည်းကောင်း၊ ဘောဇဉ် ကိုသော်လည်းကောင်း၊ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ်သို့ ရောက်စေ'

အမိန့်တော်ဖြစ်၏။ အမိန့်တော်မြတ် အာပတ်ဟု ဆိုသောအခါ ရဟန်းအားလုံးပင် မီးကို ရေဖြင့်လောင်းလိုက်သကဲ့သို့ ရုတ်ခြည်း ငြိမ်ဝပ်၍သွားကြ၏။ မငြိမ်ဝပ်၍ မဖြစ်ပေ။ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ပါလျက် လိုအပ်၍ ထုတ်ပြန်လိုက်သော သာသနာ့ဥက္ကဋ္ဌ၊ သာသနာပိုင်ဘုရားမြတ်၏ အမိန့်တော်မှန်လျှင် လိုက်နာကြရမည် မဟုတ်ပါလော။ ရိုသေလေးစားဂရုထားကြရတော့မည် မဟုတ်ပါလော။

သို့သော် ရုတ်ခြည်း ငြိမ်ဝပ်ပြီးနောက် အခါတိုင်း သိက္ခာပုဒ်တစ်ခုခု ပညတ်တော်မူပြီဆိုလျှင် ရဟန်းတော်အားလုံးပင် သာဓုသုံးကြိမ်ခေါ်ကာ အာမဝန္တံ

ခံကြသည့် အသံများ တညီတညွတ်တည်း ထွက်လာသော်လည်း ဤအကြိမ်တွင်မူ ရဟန်းတော်အချို့ထံမှသာ အာမဝဇ္ဇခံသည့် အသံများထွက်လာပြီး ရဟန်း အတန် များများထံမှ မည်သည့်အသံမျှ ထွက်မလာကြပေ။ အမိန့်တော်မို့ မကျော်လွန်ဝံ့စေကာမူ မကျေနပ်ကြသေးသယောင်ပင် ဖြစ်၏။

ရဟန်းတစ်ပါးကမူငြိမ်နေရုံမျှမက အမိန့်တော်ကို ဆန့်ကျင်လိုတော့သယောင် ဖြင့် ထ၍ပင် လျှောက်ထားလာ၏။ ထိုရဟန်းကား ဘဒ္ဒါလိအမည်ရှိသူဖြစ်၍ ရဟန်းတို့အလယ်တွင် အစားကြီးသူ၊ အစာအာဟာရနှင့် ပတ်သက်လာလျှင် သိက္ခာမဆောင်နိုင်သူအဖြစ် နာမည်ကြီးသူဖြစ်၏။ အချို့ကမူ ကျီးကန်းဘဝမှ လာသူ ဟူ၍ပင် အဆိုပြုကြသည်။

'အရှင်မြတ်ဘုရား၊ အရှင်မြတ်သည် သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ သတ္တဝါအားလုံးသည် အာဟာရ၌တည်သည်ဟု ဟောတော်မူပါလျက် တပည့်တော် တို့အား အာဟာရ၌ မတည်နိုင်အောင် တားမြစ်လေယောင်တကား၊ သိက္ခာပုဒ်တော်အရ နံနက်စာကို ခွင့်ပြုသော်လည်း သတ္တဝါတစ်ယောက်အတွက် နံနက်စာထက် ညစာသာ ပို၍ အရေးကြီးပါသည်၊ လူဒါယကာတို့သည် နံနက်စာကို အဆာပြေရုံ သာမန်မျှသာ စားသုံးကြပြီး ညစာကိုသာ အကောင်းအမွန်ချက်ပြုတ် စားသုံးကြပါသည်။ တပည့်တော် တို့သည်လည်း နံနက်စာကို သာမန်မျှသာ စားသုံး၍ ညစာကျမှသာ အလှူခံ၍ ပြည့်ပြည့်ဝဝစားသုံးကြရပါသည် ဘုရား'ဟု လျှောက်ထား လိုက်သောအခါ သူ့ အကြောကိုသိသော ရဟန်းတော်အများကပင် ပြုံးရယ်ကြ၏။

ယင်းသို့ ဘဒ္ဒါလိရဟန်း လျှောက်ထားပြီးသောအခါတွင်မူ ညစာအတွက် စိတ်ပျက်ကာ ဒုက္ခတွေ့ကြုံကြရသော ရဟန်းအများပင် ဘုရားရှင် သိက္ခာပုဒ်တော် အတွက် နှစ်သက်ထောက်ခံသော ကြောင်းရပ်မျိုးစုံ လျှောက်ထားကြသည်။

ရဟန်းတစ်ပါးက 'တပည့်တော်သည် ညစာအတွက်ဆွမ်းခံထွက်ရပုံကို စိတ်ကုန်နေသည်မှာ ကြာလှပြီဖြစ်ပါကြောင်း၊ အကြောင်းမှာ ညအမှောင်တွင် ဆွမ်းခံထွက်ခိုက် တံစီးရွံ့နွံအိုင်သို့ ကျရောက်ခဲ့ရပါကြောင်း၊ နောက်တစ်ပါးက တပည့်တော်သည် ညအမှောင်တွင် ဆွမ်းခံထွက်ရခိုက် ဆူးပုံကို နင်းမိရုံမျှမက အိပ်နေသော နွားမကို နင်းမိ၍ အကန်ခံရပါကြောင်း၊ တစ်ပါးကမူ တပည့်တော်၏ ဒုက္ခက ပို၍ကြီးမားသည်ကို တွေ့ကြုံရပါကြောင်း၊ အကြောင်းမှာ ညအချိန် ရွာစွန်ရွာဖျားသို့ ဆွမ်းခံထွက်ခိုက် ယဇ်နတ်ပူဇော်သူ လူဆိုးတို့နှင့် တွေ့ကြုံ၍ အဖမ်းခံခဲ့ ရပါကြောင်း' စသည် လျှောက်ထားပြီးနောက် သိက္ခာပုဒ်တော်ကို လိုက်နာကြပါမည်ဟု အမဘန္တေ ပြုလုပ်ကြသည်။

ယင်းလျှောက်ထားချက်များအနက် ရဟန်းတစ်ပါး၏ လျှောက်ထားချက်မှာမူ ရယ်ဖွယ်ရာဖြစ်၍ ရဟန်းများပင် ရယ်ကြ ပြုံးကြရသည်။

တစ်ပါးက 'တပည့်တော်သည် အတန်ညဥ့်နက်ချိန်တွင် ဆွမ်းခံထွက်ခိုက် မာတုဂါမ တစ်ဦးက သူ့ အိမ်ပေါ်သို့ပင့်၍ ကောင်းမွန်စွာ ဆွမ်းကျွေးပါသည်၊

ဆွမ်းကျွေးခိုက်တွင် မာတုဂါမက တပည့်တော်အား ပရိယာယ်မျိုးစုံဖြင့် ဆွဲဆောင်ပါသည်၊ ဆွမ်းစားပြီးသောအခါ ညဥ့်မှောင်နေပြီဖြစ်၍ ကျောင်းသို့မပြန်တော့ဘဲ ထိုနေ့ည သူနှင့်အတူအိပ်ရန် ပြောပါတော့သည်၊ ထိုအခိုက် ယင်းဖြစ်ရပ်မျိုးနှင့် တူသော ရှင်အနုရုဒ္ဓါ၏ အတွေ့အကြုံကို သတိရကာ တရားသတိဖြင့် ရှောင်ရှားထွက်ခွာခဲ့ရပါသည်၊ ထိုအချိန်ကစ၍ တပည့်တော်သည် ညဘက် ဆွမ်းခံရမှုကို ရှုံ့မုန်းခဲ့ပါသည်'ဟု လျှောက်သောအခါ ရဟန်းအများကပင် သာစုခေါ်ကြ၏။ ထိုကိုယ်တော်ကလေးကား ငယ်ငယ်ရွယ်ရွယ်နှင့် ကိုယ်တော်ချောကလေးဖြစ်၏။

နောက်တစ်ပါးက 'တပည့်တော်သည် ညဥ့်အမှောင်ထဲတွင် ဆွမ်းခံထွက်ရခိုက် ခွက်ဆေးနေသော ဒကာမတစ်ဦး၏ အိမ်ရှေ့တွင် ဆွမ်းရပ်မိပါသည်။ ထိုအခိုက် လျှပ်စီးလက်လိုက်ရာ ဒကာမက တပည့်တော်ကိုမြင်ပြီး 'အမယ်လေး လာကြပါဦး၊ တစ္ဆေကြီးတော့'ဟု အော်ပါလေတော့သည်။

'ဟဲ့ ဟဲ့ ဒကာမ၊ ငါဟာ တစ္ဆေမဟုတ်ပါဘူး၊ ဆွမ်းခံကိုယ်တော်ပါဟဲ့'

'ကိုယ်တော့်နှမ၊ ကိုယ်တော့်အမေအိမ်သွားပြီး ဆွမ်းခံပါလား၊ သူတို့တစ်တွေ သေကုန်လို့ ဒီလို ညအမှောင်ကြီးထဲမှာ ဆွမ်းခံထွက်ရတာလား'

'ကက်ကက်လန်အောင် ရန်တွေ့ခံရပါသည်၊ ဒီအချိန်ကစ၍ တပည့်တော်ဟာ ညစာဆွမ်းခံရမှုကိစ္စကို စိတ်ကုန်ခဲ့ပါသည် ဘုရား'ဟု လျှောက်ထားသောအခါ ရဟန်းအများကပင် ထိုကိုယ်တော်ကြီးကို ကြည့်၍ ပြုံးကြရ၏။ အကြောင်းမှာ ထိုကိုယ်တော်ကြီးသည် အရပ်မြင့်မြင့် ရုပ်ရည် ခပ်ဆိုးဆိုးအပေါ်တွင် ကိုယ်လုံးကိုယ်ဟန်ကြီးကြီးဖြင့် သက်န်းညိုညိုကြီးကို ဝတ်ထားသောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင်မူ ကန့်ကွက်သယောင် ပြောဆိုမိသော ရှင်ဘဒ္ဒါလိကပင် မှားမိပါကြောင်းဖြင့် ဝန်ချကာ ရဟန်းအားလုံးပင် ဘုရားရှင်အပေါ်၌ ကြည်ညိုရှိသွတ်ခြင်းဖြင့် သိက္ခာပုဒ်တော်အတိုင်း လိုက်ကြပါ၏။ မလိုက်နာ၍လည်း မဖြစ်ပေ။ သာသနာ့အာဏာပိုင်၏ အမိန့်တော်ပေတည်း။

*

ယင်းသို့လျှင် ဝိကာလ ဘောဇန သိက္ခာပုဒ်တော်ဟု နေလွဲညစာရှောင်ရန် အပြတ်မိန့်တော်မူသော်လည်း ယင်း နေလွဲညစာဟူသော ကိစ္စ၊ ရှောင်ရန်ဆောင်ရန်စသော အာဟာရကိစ္စများ နောက်ဆက်တွဲအဖြစ် ရှိနေပေသေးရာ အနုပညတ်များအဖြစ် ထပ်မံ ပညတ်ရပေသေး၏။ ယင်း အနုပညတ်ချက်များအနက် အရှင်ဗေလဋ္ဌသီကိစ္စမှာ မှတ်သားဖွယ်ရာတည်း။

အရှင်ဗေလဋ္ဌသီသဟူသည် တရားအားထုတ်မှုတွင်လည်းကောင်း၊ သိက္ခာပုဒ်တော်များအတိုင်း လိုက်နာကျင့်သုံးရာ၌ လည်းကောင်း ထင်ရှားသော အရှင်တစ်ပါး ဖြစ်၏။ ယင်းသို့ သီလသိက္ခာတွင် ထင်ရှားသူဖြစ်ရုံမက ဘုရားရှင်၏ ညီတော် အရှင်အာနန္ဒာမထေရ်၏ ဥပဇ္ဈာယ်ဆရာကြီးလည်း ဖြစ်ပေ၏။

ထိုအရှင်သည် ဘုရားရှင် ဘုရားဖြစ်တော်မူစကပင် ကိုယ်ချွတ်ခွင့်ကြုံခဲ့သော ဥရုဝေလကဿပ၏ ရှင်တစ်ထောင်ဂိုဏ်းဝင်တစ်ပါးဖြစ်၍ ဘုရားရှင်၏ တရားတော်တွင် သက်ဝင်ကျွတ်လွတ်ပြီးသည်နှင့် တစ်ပြိုင်နက်လိုလိုပင် တရားတော်၏ အသီးအပွင့်ဖြစ်သော ဖလသမာပတ် ဝင်စားမှု၌ နှစ်ခြိုက်မွေ့လျော်လှသူပေတည်း။

သမာပတ် ဝင်စားမှုဟူသည် မွန်မြတ်သော တရားအလုပ်ဖြစ်သော်လည်း ကိုယ်ကျိုးဆန်သော အလုပ်ဟု ဆိုသော် ဆိုနိုင်ရာ၏။ ရဟန်းဟူသည် ကိုယ်ကျိုးသာမဟုတ်၊ သာသနာတော်ကျိုး၊ လောကကျိုးကိုလည်း ဆောင်ရွက်ဖွယ်တို့ ရှိသေးပေရာ ရှင်ဗေလဋ္ဌသီသမူကား ဆိုချင်ရာ ဆိုကြပေရော့ဟူသော သဘောထားဖြင့် ကိုယ်ကျိုးရှာ သမာပတ်ဝင်စားမှု အလုပ်တွင်သာ ကြိုးကုတ်အားထုတ်၍ နေခဲ့ပေ၏။

နေဟန်ကား ဇေတဝန်ကျောင်းတော်အတွင်း အများနှင့် ရောနှောနေလျှင် သမာပတ်အလုပ် ပျက်မည်ကြောင့် ဘုရားနှင့်လည်း မနီးမဝေး ဇေတဝန်အနီးရှိ ကျောင်းကလေးတစ်ကျောင်းတွင် သီးသန့်နေထိုင်ကာ မိမိ၏ သမာပတ်အလုပ်ကို ကျားကုတ်ကျားခဲကျင့်၏။ သမာပတ်အလုပ်ဟူသည် တရားအရသာရှိသော်လည်း ကျင့်သုံးရာ၌မူ မလွယ်ကူလှပေ။ တရားမထိုင်မီ အကြောင်းကြောင်းရှိ၍ ဘုရားရှင် ခေါ်တော်မူက နိုးထပါစေဟု အဓိဋ္ဌာန်ပြုရ၏။ တရားထိုင်၍ ခုနစ်ရက်ပြည့်လျှင် နိုးထပါစေဟုလည်း အဓိဋ္ဌာန်ပြုရ၏။ အကြောင်းမူကား ထမင်းအသက် ခုနစ်ရက်ဟူသော စကားအရ ခုနစ်ရက်ပြည့်လျှင် ခန္ဓာကိုယ် ပဋ္ဌာဒြပ်အတွက် အစာအာဟာရ ဖြည့်ထားရန်ကိစ္စက ရှိနေသောကြောင့် ဖြစ်သည်။

သမာပတ်ထိုင်မှု အားသည်းသော အရှင်မြတ်သည် လှည့်ရှောင်၍ မရသော ယင်းအာဟာရကိစ္စအတွက် တရားထိုင်မှု အချိန်များများရစေရန် ဖြတ်လမ်းနည်း အချိန်တိုနည်းကို တီထွင်လေတော့သည်။ တီထွင်ဟန်ကား ဆွမ်းခံ၍ရလာသော ဆွမ်းများတွင် ဟင်းကြွေးကို ဖယ်ရှားပြီး အခြောက်လှမ်းကာ သိမ်းထားလိုက်သည်။ ယင်းထမင်းခြောက်ကို ခုနစ်ရက်တစ်ကြိမ် သမာပတ်မှ ထချိန်တွင် ရေဖြင့်နှူးပြီး ဘုဉ်းပေးသည်။ ထို့နောက် တစ်ကြိမ်ဆက်၍ ထိုင်ပြန်သည်။ ယင်းသို့ဖြင့် ဆွမ်းခံမှု ကိစ္စနှင့် အခြားဗာဟိရကိစ္စများ ကင်းဝေး၍ တရားထိုင်ချိန် ပို၍ ရစေလေတော့သည်။

ယင်းသို့ဖြင့် ရံဖန်ရံခါသာ ဆွမ်းခံထွက်လာသည်ကို မြင်ရသော ဗေလဋ္ဌသီသအား အခြားရဟန်းတို့က အကျိုးအကြောင်းကို မေး၍ သိရသောအခါ ကဲ့ရဲ့ကြ၍ ဘုရားရှင်အား လျှောက်ထားကြသည်တွင် ဘုရားရှင်က အကြင်ရဟန်းသည် ခဲဘွယ် ဘောဇဉ်ကို သိမ်းသိမ်းဆည်း၍ စားအံ့၊ ထိုရဟန်းပါ စိတ်အာပတ်သင့်စေဟု ပညတ်ချက် တစ်ရပ် ထပ်မံထုတ်လိုက်ရပြန်၏။ သို့ရာတွင် ယင်းပညတ်ချက်ကား အပြစ်ကြောင့် ထုတ်အပ်သော ပညတ်ချက်မဟုတ်။ ရသမျှဖြင့် ရောင့်ရဲခြိုးခြံစွာ ကျင့်အပ်သော အကျင့်ကောင်းဖြစ်သော်လည်း သာသနာတော်အရှည်မျှော်၍သာ ပညတ်လိုက်ခြင်း ဖြစ်ပေသည်။

ရွှေဥဒေါင်း

ဤဝတ္ထုတွင် ဖော်ပြလိုခြင်းကား နေလွဲညစာ မစားစေရသော သိက္ခာပုဒ်တော်မှာ တပည့်သား ရဟန်းတော်များအတွက် လိုအပ်၍သာ ပညတ်တော်မူစေကာ လူဒါယကာများအတွက်လည်း 'ယူသော်ရ၏'ဟူသကဲ့သို့ လိုအပ်သည်ထက် ပို၍ နေတတ်ကြသော အာဟာရကိစ္စ 'ညစာ' ရှောင်ကြဉ်မှုဖြင့် ကျန်းမာရေးအတွက် လာဘ်ကြီးတစ်ခု ဖြစ်ပါကြောင်းကို ပြောမယ့် ကြုံမှသိအနေဖြင့် ဖော်ပြလိုခြင်း ဖြစ်ပါသတည်း။

## လူစွမ်းကောင်းနှင့် ကချေသည်

သုဗ္ဗတိုင်း ဒေသ က နိဂုံးသူကလေးဖြစ်သော ကလျာဏီ၏ အလှသတင်းသည် ကောသလတိုင်းကြီး၏ ရွှေမြို့တော် သာဝတ္ထိသို့ပင် ချင်းနင်းထိုးဖောက်ရောက်ရှိလာ၏။ ကလျာဏီ၊ ဇနပဒ ကလျာဏီဟူသော သတင်းစကားမှာ သာဝတ္ထိသားတို့၏ ပါးစပ်ဖျားတွင် မနားတမ်း ပြောဆိုလျက် ရှိနေကြ၏။ ယင်းသို့ဖြင့် အလှမယ်ကလေး ကလျာဏီသည် သူဌေးတစ်ယောက်၏ အစီအစဉ်ဖြင့် သာဝတ္ထိပြည်အတွင်းသို့ ချင်းနင်းရောက်လာသည်။ ရောက်ရှိလာဖို့ရန်မှာလည်း လွယ်ကူ၏။ အကြောင်းမူကား ကလျာဏီသည် ယသော်၊ ခေမာ၊ မလ္လိကာ၊ နန္ဒာတို့လို သက်ဆိုင်သူများနှင့်သာ သက်ဆိုင်သည့် ၊ ရွှေနန်းတွင်း အလှမယ်၊ မိမိတို့တိုက်ခန်းအတွင်း၌သာ ပိုးမွေး သလို မွေးထားသော သူဌေးသမီး အလှမယ်တို့လို မဟုတ်၊ ပြည်သူပြည်သားများနှင့် သက်ဆိုင်သော ကချေသည်မ အလှမယ်ကလေး ဖြစ်သည်။

မိမိအလှကို အရင်းတည်ကာ ကချေသည်မကလေး ဖြစ်လာရသော ကလျာဏီအဖို့ တောကြိုအုံကြား၊ ကျေးရွာမြို့ငယ်များတွင်သာ ကျက်စားနိုင်ခဲ့ရာက ယခုသော် အလှတန်ခိုး၊ အကအပြတန်ခိုးဖြင့် ရွှေမြို့တော် အထက်တန်းလွှာတို့ အလယ်တွင် ထည်ထည်ဝါဝါ ကျက်စားနိုင်လာသည်။ ယခင်က ကျေးလက်တောရွာ များတွင် လမ်းဘေးသာသာ ဇာတ်ခုံများတွင်သာ ကပြခဲ့ရသည့်အဖြစ်မှ ယခုသော် သာဝတ္ထိမြို့အလယ်တွင် ထည်ဝါကြီးမားသော ဇာတ်ခုံကြီးများဖြင့် ငွေရှင်ကြေးရှင် ဂုဏ်ကြီးရှင်တို့ဖြင့် ဝိုင်းဝိုင်းလည်ရုံမက ဘုရင့်ရွှေနန်းတော်သို့ပင် သတင်းပေါက်၍ သွားသောကြောင့် တစ်ခါတစ်ရံ ရွှေနန်းတော်ဝင်း ပွဲကြည့်ဆောင်၌ အခင်းအကျင်းကြီး များဖြင့် ကပြရသည်အထိ မြင့်မား၍လာသည်။

ဤအတွင်း ဘုရားရှင်ကိုယ်တော်တိုင်က ဇနပဒ ကလျာဏီ၏ အလှကို ဗန်းတင်ကာ တရားတော်တစ်ပုဒ် ပြုလုပ်ဟောကြားတော်မူလိုက်သောအခါ ကလျာဏီ

၏ အလှဂုဏ်သတင်းမှာ ထိပ်ဆုံးသို့ရောက်သွား၏။ ထို့ကြောင့် ကလျာဏီ၏ပွဲများကို ထိန်းချုပ်စီစဉ်သော သူဌေးက ထူးခြားသော ပျော်ပွဲကြီးတစ်ရပ်ကို စီစဉ်လိုက်သည်။ ယင်းအစီအစဉ်သည်ကား ကလျာဏီ၏ပွဲတွင် ကလျာဏီ၏အနီးသို့ ရောက်ပါလျက် မကြည့်ဘဲနေနိုင်သော အကြင်ယောကျ်ားအား ဆုငွေတစ်ထောင်ပေးမည်ဟူသော ပျော်ပွဲကြီးပင် ဖြစ်စေပေ၏။

ကလျာဏီ၏ ဇာတ်ခုံမှာ ကြီးမား၍ ပွဲကြည့်သူတို့၏ ပွဲခင်းဇာတ်ရုံမှာ တစ်နေ့တခြား ကျယ်ပြန့်ကြီးမား၍ လာသည်။ ကြည့်လိုသူတို့များပြားလှသောကြောင့် မကျယ်ပြန့်၍လည်း မဖြစ်တော့ပေ။ သို့ရာတွင် ဇာတ်ခုံရှေ့ပိုင်း နေရာတစ်ဝိုက်မှာ ငွေကြေးတတ်နိုင်သော ငွေရှင် ကြေးရှင် ဂုဏ်ကြီးရှင်တို့ဖြင့်သာ ပြွတ်သိပ်ဝိုင်းလည်၍ သာမန် အရပ်သားတို့အဖို့မှု ပွဲခင်းနောက်ပိုင်းကသာ နေကြရ၍ ကလျာဏီ၏အလှနှင့် အကကို မှုန်မှုန်ပျပျဖြင့်သာ အားမလို အားမရ ကြည့်ရှုကြရသည်။

ဇာတ်ပွဲတို့၏ ထုံးစံအတိုင်း ရှေးဦးစွာ အခြံအရံ ဇာတ်သူဇာတ်သားကို့က ဇာတ်လမ်းအရ သီချင်းအလိုက် ထိုက်သင့်ရာ အကအဆိုတို့ဖြင့် ပဏာမအဖြစ် ဧည့်ခံသည်။ အချိန်ကျ၍ အဓိကဖြစ်သော ကလျာဏီ ထွက်တော့မည်ဆိုသောအခါ ပွဲကြည့်တို့ တစ်ရုံလုံး တစ်ပြုံလုံး မြူးကြွလှုပ်ရှား၍လာသည်။ ကလျာဏီ ထွက်လာသော အခါတွင်မူ ကလျာဏီသို့ အာရုံစူးစိုက်မှုဖြင့် မီးကို ရေဖြင့်ဖျန်းလိုက်သကဲ့သို့ တစ်ရုံလုံး ငြိမ်သွားသည်။ ကကြိုးအလိုက် ကလျာဏီက တင်ကလေး ရင်ကလေး မျက်လုံးလေးများကို လှုပ်ရှားလိုက်သောအခါတွင်မူ အဝီစိပွက်လာပြန်၏။ ဤကား ကပြမှု အစီအစဉ်ဖြစ်၏။

ပွဲစီစဉ်သူ သူဌေးက ဆုငွေတစ်ထောင်ပွဲကို စီစဉ်ပုံမှာ အတောင်ငါးဆယ်ခန့် ကျယ်ဝန်းသော ဇာတ်ခုံတစ်ဖက်စွန်း တစ်နေရာတွင် လက်ကိုင်နှစ်ဖက်ပါသော ဖလားကြီးများကို ချထားသည်။ ယင်းဖလားကြီးများတွင် ဆီကို အနားရေးနှင့် ညီလုမျှ ပြည့်လုပြည့်ခင် ထည့်ထားသည်။ ဆုငွေတစ်ထောင်ကို အလိုရှိသော အကြင်လူစွမ်းကောင်း ပွဲကြည့်ယောကျ်ားသည် ကလျာဏီ သီဆိုကပြနေဆဲတွင် ယင်းဖလားကြီးတစ်လုံးကို ကိုင်မ၍ ဆီတစ်စက်မျှ မဖိတ်မစဉ်စေရဘဲ ဇာတ်ခုံ တစ်ဖက်စွန်းမှ တစ်ဖက်စွန်းသို့ရောက်အောင် သွားရမည်ဖြစ်၏။ အဝတ်များကိုကျစ်၍ ထုပ်လုပ်ထားသော အဝတ်တုတ်များကို ကိုင်ဆောင်ထားသည့် ယောကျ်ားကြီး နှစ်ယောက်က ထိုသူနောက်မှ ထက်ကြပ် လိုက်သည်။ တစ်ဖက်စွန်းတွင် ဆုငွေ ထောင်ထုပ်ကို ခုံတစ်ခုတွင် အသင့်တင်၍ ထားရှိ၏။ တစ်ဖက်စွန်းရောက်သည်အထိ ဆီမဖိတ် မစဉ်ဘဲ သွားနိုင်ခဲ့သော် ထောင်ထုပ်ကို ရမည်ဖြစ်၍ ကလျာဏီကို နစ်မြော မော်ကြည့်မိ၍ ဆီဖိတ်စဉ်ခဲ့သော် အဝတ်တုတ်ကြီးများဖြင့် တဖုန်းဖုန်း အရိုက်ခံရမည် ဖြစ်၏။

ယင်းအစီအစဉ်အရ လူစွမ်းကောင်းများ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာသည်။ သူ့ထက်ငါသာ ဇာရင်းသွင်းကြသည်။ အချိန်ကျ၍ ဆိုင်းက အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ပြည်ဖုံးကား ကန့်လန့်ကာကြီး တဖြည်းဖြည်း ကွဲတက်လာသည်။ တစ်ဖက်စွန်းတွင် ခြေဝတ်ခြူသံတို့ဖြင့် မြူးမြူးကြွကြွ လှုပ်ခါလျက်ရှိသော ကလျာဏီ၏ ကိုယ်ဟန်နွဲ့နွဲ့ သွက်သွက်ကလေး ပေါ်လာသည်။ ဆိဖလားကိုင်သမားသည် စတင် ထွက်ခွာနေပြီ ဖြစ်၏။

ဆိသမား၏ ခြေလှမ်းနှင့်အတူ ကလျာဏီသည် ကကြိုးဖြင့်တစ်ပြေးညီ အထက်နှင့်အောက် ဘေးချင်းယှဉ်၍ ဇာတ်ခုံစွန်းအတိုင်း လိုက်ပါလာသည်။ ဆိုင်းချက်နှင့်အညီ လှုပ်ခါလျက်ရှိသော ခြေဝတ် ခြူသံကလေးများနှင့်အတူ မြူဆွယ် ဖိတ်ခေါ်သည့် သီချင်းသံကိုလည်း အနီးကပ်ကြားနေရ၏။ သို့ရာတွင် ဆိသမားသည် ဆုငွေထောင်ထုပ်ရမည့် အရေးကြောင့် တစ်ချက်ကလေးမျှ မော်ကြည့်ဖို့ထား၍ စောင်း၍မျှပင် မကြည့်ရဘဲ ဆိခွက်ကိုသာ စူးစိုက်ကြည့်ရှုကာ အားတင်း၍ တဖြည်းဖြည်း လျှောက်သွားသည်။ အသင်လူစွမ်းကောင်း အဘယ်မျှ စွမ်းနိုင်မည်နည်း။

စတင်ထွက်ခွာသည်နှင့် တစ်ပြိုင်နက် ပရိသတ်ကြီး၏ ဆူညံသော အားပေးသံ၊ လက်ခုပ်သံ၊ ဟစ်အော်သံများမှာ သောသောညံ၍ နေ၏။ တစ်ဖက်တွင် ကလျာဏီ၏ အလှနှင့် အကကို ကြည့်ရခြင်းနှင့်အတူ တစ်ဖက်တွင် ဆိသမားလူစွမ်းကောင်း၏ ရွေ့လျားမှုကိုလည်း တထိတ်ထိတ်နှင့် ကြည့်ရသည်။

ဇာတ်ခုံအလယ်ဆီသို့ရောက်သောအခါ ကလျာဏီ၏ အကသည် ဆိုင်းချက်နှင့်အတူ ပို၍ မြူးကြွလာ၏။ ကခုန်လှုပ်ရှားရင်းဖြင့် ကလျာဏီ၏ ခြေတံ ဖွေးဖွေး ကစ်ကစ်ကလေးများသည် ဆိသမား၏ မျက်နှာရှေ့သို့ ခါဆတ်ဝှေ့လည်၍ ရောက်ရောက်လာသည်။ အနည်းငယ်မော်၍ကြည့်လိုက်ပါသော် ကလျာဏီ၏ ပေါင်တံဖွေးဖွေး၊ တင်သားလုံးလုံး၊ ခါးကလေးကျင်ကျင်၊ ရင်သားဖြိုးဖြိုး ထို့ထက် မော်လိုက်ပါသော် အလှတို့စုပြုံရာ ကလျာဏီ၏ မျက်နှာကလေးကို အနီးကပ် မြင်ရမည်ဖြစ်၏။

မိမိသည် လှသော ကလျာဏီကို အဝေးကသာ အားမလိုအားမရနှင့် မြင်ရဖူးသည်။ အခွင့်ကြုံအခိုက် တစ်ချက်ကလေးမျှ ကြည့်လိုက်ချင်ပါ၏။ ဖြုံးခနဲ ဖျတ်ခနဲ တစ်ချက်ကလေး ကြည့်လိုက်ရုံမျှနှင့်တော့ ဤဆိခွက် မဖိတ်တန်ရာပါဟူသော အတွေး ဝင်လာပြီ ဖြစ်၏။ ထိုအတွေးအရ ဖျတ်ခနဲ မော်ကြည့်လိုက်မိသည်။ ဆိဖလားမှ မျက်နှာခွာလိုက်မိသည်နှင့်တစ်ပြိုင်နက် ဆိခွက်ဖိတ်စဉ်သွားပေပြီ။ အဖြေကား ထက်ကြပ်ပါလာသူ နှစ်ယောက်၏ တဖုန်းဖုန်း အရိုက်ခံရခြင်းပေတည်း။ ပရိသတ်အဖို့ ရင်တမမနှင့် ကြည့်ရှုနေကြရာက ဟင်ခနဲ ဟာခနဲ ဖြစ်ကာ တဟားဟားပွဲကျသွားသည်။

နောက်ထပ် လူစွမ်းကောင်းတစ်ယောက် ရောက်လာသည်။ အလားတူပင် ဖြစ်၏။ နောက်ထပ်တစ်ယောက်ပေါ်လာပြန်သည်။ ထိုနည်းလည်းကောင်းတည်း။ ကလျာဏီ၏ ဆွဲအားမှာ ကြီးမားလှပါဘိ။

ယင်းသို့ဖြင့် တစ်ပွဲလျှင် သုံးယောက်မျှသာ အလှည့်ပေးနိုင်သည်။ အကြောင်းမှာ ကပြဆွဲဆောင်ရသော ကလျာဏီအဖို့ ပင်ပန်းမည်ကြောင့်ဖြစ်၏။ လူစွမ်းကောင်းများ အဖို့ ဆယ်ဦးတစ်ဦးမျှသာ တောင့်ခံနိုင်၍ ထောင်ထုပ်ရသည်။ သို့ရာတွင် စိတ်ကူး ကောင်းသော ဤအစီအစဉ်ကို ယောကျ်ားတို့ အလွန်စိတ်ဝင်စားကြသောကြောင့် ထောင်ထုပ်ထက် ဆယ်ဆမကသော အမြတ်အစွန်း ရသည်။

*

ဘုရားရှင်သည် သုဗ္ဘတိုင်းမှ ကလျာဏီတို့၏ ဒေသက နိဂုံးသို့ ဒေသစာရီကြွချီတော်မူသောအခါ ကျော်ကြားသော ဇနပဒ ကလျာဏီကို သတိတော်ရသောအားဖြင့် ဇနပဒကလျာဏီကို ဥပမာတင်ကာ အောက်ပါတရားတော်ကို ဟောကြားတော်မူခဲ့၏။

ဟောဟန်ကား 'ရဟန်းတို့၊ ကောင်းခြင်းပြည့်ကြွယ် ပြည်ကြီးမယ် ကလျာဏီ၊ ကလျာဏီဟူသော အလှသတင်းသည် ကျော်ကြားလျက်ရှိပေ၏။ ယင်းကလျာဏီအနီးသို့ အကြင်ယောကျ်ားတစ်ဦးအား အနားရေးပြည့်သောဆီခွက်ကို တိုင်စေ၍ ဆီခွက် မဖိတ်အောင် ရှုးစိုက်သောသတိဖြင့် ကိုင်၍သွားရမည်။ အကယ်၍ သတိလစ်ကာ ဆီခွက်ဖိတ်စဉ်ခဲ့သော် ထိုယောကျ်ားကို သတ်မည်ဟု သန်လျက်မိုးသော ယောကျ်ားကို လိုက်စေ၍ မင်းမိန့်ဖြင့် ခိုင်းစေခဲ့သော် ထိုယောကျ်ားသည် ကလျာဏီကို မကြည့်ဘဲ နေရန် ဖြစ်နိုင်ပါမည်လော'

'အရှင်မြတ်ဘုရား၊ ဖြစ်နိုင်ပါလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ဆီခွက် ဖိတ်စဉ်ခဲ့ပါသော် ထိုယောကျ်ား အသတ်ခံရတော့မည်ကြောင့်ပါ ဘုရား'

'ချစ်သား ရဟန်းတို့၊ အနားရေးပြည့်သော ဆီခွက်ဟူသည် ရှုမှတ်အပ်သော အာနာပါန စသည့် ကသိဏ်းဥပမာပေတည်း၊ ကောင်းခြင်းပြည့်ကြွယ် ပြည်ကြီးမယ် ဘဒ္ဒကလျာဏီဟူသည် ပြင်ပမှ ထိုးဖောက်ဝင်ရောက်လာလေ့ရှိသော အာရုံခြောက်ပါး၏ ဥပမာတည်း၊ တရားတည်းဟူသော မိမိအသက်ကိုချစ်သော ယောဂီသည် ရှုမှတ်မှု တရားဆီခွက်ကို လွင့်စဉ်၍ မသွားရအောင် မလစ်သောသတိဖြင့် ပြည့်စုံစေရာ၏'

ရဟန်းတို့၏ သာဓုသံသည် စီညံ၍ သွားသည်။

[ သံယုတ် မြန်မာပြန် 'ဇနပဒကလျာဏီသုတ်'ကို မှီးပါသည်။ ]

# ရွှေနန်းတော်ဝယ်

ဘုရားရှင်အဖို့ ကျွတ်ထိုက်သော သတ္တဝါတို့အား ကယ်ချွတ်ခြင်း၊ တရားဒေသနာ ဟောကြားခြင်း စသော ဗုဒ္ဓကိစ္စတော်များအပြင် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော လူမှုရေးပြဿနာများကို ဟောကြားဖြေရှင်းပေးရသည်များလည်း ရှိ၏။

ညီနောင်ချင်း မတည့်ကြသည်ကို တည့်အောင်လုပ်ပေးပါဟု ဘုရားရှင် အပူကပ်ခံရသည်လည်း ရှိ၏။ သူ့သမီးကို ဘယ်လိုလူနှင့် ပေးစားသင့်သည်ဟု အကြံတောင်း အမေးအလျှောက် ခံရသည်မျိုးပင် ရှိ၏။

ယခုလည်း ကောသလဘုရင် ကိုယ်တိုင်ကပင် လူမှုရေးပြဿနာတစ်ရပ် အပူကပ်လာပြန်ပြီ ဖြစ်၏။ ရာဇာ အာဂတောဘုရင် ကြွလာသည်ဆိုတော့ အနတ္တ သိဒ္ဓိနည်းအရ မပြောဘဲနှင့် သိရမည်မှာ နောက်တော်ပါ မှူးကြီးမတ်ရာ အခြွေအရံတို့ ပါရှိလာခြင်း ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်နှင့် ကောသလဘုရင်တို့ လျှောက်ထား ဆွေးနွေးကြသည်ကို နောက်တော်ပါတို့ ကြားသိကြသည်။

ခက်သည်မှာလည်း လျှောက်ထားလာသော ကိစ္စမှာ သာမန်ကိစ္စမဟုတ်၊ ဘုရားရှင်ထားဦး၊ ဤသူတော်ကောင်းတို့ နားနှင့်ပင် မလျော်လှသော မိန်းမနှင့် ယောကျ်ားတို့၏ အတွင်းသား၊ အတွင်းရေးကိစ္စဖြစ်နေပေရာ တိုက်ရိုက်မိန့်ကြားဖို့ ခက်နေခြင်းပင် ဖြစ်၏။ သို့သော် ရှောင်လွှဲ၍တော့ မဖြစ်နိုင်။ ဘုရားလူ့ဘ၊ မုန်နှလျက်၊ မိန်းမယောကျ်ား၊ ဆိုစကားဖြင့်၊ မကြားစကောင်း၊ မဆိုကောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုတုံသေးရှင့်ဟု အဆိုရှိသည် မဟုတ်ပါလော။

'အရှင်မြတ်ဘုရား၊ တပည့်တော် ချစ်မြတ်နိုးအပ်သော မိဖုရားငယ်တစ်ယောက် သည် အမတ်တစ်ယောက်နှင့် ဖောက်ပြားလျက် ရှိနေပါသည်၊ ဤကိစ္စတွင်မည်ကဲ့သို့ အရေးတင်ရမည်ကို မဆင်ခြင် မဆုံးဖြတ်နိုင်ပါသောကြောင့် ဖြေရှင်းပေးတော်မူပါရန် လျှောက်ထားပါသည် ဘုရား'

ပြဿနာကိုယ်နှိုက်ကပင် မိန်းမ ယောကျ်ား မဖွယ်မရာစကားဖြင့် မကြား စကောင်း ဖြစ်နေသည့်အပေါ်တွင် သာမန်အားဖြင့်ဆိုလျှင် အဆုံးအဖြတ် ပေးဖို့ခက်ခဲသော ကိစ္စဖြစ်နေ၏။ သို့သော် ဘုရားရှင်စသော သူတော်ကောင်းတို့၏ လက်သုံးမှာကား မေတ္တာလမ်းခင်းသော ပြေလည်ရာ ပြေလည်ကြောင်းသာ ဖြစ်ပေ၏။ တိုက်ရိုက်မိန့်ကြား၍ကား မလျော်။ ဥပမာဆောင်၍သာ ဟောကြား ဖြေရှင်းရပေမည်။

ထို့ကြောင့် 'မင်းကြီး၊ ချစ်မြတ်နိုးအပ်သော မိဖုရားဟုကား သိရလေပြီ၊ သို့သော် ဖောက်ပြန်သော အမတ်ဆိုသည်မှာလည်း မင်းကြီးအဖို့ ကျေးဇူးများ၍ ချစ်မြတ်နိုးအပ်သော ယောကျ်ား ဖြစ်ပေလိမ့်မည်'ဟု စတင် မိန့်ကြားလိုက်သည်။

'မှန်လှပါသည် ဘုရား၊ ထိုအမတ်သည်လည်း တပည့်တော် ချစ်မြတ်နိုး၍ နန်းတွင်းနန်းပြင် ကိစ္စရပ်များတွင်ပါ ကျေးဇူးများလှသောသူ ဖြစ်ပါသည်၊ ထို့ကြောင့်လည်း သူ့ကို လက်လွှတ်စပယ် အလွယ်တကူ အရေးယူဖို့ ခက်နေ၍ လာရောက် လျှောက်ထားရခြင်း ဖြစ်ပါသည် ဘုရား'

'သို့ဆိုလျှင် အလားတူ ဖြစ်ခဲ့ဖူးသော အတိတ် ဇာတ်တော်တစ်ရပ်ကို ဟောကြား မည်၊ နာယူပေတော့'

'မိန့်တော်မူပါ ဘုရား'

'လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း နန်းစံ၍ ငါဘုရားအလောင်းတော်သည် ထိုမင်းကိုဆုံးမသော ပညာရှိအမတ်ဖြစ်ခဲ့ပေ၏၊ ထိုမင်း၏ ကျေးဇူးများသော အမတ်တစ်ယောက်သည် မင်း၏မိဖုရားနှင့် ပြစ်မှားမိကြသည်ကို မင်းသိသော် မည်သို့အရေးယူရမည်ဟု ပညာရှိအမတ်ကို တိုင်ပင်၏၊ တိုင်ပင်ရာ၌ ဖွင့်ပြောရမည်ကို ရှက်စနိုးသောကြောင့် ဥပမာစကားဖြင့် မိန့်ကြားတိုင်ပင်သည်၊ တိုင်ပင်ဟန်ကား

'ပညာရှိအမတ်၊ ငါ ဥပမာတစ်ခုဖြင့် မိန့်ကြားမေးမြန်းလိုသည်၊ ဟိမဝန္တာ တောင်ခြေအနီး၌ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော ရေကန်ကြီးတစ်ခု ရှိလေ၏၊ ထိုရေကန်ကို ခြင်္သေ့မင်းစောင့်ရှောက်သည်၊ သို့ပါလျက် မြေခွေး တစ်ကောင်သည် ထိုရေကန်သို့ ကျူးကျော်ဖျက်ဖောက် ရေလာသောက်၏၊ ထို မြေခွေးသည် သောက်ကောင်းပါ၏လော'

ထိုဥပမာစကားရပ်ဖြင့် ပညာရှိအမတ်က ဘုရင်၏ ပြဿနာကို သိလိုက် လေပြီ။ ထို့ကြောင့် အောက်ပါအတိုင်း ဖြေရှင်းလျှောက်ထားလိုက်သည်။

'မင်းကြီး၊ ကြာမျိုးငါးပါးနှင့်ပြည့်စုံ၍ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရေကန်ကြီးပင် ဖြစ်စေ၊ ထိုရေကန်သည် တောအတွင်း၌ ရှိနေ၍ ရေငတ်သော မြေခွေး၊ သမင် စသော ကျေးငှက်သတ္တဝါတို့ သောက်သုံးကြ၏၊ ယင်းသို့ သောက်သုံးကြသော အကြောင်းကြောင့် ထိုရေကန်သည် ရေကန်အဖြစ်မှ မယုတ်လျော့၊ ရေကန်အတိုင်းသာ ရှိနေသည် မဟုတ်ပါလော မင်းကြီး၊ ရေကန်တည်းဟူသော အကြင်မိန်းမနှင့်

ကျေးဇူးများသော အကြင်ယောကျာ်းတို့ကို ချစ်မြတ်နိုးအပ်သည်ရှိသော် သည်းခံတော် မူလော့။

'မဟာရာဇာ ဘုရားအလောင်း၏ အဆုံးအမကြောင့် ဗြဟ္မဒတ်မင်း သဘောပေါက်ကာ သည်းခံလိုက်သည်၊ ဖောက်ပြန်သော မိဖုရားနှင့် အမတ်တို့လည်း မိမိတို့အမှုကို မင်းကြီးသိလေပြီဟု ထိုနေ့မှစ၍ မကောင်းမှုကို ရှောင်ကြဉ်ကြသည်'

ကောသလဘုရင်က လျှောက်၏။ 'မှန်လှပါ တပည့်တော်လည်း သဘောပေါက်ပါပြီ၊ သည်းခံလိုက်ပါတော့မည် ဘုရား'

မှန်လှပေ၏။ နောက်တော်ပါ အမတ်တို့မှတစ်ဆင့် ကာယကံရှင်တို့ သိသွားကြသောအခါ ထိုအချိန်မှစ၍ ရပ်တန်းမှရပ်ကာ ပြဿနာပြေရှင်းသွားသည်။ ပိုနေမြဲ ကျားနေမြဲ ဖြစ်သွားကြသည်။

[ ငါးရာ့ငါးဆယ် 'ပဗ္ဗတူပတ္ထရ' ဇာတ်တော်ကို မှီးပါသည်။ ]

## ဝေရဠာ၏ ဂုဏ်တော်ဖွင့်

သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ထိုထိုမြို့ကြီးများသည် ဘုန်းကြီးသောဘုရင်တို့ ဥကင်စိုက်ရာ ဖြစ်၍လည်းကောင်း၊ သာသနာတော်ပြန့်ပွားရာ မြို့များဖြစ်၍လည်းကောင်း၊ ကျော်ကြား သကဲ့သို့ 'ဝေရဠာ'ဟူသော မြို့သည်လည်း ဘုရားရှင်လက်ထက်တွင်လည်းကောင်း၊ သာသနာတော်အစဉ် ရဟန်းတော်တို့ လောကတွင်လည်းကောင်း ကျော်ကြားသော မြို့ဖြစ်၏။

ဝေရဠာ ကျော်ကြားဟန်ကား အကောက်ခွန်မဲ့မြို့ဖြစ်သောကြောင့် ကျော်ကြား သည်။

လူ့လောကဟူသည် ကမ္ဘာဦး မဟာသမ္မတမှစ၍ အုပ်ချုပ်သော မင်းအစိုးရ ရှိရသည်။ မင်းရှိလျှင် သဿမေဓ၊ ပုရိသမေဒစသော အကောက်အခွန်တို့ ရှိရတော့ သည်သာ ဖြစ်၏။ သို့သော် ရှိသင့်၍ ရှိသည်ဆိုစေ၊ အခွန်အတုတ်ပေးရတော့မည်ဆိုလျှင် အနည်းနှင့်အများ ငြိုငြင်ဆင်းရဲကြရမြဲ ဖြစ်၏။ ဝေရဠာမြို့ကား ယင်းအခွန်အတုတ်တို့ ဖြုတ်ပယ်ကင်းလွတ်စေသော အကောက်မဲ့မြို့ ဖြစ်သည်။

ဘဝသံသရာတစ်လျှောက်လုံး နောက်ဆုံးဘဝအထိ တွေ့ရာသချိုင်း စားမဆိုင်း ဆိုသကဲ့သို့ ဒေဝဒတ်က ဘုရားရှင်အား လွှန်ခဲ့သော ငါးကပ်ကမ္ဘာ၊ ဖုဿဘုရားရှင် လက်ထက်တော်မှစ၍ ရန်ငြိုးစတင်ခဲ့ရာ မြို့နေရာဖြစ်၏။ ငါးရာ့ငါးဆယ်ဇာတ်တော် ဘုရားအလောင်းတော်နှင့် ဒေဝဒတ်အလောင်း ရွဲကုန်သည် သေရိဝါဏိဇ ဇာတ်ဖြင့် ထင်ရှားပြီ။

ရွှေဘုန်းတော်သခင် ဘုရားရှင်ဖြစ်ပါလျက် ၁၂ ဝါမြောက် ဒွါဒသမဝါ ဤနေရာတွင် မုယောဆန်တည်းဟူသော ဆွမ်းကြမ်းအာဟာရဖြင့် တစ်ဝါတွင်းလုံး တင်းတိမ်တော်မူခဲ့ရရှာသော မြို့ဖြစ်၏။

ထိုသည်တို့ထက် ကျော်ကြားဟန်ကား ယနေ့ ရဟန်းတော်တို့ ကျင့်သုံးလျက် ရှိသော ဝိနည်းသိက္ခာပုဒ်တော်တို့၏ စတင်ရာ အကြောင်းခံမြို့ဖြစ်သတည်း။

ယင်းဝေရဉ္စာမြို့ကို ဝေရဉ္စာဗြာဟ္မဏကြီး အုပ်ချုပ်သည်။ သာဝတ္ထိဘုရင်၊ ရာဇဂြိုဟ်ဘုရင် အမည်တွင်သကဲ့သို့ပင် ဝေရဉ္စာမြို့ကို အုပ်ချုပ်သူဖြစ်သော ကြောင့် ဝေရဉ္စာ ဗြာဟ္မဏကြီးဟု အမည်တွင်၏။ သူ့အမည်ရင်းမှာ ဥဒယ ဖြစ်၏။

ဗြာဟ္မဏကြီးဆိုသည်မှာ တတိယအရွယ် အသက်ရစ်ဆယ်ပိုင်းရောက်၍ အရွယ်ကြီးပြီ။ ပစ္စည်းဥစ္စာ ကြွယ်ဝသည်။ တပည့်တပန်းများစွာတို့၏ ဆရာ၊ သက်ဆိုင်ရာ ပညာရှင်ကြီးလည်း ဖြစ်သည်။ ဥစ္စာနှင့်ပညာ ကြီးသလောက်လည်း မာနကြီးသည်။ သို့သော် စဉ်းစားဝေဖန် ပဋိဘာန်နှင့် ပြည့်စုံသူဖြစ်၍ ဉာဏ်ပညာနှင့် စပ်လာလျှင် သည်းခံတတ်သူဖြစ်သည်။ ဖွယ်ဖွယ်ရာရာ ဝါစာသိလိမ္မာ အသင်အပြ အပြောအဟော ကောင်းလှသူဟူ၍လည်း တပည့်များလောကဝယ် နာမည်ကြီးသူ ဖြစ်၏။

ဘုရားရှင်သည် ခြေခင်းလက်ခင်းသာသော နွေရာသီများတွင် သာသနာပြု ဒေသစာရီ လှည့်လည်မြဲအတိုင်း ထိုနှစ်နွေအဆုံး မိုးရာသီ အစ၌ ဝေရဉ္စာသို့ ရောက်ရှိလာကာ ဝေရဉ္စာမြို့အနီးရှိ ကျော်ကြားသော တမာပင်တောတွင် နောက်တော်ပါ သံဃာတော်ငါးရာနှင့်အတူ သီတင်းသုံးတော်မူနေ၏။

ဘုရားရှင် ဒေသစာရီကြွချီတော်မူရာ၌ နောက်ပါသံဃာတို့မှာ အကြောင်း အားလျော်စွာ တစ်သောင်းနှစ်သောင်း ပါရှိသည်လည်း ရှိ၏။ လေးငါးရာမှစ၍ အနည်းအကျဉ်းမျှသာ ပါရှိသည်လည်းရှိ၏။ အာဠ္ဝက၊ အင်္ဂုလိမာလတို့လို အကြောင်းထူးရှိမှသာ တစ်ပါးတည်း ကြွချီတော်မူသည်လည်း ရှိ၏။ ယခုဒေသစာရီ၏ ထူးခြားဟန်ကား ငါးရာသော နောက်ပါသံဃာတော်တို့အနက် အနိမ့်ဆုံးသော ရဟန်းသည် သောတာပန် အရိယာဖြစ်၍ အရေးပါသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသည့် အဂ္ဂသာဝက၊ မဟာသာဝကတို့လည်း ပါရှိကြသည်။

ဝေရဉ္စာ တမာတော၏ ကျော်ကြားဟန်ကား လုမ္ဗိနီ၊ မလ္လာတို့သည် အင်ကြင်းဖြင့် ကျော်ကြားသကဲ့သို့ ဝေရဉ္စာ ပြည်သားတို့ကလည်း မိမိတို့တမာတောဖြင့် ဂုဏ်ယူသည်။ မှန်၏။ အင်ကြင်းသည် ဂုဏ်အားဖြင့် မြင့်မားသကဲ့သို့ တမာကလည်း တစ်မျိုးလှသည်သာ ဖြစ်၏။ အရိပ်ကောင်း၊ အအုပ်အဆိုင်းညီညာသည်၊ တမာနံ့ သင်းသင်းသည် တစ်မျိုးမွှေး၍ ကျန်းမာရေးကိုလည်း ပြည့်စုံစေသည်။

ဝေရဉ္စာမြို့အစွန်မှ ချွန်၍ထွက်လာသော လမ်းဖြူးဖြူးသာသာ၏ နံဘေး တစ်ဖက်တစ်ချက်စီတွင် ညီညာသောတမာပင်တို့ စီတန်း၍ ဘုရားရှင်သီတင်းသုံးရာ တမာတောသို့ရောက်သည်။ ယင်းတမာတောမှ နဋ္ဌေရုမည်သော တမာပင်ကြီးအရင်း တွင် ဘုရားရှင်သီတင်းသုံး၍ ထိုထိုတမာပင်တို့တွင် သံဃာတော်တို့ သီတင်းသုံးသည်။

ယင်းသို့လျှင် ဝေရဉ္စာ မြို့သူမြို့သားတို့သည် မိမိတို့၏ တမာတော တမာ တန်းကို ပန်းဥယျာဉ်သဖွယ် မပြတ်လာရောက် မွေ့လျော်ကြရာမှ ဘုရားရှင်နှင့်

တပည့်သံဃာတို့ ကြွလာသီတင်းသုံးသည်ဟု သိရသောအခါ ဘုရားဖူး၊ တရားနာ အစီအရီ ရောက်ရှိလာကြသည်။ ယင်းသတင်းကို ဝေရဥ္စာဗြာဟ္မဏကြီးလည်း ကြားသိ၍ မိမိအဖို့ မခေါ်ပင့်ချေ ဆိုက်ရောက်လာလေသော လာဘ်ကြီးပေတကားဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ အကြောင်းမူကား ကျော်ကြားလှသော ရှင်ဂေါတမကို တွေ့လို မြင်လိုနေသည်မှာ ကြာလှပြီဖြစ်သောကြောင့်ဖြစ်၏။

အရဟံအစ ဘဂဝါအဆုံးရှိသော ဘုရားရှင်၏ ဂုဏ်တော်၊ တရားတော်၊ သာသနာတော်၏ သတင်းများသည် ကျော်ကြားလှ၏။ အထူးသဖြင့် ပညာပိုင်းဆိုင်ရာ ဝေဒဘာသာ ခေါင်းဆောင်များဖြစ်ကြသော ဝေရဥ္စာတို့လို ဗြာဟ္မဏကြီးတို့လောက တွင် စိတ်ဝင်တစား ပို၍ ကျော်ကြားသည်။ မိမိတို့၏ အတ္တဝါဒကို အနတ္တဝါဒ တံခွန်ထူ၍ တိုက်ခိုက်လာသော ရှင်ဂေါတမကို စိတ်ဝင်စားသည်။ သို့ရာတွင် ဆန့်ကျင်ဘက်ပင်ဖြစ်သော်လည်း ဘုရားရှင်၏ ကျော်ကြားလှသော သီလဂုဏ်၊ ပညာဂုဏ်ကိုကား မတွန်းလှန်နိုင်၊ တွေ့မြင်စူးစမ်းလိုကြသည်သာ ဖြစ်၏။ တွေ့မြင်ပြီးနောက် တတ်နိုင်လျှင် အနိုင်ကြိုလိုသူများ ဖြစ်ကြ၏။

ယင်းသို့လျှင် ရှင်ဂေါတမကို အခွင့်သာသည့်အခါတွင် မြင်တွေ့ရအံ့ဟု ကြံစည်ထားဆဲမှာပင် ရှင်ဂေါတမသည် မိမိတို့ တမာတောသို့ ကြွရောက်သီတင်းသုံးနေသည်ဟု ကြားသိရသောအခါ မခေါ်ပင့်ချေ အခွင့်သာလေသောကြောင့် ဝေရဥ္စာ ဝမ်းသာ၏။ သို့နှင့် သာယာသော တစ်ညနေတွင် နောက်ပါတပည့် အခြံအရံနှင့်အတူ ကိုယ်ဟန် ကြွားကြွားမားမား ဝင့်ဝင့်နှင့် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ရှိ လာ၏။

အမှန်အားဖြင့် ဘုရားရှင် လက်ထက်တော်က ပေါက္ခရသာတိ၊ ဗြဟ္မာယု၊ စင်္ကီ၊ ဇာဏုသောဏိ၊ ဝေရဥ္စစသော ဗြာဟ္မဏကြီးတို့သည် ပုရာဏကဿပ မက္ခလိဂေါသာလစသော ဆရာကြီးများကဲ့သို့ ရသေ့ရဟန်းအသွင် ဝတ်ဆင်၍ ဘုရားတစ်ဆူ အမည်မခံစေကာမူ သူတို့သည်လည်း တပည့်တပန်းမြောက်မြားစွာတို့ဖြင့် ဆရာကြီးများပင်ဖြစ်ကြ၏။ သူတို့သည် နောင်အခါ၌ ဘုရားရှင်၏ ရူပအစိမ္ဗေယျာ ရုပ်လက္ခဏာသွင်ပြင်နှင့် တရားတော်ကို တွေ့မြင်ကြားနာရသောကြောင့် ဥပါသကာများဖြစ်လာကြသော်လည်း ဘုရားရှင်နှင့်တွေ့စတွင်မူ တွေ့ပုံတွေ့နည်း များမှာ မဝံ့တဝံ့ မထိတထိဖြင့် တစ်မျိုးစီဖြစ်ကြ၏။

- မထိတထိဟူသည်ကား ဘုရား၊ သို့မဟုတ် ယောကျ်ားထူးယောကျ်ားမြတ် ဟုတ်မဟုတ်ကို တပည့်များကို ရှေးဦးစေလွှတ်၍ သူတို့လက်သုံး သုံးဆယ့်နှစ်ပါးသော လက္ခဏာဖြင့် တိုင်းထွာနှိုင်းယှဉ်ခိုင်းသည်။ နှိုင်းယှဉ်၍ ကျေနပ်မှ ချဉ်းကပ်သည်။ သုံးဆယ့်နှစ်ပါးသော လက္ခဏာ ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ အင်္ဂါဟူသည် ဝေဒကျမ်းလာ သူတို့၏ လက်သုံးပေတံပင်ဖြစ်၏။ ယင်းကိစ္စတွင် အထင်ရှားဆုံးသော ဗြာဟ္မဏကြီးမှာ ပေါက္ခရသာတိ ဖြစ်၏။ တပည့်ဖြစ်သူအမ္ဗဋ္ဌကို စေလွှတ်နိုင်းရှည့်

အကြည့်ခိုင်းရာ၌ ဘုရားရှင်နှင့် အတွေ့တွင် သာကီဝင်တို့အပေါ် မပြေလည်သော အမွှေကြောင့် သာသနာတော်တွင် ကျော်ကြားသော အမွှေသုတ္တန်တရားတော် ထွက်ပေါ်လာရသည်။

(ဗုဒ္ဓစာပန်းချီ 'လက်စားချေလိုသူ' ဝတ္ထု)

ဘုရားရှင်ကို ဝေရဥ္စာလာတွေ့ပုံကား ရှင်း၏။ ရဲရင့်၏။ တွေ့လိုနေသည်ကို ကိုယ်တိုင်ပင်လာ၍ တွေ့လိုက်သည်။ တွေ့ပုံကား တစ်မျိုးဖြစ်၏။

သူသည် သက်ကြီးရွယ်အိုနှင့် ပညာရှင်ဖြစ်သည့်အလျောက် သူနှင့် တွေ့သည် ဆိုလျှင် လူတိုင်းလိုလိုက ရှိခိုးရသည်။ အရိုအသေပြုကာ နေရာဖြင့် ဖိတ်ကြားခံရသည်။ အနည်းဆုံးအားဖြင့် လမ်းတွင် မိုးတိုးမတ်တတ် တွေ့သည်ဆိုဦးတော့ လက်အုပ်ချီကာ ရိုသေသမှု အပြုခံရသူဖြစ်သည်။ ယခု ဘုရားရှင်နှင့် တွေ့မည်ဆိုသော် ဘုရားရှင်က သူတကာအလားတူ ခရီးဦးကြို၍ ရိုသေသမှုပြုလိမ့်မည်၊ ကြွတော်မူပါဟု နေရာဖြင့် ဖိတ်ကြားလိမ့်မည်ဟု ယုံကြည် ယူဆထားသည်။ အကြောင်းမူကား ဘုရားရှင်က ဒုတိယအရွယ်ဖြစ်၍ သူက တတိယအရွယ်ဖြစ်သည်။ ကြီးသူကို ငယ်သူက ယင်းသို့ ရိုသေသမှုပြုရသည်မှာ ဗြာဟ္မဏတို့ အစဉ်အလာ မင်္ဂလာကိစ္စတစ်ရပ်ပင် ဖြစ်လေ၏။

ထိုကြောင့် ပညာရှိခြင်းတွေ့ကြတော့မည့် ကိစ္စ၌ ဘုရားရှင်အထံတော်သို့ အသက်ကြီးသူ၏ အပေါ်စီးအဖြစ်ဖြင့် မားမားကြွားကြွား ဆိုက်ရောက်လာသည်။ သို့ရာတွင် သူ မျှော်လင့်သလို ဖြစ်မလာ။ ဘုရားရှင်သည် တမာပင်ခြေရင်းတွင် ကြီးစွာသော ဣန္ဒြေတော်ဖြင့်သာ ထိုင်နေသည်ကို တွေ့ရသောအခါ ဝေရဥ္စာအဖို့ ဘုရားရှင်ရှေ့တော် သင့်လျော်သောနေရာတွင်သာ တင်ပျဉ်ခွေ ထိုင်လိုက်ရတော့သည်။ စိတ်တွင်းကမူကား မိမိ၏ မကျေနပ်မှုကို တေးမှတ်၍ ထားလိုက်၏။

## စွပ်စွဲဆဲရေးခြင်း

'အို ဂေါတမ'

ပါဠိတော်လာ 'ဘောဂေါတမ'ကို တိုက်ရိုက် ပြန်ဆိုလိုက်ခြင်းဖြစ်၏။ ရှင်း သယောင် ရှိသော်လည်း သကျပုတ္တသာကီယတို့ကို ဂေါတမအနွယ်တော်အမည်အားဖြင့် အစဉ်အလာ ခေါ်ဆိုကြသော အာလုပ်ဖြစ်သည်။ ခမည်းတော် သုဒ္ဓေါဒနကပင် ဂေါတမဟု ခေါ်သည်။

ခရီးကြိုဆို ရိုသေသမှု အစဉ်အလာ ဖျက်သူအဖြစ် ပြစ်တင်စွပ်စွဲတော့မည် ဖြစ်သော်လည်း မိမိတို့ထံသို့ရောက်လာသော ဧည့်သည်ကို ဝင်ဝင်ချင်း ဆောက်နှင့် မထွင်းလိုသောကြောင့် 'အို ဂေါတမ၊ ရှင်ဂေါတမ၏ ကိုးပေါက်ဒွါရ ခန္ဓာကိုယ်သည် ကျန်းခန့်သာ၍ မာပါ၏လော၊ ဣရိယာပထ မျှတပါ၏လော၊ ရှင်ဂေါတမသာမက

တပည့်များသည်လည်း ရောဂါကြီးငယ်တို့ ကင်းဝေးကြပါ၏လော၊ လျင်မြန်ပေါ့ပါး သွားလာနိုင်ကြပါ၏လော။ ချမ်းသာပါ၏လော’ဟု ပဋိသန္ထာရ ပြုလိုက်သည်။

လူချင်းတွေ့လျှင် ‘ကိစ္စိခမနီယံ ယာပနယံ –ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော’ဟူသည်မှာ လူယဉ်ကျေးတို့အစဉ်အလာ နှုတ်ဆက်စကားဖြစ်၏။ ဝေရဉ္ဇာကမူ ပညာရှိပီပီ စကားတံရှည်သူ ဖြစ်၏။ ဘုရားရှင်ကိုသာမက တပည့်သာဝကများကို ပါ သိမ်းရုံးလိုက်သေး၏။ မိမိ စွပ်စွဲတော့မည်ကို တပည့်များပါကြားစေရန် စည်းရုံးလိုက်ဟန် တူပေသည်။

ဘုရားရှင်က ‘အားလုံးပင် ကျန်းမာချမ်းသာ မျှတကြပါ၏’ဟု ပြန်လည် မိန့်ကြားသည်။ ရှင်ဂေါတမ စကားပြောပြီ။ သို့သော် ရှင်ဂေါတမသည် ရုပ်လက္ခဏာ ထူးခြားသကဲ့သို့ အသံကလည်း ထူးခြားလှပါပေ၏ ဟူ၍ကား သိမှတ်လိုက်သည်။

‘အို ရှင်ဂေါတမ၊ မတွေ့မီကပင် ရှင်ဂေါတမ၏ သတင်းကို ကြားသိခဲ့ရပါ၏၊ ကြားသည့်အတိုင်းပင် ယခု မျက်မြင်ကိုယ်တွေ့မှန်နေပြီကော’

‘ဘယ်သို့ကြားသိပါသနည်း ဗြာဟ္မဏကြီး’

‘ရှင်ဂေါတမသည် မိမိထက်ကြီးသူများကို ရှိမခိုး၊ ခရီးဦး မကြိုဆိုဟု ကြားသိခဲ့ရပါသည်၊ ကြားသည့်အတိုင်း ယခု ကိုယ်တွေ့မျက်မြင်မှန်၍ နေပါ၏။ ထို့ကြောင့် ရှင်ဂေါတမသည် ပညာရှိအမည်ခံဖြစ်ပါလျက် ပညာရှိတို့တံထွာ မင်္ဂလာကို ဖျက်ဆီးသူပါတကား၊ လုပ်သင့်သည်ကို မလုပ်သူဖြစ်၍ အကိရိယ ဝါဒရှင်၊ မလုပ်သင့်သည်ကို လုပ်၍ ဥစ္ဆေဒဝါဒရှင် ပါတကား’

ယခုသော်ဆောက်နှင့် ထွင်းချေပြီ ဖြစ်၏။ မကျေနပ်၍ မြှုထားသမျှ ဖွင့်အန်ချေပြီ ဖြစ်၏။ ရှင်းရှင်းဆိုသော် ဆဲဆိုကြိမ်းမောင်းလိုက်ခြင်းပင် ဖြစ်၏။ ဆဲရင်းဖြင့် ရှင်ဂေါတမ အဘယ်သို့တုံ့ပြန်အံ့နည်းဟု မျက်နှာတော်ကို အကဲခတ်သည်။ သူ့လိုပင် ဒေါသစကားဖြင့် တုံ့ပြန်အံ့ဟု မျှော်လင့်သည်။ သို့သော် ဘုရားရှင်ကမူ နကမ္ပတိ၊ စိုးစဉ်းမျှ တုန်လှုပ်လာသည်ကို မတွေ့ရ။ ရွှေလမင်းပမာ ရောင်ခြည်တော်တို့ ဝင်းဖြာလျက်ရှိသော မျက်နှာတော်မှ အေးမြကြည်လင်လှသော ကရုဏာအသွင်ကိုသာ တွေ့ရသည်။

စွပ်စွဲဆဲရေးပုံ နည်းနေသေးဟန်တူ၏။ စွပ်စွဲဆဲရေးသော် ဒေါသဖြင့် တုံ့ပြန်ရမည်ဖြစ်၏။ တုံ့ပြန်ခဲ့သော် ဒေါသသခင် သူလိုငါလို ပုဂ္ဂိုလ်မျှသာဖြစ်၍ အဘယ်မှာ ဘုရားရှင် ဖြစ်နိုင်တော့အံ့နည်း။ ထို့ကြောင့်အကဲခတ်ရင်းဖြင့် ထပ်၍ ဆဲလိုက်ပြန်သည်။

‘အို ရှင်ဂေါတမ၊ စက်ဆုပ်ဖွယ် ကောင်းပေစွ၊ ရှင်ဂေါတမသည် ပညာရှင် မဟုတ်၊ အဆုံးအမကို ခံထိုက်သေးသောသူဖြစ်၏။ အကြောင်းမူကား သနွေညှံ့သူဖြစ်၍ လူကြီးတို့နှလုံးကိုပုပ်စေတတ်သူဖြစ်၏။ သာမဂ္ဂီ ရသမျှကိုပင် ကင်းပစေသူပါ တကား’

သန္နေည့်သူအထိ ပုဂ္ဂိုလ်ကိုသာမက အမျိုးအနွယ်ကိုပါ ထိခိုက်လာသော ကြောင့် သည့်ထက်ကြမ်းတမ်းဖို့မရှိတော့။ သို့သော် ဘုရားရှင်ကမူကား နက်မွတီပင်။ သာမဂ္ဂိရသဆိုသည်က ပါလိုက်ချေသေး၏။

ပညာရှိချင်း တွေ့ဆုံသည်ဆိုလျှင် အလင်္ကာဂုဏ်မြောက်ရသည်။ အလင်္ကာဂုဏ် ဆိုရာ၌ ရသကိုးပါး၊ ဆယ်ပါးတို့မျှမက လောကအလှ အခြားရသများ ရှိချေသေးသည်။ သာမဂ္ဂိရသဟူသည် အချင်းချင်းတွေ့ဆုံကြရာ၌ အထစ်အငေါ့မရှိ၊ ပြေပြစ်ချမ်းသာ စေမှုပင် ဖြစ်၏။

သာမဂ္ဂိရသ၊ သာယာအပ်သောအရသာ။ ထို 'ရသ'ဟူသည် အဘိဝါဒနစသော ရှိသေမှုတည်း။ မှန်၏။ ထိုအရိုအသေပြုမှုသည် အရိုအသေခံရသူအတွက် နှစ်သက် ဝမ်းမြောက်ကြောင်း အရသာတစ်မျိုးဖြစ်၏။ ထို့ကြောင့်ပင် အရိုအသေခံချင်ကြသည်။ အရိုအသေပေးသူအတွက်လည်း ဟန်လုပ်ခြင်း မဟုတ်ဘဲ တကယ်စေတနာရင်းဖြင့် အရိုအသေပေးခြင်းဖြစ်လျှင် သာယာဖွယ်ဝမ်းမြောက်မှု အရသာတစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် ဤအရသာကို 'သာမဂ္ဂိရသ'ဟု ခေါ်ရသည်။

**(ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာ (ပ)၊ စာ ၅၁၅)**

'ဥဒယ ကောင်းစွာ နှလုံးသွင်း၍ နာကြားလော့၊ ငါ ဘုရားသည် ဘုရား ဖြစ်ပြီးသည်၏ နောက်ကို ထားဦး၍ ဖွားမြင်စကပင်လျှင် ကပ္ပါပေါင်း သောင်း ခြောက်ထောင် အသက်ရှည်သော ရဟန္တာဗြဟ္မာကြီးသည် ငါ့ထံသို့လာ၍ သင်မင်းသားသည် လောကထက် ကြီးသူမြတ်သူဖြစ်ပါပေ၏ဟု ဆိုကာ ရှိခိုးပူဇော်ခဲ့ ဖူးလေပြီ။ မှန်လှပေ၏။ ကြက်ဥတို့တွင်ရှေးဦးစွာပေါက်သောကြက်ကို အဦးအဖျား၊ အကြီးအကဲဟု ဆိုအပ်သကဲ့သို့ ငါ ဘုရားသည် အဝိဇ္ဇာတည်းဟူသော ဥခွံတွင်းမှ မပေါက်ဖွားနိုင်ကြသေးကုန်သော သတ္တဝါတို့အနက် ရှေးဦးစွာဖောက်ခွဲ ပေါက်ဖွား အပ်သည်ဖြစ်၍ လောက၏ အကြီးအကဲပေတည်း။ ထို့ကြောင့် ဘယ်သူ့ကိုမျှ ခရီးဦးကြိုဆို အရိုအသေပြုဖွယ်မလို၊ အကယ်၍ ပြုငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ရှစ်စိတ်ကွဲအံ့'

ထို့နောက်တွင် ဝေရဉ္ဇာ၏ စွပ်စွဲ ဆဲရေးလေသမျှကို တစ်ခုချင်း ဖြေရှင်း ဟောပြောတော်မူသည်။ ဟောပြောသည်မှာ ညဉ့်နက်သည်တိုင်ထိ ဖြစ်၏။ အကြောင်း မှာ ဝေရဉ္ဇာသည် ကြီးမားသောအစဉ်အလာစွဲကြောင့် ဆဲရေးပြစ်မှားမိသော်လည်း ကောင်းမြတ်သော စေတနာမှန်စိတ်ရင်းဖြင့် မိမိထံ ချဉ်းကပ်လာသည်ကို ငဲ့ညှာတော် မူသောကြောင့်ပေတည်း။

ယင်းသို့ ဘုရားရှင် ဟောကြားခိုက်တွင်ပင် စိတ်ရင်းကောင်းသော ဝေရဉ္ဇာ၏ အမူအရာများသည် သိသိသာသာ ပြောင်းလဲသွား၏။ ၊တောင့်ခိုင်သော ခန္ဓာကိုယ်

ပျော့ပျောင်း ကိုင်းညွှတ်လာ၏။ အကြိမ်ကြိမ်အထပ်ထပ် ရှိခိုး၏။ တရားတော် ပြီးဆုံးသည့်အခါတွင်မူကား ဘုရားရှင်နှင့် တရားတော်၏ ဂုဏ်တော်များကို ပညာရှိပီပီ 'တော' ပေါင်း ၂၂ တော၊ 'တော' အဆုံးသတ်ပါရှိသော ပါဠိဂါထာတို့ဖြင့် ချီးကျူးဖွဲ့ဆိုကာ အထပ်ထပ် အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးလေတော့သည်။

နမူနာအားဖြင့်ဆိုသော် ဘုရားရှင်၏တရားတော်သည် ကရုဏာ သီတလတော၊ ကရုဏာတော်ဖြင့် အေးမြသည်၏ အဖြစ်ကြောင့် ဂမ္ဘီရတ္ထတော၊ နက်နဲသော အနက်ရှိသည်၏ အဖြစ်ကြောင့်၊ ဟဒယင်္ဂမနတော၊ နှလုံးအသည်း စွဲလောက်ခြင်းကြောင့်၊ အပါတရ မဏီယတော၊ သောတဒွါရသို့ ရှေးရှုရောက်လတ်သော် မွေလျော်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်၊ ပညာဝဒါတတော၊ ပညာဖြင့်ဖြူစင်စေသည်၏ အဖြစ်ကြောင့် အလွန်နှစ်သက်အပ်ပါစွ၊ အလွန်ကောင်းပါပေစွ စသည်တို့ပေတည်း။

အခြား ဗြာဟ္မဏကြီးတို့ဆိုလျှင် တရားတော်ကို ကြားနာပြီးသည့်အခါ အရှင်မြတ်၏ တရားတော်သည် မှောက်ထားသောအိုးကို ဖွင့်လှန်ပြဘိသကဲ့သို့ ဟူ၍သာ အများအားဖြင့် ချီးကျူးနိုင်ကြသည်။ ဝေရဉ္ဇာကား ဝါစာသိလိဋ္ဌ ကြွယ်လှပါပေ၏။

ရှေးခေတ် ဘုရားရှိခိုး ဂုဏ်တော်ဖွင့်များတွင် ရှင်မဟာရဋ္ဌသာရ၏ 'တော ၄၀ ဘုရားရှိခိုး' ဟူ၍ ရှိခဲ့သည်။ အရှင်မြတ်သည် ဝေရဉ္ဇာ၏ အတုကိုယူ၍ ဖွဲ့ဆိုခဲ့သည်ဟု ယူဆနိုင်သည်။

'အရှင်မြတ်ဘုရား'

ယခုသော် အသုံးအနှုန်းပြောင်းကာ 'ဘော၊ ဂေါတမ၊ အို ဂေါတမ'မှ 'ဘန္တေ– ဘုန်းတော်သခင် အရှင်မြတ်ဘုရား'ဟု ပြောင်းလဲလာချေပြီ ဖြစ်၏။

'တပည့်တော်အား ယနေ့မှစ၍ အရှင်မြတ်၏ ဥပသကာအဖြစ်သို့ မှတ်ယူတော်မူပါ ဘုရား'

ဤသည်မှာ ဘုရားရှင်သို့ ကိုင်းညွှတ်လာသူတို့ လျှောက်ထားမြဲစကားဖြစ်၏။သို့ရာတွင် ဝေရဉ္ဇာကမူ အားရပါးရ ဆက်၍ လျှောက်ထားလိုက်ပုံမှာ 'တစ်စုံတစ်ယောက်က တပည့်တော်အား အရှင်မြတ်ကိုကိုးကွယ်လျှင် ဦးခေါင်းကို ဖြတ်ပစ်မည်ဆိုဦးတော့ ဦးခေါင်းကိုသာ စွန့်မည်၊ အရှင်မြတ်ကို မစွန့်ပါဘုရား' ဟူ၍ ဖြစ်၏။

'အရှင်မြတ်ဘုရား၊ ဝါတော်ကပ်ချိန်လည်း နီးပါပြီ၊ သို့ပါ၍ အရှင်မြတ်နှင့်တကွ တပည့်သံဃာအားလုံးသည် ဤဝေရဉ္ဇာတွင် ဝါကပ်တော်မူရန် တောင်းပန်ပါသည် အရှင်မြတ်တို့အားလုံးကို တပည့်တော်တာဝန်ယူကာ ဆွမ်းကပ်လှူပါမည် ဘုရား'

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ ထို့နောက်တွင်မူ အချိန်ကလည်း ညဥ့်နက်လှပြီဖြစ်၍ ဝေရဉ္ဇာ ခွင့်ပန်၍ ဘုရားရှင်ထံတော်ပါးမှ

မမြင်နိုင်လောက်သည့် နေရာအထိ နောက်ဆုတ်ရှိခိုးရင်းဖြင့် ထွက်ခွာသွားသည်။ အစစအရာရာ ပြည့်စုံလှစွာသော ပစ္စည်းရှင်ဝေရဉ္ဇာကြီးက ဝါတွင်းသုံးလပတ်လုံး အားရပါးရ ပေးလှူတော့အံ့ဟု ဝါဖိတ် ဆွမ်းဖိတ်ဖြင့် လျှောက်ထားသွားသည်မှန်ပါ၏။ သို့ရာတွင် ဝေရဉ္ဇာ တစ်တိုင်းလုံးလိုလို၏ ကောက်ပဲသီးနှံတို့မှာ ဖလံပိုး၊ ဆစ်ပိုးတို့အန္တရာယ်ကြောင့် အငတ်ဘေးကြီး ဆိုက်ရောက်နေသည်ကိုကား ဝေရဉ္ဇာ သိပါလေစ။

## ဝိပါက်တော်

မေး ။ ဝါတော်ကပ်တော့၊ မာရ်နတ်နှိုးဆော်
ဝေရဉ္ဇာတိုင်း၊ သမိုင်းအကျော်
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်
ဘုဉ်းပေးရ၊ ရှေးက ဘယ်ဝဋ်နော်။
ဖြေ ။ မထင်မရှား၊ မျိုးသားဖြစ်တုံ
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ
ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ
ဝစီထွက် ဝိပါက်တော်တဲ့ယုံ။

သယ်တီပဏ္ဍိတ

ပင့်လျှောက်ဆွမ်းဖိတ်ပြီး အိမ်ရောက်သော် ဝေရဉ္ဇာ မေ့သွားလေပြီ။ အဘယ်မျှ မေ့လေသနည်းဆိုသော် ဝါတွင်းသုံးလကိုင်တိုင် ဖြစ်၏။ ဘုရားရှင်ကို မေ့အောင် ဖန်တီးထားအပ်သော မာရ်နတ်၏ အနှောင့်အယှက်ပေတည်း။

အရေးထဲတွင် ဝေရဉ္ဇာတို့လို ချမ်းသာကြွယ်ဝသူတွေ အပထား၍ ဆင်းရဲသား အများစုမှာ အငတ်ဘေးကြီး ကြုံတွေ့နေရသည်။ ကြုံတွေ့ပုံကား စပါးသီးနှံတို့ကို ဆစ်ပိုးတို့က ကိုက်ဖြတ်ပစ်သည်။ မကိုက်ဖြတ်၍ ကျန်နေသော သီးနှံများကို ဖလံပိုးတို့က စားပစ်သည်။ ထို့ကြောင့် ရဟန်းတော်တို့အဖို့ ဝေရဉ္ဇာနှင့် ရွာနီးချုပ်စပ် မှန်သမျှ ဆွမ်းဟူ၍ တစိုးတစိမျှ ခံ၍မရ။ ဆွမ်းတော်ထား၍ ဝမ်းတော်မျှ အနိုင်နိုင် ဟူသကဲ့သို့တည်း။

တော်ပါသေး၏။ ဘုရားရှင်တို့ သီတင်းသုံးရာအနီးသို့ ဥတ္တရာပထ မြင်းကုန်သည်တို့ ဆိုက်ရောက်လာကြရာ မြင်းကုန်သည်တို့သည် ဘုရားရှင်ကို ကြည်ညိုသူများဖြစ်ကြသည့်အတိုင်း သူတို့တွင်ပါလာသော လူရေမြင်းပါ စားကြသည့် မုယောဆန်များကို ကပ်လှူကြ၏။ မုယောဆန်ဖြင့် အာဟာရပြုကာ ဘုဉ်းပေး မျှတကြရသည်။ ဘုရားရှင်သို့လည်း ညီတော်အာနန္ဒာက ယင်းသို့ပင်ပြုပြင်ထုထောင်း ကပ်လှူ၍ ရတတ်သမျှဖြင့် မျှတတော်မူရသည်။ သို့ရာတွင် ဆန်ကောင်း ဆွမ်းကောင်းတို့ဖြင့် နှိုင်းယှဉ်၍သာ မုယောဆွမ်းကို ဆွမ်းကြမ်းဟု ဆိုရသော်လည်း ဘုန်းတော်သခင် ဘုရားရှင်အဖို့မူကား မထောင်းတာလှဟု ဆိုနိုင်ပါသည်။

အဘယ့်ကြောင်းဆိုသော် ဘုရားရှင် ဘုဉ်းပေးတော်မူသော အာဟာရတိုင်း၌ သမ္မာဒေဝ နတ်တို့က နတ်သုဒ္ဓါမပြတ် ဆက်ကပ်ဖြည့်စွက်ပေးကြသောကြောင့်ပေတည်း။

မည်သို့ဆိုစေ ဤဖြစ်ရပ်သည်ကား ဘုရားရှင်အဖို့ ဝိပါက်တော် လိုက်ခြင်းပင် ဖြစ်ပေ၏။ ဖုဿဘုရားရှင် လက်ထက်တော်တွင် ဘုရားအလောင်းတော်သည် ဖုဿဘုရားနှင့် ရဟန်းတော်တို့ ဆွမ်းဘုဉ်းပေးနေကြသည်ကို တွေ့ရသောအခါ 'ဒီရဟန်းတွေဟာ အလကားပါ၊ စားပြီးအိပ်နေ ဘိက္ခုဝေဆိုသဟာတွေပဲ၊ ဘာအလုပ်မှ လုပ်ကြတာ မဟုတ်ဘူး၊ သူတို့ကို ဆွမ်းကောင်းဆွမ်းမွန်တွေလှူလို့ အလကားပေါ့၊ မုယောဆွမ်းလို ဆန်ကြမ်းကိုသာ စားသင့်တဲ့သူတွေပဲ'ဟု ကျားလျှာနှုတ်သီး စကားရိုင်းကြီးများဖြင့် ကဲ့ရဲ့ဖူးသည်။ ထိုဝိပါက်သည် ယခု ဆိုက်ရောက်နေချေပြီ ဖြစ်၏။ ဝစီဗေဒ ထိတိုင်းရှ။

ဝေရဉ္ဇာတွင်မို့သာ မဟုတ်၊ လူ့တိုင်းဌာနီကို ထားဦးတော့၊ ဤအချိန် ဤအခါက နတ်ပြည်ခြောက်ထပ်တွင် ဘုရားရှင် သီတင်းသုံးဦးတော့ ယင်းသို့ အာဟာရအခက်အခဲ ဝိပါက်တော်ကား ဆိုက်ရောက်ရမည်ဟုသာ ပိဋကတော်တွင် ညွှန်ပြသည်။

## ဝေရဉ္ဇာ၏ အလှူ

ယင်းသို့ဖြင့် ဝါကျွတ်လေသော် သင့်လျော်ရာသို့ ဒေသစာရီ ကြွချီတော် မူမည်ဖြစ်၍ ပင့်ဖိတ်ထားသောသူကို နှုတ်ဆက်ရမည့် ဘုရားရှင်တို့၏ ဝတ္တရားအတိုင်း ဘုရားရှင်သည် ဝေရဉ္ဇာ၏အိမ်သို့ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်နက်ဖွင့်၍ ကြွတော်မူသောအခါ ဘုရားရှင်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဝေရဉ္ဇာအဖို့ ရှေးဦးစွာကား အံ့အားသင့်သွား၏။ ထိုနောက်တွင်မှ 'ငါ့နှယ်နော် မေ့လေခြင်း၊ မေ့လိုက်လေခြင်း'ဟု တဖျစ်တောက်တောက် ပြောရင်းဖြင့် မျက်ရည်အသွယ်သွယ် ကျကာ ဘုရားရှင်ကို အနူးအညွတ်ကြိုဆို၏။

'အရှင်မြတ်ဘုရား၊ တစ်ဝါတွင်းလုံး မေ့လျော့နေခဲ့သည်မှာ တပည့်တော်အပြစ် ပါ၊ သည်းခံတော်မူပါ၊ တပည့်တော်တို့မှာ လူမှုကိစ္စများပြားလွန်း၍ အလျဉ်းပင် သတိမရခဲ့မိပါ' တောင်းပန်စကား လျှောက်ထားသောအခါ ဘုရားရှင်က သင့် အပြစ်ကြောင့် မဟုတ်ပါ၊ ငါဘုရား၏ ဝိပါက်၊ မာရ်နတ်၏ အနှောင့်အယှက်ကြောင့်သာ ဤသို့ဖြစ်ရပါသည်ဟု နှစ်သိမ့်စေတော်မူသည်။

ဘုရားရှင်က ဝါကျွတ်ပြီဖြစ်၍ ဒေသစာရီ ကြွချီတော်မူအံ့ဟု မိန့်ကြားသည်ကို 'သို့ဆိုလျှင် တစ်ညဥ့်တစ်ရက်မျှ သည်းခံစောင့်ဆိုင်းတော်မူပါ၊ ဆွမ်းကပ်လှူချင်လှပါ၍ နက်ဖြန်နံနက်တွင် အရှင်မြတ်နှင့်တကွ သံဃာတော်အားလုံးသည် တပည့်တော်၏ ဆွမ်းကျွေးမဏ္ဍပ်သို့ ကြွတော်မူပါဘုရား'ဟု လျှောက်ထားသောအခါဘုရားရှင်က ခွင့်ပြုတော်မူ၏။

ထို့နောက်တွင် အိမ်သူအိမ်သားနှင့် အခိုင်းအစေတို့ဘက်သို့လှည့်၍ 'သုံးလလုံးလုံး မေ့နေခဲ့တာကို တစ်ရက်တည်းနဲ့ ကျေအောင် နက်ဖြန်မနက်ဆွမ်းကပ်မယ်၊ အလှူပေးမယ်ဟေ့၊ သံဃာ ငါးရာဆံ့အောင် မဏ္ဍပ်အကျအနထိုး၊ အလှဆုံးဖြစ်အောင် ပြင်ဆင်၊ ရနိုင်သရွေ့ အာဟာရကောင်းမှန်သမျှ ချက်ကြ၊ ပြုတ်ကြ ပြင်ဆင်ကြဟေ့'ဟု အမိန့်ပေးလိုက်သည်။

နောက်နေ့ နံနက်တွင် ဘုရားရှင်နှင့် သံဃာတော်တို့ကြွလာသောအခါ အလှအပပြင်ဆင်ထားသော မဏ္ဍပ်မှ ဝေရဉ္ဇာကြီးဆို၍ ဆွမ်းကောင်း အာဟာရမွန်များကို တန်ပါပြီဟု တားမြစ်ယူရလောက်အောင်ပင် အားရပါးရ ပေးလှူသည်။ ဘုရားရှင်သို့ ကာသိတိုင်းဖြစ် တစ်ထောင်စီတန် တိစိဝရိတ် သက်န်းသုံးထည်ကို ပေးလှူသည်။ သံဃာတော်တစ်ပါးလျှင် ငါးရာစီတန် ဒွိစုံသက်န်းများ ပေးလှူသည်။ ထို့အပြင် အခင်း ရေစစ် စသည် အသုံးပြုရန်အတွက် ပိုးဖဲ ကတ္တီပါ အထည်များကို ဆုတ်၍ ဖြတ်၍ ကပ်လှူသည်။

သို့နှင့် ဘုရားရှင် ကြွတော်မူမည့် အခါတွင် ဝေရဉ္ဇာအဖို့ မျက်ရည်အပြည့်ဖြစ်နေတော့၏။ အထပ်ထပ်ရှိခိုးသည်။ ဘုရားရှင်ခြေတော်ကို ဦးထိပ်ဖြင့် ပွတ်တိုက်သည်။ လမ်းမသို့အရောက် လိုက်ပို့သည်။ ကြွချီတော်မူသောအခါ ဘုရားရှင် နှင့် သံဃာတော်များကို မျက်စိတဆုံး ကြည့်ရှုဖူးမြော်ရင်း မျက်ရည်တရွဲရွဲဖြင့် ကျန်ရစ်သည်။ ။

## စာပေလောက စာအုပ်တိုက်တွင် ရရှိနိုင်သော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓဩဝါဒအမြုတေ | ဒဂုန်ဦးထွန်းမြင့် | ၇၀ |
| ၂။ | အရစ္စတိုတယ် | ပါရဂူ | ၈၀ |
| ၃။ | အောင်သပြေနှင့် ကိုယ်တွေ့ဝတ္ထု | မင်းသူရိန် | ၅၅ |
| ၄။ | ဗုဒ္ဓဂုဏ်တော်နှင့်ကိုယ်တွေ့ဖြစ်ရပ် ၁၊၂၊၃၊၄ | မင်းသူရိန် | ၂၀၀ |
| ၅။ | ညီတော်အာနန္ဒာသုတ္တန်တရားတော် | ဝဏ္ဏသိရိ | ၁၅၀ |
| ၆။ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ပ | ဝဏ္ဏသိရိ | ၅၀၀ |
| ၇။ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ဒု | ဝဏ္ဏသိရိ | ၅၀၀ |
| ၈။ | မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | ဒေါက်တာမင်းလှအောင်ကြီး | ၂၀၀ |
| ၉။ | စေ့ထားသောတံခါးများ ၁ | သက်လုံ | ၂၅၀ |
| ၁၀။ | စေ့ထားသောတံခါးများ ၂ | သက်လုံ | ၂၅၀ |
| ၁၁။ | ဗုဒ္ဓဘာသာဝင်လက်စွဲ | အရှင်သေဋ္ဌိလ | ၁၀၀ |
| ၁၂။ | ဓမ္မပဒ | အရှင်သေဋ္ဌိလ | ၈၀ |
| ၁၃။ | တိုးတက်ခြင်းဆုတ်ယုတ်ခြင်း ယဉ်ကျေးမှု | ချစ်ဦးညို | ၈၀ |
| ၁၄။ | ပလေးတိုးနိဒါန်း | ဆရာဇော်ဂျီ | ၃၀၀ |
| ၁၅။ | သဒ္ဒါအောက်ခြေသိမ်း | ဦးသာနိုး | ၁၅၀ |
| ၁၆။ | အင်္ဂလိပ်အီဒီယမ် | တက်တိုး | ၂၀၀ |
| ၁၇။ | အချစ်နှင့် စိတ်ပညာ | တက်တိုး | ၂၀၀ |
| ၁၈။ | သောကကင်းဝေးနေနိုင်ရေး | တက်တိုး | ၂၀၀ |
| ၁၉။ | ချစ်သူ့လက်ဆောင်ကဗျာများ | မြင့်စိုးလှိုင် | ၉၀ |
| ၂၀။ | ဂီတဥ္စလီ | မြင့်စိုးလှိုင် | ၁၀၀ |
| ၂၁။ | ဥယျာဉ်မှူး | မြင့်စိုးလှိုင် | ၆၀ |
| ၂၂။ | ကမ္ဘာ့ဂန္ထဝင် အချစ်ကဗျာ ၁၀၀ | မောင်ဇေ | ၁၀၀ |
| ၂၃။ | ချစ်သူကဗျာစု (၂) | မောင်မောက် | ၄၅ |
| ၂၄။ | ပန်းပွင့်ကောင်းကင်(စာဆို ၅၀ အချစ်ကဗျာ ၅၀) | မောင်မောက်စုစည်း | ၅၀ |
| ၂၅။ | ဧည့်ခံဟာသများ ၁ | တင်ဆွေမိုး | ၂၀၀ |
| ၂၆။ | ဧည့်ခံဟာသများ ၂ | တင်ဆွေမိုး | ၁၅၀ |
| ၂၇။ | ဩော်...မိန်းမ (ဧည့်ခံ ၃) | တင်ဆွေမိုး | ၁၅၀ |
| ၂၈။ | ဩော်...ယောကျ်ား (ဧည့်ခံ ၄) | တင်ဆွေမိုး | ၁၅၀ |
| ၂၉။ | ဧည့်ခံဟာသများ ၅ | တင်ဆွေမိုး | ၁၇၅ |
| ၃၀။ | စကားပြေသဘောတရား | မောင်ခင်မင် | ၃၀၀ |
| ၃၁။ | ဖြစ်တည်မှုပဓာနနှင့် သိစိတ်ပညာ | စိုးမင်းဦး | ၁၀၀ |
| ၃၂။ | ယောနသံစင်ရော် | ဘသန်း(ဓမ္မိက) | ၆၀ |
| ၃၃။ | လက်ဆောင်ပစ္စည်းထုပ်ပိုးနည်း | မသွယ် | ၁၀၀ |
| ၃၄။ | အိမ်သုံးဆေးများ၏ အသုံးနှင့်အပြစ် | ဉာဏ်မိုး | ၁၅၀ |
| ၃၅။ | ယနေ့ကမ္ဘာ | လေ့လာသူတစ်ဦး | ၁၅၀ |
| ၃၆။ | အမွေ | ဦးအောင်သင်း | ၁၀၀ |
| ၃၇။ | မိန်းမတို့အကြောင်း | မြသန်းတင့် | ၁၂၅ |
| ၃၈။ | စီးပွားရေးဈေးကွက်နှင့်ကြက်မွေးမြူရေး | ထွန်းသောင်း(B.V.S) | ၂၀၀ |
| ၃၉။ | ရွက်လှပန်း | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၄၀။ | ပျောက်သောလမ်းမှာစမ်းတဝါး | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၄၁။ | ပေလီဇာတ်လမ်း | မိုးမိုး(အင်းလျား) | ၁၂၅ |

| | | | |
|---|---|---|---|
| ၄၂။ | ဝတ္ထုတိုများ ၁ | မိုးမိုး(အင်းလျား) | ၁၀၀ |
| ၄၃။ | ဝတ္ထုတိုများ ၂ | မိုးမိုး(အင်းလျား) | ၁၀၀ |
| ၄၄။ | ဝတ္ထုတိုများ ၃ | မိုးမိုး(အင်းလျား) | ၁၀၀ |
| ၄၅။ | မဂ္ဂဇင်းဝတ္ထုရှည်များ ၁ | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၄၆။ | မဂ္ဂဇင်းဝတ္ထုရှည်များ ၂ | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၄၇။ | အချစ်ဆိုသောအရာ | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၄၈။ | ဘယ်သူလာကူပါ့မယ် | မိုးမိုး(အင်းလျား) | ၁၂၅ |
| ၄၉။ | မှတစ်ပါး အခြားမရှိပြီ | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၅၀။ | ပထမအကြိမ် မိုးမိုး(အင်းလျား)အမှတ်တရဆုရဝတ္ထုတိုများ | | ၁၀၀ |
| ၅၁။ | ဒုတိယအကြိမ် မိုးမိုး(အင်းလျား)အမှတ်တရဆုရဝတ္ထုတိုများ | | ၁၀၀ |
| ၅၂။ | တတိယအကြိမ် မိုးမိုး(အင်းလျား)အမှတ်တရဆုရဝတ္ထုတိုများ | | ၁၀၀ |
| ၅၃။ | ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ် ၆ | မင်းသူရိန် | ၁၅၀ |
| ၅၄။ | မိတ္တဗလဋီကာ | ဦးနု | ၄၀၀ |
| ၅၅။ | အာဇာနည် | ဦးနု | ၁၀၀ |
| ၅၆။ | မိမိကိုယ်ကိုတည်ဆောက်ခြင်း | ချစ်နိုင်(စိတ်ပညာ) | ၁၀၀ |
| ၅၇။ | တက်ခေတ်နတ်ဆိုး | သိန်းဖေမြင့် | ၁၀၀ |
| ၅၈။ | အလွယ်ဆုံးအင်္ဂလိပ်စကားပြော | စိုးသန်း | ၁၂၅ |
| ၅၉။ | Beautiful English | ဘဝသစ်ဦးအောင်ကျော် | ၇၅ |
| ၆၀။ | မင်းသုဝဏ်ကဗျာပေါင်းချုပ် | မင်းသုဝဏ် | ၂၀၀ |
| ၆၁။ | ကမ္ဘာကိုဖန်တီးသူများ | ဇာနည် | ၂၀၀ |
| ၆၂။ | ပြည်ပဟာသတိုလေးများ | မောင်လှိုင်းသစ် | ၈၀ |
| ၆၃။ | အချစ်ဦး | ဖေမြင့် | ၁၂၅ |
| ၆၄။ | အောင်မြင်ရေးအတွေးအခေါ် ၅၀ | ချစ်ဝင်းညွန့် | ၁၀၀ |
| ၆၅။ | ကံ့ကော်မြိုင်စာတန်း | စာရေးဆရာများ | ၁၀၀ |
| ၆၆။ | တစ်မိနစ်အရောင်းလူသား | နေမျိုးထွန်း | ၁၅၀ |
| ၆၇။ | ရော့ခ် ရေစီးကြောင်း | စိုးသိဏ်း | ၁၇၅ |
| ၆၈။ | ရူပါဟာစ် | စိုးသိဏ်း | ၂၅၀ |
| ၆၉။ | ချက်ပြုတ်နည်းစွယ်စုံ | ခင်(တိုင်းရင်းမေ) | ၂၅၀ |
| ၇၀။ | အာသာ အက်ရှ် | ကျောက်ဘီလူးတင်မောင်ဆွေ | ၄၀၀ |
| ၇၁။ | တစ်သက်တာမှတ်တမ်း ပတွဲ | ရွှေဥဒေါင်း | ၆၅၀ |
| ၇၂။ | တစ်သက်တာမှတ်တမ်း ဒုတွဲ | ရွှေဥဒေါင်း | ၆၅၀ |
| ၇၃။ | နှုတ်ကောင်းခွန်းမြိန်သုခမိန် | ဘသန်း(ဓမ္မိက) | ၁၂၅ |
| ၇၄။ | မိန်းမတို့အကြောင်း ၂ | မြသန်းတင့် | ၁၂၅ |
| ၇၅။ | သားငယ်သမီးငယ်ထိန်းကျောင်းခြင်းအနုပညာ | ဆူဒိုနင် | ၂၀၀ |
| ၇၆။ | တကိုးစာနယ်ဥ် | ကလောင်စုံ | ၁၇၅ |
| ၇၇။ | ခေါင်းဆောင်မှုပညာ | ဦးလှမင်း | ၁၂၅ |
| ၇၈။ | မြန်မာ့အစားအစာနှင့် အာဟာရ | မြန်မာ့အသံဦးကျော်ဦး | ၂၅၀ |
| ၇၉။ | နတ်ကန်ဦးသားစကား | မောင်သာလင်း | ၁၂၅ |
| ၈၀။ | မန်နေဂျာပေါက်စ | ခင်မောင်ညို(ဘောဂဗေဒ) | ၂၀၀ |
| ၈၁။ | ကဗျာပေါင်းချုပ် | ဇော်ဂျီ | ၃၀၀ |
| ၈၂။ | အမျိုးသားစာပေဆုရမဂ္ဂဇင်းဝတ္ထုရှည်များ | မိုးမိုး(အင်းလျား) | ၂၀၀ |

**စာပေလောက အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။**
**စာပေလောက ၂၊ အမှတ် ၄၇၀၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။**

ဘုရားရှင် နှင့် ဘုရားရှင်၏ တရားတော်
ဘုရားရှင်၏ တပည့်သား သံဃာတော်များအကြောင်း
သို့မဟုတ်
ရတနာသုံးပါးနှင့်စပ်သော
အတွေးမျိုးစုံကို စာပန်းချီရေးခြယ်ထားသည့်

# ဗုဒ္ဓစာပန်းချီ

## ငွေဥဒေါင်း

[ အတွဲ ၁ မှ ၆ အထိ ဆရာငွေဥဒေါင်း ရေးဖွဲ့ခဲ့သမျှ
ပြည့်ပြည့်စုံစုံ နိုင်ငံခြားစက္ကူချောဖြင့် ရနိုင်ပါပြီ။ ]

၂၃၈၆၅

ဘုရားရှင် နှင့် ဘုရားရှင်၏ တရားတော်
ဘုရားရှင်၏ တပည့် သား သံဃာတော်များ၏
အကြောင်းရပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင်
စာပန်းချီရေးခြယ်ထားသည့် ဝတ္ထုများ...

